စာပေလောက
www.burmeseclassic.com

# ဦးနု

# ငရဲဆို ချိုနဲ့လားဗျို့

BURMESE CLASSIC .com



(ဒုတိယအကြိမ်)

www.burmeseclassic.com

[ တစ်အုပ် ၂၅၀၀ ကျပ် ]

စာပေလောကစာအုပ် အမှတ် ၃၄၄

# ဦးနု

# ငရဲဆို ချိုနဲ့လားဗျို့

ဘဒ္ဒန္တ ပါမောက္ခ
မကွေးပရိယတ္တိစာသင်တိုက်
မေတ္တာရှင်စာကြည့်တိုက်
(၁)ရပ်ကွက်/ဒုံအဝေရွ

စာပေလောကစာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့
[ဖုန်း - ၃၇၄၃၉၁၊ ၂၈၅၁၆၆]
e-mail splkygn@mptmail.net.mm

www.burmeseclassic.com

စာအုပ်စာတမ်း စာမူယှဉ်ခြင်း ခွင့်ပြုအမှတ်
[ ၈၆၃/၂၀၀၃ (၁၁) ]
စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်
[ ၁၇/၂၀၀၄ (၁) ]

●

မျက်နှာဖုံး
ကျော်ကျော်

---

ပုံနှိပ်ခြင်း
ပထမအကြိမ် - ၁၉၉၃
ဒုတိယအကြိမ် - ၁၉၉၇
[illegible] (ဂုဏ်ထူးစာပေ)
တတိယအကြိမ် - ၂၀၀၄
(စာပေလောက)
(၁၀၀၀)

---

ထုတ်ဝေခြင်း
ဖေဖော်ဝါရီ၊ ၂၀၀၄

---

စာအုပ်ချုပ်
မှူးမွှင့်မွေး

●

ဒေါ်စန်းစန်းနု (၀၂၉၈၀)၊ ပဒေသာစာပေ
အမှတ် ၁၃/၂၉၆၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောကပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

BURMESE CLASSIC .com

## မာတိကာ

| | |
|---|---|
| ပဏာမ | ၁ |
| ဥပစာနိဒါန်း | ၃ |
| ဒိဝင်္ဂတ္ထုကို ဘာ့ကြောင့်ရေးရသလဲ | ၅ |
| နိဒါန်း | ၁၅ |
| သီလ သမာဓိ ပညာ | ၁၆ |
| ဘုရားလောင်းသုံးမျိုး | ၁၇ |
| ကပ် လေးမျိုး | ၂၁ |
| ဗျာဒိတ် | ၂၃ |
| ဗျာဒိတ်ရသူ အင်္ဂါ ရှစ်ပါး | ၂၄ |
| ပါရမီ ဆယ်ပါး | ၂၅ |
| ပါရမီအစ ဒါနက | ၂၈ |
| ကမ္ဘာလေးမျိုး | ၂၉ |
| ရုပ်ပြစ်ရှစ်ပါးမှလွတ်မြောက် | ၃၀ |
| သိကြားမ ဘိန်းစားလို မဖြစ်ရေး | ၃၁ |
| မဂ်လေးပါး | ၃၃ |
| သောတာပန် | ၃၄ |
| သကဒါဂါမ် | ၃၅ |
| အနာဂါမ် | ၃၅ |

www.burmeseclassic.com

www.burmeseclassic.com

[illegible] ၃၅
[illegible] ၃၇

အခန်း ၁

သုမင်္ဂလ ဒုမင်္ဂလဆိုတဲ့ သာရေးနာရေး ၄၃
ကိုရင်နန္ဒ ၄၇
အဂ္ဂိကွန္ဒေပမသုတ် ၄၉
ဘိုးဆောင်နှင့် သာဒွန်း ၅၄
သမ္မုဒါလေးပါး ၆၂

အခန်း ၂

သူဌေးဦးဘိုးဆောင်နှင့် သူဌေးကတော်ဒေါ်သန်းတင် ၇၁
သာဒွန်းနဲ့ ရွှေတင် ၇၄
စံတင်နှင့် ခင်ဆွေ ၈၄

အခန်း ၃

အကျင့်ပျက်သူဌေး ဦးဘိုးဆောင် ၈၇
အမြင်မှန်ရ ဦးသာဒွန်း ၉၄
မိတ်ဆွေကောင်း ဦးစံတင် ၉၇
ပသေနဒီ ကောသလမင်းကြီး ၉၉
သူဌေးသားလေးယောက် ၁၀၁
ဦးဘိုးဆောင် လမ်းမှန်ပြန်ရောက် ၁၀၈

အခန်း ၄

သုခ၊ ခင်ဦး၊ မလှရင် ၁၁၁
ခင်ဦး ဆုံးဖြတ်ချက်နှင့်အတူ ၁၁၃
သုခ ဆုံးဖြတ်ချက်ကစောပေမယ့် ၁၁၇
သဘောထားကြီးတဲ့ သုခ ၁၂၁
မင်္ဂလာလက်ဆောင် ၁၂၄

အခန်း ၅

မိုးအောင် စိုးမောင် ကုလား ၁၂၅
မှဆိုးမလေး မလှရင် ၁၃၀
သားမိုက် မိုးအောင် ၁၃၁
မနက်တိုင်း ဘုရားရှိခိုး ၁၃၃
မိုးအောင် လိမ်တတ် ညာတတ်လာပြီ ၁၃၆
လေးတန်းကျောင်းသား မိုးအောင် ၁၃၉
မိုးအောင်နဲ့ ကုလားဖိုးစိန် ၁၄၁
ကြိမ်လုံးခေါင်းကြီး ၁၄၆
နကျတ်တာလီ လခ နှစ်ဆယ့်ငါးကျပ် ၁၄၉
ဆရာကြီး ဦးအောင်လင်း ၁၅၃
အမေကိုစော်ကားလာ ၁၆၆
ငရဲဆိုတာ ချိုနဲ့လား ၁၇၁
ကျောင်းတော်က ရန်စ ၁၇၃
လူမိုက်တို့သွားရာလမ်း ၁၇၉

အခန်း ၆

ထောင်ထွက် မိုးအောင် အကြံ ၁၈၁
ဘိုးဘိုး ဦးစန္ဒောဘာသ၏ ဆုံးမခန်း ၁၈၆
ဒီယာဝုမင်းသား ၁၈[illegible]
စမ္ပဒိန္နာမိပုရား ၁၉၃
အင်္ဂုလိမာလနှင့် သန္တတိအမတ်ကြီး ၂၀၁

www.burmeseclassic.com

www.burmeseclassic.com


ပါယာသိမြို့စားနဲ့ ရှင်ကုမာရကဿပ ၂၀၂
မိုးအောင် ပါယာသိမြို့စားလောက် မဆိုးသေး ၂၃၂

အခန်း ၇

မိုးအောင် သွေးနဲ့ မအုံးတင် ရင်သွေး ၂၃၅
အရွေးလာရင် ဆင်းသွားမယ် ၂၄၀
မအုံးတင်နဲ့ ဦးဘိုးသင်း ၂၄၂
မလှရင်နဲ့ ကိုသုခ ၂၄၅

အခန်း ၈

ထောင်ပြန်ကျော်နီ ၂၅၅
ရန်ကုန်ရောက်မိုးအောင် ၂၅၈
မကျင်လှိုင့် ကျော့ကွင်း ၂၆၅
ကျော်နီဘဝ စာတ်သိမ်း ၂၇၅
အမေ့ မိသားစုကို ဖျက်ဆီးပြီ ၂၈၀
မိုးအောင်ဘဝ လင်းရောင်ခြည် ၂၈၅

အခန်း ၉

ဘိုးဘိုးဦးစန္ဒောဘာသ ကယ်တင်ပြီ ၂၈၉
အနက်ကောင်ကြီးတွေ မိုးအောင်နောက်လိုက်နေ ၂၉၁
သစ္စာ၏ အာနုဘော် ၂၉၂
ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃၀၀
ရှင်ဒွာသာဏရဲ့ ဖခမည်းတော် ၃၀၂
ဒုကုလ ပါရိကာ သုဝဏ္ဏသာမ ၃၀၄
ကပ္ပိတန် သုဗ္ဗာရက ၃၀၆
ကဏှာဒီပါယနရသေ့ သစ္စာ ၃၀၈
ဘိုးဘိုးဦးစန္ဒောဘာသ တရားဦးသက်ဝင် ၃၁၀
မိုးအောင် ငါးပါးသီလခံ သစ္စာဆိုပြီ ၃၁၄
အင်္ဂုလိမာလထုံး နှလုံးပြု ၃၁၈
သုံးဆယ့်တစ်ဘုံ ၃၂၄
ငရဲကြီးရှစ်ထပ် ၃၂၆
လက်တွေ့သမားအတွက် အပိုင်းနှစ်ပိုင်း ၃၂၈
သုပ္ပဗုဒ္ဓ နှင့် ၃၃၀
ခန္ဓာနိပုဏ္ဏေးမ ၃၃၂
မဂ်လေးပါးဖြစ်ပေါ်ပုံ ၃၃၅
ဝိပဿနာတရား ၃၃၉

အခန်း ၁၀

လက်တွေ့တရားခွဲယုံကြည်သည့် မိုးအောင် ၃၄၇
ဂိုဏ်းကြီး ဆယ်ဂိုဏ်းတို့ဆရာ မဟာသီဝမထေရ် ၃၅၄

အခန်း ၁၁

ဉာဏ်စဉ်တရား ၃၆၇
ဓမ္မဒါသသုတ် ၃၇၆
ဘုရားဂုဏ်တော်ကိုးပါး ၃၇၇
တရားဂုဏ်တော်ခြောက်ပါး ၃၇၉
သံဃာ့ဂုဏ်တော်ကိုးပါး ၃၈၀
မကျိုးမပေါက် မကျားမပြောက်တဲ့ သီလ ၃၈၂

အခန်း ၁၂

တရားထူးရသောမိုးအောင် ၃၈၇


www.burmeseclassic.com

www.burmeseclassic.com

## ပဏာမ

ဝန္ဒာမိ ရတနတ္တယော၊
ဝန္ဒနံ မာတာပိတရော။
ဝန္ဒေ မယံ အာစရိယော၊
မေ ဘဝန္တု သဒါ သုခီ။

၁၃၂၅ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်။ ၁၉၊ ၁၀၊ ၁၉၆၃ စနေနေ့ နံနက် ၆ နာရီခွဲခန့်တွင် စ၍ ရေးသည်။

ဤဝတ္ထုကိုရေးသားရာတွင်

၁။ ကျေးဇူးတော်ရှင် ညောင်လေးပင် တောရဆရာတော် ဘုရားကြီး၏ ဓမ္မပဒ ဝတ္ထုတော်ကြီးကိုလည်းကောင်း၊

၂။ ကျေးဇူးတော်ရှင် အရှင်ဇနကာဘိဝံသ၏ ကိုယ်ကျင့်အဘိဓမ္မာကို လည်းကောင်း၊

၃။ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်းနှင့် ဝိပဿနာ အခြေခံတရားတော် မိန့်ခွန်းကိုလည်းကောင်း၊

၄။ ကျေးဇူးတော်ရှင် အရှင်ဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင်ကို လည်းကောင်း၊

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၅။ ပိဋကတ်တော် ဘာသာပြန်ကျမ်းများကိုလည်းကောင်း အလွန်ရှိသေစွာ မှိုင်ငြိမ်းပြုပါသည်။

တရားစာများကို ရေးပြီးတိုင်း ယခင်အခါများက ကျွန်တော်သည် ထိုတရားစာများကို ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးထံသို့ ပို့လေ့ရှိပါသည်။ ဆရာတော်ဘုရားကြီးက ကရုဏာရှေ့ထား၍ တည်းဖြတ်ပေးတော်မူပါသည်။ သို့ရာတွင် ဤစာအုပ်သည် ဝတ္ထုဖြစ်နေသောကြောင့် ဆရာတော်ဘုရားကြီးနှင့် မအပ်စပ်ဟု ယူဆပါသဖြင့် ဤစာအုပ်ကို ဆရာတော်ဘုရားကြီးထံသို့ မပို့ခဲ့ပါ။ ဤစာအုပ်တွင် တရားနှင့်ပတ်သက်၍ အမှားအယွင်းများ ရှိနေပါလျှင် ကျွန်တော်တစ်ဦးတည်း၏ တာဝန်မျှသာ ဖြစ်ကြောင်း ကျွန်တော် ကြေညာအပ်ပါသည်။

မောင်နု

၂၊ ၁၂၊ ၁၉၆၃။

## ဥပစာ နိဒါန်း

အထိန်းအသိမ်းခံရစဉ် အတောအတွင်း ကျွန်တော်ဟာ လောကုတ္တရာ စာပေတွေကို အတော်များများဖတ်ဖို့ အချိန်ရခဲ့တယ်။ ဒီစာပေတွေဟာ ဖတ်ရှုရသူ မှန်သမျှကို

က။ ယခု မျက်မှောက်ဘဝမှာ အများကြီး အကျိုးပေးနိုင်တယ်။

ခ။ နောက် တမလွန်ဘဝ အဆက်ဆက်မှာလည်း နိဗ္ဗာန် စံဝင်ရတဲ့အထိ အများကြီး အကျိုးပေးနိုင်တယ်။

အဲဒါကြောင့် ဒီလောကုတ္တရာ စာပေတွေကို လူအများသိအောင် ဖြန့်ဝေပေးဖို့ ဆန္ဒတွေ ကျွန်တော့်မှာ ပြင်းပြင်းပြပြဖြစ်လာတယ်။ အဲဒီလိုဖြစ်လာတဲ့အတွက် ဘာသာရေး သက်သက်အဖြစ်နဲ့ စာအုပ်သုံးအုပ် ရေးတယ်။

ဘာသာရေးစာပေဆိုရင် ပျင်းစရာစာပေတွေလို့ မှတ်ထင်ပြီး နောက်တွန့်နေတဲ့ စာဖတ်ပရိသတ်ကိုလည်း ဆွဲချင်တဲ့အတွက် ဝတ္ထု သုံးပုဒ်ရေးတယ်။ အဲဒီ ဝတ္ထုတွေထဲမှာမှ လောကုတ္တရာစာပေတွေကို စေတနာအများကြီးရှေ့ထားပြီး အင်မတန် အပင်ပန်းခံပြီး သင့်တော်တဲ့နေရာတွေမှာ ကြားညှပ် ထည့်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဘာသာရေးစာပေနဲ့ အကျွမ်းတဝင်မဖြစ်ကြသေးတဲ့ စာဖတ်ပရိသတ်တွေအတွက် ဝတ္ထုထဲမှာတွေ့ရမယ့် ဘာသာရေး အပိုင်းတွေဟာ ဖတ်စမှာတော့ ငြီးငွေ့စရာတွေလို့ ထင်ရပေလိမ့်မယ်။ ဒါပေမယ့် 'အားလုံးသော အရသာတွေထဲမှာ တရား အရသာဟာ အထူးကဲ အမွန်မြတ်ဆုံးဖြစ်တယ်' လို့ ရှင်တော်ဘုရား ဟောကြားတော်မူတဲ့အတိုင်း ဖွဲ့ကိုနည်းနည်းအသုံးပြုပြီး ဆက်ဖတ်သွားကြမယ်ဆိုရင် အင်မတန်ထူးတဲ့ အရသာတွေကို တွေ့လာကြပါလိမ့်မယ်။

ဒါကြောင့် ဒီ လောကုတ္တရာစာပေအပိုင်းတွေကို ရောက်လာကြရင် ပျင်းစရာတွေလို့ သဘောထားပြီး ကျော်မသွားကြပါနဲ့၊ မိမိတို့အတွက် ယခုဘဝမှာရော နောက်တမလွန်ဘဝတွေမှာပါ အထူး အကျိုးဖြစ်စေနိုင်မယ့် စာပေတွေကို အထူးကြိုးစားပြီး ဖတ်ကြစေချင်ပါတယ်။

ဝတ္ထုတွေဟာ ဘယ်လောက်ကောင်းတဲ့ဝတ္ထုတွေပဲဖြစ်ဖြစ် ဖတ်ပြီးလို့ သုံး လေး ငါးရက်လောက် ကြာရင် ရိုးသွားတာပဲ။ လောကုတ္တရာစာပေတွေကတော့ ဒီလိုမဟုတ်ဘူး။ ဘယ်တော့မှ မရိုးနိုင်ဘူး။ ဒီဘဝမှာလည်း အထက်တန်းကို ရောက်ချင်ရင် အိ နာ သေ ကွဲ ဆိုတဲ့ သံသရာဝဋ်ဆင်းရဲတွေကလည်း မြန်မြန်လွတ်မြောက်ပြီး ချမ်းသာခြင်းအစစ်ရဲ့ တည်ရာဖြစ်တဲ့ နိဗ္ဗာန်ရွှေပြည်ကိုလည်း ဖြစ်နိုင်ရင် ယခုဘဝမှာပဲ မျက်မှောက်ပြုနိုင်အောင်၊ မဖြစ်နိုင်ရင်လည်း ဘဝတိုတိုနဲ့ မျက်မှောက်ပြုချင်သူများအတွက် ပြန်ဖတ်လေ ကောင်းလေ အရသာရှိလေ ဖြစ်နေကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဝတ္ထုတွေကို မိသားစု ပုံပြောသလို ရေးထားပါတယ်။

၂၊ ၁၂၊ ၁၉၆၆။ မောင်နု

# ဒီဝတ္ထုကို ဘာ့ကြောင့် ရေးရသလဲ

ကျွန်တော်ဟာ အသက် ၄၀ လောက်အထိ 'ဝိပဿနာတရားဟာ ဘယ်လိုတရားမျိုးလဲ' ဆိုတာ နားမလည်သေးဘူး။ တစ်ချိန်လုံး သူ့သေကောင်တွေ၊ လူ့ရိုးစုတွေကို ထိုင်ပြီး ကြည့်နေရတဲ့ တရားပဲလို့သာ ယူဆထားတာပဲ။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က ရန်ကုန်မှာ သာသနာ့ရိပ်သာစတင် တည်ထောင်ဖို့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးဟာ ရွှေဘိုက ကြွလာတဲ့အခါမှာ ကျွန်တော်ဟာ ဝိပဿနာနဲ့ ပတ်သက်ပြီး ရှေးအခါက ကျွန်တော် မကြားခဲ့ရဘူးတဲ့ အချက်အလက် အချို့ကို ကျွန်တော် ကြားနာရပါတယ်။

အဲဒီလို မကြာခဏ နာကြားရင်း အမိသတ်တဲ့ကံ၊ အဖသတ်တဲ့ကံ၊ ရဟန္တာသတ်တဲ့ကံ၊ ဘုရားရှင်ကို သွေးစိမ်းတည်အောင်လုပ်တဲ့ကံ၊ သံဃာကို ဂိုဏ်းခွဲတဲ့ကံဆိုတဲ့ ကံကြီး ငါးပါးကိုသာ မကျူးလွန်ခဲ့ရသေးရင် ဘယ်လောက်အထိ ဆိုးတဲ့သူ ဖြစ်ပါစေ၊ ဝိပဿနာတရားကို အားထုတ်နိုင်တယ်။ ဒီလို တရားကို အားထုတ်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေရရင် ဒီသူဟာ ပကတိ လူကောင်းဖြစ်သွားတယ်။ တစ်ခါတည်း ဘဝပြောင်းသွားသလို လူဆိုးကြီးအဖြစ်က လူကောင်းကြီးအဖြစ်ကို ရောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်က 'သူတစ်ပါးကို သတ်ဖြတ် ညှဉ်းဆဲခဲ့ဖူးတဲ့ လူဆိုရင် မဂ်ဘဝ ဖိုလ်ဘဝ ရပြီးတဲ့အချိန်ကစပြီး သတ်ဖြတ်ညှဉ်းဆဲလို့ မရတော့ဘူး၊ ခိုးတိုက်ခဲ့ဖူးတဲ့သူဆိုရင် ခိုးတိုက်လို့ မရတော့ဘူး၊ သူတစ်ပါး သားမယား သားသမီး သမီးပျိုတွေကို ဖျက်ဆီးခဲ့ဖူးတဲ့သူဆိုရင် ဖျက်ဆီးလို့ မရတော့ဘူး၊ လိမ်ပြောခဲ့ဖူးတဲ့သူဆိုရင် လိမ်ပြောလို့ မရတော့ဘူး၊ သေရည် သေရက် သောက်စား မူးယစ်ခဲ့တဲ့သူဆိုရင် သောက်စားလို့ မရတော့ဘူး' ဆိုတဲ့ တရားတွေကို နာရတဲ့အခါ ကျွန်တော်ဟာ ဝိပဿနာတရားတော်မှာ အများကြီး စိတ်ဝင်စားလာပါတယ်။

အဲဒါကြောင့် စမ်းသပ်ကြည့်ဖို့အတွက် ဘယ်သူ့ကို သာသနာ့ရိပ်သာသို့ ပို့ရပါ့မလဲလို့ စဉ်းစားကြည့်တဲ့အခါ ကျွန်တော်တို့ ဝါးခယ်မမြို့က သခင်အောင်သင်း ဆိုသူကို ကျွန်တော် ပြေးပြီး သတိရပါတယ်။

ကိုအောင်သင်းဟာ သိပ်ဆိုးတယ်၊ ခုနစ်တန်းမှာတုန်းက ကျွန်တော်က ဆယ့်သုံးနှစ်လောက်ရှိပြီ။ သူက ဆယ့်ခြောက်နှစ်လောက်ရှိပြီ။ တစ်နေ့မှာ ကျွန်တော့်ကို ကုလားထိုင်နဲ့ ရိုက်ရအောင် လာတယ်။ ကိုအုန်းဖေဆိုသူက ဝင်ပြီး တားတဲ့အတွက် ကျွန်တော့်ကို မရိုက်ဖြစ်ဘူး။

ကိုအုန်းဖေကို ရိုက်လိုက်တာ လက်မှာ ဒဏ်ရာအကြီးအကျယ်ရသွားတယ်။ ကျွန်တော် ကောင်းကောင်း မမှတ်မိဘူး။ ကိုအုန်းဖေရဲ့ လက်ချောင်းတစ်ချောင်း ကျိုးသွားတယ်ထင်တယ်။ နောက်တစ်နေ့ကျတော့ ကျွန်တော် ကျောင်းကအပြန် လမ်းက ဆီးပြီး ကျွန်တော့်မေးရိုးကို ထိုးလိုက်တာ ကျွန်တော်ဟာ လမ်းဘေးက ခဲပုံပေါ်ကို ပုံလျက်သား ကျသွားတယ်။

ကိုအောင်သင်းဟာ ကျွန်တော့်ထက် အသက်လည်း ကြီးတယ်၊ အရပ်လည်း မြင့်တယ်၊ ဗလလည်းကောင်းတယ်။ အဲဒါကြောင့် ကျွန်တော်ဟာ လဲကျသွားရာက အတင်းထပြီး ခဲပုံထဲက ခဲတစ်လုံးနဲ့ သူ့နားထင်ကို တစ်ချက်ပဲ ထုလိုက်နိုင်တယ်။ အဲဒီအချိန်ကစပြီး ဘာမှန်းမသိတော့ဘူး။



သူ့လက်သီးတွေ၊ ဒူးတွေ၊ ဖနောင့်တွေအောက်မှာ လိမ့်ပြီးခံနေရတယ်။ ဘေးက မြင်ရတဲ့သူတွေက ပြောတယ်၊ အဲဒီတုန်းက ကျွန်တော့်ညီ မောင်ဥသာ အချိန်မီ ရောက်မလာရင် ကျွန်တော် သေမှာပဲတဲ့။ ကျွန်တော့်ညီက အင်မတန် လက်တည့်တယ်။ ခဲတစ်လုံးနဲ့ တအားပေါက်လိုက်လို့ သူ့ခေါင်းကို မှန်ပြီး လဲသွားတော့မှ သူ့လက်ထဲက ကျွန်တော် လွတ်သွားတော့တယ်။

အဲဒီခေတ်တုန်းက ကိုအောင်သင်း နှိပ်စက်တာကို ကျွန်တော်လိုပဲ ခံကြရတဲ့ လူငယ်တွေဟာ တစ်ပုံကြီးပဲ။ ကိုအောင်သင်းဟာ နည်းနည်းလေးမှ အမှားမခံဘူး။ သူငယ်ချင်းတွေ သင့်သင့်မြတ်မြတ်ဖြစ်နေရာက ထစ်ခနဲဆို စိတ်ပြောင်းသွားပြီး ချက်ချင်း ထထိုးတာပဲ။ တွေ့ကရာနဲ့ ဆွဲရိုက်တာပဲ။ ဒီလို ထိုးတဲ့အခါ ရိုက်တဲ့အခါမှာလည်း သက်သက်သာသာ မဟုတ်ဘူး။ တစ်ဖက်သား မြော့နေအောင်အထိ လုပ်တာပဲ။

အဲဒီ ကိုအောင်သင်းဟာ ကျောင်းက ထွက်တော့မှ ပိုဆိုးလာတယ်။ ဘာမဟုတ်တဲ့ နိုင်ငံရေးဝါဒတွေကိုဖတ်ပြီး ရတနာသုံးပါးကိုလည်း မကြည်ညိုတော့ဘူး၊ ကံ ကံ၏ အကျိုးကိုလည်း မယုံကြည်တော့ဘူး၊ လူတွေသေရင် ပြီးရော၊ ပုပ်ရော၊ ချုပ်ရော၊ နောက်ထပ် ဘာမှ မဖြစ်တော့ဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ ဝါဒမျိုးတွေကိုလည်း လက်ခံလာတယ်။ အဲဒါကြောင့် ငါးပါးသီလထဲက ကံတွေဆိုရင် အကုန်လုံးလိုလို ချိုးပစ်တာပဲ။

အဲဒီလိုနဲ့ ဘီအိုင်အေခေတ်ကို ရောက်လာတယ်။ အဲဒီအခါမှာ သူဟာ ဘီအိုင်အေဗိုလ်အဖြစ်နဲ့ နယ်တစ်နယ်ကို ထိန်းရတယ်။ လူဆိုးတွေကို ဘယ်လိုများ ကွပ်ကဲတယ် မဆိုနိုင်ဘူး။ ထွက်ပြေးနိုင်တဲ့ လူဆိုးတွေမှန်သမျှ တခြားနယ်ကို အားလုံး ထွက်ပြေးရတယ်။ အကြောင်းကြောင်းတွေကြောင့် မပြေးနိုင်တဲ့ လူဆိုးတွေ၊ လူဆိုးယောင်ယောင်တွေဟာ သူ့နယ်ထဲမှာ နားရွက် ခတ်ရဲဘူး။ ရဟန်းတော်တွေ၊ လူကြီးလူကောင်းတွေကို အကာအကွယ်ယူပြီး နေကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးရပြီးစ တစ်နေ့သောအခါမှာ သခင်အောင်သင်းဟာ ကျွန်တော့်အိမ်ကို အလည်လာတယ်။ ဧည့်သည်တွေကို ကော်ဖီတို့ ဆေးလိပ်တို့ ယူပေးနေကျ ကျွန်တော့်တပည့်ကလေးတစ်ယောက်ဟာ ကော်ဖီကိုယူပြီး ဧည့်ခန်းထဲကို ဝင်လာရင်း သခင်အောင်သင်းကို မြင်တာနဲ့တစ်ပြိုင်နက် ရှေ့တိုးမလာဘဲ လှည့်ထွက်သွားတယ်။ တခြား တပည့်တစ်ယောက်က ကော်ဖီပန်းကန်တွေကို ယူလာခဲ့ရတယ်။ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲလို့ စုံစမ်းကြည့်တဲ့အခါ ဒီလို သိရတယ်။

ဒီသူငယ်ဟာ သခင်အောင်သင်း ဘီ·အိုင်·အေ·ဗိုလ်အဖြစ်နဲ့ အုပ်ချုပ်ခဲ့ရတဲ့ နယ်က နယ်သားကလေးဖြစ်တယ်။ ဒီသူငယ်ဟာ ခေတ္တဲ့သူ မဟုတ်ပါဘူး။ လူဆိုးတွေကို ဂျပန်တွေက လုံ့ချွပ်နဲ့ ထိုးသတ်နေတာကို မတုန်မလှုပ်ဘဲ ကြည့်ရဲတဲ့ သူငယ်ကလေးပါပဲ။ ဒါပေမယ့် သခင်အောင်သင်းကျတော့ ဟိုတုန်းက အရှိန်နဲ့ အနားကိုတောင် မကပ်ရဲဘူး။ အဲဒါကြောင့် လှည့်ထွက်သွားတာ ဖြစ်တယ်လို့ စုံစမ်းသိရှိရတယ်။

ကျွန်တော်ဟာ လက်မြန်တဲ့သူတွေကို အတော်များများ တွေ့ခဲ့ရဖူးပါတယ်။ ဒါပေမယ့် အဲဒီလူတွေအားလုံးဟာ လက်မြန်တဲ့နေရာမှာ သခင်အောင်သင်းကို ဘယ်သူမှ မမီဘူး။ သာဓကကလေးတစ်ခုကို ပြောပြဦးမယ်။ သခင်အောင်သင်းဟာ သူ့ဇနီးသည် ဒေါ်သိန်းတင်နဲ့အိမ်ထောင်ကျတဲ့အခါ ရုပ်ချွေရုပ်မျိုးတွေ အသိမိတ်ဆွေတွေဟာ ရင်တမမ ဖြစ်နေကြရတယ်။ သခင်အောင်သင်းက ဒေါသလည်း ကြီးတယ်၊ လက်လည်း မြန်တယ်။ ဒေါ်သိန်းတင်က မဟုတ်မခံ သတ္တိရှိတယ်။ ဆတ်ဆတ်ကြဲဆိုတော့ ဘယ်သူရင်တမမ မဖြစ်ဘဲနေမလဲ၊ ဖြစ်ကြတာပေါ့။ အဲဒီလိုဖြစ်တဲ့အတိုင်း အိမ်ထောင်ကျပြီးလို့ လေး ငါး ရက်လောက် အကြာကလေးမှာပဲ သူတို့အကြောင်းကို ကြားရတော့တာပါပဲ။



ဒေါ်သိန်းတင်ဟာ ဘယ်လို သတ္တိရှိတယ်ဆိုပေမယ့် မိန်းမသားဆိုတော့ ယောကျ်ားကို ဘယ်နိုင်မလဲ။ သူတို့နဲ့ အိမ်နားနီးချင်း ကျွန်တော့်ညီမ ဝမ်းကွဲကလေးတစ်ယောက် ပြန်ပြောပြဖူးတယ်။ ရန်တစ်ခါဖြစ်ပြီးရင် ဒေါ်သိန်းတင်ရဲ့ အညိုအမည်းစွဲပြီး ယောင်နေတဲ့ မျက်ခွက်မှာ မျက်စိပေါက်တွေကို ရှာလို့မရဘူးတဲ့။ သခင်အောင်သင်းဟာ လက်အင်မတန်မြန်လွန်းတဲ့အတွက် သတ္တိရှိတဲ့ ဒေါ်သိန်းတင်ဟာ အချိန်ဆွဲမနေရဲဘူး။ ရန်ဖြစ်ပြီပေါ့ဆိုတာနဲ့ အိမ်ပေါ်က ဆင်း ဆင်း ပြေးရတာပဲ။ တစ်နေ့မှာတော့ ဒေါ်သိန်းတင်ဟာ အိမ်ပေါ်က ဆင်းအပြေး သခင်အောင်သင်းဟာ မီးရာကို လှမ်းဆွဲလိုက်တာ ထဘီကို ဆွဲမိတယ်။ မရှုမလှလုပ်မှာကို ကြောက်တော့ ဒေါ်သိန်းတင်ဟာ အရှက်ကို ငဲ့မနေနိုင်တော့ဘူး၊ ထဘီကို ချွတ်ပစ်ခဲ့ပြီး အိမ်ပေါ်က ဆင်းပြေးရတယ်၊ သခင်အောင်သင်းဟာ အဲဒီလောက်ဆိုးပါတယ်။ လက်မြန်ပါတယ်။

အဲဒီ သခင်အောင်သင်းကို သာသနာ့ရိပ်သာမှာ စမ်းကြည့်ဖို့ ကျွန်တော် ဖိတ်လိုက်တယ်။ မကြာခင် သခင်အောင်သင်း ကျွန်တော့်ဆီ ရောက်လာတယ်။

‘သခင်အောင်သင်းရေ၊ သာသနာ့ရိပ်သာကို ကျွန်တော် ပို့ပေးမယ်၊ ခင်ဗျား တရားအားထုတ်ပါ’

‘သာသနာ့ရိပ်သာနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ၊ မသွားချင်ပါဘူးကွာ’

‘ဒီလိုလဲ မဟုတ်ဘူးလေ၊ တရားအားမထုတ်ဘဲ ခုအတိုင်းသွားရင် ခင်ဗျား သေတဲ့အခါ ငရဲကျလိမ့်မယ်’

‘ငရဲကို ငါ မကြောက်ဘူး’

ရှေ့ကို ဆက်ပြောဖို့ အတော်ခက်နေတာနဲ့ အဲဒီနေ့မှာ သူသွားချင်တဲ့ဆီတွေကို မော်တော်ကားနဲ့ လိုက်ပို့ခိုင်းတယ်။ စားကောင်းသောက်ဖွယ်တွေကို ကောင်းကောင်းမွန်မွန် ကျွေးတယ်။ နောက် နှစ်ရက်သုံးရက်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ သူစိတ်ပျော်လာအောင် ထားတယ်။ သူ့စိတ်ပျော်လာတဲ့အခါ သာသနာ့ရိပ်သာမှာ နည်းနည်းပါးပါး စမ်းကြည့်ဖို့ ကျွန်တော် တိုက်တွန်းတယ်။ အဲဒီအခါမှာ စမ်းကြည့်ဖို့ သဘောတူတာနဲ့ ကျွန်တော် သူ့ကို သာသနာ့ရိပ်သာ ပို့လိုက်တယ်။ နောက် သုံးရက်လောက်ကြာလို့ သာသနာ့ရိပ်သာကို ကျွန်တော် ရောက်သွားတဲ့အခါ သခင်အောင်သင်း မရှိတော့ဘူး။ အိမ်ပြန်သွားပြီတဲ့။

ကျွန်တော်လည်း လက်မလျှော့ဘူး။ နောက်ထပ်တစ်ကြိမ်ဖိတ်လိုက်တယ်။ သူရောက်လာတဲ့အခါ 'ဘာဖြစ်လို့ တရားအားမထုတ်ဘဲ ပြန်သွားသလဲ' လို့ ကျွန်တော်က မေးကြည့်တယ်။ 'ငါနဲ့ တစ်ခန်းတည်း တရားအားထုတ်နေတဲ့ ယောဂီကို အလကားနေရင်း ငါ သတ်ချင်သလိုဖြစ်လာတယ်၊ ဆက်နေရင်တော့ သတ်ဖြစ်တော့မှာပဲ၊ အဲဒါကြောင့် ငါပြန်သွားတယ်' လို့ သူက ဖြေတယ်။

အဲဒါကြောင့် ဒုတိယအကြိမ်မှာ သူတစ်ဦးတည်း တစ်ခန်းသပ်သပ်မှာ တရားအားထုတ်နိုင်အောင် ကျွန်တော် စီစဉ်ပေးတယ်။ ကျွန်တော်လည်း ညနေတိုင်းလိုလို သူ့ဆီသွားပြီး အားပေးစကားပြောတယ်။ ဆယ့်လေးငါးရက်လောက် ကြာလာတဲ့အခါ အမြဲတမ်း သူရဲ့စီးသလိုဖြစ်နေတဲ့ ရှစ်ခေါက်ချိုး ရှုသိုးသိုးကြီးဟာ သူ့မျက်နှာပေါ်မှာ မရှိတော့ဘူး။ သူ့မျက်နှာဟာ ပျော့ပျောင်းလာတယ်၊ တည်ကြည်လာတယ်၊ သိမ်မွေ့လာတယ်။ ရှေးတုန်းကဆိုရင် ဒီလိုမျက်နှာထားမျိုးကို တစ်သက်လုံး ကျွန်တော် တစ်ခါမှ မမြင်ခဲ့ရဘူး။ အဲဒါကြောင့် ကျွန်တော်လည်း အများကြီး အားတက်သွားတယ်။

သခင်အောင်သင်းလည်း အားတက်လာပြီး အထူး ကြိုးစားအားထုတ်လိုက်တာ နောက်တစ်လလောက်ကြာတဲ့အခါ တရားအောင်သွားတယ်။ ဉာဏ်စဉ်နှာပြီး နောက်တစ်နေ့ကျတော့ အိမ်ပြန်ဦးမယ်လို့ ကျွန်တော့်ကို ပြောတယ်။ နေလက်စနဲ့ နောက်ထပ် ဆယ့်လေးငါးရက်လောက်နေဖို့



ကျွန်တော်က တိုက်တွန်းတဲ့အခါ 'ဒီတရားတော်ဟာ သိပ်ထူးတယ်၊ မသိန်းတင်လဲ ဒီတရားကို အားထုတ်စေချင်တယ်၊ သူ့ကို ငါသွားခေါ်ဦးမယ်' လို့ သခင်အောင်သင်းက ပြန်ပြောတယ်။ ကျွန်တော်လည်း သိပ်ဝမ်းသာသွားတယ်။ ဒေါ်သိန်းတင်လည်း ပြင်းပြင်းထန်ထန် အားထုတ်လိုက်တာ သူ့လိုပဲ တရားအောင်သွားပြန်တယ်။

အဲဒီအချိန်ကစပြီး အခုအချိန်အထိ အနှစ်နှစ်ဆယ်လောက်အတွင်း သူတို့ရှိနေတဲ့နေရာမှာ စိခနဲ ဝုန်းခနဲ ဒုန်းခနဲ အသံတွေဟာ တစ်ခါမှ မကြားရတော့ဘူး။

သူတို့လင်မယားနှစ်ယောက်စလုံးနဲ့ အင်မတန်ခင်တဲ့ အိုးဝေမောင်ဟာ တစ်နေ့ ကျွန်တော့်ဆီကို ရောက်လာတယ်။ 'သခင်အောင်သင်းနဲ့ ဒေါ်သိန်းတင်တို့ဟာ စကားတောင် ကျယ်ကျယ်လောင်လောင် မပြောတော့ဘူး၊ သူတို့အချင်းချင်း ဆက်ဆံတဲ့နေရာမှာလဲ သခင်အောင်သင်းက မောင်လို ဒေါ်သိန်းတင်က နှမလို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ ဆက်ဆံကြတယ်၊ အရင်တုန်းကလို တစ်ယောက်နဲ့ တစ်ယောက် စားမယ် ဝါးမယ် ဆိုတာတွေ မရှိတော့ဘူး' လို့ အိုးဝေမောင်က ကျွန်တော့်ကို ဝမ်းသာအားရ ပြောသွားတယ်။

နောက်ပြီးတော့ 'အရင်တုန်းက ဘယ်သူလာလာ ပေါက်မယ်ဆိုပြီး မြွေဟောက်ကြီးလို ပါးပျဉ်းတထောင်ထောင်နဲ့ ဖြစ်နေတဲ့ သခင်အောင်သင်းကြီးဟာ စာတွေထဲမှာပါတဲ့ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး ဆိုတဲ့ ဥပမာလို ဖြစ်နေပြီ၊ ဘယ်သူက ဘာပြောပြော ခေါင်းငုံ့ခံနေတာပဲ' လို့ အိုးဝေမောင်က ဝမ်းသာအားရ ဆက်ပြောသွားလိုက်သေးတယ်။

အဲဒီ သခင်အောင်သင်းဟာ တရားအောင်ပြီးကတည်းက ဝိပဿနာ ပြည်ပြန့်ပွားရေးအတွက် သူ့ကိုမှီးပြီး ဝတ္ထုတစ်ပုဒ်လောက် ရေးဦးမယ်လို့ ကျွန်တော် စိတ်ကူးထားခဲ့မိတယ်။ မကြာခင်က အထိန်းအသိမ်းခံရတော့

www.burmeseclassic.com



မှာပဲ စာရေးဖို့အချိန်ရတာနဲ့ ကျွန်တော့် စိတ်ကူးကို ကျွန်တော် အကောင်အထည် ဖော်နိုင်ခဲ့တယ်။

ငရဲဆို ချိုနဲ့လားဝတ္ထုထဲမှာ ဇာတ်လိုက်ဟာ မိုးအောင် ဖြစ်တယ်။ မိုးအောင် ဆိုသူမှ အဆိုးတွေဟာ သခင်အောင်သင်း ဆိုးခဲ့တဲ့ အဆိုးတွေချည်းပဲလို့ မယူဆကြစေချင်ဘူး။ မိုးအောင် အကြောင်းကို ရေးတဲ့အခါ ကျွန်တော် မြင်ဖူးတွေ့ဖူးတဲ့ လူဆိုးကြီး လူဆိုးကလေးတွေရဲ့ အဆိုးတွေထဲက ဇာတ်လမ်းနဲ့ သက်ဆိုင်မယ့် အဆိုးတွေ ကောက်နုတ်ပြီး ဖော်ပြထားတယ်။ အဲဒါကြောင့် မိုးအောင်ရဲ့ အဆိုးတွေထဲမှာ သခင်အောင်သင်းရဲ့ အဆိုးတွေလည်း ပါတယ်။ ကျွန်တော့် အဆိုးတွေလည်း ပါတယ်။ ကျွန်တော့်သမီးကြီး ချစ်ချစ်စန်းရဲ့ အဆိုးတွေလည်း ပါတယ်။

စန်းစန်းဟာ ငယ်ငယ်တုန်းက သိပ်ဆိုးတယ်။ သူနဲ့ ရွယ်တူတွေ သူ့ထက် နည်းနည်းလောက် ကြီးတာတွေဆိုရင် ဘယ်သူမှ သူ့နားကို မကပ်ရဲဘူး။ ကုတ်တယ်၊ ကိုက်တယ်၊ တွေ့ကရာနဲ့ ကောက်ရိုက်တယ်။ သူ တစ်နှစ်သမီးလောက်တုန်းက ပန်းတနော်က ရန်ကုန်ကို အလည်လာပြီး မိတ်ဆွေတစ်ဦးအိမ်မှာ သွားတည်းတယ်။ အဲဒီ မိတ်ဆွေရဲ့သားကလေးဟာ သူ့ထက် နည်းနည်းကြီးတယ်။ စန်းစန်းဟာ အဲဒီကလေးရဲ့ ကစားစရာတွေ အားလုံးကို အကုန်သိမ်းထားတယ်။ ကလေးကလည်း သဘောကောင်းရှာပါတယ်၊ ဘာမှ မပြောဘူး။ ဘေးနားက သူကစားတာကို ထိုင်ကြည့်နေတယ်။ အဲဒါတောင် မကျေနပ်ဘူး။

စန်းစန်းဟာ ကစားစရာဖန်ခွက်လုံးပြူးနဲ့ အဲဒီကလေးကို ကောက်ထုလိုက်တာ ခေါင်းမှာ ဘုကြီး ဖြစ်လာတာပဲ။ ငယ်ထိပ်ထိဖို့ နည်းနည်းပဲ လိုတော့တယ်။ ငယ်ထိပ်ထိရင်တော့ အခက်ပဲ။ ငယ်ငယ်တုန်းက ကလေးတွေ လက်ထဲက ရေခဲပေါက်စီ လုစားခဲ့တာတွေ အမေ့လက်ထဲက သူ့ရိုက်တဲ့တုတ်ကို လုပြီး ပြန်လည်းရိုက်၊ ဆဲလည်း ဆဲခဲ့တာတွေ ရေးမယ်



ဆိုရင် တစ်ပုံကြီးပါ။ ဆယ့်လေးငါးနှစ် သမီးအထိ စန်းစန်းဟာ အတော်ဆိုးတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ တစ်ခု ပြောရဦးမယ်။

အချိန်ကတော့ ကျွန်တော်တို့ အစိုးရလက်ထက်ထဲမှာ ရန်ကုန်မြို့ကလေး တစ်ကွက်လောက်သာရှိတဲ့ ချောက်ထဲကျဖို့ လက်နှစ်လုံးလောက်သာ လိုတော့တဲ့ အချိန်ပါပဲ။ အဲဒီအချိန်မှာဆိုရင် စန်းစန်းဟာ ဆယ်နှစ်လောက်ပဲ ရှိသေးတယ်။ ကျွန်တော်ဟာ ဝန်ကြီးတွေနဲ့ အိမ်အောက်က ရုံးခန်းထဲမှာ သောင်းကျန်းသူတွေ ကိစ္စကို ဆွေးနွေးတယ်၊ ဆွေးနွေးပွဲပြီးခါနီးလောက်မှာ 'ကိုနုရေ လာပါဦး' လို့ အိမ်ပေါ်က ငယ်သံပါအောင် မမြရီ အော်လိုက်တဲ့ အသံကို ကျွန်တော် ကြားလိုက်ရတယ်။ အိမ်ပေါ်ကို ပြေးတက်သွားတဲ့အခါ စန်းစန်းဟာ သူ့အမေရဲ့လက်ကို တအားကိုက်ထားတုန်း ရှိသေးတယ်။ သူ့ပါးစပ်ကို အတင်းညှစ်တော့မှပဲ လွှတ်လိုက်တယ်။ ဒါတောင် 'ငါ့မလုပ်နဲ့' လို့ ကျွန်တော့်ကို စန်းစန်းက တစ်ချက် ပြန်ဟောက်လိုက်သေးတယ်။ စန်းစန်းအကြောင်း ရေးရမယ်ဆိုရင် စာတစ်အုပ်ဖြစ်နိုင်တယ်။ ဒါပေမယ့် အခု ကြီးလာတဲ့အချိန်မှာ စန်းစန်းဟာ အများကြီး ပြောင်းလဲသွားပါတယ်။ မိဘတွေအပေါ်မှာလည်း အများကြီး ရိုသေကိုင်းရှိုင်းလာတယ်။

မိုးအောင်အကြောင်းကို ရေးတဲ့အခါ သခင်အောင်သင်းဆိုးခဲ့တာတွေ၊ ကျွန်တော်ကိုယ်တိုင် ငယ်ငယ်တုန်းက ဆိုးခဲ့တာတွေ၊ စန်းစန်း ဆိုးခဲ့တာတွေ၊ အိမ်နီးချင်းတွေ အသိမိတ်ဆွေတွေ အော့နှလုံးနာနေတဲ့ ကလေးသူငယ်တွေရဲ့ ဆိုးပုံတွေ အစရှိသဖြင့် ကျွန်တော် တွေ့ဖူး မြင်ခဲ့ဖူး သိခဲ့ဖူးတဲ့ အဆိုးတွေကို ခုပေါင်း ရေးထားပါတယ်။

ငရဲဆို ချိုနဲ့လားဗျို့ ကို ရေးတဲ့အခါ ကျွန်တော့်မှာ ရည်ရွယ်ချက်ကြီး နှစ်ခု ရှိပါတယ်။

လူဆိုးတွေဟာ နောင်တစ်နေ့ ထောင်နန်းစံရမယ်။ အနည်းဆုံး [illegible]တော့ ရောက်ရမယ်။ ပတ်ဝန်းကျင် လူသူလေးပါးတို့ရဲ့ အော့နှလုံး

www.burmeseclassic.com

www.burmeseclassic.com



အသောကို ခံရမယ်ဆိုတာကို ဘုန်းတော် ပြခဲ့တယ်။ အဲဒါဟာ ကျွန်တော့်ရဲ့ ပထမ ရည်ရွယ်ချက် ဖြစ်တယ်။

ဘုရားလောင်းတော်ဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပတ်လုံး ချက်ခြင်းတော်၊ အသားတော်၊ အသွေးတော်၊ အရိုးတော်၊ အသက်တော်တွေကို စတေးတွေ့ကိုနိုင်အောင် လှူခဲ့ရတဲ့အထိ ပါရမီတွေဖြည့်ခဲ့ရတာဟာ အခြားကြောင့် မဟုတ်ဘူး။ ဘုရားဖြစ်ပြီး လူနတ်ပြဟ္မာ သတ္တဝါတွေကို ဝိပဿနာ တရားဟောဖို့ပဲ ဖြစ်တယ်။ အိုနာသေ ကွဲ အစရှိတဲ့ သံသရာဝဋ်ဆင်းရဲတွေက လွတ်မြောက်စေနိုင်တဲ့တရားဟာ ဝိပဿနာပဲ။ ဝိပဿနာကလွဲရင် တခြားဘယ်တရားမှ မလွတ်မြောက်စေနိုင်ဘူး။ အဲဒါကြောင့် ဒီဝိပဿနာတရားကို စည်ပင်ပြန့်ပွားအောင် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ဖို့ ဆိုတာဟာ ကျွန်တော်တို့ရဲ့ ဒုတိယ ရည်ရွယ်ချက်ဖြစ်တယ်။

ငရဲဆို ချိုနဲ့လားဖျို့ ဝတ္ထုကို ဖတ်ရလို့ အနည်းဆုံး လူဆိုး တစ်ယောက်ဟာ ထောင်ဘေး စက်တိုင်ဘေးတွေကိုမြင်ပြီး သံဝေဂ ရမယ်ဆိုရင်၊ အနည်းဆုံး လူတစ်ယောက်လောက် သံဝေဂရပြီး မိမိကြိုက်ရာ သာသနာ့ရိပ်သာတစ်ခုခုမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့ အထိ ဝိပဿနာတရား အားထုတ်နိုင်မယ်ဆိုရင် ဒီဝတ္ထုကို ရေးရာမှာ ကျွန်တော် ထားရှိခဲ့တဲ့ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကြီး နှစ်ခုဟာ ထမြောက် အောင်မြင်ပြီလို့ ကျွန်တော် ယူဆပါတယ်။

မောင်နု

## နိဒါန်း

၁။ မြတ်စွာဘုရားသည် မယဉ်ကျေးသော လူ၊ နတ်၊ တိရစ္ဆာန်တို့ကို ယဉ်ကျေးအောင် အတုမရှိ ဆုံးမတတ်သော အကြောင်းကြောင့် 'အနုတ္တရော ပုရိသ ဒမ္မသာရထိ' မည်တော်မူ၏။ ထို ရှင်တော်မြတ်ဘုရားအား တပည့်တော်သည် ခြေတော်ဦးခိုက် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါသည်ဘုရား။

၂။ မဂ်ဖိုလ် နိဗ္ဗာန် ကိုးတန်သော တရားတော်မြတ်သည် မယုံကြည်သေးသောသူများအား လာ၍စမ်းကြည့်ကြစမ်းပါဟု ဖိတ်ခေါ်ပြီး အစမ်းသပ်ခံနိုင်သော တရားတော်မြတ် ဖြစ်ပါပေသည်။ ထို **တရားတော်မြတ်**ကို တပည့်တော်သည် ခြေတော်ဦးခိုက် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါသည်ဘုရား။

၃။ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏ ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သချာရှစ်ဖော့ သံဃာအပေါင်းသူတော်ကောင်းတို့သည် ရှိသေသမှ လူတို့ပြုသမျှ ဒါနနှင့် လျော်ကန်ထိုက်တန်အောင် ကျင့်တော်မူတတ်ပါသည်။ ထို **သံဃာတော်အရှင်သူမြတ်**တို့ကို တပည့်တော်သည် ခြေတော်ဦးခိုက် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါသည် ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



## သီလ သမာဓိ ပညာ

မြတ်စွာဘုရား၏ တရားတော်တွင် သီလ၊ သမာဓိ၊ ပညာ ဟူသော အပိုင်း သုံးပိုင်းရှိသည်။

**သီလ**သည် ကိုယ်နှင့် နှုတ်က မကောင်းတာကို မပြောမိအောင် ထိန်းသိမ်းဖို့အတွက် ဟောတော်မူထားသော တရားဖြစ်သည်။

**သမာဓိ**သည် မရပ်မနား ပျံ့လွင့်နေသော စိတ်ကို တည်ငြိမ်နေအောင် ထိန်းသိမ်းဖို့အတွက် ဟောတော်မူထားသော တရားဖြစ်သည်။

**ပညာ**သည် နိဗ္ဗာန်ကို ယခုဘဝမှာပင် မျက်မှောက်ပြုနိုင်အောင် မည်ကဲ့သို့ ပွားများရမည်ကို ဟောတော်မူထားသော တရားဖြစ်ပါသည်။

ဤတရားတော်များသည် အခါခပ်သိမ်း ကြားနာနိုင်သော တရားတော်များ မဟုတ်။ ဤတရားတော်များကို ကြားနာရဖို့ဟာ ဘယ်လောက်ခက်သည်ကို သိနိုင်အောင် အခုလို အခွင့်ကောင်းရသည့်အခါ ကျွန်တော် ရှင်းပြလိုပါသည်။

## ဘုရားလောင်း သုံးမျိုး

ဘုရားဖြစ်လိုသည့် ပုဂ္ဂိုလ်တစ်ဦးသည် သက်တော်ထင်ရှား ဘုရားတစ်ဆူထံမှ 'သင်သည် နောင်ကမ္ဘာပေါင်း ဘယ်လောက်ကြာသောအခါ ဘယ်ကမ္ဘာမှာ ဘယ်အမည်နှင့် ဘုရားဧကန် ဖြစ်လိမ့်မည်' ဆိုတဲ့ ဗျာဒိတ်ကို ရပြီးသည့်နောက် ဘုရားဖြစ်အောင်

**ပညာဓိက** ဘုရားလောင်းဆိုလျှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ရသည်။

**သဒ္ဓါဓိက** ဘုရားလောင်းဆိုလျှင် ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ရသည်။



**ဝီရိယာဓိက** ဘုရားလောင်းဆိုလျှင် တစ်ဆယ့်ခြောက် အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ရသည်။

ဤနေရာမှာ

၁။ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက ဘုရားလောင်းတို့၏ ခြားနားခြင်း၊

၂။ ကမ္ဘာ၏ အချိန်ကာလ ရှည်လျားခြင်း၊

၃။ ပါရမီ ဆယ်ပါးတို့ကို ရှင်းပြရန် လိုပေလိမ့်မည်။

'ဘုရားဖြစ်သည်'ဆိုသည်မှာ အခြားမဟုတ်။ သဗ္ဗညုတဉာဏ် (အလုံးစုံသောတရား၊ အလုံးစုံသော ပညာတို့ကို ဆရာမကူဘဲ ကိုယ်တိုင်မှန်စွာ သိသောဉာဏ်) တော်ကြီးကို ရခြင်းပင်ဖြစ်၏။ ထိုဉာဏ်တော်ကြီးကို ရဖို့အတွက် ဘုရားဖြစ်လိုသော ပုဂ္ဂိုလ်များမှာ ပညာဓာတ်ခံ လွန်လွန်ကဲကဲ ရှိဖို့ အရေးကြီးသည်။

အချို့ ဘုရားအလောင်းတော်များသည် ဉာဏ်ပညာလွန်ကဲနေသည့်အတွက် ပါရမီဖြည့်ရာမှာ အမြဲပင် ပညာဉာဏ်ပါရှိပြီးဖြစ်သည်။ ထိုဘုရားအလောင်းတော်များကို 'ပညာဓိက ဘုရားအလောင်း'ဟု ခေါ်သည်။ ပညာဓိက ဘုရားလောင်းတော်များသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်လျှင် ဘုရားဖြစ်တော်မူ၏။

အချို့ ဘုရားအလောင်းတော်တို့မှာမူကား 'ပါရမီဖြည့်လျှင် ဘုရားဖြစ်နိုင်သည်' ဟူ၍ ယုံကြည်ကြ၏။ ထိုအလောင်းတော်တို့၏စိတ်၌ ယုံကြည်ခြင်းဆိုသည့် သဒ္ဓါတရားသည် လွန်ကဲနေ၏။ ပညာမှာမူကား သဒ္ဓါတရားလောက် မကြီးမားချေ။ ထိုအလောင်းတော်များကို 'သဒ္ဓါဓိက ဘုရားအလောင်း' ဟု ခေါ်သည်။ သဒ္ဓါဓိက ဘုရားအလောင်းတော်များသည် ပညာက ရှေ့မဆောင်နိုင်ဘဲ သဒ္ဓါတရားကသာ ရှေ့ဆောင်ကာ ပါရမီဖြည့် ရသည့်အတွက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတွင် ဘုရားမဖြစ်နိုင်။ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ဘုရားဖြစ်ပော်မူကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အချို့ ဘုရားအလောင်းတော်တို့မှာတော့ ဝီရိယကိုသာ အားကိုး အားထား ပြုကြ၏။ ပညာကိုလည်း အဓိကအားဖြင့် အသုံးမပြုနိုင်။ 'ပါရမီ ဖြည့်လျှင် ဘုရားဖြစ်နိုင်သည်' ဟူသော ယုံကြည်ခြင်း သဒ္ဓါတရားကိုလည်း ဂရုမထား၊ ကြိုးစားလျှင် ဘုရားဖြစ်မည်' ဟူသော ဝီရိယကိုသာ ရှေ့ထား၍ ပါရမီတော်တို့ကို ဖြည့်ကျင့်သည့်အတွက် တစ်ဆယ့်ခြောက် အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာမှ ဘုရားဖြစ်တော်မူကြသည်။ ထိုဘုရားအလောင်းတော် များကို 'ဝီရိယာဓိက ဘုရားအလောင်း' ဟု ခေါ်သည်။

ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယဓိက ဆိုသော အမည်သုံးပါးသည် ဘုရားအလောင်းတော်တို့၏ အမည်ဖြစ်သည်ကို အထူးသတိပြုပါ။ သတိမပြု လျှင် ၎င်းအမည်များမှာ ဘုရားရှင်တို့၏ အမည်ဟု မှတ်ထင်နေတတ်ကြ သည်။ အလောင်းတော်အစဉ် ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယဓိက ဟူသော အမည်သုံးပါးကွဲပြားသော်လည်း ဘုရားဖြစ်သောအခါ ဉာဏ်တော်ဂုဏ်တော် ကျေးဇူးတော်အရာတို့တွင် အလုံးစုံ တူညီကြသည်။ မည်သည့် ဘုရားက ဉာဏ်တော် ဂုဏ်ကျေးဇူးတော် ပိုသည် လိုသည် ဟူ၍ မရှိတော့ပြီ။

အထူးမှတ်ရန်မှာ

ပညာဓိက ဘုရားအလောင်းတို့သည် သဒ္ဓါနှင့်၍ ပညာထက်သည်။

သဒ္ဓါဓိက ဘုရားအလောင်းတို့မှာ ပညာ အလယ်အလတ်ဖြစ်၍ သဒ္ဓါအားကြီးသည်။

ဝီရိယဓိက ဘုရားအလောင်းတို့မှာ သဒ္ဓါ ပညာ နှစ်ပါးစလုံးနှင့်၍ ဝီရိယအားကြီးသည်။

ဘုရားအလောင်းတော်ကြီးများသည် သက်တော်ထင်ရှား မြတ်စွာ ဘုရား တစ်ဆူဆူထံမှ ဗျာဒိတ်ရပြီးသည့်နောက် ဘုရားဖြစ်အောင် လေး အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ တစ်ဆယ့် ခြောက် အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကြရသည်ဟူ၍ သိရပြီ။



တစ်ကမ္ဘာဆိုသည်မှာ မည်မျှကြာသနည်း၊ ကမ္ဘာတစ်ခု၏ အချိန် ကာလကို ရှင်းပြရန်လိုမည်။

၁။ ကမ္ဘာဦးက လူတို့သည် အသက်အသင်္ချေ တည်နေကြရကုန်၏။ ကာလရှည်လျားလတ်သော် လောဘ ဒေါသ အစရှိသည့် အကုသိုလ် တရားတွေများပြားလာကြသည့်အတွက်လူတို့၏အသင်္ချေသက်တမ်း ဆုတ်ယုတ်လာသည်။ ဤသို့ ဆုတ်ယုတ်လာသော အချိန်ကာလကို ပါဠိလို 'ဟာယနကပ္ပ' မြန်မာလို 'ဆုတ်ကပ်' ဟု ခေါ်သည်။

က။ အသင်္ချေယျ သက်တမ်းမှာ အသက် ဆယ်နှစ်တမ်းအထိ ဆုတ်ယုတ်လာသည့်အခါ လောဘအထူး လွှမ်းမိုး၍ ဆုတ်ယုတ် လာရခြင်းဖြစ်လျှင် အဆုံးသတ် ခုနစ်ရက်အတွင်းမှာ 'ငတ်မွတ် ခြင်းဘေးကြီး' ဖြစ်ပြီး မကောင်းသူတွေမှန်သမျှ သေကျေ ပျက်စီးကြရ၏။ ဤဆုတ်ကပ်မျိုးကို 'ဒုဗ္ဘိက္ခန္တရကပ်' ဟု ခေါ်သည်။

ခ။ ဒေါသအထူး လွှမ်းမိုး၍ ဆုတ်ယုတ်လာခြင်းဖြစ်လျှင် အဆုံး သတ် ခုနစ်ရက်အတွင်းမှာ 'အချင်းချင်း လက်နက်တို့ဖြင့် သတ်ဖြတ်ခြင်းဘေးကြီး' ဖြစ်ပြီး မကောင်းသူတွေမှန်သမျှ သေကျေပျက်စီးကြရ၏။ ဤဆုတ်ကပ်မျိုးကို 'သတ္ထန္တရကပ်' ဟု ခေါ်သည်။

ဂ။ မောဟ အထူးလွှမ်းမိုး၍ ဆုတ်ယုတ်လာရခြင်းဖြစ်လျှင် အဆုံး သတ် ခုနစ်ရက်အတွင်းမှာ 'ရောဂါဆိုးဘေးကြီး' ဖြစ်ပြီး မကောင်းသူမှန်သမျှ သေကျေပျက်စီးကြရ၏။ ဤဆုတ်ကပ် မျိုးကို 'ရောဂန္တရကပ်' ဟု ခေါ်သည်။

၂။ ဆယ်နှစ်တမ်းကို ရောက်သည့်အခါ လူများသည် သံဝေဂအထူးရ ကြပြီး မေတ္တာ ဗြဟ္မစိုရ် ကုသိုလ်တရားတွေ ပွားများလာကြသည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် အသက် အသင်္ချေယျတမ်းအထိ တိုးတက်သွားပြန်သည်။

ဤသို့ တိုးတက်လာသည့် အချိန်ကာလကို ပါဠိလို 'ဝဍ္ဎနကပ္ပ' မြန်မာလို 'တက်ကပ်' ဟု ခေါ်သည်။

ဤသို့ ဆုတ်ကပ် တက်ကပ် တစ်စုံကို 'အန္တရကပ်တစ်ကပ်' ဟု ခေါ်သည်။

ဤအန္တရကပ်ပေါင်း ခြောက်ဆယ့်လေးကပ်ကို 'အသင်္ချေယျကပ်တစ်ကပ်' ဟု ခေါ်သည်။

## ကပ် လေးမျိုး

ဤကဲ့သို့ အသင်္ချေယျကပ်မျိုး လေးကပ် ရှိသည်။ ၎င်းတို့ကို ရှင်းပြပါမည်။

၁။ ယခု ဖော်ပြခဲ့ပြီးသည့် ခြောက်ဆယ့်လေးကြိမ်တိုင်တိုင် ဆုတ်လိုက်တက်လိုက် ဖြစ်နေသော အသင်္ချေကပ်ကို 'ဝိဝဋ္ဋဋ္ဌာယီကပ်' (ဖြစ်ပေါ်တိုးပွားပြီးအတိုင်း တည်နေသောကပ်) ဟု ခေါ်သည်။

၂။ ဤအန္တရကပ် ခြောက်ဆယ့်လေးကပ် စေ့သည့်အခါ ကမ္ဘာဖျက်မိုးကြီး ရွာသည်။ ၎င်းမိုးကို 'ကမ္ဘာဖျက်မိုး' ဟု ခေါ်သော်လည်း စင်စစ်မှာ ၎င်းမိုးသည် ကမ္ဘာကို မဖျက်သေး။ ကမ္ဘာပျက်တော့မည် ဆိုသည်ကို ကမ္ဘာသူ ကမ္ဘာသားများအား သတိပေးသောမိုးဖြစ်သည်။

ဤသတိပေးသောမိုးသည် ကမ္ဘာပျက်ခါနီးတိုင်း ရွာသည်။

ဤမိုးကြီးရွာပြီးသည့်နောက်မှ 'မီး' ဖျက်မည့် ကမ္ဘာဆိုလျှင် မိုးအကြီးအကျယ် လောင်သည်။ 'ရေ' ဖျက်မည့် ကမ္ဘာဆိုလျှင် မိုးအကြီးအကျယ် ရွာသည်။ ၎င်းမိုးရေသည် ရေရိုးရိုးမဟုတ်။ ကျောက်ဆောင် ကျောက်ခဲပင် ဖြစ်သော်လည်း ဤမိုးရေနှင့်ထိလိုက်လျှင် ကျေမွပျက်စီးသွားသည်။ 'လေ' ဖျက်မည့်ကမ္ဘာဆိုလျှင် လေအကြီးအကျယ် တိုက်သည်။



ဤကဲ့သို့ သတိပေးမိုးကြီးရွာပြီးသည့် အချိန်မှစ၍ မီးဖျက်သည့် ကမ္ဘာဆိုလျှင် ကမ္ဘာဖျက် မီးတောက်မီးလျှံများ ရပ်စဲသည့်တိုင်အောင်၊ လေဖျက်သည့်ကမ္ဘာဆိုလျှင် လေရပ်စဲသည့်တိုင်အောင် အလွန်ရှည်လျားလှသော အချိန်ကာလကြီးကို 'သံဝဋ္ဋကပ်' (ပျက်ဆဲကပ်) ဟု ခေါ်သည်။

၃။ မီး၊ ရေ၊ လေ တစ်ခုခုကြောင့် ပျက်စီးပြီးသည့်နောက် ကမ္ဘာကြီး ပြန်ပြီး တည်တော့မည်ဆိုလျှင် ကမ္ဘာပြုမိုးကြီး ရွာသည်။

ဤသို့ မီး၊ ရေ၊ လေ တစ်ခုခုကြောင့် ပျက်စီးသည့်အချိန်မှ ကမ္ဘာပြုမိုးကြီး ရွာသည့်တိုင်အောင် အလွန်ရှည်လျားလှသော အချိန်ကာလကြီးကို 'သံဝဋ္ဋဋ္ဌာယီကပ်' [ပျက်စီးသည့်အတိုင်း တည်နေသောကပ်] ဟု ခေါ်သည်။

၄။ ကမ္ဘာပြုမိုးကြီး ရွာသည်မှစ၍ နေလနက္ခတ်တာရာတွေ ပေါ်ပေါက်လာသည့်တိုင်အောင် အလွန်ရှည်လျားလှသည့် အချိန်ကာလကြီးကို 'ဝိဝဋ္ဋကပ်' [ဖြစ်ပေါ်တိုးပွားဆဲကပ်] ဟု ခေါ်သည်။

နေလ နက္ခတ်တာရာတွေ ပေါ်ပေါက်လာသည့်အချိန်မှ နောက်တစ်ခါ ကမ္ဘာဖျက်မိုးကြီး ရွာသည့်တိုင်အောင် အလွန်ရှည်လျားလှသော အန္တရကပ် ခြောက်ဆယ့်လေးကပ်ရှိသော အချိန်ကာလကြီးကို 'ဝိဝဋ္ဋဋ္ဌာယီကပ်' [ဖြစ်ပေါ်တိုးပွားပြီးအတိုင်း တည်နေသောကပ် ဟု ခေါ်သည်။] [နားလည်လွယ်အောင် ဤကပ်ကို ရှေးဦးစွာ ဖော်ပြခဲ့ပြီးပြီ။]

ဤဖော်ပြခဲ့ပြီးသော–

၁။ သံဝဋ္ဋကပ် (ပျက်ဆဲကပ်)

၂။ သံဝဋ္ဋဋ္ဌာယီကပ် (ပျက်စီးသည့်အတိုင်း တည်နေသောကပ်)၊

၃။ ဝိဝဋ္ဋကပ် (ဖြစ်ပေါ်တိုးပွားဆဲကပ်)၊

၄။ ဝိဝဋ္ဋဋ္ဌာယီကပ် (ဖြစ်ပေါ်တိုးပွားပြီးသည့်အတိုင်း တည်နေသောကပ်) တို့သည် တစ်ကပ်နှင့် တစ်ကပ် ရှည်လျားပုံ အချိန်ကာလချင်း အတူတူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤလေးကပ်ပေါင်းမှ မဟာကပ်တစ်ကပ် ဖြစ်သည်။ ဤမဟာကပ်ကို 'တစ်ကမ္ဘာ' ဟု ခေါ်သည်။

ဘုရားအလောင်းများသည် ဗျာဒိတ်ရပြီးသည့်နောက်မှ ဤလို ကမ္ဘာပေါင်း တစ်သိန်း၊ နှစ်သိန်း၊ တစ်သန်း၊ နှစ်သန်း၊ တစ်ကုဋေ၊ နှစ်ကုဋေ မဟုတ်။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက် အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီတွေ ဖြည့်ကြရသည်။ [အသင်္ချေယျတွင် ကုဋေပေါင်းများစွာရှိသည်ဟု အကြမ်းအားဖြင့် မှတ်ထားပါ။]

## ဗျာဒိတ်

ဗျာဒိတ် ဆိုသည်မှာလည်း လွယ်လွယ်နှင့်ရသည့်ကိစ္စမျိုး မဟုတ်၊ ဘုရားဆုတောင်းသည့် ပုဂ္ဂိုလ်တိုင်း ဗျာဒိတ်ရမည်ဟု မဆိုနိုင်။

ကျွန်တော်တို့၏ မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည်မှာ နတ် ဗြဟ္မာတွေကို အဘိဓမ္မာတရား ဟောပြီးသည့်နောက် လူ့ပြည်သို့ ပြန်ကြွလာတော်မူသည့်အခါ သိကြားမင်းက ပတ္တမြားစောင်းတန်းကြီးနှင့် တကွ လက်ဝဲ လက်ယာမှာ ငွေစောင်းတန်းကြီး တစ်ခု၊ ရွှေစောင်းတန်းကြီး တစ်ခုတို့ကို ဖန်ဆင်းပေးသည်။ မြတ်စွာဘုရားသည် ပတ္တမြားစောင်းတန်း ဖြင့် ကြွတော်မူသည်။ နတ်သိကြားများက ရွှေစောင်းတန်းဖြင့်၊ ဗြဟ္မာများက ငွေစောင်းတန်းဖြင့် လိုက်ပို့ကြပါသည်။

မြတ်စွာဘုရား၏ တန်ခိုးပြာဋိဟာ၊ နတ်ဗြဟ္မာတို့၏ ကိုယ်ရောင် ကိုယ်ဝါ အမျိုးစုံ၊ ပတ္တမြား ရွှေငွေစောင်းတန်းကြီးတို့၏ အံ့သြဖွယ်ရာကောင်းပုံတို့ကို မြင်ကြရသည့်အခါ သင်္ကဿနဂိုရ်ပြည်၏ မြို့တံခါးဝအနီးမှာ မြတ်စွာဘုရားကို ဖူးရလေအောင် စောင့်မျှော်နေကြသော ထောင်ပေါင်း များစွာရှိသည့် ပရိသတ် လူထုကြီးထဲတွင် ဘုရားဆု မတောင်းသူဟူ၍ တစ်ယောက်မျှမရှိပါ။ အားလုံး ဘုရားဆုတောင်းကြသည်။



ယခု မျက်မှောက်ဘဝမှာလည်း ဗုဒ္ဓဘာသာဝင်တွေကို ဘာဆုများ ပန်ကြသလဲဟု မေးလိုက်လျှင် အတော်ခပ်များများသည် ဘုရားဆုပန်သည် ဟု ဖြေကြပေလိမ့်မည်။

ယခု ဆိုခဲ့ပြီးသော ပုဂ္ဂိုလ်များသည် ဤကဲ့သို့ ဆုပန်ကြရုံမျှဖြင့် ပွင့်တော်မူလတ္တံ့ကုန်သော ဘုရားတစ်ဆူဆူနှင့် တွေ့သည့်အခါ ဗျာဒိတ်ရနိုင်မည် မဟုတ်ပါ။

## ဗျာဒိတ်ရသူ အင်္ဂါ ၈ ပါး

ဗျာဒိတ်ရနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးသည် အင်္ဂါရှစ်ပါးနှင့် ကောင်းစွာ ပြည့်စုံရမည်။ ဤအင်္ဂါရှစ်ပါးမှာကား

၁။ လူဇာတ်စင်စစ် ဖြစ်ရခြင်း၊
၂။ ယောကျ်ားစင်စစ်ဖြစ်ရခြင်း၊
၃။ ထိုဘဝမှာပင် အရဟတ္တဖိုလ်ရနိုင်လောက်သော ကုသိုလ်ပါရမီထူးနှင့် ပြည့်စုံသူဖြစ်ရခြင်း၊
၄။ သက်တော်ထင်ရှား မြတ်ဘုရားကို ဖူးတွေ့ရခြင်း၊
၅။ ကမ္မဝါဒီရသေ့ သို့မဟုတ် သာသနာတွင်း ရဟန်းဖြစ်ရခြင်း၊
၆။ ဈာန်သမာပတ် ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူဖြစ်ခြင်း၊
၇။ ကိုယ့်အသက်ကို မငဲ့ကွက်ဘဲ အလွန်အကျူး ပါရမီ ကုသိုလ်တို့ကို ပြုစုပွားများ အားထုတ်ခြင်း၊
၈။ ဘုရားအဖြစ်ကို တောင့်တအားကြီးသော ကုသိုလ်ဆန္ဒရှိသူဖြစ်ခြင်း တို့ပင် ဖြစ်သည်။

ဤရှစ်ပါးနှင့် ပြည့်စုံအောင်ပင် ဘုရားဖြစ်ချင်သူများသည် ကမ္ဘာပေါင်းများစွာ ပါရမီတွေ ဖြည့်ကြရဦးမည်။

ဤရှစ်ပါးနှင့် ပြည့်စုံသည့်အတွက် ဗျာဒိတ်ရပြီးသည့်နောက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်

www.burmeseclassic.com

www.burmeseclassic.com



လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ရမည့် ပါရမီဆိုသည် ဘယ်လို ဟာမျိုးတွေလဲ။ ဤပါရမီတွေကိုလည်း ရှင်းပြဖို့ လိုသေးသည်။

## [illegible] ၁၀ [illegible]

လွန်မြတ်သောပုဂ္ဂိုလ်ကို 'ပရမ' ဟု ခေါ်သည်။ ဘုရားအလောင်းများသည် လွန်မြတ်သော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ထိုလွန်မြတ်သော ဘုရားအလောင်းများသည် ဘုရားဖြစ်အောင် ကြိုးစားအားထုတ်ကြသော လုပ်ငန်းစဉ်များကို 'ပါရမီ' ဟု ခေါ်သည်။ ထိုပါရမီများမှာ ဆယ်ပါးရှိသည်။ ၎င်းတို့မှာ

၁။ ဒါနပါရမီ၊ ၂။ သီလပါရမီ၊ ၃။ နေက္ခမ္မပါရမီ၊
၄။ ပညာပါရမီ၊ ၅။ ဝီရိယပါရမီ၊ ၆။ ခန္တီပါရမီ၊
၇။ သစ္စာပါရမီ ၈။ အဓိဋ္ဌာန်ပါရမီ၊ ၉။ မေတ္တာပါရမီ၊
၁၀။ ဥပေက္ခာပါရမီ တို့ပင် ဖြစ်သည်။

ဒါန၊ သီလ၊ နေက္ခမ္မ၊ ပည၊ ဝီရိယာ။
ခန္တီ၊ သစ္စ၊ ဓိဋ္ဌာန၊ မေတ္တာ၊ ဥပေက္ခာ။

ဤပါရမီဆယ်ပါး၏အဓိပ္ပာယ်ကို အကြမ်းအားဖြင့် ဤသို့ မှတ်ထားကြစေချင်သည်။

၁။ ဒါနပါရမီသည် မိမိ၏ စည်းစိမ်ဥစ္စာ၊ သားသမီး၊ မယား၊ မျက်စိ၊ ခြေ၊ လက် အစရှိသော ကိုယ်အင်္ဂါနှင့် အသက်ကို လှူဒါန်းစွန့်ကြဲရသော ပါရမီဖြစ်သည်။

၂။ သီလပါရမီသည် အသက်ကိုပင်စွန့်ရစေကာမူ မိမိ၏ နှုတ်နှင့် ကိုယ်ကို မကောင်းတာ မပြောမိအောင်၊ မကောင်းတာ မလုပ်မိအောင် ထိန်းသိမ်း စောင့်ရှောက်ရသော ပါရမီဖြစ်သည်။



၃။ နေက္ခမ္မပါရမီသည် စည်းစိမ်ဥစ္စာ ခြွေရံသင်းပင်း သားသမီး မယားတို့ကို စွန့်ပစ်ပြီး တောထွက်ရသော ပါရမီဖြစ်သည်။

၄။ ပညာပါရမီသည် ဗဟုသုတများ အကြံအစည်များကို သူတစ်ပါးထံမှလည်း ဆည်းပူး၊ ကိုယ်တိုင်လည်း ကြံစည်စိတ်ကူးပြီး ကိုယ့်လူမျိုးနှင့် ကမ္ဘာသူ ကမ္ဘာသားများ၏ ချမ်းသာရေး မိမိကိုယ်တိုင် ဘုရားဖြစ်ရေးတို့အတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ရသည့် ပါရမီပင်ဖြစ်သည်။

၅။ ဝီရိယပါရမီသည် လောကကြီးပွားရေးအတွက်လည်းကောင်း၊ မိမိဘုရားဖြစ်မြောက်ရေးအတွက်လည်းကောင်း၊ အသွေးအသားတွေ ကုန်ခန်းပြီး အရေ အကြော အရိုးမျှသာ ကျန်စေကာမူ မလျှော့သော လုံ့လဖြင့် ဆောင်ရွက်ကြိုးပမ်းရသော ပါရမီဖြစ်သည်။

၆။ ခန္တီပါရမီသည် မိမိကို သတ်မည့်သူကိုပင် အမျက်ဒေါသမထွက်ဘဲ သည်းခံရသော ပါရမီဖြစ်သည်။

၇။ သစ္စာပါရမီသည် အသက် သေရစေကာမူ မုသားမပြောဘဲ ဟုတ်မှန်ရာကိုသာ ပြောရသော ပါရမီ ဖြစ်သည်။

၈။ အဓိဋ္ဌာန်ပါရမီသည် အသက် သေရစေကာမူ မိမိလုပ်မည်ဟု အဓိဋ္ဌာန်ပြုထားသောအရာကို လုပ်၍၊ မလုပ်ဘူးဟု အဓိဋ္ဌာန်ပြုထားသော အရာကို မလုပ်ဘဲ နေရသော ပါရမီဖြစ်သည်။

၉။ မေတ္တာပါရမီသည် ချစ်သောသူ၊ မချစ် မမုန်းသောသူ၊ ရန်သူတို့ကို မိမိနှင့် ထပ်တူ မေတ္တာထားရသော ပါရမီဖြစ်သည်။

၁၀။ ဥပေက္ခာပါရမီသည် ချမ်းသာ၍လည်း လောဘမထွက်၊ မာနမတက်၊ ဆင်းရဲ၍လည်း ဒေါသမထွက်ဘဲ မိမိ ရင်ဆိုင်တွေ့ရသော လောကဓံတရားများပေါ်တွင် လည်းကောင်း၊ တစ်လောကလုံး ရှိရှိသမျှ သက်ရှိ သက်မဲ့တွေ အားလုံးအပေါ်မှာလည်းကောင်း လျစ်လျူရှုရသော ပါရမီဖြစ်သည်။

ပါရမီဆယ်ပါးကို မှုကား သိရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားအလောင်းသည် သက်တော်ထင်ရှား ဘုရားကို ဖူးတွေ့ရစဉ်က ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ဝင်လိုသည်ဟုဆိုလျှင် လွယ်လွယ်နှင့် ဝင်နိုင်ပါလျက်နှင့် လွယ်သည့်လမ်းကို မလိုက်ဘဲ ဤမျှ ခက်ခဲသော ပါရမီဆယ်ပါးကို ဤမျှကြာအောင် ဖြည့်ရသည့် ခက်ခဲသောလမ်းကြီးကို ဘာကြောင့်လိုက်ချင်ရသနည်း။

ဘုရားအလောင်းတော်များမှာ သနားတတ်သောစိတ်သည် အလွန့်အလွန် ကြီးမားလျက်ရှိသည်။ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုသည့် အပါယ်လေးဘုံကို အကြိမ်ကြိမ်ကျရသောဆင်းရဲ၊ အဖန်ဖန် ပဋိသန္ဓေနေရသောဆင်းရဲ၊ အဖန်ဖန် အိုရ နာရ သေရ ချစ်သူနှင့်ကွဲရ၊ မချစ် မနှစ်သက်သူနှင့် အတူနေရ ဆိုသည့် သံသရာဝဋ်ဆင်းရဲတွေက တစ်ယောက်တည်း ကိုယ်လွတ်ရုန်းပြီး ထွက်မသွားချင်ဘူး၊ သူတို့ လွတ်သလို ဝေနေယျသတ္တဝါတွေလည်း တတ်အားသမျှ လွတ်စေချင်ကြသည့် ကရုဏာစိတ်များသည် ဘုရားအလောင်းတော်များ၏ ရင်ထဲမှာ တားမနိုင် ဆီးမရအောင် တဖွားဖွား ပေါ်နေကြသည်။

ဤမျှ ကြီးမားလှသော ကရုဏာ စိတ်တွေကြောင့်ပင်လျှင် ဘုရားအလောင်းတော်ကြီးများမှာ ရိုးရိုး ရဟန္တာအဖြစ်ဖြင့် နိဗ္ဗာန်သို့ဝင်နိုင်သော လွယ်သည့်လမ်းကို မလိုက်ဘဲ ပါရမီ ဆယ်ပါးစလုံးကို အထွတ်အထိပ်ရောက်အောင် ကမ္ဘာအသင်္ချေပေါင်းများစွာ ပါရမီဖြည့်ရသော ခက်သည့်လမ်းကို လိုက်ခဲ့ခြင်းဖြစ်သည်။

ဤသို့ ခက်ခဲလှသော လမ်းကြီးကို လိုက်ခဲ့သည့်အတွက် ဘုရားအလောင်းသည် ပါရမီဆယ်ပါးအနက် ဒါနပါရမီတစ်ခုတည်းအတွက်ကိုပဲ ဘယ်လောက် စွန့်တော်မူခဲ့ရသည်ကို ဇိနာ လင်္ကာရကျမ်းထဲက ကောက်နုတ်ပြီး ကျွန်တော် ဖော်ပြပါမည်။



ပါရမီ အစ ဒါနက

'သော' ထိုဘုရားအလောင်းတော်သည်။ သာဂရေ၊ သမုဒ္ဒရာလေးစင်းအတွင်း၌။ ဇလာမိကံ၊ ရေမှုန့်ရေပေါက်တို့ထက် များမြောင်လွန်ကဲစွာသော။ ရုဓိရံ၊ ပတ္တမြားရောင်ဆွေး နီထွေးထိန်လျှပ် သွေးစက်မြတ် အလှူဒါနကို။ အဒါသိ၊ သဗ္ဗညုဉာဏ် ရဖို့ရန်ဟု စိတ်သန်ရှေ့ပြေး သဒ္ဒါရှေး၍ လှူပေးတော်မူခဲ့လေပြီ။ ဘူမိ၊ ယုဇနာကိန်း နှစ်သိန်းလေးသောင်း ထုပေါင်းသချာ မဟာပထဝီ ဤမြေကြီးကို။ ပရာဇိယာ၊ ယှဉ်စေနှုန်းစေ ရှုံးပစေ၍။ သမံသံဒါနံ၊ နဂိုပြကတေ့ အစလေ့ဖြင့် သိမ်မွေ့ညံ့ထွား ကိုယ်တော်၏ အသားတော် အလှူဒါန်ကို။ အဒါသိ၊ သဗ္ဗညုဉာဏ် ရဖို့ရန်ဟု စိတ်သန် ရှေ့ပြေး သဒ္ဒါရှေး၍ လှူပေးတော်မူခဲ့လေပြီ။ မေရုပ္ပမာဏမမိကဥ္စ၊ မြင်းမိုရ်တောင်ပမာဏထက် ဆထက်ကဲချွန် ပိုလွန်သည်လည်းဖြစ်သော။ သမောဠိသီသံ၊ နဝရတ်ရောင် ပြိုးပြိုးပြောင်သည့် ဦးသျှောင် (အုတ်ရှောင်) သမိုက် ရတနာ မကိုဋ်နှင့်တကွ သီသတွင်ညှောင်း ဦးခေါင်းတော်မြတ်ကို။ အဒါသိ၊ သဗ္ဗညုဉာဏ် ရဖို့ရန်ဟု စိတ်သန်ရှေ့ပြေး သဒ္ဒါရှေး၍ လှူပေးတော်မူခဲ့လေပြီ။ ခေ၊ စကြဝဠာ တိုက်တစ်ခွင် မိုးကောင်းကင်၌။ တာရကာဓိက တရံ၊ နက္ခတ်တာရာ ကြယ်တကာတို့ထက် သင်္ချာနှိုင်းလောက် ကဲပိုမောက်သည်လည်း ဖြစ်သော။ နယနံ၊ မဟူရာရောင် ပိတုန်းတောင်လို ညိုမောင်ကြည်ပြုံး အံ့မဆုံးသည့် မျက်လုံးတော် အလှူဒါနကို။ အဒါသိ၊ သဗ္ဗညုဉာဏ် ရဖို့ရန်ဟု စိတ်သန်ရှေ့ပြေး သဒ္ဒါရှေး၍ လှူပေးတော်မူခဲ့လေပြီ။

ကောက်နုတ်ချက်၏ အဓိပ္ပာယ် အတိုချုပ်မှာ ဤအတိုင်းဖြစ်သည်။

ဘုရားဖြစ်ဖို့အတွက် ဘုရားအလောင်းတော် လှူခဲ့ရသော သွေးတို့သည် သမုဒ္ဒရာလေးစင်းထဲက ရေတွေထက် များသည်။ လှူခဲ့ရသော အသားတို့သည် နှစ်သိန်းလေးသောင်း အထုရှိသည့် ဤကမ္ဘာမြေကြီးထက်

www.burmeseclassic.com

www.burmeseclassic.com



များသည်။ လှူခဲ့ရသော ဦးခေါင်းတော်များကို စုပုံ၍ထားလျှင် မြင်းမိုရ်တောင်ထက် ကြီးကျယ်မြင့်မားသည်။ လှူခဲ့ရသော မျက်လုံးတော်များ၏ အရေအတွက်မှာ ကောင်းကင်၌ မြင်ရသော ကြယ်တာရာတို့ထက် များသည်။

ဘုရားဖြစ်အောင် အခုလောက် ခဲခဲယဉ်းယဉ်း ကျင့်ကြံ ကြိုးစားအားထုတ်ခဲ့ကြရသည့်အတွက် ဘုရားများသည် ခဏ ခဏ မပွင့်နိုင်ရှာကြပါ။ ကမ္ဘာတစ်ခုတစ်ခုရဲ့ သက်တမ်းဟာ အင်မတန်ကြီး ရှည်လျားလှသော်လည်း ဘုရားတစ်ဆူမှ မပွင့်သော ကမ္ဘာတွေ ရှိကြသေးသည်။ ၎င်းကမ္ဘာမျိုးကို 'သုညကမ္ဘာ' ဟု ခေါ်သည်။

## ကမ္ဘာ လေးမျိုး

တချို့ကမ္ဘာတွေမှာ ဘုရားတစ်ဆူသာ ပွင့်တော်မူသည်၊ ထိုကမ္ဘာမျိုးကို 'သာရကမ္ဘာ' ဟု ခေါ်သည်။

တချို့ကမ္ဘာတွေမှာ ဘုရားနှစ်ဆူသာ ပွင့်တော်မူသည်။ ၎င်းကမ္ဘာမျိုးကို 'မဏ္ဍကမ္ဘာ' ဟု ခေါ်သည်။

တချို့ကမ္ဘာတွေမှာ ဘုရားလေးဆူသာ ပွင့်တော်မူသည်။ ၎င်းကမ္ဘာမျိုးကို 'သာရမဏ္ဍကမ္ဘာ' ဟု ခေါ်သည်။

တချို့ကမ္ဘာတွေမှာ ဘုရားငါးဆူသာ ပွင့်တော်မူသည်။ ၎င်းကမ္ဘာမျိုးကို 'ဘဒ္ဒကမ္ဘာ' ဟု ခေါ်သည်။

ကမ္ဘာတစ်ခုမှာ အများဆုံး ဘုရားငါးဆူသာ ပွင့်တော်မူနိုင်သည်။ ထို့ကြောင့် အလွန့်အလွန် ရှည်လျားလှသည့် ကမ္ဘာ၏ သက်တမ်းအချိန်ကာလနှင့် စာလိုက်လျှင် မြတ်စွာဘုရားများ ပွင့်တော်မူကြသည့် အချိန်ကာလသည် အင်မတန် တိုတောင်းလှပေသည်။ သမုဒ္ဒရာရေမျက်နှာကြီးမှာ ခဏတက်ပြီး ပွက်သည့် ရေပွက်ကလေးပမာဏမျှသာ ရှိပေသည်။



## ရပ်ပြစ် ရှစ်ပါးမှ လွတ်မြောက်

ဤမျှ တိုတောင်းလှပေသော ဘုရား သာသနာတော်ကြီး ပွင့်ထွန်းပေါ်ပေါက်နေသည့်အချိန်မှာ

၁။ ကျွန်တော်တို့သည် ငရဲကျနေလျှင်လည်း သာသနာတော်နှင့် တွေ့ရမည်မဟုတ်။

၂။ ကျွန်တော်တို့သည် တိရစ္ဆာန်တွေ ဖြစ်နေကြလျှင်လည်း သာသနာတော်နှင့် တွေ့ရမည်မဟုတ်။

၃။ ကျွန်တော်တို့သည် ပြိတ္တာတွေဖြစ်နေကြလျှင်လည်း သာသနာတော်နှင့် တွေ့ရမည်မဟုတ်။

၄။ ထို့ပြင် အသညသတ်ဘုံနှင့် အရူပဘုံတွေမှာ ဗြဟ္မာများသည် သောတပသာဒ (နား) မရှိကြသောကြောင့် ဘုရား တရားတော်ကို နာနိုင်ခွင့်မရှိကြသဖြင့် ကျွန်တော်တို့သည် ၎င်းဘုံတွေမှာ ဗြဟ္မာတွေ ဖြစ်နေကြပြန်လျှင်လည်း သာသနာတော်နှင့် တွေ့ရမည်မဟုတ်။

၅။ ကျွန်တော်တို့သည် ဘုရား တရားတော်ကို ဟောပြောပြသ ဆိုဆုံးမနိုင်သည့် ရဟန်းများ လူများ မရောက်မပေါက်နိုင်သည့် ပစ္စန္တရစ်အရပ်မှာ လူဖြစ်ရပြန်လျှင်လည်း သာသနာတော်နှင့် တွေ့ရမည်မဟုတ်။

၆။ ဘုရားပွင့်တော်မူရာ တရားသံမစဲ ခြိမ့်ခြိမ့်သဲနေသည့် မဇ္ဈိမတိုက်မှာ ကျွန်တော်တို့ လူဖြစ်ရလင့်ကစား ကျွန်တော်တို့သည် မိစ္ဆာဒိဋ္ဌိအယူရှိသောသူများ ဖြစ်နေကြလျှင်လည်း သာသနာတော်နှင့် တွေ့ရမည် မဟုတ်။

၇။ ကျွန်တော်တို့သည် မဇ္ဈိမတိုက်မှာ လူဖြစ်ပြီး သမာဒိဋ္ဌိအယူရှိတဲ့သူများ ဖြစ်နေကြသည့်တိုင်အောင် ကျွန်တော်တို့သည် မျက်လုံး၊ နား

www.burmeseclassic.com

www.burmeseclassic.com



အစရှိသည့် အင်္ဂါတွေ ချွတ်ယွင်းနေကြလျှင်လည်း သူတော်ကောင်းများ မဖူးတွေ့ရ၊ သူတော်ကောင်း တရားများကို မကြားနာရသောကြောင့် သာသနာတော်နှင့် တွေ့ရမည်မဟုတ်။

၈။ ကျွန်တော်တို့သည် မဇ္ဈိမတိုက်မှာ လူဖြစ်ပြီး ကံ ကံ၏အကျိုးကို ယုံကြည်သူများဖြစ်စေကာမူလည်း မြတ်စွာဘုရား ပွင့်တော်မူသော အချိန်အခါ မဟုတ်ပြန်လျှင် သာသနာတော်နှင့် တွေ့ရမည်မဟုတ်။

အခု ဖော်ပြခဲ့သည့် အချက် ရှစ်ချက်ကို ရပ်ပြစ်ရှစ်ပါးဟု ခေါ်သည်။

ဤရပ်ပြစ်ရှစ်ပါးက လွတ်မြောက်ပြီး အင်မတန်ကြီး ကြုံကြိုက်ရခဲသည့် သာသနာတော်ကြီးနှင့် ကျွန်တော်တို့ တွေ့ရသဖြင့် ကျွန်တော်တို့သည် မည်မျှထူးသော ကုသိုလ်ရှင်များ၊ မည်မျှထူးသော ပါရမီရှင်များဖြစ်သည်ကို သေသေချာချာ စဉ်းစားသင့်ကြသည်။

## သိကြားမ ဘိန်းစားလို မဖြစ်ရေး

ဤကဲ့သို့ ကုသိုလ်တွေ ပါရမီတွေထူးနေသည့် အချိန်အခါမျိုးတွင် ဒဏ္ဍာရီတစ်ခုထဲက သိကြားမင်းနှင့် တွေ့ရသည့် ဘိန်းစားလို မဖြစ်ဖို့ အရေးကြီးသည်။

ရှေးအခါတုန်းက သိကြားမင်းသည် ဘိန်းစားတစ်ဦးကို စောင်မကြည့်ရှုချင်သည့်အတွက် ၎င်းဘိန်းစားကို ကိုယ်ထင်ပြပြီး 'အသင် ဘာလိုချင်သနည်း၊ လိုရာဆုကို တောင်းစေ' ဟူ၍ အမိန့်ရှိလိုက်သည်။ အဲဒီလိုအချိန်အခါမျိုးမှာ ဘိန်းစားသည် တောင်းသာ တောင်းတတ်မည်ဆိုလျှင် ရွှေကိုလည်း တစ်ပုံကြီးရနိုင်သည်။ ငွေကိုလည်း တစ်ပုံကြီးရနိုင်သည်။ ကျောက်သံပတ္တမြားကိုလည်း တစ်ပုံကြီးရနိုင်သည်။ လောကမှာ ကောင်းပေ့ အဖိုးတန်ပေ့ ဆိုတာတွေကိုလည်း တစ်ပုံကြီး ရနိုင်သည်။ သို့သော်လည်း



ကိုရွှေဘိန်းစားက သိကြားမင်းဆီမှာ ဘာတောင်းသည် ထင်ပါသလဲ။ 'အရှင်သိကြားမင်းကြီး၊ မနက်ကို ဘိန်းငါးမူးသား၊ ညကို ဘိန်းငါးမူးသား စားရရင် ကျွန်တော် ကျေနပ်ပါပြီ' လို့ ပြန်ပြောလိုက်သည်။

ယခုအခါမှာဆိုလျှင် သိကြားမင်းကြီးနှင့်တွေ့ရသည့် ဘိန်းစားထက် မနှိုင်းယှဉ်နိုင်လောက်အောင်ကို ကျွန်တော်တို့တတွေ ကုသိုလ်ထူးနေသည်။ ဘိန်းစားသည် သိကြားမင်းကြီးဆီမှာ တောင်းတတ်လျှင် ဘိန်းအစား ရွှေ ငွေ ကျောက်သံပတ္တမြားတွေကို ရနိုင်သည်။ ဤရတနာတွေကို ဘိန်းစားသည် တစ်ဘဝတည်းသာ သုံးနိုင်မည်။ ၎င်း ရတနာများသည် ဘိန်းစားသေသည့်အခါ ၎င်းနှင့်အတူ ပါသွားမည် မဟုတ်။ ၎င်းဘိန်းစားသည် ဤရတနာများကို ရရုံမျှနှင့်

၁။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် တည်းဟူသော အပါယ်လေးဘုံကို အဖန်ဖန် ရောက်ရမည့် ဆင်းရဲ၊

၂။ အဖန်ဖန် ပဋိသန္ဓေနေရမည့်ဆင်းရဲ၊

၃။ အဖန်ဖန် အိုရ နာရ သေရမည့်ဆင်းရဲ၊

၄။ သူချစ်တဲ့ သားသမီး၊ မယား၊ ဆွေမျိုး ဉာတကာတွေနှင့် အဖန်ဖန် ရှင်ကွဲ သို့မဟုတ် သေကွဲ ကွဲရမည့် ဆင်းရဲ၊

၅။ အစမထင်နိုင်အောင် ရှည်လျားလှသော အတိတ် သံသရာကြီး တစ်လျှောက်လုံးမှာ သူ လုပ်ခဲ့ဖူးသမျှ အကုသိုလ်တွေ ဝဋ်ပြန်လည်သည်ကို သံသရာကြွေးဟောင်းတွေ ပြန်ဆပ်ရသည့်အနေနှင့် ဘဝပေါင်း များစွာ ခံရဦးမည့်ဆင်းရဲ၊

၆။ သံသရာကြွေးသစ်တွေ ထပ်၍တင်ဦးမည့် ဆင်းရဲ၊

အစရှိကုန်သော သံသရာ ဝဋ်ဆင်းရဲများက ဘယ်သောအခါတွင်မှ လွတ်မြောက်နိုင်မည်ဟူ၍ ထိုဘိန်းစားသည် နည်းနည်းကလေးမှ မမျှော်လင့်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ၎င်းဘိန်းစားသည် သိကြားမင်းနှင့် တွေ့ရပြီး ရွှေ ငွေ ကျောက်သံပတ္တမြားကို ရသော်ငြားလည်း ထိုရတနာများကို သံသရာဝဋ် ဆင်းရဲတွေက လွတ်မြောက်ရေးအတွက် ဘိန်းစားသည် အားမကိုးနိုင်။

**မဂ်လေးပါး**

ရုပ်ပြစ်ရှစ်ပါးက လွတ်မြောက်ပြီး သာသနာတော်ကြီးနှင့် ကြုံကြိုက် နေကြရသည့် ကျွန်တော်တို့အတွက်မှာမူကား မြတ်စွာဘုရား ဟောကြားထား တော်မူခဲ့သည့်အတိုင်း ကျင့်ရုံမျှဖြင့် ယခုအခါတွင်

၁။ သောတာပတ္တိမဂ်ကို လိုချင်လျှင်လည်း ရနိုင်ပြီ။
၂။ သကဒါဂါမိမဂ်ကို လိုချင်လျှင်လည်း ရနိုင်ပြီ။
၃။ အနာဂါမိမဂ်ကို လိုချင်လျှင်လည်း ရနိုင်ပြီ။
၄။ အရဟတ္တမဂ်ကို လိုချင်လျှင်လည်း ရနိုင်ပြီ။

သာသနာတော်ကြီး ကွယ်သွားပါလျှင် ဤမဂ် လေးပါးကို ရစေနိုင်သည့် အကျင့်တရားများလည်း ကွယ်ပျောက်ကုန်တော့မည်။ ထိုအခါမျိုးတွင် မဂ်ရအောင် ကျင့်ဖို့ မဆိုထားနှင့်၊ မဂ်ဆိုသည့် စကားကိုသော်မှ ကြားဖို့ရန် မဖြစ်နိုင်။

ဤမျှ ကုသိုလ်တွေ ပါရမီတွေ ထူးနေသည့် အချိန်အခါမျိုးမှာ လောကီတကာတို့တွင် အမွန်မြတ်ဆုံး လာဘ်ဖြစ်သည့် မဂ်ဉာဏ်ဖိုလ်ဉာဏ် တွေကို မရ ရအောင် မယူလိုက်ကြဘဲ ၁။ မျက်စိက မြင်ချင်တာတွေ၊ ၂။ နားက ကြားချင်တာတွေ၊ ၃။ နှာခေါင်းက နမ်းချင်တာတွေ၊ ၄။ လျှာက စားချင်တာတွေ၊ ၅။ ကိုယ်က ထိချင်တာတွေဟု ခေါ်သည့် ကာမဂုဏ် တွေနောက် တကောက်ကောက် လိုက်နေခြင်းဖြင့်သာ အချိန်ကုန်နေကြမည် ဆိုလျှင် ကျွန်တော်တို့သည် 'တစ်နေ့ ဘိန်းတစ်ကျပ်သားပေးပါ' ဟု သိကြားမင်းဆီမှာ တောင်းသည့် ဘိန်းစားထက် ဆိုးကြလိမ့်မည်။



မဂ်ဉာဏ် ဖိုလ်ဉာဏ်များသည် အဘယ်ကြောင့် လောကီတကာတို့ ထက်တွင် အမွန်မြတ်ဆုံး လာဘ်ဖြစ်သည်ကို ကျွန်တော် ဆက်ပြီး ရှင်းပြ ချင်ပါသည်။

**သောတာပန်**

'သောတာပတ္တိမဂ်' ကို ရသောသူကို 'သောတာပန်' ဟု ခေါ်သည်။ သောတာပန်သည် မိမိ၏ ကိုယ်တွင်းမှာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဟု ခေါ်သော ကိလေသာများကို အကြွင်းမဲ့ သုတ်သင်ရှင်းလင်းပစ်ပြီးပြီ။ ထို့ကြောင့် သောတာပန်မှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ်တွင် သို့လော သို့လော တွေးတောယုံမှားမှုများ မရှိကြတော့ဘူး။

ထို့ပြင်လည်း သောတာပန်မှာ
၁။ သူ့အသက်ကို သတ်ချင်သောစိတ်၊
၂။ သူ့ဥစ္စာကို ခိုးချင်သောစိတ်၊
၃။ ကာမမှာ မှားယွင်းစွာ ကျင့်ချင်သောစိတ်၊
၄။ လိမ်ပြောချင်သောစိတ်၊
၅။ သေရည် သေရက်သောက်ချင်သောစိတ်တွေ အလျဉ်း မရှိတော့ဘူး။

သောတာပန်သည် ယခုကဲ့သို့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အပေါ်တွင် အကြွင်းမဲ့ ယုံကြည်မှုခေါ်သည့် သဒ္ဓါကြောင့်လည်းကောင်း၊ ငါးပါးကို ကျူးလွန်လိုသည့် စိတ်မျှပင်မရှိအောင် ကိလေသာများ ခေါင်းပါးသွားပြီးဖြစ်သောကြောင့်လည်းကောင်း၊ ထိုသောတာပန်သည် သေသည့်အခါ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ ငရဲ ဆိုသည့် အပါယ် လေးဘုံသို့ မကျရောက်ရတော့ဘူး။ သောတာပန်ဟာ သံသရာကြီးထဲမှာ အလွန်တကာ့ အလွန်ဆုံး ခုနစ်ဘဝပဲ ဖြစ်ရတော့မယ်။ နောက်ဆုံးဘဝမှာ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်စံဝင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



### သကဒါဂါမ်

'သကဒါဂါမိမဂ်' ကို ရသောသူကို 'သကဒါဂါမ်' ဟု ခေါ်သည်။ သကဒါဂါမ်ဖြစ်လျှင် သောတာပန်တုန်းကထက် လောဘ၊ ဒေါသ၊ မောဟ ဆိုသော ကိလေသာများ ပို၍ ခေါင်းပါးသွားပြန်သည်။ ထိုသို့ ခေါင်းပါးမှု ကြောင့် သကဒါဂါမ်သည် လူ့ပြည်မှာ တစ်ကြိမ်သာ လူပြန်ဖြစ်ရမည်။ ထိုဘဝမှာပင် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်စံဝင်ရသည်။

### အနာဂါမ်

'အနာဂါမိမဂ်' ကို ရသောသူကို 'အနာဂါမ်' ဟု ခေါ်သည်။ အနာဂါမ်မှာ ဗြဟ္မာဖြစ်ချင်သည့် တပ်မက်မှုမှတစ်ပါး အခြား တပ်မက်မှု မရှိတော့ဘူး။ ကာမရာဂစိတ်၊ ဒေါသစိတ်တွေလည်း မရှိတော့ဘူး။ ထို့ကြောင့် ထိုအနာဂါမ် သေလွန်သည့်အခါ ဗြဟ္မာဖြစ်ရမည်။ ၎င်းဗြဟ္မာအဖြစ်နှင့်ပင် ရဟန္တာဖြစ်ပြီး နိဗ္ဗာန် စံဝင်ရသည်။

### ရဟန္တာ

'အရဟတ္တမဂ်' ရသောသူကို အရဟာ သို့မဟုတ် 'ရဟန္တာ' ဟု ခေါ်သည်။ ရဟန္တာတွင် ကိလေသာများအားလုံး ချုပ်ငြိမ်းကုန်ပြီ။ ထို့ကြောင့် ရဟန္တာ စုတေသည့်အခါ နိဗ္ဗာန်စံဝင်ရသည်။

မြတ်စွာဘုရား တရားတော်များသည် မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း ကျင့်သောသူများအား အခါမလင့် အကျိုးပေးနိုင်သော တရားများဖြစ်သည်။ ယခု မျက်မှောက်ဘဝတွင် အကျိုးပေးနိုင်သော တရားများ ဖြစ်သည်။ မြတ်စွာဘုရား၏ တရားတော်များသည် လက်တွေ့ စမ်းသပ်ကြည့်နိုင်သော တရားများဖြစ်သည်။



ပုထုဇဉ်ဖြစ်စဉ်က ဘုရား၊ တရား၊ သံဃာ အပေါ်တွင် သို့လော သို့လော ယုံမှားသံသယ ဖြစ်သည်ကိုလည်း ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် ထင်ထင်ရှားရှားကြီး တွေ့ခဲ့ရသည်။ သောတာပန်ဖြစ်လာပြီးသည့်အခါ ထို ယုံမှားသံသယစိတ်များ ဘယ်တော့မှ ပြန်ပေါ်မလာတော့ဘဲ တစ်ခါတည်း ပျောက်ကွယ်သွားကြသည်ကိုလည်း ထိုသောတာပန်ပုဂ္ဂိုလ်သည် ထင်ထင်ရှားရှားကြီး တွေ့ရသည်။

ပုထုဇဉ်ဖြစ်စဉ်က ကံငါးပါးကို ကျူးလွန်လိုသည့် ကိလေသာများ မိမိကိုယ်တွင်း၌ ထကြွ သောင်းကျန်းခဲ့သည်ကိုလည်း ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် ထင်ထင်ရှားရှားကြီး တွေ့ခဲ့ရသည်။ သောတာပန် ဖြစ်လာပြီးတဲ့အခါ ထိုကိလေသာများ ဘယ်တော့မှ ပြန်ပေါ်မလာတော့ဘဲ တစ်ခါတည်း ပျောက်ကွယ်သွားကြသည်ကိုလည်း သောတာပန်ပုဂ္ဂိုလ်သည် ထင်ထင် ရှားရှားကြီး တွေ့ရသည်။

သကဒါဂါမ်ဖြစ်လာသောအခါတွင် သောတာပန် ဖြစ်စဉ်တုန်းကထက် ကိလေသာများ နောက်ထပ်ပြီး ခေါင်းပါး သိမ်မွေ့သွားကြပြန်သည်ကို သကဒါဂါမ် ပုဂ္ဂိုလ်သည် ထင်ထင်ရှားရှားကြီး တွေ့ရသည်။

အနာဂါမ်ဖြစ်လာသည့်အခါတွင် သောတာပန် သကဒါဂါမ်ဖြစ်စဉ်တုန်းကထက် ပိုပြီး ထင်ရှားသေးသည်။ အနာဂါမ်တွင် လိုချင်တပ်မက်မှု အရှိ၌ ဗြဟ္မာဖြစ်ချင်သည့် လိုချင်တပ်မက်မှုတစ်ခုသာ ရှိတော့သည်။ သားသမီး သားမယား ဆွေမျိုးဉာတကာ အစရှိကုန်သော သက်ရှိသက်မဲ့ အရာဝတ္ထု ဟူသမျှတို့အပေါ်၌ တပ်မက်မှုမှန်သမျှတို့သည် လုံးဝဥဿုံ အကုန်ချုပ်ငြိမ်းကုန်ကြပြီ။ ကာမရာဂ ကိလေသာဟူသမျှ လုံးဝဥဿုံ အကုန်ချုပ်ငြိမ်းကုန်ကြပြီ။ ဒေါသ ကိလေသာဟူသမျှ လုံးဝဥဿုံ အကုန် ချုပ်ငြိမ်းကုန်ကြပြီ။ အနာဂါမ်မှာ ကာမရာဂစိတ်တွေ ဖြစ်လာအောင်

www.burmeseclassic.com

www.burmeseclassic.com



ဒေါသစိတ်တွေ ဖြစ်လာအောင် ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာမှ လုပ်၍ မကျိုး ဤကဲ့သို့သော ကိလေသာတွေ ခပ်များများ ချုပ်ငြိမ်းကုန်ကြပြီ နိဗ္ဗာန်ကိုလည်း အနာဂါမ်ပုဂ္ဂိုလ်သည် ထင်ထင်ရှားရှားကြီး တွေ့ရသည်။

ရဟန္တာဖြစ်လာသည့်အခါ အနာဂါမ်ဖြစ်စဉ်က ရှိနေသေးသည့် ဖြဟ္မာဖြစ်လိုသော ကိလေသာ အကြွင်းအကျန်များသည် ဘယ်တော့မှ ပြန်မပေါ်မလာဘဲ အကြွင်းမဲ့ ချုပ်ငြိမ်းကုန်သဖြင့် ရဟန္တာမှာ လောဘ၊ ဒေါသ၊ မောဟ ဟု ခေါ်သည့် တစ်ထောင့်ငါးရာ ကိလေသာများ လုံးဝ ဥဿုံ အကုန်ချုပ်ငြိမ်းကုန်ကြပြီ။ ဤသို့ ကိလေသာတွေအားလုံး ချုပ်ငြိမ်းကုန်ကြသည်ကို ရဟန္တာသည် ထင်ထင်ရှားရှားကြီး တွေ့ရသည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော မဂ္ဂင်ရှစ်ပါး တရားတော်မှ တစ်ပါး အခြား တရားများသည် ကျင့်ကြံကြိုးစား အားထုတ်သူများအား ယခု မျက်မှောက်ဘဝမှာပင် ကိလေသာများ ချုပ်ငြိမ်းသွားအောင် စွမ်းဆောင်နိုင်လိမ့်မည်ဟူ၍ ကျွန်တော် မယုံကြည်။ ဤသို့ လက်တွေ့ပြနိုင်သော တရားတော်ကိုမှ အားမထုတ်ကြပါလျှင် တရားတော်၏ အပြစ် မဟုတ်တော့ပေ။ အားမထုတ်သောသူတို့၏ အပြစ်သာလျှင် ဖြစ်ပေတော့၏။

### မိရိုးဖလာ ဗုဒ္ဓဘာသာ

ယခု ကျွန်တော် ဖော်ပြခဲ့သည့် အချက်တွေကို ကျွန်တော်ကိုယ်တိုင် အတော်ကြီး လူလားမြောက်လာသည်အထိ မသိခဲ့ရဘူးပါ။ ဒီလိုမှ မသိခဲ့ရသည့်အတွက် ကျွန်တော်တို့သည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်သော်ငြားလည်း ပျိုရွယ်သော ဘဝတစ်လျှောက် ဘုရား၊ တရား၊ သံဃာနှင့် အတော်ဝေးခဲ့ရသည်။ ဤသို့ ဝေးခဲ့ရသည့်အတွက် မြတ်စွာဘုရား၏ အဆုံးအမတွေထဲတွင် အနည်းတကာ့ အနည်းဆုံး အဆုံးအမကလေးကိုတောင်မှ ကျွန်တော် နားမထောင်နိုင်ခဲ့ပါ။



မြတ်စွာဘုရားက သူများ၏အသက်ကို မသတ်ရဘူးဟု တားမြစ်ထားတော်မူသော်လည်း ကျွန်တော်သည် သူများအသက်ကို သတ်ခဲ့သည်။

သူများ၏ဥစ္စာကို မခိုးရဘူးဟု တားမြစ်ထားတော်မူသော်လည်း ကျွန်တော်သည် သူများ၏ဥစ္စာကို ခိုးခဲ့သည်။

ကာမမှာ မှားယွင်းစွာ မကျင့်ရဘူးဟု တားမြစ်ထားတော်မူသော်လည်း ကျွန်တော်သည် ကာမမှာ မှားယွင်းစွာ ကျင့်ခဲ့သည်။

လိမ်မပြောရဘူးဟု တားမြစ်ထားသော်လည်း ကျွန်တော် လိမ်ပြောခဲ့သည်။

သေရည်သေရက် မသောက်ရဘူးဟု တားမြစ်ထားသော်လည်း ကျွန်တော်သည် သေရည်သေရက်ကို သောက်ခဲ့သည်။

ဤမျှသာ မကသေး။ 'ဘုရားဟောတော်မူသည့် သံသရာဆိုတာ မရှိဘူး၊ လူသေလျှင် အဲဒီလူအတွက် ကိစ္စပြီးတာပဲ၊ ဒီလူဟာ ဘာမှ ပြန်မဖြစ်တော့ဘူး' ဟူ၍လည်း ယုံကြည်ခဲ့ဖူးပါသည်။

ရံဖန်ရံခါကျပြန်တော့လည်း 'တန်ခိုးအလွန်ကြီးမားသည့် ပုဂ္ဂိုလ်ကြီး တစ်ဦးဦးက ဒီကမ္ဘာလောကကြီးနှင့် သတ္တဝါတွေကို ဖန်ဆင်းထားသည် ဆိုသည်မှာ ဟုတ်များ ဟုတ်နေမလား' ဟူ၍လည်း ယုံကြည်မိသည်။

သို့သော် ကျွန်တော်သည် ကံအားလျော်စွာ ဘုရား၊ တရား၊ သံဃာနှင့် အသင့်အတင့် နီးကပ်လာသည့်အခါ ယခင် ဘုရားစကားတော်ကို နားမထောင်ဘဲ ကျူးလွန်ခဲ့မိသည့် အကုသိုလ်ကံများကို ပြန်လည်တွေးမိတိုင်း ကျွန်တော်သည် ပြောမပြနိုင်အောင် ထိတ်လန့်တုန်လှုပ်လျက်ရှိပါသည်။

အထူးသဖြင့် ငှက်များအား ပစ်ခတ်စားသောက်ခဲ့သော အကုသိုလ်များနှင့် ကျွန်တော်တို့ အိမ်ဝင်းထဲကို ဝင်လာသော ပိုင်ရှင်ရှိသော ဘဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကြက်များကို သတ်ဖြတ် စားသောက်ခဲ့သော အကုသိုလ်များကို တွေးမိတိုင်း ထိတ်လန့်တုန်လှုပ်သော စိတ်တွေကြောင့် ရဲဖန်ရံခါ ရင်တွေလေးပြီး အသက်ရှူရ အတော်ခက်နေသည်ကိုလည်း တွေ့ခဲ့ရဖူးပါသည်။ ရံဖန်ရံခါ ညဘက်တွင် တစ်ရေးနိုးပြီး ဒီအကုသိုလ်တွေကို စဉ်းစားမိလျှင် အိပ်မပျော်တော့ဘဲ မျက်လုံးကြောင်နေသည်ကိုလည်း ကြုံခဲ့ရဖူးပါသည်။

ဤအကုသိုလ်များကို ယခုကဲ့သို့ ကြောက်လန့်သည့်အတွက် 'နောင်ကို ထို အကုသိုလ်များအား မကျူးလွန်တော့ပါ' ဟု မြတ်စွာဘုရားရုပ်ပွားတော်ရှေ့မှာ ဘယ်လိုပင် တောင်းပန်စေကာမူ ကျူးလွန်ခဲ့ဖူးသည့် အကုသိုလ်များ၏ အပြစ်များမှာ ပျောက်သွားမည် မဟုတ်ပါ။

'ကလျာဏံ ဝါ၊ ကောင်းသည်လည်း ဖြစ်သော။ ပါပကံ ဝါ၊ မကောင်းသည်လည်း ဖြစ်သော။ ယံ ကမ္မံ၊ အကြင်ကံကို။ ကရိဿာမိ တဿကမ္မဿ၊ ထိုကောင်းမှုကံ မကောင်းမှုကံ၏။ ဒါယဒေါ၊ ကောင်းမွေခံ ဆိုးမွေခံသည်။ ဘဝိဿမိ၊ ဖြစ်ရအံ့' ဟု မြတ်စွာဘုရား ဟောကြားထားတော်မူသည့် တရားတော်အရ မည်သူမဆို ကောင်းသောကံကိုလုပ်လျှင် ကောင်းမွေခံရသည်။ ဆိုးသောကံကိုလုပ်လျှင် ဆိုးမွေခံရသည်။

မြတ်စွာဘုရားသည် 'ဘယ်ဟာ ဘယ်ဟာသည် ကောင်းသောကံ ဖြစ်သည်၊ ၎င်းကံများကို လုပ်ကြ၊ ဘယ်ဟာ ဘယ်ဟာသည် ဆိုးသောကံ ဖြစ်သည်။ ၎င်းကံများကို ရှောင်ကြ' ဟူ၍ လမ်းပြရုံသာ ပြနိုင်သည်။ ဆိုးသော ကံများကို ကျူးလွန်သူများအား အပြစ်များမှလွတ်အောင် မတတ်နိုင်ပါ။

ဤအပြစ်များကိုကြောက်ပြီး တကယ်တမ်း လွတ်ချင်ကြသူများအတွက် လွတ်နိုင်သည့်လမ်းတစ်လမ်းသာ ရှိသည်။ ထိုလမ်းမှာ တခြားမဟုတ်။ မြတ်စွာဘုရား ဟောကြားတော်မူထားသည့်အတိုင်း အရဟတ္တမဂ်ကို ရအောင် ကျင့်ရသည့်လမ်းပင် ဖြစ်သည်။ အရဟတ္တမဂ်ကိုရပြီး ပရိနိဗ္ဗာန်



ပြုနိုင်မှသာ ဤအပြစ်များက လွတ်မည်၊ ပရိနိဗ္ဗာန်မပြုနိုင်ဘဲ သံသရာထဲမှာ ကျင်လည်နေရဦးမည်ဆိုလျှင် ဤအပြစ်များက ဘယ်နည်းနှင့်မှ မလွတ်နိုင်။

အပြစ်ခံရလျှင်လည်း လောကီအပြစ်တွေကို ခံရသလို မဟုတ်ပါ။ လောကီမှာ ပိုင်ရှင်ရှိသည့် တိရစ္ဆာန်များကို သတ်မိ၍ အပြစ်ရလျှင်ဒဏ်ငွေ ဆေးရုံလောက်နှင့် အပြစ်က လွတ်နိုင်သည်။ ကျွဲနွားကို ခိုးသတ်၍ အပြစ်ခံရလျှင် နှစ်နှစ် သုံးနှစ်ထက်ပိုပြီး ထောင်အချမခံရပါ။ လူတစ်ယောက်ကို သတ်မိလျှင်လည်း အလွန်ဆုံး ကြိုးတစ်ကြိမ်သာ အပေးခံရသည်။

ဓောတိက အလောင်းအလျာဟာ ကြဲတစ်ချောင်းကို လှူမိရုံဖြင့် ဘဝပေါင်းများစွာမှာ အလွန်ကြီးကျယ်သော သူဋ္ဌေးကြီးတွေ အကြိမ်ပေါင်းများစွာ ဖြစ်ခဲ့ရသည်။ နောက်ဆုံးဘဝမှာ ဓောတိကသူဋ္ဌေးကြီးလည်းဖြစ် ဘုရားနှင့်တွေ့ပြီး ရဟန္တာဖြစ်သွားသည်။

ပသေနဒီ ကောသလမင်းကြီး၏ မိဖုရားကြီး မလ္လိကာ အလောင်းအလျာဟာ ဘဝတစ်ခုမှာ ဧည့်သည်ကျွေးဖို့ အိမ်မှာ မွေးထားသော ဆိတ်တစ်ကောင်ကို သတ်ခဲ့ဖူးသည်။ ထိုအကုသိုလ်ကြောင့် ထိုဘဝကသေလွန်သည့်အခါ ငရဲကျရသည်။ ငရဲမှာ နှစ်ပေါင်း သောင်းပေါင်းများစွာခံရသည်။ ငရဲမှလွတ်လာသည့် ဆိတ်သတ်ခဲ့သည့် အကုသိုလ်များ မကုန်ကြသေး၊ ကျန်နေသေးသည်။ အဲဒီ အကုသိုလ် အကြွင်းအကျန်ကလေးကြောင့် ဆိတ်မမှာရှိသည့် အမွေးအားလုံးနှင့်အမျှ ဘဝပေါင်းများစွာမှာ ဆိတ်မ ဘဝသို့ လည်လှီးပြီး အသတ်ခံရသေးသည်။

ဤ ငရဲဆို ချိုနဲ့လားဗျို့ ဝတ္ထုကို ဖတ်ရသူများမှာ အကုသိုလ်များကို ထိတ်လန့် ကြောက်ရွံ့သောစိတ်များနှင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်များကို လိုချင်သည့် သမ္မာဆန္ဒများ ကောင်းစွာ ပေါ်ပေါက်လာကြပါစေဟူသော စေတနာဖြင့် ကျွန်တော်သည် ...ရှိသရွေ့ ဤဝတ္ထုကို ရေးသားထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤ ဧရဲဆို ချိုနဲ့လားဖျို့ ဝတ္ထုကို ဖတ်ကြရသော မမြရီ၊ သမီးကြီး မိစန်း၊ သားကြီးဖိုးထိုက်၊ သားငယ် ဖိုးအောင်၊ သမီး သန်းသန်း၊ သမီးငယ် ချိုချို၊ မြေးချစ်ကြီး ပြုံးတို့မှစ၍ စာဖတ်ပရိသတ်တို့သည်

၁။ မိမိတို့သန္တာန်၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော အကုသိုလ်တရားတို့ကို ပယ်နိုင်အောင်သော်လည်းကောင်း၊

၂။ မိမိတို့သန္တာန်၌ ရှေ့အဖို့တွင် ဖြစ်လတ္တံ့ကုန်သော အကုသိုလ်တရားတို့ကို ယခုကစပြီး ဘဝအဆက်ဆက် တစ်ရံတစ်ဆစ်မျှ မိမိတို့သန္တာန်မှာ မဖြစ်ပေါ်လာရန် တားမြစ်ပိတ်ပင် သုတ်သင်ရှင်းလင်းပစ်နိုင်အောင်လည်းကောင်း၊

၃။ မိမိတို့သန္တာန်၌ မဖြစ်ဘူးသေးသော ကုသိုလ်တရားတို့ကို မိမိတို့သန္တာန်၌ ဖြစ်ပေါ်လာအောင်လည်းကောင်း၊

၄။ မိမိတို့သန္တာန်၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော ကုသိုလ်တရားတို့ကို မြဲမြံခိုင်ခံ့သောအဖြစ်သို့ ရောက်၍ လွန်စွာ ကြီးပွား များပြားလာအောင် လည်းကောင်း ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်နိုင်ကြပါစေသော်။

၂၂၊ ၁၀၊ ၁၉၆၃။ မောင်နု

မမြရီ၊ သမီးကြီး မိစန်း၊ သားကြီး ဖိုးထိုက်၊ သားငယ် ဖိုးအောင်၊ သမီး သန်းသန်း၊ သမီးငယ် ချိုချို၊ မြေးချစ်ကြီး ပြုံးသက်တင် တို့ လာကြဦးဟေ့။

ဝတ္ထုတစ်ပုဒ် နောက်ထပ် ပြောဦးမယ်၊ ကောင်းကောင်း နားထောင်ကြနော်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁

## သုမင်္ဂလ ဒုမင်္ဂလ ဆိုတဲ့ သာရေး နာရေး

ပထမကမ္ဘာစစ်ကြီး မဖြစ်မီ အနှစ် နှစ်ဆယ်ကျော်ကျော်လောက်က ဝါးခယ်မမြို့၊ ကန်တော်ဦးကျောင်းတိုက်ရဲ့ ကျောင်းထိုင်ဘုန်းကြီးဟာ ဦးပညာဖြစ်တယ်။ ဦးပညာဆိုရင် ဝါးခယ်မမြို့ပေါ်ကသာ မဟုတ်ဘူး။ ဝါးခယ်မတစ်နယ်လုံးကပါ ကောင်းကောင်းသိတယ်။ ဦးပညာဟာ အခုပြောမယ့် ဝတ္ထုစတဲ့အချိန်လောက်မှာ ဝါတော် ၄၀ ရနေပြီ။ ၃၂ ဝါ ကတည်းက ဦးပညာဟာ စာသင်သားတွေကို စာမချတော့ဘူး။ တိုက်အုပ် ဦးသူရိယနဲ့ တွဲထားပြီး ကမ္မဋ္ဌာန်း အထိုင်များတယ်။

ဦးပညာဟာ ကိုရင်ဘဝကတည်းက ပင့်ဆွမ်းကျွေးတဲ့အခါ၊ နယ်ကို သာရေးနာရေး အတွက် ကြွတဲ့အခါ၊ မကျန်းမမာဖြစ်နေတဲ့အခါကလွဲပြီး ဆွမ်းခံတဲ့ဝတ်ကို တစ်ခါမှ မဖျက်ဘူး။ ဆွမ်းခံထွက်ခါနီးတိုင်း ဆွမ်းခံလိုက်မယ့် ရဟန်းတွေ ကိုရင်တွေ အားလုံး ကျောင်းအောက်မှာ ခဏစုရုံးတယ်၊ အဲဒီလို စုပြီးတော့မှ ဦးပညာက

'သာသနာတော်ကြီးကို မကြည်ညိုသေးတဲ့လူတွေ ကြည်ညိုလာကြအောင်၊ ကြည်ညိုပြီးသား လူတွေ ဆတက်ထမ်းပိုး တိုးပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုလာကြအောင်၊ ဘုရားသားတော်တွေဆိုတာ အင်မတန်ဣန္ဒြေရှိရမယ်။

ဣန္ဒြေဆိုတာ တခြားဟာ မဟုတ်ဘူး။

မျက်စိက တောင်ကြည့် မြောက်ကြည့်နဲ့ မကြည့်ဘဲ၊ မိမိရဲ့ရှေ့ ထမ်းပိုးတစ်ပြန် အတွင်းက လွတ်ထွက်မသွားအောင် မျက်စိကို ထိန်းသိမ်းထားတာဟာ မျက်စိဣန္ဒြေ။

နားကို ဟိုအသံ နားထောင် ဒီအသံ နားထောင်နဲ့ တွေ့ကရာ အသံတွေ နားမထောင်မိအောင် မိမိရဲ့စိတ်ကို ကမ္မဋ္ဌာန်းအာရုံ တစ်ခုတည်းအပေါ်မှာ တည်ငြိမ်နေအောင် လုပ်ထားတာဟာ နားဣန္ဒြေ။

စားတဲ့ သောက်တဲ့ လျက်တဲ့အခါ အရသာတဏှာတွေ မဖြစ်ရအောင် စိတ်ကို ဆင်ခြင်ပြီး စား သောက် လျက် နေတာဟာ လျှာဣန္ဒြေ။ အနံ့နံတဲ့အခါ အနံ့တဏှာတွေ မဖြစ်ရအောင် ထွက်သက် ဝင်သက်ကို မှတ်ပြီး ရှူရှိုက်နေတာဟာ နှာခေါင်းဣန္ဒြေ။

ခေါင်း၊ ကိုယ်၊ လက်၊ ခြေ ဆိုတဲ့ မိမိရဲ့ အင်္ဂါအစိတ်အပိုင်းတွေဟာ လှုပ်ရှားရတဲ့အခါ ကြမ်းကြမ်းတမ်းတမ်း ကလက်တက်တက် သုတ်သီးသုတ်ပျာ မဖြစ်ဘဲ သိမ်မွေ့အောင် နူးညံ့အောင် ပြေပြစ်အောင် ထိန်းသိမ်းတာဟာ ကိုယ်ဣန္ဒြေ။

စိတ်ဟာ ဟိုလွင့် ဒီလွင့်နဲ့ တွေ့ကရာတွေဆီကို လွင့်မနေဘဲ ကမ္မဋ္ဌာန်း အာရုံပေါ်မှာ တည်ငြိမ်နေအောင် လုပ်ထားတာဟာ စိတ်ဣန္ဒြေ။

ဘုရားသားတော်ဆိုတာ ဒီဣန္ဒြေခြောက်ပါးနဲ့ ပြည့်စုံရမယ်၊ မပြည့်စုံသေးရင် ပြည့်စုံအောင် ကြိုးစားရမယ်၊ ဒီဣန္ဒြေခြောက်ပါးနဲ့ မပြည့်စုံတဲ့ ဘုရားသားတော်ဟာ ကြည်ညိုဖွယ်ရာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဒီလို ကြည်ညိုဖွယ်ရာမရှိတဲ့ ဘုရားသားတော်ကို



အကြောင်းပြုပြီး မကြည်ညိုကြသေးတဲ့ သူတွေကလည်း ဘုရားသာသနာတော်ကို ပိုပြီး မကြည်ညိုကြတော့ဘူး၊ ကြည်ညိုပြီးသားသူတွေကျတော့လည်း ဘုရားသာသနာတော်ပေါ်မှာ အကြည်ညိုလျော့သွားကြတယ်၊ အဲဒါကြောင့် မကြည်ညိုသေးတဲ့ ပုဂ္ဂိုလ်တွေလည်း ကြည်ညိုလာအောင်၊ ကြည်ညိုပြီးသားပုဂ္ဂိုလ်တွေလည်း ပိုပြီး ကြည်ညိုလာအောင် ဘုရားသားတော်တွေဟာ ဣန္ဒြေရှိကြဖို့ အထူး ကြိုးစားကြပါ'

လို့ ဩဝါဒပေးတယ်။

ဆွမ်းခံက ပြန်လာတဲ့အခါမှာလည်း ဦးပဉ္ဇင်းတွေနဲ့ ကိုရင်တွေ ကျောင်းအောက်မှာ ခဏနေပြီး ဦးပညာက

'လူ့အဖြစ်ဆိုတာ အင်မတန် ရခဲတယ်၊ သာသနာတော်နဲ့ ကြုံကြိုက်ဖို့ ဆိုတာလည်း အင်မတန် ရခဲတယ်၊ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရား ဆိုတာလည်း အင်မတန် အင်မတန်ကြားနာရခဲတယ်၊ အဲဒါကြောင့် ဦးပဉ္ဇင်းတို့ ကိုရင်တို့ဟာ ရခဲလှတဲ့ဒုလ္လဘ ငါးပါးစလုံးနဲ့ ပြည့်စုံနေတဲ့အခါ အဖန်ဖန် ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲ၊ အပါယ်လေးဘုံကို အဖန်ဖန် ကျရောက်ရခြင်းဆင်းရဲ အစရှိတဲ့ သံသရာဝဋ်ဆင်းရဲအားလုံးက လွတ်မြောက်ပြီး ချမ်းသာခြင်းအစစ်ရဲ့ တည်ရာဖြစ်တဲ့ နိဗ္ဗာန်ရွှေပြည်မြတ်ကို လျင်လျင်မြန်မြန်ကြီး မျက်မှောက်ပြုနိုင်အောင် အစွမ်းကုန်ကြိုးစားကြ'

ဟု ဩဝါဒပေးလေ့ ရှိပါတယ်။

ဦးပညာဟာ သုမင်္ဂလ ဒုမင်္ဂလ ဆိုတဲ့ သာရေးနာရေးကိစ္စတွေကို ရှောင်နိုင်သမျှ ရှောင်ပြီး အချိန်ရသရွေ့ ကမ္မဋ္ဌာန်းထိုင်တာနဲ့ အချိန်ကုန်လေ့ရှိတယ်။ သုမင်္ဂလ ဒုမင်္ဂလအတွက် ပင့်ဖိတ်တဲ့အခါ တချို့ ဒကာ၊

www.burmeseclassic.com

www.burmeseclassic.com



ဒကာမတွေက ဆရာတော် ဦးပညာနဲ့ သံဃာတော် ဘယ်နှစ်ပါးကြွပါဆိုပြီး ပင့်ဖိတ်တတ်တယ်။ အဲဒါအခါ တိုက်အုပ်ဘုန်းကြီးက ‘ဒီလို နာမည်တပ်ပြီး ပုဂ္ဂလိက ဖိတ်တာထက် သံဃာဆိုရင် ဘယ်သံဃာပဲဖြစ်ဖြစ် ကြွပါလို့ သံဃိက ဖိတ်တာက ပိုပြီး အကျိုးရှိတဲ့အကြောင်းကို တရားဟောရတယ်။ အဲဒါကို ကျေနပ်ပြီး သံဃာတော်ဘယ်နှစ်ပါး ကြွပါလို့ ပြင်ဖိတ်ရင် ကျောင်းရှိ တခြားရဟန်းတွေကို မချပြီး မကျတဲ့ ရဟန်းတွေဟာ အဲဒီ ပင့်ဖိတ်တဲ့ဆီကို ကြွရတယ်။ ဒါပေမယ့် တိုက်အုပ်ဘုန်းကြီးက ဘယ်လို ဟောဟော၊ ဆရာတော်ဦးပညာကို နာမည်တပ်ပြီး နောက်တစ်ကြိမ်ထပ်ဖိတ်ရင် တိုက်အုပ်က မငြင်းရတော့ဘူး၊ သူ့ကို အကြောင်းကြားရမယ်၊ သူ့အတွက်နဲ့ ဒကာ ဒကာမတွေ အကုသိုလ် မဖြစ်ပါစေနဲ့၊ ကုသိုလ်ဖြစ်ပါစေလို့ ဦးပညာက တိုက်အုပ်ကို အမိန့်ရှိထားတယ်။

သုမင်္ဂလ ဒုမင်္ဂလကရလာတဲ့ အလှူပစ္စည်းတွေကို ဘယ်ရဟန်းမှ ကိုယ့်ဟာကိုယ် မယူရဘူး။ တိုက်အုပ်ဘုန်းကြီး ဦးသူရိယကို အပ်ရတယ်။ ဦးသူရိယက စာရင်းနဲ့ သိမ်းထားရတယ်။ တစ်နှစ်မှာ နှစ်ကြိမ် သုံးကြိမ်လောက် သင့်တော်တဲ့အချိန်ကို ရွေးပြီး အလှူခံပစ္စည်းတွေကို တိုက်အုပ်ဦးသူရိယက ကျောင်းရှိ သံဃာအားလုံးကို မချပြီး ဝေပေးရတယ်။ ဦးပညာနဲ့ တိုက်အုပ်ဘုန်းကြီး ဦးသူရိယတို့က အမိဋ္ဌာန်ရှိနေတဲ့အတွက် မချတဲ့နေရာမှာ ဝင်မဆွဲကြဘူး၊ အလှူခံပစ္စည်းတွေထဲမှာ သူတို့နဲ့ သင့်တော်တဲ့ဆေး၊ လျက်ဆား၊ ပရုတ်ဆီတို့ပါလာရင် နည်းနည်းပါးပါး ယူကြတယ်။

ဦးပညာနဲ့တကွ ကန်တော်ဦးကျောင်းတိုက်က ရဟန်းတွေ၊ ကိုရင်တွေဟာ မြို့ထဲကြွရင် သင်္ကန်းမရုံဘဲ မကြွရဘူး၊ ဖိနပ်မစီးရဘူး၊ ထီးမဆောင်းရဘူး၊ ပင့်တဲ့ဆီကို သွားပြီးတော့ပဲ စားစား၊ ကျောင်းမှာပဲစားစား၊ ရဟန်းတွေ ကိုရင်တွေဟာ ကိုယ့်သပိတ်ထဲမှာထည့်ပြီး စားရတယ်၊ ပန်းကန်နဲ့ မစားရဘူး။



ဒကာ ဒကာမတွေရဲ့ ရှေ့မှာဖြစ်ဖြစ်၊ ကွယ်ရာမှာဖြစ်ဖြစ် ကွမ်းမစားရဘူး၊ ဆေးလိပ်မသောက်ရဘူး၊ ပွဲလမ်းသဘင် ရုပ်ရှင်ဆိုရင် ဘုရားပွဲတော်၊ ကထိန်ခင်း၊ ဘုန်းကြီးပျံတွေအတွက် ပြတာ ကတာတွေကိုပဲဖြစ်ဖြစ်၊ ပိုက်ဆံပေးပြီး ကြည့်ရတာတွေကိုပဲဖြစ်ဖြစ် ဘယ်ဟာကိုမှ မကြည့်ရဘူး။

ဒကာ ဒကာမတွေဟာ ရဟန်းတော်တွေကို ဖူးရအောင်ပဲဖြစ်ဖြစ်၊ တစ်ခုခု လှူဒါန်းရအောင်ပဲဖြစ်ဖြစ်၊ တရားနာ သီလယူရအောင်ပဲဖြစ်ဖြစ်၊ ဘာကိစ္စနဲ့ပဲဖြစ်ဖြစ် ကျောင်းကိုလာရင် ဆရာတော်ဦးပညာ၊ တိုက်အုပ်ဦးသူရိယတို့က အစပြုပြီး ဘယ်ရဟန်း ဘယ်ကိုရင်မှ ဒကာ ဒကာမတွေကို မိမိတို့ရဲ့ အခန်းတွေထဲမှာ မတွေ့ရဘူး။ ဒကာ ဒကာမနဲ့တွေ့ဖို့ ကျောင်းရဲ့ အပေါ်ထပ် အောက်ထပ်မှာ နေရာတွေ လုပ်ပေးထားတယ်။ အဲဒီနေရာတွေမှာ တွေ့ရတယ်။

## ကိုရင်နန္ဒ

ဦးပညာ ကျောင်းထိုင်ဘုန်းကြီးဖြစ်လာပြီး သုံးနှစ်အတွင်းမှာ ရှင်နန္ဒဆိုတဲ့ ကိုရင်တစ်ပါးကို တစ်ကြိမ် ဆုံးမရဖူးတယ်။ ဒီ ကိုရင်နန္ဒဟာ ရွှေဦးမှာ ဘုရားကြီးပွဲတော်အတွက် ကတဲ့ အငြိမ့်ကို ခိုးကြည့်တာကို တိုက်အုပ်ဘုန်းကြီး မိတယ်။ ပထမအကြိမ် ဖြစ်တဲ့အတွက် ဆရာတော်ဦးပညာဆီကို ဆောင်သေးဘဲ တိုက်အုပ်ဘုန်းကြီးကပဲ ဆုံးမတယ်။

နောက်တစ်ခါ ဘုရားကြီးဝက ပန်းဆိုင်တစ်ဆိုင်ရဲ့ဘေးမှာ ထိုင်ပြီး မိန်းသည်မလေးနဲ့ စကားပြောနေတာကို တိုက်အုပ်ဘုန်းကြီးကပဲ မိပြန်တယ်။ ဒီအကြိမ်မှာလည်း ဆရာတော် ဦးပညာဆီကို မတင်ဘဲ တိုက်အုပ်ဘုန်းကြီး ကပဲ ဆုံးမတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် ပုညကောသလ္လအသင်းရဲ့ ကထိန်ပွဲအတွက် က·တဲ့ အငြိမ့်ကို ခိုးကြည့်ပြန်တဲ့အခါ သုံးကြိမ်ရှိသွားပြီဖြစ်တဲ့အတွက် တိုက်အုပ်က ရှင်နုနဲ့အမှုကို ဆရာတော် ဦးပညာဆီမှာ တင်ပြတယ်။

အဲဒီအခါ ဦးပညာက ကျောင်းတိုက်ထဲမှာရှိတဲ့ ရဟန်းတွေနဲ့ ကိုရင်တွေအားလုံးကို ခေါ်လိုက်တယ်။ အားလုံးရဲ့ရှေ့မှာ ကိုရင်နုကို အငြိမ့်နှစ်ခါ ခိုးကြည့်တာရယ်၊ ပန်းသည်မကလေးနဲ့ အတူထိုင်ပြီး စကားပြောတာရယ် မှန်သလားလို့ ဦးပညာက မေးတယ်။ မှန်ပါတယ်လို့ ကိုရင်နုက ပြောတယ်။

အဲဒီအခါ ဦးပညာက ကိုရင်နု ရှင်ရဟန်းအဖြစ်ဟာ အင်မတန် ရခဲတယ်။ ကုသိုလ်တွေထဲမှာဆိုရင်လည်း မင်္ဂလာကုသိုလ် မိုလ်ကုသိုလ်တွေက လွဲရင် ရှင်ရဟန်းပြုလို့ရတဲ့ ကုသိုလ်ကို တခြားကုသိုလ်တွေက လိုက်လို့ မမီဖို့ ခဲယဉ်းတယ်။

ဒါပေမယ့် ရှင်ရဟန်းပြုပြီး ရှင်ရဟန်းကျင့် မကျင့်ဘဲ လူကျင့်ကျင့်နေမယ်ဆိုရင် ဒီလို လူကျင့်ကျင့်တဲ့အတွက် ရတဲ့ အကုသိုလ်ဟာ အင်မတန် ကြီးတယ်။

အဘ သတ်တဲ့အကုသိုလ်၊ အမိ သတ်တဲ့အကုသိုလ်၊ ရဟန္တာသတ်တဲ့ အကုသိုလ်၊ ဘုရား သွေးစိမ်းတည်အောင်လုပ်တဲ့ အကုသိုလ်၊ သံဃာကိုဂိုဏ်းခွဲတဲ့ အကုသိုလ်ဆိုတဲ့ အကုသိုလ်ကြီး ငါးပါးကလွဲရင် ရှင်ရဟန်းက ရှင်ရဟန်းကျင့် မကျင့်ဘဲ လူကျင့် ကျင့်နေလို့ရတဲ့ အကုသိုလ်ကို လိုက်လို့ မမီနိုင်တဲ့ အကုသိုလ်ဟာ အင်မတန်ရှားတယ်။

ရှင်ရဟန်းလုပ်ပြီး လူကျင့် ကျင့်နေကြတဲ့ အလဇ္ဇီ ဒုဿီလတွေ အတွက် မြတ်စွာဘုရားဟောကြားထားတော်မူခဲ့တဲ့ 'အဂ္ဂိက္ခန္ဓောပမသုတ်' ကို ဟောမယ်၊ ရိုရိုသေသေနာကြလို့ အမိန့်ရှိပြီး အောက်ပါအတိုင်း ဟောတယ်။



အဂ္ဂိက္ခန္ဓောပမသုတ်

အခါတစ်ပါး မြတ်စွာဘုရားဟာ ကောသလတိုင်းမှာ ရဟန်းတွေနဲ့ အတူ ဒေသစာရီ လှည့်လည်နေတော်မူတယ်။ နေရာတစ်ခုကိုရောက်တော့ မနီးမဝေး အရပ်တစ်ခုမှာ မီးတောက်မီးလျှံတွေနဲ့ မီးပုံကြီးတစ်ပုံကို မြင်တော်မူတယ်။ အဲဒီအခါ မြတ်စွာဘုရားက 'ရဟန်းတို့ အဲဒီမီးပုံကြီးရဲ့အနီးမှာ ထိုင်နေတာ၊ ကပ်ပြီးဖက်ပြီး အိပ်နေတာနဲ့၊ အင်မတန် လှပချောမွေ့တဲ့ မင်းသမီး ပုဏ္ဏားသမီး သူဌေးသမီးတို့ရဲ့အနီးမှာ ထိုင်နေတာ၊ ကပ်ပြီး ဖက်ပြီး အိပ်နေတာ ဘယ်ဟာက ပိုကောင်းမလဲ' လို့ မေးတော်မူတယ်။

အဲဒီအခါ ရဟန်းတွေက 'မီးပုံကြီးအနားမှာ ကပ်ထိုင်နေတာ ကပ်ပြီး ဖက်ပြီး အိပ်နေတာဟာ အင်မတန် ဆင်းရဲလှပါတယ်ဘုရား၊ မင်းသမီး၊ ပုဏ္ဏားသမီး၊ သူဌေးသမီးတို့ရဲ့ အနားမှာ ထိုင်နေတာ ကပ်ပြီး ဖက်ပြီး အိပ်နေတာက ပိုပြီး ချမ်းသာပါလိမ့်မယ်ဘုရား' လို့ လျှောက်ထားကြတယ်။

မြတ်စွာဘုရားက ဒီလို မဟုတ်ဘူး၊ မီးပုံကြီးအနားမှာ ထိုင်တာ ကပ်ပြီး ဖက်ပြီး အိပ်တာက ဆင်းရဲတာတော့ မှန်တယ်၊ ဒါပေမယ့် ဒီလို ကပ်ပြီး ဖက်ပြီး အိပ်လို့ သေရင် ငရဲမကျဘူး၊ မင်းသမီး၊ ပုဏ္ဏားသမီး၊ သူဌေးသမီးတွေရဲ့အနားမှာ ထိုင်တဲ့၊ ကပ်ပြီး ဖက်ပြီး အိပ်တဲ့ ဒုဿီလရဟန်းဟာ သေရင် ငရဲကျမယ်' လို့ မိန့်တော်မူတယ်။

အဲဒီလို မိန့်တော်မူပြီးတော့ 'ခွန်အားရှိတဲ့ ယောကျ်ားတစ်ယောက်က ခြေသလုံးနှစ်ဘက်ကို သားမြီးကြိုးနဲ့ အရေတွေ၊ အသားတွေ၊ အရိုးတွေပြတ်ပြီး ရိုးတွင်းခြင်ဆီကို ထိတဲ့အထိ အပွတ်အတိုက်ခံရတာနဲ့ မင်းတွေ၊ သူဌေးတွေ၊ ပုဏ္ဏားတွေ၊ ဒကာ ဒကာမတွေရဲ့ ရှိခိုးတာကို သာယာတဲ့ ဘယ်ဟာက ပိုပြီး ချမ်းသာသလဲ' လို့ မြတ်စွာဘုရားက မေးတော်မူပါတယ်။

အဲဒီအခါ ရဟန်းတွေက 'ခြင်ဆီကိုထိအောင် သားမြီးကြိုးနဲ့ အပွတ်အတိုက်ခံရတာဟာ အင်မတန် ဆင်းရဲလှပါတယ်၊ မင်း၊ သူဌေး၊ ပုဏ္ဏား၊

www.burmeseclassic.com

www.burmeseclassic.com



ဒကာ ဒကာမတွေရဲ့ ရှိခိုးခြင်းကို သာယာတာက ပိုပြီး ချမ်းသာပါလိမ့်မယ် ဘုရား' လို့ လျှောက်ထားကြတယ်။

မြတ်စွာဘုရားက 'ဒီလိုမဟုတ်ဘူး၊ ရိုးတွင်းခြင်ဆီအထိ အပွတ်အတိုက် ခံရတာက ဆင်းရဲတာတော့ မှန်တယ်၊ ဒါပေမယ့် ဒီလို အပွတ်အတိုက်ခံရလို့ သေရင် ငရဲမကျဘူး၊ မင်းတို့၊ သူဌေးတို့၊ ပုဏ္ဏားတို့၊ ဒကာ ဒကာမတို့ရဲ့ ရှိခိုးတာကို သာယာနေတဲ့ ဒုဿီလဟာ သေရင် ငရဲကျမယ်' လို့ အမိန့်ရှိတော်မူတယ်။

အဲဒီလိုအမိန့်တော်မူပြီးတော့ 'အင်မတန်ထက်လှတဲ့ လှံနဲ့ ရင်ဝမှာ အထိုးအဆွခံရတာနဲ့ မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်ဆိုတဲ့ ဒကာ ဒကာမတွေရဲ့ လက်အုပ်ချီခြင်းကို သာယာတာ ဘယ်ဟာက ချမ်းသာသလဲ' လို့ မြတ်စွာဘုရားက မေးတော်မူတယ်။

အဲဒီအခါ ရဟန်းတွေက 'ရင်ဝမှာ လှံနဲ့ အထိုးအဆွခံရတာက ဆင်းရဲလှပါတယ်၊ ဒကာ ဒကာမတွေရဲ့ လက်အုပ်ချီခြင်းကို သာယာတာက ချမ်းသာပါတယ်' လို့ လျှောက်ထားကြတယ်။

မြတ်စွာဘုရားက 'ဒီလိုမဟုတ်ဘူး၊ ရင်ဝကို လှံနဲ့ အထိုးအဆွခံရလို့ သေရင် ငရဲမကျဘူး၊ ဒကာ ဒကာမတွေရဲ့ လက်အုပ်ချီတာကို သာယာနေတဲ့ ဒုဿီလဟာ သေရင် ငရဲကျမယ်' လို့ အမိန့်ရှိတော်မူတယ်။

အဲဒီလို မိန့်တော်မူပြီးတော့ 'ရဲရဲတောက်နေတဲ့ သံပြားကြီးနဲ့ ကိုယ်ကို ရစ်ပတ်တာနဲ့ ဒကာ ဒကာမတွေက ယုံကြည်မှုဆိုတဲ့ သဒ္ဓါတရားနဲ့ လှူဒါန်းကြတဲ့ သင်္ကန်းကို ဝတ်ရတာ ဘယ်ဟာက ချမ်းသာသလဲ' လို့ မြတ်စွာဘုရားက မေးတော်မူတယ်။

အဲဒီအခါ ရဟန်းတွေက 'ရဲရဲတောက်ပူတဲ့ သံပြားကြီးနဲ့ ရစ်ပတ်တာက အင်မတန် ဆင်းရဲလှပါတယ်၊ ဒကာ ဒကာမတွေလှူတဲ့ သင်္ကန်းကို ဝတ်ရတာက ချမ်းသာပါတယ်' လို့ လျှောက်ထားကြတယ်။



မြတ်စွာဘုရားက 'ဒီလိုမဟုတ်ဘူး၊ ရဲရဲတောက်ပူတဲ့ သံပြားနဲ့ ရစ်ပတ်တာက ဆင်းရဲတာတော့ မှန်တယ်၊ ဒါပေမယ့် ဒီလို ရစ်ပတ်တာကို ခံရတဲ့အတွက် သေရင် ငရဲမရောက်ဘူး၊ ဒကာ ဒကာမတွေ သဒ္ဓါတရားနဲ့ လှူတဲ့ သင်္ကန်းကိုဝတ်တဲ့ ဒုဿီလဟာ သေရင် ငရဲရောက်မယ်' လို့ မိန့်တော်မူတယ်။

အဲဒီလိုမိန့်တော်မူပြီး 'အင်မတန်ပူတဲ့ သံကောက်နဲ့ ပါးစပ်ကိုဖွင့်၊ ရဲရဲတောက်ပူနေတဲ့ သံတွေခဲကို ပါးစပ်ထဲသွင်း၊ အဲဒီသံတွေခဲဟာ ပါးစပ်၊ လျှာ၊ လည်ချောင်း၊ ရင်၊ အူမ၊ အူသိမ်တွေကို လောင်ပြီး အောက်ဘက်က ပေါက်ထွက်သွားတယ်။ အဲဒါကို ခံရတာနဲ့ ဒကာ ဒကာမတွေက ယုံကြည်မှုဆိုတဲ့ သဒ္ဓါတရားနဲ့ လှူတဲ့ဆွမ်းကို စားရတာ ဘယ်ဟာက ချမ်းသာသလဲ' လို့ မြတ်စွာဘုရားက မေးတော်မူတယ်။

အဲဒီအခါ ရဟန်းတွေက 'သံတွေခဲနဲ့ ကိုယ်ထဲမှာ အလောင်ခံရတာက ဆင်းရဲလှပါတယ်၊ ဒကာ ဒကာမတွေရဲ့ ဆွမ်းကို စားရတာက ချမ်းသာပါတယ်' လို့ လျှောက်ထားကြတယ်။

မြတ်စွာဘုရားက 'ဒီလိုမဟုတ်ဘူး၊ သံတွေခဲနဲ့ ကိုယ်ထဲ အလောင်ခံရတာက ဆင်းရဲတာတော့ မှန်တယ်၊ ဒါပေမယ့် ဒီလို အလောင်ခံရလို့ သေရင် ငရဲမကျဘူး၊ ဒကာ ဒကာမတွေက ယုံကြည်တဲ့ သဒ္ဓါတရားနဲ့လှူတဲ့ ဆွမ်းကို စားတဲ့ ဒုဿီလဟာ သေရင် ငရဲကျမယ်' လို့ မိန့်တော်မူတယ်။

ဒီလို မိန့်တော်မူပြီးတော့ 'ခွန်အားရှိတဲ့ ယောကျ်ားတစ်ယောက်က ရဲရဲတောက်ပူနေတဲ့ သံခုတင်ပေါ်မှာ အတင်းအထိုင်ခိုင်းလို့ ထိုင်ရတာ အအိပ်ခိုင်းလို့ အိပ်ရတာနဲ့ ဒကာ ဒကာမတွေက ယုံကြည်တဲ့ သဒ္ဓါတရားနဲ့ လှူတဲ့ ခုတင် ညောင်စောင်းပေါ်မှာ အိပ်တာ ဘယ်ဟာက ချမ်းသာသလဲ' လို့ မြတ်စွာဘုရားက မေးတော်မူတယ်။

အဲဒီအခါ ရဟန်းတွေက 'ရဲရဲတောက်ပူနေတဲ့ ခုတင်ပေါ်မှာ အိပ်ရတာ ဆင်းရဲလှပါတယ်၊ ဒကာ ဒကာမတွေက ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားနဲ့

www.burmeseclassic.com

www.burmeseclassic.com



လှတဲ့ ခုတင် ညောင်စောင်းပေါ်မှာ အိပ်ရတာက ချမ်းသာပါတယ်’လို့ လျှောက်ထားကြပါတယ်။

မြတ်စွာဘုရားက ‘ဒီလိုမဟုတ်ဘူး၊ ရဲရဲတောက်ပူနေတဲ့ သံခုတင်ပေါ်မှာ အိပ်ရတာက ဆင်းရဲတာတော့ မှန်တယ်၊ ဒါပေမယ့် ဒီလို အိပ်လို့ သေရင် ငရဲမကျဘူး၊ ဒကာ ဒကာမတွေက ယုံကြည်ခြင်းဆိုတဲ့ သဒ္ဒါတရားနဲ့ လှူတဲ့ ခုတင် ညောင်စောင်းပေါ်မှာ အိပ်တဲ့ ဒုဿီလဟာ သေရင် ငရဲကျမယ်’ လို့ မိန့်တော်မူတယ်။

အဲဒီလို မိန့်တော်မူပြီး ‘ခွန်အားရှိတဲ့ ယောကျ်ားက ခြေထောက်ကနေ ဇောက်ထိုးဆွဲပြီး ရေပွက်ပွက်ဆူနေတဲ့ ကြေးအိုးထဲကို ထည့်လိုက်တဲ့အတွက် ကြေးအိုးထဲမှာ မြုပ်ချည်ပေါ်ချည် ဖြစ်နေရတာနဲ့ ဒကာ ဒကာမတွေက ယုံကြည်မှုဆိုတဲ့ သဒ္ဒါတရားနဲ့လှူတဲ့ ကျောင်းမှာ နေရတာ ဘယ်ဟာက ချမ်းသာလဲ’ လို့ မြတ်စွာဘုရားက မေးတော်မူပါတယ်။

အဲဒီအခါ ရဟန်းတွေက ‘ပွက်ပွက်ဆူနေတဲ့ ကြေးအိုးထဲမှာ မြုပ်ချည်ပေါ်ချည်ဖြစ်နေရတာက ဆင်းရဲလှပါတယ်၊ ဒကာ ဒကာမတွေက ယုံကြည်မှုဆိုတဲ့ သဒ္ဒါတရားနဲ့ လှူတဲ့ ကျောင်းမှာ နေရတာက မြတ်ပါတယ်’ လို့ လျှောက်ထားကြပါတယ်။

မြတ်စွာဘုရားက ‘ဒီလို မဟုတ်ဘူး၊ ပွက်ပွက်ဆူနေတဲ့ ကြေးအိုးထဲ မြုပ်ချည်ပေါ်ချည်ဖြစ်ရလို့ သေရင် ငရဲမကျဘူး၊ ဒကာ ဒကာမတွေက ယုံကြည်မှုဆိုတဲ့ သဒ္ဒါတရားနဲ့ လှူတဲ့ ကျောင်းမှာနေတဲ့ ဒုဿီလဟာ သေရင် ငရဲကျမယ်’ လို့ မိန့်တော်မူပါတယ်။

အဲဒီလိုမိန့်တော်မူပြီး ‘ရဟန်းတို့ သင်တို့ကို ယုံကြည်မှု သဒ္ဒါတရားနဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းကြတဲ့ ဒကာ ဒကာမတွေမှာ အကျိုးအာနိသင် ကြီးမားတဲ့ ကုသိုလ်တွေရအောင် သင်တို့ဟာ ဒုဿီလတွေ မဖြစ်ကြပါနဲ့။ သီလနဲ့ပြည့်စုံတဲ့ သီလဝန္တ ပုဂ္ဂိုလ်တွေ ဖြစ်ကြပါစေ၊ မမေ့မလျော့သော သတိနဲ့ ရဟန်းတရား အားထုတ်တဲ့သူတွေ ဖြစ်ကြပါစေ’ လို့ ဆုံးမတော်မူတယ်။



‘ကဲ ကိုရင်နန္ဒ၊ ပြည်သူလူထုက ယုံကြည်ခြင်းဆိုတဲ့ သဒ္ဒါတရားနဲ့ လှူဒါန်းတဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို မှီဝဲသုံးဆောင်နေတဲ့ ရဟန်းဟာ ရဟန်းလိုကျင့်ရင် မိမိရော မိမိကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့တဲ့ ဒကာ ဒကာမတွေပါ ဘယ်လောက် အကျိုးကြီးစေနိုင်တယ်ဆိုတာလဲ သိရပြီ။

‘အဲဒီရဟန်းဟာ ရဟန်းလို မကျင့်ဘဲ လူလိုကျင့်ရင် မိမိရော မိမိကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့နေတဲ့ ဒကာ ဒကာမတွေပါ ဘယ်လို ဆုံးရှုံးနစ်နာစေတယ်ဆိုတာလည်း သိရပြီ။

‘အဲဒီတော့ ကိုရင်နန္ဒဟာ ဘယ်လမ်းကို လိုက်မလဲ၊ ရဟန်းလိုကျင့်လို ပီပီသသကျင့်တဲ့ သီလဝန္တ လမ်းကောင်းကိုပဲ လိုက်မလား၊ လူလိုကျင့်တဲ့ ဒုဿီလလမ်းဆိုးကိုပဲ လိုက်မလား’ လို့ ဦးပညာက မေးပါတယ်။

ကိုရင်နန္ဒက ‘တပည့်တော် သီလဝန္တ လမ်းကောင်းကို လိုက်ပါမယ် ဘုရား’ လို့ ဖြေတယ်။

ဦးပညာနဲ့တကွ အားလုံးသော ရဟန်းသံဃာတွေက သာဓုသုံးကြိမ် ခေါ်ကြတယ်။ ကိုရင်နန္ဒလည်း သူ့ကတိကို တည်ပါတယ်။ အဲဒီအချိန်ကစပြီး သူဟာ မကောင်းတဲ့ အပြောအဆို ကိုယ်အမူအရာ စိတ်နေစိတ်ထားတွေကို စွန့်ပစ်ပြီး ပရိယတ္တိကို ကြိုးစားလိုက်တာ ရဟန်းခံတော်ဝါအရမှာ [illegible]ဆမကြီး အောင်တော်မူသွားပါတယ်။

ကန်တော်ဦးကျောင်းမှာ ဦးပညာ ကျောင်းထိုင်နေသရွေ့ ကာလပတ်လုံး ဒီတစ်ကြိမ်သာ ဒီလို ဆုံးမရဖူးတယ်၊ အဲဒီလို ဆုံးမလိုက်တဲ့ဟာ ကန်တော်ဦးကျောင်းမှာ ထုံးတမ်းစဉ်လာကြီးတစ်ခု ဖြစ်သွားတယ်။ ဒီကျောင်းက ထွက်သွားကြတဲ့ ရဟန်းတော်များက တစ်ဆင့်စီ ပြောကြားကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



အဘွက် အသစ်ရောက်လာကြတဲ့ ရဟန်းတော်များကလည်း ကျောင်းရဲ့ စည်းကမ်းကြီးပုံကို မလာခင်ကတည်းက ကြိုတင်ပြီး သိနှင့်နေကြတယ်။ ကျောင်းကို ရောက်ပြန်တော့လည်း နေရင်း ရဟန်းတော်များက အသစ်ရောက်လာကြတဲ့ ရဟန်းတော်များကို ကျောင်းရဲ့ စည်းကမ်းတွေ ထပ်မံပြီး ပြောကြသေးတယ်။

အဲဒီအထဲမှာ ဆရာတော် ဦးပညာနဲ့ တိုက်အုပ်ဘုန်းကြီး ဦးသူရိယ တို့ကလည်း အခွင့်ရတိုင်း ကျမ်းဂန်နဲ့အညီ တရားသဖြင့် ကောင်းစွာ ဆိုဆုံးမရုံမကသေး၊ သူတို့နှစ်ပါးစလုံးရဲ့ ကိုယ်ကျင့်တရားများနဲ့ စံနမူနာ ကောင်းတွေကို ပြကြတဲ့အတွက် ဦးပညာနဲ့ ဦးသူရိယတို့ ကန်တော်ဦး ကျောင်းမှာ ရှိနေသရွေ့ ကာလအတွင်း၊ ကိုရင်နှင့်လိုအမှုမျိုး နောက်ထပ် တစ်ကြိမ် တစ်ခါမှ မပေါ်ပေါက်လာတော့ပါဘူး။

## ဘိုးဆောင် နှင့် သာဒွန်း

ကန်တော်ဦးကျောင်းက ကျောင်းသားတွေဟာ ၁၀ ယောက်နဲ့ ၁၅ ယောက် ကြားမှာ အမြဲတမ်းရှိတယ်။ တချို့ကလည်း တစ်နှစ်၊ တချို့က လည်း နှစ်နှစ်၊ တချို့ကလည်း သုံးနှစ် အစရှိသဖြင့် ကျောင်းမှာလာနေပြီး စာရေးတတ် ဖတ်တတ်လောက်ရှိရင် လောကုတ္တရာ ဗဟုသုတ အတော် အတန်လောက်ရရင် ကျောင်းထွက်သွားကြတယ်။ တချို့ကတော့လည်း ကိုရင်ဝတ်ပြီး တစ်သက်လုံး ရဟန်းဘောင်မှာ နေသွားကြတယ်။

ဒါပေမယ့် ကျောင်းသားတွေထဲမှာတော့ ဘိုးဆောင်နဲ့ သာဒွန်းဆိုတဲ့ ကျောင်းသားနှစ်ယောက်ဟာ နည်းနည်းထူးတယ်။ သူတို့ဟာ ဝါးခယ်မ အနားမှာ ဝဲကြီးဆိုတဲ့ရွာက မိဘမဲ့ကလေးတွေ ဖြစ်တယ်။ သူတို့ကို ဝဲကြီး သူကြီးကိုယ်တိုင် ဦးသူရိယဆီမှာ လာအပ်စဉ်က စံတင်ဆိုတဲ့ မိဘမဲ့ ကလေးတစ်ယောက် ပါ ပါသေးတယ်။ အဲဒီ ကလေးသုံးယောက်အနက်



စံတင်ဟာ ကျောင်းအပ်စဉ်တုန်းက အသက် ခုနစ်နှစ်၊ ဘိုးဆောင်နဲ့ သာဒွန်း တို့က ခြောက်နှစ်စီ ရှိကြပြီ။

နောက်သုံးနှစ်ကြာတဲ့အခါ စံတင်က ကိုရင်ဝတ်သွားတယ်။ ကိုရင့် ဒကာကတော့ တခြားမဟုတ်ဘူး၊ ဆရာတော် ဦးပညာရဲ့ ဒကာရင်း ဒကာမရင်းများ ဖြစ်ကြတဲ့ ပရဆေးကုန်သည် ဦးဘသာ ဒေါ်လှဝင်းတို့ပဲ ဖြစ်တယ်။ အသက် ၂၀ ပြည့်တဲ့အခါ ဦးဘသာ ဒေါ်လှဝင်းတို့ကပဲ ရဟန်းဒကာ ရဟန်းအမလုပ်ပြီး ကိုရင်စံတင်ကို ရဟန်းခံပေးကြတယ်၊ ရဟန်းအမည်က ဦးစန္ဒောဘာသ ဖြစ်တယ်။

ဦးစန္ဒောဘာသဟာ ပရိယတ္တိကိုလည်း ကြိုးစားပြီး သင်တယ်၊ ဝိနည်းကိုလည်း အင်မတန်ရိုသေတယ်၊ ဣန္ဒြေနဲ့လည်း အင်မတန်ပြည့်စုံ တယ်ဆိုတော့ မြင်ရသူ ဒကာ ဒကာမတွေဟာ အင်မတန် ကြည်ညိုကြတယ်။ ရဟန်းဒကာ ဦးဘသာနဲ့ ရဟန်းအမ ဒေါ်လှဝင်းတို့ကတော့ အထူးပြောဖို့ မလိုတော့ဘူး။ သူတို့ရဟန်းကို သိပ်ပြီး ကြည်ညိုကြတယ်။ ဘဝက ရေစက်ကြောင့်ပဲထင်တယ်။ ဦးဘသာနဲ့ ဒေါ်လှဝင်းတို့ဟာ ဦးစန္ဒောဘာသ ကို စံတင်ဆိုတဲ့ ကျောင်းသားကလေးအဖြစ်နဲ့ မြင်ရကတည်းက သား အရင်းလို ချစ်ခင်စွဲလမ်းနေကြတယ်။

ဘိုးဆောင်နဲ့ သာဒွန်းတို့ဟာ အသက် ၂၀ ကျော် ၂၁ နှစ်ထဲ ရောက် လာတဲ့အခါ ကျောင်းထွက်ပြီး အလုပ်လုပ်ချင်ကြတဲ့အကြောင်း တိုက်အုပ် ဘုန်းကြီး ဦးသူရိယကို လျှောက်ထားကြတယ်။ ဦးသူရိယက ဦးပညာကို [illegible] လျှောက်ထားပေးတယ်၊ ဆရာတော်က သူတို့သဘော အတိုင်းပဲလို့ [illegible] ဆိတ်ဆိတ်နေတယ်။ ဘိုးဆောင်နဲ့ သာဒွန်းတို့ကလည်း ကျောင်းက [illegible] နေ့မှာ ဆရာတော် ဦးပညာကို ကန်တော့ဖို့လာကြတယ်။

ဆရာတော်က 'မင်းတို့ လာတုန်းကတော့ အတူတူ [illegible]ယောက် [illegible]ပဲ၊ မင်းတို့နှစ်ယောက်မှာ ရဟန်းဖြစ်ဖို့ ပါရမီမပါလာကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် ခဲတင် တစ်ယောက်သာ ရဟန်းဖြစ်တယ်၊ မင်းတို့ဟာ ရဟန်းတွေနဲ့ နီးလှုက်သားနဲ့ ရဟန်းမဖြစ်ဘူး၊ ဒါပေမယ့် မင်းတို့မှာ အတိတ်ဘဝက ရဟန်းပြုခဲ့ဖူးတဲ့ ပါရမီ ရှိသေးတယ်ဆိုရင်တော့ မင်းတို့မှာ မသေခင် ရဟန်းဖြစ်ကြရဦးမှာပေါ့ကွယ်။

'ရှင်တော်ဘုရားလက်ထက်တော်တုန်းက ရဟန္တာကြီး အရှင်ဇင်္ဂိလ ဆိုတာလဲ ဒီလိုပဲ၊ ငယ်ငယ်တုန်းက သူ့ကို မွေးစားတဲ့အမေက ရဟန်းပြုဖို့ အရှင် မဟာကစ္စည်းကို အပ်လိုက်တယ်၊ သူ့မှာ သူဌေးဖြစ်ဖို့ဘုန်းကံက ရှိနေသေးတော့ ငယ်ငယ်က ရဟန်းမဖြစ်သေးဘူး၊ သားသုံးယောက်ရတဲ့ အထိ သူဌေး ဖြစ်ရသေးတယ်၊ နောက်တော့မှ သားမယား စည်းစိမ်တွေကို စွန့်ပြီး ရဟန်းဘောင်ဝင်တယ်၊ မကြာခင် ရဟန္တာဖြစ်သွားတယ်။

'မင်းတို့မှာလဲ ဒီလိုပါရမီမျိုးရှိသေးရင် လူ့လောကကြီးထဲကို ဝင်သွားပေမယ့် မင်းတို့ဟာ မသေခင် ရဟန်းတွေ ဖြစ်ကြဦးမှာပဲ' လို့ မိန့်တော်မူပြီး ခဏလောက် ဆိတ်ဆိတ်နေတယ်။

အတော်ကလေးကြာတော့မှ 'မင်းတို့ လူ့လောကထဲမှာနေဖို့ ဆုံးဖြတ်ပြီးကြပြီလား' လို့ မေးပါတယ်။

တပည့် နှစ်ယောက်စလုံးကလည်း 'ဆုံးဖြတ်ပြီးပါပြီ' လို့ လျှောက်ထားကြတယ်။

'ဒီလိုဆိုရင် လူ့လောကကြီးထဲမှာ အောက်ကျနောက်ကျ မဖြစ်ရဘဲ လူတန်းစေ့ နေနိုင်မယ့်တရား ဟောရမှာပေါ့ကွယ်၊ ကဲ မင်းတို့ ကောင်းကောင်း နာယူကြ။

'ကံ ကံရဲ့အကျိုး ဆိုတာတွေကို ဘုန်းကြီး ဟောဖူးတာ မင်းတို့ မကြာခဏ ကြားဖူးပြီးသားပဲ၊ အဲဒီတော့ ဒီကနေ့ တိုတိုနဲ့လိုရင်းကို မှာချင်တယ်၊ မင်းတို့ဟာ ကံရှိရင် ချမ်းသာလိမ့်မယ်၊ ကံရှိရင် စားရလိမ့်မယ်၊ ကံရှိရင် ဝတ်ရလိမ့်မယ်လို့ အတိတ်ကံတစ်ခုတည်းကိုသာ ယုံပြီး ဘာမှ



လုပ်မကိုင်ဘဲ သူများဆီမှာ မှီခိုကပ်ရပ်နေကြတဲ့ လူပျင်း လူဖျင်းတွေ မဖြစ်ကြပါစေနဲ့။

'အတိတ်ကံဟာ အရေးကြီးတယ်ဆိုတာ မှန်တယ်၊ ဒါပေမယ့် ဒီ အတိတ်ကံကို အကုန်လုံးမြင်နိုင်တာ မြတ်စွာဘုရားမှတစ်ပါး အခြား ဘယ်သူမှ မရှိဘူး၊ အတိတ်ကံဟာ မင်းတို့ မြင်နိုင်တဲ့အရာ မဟုတ်တဲ့အတွက် မင်းတို့ဟာ ဒီအတိတ်ကံကိုချည်းပဲ အားကိုးနေလို့ မဖြစ်ဘူး၊ ပစ္စုပ္ပန်ကံ ကိုလည်း မင်းတို့ အားကိုးရမယ်။

'အမှန်စင်စစ်ဆိုရင် ဘာပဲဖြစ်ဖြစ် အတိတ်ကံကြောင့်ချည်းပဲ ဖြစ်ရ တယ်လို့ဆိုပြီး ပစ္စုပ္ပန်ကံကို မျက်ခြည်ပြတ်နေရင် မင်းတို့ဟာ ဗုဒ္ဓဘာသာဝင် စစ်စစ်က မိစ္ဆာဒိဋ္ဌိတွေတောင် ဖြစ်သွားနိုင်သေးတယ်။

'မင်းတို့ရဲ့ ပစ္စုပ္ပန်ကံတွေဟာ အကယ်၍ အခုဘဝမှာ အကျိုးမပေး သေးရင်တောင် အချည်းနှီး မဖြစ်ပါဘူး၊ မင်းတို့ နိဗ္ဗာန်မရောက်မီစပ်ကြား ဘဝတစ်ခုခုမှာ ကေန် အကျိုးပေးရမှာပဲ၊ အဲဒါကြောင့် မင်းတို့ ပစ္စုပ္ပန်ကံ တွေကို လုပ်တဲ့နေရာမှာ မင်းတို့ကို အထောက်အပံ့ဖြစ်နိုင်အောင် ဘုန်းကြီး မကြာခဏပြောဖူးတဲ့ သုဘလုလင်ကို မြတ်စွာဘုရားဟောကြားတဲ့ တရား ကိုပဲ မင်းတို့ ကျောင်းကထွက်ခါနီး သတိပေးတဲ့အနေနဲ့ ထပ်ပြောရဦးမယ်။

'ဘုရားရှင် လက်ထက်တော်တုန်းက လူချင်း တူပါလျက် တစ်ဦးနဲ့ တစ်ဦး အကျိုးပေးမတူ၊ ထူးခြားပုံကို မြင်ရပြီး ဘာကြောင့် ဒီလိုဖြစ်ရတယ် ဆိုတာ မသိတဲ့အတွက် သုဘလုလင်ဟာ မြတ်စွာဘုရားကို မေးခွန်း ၁၄ ခု လျှောက်ထားတယ်၊ အဲဒီ မေးခွန်း ၁၄ ခွန်းစလုံးကို မြတ်စွာဘုရားက ဖြေတော်မူတယ်။

'လူချင်းတူပါလျက် အဘယ့်ကြောင့် အချို့က အသက်တိုပြီး၊
အချို့က အသက်ရှည်ပါသလဲ ဘုရား'

လို့ လျှောက်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



'လောကမှာ တချို့မိန်းမတွေ၊ ယောကျ်ားတွေမှာ သနားကြင်နာစိတ် မရှိဘူး၊ သူတစ်ပါးအသက်ကို သတ်ဖြတ်လေ့ရှိတယ်၊ ဒီလူတွေဟာ သေရင် ငရဲကျတတ်တယ်၊ ရှေးက အတိတ်ကုသိုလ်ကံ တစ်စုံတစ်ခုရဲ့ ထောက်ပံ့မှု ကြောင့် ငရဲသို့ မကျဘဲ လူ့ပြည်မှာ ပြန်ဖြစ်ရရင် အသက်တိုတယ်။

'တချို့ကတော့ သနားတယ်၊ ဒါကြောင့် သူတစ်ပါး အသက်ကို သတ်ခြင်းမှ ရှောင်တယ်၊ ဒီလူတွေသေရင် နတ်ပြည်ရောက်ရတယ်၊ နတ်ပြည် မရောက်ဘဲ လူ့ပြည်မှာ ပြန်ဖြစ်ရင်လည်း အသက်ရှည်တယ်' လို့ မြတ်စွာ ဘုရားက မိန့်တော်မူတယ်။

၃။ 'အဘယ်ကြောင့် အချို့မှာ အနာရောဂါများပြီး

၄။ အချို့မှာ အနာရောဂါ ကင်းရှင်းပါသလဲဘုရား'

လို့ သုဘလုလင်က လျှောက်ထားတယ်'

'လောကမှာ တချို့ မိန်းမတွေ၊ ယောကျ်ားတွေဟာ သူတစ်ပါးကို သေအောင်တော့ မသတ်ဘူး၊ ဒါပေမယ့် လက်နဲ့ဖြစ်ဖြစ်၊ တုတ် ဓား လက်နက်နဲ့ဖြစ်ဖြစ် ညှဉ်းဆဲလေ့ရှိတယ်၊ ဒီသူတွေသေရင် ငရဲကျတတ်တယ်၊ ငရဲမကျဘဲ လူ့ပြည်မှာ ပြန်ဖြစ်ရရင်လည်း ရောဂါထူတယ်။

'တချို့ကတော့ သနားတတ်တယ်၊ သူတစ်ပါးကို ညှဉ်းဆဲခြင်းမှ ရှောင်တယ်၊ ဒီ သူတွေသေရင် နတ်ပြည်ရောက်ရတတ်တယ်၊ နတ်ပြည် မရောက်ဘဲ လူ့ပြည်မှာ ပြန်ဖြစ်ရရင်လည်း အနာရောဂါကင်းတယ်' လို့ မြတ်စွာဘုရားက ဟောကြားတော်မူတယ်။

၅။ 'အဘယ်ကြောင့် အချို့ဟာ အရုပ်ဆိုးပြီး၊

၆။ အချို့ဟာ အဆင်းလှပါသလဲ ဘုရား' လို့ သုဘလုလင်က လျှောက် ထားတယ်။

'လောကမှာ အချို့မိန်းမတွေ ယောကျ်ားတွေဟာ ဒေါသ အင်မတန် ကြီးပါတယ်၊ စကားပြောရင် သူတစ်ပါးကို ထိပါး ပုတ်ခတ်ပြောတယ်၊



ဒီသူမျိုးသေရင် ငရဲကျရတတ်တယ်၊ ငရဲမကျဘဲ လူ့ပြည်မှာ ပြန်ဖြစ်ရရင် လည်း မျက်နှာပုပ်သိုး အရုပ်ဆိုးတတ်ပါတယ်'

'ဒေါသမထွက်ဘဲ စိတ်ဟာ အစဉ် ကြည်လင်အေးမြနေတဲ့သူတွေဟာ နတ်ပြည်ကို ရောက်ရတတ်တယ်၊ နတ်ပြည်မရောက်ဘဲ လူ့ပြည်မှာ ပြန်ဖြစ် ရရင်လည်း ကြည်လင်လှပတယ်' လို့ မြတ်စွာဘုရားက ဟောကြားတော်မူ တယ်။

၇။ 'အဘယ့်ကြောင့် တချို့မှာ ခြွေရံစိုးမိုး တန်ခိုးအာဏာနည်းပါးပြီး၊

၈။ အချို့မှာ ခြွေရံစိုးမိုး တန်ခိုးအာဏာ ကြီးမားရပါသလဲဘုရား' လို့ သုဘ လုလင်က လျှောက်ထားတယ်။

'လောကမှာ အချို့မိန်းမတွေ ယောကျ်ားတွေဟာ ဣဿာတရား (ကိုယ့်ထက်သာ မနာလိုဖြစ်သောစိတ်) အားကြီးတယ်၊ ဒီလူမျိုးသေရင် ငရဲကျရတတ်တယ်၊ ငရဲမကျဘဲ လူ့ပြည်မှာ ပြန်ဖြစ်ရရင်လည်း ခြွေရံစိုးမိုး တန်ခိုးအာဏာ နည်းပါးတယ်'

'ဣဿာမရှိတဲ့သူတွေ သေရင် နတ်ပြည်ကို ရောက်ရတတ်တယ်၊ နတ်ပြည်ကို မရောက်ဘဲ လူ့ပြည်မှာ ပြန်ဖြစ်ရရင်လည်း နာမည်ကျော်ကြား ခြွေရံများပြီး တန်ခိုးဩဇာ ကြီးမားတယ်' လို့ ဘုရားက ဖြေတော်မူတယ်။

၉။ 'အဘယ်ကြောင့် တချို့က ဥစ္စာမဲ့မွဲ ဆင်းရဲပြီး၊

၁၀။ အချို့က ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝပါသလဲဘုရား' လို့ သုဘလုလင်က လျှောက်ထားတယ်။

'လောကမှာ တချို့မိန်းမတွေ ယောကျ်ားတွေဟာ စွန့်ကြဲပေးကမ်း ခြင်းမရှိဘူး၊ မစွန့်ရတာရားတွေ သိပ်အားကြီးတယ်၊ (မိမိမှာရှိတဲ့ ပစ္စည်း မိမိနဲ့ဆိုင်တဲ့ ပစ္စည်းတွေကို သူတစ်ပါးအား မပေးကမ်း မစွန့်ကြဲရက် ဘူး) သူတစ်ပါးကိုင်မှာ သုံးမှာကို အင်မတန်စိုးတယ်၊ မိမိမှာရှိနေတဲ့ပစ္စည်းစိမ် ဥစ္စာမျိုး သူတစ်ပါးရမှာ အလွန်စိုးတယ်၊ အဲဒီစိတ်မျိုးကို မစ္ဆေရလို့

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တယ်၊) ဒီသူမျိုးသေရင် ငရဲကျတတ်တယ်၊ ငရဲမကျဘဲ လူ့ပြည်မှာ ပြန်ဖြစ်ရရင်လည်း ဥစ္စာမဲ့မွဲ လူဆင်းရဲဖြစ်ရတယ်'

'မစ္ဆရမရှိဘဲ စွန့်ကြဲပေးကမ်းလေ့ရှိတဲ့သူတွေဟာ သေရင် နတ်ပြည်ကိုရောက်တတ်တယ်၊ နတ်ပြည်ကိုမရောက်ဘဲ လူ့ပြည်မှာပြန်ဖြစ်ရရင်လည်း ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝတယ်' လို့ မြတ်စွာဘုရား ဟောကြားတော်မူတယ်။

၁၁။ 'အဘယ့်ကြောင့် တချို့ဟာ အမျိုးယုတ်ပြီး၊

၁၂။ အချို့ဟာ အမျိုးမြတ် ရပါသလဲဘုရား' လို့ သုဘလုလင်က လျှောက်ထားတယ်။

'လောကမှာ တချို့မိန်းမတွေ ယောကျ်ားတွေဟာ အင်မတန် မာနကြီးတယ်၊ (သူတစ်ပါးကို အထင်သေးတယ်၊ ကိုယ့်ကိုယ်ကို အထင်ကြီးတယ်၊ ရိုသေလေးစားထိုက်သူကို ရိုသေလေးစားရမှန်း မသိဘူး) ဒီသူမျိုးသေရင် ငရဲကျရတတ်တယ်၊ ငရဲမကျဘဲ လူ့ပြည်မှာ ပြန်ဖြစ်ရရင်လည်း အောက်ကျနောက်ကျ ယုတ်ညံ့တဲ့အမျိုးမှာ ဖြစ်ရတယ်'

'ဒီလို မာနမကြီးဘဲ ရိုသေလေးစားထိုက်သူကို ရိုသေလေးစားလေ့ရှိတဲ့သူဟာ သေရင် နတ်ပြည်ကို ရောက်ရှိတတ်တယ်၊ နတ်ပြည်မရောက်ဘဲ လူ့ပြည်မှာ ပြန်ဖြစ်ရရင်လည်း မြင့်မြတ်တဲ့အမျိုးမှာ ဖြစ်ရတယ်လို့' မြတ်စွာဘုရားက ဟောကြားတော်မူတယ်။

၁၃။ 'အဘယ်ကြောင့် အချို့မှာ အသိအလိမ္မာ ဉာဏ်ပညာ နည်းပါးပြီး၊

၁၄။ အချို့မှာ အသိအလိမ္မာ ဉာဏ်ပညာ ကြီးမားပါသလဲဘုရား' လို့ သုဘလုလင်က လျှောက်ထားတယ်။

'လောကမှာ အချို့မိန်းမတွေ ယောကျ်ားတွေဟာ ပညာရှိ ပုဂ္ဂိုလ်တွေကို မချဉ်းကပ်ဘူး၊ ဘယ်ဟာကုသိုလ်လဲ ဘယ်ဟာ အကုသိုလ်လဲ၊ ဘယ်ဟာကို မှီဝဲထိုက်သလဲ၊ ဘယ်ဟာကို မမှီဝဲထိုက်ဘူးလဲ၊ ဘယ်တရားဟာ သံသရာဝဲသြဃကြီးထဲမှာ နစ်မွန်းစေနိုင်တဲ့တရားလဲ၊ ဘယ်တရားဟာ သံသရာဝဲသြဃကြီးထဲက လွတ်မြောက်စေနိုင်တဲ့တရားလဲ ဆိုတဲ့ ပြဿနာ



တွေကို ပညာရှိတွေဆီမှာ မမေးဘူး၊ မိမိတို့ ထင်မိထင်ရာ ဒုစရိုက်တွေကို လျှောက်ပြီး လွန်ကျူးတာပဲ၊ ဒီသူများသေရင် ငရဲကျရတတ်တယ်၊ ငရဲမကျဘဲ လူ့ပြည်မှာ ပြန်ဖြစ်ရရင်လည်း အသိအလိမ္မာ ဉာဏ်ပညာကင်းပြီး လူဖျင်း၊ လူအ၊ လူမိုက် ဖြစ်ရတယ်။

'ဒီလိုမဟုတ်ဘဲ ပညာရှိတွေကို ချဉ်းကပ်ပြီး တရားနဲ့ဆိုင်တဲ့ အချက်တွေကို နှစ်သက်ကြည်ဖြူ မေးမြန်းနာယူလေ့ရှိတဲ့သူတွေဟာ သေရင် နတ်ပြည်ကို ရောက်ရတတ်တယ်၊ နတ်ပြည်မရောက်ဘဲ လူ့ပြည်မှာပြန်ဖြစ်ရရင်လည်း အသိအလိမ္မာ ဉာဏ်ပညာ ကြီးမားထက်မြက်တဲ့သူတွေ ဖြစ်တယ်' လို့ မြတ်စွာဘုရားက ဟောကြားတော်မူတယ်။

'မင်းတို့နှစ်ယောက်ဟာ တရားတော်ကို အတော်အတန်သိပြီးသားတွေ ဖြစ်ကြတဲ့အတွက် ဘုန်းကြီး အထူးဟောနေဖို့ မလိုဘူး၊ 'အတိုချုပ်ကတော့ နှုတ်နဲ့ မကောင်းတာတွေ မပြောမိအောင်ရှောင်၊ ကောင်းတာတွေပြောမိအောင် ကြိုးစား၊ ကိုယ်နဲ့ မကောင်းတာတွေကို မလုပ်မိအောင်ရှောင်၊ ကောင်းတာတွေလုပ်မိအောင်ကြိုးစား၊ စိတ်နဲ့ မကောင်းတာတွေ မကြံစည်တွေးတောမိအောင် ရှောင်၊ ကောင်းတာတွေ ကြံစည်တွေးတောမိအောင် ကြိုးစားကြ၊ အတိုချုပ်က အဲဒါပဲ။

'ဦးသူရိယက တပည့်တွေကို သမ္ဗုဒ္ဓါတရားလေးပါး အကျဉ်းချုပ်ပြီး သတိပေးတဲ့အနေနဲ့ ဟောလိုက်ပါဦး၊ ကဲ မင်းတို့ လက်အုပ်ချီပြီးလိုက်ဆိုကြ' လို့ ဦးပညာက အမိန့်ရှိတယ်။ တပည့်များ လက်အုပ်ချီပြီးတဲ့အခါ ဦးပညာက

'တပည့်တော်တို့သည် ပုထုဇဉ်ဖြစ်ကြသည့်အတိုင်း မိုက်မဲတွေဝေကြပါသဖြင့် ဘဝအဆက်ဆက်မှ ယခုအချိန်တိုင်အောင် အရှင်ဘုရားအား ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှား ကျူးလွန် စော်ကားမိခဲ့သမျှသော အပြစ်တို့ကို တပည့်တော်တို့အား အစဉ်သနားသည်ကို အကြောင်းပြုပြီး သည်းခံတော်မူပါဘုရား' လို့ တိုင်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



တပည့်တွေက လိုက်ဆိုရတယ်။ တပည့်တွေ ကန်တော့ပြီးတဲ့အခါ ဆရာတော်ဦးပညာက သာဓု သုံးကြိမ်ခေါ်ပြီး 'မင်းတို့က ဘုန်းကြီးကို ကာယကံ ဝစီကံ မနောကံတွေနဲ့ ပြစ်မှားမိတဲ့အပြစ်တွေရှိရင် ဒီအပြစ်တွေ အားလုံးကို ဘုန်းကြီးသည်းခံတယ်၊ မင်းတို့အပေါ်မှာ ဘုန်းကြီးက ပြစ်မှားမိခဲ့တဲ့ အပြစ်တွေရှိရင်လည်း မင်းတို့က သည်းခံကြပါ' လို့ အမိန့်ရှိတော်မူတယ်။

တပည့်တွေက 'သည်းခံပါတယ်ဘုရား' လို့ လျှောက်ထားပြီးတဲ့အခါ

ဆရာတော်ဦးပညာက 'ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ကြောင့်ကြ ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းပါစေ' လို့ မေတ္တာပို့ပြီး သူ့အခန်းထဲဝင်သွားတယ်။

သမ္ပဒါလေးပါး

ဆရာတော်ဦးပညာ အခန်းထဲကိုဝင်သွားတဲ့အခါ ဦးသုရိယက 'သမ္ပဒါတရား လေးပါးကို မင်းတို့လဲ ခဏခဏ ကြားဖူးသားပဲ၊ ဆရာတော်ရဲ့ စေတနာကတော့ မင်းတို့ ကျောင်းထွက်ခါနီးမှာ ထပ်ပြီး သတိပေးလိုက်တဲ့အနေနဲ့ မင်းတို့ကို ပြောစေချင်တာပါပဲ၊ ဒါကြောင့်မို့ မင်းတို့ကို သမ္ပဒါတရား လေးပါးကို အတိုချုပ်ပြီးတော့ပဲ ငါဟောတော့မယ်။

'မြတ်စွာဘုရားဟာ သက္ကရသတ္တနိဂုံးမှာ သီတင်းသုံးနေတော်မူတဲ့အခါ ဗျဂ္ဃပဇ္ဇဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ မြတ်စွာဘုရားကို ချဉ်းကပ်ရှိခိုးပြီး အရှင်ဘုရား၊ တပည့်တော်တို့ အိမ်ရာတည်ထောင် လူ၏ဘောင်၌ [illegible]ကာမဂုဏ်ချမ်းသာကို ခံစားနေကြတဲ့ ဒါယကာ ဒါယိကာမတွေဟာ သားမယား မွေးမြူပြီး နေရတာကြောင့် ရဟန်းတော်များလို ကောင်းမှုကုသိုလ် ပြုခွင့်မရတဲ့အတွက် ကျဉ်းမြောင်း ကျပ်တည်းစွာ နေကြရပါတယ် ဘုရား၊ ကာသိတိုင်းဖြစ် နှစ်သက်ဖွယ်သော အဝတ်ပုဆိုးကို ဝတ်ရုံခြင်း၊ စန္ဒကူးနံ့သာ စတဲ့ အမွှေးအထုံတို့ကို လိမ်းကျံခြင်းတို့ကလည်း မကင်းနိုင်ကြပါ



ဘုရား၊ ကာမဂုဏ်ခံစားနိုင်ကြအောင် လှူနိုင် တန်းနိုင်အောင် ဥပုသ်စောင့်နိုင်အောင် လိုအပ်တဲ့ ပစ္စည်းဥစ္စာတွေကိုလည်း ရှာကြရပါတယ်ဘုရား၊ အဲဒါကြောင့် အခု မျက်မှောက်ဘဝမှာရော၊ နောင်ဘဝအဆက်ဆက်မှာပါ သုတကာထက် အောက်မကျ နောက်မကျဘဲ တောက်ပသော ကျက်သရေဂုဏ်သိမ်နှင့် အရှိန်အဝါကြီးမားလျက် စီးပွားချမ်းသာနှင့်တကွ လိုအပ်သော အကျိုးတို့ကိုပါ ရစေနိုင်တဲ့တရားကို ဟောကြားတော်မူပါဘုရား' လို့ လျှောက်ထားတယ်။

'အဲဒီအခါ မြတ်စွာဘုရားက လိုသမျှ အကျိုးကို ပြီးစေတတ်တဲ့ သမ္ပဒါတရားဟာ လေးပါးရှိတယ်၊ ဒီလေးပါးကတော့

၁။ ဥဋ္ဌာနသမ္ပဒါ = ဉာဏ်နဲ့ယှဉ်တဲ့ လုံ့လဝီရိယနှင့် ပြည့်စုံခြင်း။

၂။ အာရက္ခသမ္ပဒါ = ရရှိပြီးတဲ့စည်းစိမ်ချမ်းသာ အရာရာတို့ကို မပျက်မစီးရအောင် စောင့်ရှောက်ခြင်းနဲ့ ပြည့်စုံခြင်း။

၃။ သမဇီဝိတသမ္ပဒါ = မိမိအင်အားနှင့် ချိန်ဆပြီး မျှတစွာအသက်မွေးမြူခြင်းနဲ့ ပြည့်စုံခြင်း။

၄။ ကလျာဏမိတ္တသမ္ပဒါ = ကောင်းသော အဆွေခင်ပွန်းတို့နဲ့ ပေါင်းသင်းရခြင်းနဲ့ ပြည့်စုံခြင်းဆိုတဲ့ သမ္ပဒါတရားလေးပါးပဲ ဖြစ်တယ်။

၁။ ဉာဏ်နဲ့ယှဉ်တဲ့ လုံ့လဝီရိယနှင့်ပြည့်စုံခြင်း ဆိုတာ ဘယ်လို လုံ့လဝီရိယမျိုးလဲ။

စည်းမရှိ ကမ်းမရှိ အရမ်းကာရော လုံ့လဝီရိယ ရှိတာမျိုးဟာ ကောင်းဘူး၊ ဉာဏ်နဲ့ယှဉ်တဲ့ လုံ့လဝီရိယမျိုးမှ ကောင်းတယ်၊ ဉာဏ်နဲ့ယှဉ်[illegible]ရိယမှာ အင်္ဂါ ငါးမျိုးရှိတယ်။ ဒီအင်္ဂါငါးမျိုးကတော့

www.burmeseclassic.com

www.burmeseclassic.com



က။ ဉာဏ်
ခ။ အကွက်ကောင်း၊ နေရာကောင်း။
ဂ။ လိုအပ်တဲ့ အဆောက်အအုံ၊ ပစ္စည်းကိရိယာ၊ တန်ဆာပလာ။
ဃ။ သင့်တော်တဲ့ အချိန်ကာလ။
င။ လုပ်သင့်တာကို လုပ်ပြီး မလုပ်သင့်တာကို မလုပ်ခြင်းဆိုတဲ့ အင်္ဂါငါးပါးပဲဖြစ်တယ်။ ဒီ ငါးခုကို တစ်ခုစီ ရှင်းပြမယ်။

## က။ ဉာဏ်

အလုပ်တစ်ခုကို လုပ်တော့မယ်ဆိုရင် ကံကိုယုံပြီး အရမ်းဝင်မလုပ်ပါနဲ့၊ ဒီအလုပ်နဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှကို အကုန်လုံး နားလည်အောင် ဆည်းပူးပါ။ အဲဒီလို ဆည်းပူးပြီးတဲ့နောက် ကိုယ့်မှာရှိတဲ့ လူအင်အား၊ ငွေအင်အား၊ ဉာဏ်အင်အားနဲ့ ဒီအလုပ်ကို လုပ်နိုင်မယ် မလုပ်နိုင်ဘူးဆိုတာ အကြိမ်ကြိမ် ဆင်ခြင်စဉ်းစားပါ။ ပိုင်ပိုင်နိုင်နိုင်လုပ်နိုင်မယ်ဆိုတာကို သေသေချာချာ စဉ်းစားလို့ရမှ ဒီအလုပ်ကိုလုပ်ဖို့ ဆုံးဖြတ်ပါ။

## ခ။ အကွက်ကောင်း နေရာကောင်း

အလုပ်တစ်ခုကို လုပ်တော့မယ်ဆိုရင် ဒီအလုပ်အတွက် ကျေးဇူးများမယ့် နေရာမှာသာ လုပ်ရမယ်။ ဥပမာ တရုတ်ပြည်ကို အပ်ရောင်းသွားတာမျိုး မဖြစ်ရဘူး။ နောက်ပြီးတော့လည်း အဝတ် မဝတ်တဲ့ လူတွေနေတဲ့ နေရာမှာ ခဝါဆိုင်တည်တာမျိုးလဲ မဖြစ်ရဘူး။

## ဂ။ လိုအပ်သော တန်ဆာပလာ

လက်သမားလုပ်မယ့်လူဆိုရင်. သူ့အလုပ်ကို ကျေးဇူးဖြစ်စေတဲ့ ဆူး၊ ဆောက်၊ ရွှေဘော်၊ လွှ စတဲ့ ကိရိယာတန်ဆာပလာတွေ ရှိရမယ်၊ ပန်းပဲလုပ်မယ့်လူဆိုရင် ဖို၊ ပေ၊ တူ စတဲ့ ကိရိယာ တန်ဆာပလာတွေ



ရှိရမယ်။ လှေနဲ့ စီးပွားရှာမယ့်လူဆိုရင်လည်း ထိုးဝါး၊ ခတ်တက်၊ ရွက်၊ ရွက်တိုင်၊ ရွက်လက်၊ ရွက်ကြိုး၊ တက်မ၊ ကျောက်၊ ကျောက်ကြိုး စတဲ့ ကိရိယာတန်ဆာပလာတွေ ရှိရမယ်။

## ဃ။ ကောင်းတဲ့ အချိန်ကာလ

အလုပ်အကိုင်တစ်ခုကို လုပ်ကိုင်ဖို့ သင့်တော်တဲ့ အချိန်ကာလကို ရွေးရမယ်။ ဥပမာ၊ လယ်လုပ်မယ့်လူဟာ မိုးတွင်းမှာ လုပ်ရမယ်၊ လယ်အတွက် ဆောင်းနဲ့ နွေဟာ အချိန်ဆိုးပဲ၊ ကိုင်းကို ဆောင်းမှာ လုပ်ရမယ်၊ မိုးနဲ့ နွေဟာ ကိုင်းအတွက် အချိန်ဆိုးပဲ။ အချိန်ကောင်း ရွေးတတ်တာဟာ မိမိအလုပ်အတွက် အကျိုးများတယ်။ လသာတုန်း ဗိုင်းငင်၊ နေရှိတုန်း ပေါ်းလှန်း ဆိုတဲ့ စကားပုံတွေဟာ ဒီအတွက် ထားပစ်ခဲ့တာတွေပဲ ဖြစ်တယ်။

## င။ သင့်တာလုပ်၊ မသင့်တာမလုပ်နဲ့

နှမ်းက ဆီရတယ်။ ကျောက်ခဲက ဆီမရဘူး။ ဆီလိုချင်တဲ့လူဟာ နှမ်းကို ကြိတ်ဖို့ အရေးကြီးသလောက် ကျောက်ခဲကို မကြိတ်မိအောင် ရှောင်နိုင်ဖို့လည်း အရေးကြီးတယ်။ မကြာမကြာ မစားရဝခမန်းပြောတတ်တဲ့ လူတွေနဲ့ဆိုရင် ငွေပူလေးတွေ လက်ထဲမှာရှိနေတဲ့လူတွေဟာ တကယ်ဖြစ်နိုင်ခြေနိုင်ကို မတွေးကြတော့ဘူး၊ အတင်း ထလုပ်တတ်ကြတယ်။ ငွေလည်း ကုန်ရော အဲဒီ မစားရဝခမန်းပြောတဲ့ လူလည်း ရှာမတွေ့တော့ဘူး။ အဲဒီလို အပြောကောင်းတာကို ယုံပြီး အတင်း ထလုပ်တတ်တဲ့ လူမျိုးတွေဟာ ကျောက်ခဲက ဆီထွက်အောင် အတင်း ထကြိတ်နေတဲ့လူမျိုးနဲ့ တူတယ်။

ရရှိပြီးတဲ့ စည်းစိမ်ချမ်းသာ အရာရာတို့ကို မပျက်မစီးရအောင် စောင့်ရှောက်ခြင်း ဆိုတာ ဘယ်လိုစောင့်ရှောက်ခြင်းမျိုးလဲ။

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းဥစ္စာတွေကို ဖျက်ဆီးနိုင်တဲ့ ရန်သူဟာ ငါးမျိုးရှိတယ်။ ဒီရန်သူ ငါးမျိုးကတော့

က။ မင်း

ခ။ ခိုးသူ

ဂ။ မီး

ဃ။ ရေ

င။ အမွေခံ သားဆိုး၊ သမီးဆိုးတို့ပဲ ဖြစ်တယ်။

ဒီ ရန်သူငါးမျိုးကို တစ်ခုစီ ရှင်းပြမယ်။

က။ မင်းဘေး

ခိုးမှုတိုက်မှု၊ လောင်းကစားမှု စတဲ့ ရာဇဝတ်မင်းဒဏ် မကင်းတဲ့ အမှုမျိုးကို ကိုယ်တိုင်လည်း မလုပ်ရဘူး၊ ဒီလိုလုပ်တဲ့ လူစားမျိုးတွေနဲ့လည်း မပေါင်းရဘူး၊ ငွေကုန်ကြေးကျဖြစ်နေတတ်တဲ့ အမွေလုမှုမျိုး၊ သူပိုင်သင့် ငါပိုင်သင့်ဆိုပြီး အငြင်းအခုန်ဖြစ်ရာက ရုံးရောက်ရတဲ့အမှုမျိုးတွေနဲ့လည်း ကင်းရမယ်။ ကုန်ကုန်ပြောမယ်၊ ဘယ်ကိစ္စမဆို အချင်းများပြီး ဂါတ်တို့၊ ရုံးတို့ကို ရောက်ရမယ်ဆိုရင် အဲဒီကိစ္စ အားလုံးကို ဝေးရာက ရှောင်ရမယ်။

ခ။ ခိုးသူဘေး

သတ္တဝါတွေဟာ အတွေ့ကို အင်မတန် ရှောင်နိုင်ခဲတယ်။ အလွယ်တကူနဲ့သာ ခိုးလို့ရမယ်ဆိုရင် ခိုးမယ့်လူတွေ များမှာပဲ။ အဲဒါကြောင့် သူခိုး၊ ဓားပြ၊ လူဆိုးတွေ အလွယ်တကူနဲ့ မခိုးနိုင်အောင် မိမိတို့ပစ္စည်းကို အထူး ထိန်းသိမ်းထားနိုင်ကြရမယ်။ မြတ်စွာဘုရားက 'သင်တို့ရဲ့ ဥစ္စာပစ္စည်းကို ထားချင်သလိုထားကြ၊ ကံကောင်းရင် အခိုးမခံရဘူး' လို့



ဟောတော်မမူခဲ့ဘူး။ န စောရာ ဟရေယျုံ = သူခိုး မခိုးနိုင်အောင် ဉာဏ်ထုတ်ပြီး စောင့်ရှောက်ရမယ် လို့သာ ဟောတော်မူခဲ့တယ်။ အဲဒါကြောင့် သူခိုး အခိုးမခံရ၊ ဓားပြအတိုက်မခံရ၊ ခါးပိုက်နှိုက်မခံရအောင် ဉာဏ်ထုတ်ပြီး စောင့်ရှောက်ကြရမယ်။

ဂ။ မီးဘေး

ကံကောင်းရင် မီးမလောင်ဘူး၊ သင်တို့ ထားချင်တိုင်းထားကြလို့ မြတ်စွာဘုရားက ဟောကြားမထားခဲ့ပါဘူး၊ န အဂ္ဂိ ဟရေယျုံ = မီးအလောင်မခံရအောင် ဉာဏ်ထုတ်ပြီး စောင့်ရှောက်ကြလို့သာ ဟောတော်မူခဲ့တယ်။ မီးလောင်တိုင်း ကံကိုသာပုံချနေတဲ့လူတွေဟာ ဒီဒေသနာတော်ကို ယ်ရာရောက်နေတယ်။ ဒီဒေသနာတော်အရ မိမိတို့ရဲ့ ပစ္စည်းဥစ္စာတွေကို မီးမလောင်ရအောင် အဆောက်အအုံတွေကို မီးမလောင်နိုင်တဲ့ပစ္စည်းမျိုးနဲ့ ဆောက်ရမယ်၊ မီးအာမခံထားရမယ်၊ မီးသတ်ဆေးဘူး၊ သဲပုံး ရေပုံးစတဲ့ ကိရိယာတန်ဆာပလာတွေကို အသင့်ထားရမယ်။

ဃ။ ရေဘေး

မြန်မာနိုင်ငံမှာ ရေ မကြာခဏ လွှမ်းမိုးတတ်တယ်။ ဒီရေလွှမ်းမိုးတဲ့ ဒေသက လွတ်အောင် သင့်တော်တဲ့ တာတမံတွေကို အချိန်မီလုပ်ပေးရမယ်။ ရေလွှမ်းမိုးတဲ့အကြောင်းရင်းကိုရှာပြီး ဒီအကြောင်းရင်းတွေကို ဖယ်ရှားပစ်ရမယ်။ ရေမလွှမ်းနိုင်အောင် ကံကိုသာ အားကိုးနေလို့မရဘူး။ ဉာဏ်ကိုလည်း အားကိုးရမယ်။

င။ သားဆိုး သမီးဆိုးဘေး

တချို့မိဘတွေမှာ သားဆိုး သမီးဆိုး ရှိတယ်။ ဒီသားဆိုးသမီးဆိုး ... ခံဘက ဘယ်လိုဆုံးမပေမယ့် မရဘဲ မိဘစကားကို ဖောက်လှန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အရက်သမား အစားသမား၊ မိန်းမကျူးသူများ၊ ပွဲလမ်းသဘင် အပျော်အပါး ကျူးသူများ ဖြစ်လာကြတယ်။ ဒီသားသမီးတွေဟာ မိဘကို ဘာမှ အကူအညီမပေးဘဲ ရှိတဲ့ပစ္စည်းကိုသာ ရတဲ့နည်းနဲ့ ခိုးယူကြတဲ့အတွက် မိဘတွေရဲ့ ဥစ္စာပစ္စည်းလည်း ပျက်တတ်တယ်။ ဒီလို သားသမီးမျိုးကို တရားသဖြင့် ဆုံးမလို့ မရတဲ့အခါ ညှာမနေဘဲ သင့်တော်တဲ့နည်းနဲ့ သားသမီးအဖြစ်က ရပ်စဲပစ်ရမယ်၊ သူတို့ကို ဒီလို ရပ်စဲမပစ်ရင် ပစ္စည်းတွေကို ခိုးလို့မရအောင် အထူးစောင့်ရှောက်ထားရမယ်။

အခုပြောတဲ့ မင်း၊ ခိုးသူ၊ မီး၊ ရေ၊ သားဆိုးသမီးဆိုး ဆိုတဲ့ရန်သူတွေဟာ အမှန်စင်စစ်တော့ အပြင်ရန်သူတွေပဲ ဖြစ်တယ်။

မိမိတို့ရဲ့ ဥစ္စာပစ္စည်းတွေကို လျှော့ကျ ပျက်စီးအောင် လုပ်နိုင်တဲ့ အတွင်းရန်သူဆိုတာ ရှိသေးတယ်။

ဒီအတွင်းရန်သူတွေဟာ လေးမျိုးရှိတယ်။ ဒီလေးမျိုးကတော့ မိန်းမ၊ အရက်၊ အလောင်းအစား၊ မိတ်ဆွေတုတို့ပဲဖြစ်တယ်။ လူတစ်ယောက်ဟာ ပစ္စည်းရှာတဲ့နေရာမှာ ဘယ်လောက်ပဲတော်တော်၊ သူရှာလို့ရတဲ့ ပစ္စည်းတွေကို အပြင်ရန်သူတွေရဲ့ ဘေးကလွတ်အောင် ဘယ်လောက်ပဲ အကာအကွယ် အစောင့်အရှောက်ကောင်းကောင်း၊ ကိုယ့်ကို မကောင်းတာ လုပ်ဖို့ တိုက်တွန်းတတ်တဲ့ ခင်ပွန်းယုတ်တွေနဲ့ ပေါင်းပြီး အရက်မူးနေမယ်၊ မိန်းမကျူးနေမယ်၊ အလောင်းအစားကျူးနေမယ်၊ ပွဲလမ်းသဘင် အပျော်အပါး ကျူးနေမယ်ဆိုရင် ဒီသူရဲ့ ပစ္စည်းဥစ္စာဟာ မကြာခင် လျှော့ကျ ပျက်စီးရမှာပဲ၊ ဒါကြောင့် ကြီးပွားတိုးတက် ချမ်းသာချင်တဲ့ လူတွေဟာ ဒီအတွင်းရန်သူကိုလည်း အထူးသတိထားပြီး ဝေးရာက ရှောင်ရှားကြရလိမ့်မယ်။

၃။ မိမိအင်အားနှင့် ချိန်ဆပြီး မျှတစွာ အသက်မွေးမြူခြင်းနှင့် ပြည့်စုံခြင်း ဆိုတာ ဘယ်လိုမွေးမြူခြင်းမျိုးလဲ။



ဝန်နဲ့အား၊ မြားနဲ့လေးဆိုတဲ့ စကားလို မိမိမှာရှိတဲ့ ပစ္စည်းအင်အားနဲ့ မျှတအောင် သုံးစွဲရမယ်။ ဥပမာ ကျွမ်းကျင်လှတဲ့ ဈေးသည်တစ်ယောက်ဟာ ချိန်ခွင်ကို ချိန်တဲ့အခါ ချိန်ခွင်လျှာဟာ ဟိုဘက်ဒီဘက် မယိမ်းဘဲ တည့်တော်နေတယ်၊ အဲဒီလိုပဲ လူတစ်ယောက်ဟာ သုံးစွဲတဲ့နေရာမှာ ကိုယ့်ပစ္စည်း အင်အားကိုကြည့်ပြီး လျော့လည်း မလျော့လွန်းအောင်၊ ပိုလည်း မပိုလွန်းအောင် သုံးစွဲရမယ်။ မြတ်စွာဘုရားအလိုတော်ကျအတိုင်းဆိုရင် မိမိရဲ့ပစ္စည်းကို လေးပုံ ပုံပါ။ တစ်ပုံကို သုံးလည်း သုံးပါ။ လှူလည်း လှူပါ။ နှစ်ပုံကို အရင်းအနှီးလုပ်ပါ။ ကျန်တဲ့တစ်ပုံကို အရေးအကြောင်းပေါ်လာရင် အသင့်သုံးနိုင်အောင် ရန်ပုံငွေအဖြစ်နဲ့ သိုသန့်ထားပါ။

၄။ ကောင်းသော အဆွေခင်ပွန်းတို့နဲ့ ပေါင်းသင်းရခြင်းနှင့် ပြည့်စုံခြင်း ဆိုတာ ဘယ်လိုဟာမျိုးလဲ။

မိမိတို့နေတဲ့ အရပ်ထဲမှာပဲဖြစ်ဖြစ်၊ ရွာထဲမှာပဲဖြစ်ဖြစ်၊ မြို့ထဲမှာပဲ ဖြစ်ဖြစ် လူတချို့ရှိကြလိမ့်မယ်။ အဲဒီလူတွေထဲမှာ လူငယ်တချို့ဟာ ငယ်ပင်ငယ်ပေမယ့် ကြီးပွားစေနိုင်တဲ့ အကျင့်တရားတွေနဲ့ ပြည့်စုံကြတယ်။ လူကြီးတချို့လည်း အဲဒီလိုပဲ ကြီးပွားစေနိုင်တဲ့ အကျင့်တရားတွေနဲ့ပြည့်စုံကြတယ်။ သူတို့ဟာ ရတနာသုံးပါးကို ယုံကြည်တဲ့ သဒ္ဓါတရားနဲ့လည်း ပြည့်စုံကြတယ်။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲတယ်။ အလှူရေစက် လက်နဲ့မကွာ ပေးကမ်းစွန့်ကြဲ လှူဒါန်းကြတယ်။ ဉာဏ်ပညာနဲ့လည်းပြည့်စုံကြတယ်။ အဲဒီလူတွေနဲ့ အသိမိတ်ဆွေဖြစ်အောင် ပေါင်းသင်းရမယ်။ သူတို့ကျင့်တဲ့ အကျင့်တွေကို လိုက်ပြီးကျင့်ရမယ်။ သူတို့လှူတဲ့ အလှူအတန်းတွေကို တတ်နိုင်သရွေ့ လိုက်ပြီး လှူဒါန်းကြရမယ်။ သူတို့ ဉာဏ်ပညာတွေ မိမိလည်း ရှိလာအောင် သူတို့ကို အတုယူပြီး ကြိုးစားလေ့ရမယ်။ ဒီလိုမျိုးကို ရထားတဲ့ လူတစ်ဦးဟာ ကောင်းသော အဆွေခင်ပွန်းနဲ့ ပေါင်းသင်းရခြင်းနှင့် ပြည့်စုံတယ်လို့ ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဘိုးဆောင်နဲ့ သာခွန်းတို့လည်း ဒီသမ္မဒါတရားလေးပါးနဲ့ ပြည့်စုံအောင် အထူးကြိုးစားကြ' လို့ ဦးသူရိယက ဆုံးမတယ်။ သူငယ်ချင်းနှစ်ဦးလည်း ဦးဝညာကို ကန်တော့တဲ့နည်းတူ ကန်တော့ကြပြီး ကျောင်းက ထွက်သွားကြတယ်။

## အခန်း ၂

### သူဌေးဦးဘိုးဆောင် နှင့် သူဌေးကတော်ဒေါ်သန်းတင်

ဦးပညာဟာ ၄၅ ဝါ ရတဲ့အခါ သူ့အဓိဋ္ဌာန်အတိုင်း ဦးသူရိယကို ကျောင်းထိုင်ကို လွှဲအပ်ခဲ့ပြီး သူ့မွေးဖွားရာ အရပ်ဖြစ်တဲ့ တံခွန်တိုင်ရွာကိုပြန်ကြွသွားတယ်။ တံခွန်တိုင်ရွာနဲ့ နှစ်မိုင်ကွာလောက်မှာ တောအုပ်တစ်ခုရှိတယ်။ အဲဒီတောအုပ်ထဲမှာ သူ့အတွက် ကျောင်းကလေးတစ်လုံး၊ သူနဲ့ပါလာတဲ့ ကိုရင်ကလေး ရှင်ကောသလ္လအတွက် ကျောင်းကလေးတစ်လုံး အဆောက်ပြီး အဲဒီမှာပဲ သီတင်းသုံးနေတယ်။ ကျန်းမာရေး ညီညွတ်တဲ့အခါတိုင်း အဲဒီကျောင်းက တံခွန်တိုင်ရွာကို ဆွမ်းခံလာလေ့ရှိတယ်။

ဦးသူရိယကလည်း ကျောင်းထိုင်ဘုန်းကြီးဖြစ်ပြီး ငါးဝါအရမှာ ပျံတော်မူတယ်။ တိုက်အုပ်ဘုန်းကြီး ဦးရေဝတက ဦးသူရိယနေရာမှာ ကျောင်းထိုင်ဘုန်းကြီး ဖြစ်လာတယ်။

ကျောင်းက ထွက်သွားကြတဲ့ တပည့်ကြီးနှစ်ယောက်ထဲက ဘိုးဆောင် ... ဒေါ်အုံးမေ၊ သမီး မသန်းတင်တို့အိမ်မှာ သွားပြီးနေတယ်။ ဒေါ်အုံးမေ ... ဆိုးမဖြစ်တယ်။ သမီး မသန်းတင် ငါးနှစ်သမီးလောက်ရှိတဲ့အခါ ... ကျား ကိုငွေ အနိစ္စရောက်တယ်။ နောက်အိမ်ထောင်မပြုတော့ဘဲ ... ကို ကြီးပြင်းအောင် မွေးလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



သမီးကလေး အရွယ်ရောက်လာတဲ့အခါ အမေကို ပြန်ပြီး ကျေးဇူးဆပ်တဲ့အနေနဲ့ အမေကို ဘာမှ အလုပ်မခိုင်းတော့ဘူး။ သူကိုယ်တိုင် ဆေးလိပ်လိပ်ပြီး ကျွေးတယ်၊ တစ်ခါတစ်ရံ သားအမိနှစ်ယောက် ကန်တော်ဦးကျောင်းတိုက်မှာ ဥပုသ်လာစောင့်ကြရင်း ဘိုးဆောင်နဲ့ အသိအကျွမ်းဖြစ်သွားကြတယ်။

ဘိုးဆောင်လည်း ဘုန်းကြီးကျောင်းသားဘဝမှာ ဟိုလူပေး ဒီလူပေး ပေးသမျှကလေးတွေကို ကျစ်ကျစ်လျစ်လျစ် စုဆောင်းထားတာ လက်ထဲမှာ ငွေခြောက်ရာလောက်ရှိတယ်။ ဒေါ်အုံးမေကို ဒီငွေခြောက်ရာလောက်အပ်ပြီး ပန်းထိမ်အလုပ် သင်တယ်။ ဉာဏ်ကလည်းကောင်းတယ်၊ ဝီရိယလည်း ရှိတယ်၊ ဆရာသမားကိုလည်း ရိုသေတတ်တယ်ဆိုတော့ ပန်းထိမ်သင်လို့ ခြောက်လလောက်အရမှာ ဝင်ငွေကလေး နည်းနည်းပါးပါး ရလာတယ်၊ ရသမျှကိုလည်း တစ်ပြားတစ်ချပ်မှ မသုံးဘဲ ဒေါ်အုံးမေကိုသာ အကုန်အပ်တယ်။

တစ်နှစ်လောက်ကြာတော့ ဆရာက အလုပ်တချို့ကို လွှဲပေးနိုင်တဲ့ အခြေအနေအထိ ဘိုးဆောင် ရောက်လာတယ်။ အဲဒီအခါ ဝင်ငွေဟာ တစ်လဆိုရင် ရှစ်ဆယ်က တစ်ရာလောက်အထိဝင်လာတယ်။ မကြာခင်ဘဲ ဘိုးဆောင်ဟာ ဒေါ်အုံးမေအနားကပ်ပြီး အဒေါ် ကျွန်တော် မသန်းတင်ကို လိုချင်တယ်လို့ နားဖောက်တယ်။ ဒေါ်အုံးမေကလည်း သဘောတူပြီးသားဖြစ်နေတယ်။ သမီးကလည်း မေတ္တာရှိပြီးသားဖြစ်နေတဲ့အတွက် တနင်္ဂနွေ နှစ်ဖွတ်လောက်ကြာတဲ့အခါ ဒေါ်အုံးမေဟာ မိတ်ဆွေသင်္ဂဟ တချို့ကိုမိတ်ပြီး ဘိုးဆောင်နဲ့ သမီး မသန်းတင်တို့ကို မင်္ဂလာဆောင်ပေးလိုက်ပါတယ်။

နှစ်နှစ်လောက်ကြာတော့ ဘိုးဆောင်နဲ့ မသန်းတင်တို့မှာ သုခဆိုတဲ့ သားကလေးတစ်ယောက် ရလာတယ်။ နောက်ထပ် သုံးနှစ်လောက်ကြာတော့ ပန်းထိမ်ပညာမှာ အတော်ကလေး ခေါင်းဆောင်ပြီး လုပ်နိုင်တဲ့



အခြေအနေအထိ ဘိုးဆောင် တိုးတက်လာတယ်။ အဲဒီ အချိန်အခါဟာ ဆောရိုင်းတွေကို ရှင်းလင်းခုတ်ထွင်ပြီး လယ်တွေကို တည်နေတဲ့ အချိန်အခါ ဖြစ်တဲ့အတွက် တောနေလူတန်းစားတွေဟာ ရွှေတွဲလဲ ငွေတွဲလဲ ဖြစ်လာကြတဲ့ အချိန်အခါ ဖြစ်တယ်။ အဲဒါကြောင့် ဘိုးဆောင်ဟာ သူ့ဆရာဆီမှာ အခွင့်ပန်ပြီး ကံဘဲ့ ဆိုတဲ့ ဝါးခယ်မနဲ့ မိုင်လေးဆယ်လောက်ဝေးတဲ့ ရွာတစ်ရွာမှာ ပန်းထိမ်ဖိုတစ်ခု ခွဲထောင်တယ်။

ရွှေခြေချင်း၊ ရွှေလက်ကောက်၊ ရွှေဆွဲကြိုး၊ ရွှေလက်စွပ်၊ စိန်ချယ်လက်စွပ်၊ ရွှေကြယ်သီး ဆိုတာတွေဟာ နေ့မအား ညမအား လုပ်ရတယ်။ လာအပ်တဲ့ပစ္စည်းကို ပြီးမယ်ဆိုတဲ့နေ့မှာ ပြီးအောင်လုပ်ပေးနိုင်တဲ့ ပန်းထိမ်ဆရာတွေဟာ ရှားတယ်။ ဘိုးဆောင်ကတော့ ကတိတည်တယ်။ မပြီးရင် ညမအိပ်ဘဲ ပြီးအောင်လုပ်ပေးတယ်။ အဲဒါကြောင့် ပန်းထိမ်ဆရာထဲမှာ သူ့နာမည်ဟာ အတော်ကောင်းတယ်။ ပြီးတော့လည်း သူ့ဖိုရဲ့လက်ရာက အတော်ကောင်းတယ်။ နောက် ထပ်ပြီးတော့လည်း ရွှေဆိုရင် ရွှေအစစ်ကိုပဲ လုပ်ပေးတယ်။ စိန်ဆိုရင် စိန်အစစ်ကိုပဲ လုပ်ပေးတယ်။ တချို့ ပန်းထိမ်ဆရာတွေလို ရွှေခိုးတာတို့ ရွှေနဲ့ ကြေးနဲ့ ရောပေးလိုက်တာတို့ စိန်နဲ့ ဥဿဖယားနဲ့ လဲပေးလိုက်တာတို့ မရှိဘူး။

'ဒီဘဝ မြက်မြက်ကလေး ခဏစားရဖို့အတွက် သံသရာကြီး တစ်လျှောက်လုံးမှာ အကြာကြီးခံရတာမျိုးကို ငါ မလုပ်နိုင်ဘူးကွာ၊ မင်းတို့လည်း မလုပ်ကြနဲ့' လို့ သူ့တပည့်တွေကို ဘိုးဆောင်က မကြာခဏ ပြောလေ့ရှိတယ်။

အဲဒါကြောင့် ဘိုးဆောင်ဟာ နာမည်ကောင်းရပြီး အလုပ်သိပ်လုပ်တယ်။ အဲဒီအထဲမှာ လင်မယားနှစ်ယောက်စလုံးဟာ ဘုန်းတော်ကြီး ဦးပညာနဲ့ ဦးသုရိယတို့ သင်ကြားထားတဲ့အတိုင်း သမ္ဗဒါတရားလေးပါးနဲ့ [illegible]ကြတဲ့အတွက် မကြာမီ ပစ္စည်းအတော်စုမိပြီး မယား မသန်းတင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ကံဘဲ့မှာပဲ ကုန်စုံဆိုင်တစ်ခုကို ခွဲထောင်နိုင်တယ်။ လက်ထဲမှာ နောက်ထပ် ငွေအတော်စုမိလာတဲ့အခါ လယ်တွေကို ဝယ်တယ်။ မကြာခင်ဘဲ လယ်ဧက တစ်ထောင်ကျော်လောက် ဝယ်မိတယ်။ သူတို့ ဝယ်တုန်းက လယ်ဈေးဟာ တစ်ဧကကို လေးဆယ် ငါးဆယ်လောက်ပဲ ရှိတယ်။ သူတို့ ဝယ်ပြီးလို့ နှစ်နှစ်လောက်ကြာတဲ့အခါ လယ်ဈေးတွေဟာ တစ်ဧကကို နှစ်ရာ၊ နှစ်ရာ့ငါးဆယ်၊ သုံးရာအထိ ထိုးတက်သွားတယ်။

မကြာခင် ဘိုးဆောင်ဟာ သူ့မွေးရာဇာတိ ချက်မြှုပ်တဲ့ ဝဲကြီးရွာမှာ ဆန်စက်တစ်လုံးတည်တယ်။ ဝါးခယ်မအရှေ့ပိုင်း ဆေးရုံလမ်းမှာ တိုက်တစ်လုံးဆောက်ပြီး ဝါးခယ်မကိုပြန်ပြောင်းလာကြတယ်။ ကံဘဲ့က ပန်းထိမ်ဖိုကို ဘိုးဆောင်ဟာ သူ့တပည့်ကြီးမောင်အိမ်ကို လွှဲပေးလိုက်တယ်။ သူ ပန်းထိမ်စလုပ်ကတည်းက ကိုင်လာတဲ့ တူတစ်ချောင်းကိုတော့ သူ့ကို ဒီအခြေအနေရောက်အောင် ပြုစုပျိုးထောင်ပေးလိုက်တဲ့ ကျေးဇူးရှင်အဖြစ် ရွှေချပြီး သူ့အိပ်ခန်းထဲက မှန်ဗီရိုထဲမှာ တရိုတသေ အမြတ်တနိုး သိမ်းထားတယ်။ ကုန်စုံဆိုင်ကိုတော့ နည်းနည်းပါးပါး လျှော့ပေါ့ပြီး ကံဘဲ့က မိတ်ဆွေတစ်ဦးဖြစ်တဲ့ ဦးဧ ဒေါ်မိတို့ကို ရောင်းလိုက်တယ်။ အဲဒီ အချိန်ကစပြီး ဘိုးဆောင်နဲ့ မသန်းတင်တို့ဟာ ဝါးခယ်မမှာ မြေပိုင်ရှင်၊ ဆန်စက်ပိုင်ရှင် သူဌေး ဦးဘိုးဆောင် သူဌေးကတော် ဒေါ်သန်းတင်တို့ ဖြစ်လာကြတယ်။

## သာဒွန်း နဲ့ ရွှေတင်

ဘိုးဆောင်ရဲ့သူငယ်ချင်း သာဒွန်းကတော့ စက်မှုလက်မှုကို ဝါသနာ မပါဘူး။ အရောင်းအဝယ်ကို အားကြီး ဝါသနာပါတယ်။ အဲဒါကြောင့် ဘုန်းကြီးကျောင်းက ထွက်လာတဲ့အခါ သူစုထားတဲ့ ငွေခြောက်ရာလောက် ထဲက သမ္မန်တစ်ပတ်ရစ်တစ်စင်းကို နှစ်ရာပေးပြီး ဝယ်တယ်။ ကျန်တဲ့ ငွေကလေးနဲ့ ချည်လုံချည်များများ၊ ပိုးလုံချည်နည်းနည်း ဝယ်တယ်။



ကန်တော်ဦးကျောင်းမှာ ဥပုသ်လာစောင့်ရင်း ဆရာတော်ကိုလာပြီး ကန်တော့ရင်းနဲ့ သာဒွန်းကို ကောင်းကောင်း မျက်မှန်းတန်းမိနေတဲ့ အထည်သည် ဦးမှန် ဒေါ်စုတို့က သာဒွန်း ရိုးသားမှန်းသိသည့်အတွက် သူ့မှာ ငွေမတတ်နိုင်သေးရင် လိုသလောက် အကြွေးယူသွား၊ ရောင်းပြီးတော့မှ ပြန်ဆပ်လို့ သာဒွန်းကို ကူညီတဲ့အနေနဲ့ ပြောကြပါသေးတယ်။ သာဒွန်းက အလုပ် စ လုပ်လုပ်ချင်း အကြွေးမယူချင်ဘူး။ သူ နိုင်သလောက်နဲ့ပဲ စ ပါရစေလို့ ပြောပြီး လက်ငင်း ပေးနိုင်သလောက်သာ ဝယ်တယ်။ ပြီးတော့ ဘိုးဆိတ်ဆိုတဲ့ သူ့ထက် နှစ်နှစ်လောက်ငယ်တဲ့ သူငယ်တစ်ယောက်ကို သူ့ရဲ့အကူအညီနဲ့ ငှားတယ်။ သာဒွန်းဟာ သေချာ တိကျတာကို ကြိုက်တယ်။ အဲဒါကြောင့် ဘိုးဆိတ်ကို ငှားတဲ့အခါက တစ်ဆယ်ပဲပေးနိုင်မယ်၊ အလုပ်လုပ်ရင်း ဝတ်ဖို့ ဇင်ဘောင်းဘီနက် အတိုနှစ်ထည် ဝယ်ပေးမယ်၊ တစ်နှစ်အတွင်း စုတ်ရင် ကိုယ့်ဟာကိုယ် ဝယ်ရမယ်၊ တစ်နှစ်ကျော်ရင် အသစ်တစ်စုံ ထပ်ဝယ်ပေးမယ်၊ ထမင်းကျွေးမယ်၊ ဟင်းကောင်းနဲ့တော့ ကျွေးနိုင်ဘူး၊ သူစားသလို စားရမယ်လို့ တိတိကျကျ ပြောငှားတယ်။

သာဒွန်းဟာ အထည်တွေကို ယူပြီး ပင်လယ်ပိုင်းကရွာတွေမှာ သွားရောင်းတယ်။ အထည်ရောင်းလို့ရတဲ့ ပိုက်ဆံနဲ့ ပင်လယ်ပိုင်းက ငံပြာရည်၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တွေကို ဝယ်လာတယ်။ ဝါးခယ်မ ပြန်ရောက်တဲ့အခါ ဦးပညာနဲ့ ဦးသုရိယတို့ကို ငါးရံ့ခြောက်နဲ့ ပုစွန်ခြောက် ဦးဦးဖျားဖျား သွားလှူလိုက်တယ်။ ပြီးတော့မှ ဘုန်းကြီးကျောင်းကို မကြာခဏ လာကြလို့ သူနဲ့ မျက်မှန်းတန်းနေကြတဲ့သူတွေဆီကို ငံပြာရည်၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တွေ လျှောက်ရောင်းတယ်။

ရေရောထားတဲ့ ငံပြာရည်၊ ဖွဲနုထိုးထားတဲ့ ငါးပိ၊ ရေစိမ်ထားတဲ့ [illegible]ခြောက်၊ အဖြုန်းတွေရောထားတဲ့ ပုစွန်ခြောက်တွေနဲ့ ယှဉ်လိုက်တဲ့ [illegible] သာဒွန်းရဲ့ ငံပြာရည်၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တွေဟာ

www.burmeseclassic.com

www.burmeseclassic.com



သိပ်တောင်းနေတဲ့အတွက် လူကြိုက်များတယ်။ ပထမ ဝယ်စားကြတဲ့ လူတွေကတစ်ဆင့် ကြော်ငြာပေးတဲ့အတွက် သာဒွန်းရဲ့ ပင်လယ်ကုန်တွေဟာ ဝါးခယ်မကို ရောက်တာနဲ့ ကုန်သွားတာပဲ။

အဲဒီ ပင်လယ်ကုန်ကို ရောင်းလို့ရတဲ့ ပိုက်ဆံနဲ့ နောက်ထပ်အထည် ဝယ်ပြီး ပင်လယ်ပြန်ဆင်းတယ်။ အဲဒီလို လေး ငါး ခြောက်ခေါက်လောက် ပင်လယ်ပိုင်းနဲ့ ဝါးခယ်မကို အသွားအပြန်လုပ်ပြီး သာဒွန်းဟာ ဝါးခယ်မက ထွက်တဲ့အခါ ရှေးကလို အထည်တွေကိုသာ မဟုတ်တော့ဘူး။ ပင်လယ် ပိုင်းက အသိမိတ်ဆွေတချို့က မှာလိုက်တဲ့ ကုန်ပစ္စည်းတွေနဲ့ အထည်အပြင် ပင်လယ်ပိုင်းမှာ ရောင်းကောင်းမယ်လို့ သူစုံစမ်းရရှိခဲ့တဲ့ ကုန်ပစ္စည်းတွေ ကိုပါ ဝယ်သွားတယ်။

ဝါးခယ်မက ကုန်သည်တွေဆီက အထည် အစရှိတဲ့ ကုန်တွေကို ဝယ်ပြီး၊ ပင်လယ်ပိုင်းမှာ သွားရောင်းရတာကို သာဒွန်းရဲ့ စိတ်ထဲမှာ အားမလို အားမရ ဖြစ်နေတယ်။ ဒီကုန်သည်တွေ ရန်ကုန်မှာ ကုန်တွေ သွားဝယ်နိုင်ရင် သူလည်း ဘာဖြစ်လို့ မဝယ်နိုင်ရမှာလဲ။ သူစားဖို့ အမြတ်တွေကို ဘာဖြစ်လို့ ဒီကုန်သည်တွေကို ပေးရမှာလဲလို့ တွေးပြီး ဝါးခယ်မမှာ အထည် အစရှိတဲ့ ကုန်မျိုးစုံကို ရောင်းတဲ့ ကုန်စုံဆိုင်ကြီးတစ်ခုကို တည်ဖို့ အကြံတစ်ခုဟာ သာဒွန်းရဲ့ ခေါင်းထဲမှာ အမြဲပေါ်နေတယ်။

ဒီအကြံ အောင်မြင်ဖို့အတွက် ငွေက ဒီလောက်အရေးမကြီး၊ သူ စိတ်ချ ယုံကြည်ရပြီး အရည်အချင်းရှိတဲ့ တပည့်တွေရဖို့သာ အရေးကြီး တယ်လို့ သာဒွန်း ယုံကြည်တယ်။ ဒါကြောင့် သူ့တပည့် ဘိုးဆိတ်ဟာ တစ်နှစ်လောက်ကြာလို့ ရိုးသားဖြောင့်မတ်တာကို သူတွေ့ရတဲ့အခါ အရည် အချင်းရှိလာဖို့အတွက် တတ်နိုင်သလောက် သူသင်ပေးတယ်။ ကုန်ဝယ်တဲ့ ကုန်ရောင်းတဲ့ နေရာတွေကို သူခေါ်သွားတယ်။ တစ်ခါတလေ ကျင့်သား ရအောင် တစ်ယောက်တည်း စမ်းလွှတ်ကြည့်တယ်။ အရည်အချင်းအတော်



ပြည့်ဝလာတဲ့အခါ လခကို တစ်ဆယ်က နှစ်ဆယ်ငါးကျပ်အထိ တိုးပေး တယ်။ တစ်နှစ်ကို ချည်ထည်ဝတ်စုံ နှစ်စုံကိုလည်း နောက်ထပ်ဝယ်ပေး တယ်။

သာဒွန်းရဲ့လက်ထဲမှာ ငွေတစ်ထောင်လောက် စုမိလာတဲ့အခါ မပြတ်သည်ကလေး ရွှေတင်ကို ယူရရင် ကောင်းမလားလို့ စဉ်းစားမိတယ်။ ရွှေတင်တို့မှာ ညီအစ်ကို မောင်နှမ ခုနစ်ယောက် ရှိတယ်။ အကြီးဆုံးက ကိုနက်ကလေး၊ ကိုနက်ကလေးအောက် မအေးဘုံ၊ မအေးဘုံအောက် ခံမယ်၊ မခံမယ်အောက် မောင်လုံးတင်၊ မောင်လုံးတင်အောက် မောင်ဘရွှေ၊ မောင်ဘရွှေအောက် မရွှေတင်၊ မရွှေတင်အောက် မရွှေခင် ဆိုတဲ့ ညီအစ်ကို မောင်နှမတွေပဲဖြစ်တယ်။

ကိုနက်ကလေးဟာ သာဒွန်းတို့အရင် သုံးနှစ်စောပြီး ကန်တော်ဦး ကျောင်းကို ရောက်လာတယ်။ ကျောင်းသားဘဝနဲ့ နှစ်နှစ်လောက်နေပြီး ကိုရင်ဝတ်တယ်။ ကိုနက်ကလေးဟာ သာဒွန်းထက် ဆယ်နှစ်လောက် ကြီးတယ်။ သာဒွန်းတို့ ကန်တော်ဦးကျောင်းကို ရောက်လာတော့ ကိုနက် ကလေးဟာ ကိုရင် တစ်ဝါရနေပြီ။ ကိုနက်ကလေးဟာ စိတ်တိုတယ်၊ ဒေါသကြီးတယ်၊ သူ့မျက်လုံးတွေကိုကြည့်ရတာ အမြဲတမ်း ဒေါသဖြစ်နေ သလို ပေါ်နေတယ်။ ဒါကြောင့် ကျောင်းသားကလေးတွေဟာ ကိုရင် ကိုနက်ကလေးကို သိပ်ကြောက်တယ်။ အနားမကပ်ရဲဘူး။

ဘဝက ရေစက်ကြောင့်ပဲထင်ပါရဲ့။ သာဒွန်းတစ်ယောက်ပဲ ကိုနက် ကလေး အနားကပ်တယ်။ ကိုရင် ကိုနက်ကလေးကလည်း သာဒွန်းကို အတော်ချစ်တယ်။ သူရသမျှ အစားအစာတွေဆိုရင် သာဒွန်းကို ဝအောင် ကျွေးတာပဲ။ သူ စေစရာရှိတဲ့ အလှူပစ္စည်းတွေဆိုရင်လည်း သာဒွန်းနဲ့သင့်တော် ရင်တော့ဟာ သာဒွန်း အကုန်ရတာပဲ။ ကိုရင်နက်ကလေးဟာ သူ့မိဘအိမ်ကို တစ်ခါသွားရင် သာဒွန်းကို ခေါ်သွားလေ့ရှိတယ်။ သာဒွန်းလည်း

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို လိုက်လိုက်သွားရင်းက ကိုနက်ကလေးရဲ့ မိဘများနဲ့ရော ညီအစ်ကိုမောင်နှမတွေနဲ့ရော ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဖြစ်လာတယ်။

ကိုရင်ကိုနက်ကလေးဟာ ရဟန်းဆက်ပြုပြီး ခြောက်ဝါလောက်ရတော့ ကန်တော်ဦးကျောင်းတိုက်ထဲက ဦးဘိုးဟံ ဒေါ်ညိုတို့ ဇရပ်ထဲမှာ အမိန့်တော်ရကတော် ဒေါ်သောင်း ဆိုတာဟာ ယောကျ်ားဆုံးပြီး စိတ်ညစ်ညစ်နဲ့ ဥပုသ်ရက်ရှည် လာစောင့်နေတယ်။

ဒီဒေါ်သောင်းဟာ ဦးနက်ကလေး (ခေါ်) ဦးနန္ဒိယကို သူ့ဇရပ်ပင့်ပြီး ခဏခဏ တရားနာတယ်၊ ဆွမ်းကပ်တယ်၊ ဖျော်ရည်ကပ်တယ်၊ ဟိုဟာဒီဟာ လှူဖွယ်ဝတ္ထုကလေးတွေကို လှူတယ်၊ အတော်ကလေးကြာတော့ ဒေါ်သောင်းဟာ ဦးနန္ဒိယကို ရိသဲ့သဲ့ ချိတ်တိတ်တိတ်စကားတွေပြောလာတယ်။ ဦးနန္ဒိယကို မြင်စကတည်းက သူ့ရင်ထဲ အသည်းထဲမှာ ဘယ်လိုနေမှန်း မသိဘူး၊ ပုတီးစိပ်ရင်းလည်း ဦးနန္ဒိယမျက်နှာကိုပဲ မြင်နေရတာပဲ၊ ထမင်းစားနေရင်းလည်း ဦးနန္ဒိယရဲ့မျက်နှာကိုပဲ မြင်နေရတာပဲ၊ အိပ်ရာထဲလှဲနေရင်းလည်း ဦးနန္ဒိယရဲ့ မျက်နှာကိုပဲ မြင်နေရတာပဲ၊ သူ့မှာအိမ်တစ်လုံးရှိတယ်၊ လက်ဝတ်လက်စားတွေ တစ်သောင်းကျော်ဖိုးရှိတယ်၊ ငွေကလည်းသုံးသောင်းလောက်ရှိတယ်၊ ဦးနန္ဒိယရဲ့ ညီအစ်ကိုမောင်နှမတွေကိုလည်း သူကြည့်ရှုစောင့်ရှောက်နိုင်ပါတယ် ဆိုတဲ့ စကားမျိုးတွေကို သူပြောလာတယ်။

ဦးနန္ဒိယဟာ လောကုတ္တရာစာပေထဲမှာ စိတ်ဝင်စားနေတယ်၊ စာကိုကြိုးစားပြီး သင်နေတယ်၊ မိန်းမတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် မလုပ်ချင်ဘူး၊ ဒါကြောင့် ဒေါ်သောင်းပင့်တာတွေကို မသွားတော့ဘဲ ရှောင်နေလိုက်တယ်။

သုံးလေးလလောက်ကြာတဲ့အခါ ဒေါ်သောင်းဟာ တိုက်အုပ်ဘုန်းကြီးဦးသုရိယ၊ ဦးနန္ဒိယနဲ့ ဦးတေဇိန္ဒတို့ကို သူ့ဇရပ်မှာ ဆွမ်းစားကြွဖို့ ဦးသုရိယဆီမှာ သူကိုယ်တိုင်ပင့်တယ်၊ ဦးသုရိယ ဆွမ်းစားကြွတဲ့အခါ ဦးနန္ဒိယဟာ မလိုက်ဘဲ မနေနိုင်တော့ဘူး။ လိုက်သွားရတယ်။ အဲဒီ ဆွမ်းစားကအပြန်



သုံးရက်လောက်အကြာမှာ ဦးနန္ဒိယဟာ ရင်တွေပူတယ် ပူတယ်ဆိုပြီး သူ့ခုတင်ပေါ်မှာ လှိမ့်နေရတယ်။ တိုက်အုပ်ဘုန်းကြီး ဦးသုရိယကလည်း ကျောင်းမှာရှိတဲ့ ဆေးဝါးနဲ့ တတ်သရွေ့ မှတ်သရွေ့ ကုနေတုန်း ဦးနန္ဒိယရဲ့ ရောဂါဟာ ပိုပြီး ပြင်းထန်လာတယ်။ ပါးစပ်ကလည်း ကယောင်ချောက်ချားတွေ ပြောလာတယ်။

အဲဒီအခါ ဦးနန္ဒိယရဲ့ မိဘတွေကို အကြောင်းကြားရတယ်။ မိဘတွေလည်း ပယောဂထင်ပြီး ပယောဂဆရာတစ်ယောက်နဲ့ ကုတယ်၊ ဆရာလည်း နိုင်ပုံမပေါ်ပါဘူး၊ ဦးနန္ဒိယရဲ့ ရောဂါဟာ ပိုဆိုးလာတယ်၊ နည်းနည်းလည်း ကြမ်းလာတယ်။ ပါးစပ်ကလည်း မိသောင်း ငါ့နားမလာနဲ့၊ နင့်ကိုငါကြောက်တယ်ဆိုတာကိုလည်း ခဏခဏပြောနေတယ်။ အဲဒါကြောင့် သူ့မိဘတွေဟာ သူ့ကို လူဝတ်လဲပြီး အိမ်ကို ခေါ်သွားရတယ်။ အိမ်ကိုရောက်တော့မှ သိပ်ကြမ်းလာတာပဲ၊ ပိုးကောင်တွေသတ်၊ အိမ်အနီးအနားက [illegible]တွေ ကြက်တွေသတ်၊ လူတွေကို ခဲနဲ့လိုက်ပေါက်။

အဲဒီလိုကြမ်းလာတာနဲ့ သူ့အိမ်ထဲမှာ သံကြိုးနဲ့ ခါးပတ်ပြီး သော့ခတ်ထားရတယ်။ အဲဒီလို သံကြိုးနဲ့ တုပ်ထားတဲ့အခါ အရင်ထက်တောင် [illegible]ဆိုးလာပြန်ရော။ ထမင်းမှန်း ဟင်းမှန်းလည်း မသိတော့ဘူး၊ အဝတ်အစား[illegible]ည်း ကိုယ်မှာမကပ်ဘူး၊ ချေး သေးကို ယိုချင်တဲ့နေရာ ပါချင်တဲ့နေရာ [illegible]ရမ်းယိုချ ပါချတော့တာပဲ၊ လေးလလောက်ကြာတော့ ဒီရူးတဲ့ဝေဒနာနဲ့ပဲ [illegible]က်ကလေး အနိစ္စရောက်သွားရှာတယ်။

အဲဒီကိုနက်ကလေးရဲ့ညီမ ရွှေတင်ဟာ သာဒွန်းထက် နှစ်နှစ်ငယ်[illegible]။ သာဒွန်း ကျောင်းကထွက်ပြီး ပင်လယ်ဆင်းတဲ့အချိန်မှာ ရွှေတင်ဟာ [illegible] နှစ်လောက်ရှိပြီ။ သမီးကောင်းတစ်ဦး ဖြစ်တဲ့အတိုင်း နေ့စဉ်ပဲပြုတ်[illegible]ရောင်းပြီး မိဘကို လုပ်ကျွေးနေတယ်။ ရွှေတင်ဟာ အချောအလှ [illegible] တော်ရုံတန်ရုံထဲကပါပဲ။ သာဒွန်းဟာ ရုပ်ကို မ[illegible]က်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ရွှေတင်ဟာ အကျင့်စာရိတ္တ ရှိ မရှိကို သူ ပထမ စုံစမ်းတယ်၊ ဒါပြီးတဲ့နောက် သူနဲ့အတူတူ ဆင်းရဲခံပြီး ပစ္စည်းရှာနိုင်ပါ့မလား ဆိုတာကို သူ စုံစမ်းတယ်၊ သူလိုချင်တဲ့ အင်္ဂါနှစ်ရပ်စလုံးနဲ့ ရွှေတင်ဟာ ပြည့်စုံနေတယ်။

ဒါပေမယ့် သူ့လက်ထဲမှာ ငွေကလေးတစ်ထောင်လောက် စုမိရုံနဲ့ မိန်းမယူလိုက်ရင် အလျှင်စလို မစဉ်းစားဘဲ လုပ်ရာများကျနေမလားလို့လည်း သူတွေးမိတယ်။ ဒါကြောင့် ရွှေတင်ကို နားမဖောက်သေးဘဲ မယားယူဖို့ ကိစ္စကို တစ်နှစ်လောက် ရွှေ့ဆိုင်းထားဖို့ သာဒွန်း ဆုံးဖြတ်လိုက်တယ်။ နောက်တစ်နှစ် စေ့ပြန်တော့လည်း မိန်းမယူတဲ့နေရာမှာ အလျှင်စလို လုပ်တာ မကောင်းဘူး။

'အိမ်ထောင်ပြု ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး၊ ဒီသုံးချက်ခုမပိုင်လျှင် နောင်ပြင်နိုင်ခက်သည့်အမျိုး' ဆိုတဲ့ ပညာရှိတွေရဲ့စကားရှိတယ်။ နောက်တစ်နှစ် ဆက်စောင့်လိုက်ဦး ဟု သာဒွန်း သန္နိဋ္ဌာန်ချလိုက်ပြန်တယ်။

အဲဒီတစ်နှစ်စေ့တဲ့အခါ သာဒွန်းလက်ထဲမှာ ငွေလေးထောင်လောက် စုမိရုံနဲ့ မိန်းမယူလိုက်ရင် အလျှင်စလို မစဉ်းစားဘဲ လုပ်ရာများကျနေမလားလို့လည်း သူတွေးမိတယ်။ ဒါကြောင့် ရွှေတင်ကို နားမဖောက်သေးဘဲ မယားယူဖို့ကိစ္စကို တစ်နှစ်လောက် ရွှေ့ဆိုင်းထားဖို့ သာဒွန်းဆုံးဖြတ်လိုက်တယ်။ နောက်တစ်နှစ် စေ့ပြန်တော့လည်း မိန်းမယူတဲ့နေရာမှာ အလျှင်စလို လုပ်တာမကောင်းဘူး။

'အိမ်ထောင်ပြု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဒီသုံးချက်ခုမပိုင်လျှင် နောင်ပြင်နိုင်ခက်သည့် အမျိုး' ဆိုတဲ့ ပညာရှိတွေရဲ့ စကားရှိတယ်။ နောက်တစ်နှစ် ဆက်စောင့်လိုက်ဦး ဟု သာဒွန်း သန္နိဋ္ဌာန်ချလိုက်ပြန်တယ်။



အဲဒီတစ်နှစ်စေ့တဲ့အခါ သာဒွန်းလက်ထဲမှာ ငွေလေးထောင်လောက် ...သွားပြီ၊ အဲဒီအခါ သူ့မူလ သမ္ဘန်ကို ရောင်းပစ်ပြီး ရွက်လှေကြီးတစ်စင်း ...ဝယ်တယ်။ ဒီရွက်လှေကြီးကိုဝယ်ပြီးရင်တော့ သူ မိန်းမယူရတော့မယ်၊ ...လို့မဖြစ်ဘူး။ ပင်လယ်ကုန်တွေဟာ ရှေးတုန်းကထက် လေး ငါးဆ ...ဘက် ပါလာတော့မယ်။ အဲဒီတော့ အရင်လို အသီအိမ်တွေလိုက်ရောင်းရုံနဲ့ ...တော့ဘူး၊ ငါးပိ၊ ငါးခြောက် ဆိုင်တစ်ဆိုင်ဖွင့်ရမယ်။ သူ ပင်လယ်ကို ...င်းနေတုန်း ဒီ ငါးပိ၊ ငါးခြောက်ကို ဆိုင်ထိုင်ရောင်းနေဖို့ သူ့မှာမိန်းမ ...စ်ယောက် လိုလာပြီ။

အဲဒီတော့ တစ်နေ့ကျတော့ သာဒွန်းဟာ ရွှေတင်ကိုလိုချင်တဲ့ ...ကြောင်း၊ ရွှေတင်ရဲ့ အမေဆီကိုသွားပြီး နားဖောက်တယ်။ အဲဒီ နား ...ာက်ပြီး မကြာခင်ဘဲ အသိမိတ်ဆွေ အနည်းအကျဉ်းလောက်ဖိတ်ပြီး ...ာဒွန်းနဲ့ ရွှေတင်တို့ မင်္ဂလာဆောင်လိုက်ကြတယ်။ တစ်နှစ်ကြာတဲ့အခါ ...ာဒွန်းနဲ့ ရွှေတင်တို့မှာ ခင်ဦးဆိုတဲ့ သားကလေးတစ်ယောက် ရလာ ...ယ်။

သူငယ်ချင်း ဘိုးဆောင်ဟာ က်ဘဲ့မှာ ပန်းထိမ်ဖိုခွဲထောင်တဲ့အခါ ...သူငယ်ချင်း သာဒွန်းကို မမေ့ဘူး။ သမ္ဗဒါတရားတော်အရ ပစ္စည်းရှာဖို့ ...တွက် က်ဘဲ့ဟာ သင့်တော်တဲ့နေရာတစ်ခုဖြစ်တဲ့အကြောင်းရှင်းပြတယ်။ ...ဒွန်းကလည်း သဘောကျတယ်။ ဒါပေမယ့် သူ့ပင်လယ်ကုန်တွေဟာ ...တော်နာမည်ရနေပြီ။ သာဒွန်း ငံပြာရည်၊ သာဒွန်းငါးခြောက်၊ သာဒွန်း ... သာဒွန်း ပုစွန်ခြောက်ဆိုရင် ဝါးခယ်မမြို့ပေါ်မှာသာမက တစ်နယ်လုံး ... လူကြိုက်များနေတယ်။ အဲဒီလို အခြေစိုက်ပြီးသားဖြစ်နေတဲ့ အလုပ် ...ကိုပစ်ပြီး အလုပ်သစ်တစ်ခုနောက်ကို လိုက်ဖို့အတွက် သာဒွန်းဟာ ...ယ်နဲ့ ဆုံးဖြတ်လို့မရဘူး၊ အဲဒါကြောင့် စဉ်းစားဖို့ ခြောက်လ ... သူ့ သူငယ်ချင်း ဘိုးဆောင်ဆီမှာ ခွင့်တောင်းတယ်။ အဲဒီအတွင်း

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင် ပင်လယ်ကို မလိုက်ဘဲ ဘိုးဆိတ်ကို သူ့ကိုယ်စား ခေါင်းဆောင်စေပြီး ပင်လယ်ကို လှေနဲ့ လွှတ်လိုက်တယ်။ ဘာမှ ဖိတ်ဖိတ်စဉ်စဉ် မရှိဘဲ သူကိုယ်တိုင်သွားသလို အားလုံး ပြည့်ပြည့်စုံစုံဖြစ်လာတာကို တွေ့ရတယ်။

အဲဒီလို သုံးကြိမ်တိုင်တိုင် အောင်မြင်လာတဲ့အခါ သာဒွန်းဟာ သူ့မိန်းမ ရွှေတင်နဲ့တိုင်ပင်ပြီး ဘိုးဆိတ်ကို ရွှေတင်ရဲ့ညီမ စက်ချုပ်သင်နေတဲ့ ရွှေခင်နဲ့ ပေးစားလိုက်တယ်။ အဲဒီလို ပေးစား၊ လခကိုတစ်ရာအထိ တိုးပေးပြီး ညီတော်မောင် ဘိုးဆိတ်ကို သာဒွန်းဟာ ပင်လယ်ပိုင်းဆိုင်ရာ အလုပ်လွှဲပေးလိုက်တယ်။

ပင်လယ်ပိုင်းအလုပ်အတွက် စိတ်ချရတဲ့အခါ သာဒွန်းဟာ ကဲဘဲ့ကို လိုက်သွားပြီး ကဲဘဲ့ရဲ့ အခြေအနေကို စုံစမ်းတယ်။ ပစ္စည်းရှာဖို့အတွက် နေရာကောင်းတစ်ခုဆိုတာကို သိရတဲ့အခါ ရောင်းကောင်းမယ့် ပစ္စည်းတွေကို စုံစမ်းတယ်။ အားလုံးပြည့်စုံတော့မှ ဝါးခယ်မမှာ မယားမရွှေတင်ဆီက သူတို့ စုထားတဲ့ငွေခြောက်ထောင်ကိုယူပြီး ကုန်ဝယ်ရအောင် ရန်ကုန်ကို လိုက်သွားတယ်။ သာဒွန်းလည်း ဘိုးဆောင်လိုပဲ ရိုးသားဖြောင့်မတ်တဲ့အတွက် ဝယ်သူတွေက သိပ်ပြီးယုံတာပဲ။ ကုန်သည်ဆိုတာ ဝယ်သူရဲ့ ယုံကြည်မှုကို ရပြီဆိုရင် ဗေဒင်မေးမနေနဲ့တော့ စီးပွားတက်တာပဲ၊ သာဒွန်းလည်း ကုန်အမျိုး မမှားရအောင် အဖိုးမများရအောင် အထူး ဂရုစိုက်တယ်။

'ဝယ်သူတွေဟာ တို့ရဲ့ ကျေးဇူးရှင်တွေပဲ၊ သူတို့ကို မပြစ်မှားကောင်းဘူး၊ သူတို့မှာလည်း လိုချင်တဲ့ပစ္စည်းကို အမျိုးမမှား အဖိုးမများဘဲရကြပါစေ၊ ကိုယ့်မှာလည်း တရားနဲ့လျော်ညီတဲ့ အမြတ်အစွန်းကို ရပါစေ အဲဒီစိတ်ထားပြီး ရောင်းရမယ်၊ အဲဒါမှ သမ္မာအာဇီဝ ကောင်းတဲ့အသက်မွေးဝမ်းကျောင်း ဖြစ်မယ်၊ ဒီလိုမဟုတ်ဘဲ အမျိုးမမှန်တာတွေ လိမ်ထေ



…ိုးတွေကျပြန်တော့လည်း ရသလောက် အတင်းညှစ်ပြီး ယူကြမယ်ဆိုရင် …မ္မာအာဇီဝ မကောင်းတဲ့ အသက်မွေးဝမ်းကျောင်းဖြစ်မယ်၊ ဒီလို မိစ္ဆာ …ာဇီဝရှိတဲ့လူတွေဟာ ဒီဘဝမှာလည်း မကြီးပွားဘူး၊ သားစဉ်မြေးဆက် …ငှပ်တွေ၊ လူပွေတွေ၊ လူယုတ်မာတွေဆိုတဲ့ နာမည်ဆိုးသာ အဖတ်တင် …န်ရစ်ခဲ့တာပဲ၊ သေပြန်တဲ့အခါလည်း ငရဲကျဦးမယ်၊ ငရဲကလွတ်ပြန်လည်း …ဒီ မဟုတ်တာလုပ်ထားတဲ့ အကုသိုလ်ကံကြွင်းတွေကြောင့် သူများခိုင်းတဲ့ …ေတွ၊ သူများစီးတဲ့မြင်းတွေ၊ သူများရဲ့အိမ်မှာ ခိုင်းတာလုပ်ရပြီး သူများ …ပြီးသား အကြွင်းအကျန်ကိုသာ စားနေရတဲ့ အစေခံတွေ ဘဝပေါင်း …ာ ဖြစ်ရဦးမယ်၊ အကုသိုလ်ဆိုတာ မလေးမစားမလုပ်ရဘူး၊ သိပ် …ကြောက်စရာ ကောင်းတယ်ကွာ' လို့ သာဒွန်းဟာ သူ့မိန်းမရွှေတင်နဲ့ တပည့် …ိုးဆိတ်ကို မကြာခဏ ပြောလေ့ရှိတယ်။

သာဒွန်းရဲ့ဆိုင်မှာ ကုန်တွေသိပ်ရောင်းရတယ်။ သာဒွန်းဟာ ရန်ကုန် …ို တစ်လတစ်ခေါက်၊ တစ်ခါတလေ နှစ်ခေါက်လောက် သွားပြီး ကုန် …ယ်ရတယ်။ ရန်ကုန်ကိုသွားတဲ့အခါ ခယ်မ ရွှေခင်က ဝါးခယ်မဆိုင်ကို …ောင့်၊ မယားရွှေတင်က ကဲဘဲ့ဆိုင်ကို စောင့်ရတယ်။ ဒီနည်းနဲ့ သွားလိုက် …တာ နှစ်နှစ်လောက် ကြာတဲ့အခါ သာဒွန်းနဲ့ ရွှေတင်တို့ရဲ့ လက်ထဲမှာ …ငွေတော်စုမိလာပြီ၊ အဲဒီအချိန်မှာ သူငယ်ချင်းဘိုးဆောင်က သူ့လိုပဲ …ယ်တွေကို ဈေးပေါပေါနဲ့ရတဲ့အခါ ဝယ်ထားဖို့ သာဒွန်းကို တိုက်တွန်း …ယ်၊ သာဒွန်းက လယ်တွေကို မဝယ်ချင်ဘူး။ သူ ဘုန်းကြီးကျောင်းသား …က ကျောင်းနောက်ဖေးမှာရှိတဲ့ လယ်တွေကို နှစ်စဉ်မီးရှို့ပေးနေရတာကို …ြင်တယ်။

…တစ်နေ့မှာ လယ်တွေကို မီးရှို့နေတုန်း ကျောင်းက ကပ္ပိယကြီးက … …စ်သက် လယ်တစ်ကွက်' လို့ သူ့ကို ပြောဖူးတာ သူမှတ်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမိပွာယ်ကတော့ 'တံငါ တစ်သက်လုံးလုပ်နေတဲ့ အကုသိုလ်ဟာ လယ်တစ်ကွက် မီးရှို့တဲ့အကုသိုလ်နဲ့ ညီတယ်' လို့ ဆိုလိုတာပါ။

ဒါကြောင့် သာဒွန်းဟာ လယ် မဝယ်ဘူး၊ စုမိတဲ့ငွေနဲ့ ဝါးခယ်မကမ်းနားမှာ တိုက်တစ်လုံးဝယ်တယ်။ အဲဒီတိုက်မှာ ကုန်စုံဆိုင်ကြီးဖြစ်လာအောင် နေ့ရှိသမျှ အစွမ်းကုန်ကြိုးစားတယ်။ အဲဒီ ကုန်စုံဆိုင်ဟာ အတော်ကြီးကျယ်လာတဲ့အခါ လူမနိုင်တော့ဘူး၊ အဲဒါကြောင့် ရွက်လှေနဲ့ပင်လယ်ကုန်ဆိုင်ကို နှစ်ထောင်နဲ့ တန်ဖိုးဖြတ် တစ်နှစ်လေးရာကျနဲ့ ငါးနှစ်ပြန်ဆပ်ဆိုပြီး၊ ညီဘိုးဆိတ်နဲ့ ခယ်မ ရွှေခင်တို့ကို လွှဲပေးလိုက်ရတယ်။ ကံဘဲ့က ကုန်စုံဆိုင်ကိုလည်း ကံဘဲ့က မိတ်ဆွေတစ်ဦးဖြစ်တဲ့ ကိုကျော် မတင့်တို့ကို ရောင်းပစ်လိုက်ရတယ်။ သာဒွန်းနဲ့ ရွှေတင်တို့နှစ်ယောက်စလုံးဟာ နေ့ရှိသမျှ ဒီကုန်စုံဆိုင်တစ်ခုတည်းနဲ့ပဲ အချိန်ကုန်ရတော့တယ်။ စီးပွားကလည်း အတော်ဖြစ်ထွန်းလာတဲ့အတွက် ဘုန်းကြီးကျောင်းသား သာဒွန်းနဲ့ပဲပြုတ်သည် ရွှေတင်တို့ဟာ ဝါးခယ်မမှာ ကုန်သည်ကြီးဦးသာဒွန်းနဲ့ ဒေါ်ရွှေတင်တို့ ဖြစ်လာကြတယ်။

အဲဒီလို စီးပွားတိုးတက်နေတဲ့အချိန်မှာ ဦးသာဒွန်းနဲ့ ဒေါ်ရွှေတင်တို့မှာ သမီးကလေးတစ်ယောက် နောက်ထပ် ရလာတယ်။ စီးပွားတိုးတုန်းရလို့ သမီးကလေးကို အဖေနဲ့ အမေ နှစ်ယောက်စလုံးက သိပ်ချစ်ပြီး 'တိုးတိုး' လို့ ချစ်စနိုးခေါ်တယ်၊ အဲဒါနဲ့ပဲ သမီးကလေးဟာ တိုးတိုးနာမည်တွင်သွားတယ်။

## စံတင် နှင့် ခင်ဆွေ

ဘိုးဆောင်နဲ့ သာဒွန်းတို့ ကျောင်းကထွက်ပြီး တစ်နှစ်လောက်ကြာတဲ့အခါ ဦးစန္ဒောဘာသဟာ သွေးဒူလာရောဂါ တော်တော်ပြင်းပြင်းထန်ထန်



ဖြစ်တယ်။ ရဟန်းဒကာ ရဟန်းအမများဖြစ်ကြတဲ့ ဦးဘာသာ ဒေါ်လှဝင်းတို့လည်း ဝါးခယ်မမှာ ကောင်းပေ့ဆိုတဲ့ ဓာတ်ဆရာ ဗိန္ဒောဆရာတွေနဲ့ ကုသကြပါတယ်။ တချို့က ပယောဂဖြစ်ချင်လည်း ဖြစ်နိုင်တယ်ဆိုလို့ ယောဂဆရာကောင်းတွေနဲ့လည်း ကုသပါသေးတယ်။ ကုသလို့မရဘူး။ တစ်နေ့တခြား အားအင်ဆုတ်လာပြီး လူထူပေးမှ ထိုင်နိုင်တဲ့ အခြေအနေမျိုး ရောက်သွားတယ်။

အဲဒီအခါ ရဟန်းဒကာနဲ့ ရဟန်းအမတို့ တိုင်ပင်ပြီး ဦးစန္ဒောဘာသကို လူထွက်ခိုင်းတယ်၊ သူတို့အိမ်မှာ ထားပြီး ကောင်းကောင်းပြုစုရင် ဒီရောဂါပျောက်နိုင်တယ်လို့ သူတို့က ပြောတယ်။ ဦးစန္ဒောဘာသက ရဟန်းဒကာနဲ့ ရဟန်းအမကို ဒုက္ခမပေးချင်ဘူး၊ သူသေချင်လည်း သေပေ ဆေးတော့၊ ရဟန်းဝတ်နဲ့ပဲ သေမယ်လို့ပြောတယ်၊ ရဟန်းအမ ဒေါ်လှဝင်း မျက်ရည်ကျတာ သုံးခါလောက်မြင်ရတာနဲ့ ဦးသုရိယကို ပထမလျှောက်၊ ဦးသုရိယက ဦးပညာကို တစ်ဆင့်လျှောက်ပြီး ဦးစန္ဒောဘာသ လူထွက်သွားတယ်၊ ဦးစန္ဒောဘာသရဲ့ ရောဂါဟာ အတော်ဆိုးတယ်၊ ဦးဘာသာ ဒေါ်လှဝင်းတို့ အိမ်ရောက်ပြီး ခြောက်လလောက်ကုယူရတယ်၊ အဲဒီတော့မှ ပျောက်တယ်။

ပျောက်တဲ့အခါ ရဟန်းလူထွက် ကိုစံတင်က ရဟန်းပြန်ဝင်ချင်တယ်။ ဒါပေမယ့် ဦးဘာသာ ဒေါ်လှဝင်းတို့က တားထားကြပြီး ခြောက်လလောက်ကြာတဲ့အခါ သူတို့ရဲ့ တစ်ဦးတည်းသောသမီး မခင်ဆွေနဲ့ ပေးစားကြတယ်။ ကိုစံတင်လည်း လောကီအလုပ်ဆိုလို့ ဘာမှ မလုပ်တတ်ဘူး။ အဲဒါကြောင့် ယောက္ခမကြီး ဦးဘာသာကိုကူပြီး ပရဆေး ရောင်းပေးတယ်။

ဦးဘာသာနဲ့ ဒေါ်လှဝင်းတို့ကလည်း သူတို့ရဲ့ တစ်ဦးတည်းသော သမီးလေးဟာ ရိုးသားတဲ့၊ တည်ကြည်တဲ့၊ မကောင်းမှုကို ရှက်တတ်တဲ့၊ ကြောက်တတ်တဲ့၊ သူတို့သမီးကလေးကို ကြင်ကြင်နာနာနဲ့ ပေါင်းမယ့်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားနဲ့ ပေးစားလိုက်ရတဲ့အတွက် မော်တပြုံးပြုံး ပျော်မဆုံးနိုင်အောင် ဖြစ်နေတယ်။ သုံးနှစ်လောက်ကြာတဲ့အခါ ကိုစံတင် မခင်ဆွေတို့မှာ မလှရင် ဆိုတဲ့ သမီးကလေးတစ်ယောက် ရလာတယ်။ ဒီမြေးကလေးဟာ ဘိုးအေ ဦးဘသာ ဘွားအေ ဒေါ်လှဝင်းတို့ရဲ့ အသည်းစွဲကလေး ဖြစ်လာတယ်။

## အခန်း ၃

## အကျင့်ပျက်သူဌေး ဦးဘိုးဆောင်

နောက် အနှစ်ငါးဆယ်လောက်ကြာတဲ့အခါ ဝါးခယ်မမှာ ပုလိပ်ရောဂါ အတော်ကြီး ဖြစ်လိုက်တယ်။ အဲဒီရောဂါဟာ သိပ်ကြမ်းတယ်။ ဒီရောဂါ ဖြစ်တဲ့လူတွေ နေ့ဝက်ပဲခံတယ်။ အဲဒီကပ်ထဲမှာ ဦးဘိုးဆောင်ရဲ့ဇနီး ဒေါ်သန်းတင်၊ ဦးသာဒွန်းရဲ့ဇနီး ဒေါ်ရွှေတင်နဲ့ သမီးကလေးတိုးတိုး၊ ဦးခံတင်ရဲ့ဇနီး ဒေါ်ခင်ဆွေတို့ ပါသွားကြတယ်။

ဦးဘိုးဆောင်လည်း ရောဂါကိုကြောက်ပြီး သူ့ဇနီး အသုဘကိစ္စပြီး တာနဲ့ ဝဲကြီးက သူ့စက်ဘက်ကို ထွက်ပြေးတယ်။ ရောဂါကိုလည်းကြောက်၊ ငယ်ချစ်မယားအတွက် ပရိဒေဝမီးကလည်း တောက်ပြန်တယ်ဆိုတော့ စိတ်သက်သာရာရအောင်ဆိုပြီး ဦးဘိုးဆောင်ဟာ တစ်ခါမှ မလုပ်စဖူး အရက်ကိုသာ တွင်တွင်ကြီး ဖိသောက်နေတော့တာပဲ။

အရက်မူးလာတဲ့အခါကျတော့ အကုသိုလ်ကို ရှက်ရမှန်းလည်း မသိတော့ဘူး။ ငရဲကို ကြောက်ရမှန်းလည်း မသိတော့ဘူး။ မသိန်းညွန့် ဆိုတာကလေးနဲ့ သူ့အိပ်ခန်းထဲမှာ ဖြစ်ချင်တိုင်း ဖြစ်နေတော့တာပဲ။

မသိန်းညွန့်ရဲ့အကြောင်းကို နည်းနည်းရှင်းပြရဦးမယ်။

မသိန်းညွန့်ဟာ စက်စာရေးကလေး ကိုစုရဲ့ မယားချောကလေး ပဲခင်ဘယ်။ မသိန်းညွန့်မှာ သူ့ကို မြင်မြင်သမျှ ယောက်ျားတွေ ငမ်းငမ်းတက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေချင်တဲ့ အလိုဆိုးရှိတယ်။ အဲဒါကြောင့် ယောကျ်ားတွေကိုတွေ့ရင် ငယ်ငယ်ကြီးကြီး သူ့ကြည့်ပုံက မရိုးဘူး။ ချစ်သလိုလို လုပ်တတ်တယ်။

စက်မှာ ဆန်လာကြိတ်နေတဲ့ ကိုသောင်း ဆိုတဲ့လူဟာ မသိန်းညွန့်က သူနဲ့တွေ့တိုင်း ဒီလိုကြည့်တာကိုဟုတ်လှပြီထင်ပြီး တစ်နေ့ကျတော့ စာရေးမောင်စု အိမ်မှာမရှိတုန်း ကိုသောင်းဟာ မသိန်းညွန့်ဆီကိုလာတယ်။ ရေတစ်ခွက်ပေးပါလို့ တောင်းတဲ့အခါ အသိလည်းဖြစ်နေတဲ့အတွက် ရိုးရိုးမှတ်ပြီး မသိန်းညွန့်ဟာ ရေခပ်ရအောင် နောက်ဖေးကို ဝင်သွားတယ်။ ကိုသောင်းလည်း နောက်ဖေးကို ဝင်လိုက်သွားပြီး ဗလက္ကာယလုပ်ရအောင် မသိန်းညွန့်ကို နောက်ကနေ အတင်းဖက်လိုက်တယ်။ မသိန်းညွန့်က လန့်အော်တဲ့အတွက် ကိုသောင်း အိမ်နောက်ဖေးက ဆင်းပြေးသွားရတယ်။

ဒီအကြောင်းကို မသိန်းညွန့်ရဲ့ယောကျ်ား ကိုစုသိတဲ့အခါ သိပ်ဒေါသဖြစ်တယ်။ အဲဒါနဲ့ ကိုစုဟာ ကိုသောင်းကိုလိုက်ရှာတဲ့အခါ စက်ထဲမှာ သွားတွေ့တယ်။ ‘ဘာဖြစ်လို့ ဒီလို မတရားလုပ်ရသလဲ’ လို့ ကိုစုက မေးတဲ့အခါ ကိုသောင်းကလည်း ရှုတ်တွတ်တွတ်ပဲ။ ‘ခင်ဗျားမိန်းမက ဘာဖြစ်လို့ ကျုပ်ကြိုက်အောင် မြူရသလဲ’ လို့ ပြန်မေးတယ်။

ဒီအခါ ကိုစုက ကိုသောင်းကို ပါးရိုက်လိုက်တယ်။ ကိုသောင်းကလည်း ပြန်ရိုက်တာပဲ။ နှစ်ယောက်သား လုံးထွေးနေတာကို ဘေးက လူတွေ အတော်ဖျဉ်ယူရတယ်။ ကိုသောင်းက ဗလကောင်းတဲ့အတွက် ကိုစုရှုံးနာတယ်။ ပါးစပ်ထဲက သွေးတွေလည်းထွက်နေတယ်။ ကိုစုလည်း ဒေါသထွက်ပြီး တစ်ညလုံး အိပ်မပျော်ဘူး။

နောက်တစ်နေ့ ကိုသောင်းရဲ့အလာကို စက်တံခါးအကွယ်က ဓားကိုင် စောင့်နေတဲ့ ကိုစုဟာ ‘ကိုသောင်းကိုသတ်ရင် သူ စက်တိုင်တက်ရမယ်၊ ကိုသောင်း မသေရင်တောင် ဒဏ်ရာတွေရသွားတဲ့အတွက် သူထောင်ကျ



မယ်၊ သူ ထောင်ကျရင် သူ့မိန်းမမှာ စောင့်ရှောက်မယ့်လူလည်း မရှိဘူး၊ မိန်းမကလည်း ချောချောလှလှဆိုတော့ ပျက်စီးဖို့များတယ်၊ ကိုသောင်းကို ဒီဘဝ သူသတ်လိုက်ရင် နောင်ဘဝ သူငရဲကျမယ်၊ ငရဲက လွတ်ပြန်ရင်လည်း ဘဝပေါင်းများစွာမှာ သူဟာ ဒီလိုပဲ ပြန်အသတ်ခံရဦးမှာပဲ’ အစရှိတဲ့ ဘာတွေကို ကိုစုဟာ ဘာမှ မတွေးနိုင်တော့ဘူး။

ဒေါသဟာ တယ်ဆိုးတယ်။ သူနဲ့ မိတ်ဆွေဖွဲ့တဲ့ လူတွေကို သူဟာ ဘယ်တော့မှ ကောင်းကျိုးမပေးဘူး၊ မြှောက်ပင့်သာ ပေးတတ်တယ်။ ခုက္ခ ရောက်အောင်သာ တိုက်တွန်းတတ်တယ်။ အဲဒါကြောင့် ကိုသောင်းဟာ စက်ထဲကို ဝင်လာတာနဲ့တစ်ပြိုင်နက် ကိုစုဟာ နောက်ကနေ ‘မင်းလားကွ သောင်း ဆိုတာ’ လို့ အော်ပြီး ကိုသောင်းကို ဓားနဲ့တအားခုတ်တာပဲ၊ ပထမ ဓားချက်ဟာ ကိုသောင်းရဲ့နောက်စေ့ကို ထိသွားတယ်။ ကိုသောင်းလည်း သွေးရူးသွေးတန်းဖြစ်ပြီး နောက်ကို ပြန်အလှည့်လိုက်မှာ ကိုစုက ရင်ခွက်ကိုချိန်ပြီး တအားခုတ်လိုက်ပြန်တယ်။ ဒုတိယဓားချက်ဟာ ကိုသောင်းရဲ့နဖူးကို ထိသွားတယ်။ ကိုသောင်းလည်း ကိုစုကို အတင်းဖိုက်ဖက်တဲ့အခါ ကိုစုဟာ ကိုသောင်းရဲ့လည်ပင်းကိုချိန်ပြီး တအားခုတ်လိုက်ပြန်တယ်။ တတိယဓားချက်ဟာ ကိုသောင်းရဲ့လည်ပင်းကို ထိသွားတယ်၊ ကိုသောင်းလည်း ဗလဘယ်လိုကောင်းကောင်း ချက်ကောင်းချက်မှာ ဓားခုတ်ခံရတဲ့အခါ သတိလစ်ပြီး လဲကျသွားတယ်။

ကိုစုလည်း ထွက်မပြေးဘူး။ သူဌေးဆီမှာ အဖမ်းခံတယ်။ သူဌေးကလည်း ဒီအခြေအနေကျတော့ ဘာမှ မတတ်နိုင်ရှာဘူး။ ဝဲကြီး သူကြီးကို ခေါ်ပြီး ကိုစုကို အပ်လိုက်ရတယ်။ ကိုစုလည်း သူကြီးနောက်ကို လိုက်သွားခါနီး သူဌေးကို ကန်တော့ပြီး သူ့မိန်းမ မသိန်းညွန့်ကို စောင့်ရှောက်ပေးဖို့ ပြောသွားပါတယ်။ သူဌေးကလည်း ‘မပူပါနဲ့ကွယ်၊ ငါစောင့်ရှောက်ပေးပါ့မယ်’ လို့ ကတိပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မသိန်းညွန့်လည်း သူ့လင် အဖမ်းခံသွားရတာကိုကြည့်ပြီး မျက်ရည်နဲ့ မျက်ခွက် ဖြစ်ကျန်ရစ်ခဲ့ရှာတယ်။ ကိုသောင်းဟာ ဆေးရုံရောက်ပြီး မကြာခင်ဘဲ အသက်ထွက်သွားတယ်။ ဒီအမှုအတွက် ကိုစုဟာ တစ်သက်တစ်ကျွန်း ကျသွားတယ်။

ကိုစုလည်း ကျွန်းကျပြီး သုံးလလောက်ကြာမှ 'အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲ၊ အအိပ်ဆင်းရဲ၊ ချစ်သူမယားနဲ့ ကွေကွင်းရတဲ့ဆင်းရဲ၊ သူ့မယားဟာ သူမရှိတုန်း တစ်ယောက်ယောက်နဲ့များ ဖောက်ပြန်လေမလားလို့ တွေးမိတိုင်း သောကဖြစ်ရတဲ့ ဆင်းရဲတွေကို တွေ့ရပြီးတာနဲ့ခုတ်လိုက်မိတာ မှားလေခြင်း' လို့ သံဝေဂရနေတယ်။

ဒေါသဟာ ဒီလိုချည်းပဲ။ သူ့ကို အပူးခံရတဲ့ သူတွေဟာ သူပူးနေတုန်း မဟုတ်တာတွေ အကုန် လျှောက်လုပ်တာပဲ။ အားလုံး လွန်ကုန်ပြီ။ ဘာမှ မတတ်နိုင်တော့ဘူး။ ဒုက္ခထဲ ဖောက်ထိုးကျနေပြီဆိုတော့မှ ငါလုပ်မိတာ မှားလေခြင်းလို့ သံဝေဂ ရကြတာချည်းပဲ။

သူဌေး ဦးဘိုးဆောင်လည်း အစကတော့ တကယ့်ကရုဏာနဲ့ ကိုစုရဲ့ မယား မသိန်းညွန့်ကို စောင့်ရှောက်ထားပါတယ်။ သူ့ယောကျ်ား ထောင်ကျသွားပေမယ့် သူတို့နေတဲ့ စက်ဝင်းထဲကအိမ်မှာပဲ ဆက်ပြီး နေခွင့်ပြုတယ်၊ တစ်လ ငါးဆယ်လောက်ထောက်ပံ့ထားတယ်။ အိမ်မှာ စားကုန်သောက်ကုန် ကုန်စုံဆိုင်ကလေးတစ်ခု ဖွင့်ထားဖို့ အရင်းအနှီး ထုတ်ပေးထားတယ်။

တင်ဖြောင့်ဖြောင့်၊ ရင်မောက်မောက် မျှစ်စို့ကြီးလိုဖြစ်နေတဲ့အတွက် မြင်တဲ့ယောကျ်ားတိုင်း ဟာခနဲဖြစ်ပြီး ကိလေသာ မထဘဲ မနေနိုင်တဲ့ မသိန်းညွန့်ကို မြင်တဲ့အခါ သူဌေးဦးဘိုးဆောင်လည်း ပုထုဇဉ်သားဖြစ်နေတဲ့ အတွက် သူလည်း ဟာခနဲ မဖြစ်ဘဲ မနေနိုင်ဘူး၊ ဖြစ်မိတာပဲ။

ဒါပေမယ့် သူ့ရဲ့ ဟိရိဆိုတဲ့ အကုသိုလ်ကို ရှက်တဲ့၊ ဩတ္တပ္ပဆိုတဲ့ ငရဲကို ကြောက်တဲ့စိတ်တွေက သူ့ကို ထိန်းထားတဲ့အတွက် မသိန်းညွန့်ရဲ့



မျက်စိချင်း ဆုံမိလို့ပဲဖြစ်ဖြစ်၊ သူ့အသည်းကို အေးခနဲ အေးခနဲ ဖြစ်သွားအောင် လုပ်ပေးနိုင်တဲ့ မသိန်းညွန့်ရဲ့ အသံကို ကြားရလို့ပဲဖြစ်ဖြစ်၊ မသိန်းညွန့်ရဲ့ရုပ်ဟာ သူ့မျက်စိထဲမှာ တစ်ခါ တစ်ခါ လာပြီး ပေါ်လို့ပဲ ဖြစ်ဖြစ်၊ သူဌေးဘိုးဆောင်ဟာ 'မကောင်းဘူးကွယ်၊ ငါ တစ်သက်လုံး စောင့်ထိန်းလာတဲ့ သီလတွေ အလကား ဖြစ်သွားမှာပေါ့ကွယ်' လို့ အသင့် အတင့် နှလုံးသွင်းပြီး သူ့ကိုယ်သူ ဆုံးမနိုင်ခဲ့တယ်။

မသိန်းညွန့်ကို စွဲလမ်းနေတဲ့ သူဌေးဘိုးဆောင်ရဲ့ ရာဂဘက်မှာ ဟာမိတ်ဆိုလို့ တစ်ယောက်မှ မရှိဘူး။ သူ့ချည်းသက်သက် ဖြစ်နေတဲ့ အတွက် ဒီရာဂ ခေါင်းပြူထွက်လာတိုင်း သူဌေးဘိုးဆောင်ရဲ့ သီလ၊ ဟိရိ၊ ဩတ္တပ္ပဆိုတဲ့ သူ့ရဲ့ ရန်သူကြီးသုံးဦးက ဝိုင်းဝိုင်းပြီး နှက်ကြတာနဲ့ ရာဂဟာ ပြူထွက်လာတဲ့ သူ့ခေါင်းကလေးကို အသာဆုတ်ပြီး ခပ်ကုပ်ကုပ် ကလေး နေခဲ့ရတယ်။

ဒါပေမယ့် သီလတို့ ဟိရိတို့ ဩတ္တပ္ပတို့ဆိုတာတွေဟာ အရက်ကို ကြောက်တယ်။ အရက်နံ့ကိုလည်း သူတို့ မခံနိုင်ရှာဘူး။ အရက်နဲ့ ထိလိုက်ပြန်ရင်လည်း သူတို့ခများမှာ အရည်ပျော်သွားရှာတယ်။ ကြောင့် သူဌေးဘိုးဆောင်ရဲ့ ဝမ်းထဲကို အရက်ဝင်ပြီးတဲ့အခါ သူ့ကို ကအကြိမ်ကြိမ်အဖန်ဖန် ကယ်ခဲ့ဖူးတဲ့၊ ကာကွယ်ခဲ့ဖူးတဲ့၊ ရှောက်ခဲ့ဖူးတဲ့ သူ့ရဲ့သီလ၊ သူ့ရဲ့ဟိရိ၊ သူ့ရဲ့ဩတ္တပ္ပတွေဟာ မရှိတော့ဘူး။ အရည်ပျော်ကုန်ကြပြီ။

ရာဂကတော့ သီလတို့၊ ဟိရိတို့၊ ဩတ္တပ္ပတို့လို မဟုတ်ဘူး။ သူက သိပ်ကြိုက်တယ်။ အရက်ဟာ သူ့ရဲ့ အကြီးဆုံး မဟာမိတ်ပဲ။ ကြောင့် သူဌေးဝမ်းထဲကို အရက်ဝင်လာတာနဲ့ တစ်ပြိုင်နက် ရာဂဟာ ဟိရိ၊ ဩတ္တပ္ပတို့ကို ကြောက်ပြီး ငုပ်လျှိုးနေရာက ခေါင်းထောင်ထ ဘူး၊ တစ်ကိုယ်လုံး ထွက်လာတယ်။ သူဌေးဘိုးဆောင်လည်း

www.burmeseclassic.com

www.burmeseclassic.com



သီလ၊ ဟိရီ၊ ဩတ္တပ္ပ ဆိုတဲ့ မိတ်ဆွေကောင်းတွေ ကွယ်ပျောက်ကုန်တဲ့ အချိန်ကစပြီး အရက်နဲ့ ရာဂအောက် လုံးလုံးကြီး ရောက်ရှာတော့တာပဲ။

ရာဂနဲ့ အရက် ဆိုတာမျိုးကလည်း ဘယ်သူ့မှ ညှာတဲ့ဟာမျိုးတွေ မဟုတ်ဘူး။ သူဌေးဘိုးဆောင်ဟာ သူတို့ဘက်ကို ပါပြီဆိုတာနဲ့ တစ်ပြိုင်နက် တစ်ချက်တည်း အင်မတန်ချစ်စရာကောင်းတဲ့မျက်လုံးတွေနဲ့ မင်းကို ခဏခဏကြည့်နေတဲ့ မင်းအသည်းကို အေးခနဲ အေးခနဲဖြစ်အောင် ရာဂသံကလေးနဲ့ ခရာတာတာ၊ နွဲ့တဲ့တဲ့၊ ပလီတီတီလုပ်လုပ်နေတဲ့၊ မင်းမြင်လိုက်တိုင်း မလွှတ်တမ်း တအား ဖက်ထားပြီး သခွားသီးကြီးတွေလို အစိမ်းအတိုင်း ဝါးစားပစ်ချင်လောက်အောင် မင်းကို ဖိန်းခနဲ ရှိန်းခနဲ ခဏခဏ ဖြစ်စေတဲ့ မိသိန်းညွန့်ကို ခေါ်၊ အခုချက်ချင်း ခေါ်စေ၊ မင်းနဲ့ မိသိန်းညွန့်တို့ကြားမှာရှိနေတဲ့ အနှောင့်အယှက် အဖျက်အဆီး၊ အပိတ်အပင် ဆူးငြောင့်ခလုတ်မှန်သမျှ အားလုံး သုတ်သင်စေ၊ ဖျက်ဆီးစေ၊ ချေမှုန်းပစ်စေ လို့ အရက်နဲ့ ရာဂတို့က အမိန့်ထုတ်ပြန်လိုက်တယ်။ သူဌေးဘိုးဆောင်ကလည်း မငြင်းနိုင်ဘူး။

'ဟဲ့၊ မိသိန်းညွန့် ဒီအိမ်ပေါ် ခဏလာဦးလို့ သွားခေါ်စမ်း' ဆိုပြီး အိမ်က အစေခံမကလေးတစ်ယောက်ကို အခေါ်လွှတ်လိုက်တယ်။ မသိန်းညွန့်ကလည်း သူဌေးအခေါ်ကို မျှော်တာကြာပြီ။ ဒီနေ့တော့ဖြင့် သူထိပေါက်ပြီ။ သူဌေးကတော်ထိလား၊ ဘာထိလား မဆိုနိုင်ဘူး။ ထိပေါက်တာတော့ အမှန်ပဲလို့ စိတ်နှလုံး တုံးတုံးချ၊ ကြော့နေအောင် ဖီးလိမ်းဝတ်စား မှန်ထဲမှာ သုံးလေးကြိမ်လောက် ပြန်ကြည့်ပြီး သူဌေးမင်းရှိရာ အိမ်ပေါ်ထပ် သူဌေးမင်းရဲ့အိပ်ခန်းထဲကို ဝင်သွားတယ်။ ခနစ်ရက်လောက်ကြာတော့ သူဌေးအတွက် မသိန်းညွန့်ဟာ နည်းနည်းရိုးသွားတယ်။

ဝဲကြီးရွာထဲမှာ သူဌေးမျက်စိကျနေတဲ့ ဟာကလေးတစ်ယောက် ရှိသေးတယ်။ အဲဒါကလေးကတော့ ဘခြားမဟုတ်ပါဘူး။ မုန့်ဟင်းခါးသည်



ဆိုးမ ဒေါ်ရှင်ရဲ့ သမီးကလေး မစိန်မြိုင်ပဲ။ အမေနဲ့ သမီးကို မက်လောက်အောင် ပေး၊ သဘောတူညီချက်ရပြီဆိုတာနဲ့ မစိန်မြိုင်ကလေးကို အိမ်ပေါ် ခေါ် သူဌေးက ခြေတော်တင်တာပါပဲ။

သူဌေးဟာ ကာမဘက်မှာ သွေးစွန်းသွားပြီ။ ရပ်မနေတော့ဘူး။ အရင်တုန်းက သီလ ဟိရီနဲ့ ဩတ္တပ္ပတို့က ဝိုင်းပြီး ထိန်းထားလို့ အောင့်ခဲ့ရသမျှဟာတွေကို အခု အရက်သောက်ပြီးတဲ့အခါ အကုန်လျှောက်လုပ် တော့တာပါပဲ။

ဝါးခယ်မအိမ်မှာ မအေးတင့်ဆိုတဲ့ အစေခံမကလေးရှိတယ်။ ကလေးကိုလည်း သူဌေး အတော်မက်တယ်။ မစိန်မြိုင်ကလေးဟာ ားသလောက်ဖြစ်ပြန်တော့ အဲဒီ မအေးတင့်ကလေးကို စက်ဘက်ခေါ်ပြီး ဌေးခြေတော်တင်ပြန်တယ်။

မသိန်းညွန့်လည်း မစိန်မြိုင်တို့ မအေးတင့်တို့ဆိုတဲ့ အပြိုင်အဆိုင် ပေါ်လာတဲ့အတွက် မခံချိမခံသာတွေ ဖြစ်ပါသေးတယ်။ ဒါပေမယ့် ကိုယ်တိုင်ကလည်း သူဌေးကို ပိုင်သေးတာ မဟုတ်ဘူး။ သူဌေးကတော်၊ ငမ၊ မိသဲ ဆိုတဲ့ သူဌေးရဲ့မယား အစားစားရှိတဲ့အထဲက သူကိုယ်တိုင် ည်း မိသဲလောက်သာ ရှိသေးတဲ့အတွက် ကျိတ်ပြီးတော့ မခံချိမခံသာ ရတယ်။ သူဌေးကို ဘာမှမပြောရဲဘူး။ ဆူလိုက်ပြန်ရင် သူဌေးက လိုက်လေမလားလို့တောင် တွေးပြီး ဆွေးမိပါသေးတယ်။

သူဌေးဘိုးဆောင် သီလရှိတုန်းက သူ့ရဲ့ကောင်းသတင်းဟာဒီလောက် ဘူး။ ဒါပေမယ့် သူ သီလပျက်တဲ့အခါ သူ့ရဲ့ ဆိုးသတင်းဟာ က်သွားတယ်။ သိန်းညွန့်၊ စိန်မြိုင်၊ အေးတင့်တို့နဲ့ ဖြစ်တဲ့သတင်း တဲ့သတင်းဟာ ရပ်ရှင်ကားကောင်းသတင်းတစ်ခုထက် အပြန့် ယ်။ သူဌေးရဲ့ ဒီသတင်းဆိုးတွေဟာ စက်တစ်စက်လုံးပြန့်ထွက် ကြီးရွာတွင်မကဘူး၊ အနီးအနားမှာရှိကြတဲ့ ကျွန်းကုန်းတို့

www.burmeseclassic.com

www.burmeseclassic.com



ဒရင်းတို့ အစရှိတဲ့ ရွာတွေအထိ ပြန့်ထွက်သွားတယ်။ ဝါးခယ်မမှာလည်း ပြန့်ထွက်တာပဲ။

ဒါပေမယ့် ပုလိပ်ရောဂါနှိပ်စက်ထားတာကြောင့် ဝါးခယ်မမှာတော့ လူတွေဟာ ဒီသတင်းကို သိပ်ပြီး အရေးမပေးနိုင်ကြသေးဘူး။ သေတဲ့လူ သေ၊ ငိုတဲ့လူ ငို၊ ထွက်ပြေးတဲ့လူ ပြေးနဲ့ အတော်ကလေး ဗရုတ်ဗရက် ဖြစ်နေကြသေးတယ်။

ဒီသတင်းကို တခြားသူတွေက သိပ်ပြီး ဂရုမစိုက်နိုင်သေးပေမယ့် သူဌေးဦးဘိုးဆောင်ရဲ့သား သုခကတော့ ဂရုမစိုက်ဘဲ မနေနိုင်ဘူး။ အမေ သေလို့ ပရိဒေဝမီး တောက်လောင်နေရတဲ့အထဲ သူ့အဖေရဲ့ သတင်းဆိုး ကြောင့် ထပ်ပြီး စိတ်ဆင်းရဲရပြန်တယ်။ ဒါပေမယ့် အဖေကိုလည်း သိပ် ကြောက်ရတဲ့အတွက် ဘာမှ မတ‌တ်နိုင်ဘူး။ အဖေလုပ်သမျှ လက်ပိုက်ပြီး ကြည့်နေရတော့တာပဲ။ အဲဒါနဲ့ တစ်နေ့ကျတော့ သူ့အဖေဟာ ဦးစံတင်ကို လေးစားတယ်။ ဦးစံတင် ဆုံးမရင် ရတန်ကောင်းရဲ့လို့ နှလုံးပိုက်ပြီး သူဌေးသား သုခဟာ ဦးစံတင်ကို သူ့အဖေအကြောင်းတွေ အကုန်ပြောပြ တယ်။ ဦးစံတင်လည်း ဒီသတင်းတွေကို ကြားသလောက် ကြားပြီးဖြစ်နေပြီ။ အဲဒါကြောင့် မကြာခင်ဘဲ သုခရဲ့ အဖေနဲ့တွေ့ပြီး သူကြီးစားကြည့်ဦး မယ်လို့ ဦးစံတင်က သုခကို ကတိပေးလိုက်တယ်။

## အမြင်မှန်ရ ဦးသာဒွန်း

ဦးသာဒွန်းမှာ ငယ်ချစ်မယား မရွှေတင်လည်း ဆုံး၊ သူအချစ်ဆုံး ဖြစ်တဲ့ သမီးကလေး တိုးတိုးလည်း ဆုံးတဲ့အတွက် သူ့ပရိဒေဝမီးက ပိုပြီး ပြင်းတယ်။ သမီးကလေးတိုးတိုးဟာ နေ့လယ် တစ်ချက်တီးလောက်မှာ ကိုယ်ပူတယ်၊ ည ရှစ်နာရီလောက်မှာ ဆုံးတယ်။ ရောဂါဆိုးဖြစ်နေတဲ့



အတွက် အသုဘကို အကြာကြီးမထားရဘူး။ အဲဒီည ဆယ်နာရီလောက် မှာပဲ သုသာန်ပို့ရတယ်။

အမေကြီး မရွှေတင်ဟာ အဲဒီည ကိုးနာရီလောက်မှာ ကိုယ်ပူလာ တာနဲ့ သမီးကလေးတိုးတိုးရဲ့ အသုဘကို လိုက်မပို့နိုင်ဘူး။ ဦးသာဒွန်း လည်း သမီးကလေးအလောင်းကို ခပ်သုတ်သုတ် မြှုပ်နှံပြီး မယားမရွှေတင် အတွက် စိတ်မချတာနဲ့ အိမ်ကို ခပ်သုတ်သုတ်ပြန်လာတယ်။ အိမ်ရောက် တဲ့အခါ မယား မရွှေတင်မှာ ကိုယ်ပူတွေသိပ်ပြင်းပြီး ကယောင်ကတမ်း ပြောနေပြီ။ လင်းအားကြီး ငါးနာရီလောက်မှာ မရွှေတင် ဆုံးရှာတယ်။ သမီးနဲ့ မယားဆုံးတာဟာ ဒီလောက် မြန်လွန်းတဲ့အတွက် ဦးသာဒွန်းအဖို့ အိပ်မက် မက်သလိုလို တစ်ခါတစ်ခါဖြစ်နေတယ်။

ဦးသာဒွန်းဟာ ဘုန်းကြီးကျောင်းက ထွက်လာကတည်းက သူ့ရဲ့ အစဉ်တည်းသောအာရုံဟာ ငွေပဲ။ ထမင်းစားနေတုန်းလည်း သူ့မျက်စိထဲ မြင်နေတာဟာ ငွေပဲ။ ပင်လယ်ကို သမ္ဗန်တို့၊ လှေတို့နဲ့ သွားနေတဲ့အခါမှာ လည်း သူ့မျက်စိထဲမှာ မြင်နေတာဟာ ငွေပဲ။ ငါးပိ၊ ငါးခြောက်၊ ပုစွန် ခြောက်၊ ငံပြာရည် ရောင်းနေတုန်းလည်း သူ့မျက်စိထဲမှာ မြင်နေတာဟာ ငွေပဲ။ ဒီအတွက် ရသမျှကလေးကို မစားရက် မသောက်ရက်၊ မဝတ်ရက်ဘဲနဲ့ စုခဲ့တယ်။ အလုပ်ကို သူများထက်လည်း သူပိုလုပ်ခဲ့တယ်။ သူများ ထက်လည်း ပိုပြီး စွန့်စားခဲ့တယ်။

အဲဒီလို သူအမြတ်တနိုးထားပြီး ရှာဖွေခဲ့တဲ့ငွေဟာ သူချစ်တဲ့သမီးနဲ့ ချစ်တဲ့ မယားကို မကယ်နိုင်ပါကလား။ သမီးနဲ့ မယားကတော့ ထား ဦး၊ သူဖြစ်လာရင် သူ့ကိုလည်း ကယ်နိုင်မှာ မဟုတ်ပါကလား။ ဒီလောက် အားကိုးသေမင့် ဒီငွေဟာ အားမကိုးရပါကလားလို့ တွေးမိတဲ့အတွက် ဦးသာဒွန်းဟာ သူ အင်မတန်မြတ်နိုးခဲ့တဲ့ငွေနဲ့ ပတ်သက် ပြီး အမြင်မှန်ရနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသာဒွန်းဟာ အဲဒီလို အမြင်မှန်ရပြီးတော့ ‘ဒီလို အားမကိုးရတဲ့ ငွေနောက်ကို ငါတကောက်ကောက်နဲ့ လိုက်နေသမျှ သားသေ၊ သမီးသေ၊ မယားသေ၊ ဆွေမျိုးဉာတကာ ချစ်သူတကာသေလို့ မျက်ရည်တွေ ခဏ ခဏ ကျရတဲ့ ငါ့သံသရာကြီးဟာ ဘယ်တော့မှဆုံးမှာ မဟုတ်တော့ပါ ကလား။ မြတ်စွာဘုရားဟာ မဟာကရုဏာတော်ကြောင့် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပတ်လုံး သားသမီးမယားတွေ၊ မျက်စိ ခြေလက် အစရှိတဲ့ ကိုယ်အင်္ဂါတွေ အသက်တွေကိုစွန့်၊ ဒုက္ခအမျိုးမျိုးခံပြီး၊ အင်မတန်ကြီးတဲ့ လုံ့လ ဝီရိယကြီးနဲ့ သတ္တဝါတွေ အစစ်အမှန်အားကိုးရမယ့် တရားတွေကို ရှာဖွေပေးခဲ့တယ်။ ဒီတရားတွေဟာ အဝေးကြီးမှာ သွားရှာရမှာလည်း မဟုတ်ဘူး။ ငါရဲ့ လက်လှမ်းအတွင်းမှာပဲ ရှိနေတယ်။

ဒီတရားတွေဟာ သိပ်ပြီး ဆင်းဆင်းရဲရဲခံပြီး အားထုတ်ရမယ့်တရား မျိုးတွေလည်း မဟုတ်ဘူး။ ဘာမှ အားမကိုးရတဲ့ငွေကို ရအောင်ရှာရတဲ့အခါ ငါ အဆင်းရဲ အပင်ပန်းခံခဲ့တာတွေရဲ့ ဆယ်ပုံပုံ တစ်ပုံလောက်တောင် ဆင်းရဲပင်ပန်းခံရမှာ မဟုတ်ဘူး။ အဲဒီလို အားကိုးရတဲ့တရားတွေ ရှိ လျက်သားနဲ့ အားမကိုးရတဲ့ငွေနောက် တကောက်ကောက်နဲ့ လိုက်ခဲ့မိတာ ငါမှားတာပဲ။ မယားနဲ့ သမီးအတွက် ပရိဒေဝမီး အတောက်ခံနေလို့ အပို ငါ ငိုနေလို့ သူတို့လည်း ပြန်ပြီးရှင်လာတော့မှာ မဟုတ်ဘူး။ သူတို့လည်း ဖြစ်ရာဘဝမှာ သူတို့ဟာ သူတို့ ပျော်နေကြမှာပဲ။ အစမထင်အော ရှည်လျားလှတဲ့ သံသရာကြီးတစ်လျှောက်လုံးမှာ သားတွေသေ၊ သမီးတွေ သေ၊ မယားတွေသေလို့ ငါကျခဲ့ရတဲ့ မျက်ရည်တွေဟာတော့ မနည်းလှ မျက်ရည်မကျတဲ့ လမ်းကြီးကို မြတ်စွာဘုရား ပြထားရက်သားနဲ့ မျက် အဖန်ဖန်ကျရတဲ့ လမ်းကို ငါ အမိုက်ခံပြီး ဆက်လိုက်မနေတော့ မျက်ရည်မကျတဲ့လမ်းကိုပဲ ငါလိုက်တော့မယ်’ လို့ လေးလေးနက် တွေးပြီး သူလုပ်မယ့်အလုပ်ကို ဘုရားရှေ့မှာ အဓိဋ္ဌာန်ပြုလိုက်တာ



အဲဒီလိုပြုပြီးတော့ သားမောင်ခင်ဦးကို ခေါ်လိုက်တယ်။ သားရောက် တဲ့အခါ ‘လူကလေး မင်း ငါ့ကို မတားနဲ့တော့၊ မနက်ဖြန်ကစပြီး ငါ ရဟန်းပြုတော့မယ်၊ အဓိဋ္ဌာန်ပြုပြီးပြီ၊ မင်းဟာ ဒီဆိုင်ကြီးနဲ့ပဲ ဆက်ပြီး သွားချင်တယ်ဆိုရင်လည်း မင်းသဘောပဲ၊ လောကီအလုပ်တွေဟာ ဘယ် အလုပ်မှ အားမကိုးရဘူးဆိုတာကို ငါ့လို သဘောပေါက်ပြီး ငါ့လိုပဲ ရဟန်းပြုချင်ရင်လည်း ဒီပစ္စည်းတွေကိုစွန့်၊ ငါနဲ့အတူ ရဟန်းပြု၊ အဲဒါ မင်းသဘောပဲ’ လို့ ပြောပြီး ထသွားတယ်။

ဦးသာဒွန်းဟာ တပည့်တစ်ယောက်ကို ပရိက္ခရာရှစ်ပါး အဝယ်ခိုင်းပြီး ရှင်းခံကိစ္စအတွက် စီစဉ်ရအောင် ကန်တော်ဦးကျောင်းတိုက်ကို ထွက် သွားတယ်။ ညဘက်ကျတော့ သားမောင်ခင်ဦးကိုခေါ်ပြီး ဦးသာဒွန်းဟာ ဆွေချင်း မောင်စံတင်ဆီကို သွားတယ်။ သူ့ရဲ့ အဓိဋ္ဌာန်ကို ပြောပြပြီး သား မောင်ခင်ဦးကို မကောင်းမြစ်တား၊ ကောင်းရာညွှန်ကြားဖို့ တင်ကို အပ်တယ်။ ဦးစံတင် ဆုံးမတာကို မိဘသဖွယ် ရိုရိုသေသေ လေးစားစား မှတ်သားနာခံဖို့ သား မောင်ခင်ဦးကို ဦးသာဒွန်းက ယ်။

## ကောင်း ဦးစံတင်

ဦးစံတင်လည်း ပုထုဇဉ်ဖြစ်တဲ့အတိုင်း မယားမခင်ဆွေ ဆုံးတဲ့အတွက် တော့ အလောင်ခံရတာပဲ။ ဒီဒုက္ခတွေကို ကြိုတင်စဉ်းစားမိလို့ သူ ရဟန်းပြုခဲ့တာပဲ။ သွေးဒူလာရောဂါကြောင့် လူထွက်ဖို့ ရဟန်း န်းအမများက တိုက်တွန်းတဲ့အခါမှာ သူ အတော်ငြင်းခဲ့တာပဲ။ ပျောက်တော့ သူ ချက်ချင်း သင်္ကန်းပြန်ဝတ်ချင်တာပဲ။ ခါပေ အတိုင်း မဖြစ်ဘဲ အိမ်ထောင်ကြီးထဲမှာ ထောင်ကျရတော့မယ် စပြီး အိမ်ထောင်သည်တိုင်း မတွေ့မနေရတဲ့ ဒုက္ခတွေနဲ့တော့

www.burmeseclassic.com

www.burmeseclassic.com



သူ တွေ့ရဦးတော့မှာပဲဆိုတာ သူ အမြဲ နှလုံးသွင်းခဲ့တယ်။ တစ်နေ့မှ သတိမလစ်ဘူး။

အဲဒါကြောင့် သူကလည်း မိဘလိုချစ်၊ သူ့ကိုလည်း သားသမီးလို ချစ်နေကြတဲ့ ယောက္ခမတွေ အနိစ္စရောက်ခဲ့တုန်းက သူအလောင်ခံရတဲ့ ပရိဒေဝမီးဟာ သိပ်မပြင်းထန်လှဘူး။ အတော်ကလေး ခံသာတယ်။ မယား မခင်ဆွေ ဆုံးတဲ့အခါမှာလည်း သူအလောင်ခံရတဲ့ ပရိဒေဝမီးဟာ သိပ်မပြင်းထန်လှဘူး။ အတော်ကလေး ခံသာတယ်။

သူလည်း ဦးသာဒွန်းလို ရဟန်းပြုချင်တယ်။ ဒါပေမယ့် ဦးသာဒွန်းမှာ သားဖြစ်နေတဲ့အတွက် ပစ်ပြီး ရဟန်းပြုသွားဖို့ လွယ်တယ်။ သူ့မှာ သမီးဖြစ်နေတဲ့အတွက် ဦးသာဒွန်းလို မလွယ်ဘူး။ သမီးကလေး နေရာတကျ နေရာချထားပြီးရင် သူလည်း ရဟန်းဘောင်ထဲကို ပြန်ဝင်မယ် ဆိုတာ ဦးစံတင် လေးလေးနက်နက် စဉ်းစားထားတယ်။

ဦးသာဒွန်းရဲ့ ပဉ္စင်းခံကအပြန် အိမ်မှာခဏဝင် ထမင်းစားပြီး ဦးစံတင်ဟာ သူ့သူငယ်ချင်း သူဌေး ဦးဘိုးဆောင်ရှိရာ ဝဲကြီးဆန်စက်ကို လိုက်သွားတယ်။ ဦးစံတင်ရောက်လာတဲ့အချိန်မှာ သူဌေး ဦးဘိုးဆောင်ဟာ ရှုးလို့ မှုးလို့ ကောင်းတုန်း ဖြစ်နေတယ်။ ဒါပေမယ့် သူ လေးစားတဲ့ သူငယ်ချင်း ဖြစ်နေတဲ့အတိုင်း ဦးစံတင် ရောက်လာတယ်ဆိုတဲ့အသံကို ကြားရုံနဲ့ အရှုးအမှုး နည်းနည်းပြေသွားတယ်။ အရက်ပုလင်းနဲ့ မသိန်းညွှန့်အေးတင့်တို့ကို နောက်ဖေးလှေကားက ထုတ်လိုက်ပြီး သူငယ်ချင်းဦးစံတင်ရှိရာကို သူဌေးဟာ အိမ်ရှေ့လှေကားက ဆင်းသွားတယ်။

ဦးစံတင်ကို တွေ့တွေ့ချင်း သူကပဲစပြီး 'သူငယ်ချင်းရေ၊ ငါ စိတ်ညစ်ညစ်နဲ့ ခွေးဇာတ် လျှောက်ခင်းနေတယ်၊ ငါ့အကြောင်းတွေ မင်း မကြားချင်အဆုံး ဖြစ်နေမှာပေါ့' လို့ ပြောလိုက်တယ်။ ဦးစံတင်ကလည်း ခေါင်းအသာညိတ်ပြီး 'ကြားပါတယ်' လို့ ပြန်ဖြေတယ်။



ဦးဘိုးဆောင် ထိုင်မိတဲ့အခါ ဦးစံတင်က 'သာဒွန်းတော့ ရဟန်းပြုသွားပြီ၊ ငါ အခုပဲ သူ့ပဉ္စင်းခံက ပြန်လာတယ်' လို့ ပြောတယ်။

ဦးဘိုးဆောင်လည်း ဦးစံတင်ကို အံ့အားတသင့်ကြည့်ပြီး 'ဟုတ်လား၊ တယ်ဟုတ်ပါလားဟေ့၊ ဘာလဲ ခဏလုပ်တာလား၊ တစ်သက်လုံးလား' လို့ ဦးဘိုးဆောင်က မေးတယ်။ 'တစ်သက်လုံး' လို့ ဦးစံတင်က ဖြေတယ်။

'သူငယ်ချင်းနှစ်ယောက် အတူတူကျောင်းမှာနေ၊ အတူတူ စာသင်၊ အတူတူကျောင်းထွက်၊ အတူတူ ဒုက္ခရောက်ပြီး သူကတော့ လူဆိုးဖြစ်ကျန်ရစ်ပါကလား၊ သူ့သူငယ်ချင်းကတော့ လူကောင်းဖြစ်သွားပါကလား' လို့ စဉ်းစားမိပြီး ဦးဘိုးဆောင်ဟာ စကားမပြောဘဲ ဓေတ္တငိုင်နေတယ်။

အဲဒီအခါ ဦးစံတင်က 'ဘိုးဆောင်ရေ၊ မင်း လုပ်ချင်လို့သာတွေ့ကရာ လျှောက်လုပ်နေတာ အမှန်စင်စစ်တော့ နားမဝေးပါဘူး၊ အဲဒီတော့ သည်တာကို ရမယ်ရှာပြီး မင်း အခုလုပ်တာတွေဟာ မင်းအတွက် လောက်ဝန်လေးတယ်ဆိုတာ သတိပေးတဲ့အနေနဲ့ ရှင်တော်ဘုရား ထက်တော်တုန်းက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုကို ငါပြန်ပြောမယ်၊ မင်း ဂရုစိုက်ပြီး နားထောင်ကွယ်' လို့ ဦးစံတင်က အစချီလိုက် ဦးဘိုးဆောင်က ခေါင်းညိတ်တယ်။

### ဒီ ကောသလမင်းကြီး

ပသေနဒီကောသလမင်းကြီးဟာ ပုဏ္ဏရကဆိုတဲ့ ဆင်ဖြူတော်ကို သာဝတ္ထိနေပြည်တော်အတွင်းမှာ ကျင်းပနေတဲ့ ပွဲတော်တစ်ခုကို ရှုစားတော်မူတယ်။ အဲဒီအခါ နေပြည်တော်ရဲ့ တစ်နေရာမှာ ဘပ်က ပြတင်းပေါက်ဖွင့်ပြီး ကြည့်နေတဲ့ မိန်းကလေး တစ် မင်းကြီး မြင်လိုက်တယ်။ မင်းကြီးဟာ ဒီမိန်းကလေးကို ဘပ်မက်နေတဲ့အတွက် နန်းတော်ကို ပြန်ရောက်တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



'ဒီမိန်းမဟာ အပျိုလား၊ အအိုလား' လို့ စုံစမ်းခိုင်းတယ်။ အအိုမှန်းသိတဲ့အခါ သူ့ယောက်ျားကိုခေါ်ပြီး နန်းတော်ထဲမှာ ရာထူးတစ်ခုပေးတယ်။ မင်းကြီးရဲ့ ရည်ရွယ်ချက်ကတော့ အဲဒီယောက်ျားကို အပြစ်ရှာ သတ်ပြီး သူ့မယားကို သိမ်းပိုက်ဖို့ပဲ ဖြစ်တယ်။ တစ်နေ့ကျတော့ မင်းကြီးဟာ ယောက်ျားကိုခေါ်ပြီး ကုမုဒြာကြာပန်းနဲ့ အရုဏဝတီမြေနီကို အရှာခိုင်းတယ်။ ကုမုဒြာကြာဆိုတာ ကြာနီပန်းတစ်မျိုးပါပဲ။ အရုဏဝတီမြေနီဆိုတာကတော့ မနက်အစောကြီး မြင်ရတဲ့ အရုဏ်ရောင်ရှိတဲ့ မြေနီတစ်မျိုးပါပဲ။ အဲဒီကြာနဲ့ အဲဒီမြေနီဟာ နေပြည်တော်က တစ်ယူဇနာကျော်ကျော်ရှိတဲ့ နေရာက မြစ်ထဲမှာ ရနိုင်တယ်။ အဲဒီကြာနီနဲ့ မြေနီကို အဲဒီနေ့ညနေ မင်းကြီးရေချိုးတဲ့အခါ အမီဆက်သရမယ်လို့ အမိန့်ရှိတယ်။

အဲဒီယောက်ျားလည်း အိမ်မှာ ထမင်းထုပ်ဝင်ယူပြီး မင်းကြီးအလိုရှိတဲ့ ကြာနီနဲ့ မြေနီကို ရှာရအောင် ခရီးပြင်းထွက်လာခဲ့တယ်။ လမ်းမှာမောမောနဲ့ ထမင်းထုပ်ဖြေစားနေတုန်း ခရီးသွား ယောက်ျားတစ်ယောက်ကို ထမင်းတစ်ဝက်ခွဲပြီး ကျွေးတယ်။ နောက်ဆုံး ထမင်းထုပ်ကိုလည်း မင်းခယောက်ျားဟာ မစားဘဲ မြစ်ထဲက ငါးတွေစားရအောင် စွန့်လိုက်တယ်။

အဲဒီလိုစွန့်ပြီးတော့မှ 'ကျွန်တော်ဟာ ခရီးသွား ယောက်ျားတစ်ယောက်ကို ထမင်းလှူရတဲ့ကုသိုလ်၊ ငါးတွေကို အစာကျွေးရတဲ့ ကုသိုလ်တွေကို ဒီအရပ်မှာ စောင့်ရှောက်အုပ်စိုးနေကြတဲ့ နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်ယက္ခတ်နှင့် နတ်တို့အား အမျှဝေပါတယ်၊ ကျွန်တော့်ကို သနားသောအားဖြင့် အရှင်တို့၊ ကျွန်တော့်အား ကုမုဒြာကြာနီနဲ့ အရုဏဝတီ မြေနီတို့ကို ဆောင်ယူပေးသနားကြပါ' လို့ သုံးကြိမ်တိုင်တိုင် ခပ်ကျယ်ကျယ် အော်လိုက်တယ်။

အဲဒီအရပ်မှာ စောင့်နေတဲ့ နဂါးမင်းလည်း မင်းခယောက်ျားဝေငှတဲ့ ကုသိုလ်ကို သာဓုခေါ်ပြီး သူ့အလိုရှိတဲ့ ကြာနီနဲ့ မြေနီတို့ကို ပေးလိုက်တယ်။



ပသေနဒီ ကောသလမင်းကြီးဟာ သူ့အကြံ အောင်မြင်ဖို့ သေချာအောင် မြို့တံခါးကို အစောကြီးပိတ်ခိုင်းပြီး မြို့တံခါးသော့ကို ကိုယ်တိုင် သိမ်းထားလိုက်တယ်။ မင်းခယောက်ျားဟာ ကြာနီနဲ့ မြေနီ ယူပြီး ပြန်လာတဲ့အခါ မြို့တံခါး ပိတ်ပြီးသားဖြစ်နေတဲ့အတွက် မြို့ထဲကို ဝင်နိုင်တော့ဘူး။ အဲဒီအခါ မင်းခယောက်ျားဟာ အသတ်ခံရတော့မယ့်အရေးကို တွေးပြီးကြောက်တာနဲ့ 'အို တိုင်းသူပြည်သား လူအများတို့၊ မင်းကြီးစေခိုင်းလို့ အကျွန်ုပ်ဟာ ကြာနီပန်းနဲ့ မြေနီကို သွားယူရတယ် ဆိုတာ အသင်တို့ သိကြဖို့ ဆန္ဒရှိနေပါတယ်' လို့ သုံးကြိမ်တိုင်တိုင် အကျယ်ကြီးဟစ်တယ်။ အဲဒီလို ဟစ်ပြီးတော့မှ မြို့ထဲမဝင်ရတာနဲ့ မင်းခစားယောက်ျားဟာ ဘုရားကျောင်းတော်ကိုသွားပြီး တစ်နေရာမှာ အိပ်တယ်။

## ဒုစ္စရိုက်သမား လေးယောက်

ပသေနဒီကောသလမင်းကြီးလည်း မင်းခယောက်ျားရဲ့ မိန်းမကို ချစ်တဲ့စိတ်နဲ့ တစ်ညလုံး အိပ်မပျော်ဘူး။ မနက်ကျရင် မင်းခယောက်ျားကို သတ်ပြီး သူ့မယားကို သိမ်းပိုက်ဖို့ကိုပဲ တစ်ညလုံး စိတ်ကူးနေတယ်။ အဲဒီလို စိတ်ကူးနေတုန်း 'ဒု' 'သ' 'န' 'သော' ဆိုတဲ့ အသံနက်ကြီးလေးသံကို မင်းကြီး ကြားရတယ်။ မင်းကြီးလည်း အင်မတန် ထိတ်လန့်တုန်လှုပ်ပြီး နက်လင်းလင်းချင်း ပုရောဟိတ်ပုဏ္ဏားကို ခေါ်မေးတယ်။ ပုရောဟိတ်ပုဏ္ဏားလည်း အသံနက်ကြီးလေးသံအကြောင်း ဘာမှ မသိဘူး။ ဒါပေမယ့် မသိဘူးဆိုရင် မင်းကြီးဆီက ဆုတော် လာဘ်တော်တွေ မရတော့မှာစိုးတဲ့အတွက် 'အရှင်မင်းကြီးရဲ့ အသက်အန္တရာယ်ကို မြင်ပါတယ်' လို့ ရမ်းလျှောက်လိုက်တယ်။

ကောသလမင်းကြီးလည်း ရှေးကထက် လန့်သွားပြီး 'ဒီအန္တရာယ်ကို ကာကွယ်နိုင်ဘူးလား' လို့ ပုရောဟိတ်ကို မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပုရောဟိတ်က 'တတ်နိုင်ပါတယ် အရှင်မင်းမြတ်၊ ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နွားလားဥသဘတစ်ရာ၊ နို့ညှစ်နွားမ တစ်ရာ၊ ဆိတ်မြန်မာ တစ်ရာ၊ မြည်းတစ်ရာ၊ အာဇာနည်မြင်း တစ်ရာ၊ ဆိတ်ကုလား တစ်ရာ၊ ကြက် တစ်ရာ၊ ဝက် တစ်ရာ၊ သတို့သမီး တစ်ရာ၊ သတို့သားတစ်ရာ အစရှိသဖြင့် ရှိသမျှ သတ္တဝါတွေ တစ်ရာစီသတ်ပြီး ပူဇော်ရတဲ့ သဗ္ဗသတ ယဇ်ပူဇော်ပွဲ လုပ်ရမယ်' လို့ လျှောက်တယ်။

မင်းကြီးကလည်း သူသေရမှာ ကြောက်ပြီး ပုရောဟိတ် လျှောက်တဲ့ အတိုင်း ယဇ်ပူဇော်ဖို့ အမိန့်ချလိုက်တယ်။ ယဇ်ပူဇော်ဖို့ ဖမ်းထားတဲ့ သတို့သမီးတွေနဲ့ သူတို့ရဲ့ မိဘဆွေမျိုး ဉာတကာတွေဟာ ဟစ်အော်ငိုကြွေး နေကြတဲ့အတွက် နန်းတော် အနီးအနားတစ်ဝိုက်မှာ ဆူညံနေကြတာပဲ။

အဲဒီအသံတွေကြားတော့မှ မလ္လိကာမိဖုရားကြီးက 'ဘာဖြစ်တာလဲ'လို့ မင်းကြီးကို မေးတယ်။

မင်းကြီးက အကျိုးအကြောင်း ရှင်းပြတဲ့အခါ မလ္လိကာမိဖုရားကြီးက 'အရှင်မင်းကြီး၊ သူတစ်ပါးရဲ့အသက်ကို သတ်ပြီး ကိုယ့်အသက်ချမ်းသာ အောင် လုပ်လို့ရတယ်ဆိုတာ ဘယ်မှာများ ကြားဖူးပါသလဲ၊ ဒီမိုက်မဲတဲ့ ပုရောဟိတ်ပုဏ္ဏားစကားကို နားထောင်တော်မမူပါနဲ့၊ ဇေတဝန်ကျောင်းတော် မှာ နတ်နဲ့ တကွသော လူအပေါင်းတို့ရဲ့ အထွတ်အမြတ်ဖြစ်တဲ့ အတိတ် ပစ္စုပ္ပန် အနာဂတ်ကို အပိတ်အပင်မရှိ အတုမရှိ မြင်တော်မူနိုင်တဲ့မြတ်စွာ ဘုရား သီတင်းသုံးနေပါတယ်၊ ဒီအသံနက်ကြီးလေးသံရဲ့ အကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားပြီး မြတ်စွာဘုရား အမိန့်ရှိတဲ့အတိုင်း ဆောင်ရွက်တော်မူပါ' လို့ သံတော်ဦးတင်ပြီး မလ္လိကာမိဖုရားကြီးဟာ မင်းကြီးကို မြတ်စွာဘုရားဆီ ခေါ်သွားတယ်။

မလ္လိကာမိဖုရားကြီးက မင်းကြီးကိုယ်စား အသံနက်ကြီးလေးသံ အကြောင်း မြတ်စွာဘုရားကို လျှောက်ထားတဲ့အခါ 'ဒီအသံနက်ကြီး လေးသံ



မင်းကြီးရဲ့ အသက်အန္တရာယ်နဲ့ ဘာမှ မဆိုင်ဘူး၊ ကဿပမြတ်စွာဘုရား ...ထက်တော်က သောက်စားမူးယစ်ပြီး ကာမမှာ မှားယွင်းစွာ ကျင့်ခဲ့ ...တဲ့ သူဌေးသားလေးယောက်ဟာ သေတဲ့အခါ အဝီစိကိုကျတယ်၊ ...ရားတစ်ဆူနဲ့ တစ်ဆူ ပွင့်တော်မူဖို့အတွက် ကြားကာလကြီးဟာ ...င်မတန် ကြာတယ်၊ ငါဘုရားပွင့်တော်မမူမီ အနှစ်ခြောက်သောင်းထိ ...သူဌေးသားလေးဦးဟာ အဝီစိငရဲမှာ ခံစားရတယ်၊ ဒါပေမယ့် သူတို့ရဲ့ ...ကုသိုလ်ကံတွေဟာ အင်မတန် ကြီးလေးလှတဲ့အတွက် အဝီစိကလွတ်ပြီး ...လောဟကုမ္ဘီငရဲမှာ တစ်ခါပြန်ခံရတယ်၊ ထမင်းအိုးထဲမှာ အပြုတ်ခံနေရတဲ့ ...တွေဟာ အောက်မြုပ်သွားလိုက် အိုးဝ တက်လာလိုက် ဖြစ်နေသလို ...လောဟကုမ္ဘီ ငရဲအိုးကြီးမှာ အပြုတ်ခံနေရတဲ့ သူဌေးသားလေးယောက် ... ငရဲအိုးကြီးထဲမှာ အောက်မြုပ်သွားလိုက် အိုးဝတက်လာလိုက် ဖြစ်နေ ... အောက်အထိ မြုပ်သွားဖို့ အနှစ် သုံးသောင်း ကြာတယ်၊ အောက် ... အထက် အိုးဝအထိ တက်လာဖို့ အနှစ်သုံးသောင်း ကြာတယ်။

အဲဒီအိုးဝကို ရောက်တဲ့အခါ ပထမသူဌေးသားက

ဒုဇ္ဇီဝိတ မဇီဝိမှ၊ ယေသံ နော န ဒဒမှသေ၊
ဝိဇ္ဇာ မာနေသု ဘောဂေသု၊ ဒီပံ နာကမှ အတ္တနော။

ဆိုတဲ့ ဂါထာကို ရွတ်ချင်တယ်။ ဒီဂါထာရဲ့ အဓိပ္ပာယ်ကတော့ ... 'ငါတို့ဟာ သူဌေးသားတွေဖြစ်တုန်းက ကုသိုလ်တွေ မလုပ်ခဲ့ဘူး၊ ...ကုသိုလ်တွေသာ လုပ်ခဲ့ကြတယ်' အဲဒီလို အဓိပ္ပာယ်ရတယ်၊ ဒါပေမယ့် ...သားဆုံးအောင် မရွတ်နိုင်ဘူး၊ 'ဒု' ဆိုတဲ့ ပထမဆုံး အလုံးကိုသာ ရွတ်ပြီး ...သေးတယ်၊ ဒီသူဌေးသားဟာ ငရဲအိုးကြီးအောက်ကို မြုပ်သွားတယ်။

ဒုတိယ သူဌေးသားကလည်း ငရဲအိုးဝကို ရောက်တဲ့အခါ

သဋ္ဌိဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ဂါထာကို ရွတ်ချင်တယ်။ ဒီဂါထာရဲ့ အဓိပ္ပာယ်ကတော့ ဒီလို။ 'ငါတို့ဟာ ဒီငရဲမှာ ခံနေရတာ အနှစ်ခြောက်သောင်းရှိပြီ၊ ဘယ်တော့မှ ဒီငရဲက လွတ်ပါ့မလဲ' အဲဒီလို အဓိပ္ပာယ်ရတယ်၊ ဒါပေမယ့် ဂါထာဆုံးအောင် မရွတ်နိုင်ဘူး၊ 'သ' ဆိုတဲ့ ပထမဆုံး အလုံးကိုသာ ရွတ်ပြီးရုံ ရှိသေးတယ်၊ ဒီ ဒုတိယသူဌေးသားလည်း ငရဲအိုးကြီးအောက်ကို မြုပ်သွားပြန်တယ်။

တတိယသူဌေးသားကလည်း ငရဲအိုးဝကို ရောက်တဲ့အခါ
နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။
တဒါ ဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသ။

ဆိုတဲ့ ဂါထာကို ရွတ်ဆိုချင်တယ်။ ဒီဂါထာရဲ့ အဓိပ္ပာယ်ကတော့ 'သူဌေးသားတွေဖြစ်စဉ်က ငါတို့လုပ်ခဲ့ကြတဲ့ အကုသိုလ်ကံကြီးတွေဟာ ကြီးတယ်၊ ဒါကြောင့် ငါတို့ရဲ့ ငရဲသက်တမ်းဟာ ဘယ်လောက်ရှိတယ် ဆိုတာ မပိုင်းခြားနိုင်ဘူး' အဲဒီလို အဓိပ္ပာယ်ရတယ်၊ ဒါပေမယ့် ဂါထာဆုံးအောင် မရွတ်နိုင်ဘူး။ 'န' ဆိုတဲ့ ပထမဆုံးအလုံးကိုသာ ရွတ်ပြီးရုံ ရှိသေးတယ်၊ ဒီ တတိယသူဌေးသားလည်း ငရဲအိုးကြီးအောက်ကို မြုပ်သွားပြန်တယ်။

စတုတ္ထသူဌေးသားကလည်း ငရဲအိုးဝကို ရောက်တဲ့အခါ
သော ဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။
ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။

ဆိုတဲ့ ဂါထာကို ရွတ်ဆိုချင်တယ်။ ဒီဂါထာရဲ့ အဓိပ္ပာယ်ကတော့ 'ငါဟာ ဒီငရဲကလွတ်ပြီး၊ လူပြန်ဖြစ်မယ်ဆိုရင် သီလလည်း မြဲတော့မယ်၊ သီလရှိတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ကြိုးစားပြီး လှူမယ်၊ ကုသိုလ်ကောင်းမှုတွေလည်း အများကြီးလုပ်မယ်' အဲဒီလို အဓိပ္ပာယ်ရတယ်၊ ဒါပေမယ့် ဂါထာဆုံးအောင် မရွတ်နိုင်ဘူး။ 'သော' ဆိုတဲ့ ပထမဆုံးအလုံးကိုသာ ရွတ်ပြီးရုံ



ရှိသေးတယ်။ ဒီသူဌေးသားလည်း ငရဲအိုးကြီးအောက်ကို မြုပ်သွားပြန်တယ်လို့ မြတ်စွာဘုရားက မိန့်တော်မူတယ်။

အဲဒီလို မိန့်တော်မူပြီးမှ ရာဂစိတ်ကြောင့် တစ်ညလုံး မအိပ်နိုင်တဲ့ ကောသလမင်းကြီးရော၊ မနေ့က တစ်နေ့လုံး ခရီးပန်းလာတဲ့ မင်းခစားယောက်ျားရော ရောက်ရှိနေကြတဲ့ ပရိသတ်များပါ သံဝေဂရရှိကြဖို့အတွက် မြတ်စွာဘုရားက

'အိပ်၍မပျော် နိုးကြားနေသောသူအား သုံးယံမျှသာရှိသော ညဉ့်သည် ကြာရှည်သကဲ့သို့ ဖြစ်၏။ ခရီးပန်းသောသူအား တစ်ယူဇနာမျှသော ခရီးသည် ရှည်ဝေးသကဲ့သို့ဖြစ်၏၊ သူတော်ကောင်းတရားကို မသိကုန်သော သူမိုက်တို့အား ကျင်လည် ပြေးသွားရာ သံသရာသည် အလွန်ရှည်ဝေးလှသည်သာတည်း' ဟု မိန့်တော်မူတယ်။

ပသေနဒီကောသလမင်းကြီးလည်း အများကြီး သံဝေဂရပြီး သဗ္ဗသတ ယဇ်ပူဇော်ဖို့ တုပ်နှောင်ထားတဲ့ သတ္တဝါတွေနဲ့တကွ မင်းခစားယောက်ျားတို့ကို အသက်မှ ချမ်းသာပေးလိုက်တယ်။

'သူငယ်ချင်း ဘိုးဆောင်၊ မင်းအခု လျှောက်လုပ်နေတာတွေဟာ တရားတော်အရ ဘယ်လောက် ဝန်လေးလှတယ်ဆိုတာကို စဉ်းစားနိုင်တဲ့ ဉာဏ် မင်းမှာရှိတယ်၊ မင်း အခုလို လျှောက်လုပ်နေတာကိုတွေ့ရတော့ ဘိုတစ်တွေ ကျောင်းမှာနေတုန်းက မောင်ပု ဆိုတဲ့ ကျောင်းသားကလေးကို ငါ ပြေးပြီးသတိရတယ်၊ ဒီသူငယ်ကလေးဟာ တစ်နေ့မှာ သိပ်ပြီးကိုယ်ပူနေတယ်၊ အဲဒီလို ကိုယ်ပူတာကို စိတ်ညစ်တဲ့အတွက် လူတွေအလစ်မှာ ကျောင်းဘေးက ကန်ထဲမှာ ရေဆင်းစိမ်နေတယ်၊ ကံကောင်းတဲ့အတွက် လူတွေတွေ့ပြီး ခပ်မြန်မြန် ရေထဲက ဆယ်လိုက်ပေလို့ပဲ၊ နည်းနည်းသာ နောက်ကျသွားရင် သေမယ်၊ ကိုယ်ပူရင် ကိုယ်ပူပျောက်တဲ့ဆေးကိုသာ

www.burmeseclassic.com

www.burmeseclassic.com



သောက်မှပေါ့၊ စိတ်ညစ်တယ်ဆိုပြီး ရေဆင်းစိမ်ရင် သေမှာပေါ့ကွ၊ မင်းလည်း ထောင်အတွက် စိတ်ညစ်တယ်ဆိုရင် စိတ်ချမ်းသာရတဲ့ တရားကို အားထုတ်မှပေါ့ကွ၊ စိတ်ညစ်တယ်ဆိုပြီး တွေ့ကရာတွေ လျှောက်လုပ်နေရင် မင်းသေတဲ့အခါ အဝီစိမှာ ချိုးကပ်နေမှာပေါ့၊ မင်းဟာ ဦးပညာရဲ့တပည့် ဆိုပြီး ဦးပညာကိုတော့ အိုးမည်း မသုတ်ပါနဲ့ကွာ၊ ပျက်အစဉ် ပြင်ခဏတဲ့၊ အဲဒါကြောင့် မင်း မြန်မြန်ပြင်ပါ' လို့ ဦးစံတင်က ပြောတယ်။

သူငွေးဘိုးဆောင်လည်း အသက် ၅၀ ကျော်အထိ သီလရှိတဲ့လူတစ်ယောက်အဖြစ်နဲ့ ကိုယ့်ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ပြီးတဲ့နောက်မှ ဖြုန်းခနဲ ကိုယ့်စိတ်ကိုယ် မနိုင်ဘဲ သီလပျက်တဲ့လူအဖြစ်ကို ရောက်သွားခဲ့ရတာကိုရော၊ သူလုပ်ခဲ့တဲ့ အကုသိုလ်တွေဟာ နောင်သံသရာအတွက် ဝန်လေးနေပြီဆိုတာတွေကိုရော၊ သူ့မယားဆုံးတာတွေကိုရော၊ သူ့ဆရာတော်ကြီး ဦးပညာက တပည့်တွေ လူ့ပုံအလယ်မှာ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ဖြစ်စေချင်လွန်းလို့ ကရုဏာရှေ့ထားပြီး ဆုံးမစကားဟောကြားခဲ့တာတွေကိုရော၊ သူ့သူငယ်ချင်း သာဒွန်းက လူကောင်းဖြစ်သွားတယ်၊ သူက လူဆိုးဖြစ်ကျန်ရစ်ခဲ့တယ်ဆိုတာတွေကိုရော စဉ်းစားမိပြီး ဦးစံတင်ဟာ တရားဟောနေတုန်းပဲ သူ့မျက်စိနှစ်ဘက်စလုံးက မျက်ရည်တွေ တသိတတန်းကြီး စီးကျနေတယ်။

နှစ်ယောက်စလုံး ခဏလောက် ငြိမ်နေကြပြီးတဲ့နောက် ဦးစံတင်ကပဲ 'အခု မျက်မှောက်ဘဝမှာ ခဏကလေး ခံစားရတဲ့ အတွေ့ကြောင့် သံသရာကြီးတစ်လျှောက်လုံးမှာ အကြာကြီးခံရမယ့် ဆင်းရဲတွေကို မင်း ပြန်ပြီး တွေးကြည့်ပါ၊ ကိုယ့်ကိုယ်ကို သနားရင် မဟုတ်တာတွေ၊ မမှန်တာတွေ၊ မတရားတာတွေ၊ အကုသိုလ်ဖြစ်ခဲ့တာတွေ၊ သံသရာ ဝဋ်ဆင်းရဲတွေထဲမှာ တဝဲလည်လည်နဲ့ ဖြစ်စေမယ့်ဟာတွေ မှန်သမျှကို ရှောင်ပေါ့ကွာ' လို့ ဆက်ပြီး ပြောတယ်။



'အခု မျက်မှောက်ဘဝမှာ တစ်ခဏလောက် မြက်မြက်ကလေးစားရပြီး သံသရာတစ်လျှောက်မှာ အကြာကြီးခံရမှာကို မင်းတို့ မလုပ်ချင်ကြနဲ့ကွာ၊ ငါလည်း မလုပ်ဘူး' လို့ ပန်းထိမ်ဆရာ ဘဝတုန်းက ဦးဘိုးဆောင်ဟာ သူ့တပည့် ပန်းထိမ်သမားတွေ ရွှေမခိုးအောင်၊ ရွှေမလိမ်အောင် ခဏခဏ ပြောလေ့ရှိတယ်။

အဲဒါကြောင့် ဦးစံတင်က အခု မျက်မှောက်ဘဝမှာ ခဏကလေး ခံစားရတဲ့အတွေ့ကြောင့် သံသရာကြီးတစ်လျှောက်လုံးမှာ အကြာကြီးခံရမယ့် ဆင်းရဲတွေကို မင်း ပြန်တွေးကြည့်ပါလို့ ပြောတဲ့အခါ ဒီစကားလုံးတွေဟာ ဦးဘိုးဆောင်ရဲ့အသည်းကို ခိုက်သွားပြန်တယ်။ အဲဒါကြောင့် ဦးဘိုးဆောင်လည်း ဘာမှ ပြန်မပြောဘဲ ခေါင်းအသာညိတ်နေတယ်။ မျက်ရည်တွေကလည်း တသွင်သွင် စီးကျနေတယ်။ တစ်အောင့်လောက်ကြာတဲ့အခါ၊ ဘိုးဆောင်ရေ မင်း နှလုံးသွင်းနေဖို့ ရှင်တော်မြတ်ဘုရားဟောကြားထားခဲ့တဲ့ ဓမ္မပဒတရားတော် တစ်ပုဒ်ကို ငါပေးခဲ့မယ်၊ အဲဒီဂါထာကို မင်းလည်း ရပါတယ်ကွယ်၊ ဦးသူရိယက တို့ကို ခဏခဏ ရွတ်ပြသွားတာပဲ။

ဟနန္တိ ဘောဂါ ဒုမ္မေဓံ
နောစ ပါရ ဂဝေသိနော
ဘောဂ တဏှာယ ဒုမ္မေဓော
ဟန္တိ အညေဝ အတ္တနံ။

စည်းစိမ်ဥစ္စာတို့သည် ပညာမဲ့သူကို ဖျက်ဆီးကုန်၏။ နိဗ္ဗာန်တည်း ဟူသော တစ်ဘက်ကမ်းကို ရှာမှီးသူတို့ကိုကား မဖျက်ဆီးနိုင်ကုန်။ ပညာမဲ့သူသည် စည်းစိမ်ဥစ္စာ၌ တပ်မက်ခြင်းဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဆောင်ရေ၊ ဒီဂါထာကလေးရဲ့ အဓိပ္ပာယ်ဟာ အင်မတန် နက်နဲတယ်။ ခဏခဏ ရွတ်ပေးပေ့။ အဓိပ္ပာယ်ကို နှလုံးသွင်းဖို့လည်း မမေ့နဲ့ကွယ်လို့ ပြောပြီး ဦးစံတင် ထ ပြန်သွားတယ်။

## ဦးဘိုးဆောင် လမ်းမှန်ပြန်ရောက်

ဦးဘိုးဆောင်လည်း အိမ်အပေါ်ထပ်ကို ပြန်တက်သွားပြီး သူ့အိပ်ခန်းထဲက ခုတင်ပေါ်မှာ အသာလှဲရင်း စဉ်းစားနေတယ်။ မအေးတင့်နဲ့ မသိန်းညွန့်တို့လည်း အရက်ပုလင်း၊ ဖန်ခွက်၊ စားစရာ သောက်စရာတွေကို ယူပြီး သူ့အိပ်ခန်းထဲကို ဝင်လာကြတယ်။ ဦးဘိုးဆောင်လည်း သူတို့ကို မလာကြနဲ့လို့ ညာဘက်လက်နဲ့ နှင်ပစ်ရင်း 'ဒါတွေ ယူသွားကြတော့၊ နင်တို့လဲ ငါခေါ်မှလာ' လို့ တိုတိုပြတ်ပြတ် ပြောလိုက်တယ်။

မသိန်းညွန့်နဲ့ မအေးတင့်တို့လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ထွက်သွားကြတယ်။ တအောင့်လောက်ကြာတဲ့အခါ သူဌေးဦးဘိုးဆောင်ဟာ သူ့အိပ်ခန်းတံခါးကို ထပိတ်ပြီး အထဲက မင်းတုပ်ထိုးထားလိုက်တယ်၊ ဦးဘိုးဆောင်ဟာ အိပ်ရာပေါ်မှာ ပြန်လှဲနေရင်း သူ့အနှစ်ငါးဆယ်နီးပါး တည်ဆောက်ခဲ့ရတဲ့ သီလဗိမာန်ကြီးဟာ ဖရိုဖရဲ ပြိုကွဲပြီး ကြည့်မကောင်း ရှုမကောင်း ဖြစ်နေတာကိုသာ သူ တမြင်တည်း မြင်နေတယ်။ အရင်တုန်းကဆိုရင် ငါဟာ ဘယ်ဝိုင်းထဲကိုပဲဝင်ဝင် ငါ့ပိုက်ဆံကြောင့် မဟုတ်ဘူး၊ ငါ့သီလ၊ ငါ့သမာဓိကြောင့် ငါ့ကို လူတွေကလေးစားကြတယ်၊ ကြည်ညိုကြတယ်၊ ချစ်ခင်ကြတယ်။ အခုဆိုရင် ဒီလူတွေကို ငါဟာ ဘယ်လိုမျက်နှာမျိုးနဲ့ မျက်နှာချင်းဆိုင်မလဲ၊ ငါ သီလရှိတုန်းက လူတွေဟာ ငါ့ရဲ့ သီလရှိတာကို အကြီးအကျယ်လုပ်ပြီး ဆွေးနွေးကြမှာ မဟုတ်ဘူး။ အခု ငါ သီလပျက်တဲ့အခါ လူတွေဟာ ငါ့သီလပျက်တာကို အကြီးအကျယ်လုပ်ပြီး ဆွေးနွေးကြမှာပဲ။ မကောင်းသတင်းက ကောင်း



သတင်းထက် လူတွေ ပိုပြီး စိတ်ဝင်စားတာ ဓမ္မတာပဲ။ အေးလေ၊ သူများတွေက ငါ့အပေါ် အထင်သေးမှာကို တွေးနေစရာ မလိုပါဘူး။ ငါကဘာဖြစ်လို့ အထင်သေးခံရအောင် လုပ်ရသလဲ။ တံတွေးခွက် ပက်လက်မှောက်ရမယ့် အလုပ်မျိုးကို လုပ်မိလို့ တံတွေးနဲ့ ဝိုင်းပြီး အထွေးခံရရင် ထွေးတဲ့လူတွေရဲ့ အပြစ်မဟုတ်ဘူး၊ တံတွေးအထွေးခံရမယ့် အလုပ်ကို လုပ်တဲ့သူရဲ့ အပြစ်ပဲ။ ငါကလဲကွာ ဒီဟာတွေကို တစ်သက်လုံး ရှောင်လာပြီးမှ ဘယ်လိုက ဘယ့်နှယ် ဖြစ်ပြီး သွားလုပ်လိုက်မိတယ် မဆိုနိုင်ပါဘူး။ ယားသေပြီး စိတ်ညစ်လို့ဆိုတဲ့ ဆင်ခြေတွေကို မပေးပါနဲ့ကွယ်၊ သာဒွန်းတို့များ မယားတွင် မကဘူး၊ သူ အင်မတန်ချစ်တဲ့ သမီးကလေးတောင် သေတယ်။ သူ ငါ့လို ခွေးဇာတ်မခင်းဘူး၊ သူတော်ကောင်း ဖြစ်သွားတယ်။ ဒူပြည်မှာ လူရယ်လို့ တအောင့်ကလေး လာဖြစ်ရတဲ့အခါ အထက်တက်ရမယ့် အလုပ်တွေကို ငါ လုပ်ရမယ့်အစား ငါဟာ အောက်ဆင်းရမယ့် အလုပ်တွေကို လုပ်မိလေပြီဆိုတဲ့ အတွေးတွေကို တောင်တွေး မြောက်တွေး တွေးရင်း စိတ်မောမောနဲ့ အိပ်ပျော်သွားတယ်။

အိပ်ရာကနိုးတဲ့အခါ သူ့မော်တော်ဘုတ်ကို အသင့် လုပ်ထားခိုင်းပြီး ဝါးခယ်မကို ပြန်သွားတယ်။ မော်တော်ဘုတ်က တဖြည်းဖြည်း ဆိပ်ကခွာရင်း သူဌေးဘိုးဆောင်ဟာ တူတစ်ချောင်း အရင်းတည်ပြီး သူ နယ်ဒေါင်းများစွာ စုလာခဲ့ရတဲ့ ငွေနဲ့ တည်ဆောက်ခဲ့တဲ့ ဆန်စက်ကြီးနဲ့ ဂိုဒေါင်တွေကို နောက်ဆုံးကြည့်တဲ့အနေနဲ့ စိန်းနေအောင် ကြည့်လိုက်တယ်။

ဝါးခယ်မကအိမ်ကို ရောက်တဲ့အခါ သား သုခကိုခေါ်ပြီး 'သုခ ငါ နောက်ဖြန် ရဟန်းပြုတော့မယ်၊ သိန်းညွန့်၊ စိန်မြိုင်နဲ့ အေးတင့်တို့ကို သူများ မျက်နှာမငယ်ရဘဲနဲ့ စားသွားနိုင်အောင် မင်းကြည့်ပြီး ပေးလိုက်၊ ငါ့ ရိုက္ခရာရှစ်ပါး ဝယ်ထား' လို့ တိုတိုပဲပြောပြီး ပဉ္စင်းခံအတွက် အင်း အောင် ကန်တော်ဦးကျောင်းကို ထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညဘက်ကျတော့ ဦးသာဒွန်းလိုပဲ သားသုခကိုခေါ်ပြီး ဦးဘိုးဆောင်ဟာ သူငယ်ချင်း ဦးစံတင်အိမ်ကို ထွက်သွားတယ်။ ဦးစံတင်နဲ့ တွေ့တဲ့အခါ သူ ရဟန်းပြုတော့မယ့်အကြောင်းကို ပြောပြတယ်။

'သားကို အားမနာပါနဲ့၊ သားအရင်းလို ဆုံးမပါ' လို့ ဦးစံတင်ကို ပြောပြီး သားကို အပ်တယ်။

'သားကလည်း ဦးစံတင်ကို မိဘအရင်းလို သဘောထားပြီး ဆုံးမသမျှကို မြေဝယ်မကျ နားထောင်' လို့ သားကို မှာတယ်။

ဦးဘိုးဆောင်ပြောပြီးတဲ့အခါ ဦးစံတင်က 'မင်းနဲ့ သာဒွန်းကျောင်းက ထွက်မယ့်နေ့မှာ ဆရာတော်ဘုရား အမိန့်ရှိတာ မင်း မှတ်မိသေးသလား' လို့ ဦးဘိုးဆောင်ကို မေးတယ်။

ဦးဘိုးဆောင်က 'ဘယ်ဟာလဲ' လို့ ပြန်မေးတယ်။

အဲဒီအခါ ဦးစံတင်က 'အရှင်ဇင်္ဂိလ ရဟန္တာအလောင်းအလျာ ငယ်ငယ်တုန်းက သူ့မွေးစားတဲ့ မိဘတွေက ရဟန္တာကြီး အရှင်မဟာကစ္စည်းကို ရဟန်းပြုပေးဖို့ အပ်လိုက်တယ်၊ ဒါပေမယ့် အရှင်ဇင်္ဂိလအလောင်းအလျာဟာ သူဌေးဖြစ်ဖို့ ကံက ရှိနေသေးတော့ ငယ်ငယ်က ရဟန်းမဖြစ်ဘူး၊ သူဌေးဖြစ်ပြီးမှ ရဟန္တာဖြစ်သွားတယ်၊ မင်းတို့လည်း နောင် ကြီးလာတဲ့အခါ ရဟန်းဖြစ်ဖို့ ပါရမီပါလာရင် ရဟန်းဖြစ်ရဦးမှာပေါ့ကွာ လို့ ဆရာတော်ဘုရား အမိန့်ရှိတာလေ၊ မင်း မမှတ်မိဘူးလား' လို့ ဦးစံတင်က မေးတယ်။

ဦးဘိုးဆောင်က 'မှတ်မိတယ်' လို့ ဖြေတယ်။

ဦးစံတင်က 'အခု မင်းနဲ့ သာဒွန်းတို့ဟာ ဆရာတော်ဘုရားအမိန့်ရှိလိုက်တဲ့အတိုင်း ဖြစ်နေပြီ၊ သူတော်ကောင်းကြီးတွေရဲ့ နှုတ်မှာ နတ်ကောင်းတွေ စောင့်တယ်၊ သူတို့ဟာ စကားလည်း ပြောခဲတယ်၊ ပြောလိုက်ရင်လည်း မှန်တာများတယ်' လို့ ဦးစံတင်က ဆက်ပြီး ပြောလိုက်တယ်။ နောက်တစ်နေ့မှာ ဦးဘိုးဆောင်ဟာ ဦးပဝရဘွဲ့နဲ့ ရဟန်းဖြစ်သွားတယ်။

## အခန်း ၄
## သုခ၊ ခင်ဦး၊ မလှရင်

သူတို့ဖခင်တွေ ရဟန်းပြုကြပြီးတဲ့နောက် သုခဟာ ဝဲကြီး သုခဗလဆန်စက်နဲ့ ကံဘဲ့က လယ်တွေရဲ့ ပိုင်ရှင်သူဌေးဖြစ်လာတယ်။

ခင်ဦးကတော့ ဝါးခယ်မက အထွေထွေကုန်စုံတိုက်ကြီးပိုင်ရှင်ဖြစ်လာတယ်။

သူတို့နှစ်ဦးစလုံးဟာ သူတို့ဖခင်တွေ ရဟန်းမပြုခင် သေသေချာချာ မှာသွားတဲ့အတိုင်း ဦးစံတင်ကို မိဘရင်းသဖွယ် သဘောထားပြီး ဆည်းကပ်ကြတယ်။ ဦးစံတင်ကလည်း သူတို့ကို သားအရင်းများသဖွယ် စောင့်ရှောက်တယ်။ ခင်ဦးရဲ့ဆိုင်က ဦးစံတင်ရဲ့ အိမ်နဲ့ပိုနီးတယ်။ ဒါကြောင့် သုခဟာ ဝဲကြီးက ဆန်စက်မှာ မအိပ်ဘဲ ဝါးခယ်မမှာ အိပ်တဲ့ညတွေဆိုရင် ညတိုင်းလိုလိုပဲ ရှေးဦးစွာ ခင်ဦးရဲ့ဆိုင်ကို လာတယ်။ ပြီးတော့မှ သုခနဲ့ ခင်ဦးတို့ဟာ ဦးစံတင်ရဲ့အိမ်ကို အတူတူသွားကြတယ်။ ဦးစံတင်ရဲ့ လောကီလောကုတ္တရာ ဆုံးမစကားတွေကို နာရီဝက် တစ်နာရီလောက် နာပြီးတော့မှ သုခနဲ့ ခင်ဦးတို့ဟာ ဦးစံတင်ကို ကန်တော့ပြီး ကိုယ့်အိမ်ကိုယ် ပြန်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမေတွေကလည်း ငယ်သူငယ်ချင်းတွေ ဖြစ်နေကြတဲ့အတွက် သုခ၊ ခင်ဦး၊ လှရင်တို့ဟာ တစ်ယောက်ကိုတစ်ယောက် နင် ငါနဲ့ ခေါ်ပြောနေကြတာပဲ။

သုခနဲ့ ခင်ဦးတို့ဟာ ဦးစံတင်ရဲ့အိမ်ကို ဒီလိုပဲ ဝင်ထွက်သွားလာနေကြတာ တစ်နှစ်လောက်ရှိလာတော့ သုခနဲ့ ခင်ဦး နှစ်ယောက်စလုံးဟာ မလှရင်အပေါ်မှာ သူငယ်ချင်းစိတ်တွေ ပျောက်ပြီး မေတ္တာစိတ်တွေပေါက်လာကြတယ်။ ဒါပေမယ့် သူတို့နှစ်ဦးစလုံးဟာ အင်မတန် ကျစ်လျစ်တဲ့ သူငယ်ချင်းနှစ်ဦး ဖြစ်တဲ့အတိုင်း မလှရင်အပေါ်မှာ မေတ္တာရှိလာတာကို တစ်ယောက်နဲ့ တစ်ယောက် ဖွင့်မပြောကြဘူး၊ ကိုယ့်ဝမ်းထဲမှာသာ မြှုထားပြီး မလှရင်နဲ့ အိမ်ထောင်ပြုရရင် အကျိုးအပြစ်တွေက ဘယ်လိုရှိမလဲ ဆိုတာကိုသာ ကိုယ့်နည်းနဲ့ကိုယ် တွက်နေကြတယ်။

နှစ်ယောက်စလုံးက တစ်ယောက်ကိုတစ်ယောက် အသိမပေးတဲ့ အတွက် သုခကလည်း သူသာ မလှရင်ကို မေတ္တာရှိနေတယ်လို့ထင်တယ်၊ ခင်ဦးဟာ သူ့လိုပဲ မလှရင်ကို မေတ္တာရှိနေတယ်လို့ မထင်ဘူး။ ခင်ဦးကလည်း သူသာ မလှရင်ကို မေတ္တာရှိနေတယ်၊ သုခဟာ သူ့လိုပဲ မလှရင်ကို မေတ္တာရှိနေတယ်လို့ မထင်ဘူး။

နှစ်ယောက်စလုံးဟာ သိလရှိတဲ့သူငယ်တွေ ဖြစ်နေကြတဲ့အတိုင်း မလှရင်ကို ကိုယ်နဲ့ရော၊ နှုတ်နဲ့ရော ဘာနဲ့မှ မကျူးလွန်ဘူး။ မလှရင်ကို သူတို့ မေတ္တာရှိနေတယ်ဆိုတာကိုတောင် မလှရင်ကိုယ်တိုင်က အကဲခတ်လို့ မရအောင်ကို သူတို့ရဲ့ ဣန္ဒြေကို သူတို့ စောင့်ထိန်းနေကြတယ်။ ယူမယ် ဆိုတာ ဆုံးဖြတ်ပြီးတော့ ဖခင်ကြီး ဦးစံတင်ကို ပြောမယ်။ ဦးစံတင် သဘောတူပြီး မလှရင်ကလည်း သဘောကျမှ ယူမယ်လို့ နှစ်ဦးစလုံး ကိုယ့်ဟာကိုယ် ကျိတ်ပြီး ဆုံးဖြတ်ကြတယ်။



ခြောက်လလောက်ကြာလာတော့ သုခက မလှရင်ကိုယူဖို့ ဆုံးဖြတ် ...ိုက်တယ်။ အဲဒီလိုဆုံးဖြတ်ပြီး နောက်တစ်နေ့မနက် ခပ်စောစော ဦးစံတင် ...ကိုသွားဖို့ စိတ်ကူးထားတယ်။ ဒါပေမယ့် သွားကာနီးမှာ ပြက္ခဒိန်ကို ...ကြည့်တဲ့အခါ အဲဒီနေ့ဟာ ပြဿဒါးနေ့ကြီး ဖြစ်နေတယ်။ အဲဒါကြောင့် ...မင်္ဂလာတောင်းဖို့ကိစ္စကို သုခဟာ နောက်တစ်နေ့ရွှေ့လိုက်ရတယ်။

ညနေ ခြောက်နာရီလောက်ရှိတော့ စက်ဘက်က တပည့်တစ်ယောက် ...ိုက်လာပြီး စပါးအပြည့်နဲ့ နံပါတ် လေး ဂိုဒေါင်ဟာ မြောက်ဘက်ကို ...ိုင်သွားတဲ့အကြောင်း လာပြောတယ်။ အဲဒါနဲ့ သုခလည်း ဝဲကြီးက သူ့ ...နံဘက်ကို ချက်ချင်းလိုက်သွားရတယ်။ ဂိုဒေါင်ယိုင်တာကို ပြင်နေတုန်း ... အအေးမိပြီး ဖျားနေတယ်။ သုံးရက်လောက်ကြာတော့ သုခရဲ့အဖျား ... ပျောက်သွားတယ်။ ဒါပေမယ့် အဲဒီနေ့ဟာ တနင်းလာနေ့ဖြစ်နေတဲ့ ...က် အောင်စံဖြိုး ဆိုတဲ့ ရေချိုး ရက်နဲ့ မကိုက်လို့ ရေမချိုးရသေးသော ...ကြောင့် သုခဟာ စက်မှာပဲနေရသေးတယ်။ ဝါးခယ်မဘက်ကို ကူးမလာ ...သေးဘူး။

... ဆုံးဖြတ်ချက်နှင့်အတူ

အဲဒီ တနင်းလာနေ့မရောက်ခင် တနင်္ဂနွေနေ့ညမှာပဲ ခင်ဦးကလည်း ...ရင်ကိုယူဖို့ ဆုံးဖြတ်လိုက်တယ်။ မိုးလင်းတဲ့အခါ ခင်ဦးဟာ ရေမိုးချိုး၊ ...အစားလဲပြီး ဦးစံတင်ဆီကို လာတယ်။ ဦးစံတင်လည်း ဘုရားရှိခိုး... အိမ်ရှေ့ခန်းက ပက်လက်ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်ရင်း ...ကို ဖတ်နေတယ်။

ခင်ဦးဟာ ဦးစံတင်ရဲ့ ခြေရင်းနားမှာ ပုဆစ်တုပ်ထိုင်၊ လက်အုပ် ...ကြီးခင်ဗျား၊ နားနဲ့မနား၊ ဖဝါးနဲ့နားတော်မူပါ၊ ကျွန်တော် မလှရင် ...ချင်ပါတယ်' လို့ တဲ့တိုးပြောချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစံတင်လည်း ဖတ်နေတဲ့စာအုပ်ကို ရင်ဘတ်ပေါ်တင်ပြီး ခင်ဦးကို အံ့အားသင့်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေတယ်။

အတော်လေးကြာတော့မှ 'မင်းတို့လူငယ်ချင်း မေတ္တာရှိနေကြသလား' လို့ ခင်ဦးကို မေးတယ်။

'မလှရင်က ရှိတယ်၊ မရှိဘူးတော့ ကျွန်တော် မသိပါဘူးခင်ဗျာ၊ ကျွန်တော်ကတော့ မေတ္တာရှိနေပါတယ်' လို့ ခင်ဦးက ဖြေတယ်။

အဲဒီတော့မှ ဦးစံတင်က 'ငါကတော့ သဘောမတူစရာ မရှိပါဘူး မောင်ခင်ဦးရယ်၊ ဒါပေမယ့် မလှရင်ကို မေးပါရစေဦးကွယ်၊ သူသဘောကျရင် ပြီးတာပါပဲ' လို့ ဦးစံတင်က ဖြေတယ်။

'ဘကြီးခွင့်ပေးရင် မလှရင်ကို ကျွန်တော် အခုပဲ မေးပါရစေ' လို့ ခင်ဦးက ခွင့်တောင်းတယ်။

'မေးနိုင်ပါတယ်၊ မေး မေး' လို့ ဦးစံတင်က ခွင့်ပြုလိုက်တဲ့အတွက် နောက်ဖေးမှာ ချက်ပြုတ်နေတဲ့ မလှရင်ဆီကို ခင်ဦး ထသွားပြီး မလှရင်နှင့်အတူ ချက်ပြုတ်နေတဲ့ မအုံးတင်ကိုတောင် ဂရုမစိုက်နိုင်တော့ဘဲ 'မလှရင်ရေ၊ စိတ်မဆိုးနဲ့နော်၊ မလှရင်ကို ကိုယ်လိုချင်တယ်၊ ကိုယ့်ကို မလှရင် မေတ္တာရှိမလား' လို့ တဲ့တိုးပဲ မေးတယ်။

မလှရင်လည်း အံ့အားသင့်ပြီး ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိဘူး၊ အတော်ကလေးကြာတော့မှ 'ဖေဖေ့ပြောပေါ့' လို့ ပြန်ဖြေတယ်။

'ဘကြီးကို အခုပဲ ပြောပြီးပြီ၊ ဘကြီးကလဲ သူ့ သဘောမတူစရာ မရှိဘူး၊ မလှရင် သဘောပဲလို့ အခုပဲ ပြောလိုက်တယ်၊ အဲဒီတော့ မလှရင် သဘောက ဘယ်လိုလဲ' လို့ ခင်ဦးက ထပ်မေးတယ်။

မလှရင်လည်း ရှက်ကိုးရှက်ကန်းဖြစ်ပြီး 'ဖေဖေ့ကို မေးပါရစေဦး ခင်ဦးရယ်၊ နင်ကလည်း သိပ်လောတာပဲ၊ နင် ဒီနေ့ ဘာဖြစ်နေသလဲ' လို့ ပြန်မေးတယ်။



ခင်ဦးလည်း မလှရင်မေးတာကို မဖြေဘဲ အိမ်ရှေ့ခန်းကို ထွက်လာတဲ့အခါ ဦးစံတင်က ဘာမှမပြောတော့ဘူး။ ဒါပေမယ့် မလှရင် ဘာပြောလိုက်သလဲလို့ မေးတဲ့ မျက်လုံးတွေနဲ့ ခင်ဦးကို ကြည့်နေတယ်။ ခင်ဦးလည်း ဦးစံတင်ရဲ့ ခြေရင်းနားမှာ ထိုင်မြဲ ထိုင်ပြီး

'ဘကြီးကို မေးပါရစေဦးတဲ့' လို့ ဦးစံတင်ကို ဖြေလိုက်တယ်။

အဲဒီအခါ ဦးစံတင်က 'ကဲ မောင်ခင်ဦးရယ်၊ ငါပဲ မေးထားလိုက်ပါမယ်၊ မင်း ညကျလာခဲ့ဦး' လို့ ပြောလိုက်တယ်။

ခင်ဦးလည်း 'ဟုတ်ကဲ့' လို့ ဆိုရင်း ဦးစံတင်ကို ကန်တော့ပြီးပြန်သွားတယ်။

အဲဒီနေ့တစ်နေ့လုံးဟာ ခင်ဦးအတွက် အင်မတန်ရှည်လျားလွန်းနေတယ်။ ဖြစ်နိုင်ရင် ခင်ဦးဟာ မြန်မြန်နေဝင်သွားအောင် နေကို အတင်းဆွဲချလိုက်ချင်တယ်။ တစ်နေ့လုံးလည်း ဆိုင်မှာ အိမ်မြှောင်အမြီးပြတ်သလို ဖြစ်နေတယ်။ တပည့် တစ်ယောက်ယောက်ကို ခေါ်ပြီးမှ အနားရောက်တော့ ဘာပြောရမှန်းမသိလို့ ပြန်လွှတ်ရတာလည်း ခဏခဏပဲ။ တစ်ကြိမ်မှာလဲ ဆိုက်အပေါ်ထပ်ကို ခင်ဦးတက်သွားတယ်။ အပေါ်ထပ်ရောက်တော့မှ ဘာလုပ်ဖို့ အိုး ဆိုပြီး ပြန်ဆင်းလာတယ်။ ထမင်းစားပြန်တော့လည်း ထမင်းမြိန်ရှက်ရှက် မဟုတ်ဘူး။ ဝတ်ကျေတန်းကျေလောက်စားပြီး ထ သွားတယ်။

ခင်ဦးဟာ တစ်နေ့လုံး ဂနာမငြိမ်ဖြစ်နေတယ်။ ညနေကျတော့ ရေချိုးအဝတ်အစားလဲ၊ ထမင်းစောစောစားပြီး ဦးစံတင် အိမ်ကိုသွားရအောင် သုခဘာခေါ်နေကျ အချိန်မရောက်ခင် ခင်ဦးဟာ ဦးစံတင်အိမ်ကို ခပ်သုတ်သုတ် ရောက်လာခဲ့တယ်။ ဦးစံတင်နဲ့ တွေ့တဲ့အခါ ခင်ဦးဟာ ဘာမှ မပြောဘဲ တရားသူကြီးရဲ့ စီရင်ချက်ကို နားစွင့်နေတဲ့ တရားခံလို ဦးစံတင်ရဲ့ မျက်နှာကိုသာ ခင်ဦး စိုက်ကြည့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစံတင်က ချောင်းဟန့်ပြီး 'မလှရင်ကလည်း သဘောတူပါ တယ်ကွယ်' လို့ ပြောလိုက်သံကို ကြားရတော့မှ ခင်ဦးရဲ့ရင်ထဲမှာ အလုံး ကြီး ကျသွားတယ်။ ဦးစံတင်ကလည်း သမီးမလှရင်ကို ခေါ်လိုက် တယ်။

မလှရင် ရောက်လာတဲ့အခါ 'မင်းတို့ကိစ္စမှာ ငါ ဘာမှ နားမလည်ဘူး မင်းတို့ဟာ မင်းတို့ပဲ လူကြီးတွေလုပ်ပြီး စီစဉ်ကြတော့၊ နတ်တော်လဆန်း ၁၀ ရက် နေ့ဟာ နေ့ကောင်းတယ်၊ အခု တန်ဆောင်မုန်းလဆန်း သုံးရက် ဆိုတော့ စီစဉ်ဖို့ဟာ တစ်လကျော်ကျော်လောက် ရတယ်၊ ဒီကိစ္စနဲ့တော့ မဆိုင်ပါဘူး၊ ဒါပေမယ့် မောင်ခင်ဦးရဲ့အဖေကိုလည်း သွားပြီးလျှောက်ထား လိုက်ရင် မမှားဘူး' လို့ ဦးစံတင်က အကြံပေးတယ်။

ခင်ဦးလည်း သူ့အဖေ ဦးသုဇာတဆီကိုသွားပြီး အကျိုးအကြောင်း လျှောက်ထားတယ်။ ဦးသုဇာတကလည်း ဘာမှ မပြောဘူး။ ခေါင်းကို သုံးလေးကြိမ်လောက်သာ အသာညိတ်နေတယ်။ သူ့အဖေဘုန်းကြီးကို လျှောက်ထားပြီး မလှရင်နဲ့ ကိစ္စ နေရာကျပြီးတဲ့အခါ သူငယ်ချင်းသုခကို ရှေးဦးစွာ ပြောမယ်လို့ သူစိတ်ကူးထားတဲ့အတိုင်း ခင်ဦးဟာ သုခအိမ်ကို သွားတယ်။ သုခဟာ စက်ဘက်က ပြန်မလာသေးဘူး။ ဒါကြောင့် ခင်ဦး ဟာ စာရွက် စာအိတ်နဲ့ ခဲတံတစ်ချောင်းကို တောင်းပြီး

သူငယ်ချင်းသုခ၊ ငါ မလှရင်နဲ့ အိမ်ထောင်ပြုတော့မယ် ဒီကနေ့ပဲ အားလုံး ပြောဆိုပြီးကြပြီ၊ ဒီကိစ္စ နေရာမကျသေးခင် ဘယ်သူ့ကိုမှ အသိမပေးဘူး။

နေရာကျကျခြင်း မင်းကို အရင်ဆုံး အသိပေးမယ်လို့ ငါ စိတ်ကူးထားတဲ့အတိုင်း မင်းကို ပြောပြရအောင် ငါ လာတယ် မင်း မရှိတာနဲ့ ဒီစာကို ရေးပစ်ခဲ့တယ်၊ စက်ဘက်က ပြန်လာလာချင်း



ငါ့ကို အခေါ်လွှတ်လိုက်ပါ၊ ငါကိုယ်တိုင် မင်းကို ပြောပြချင်သေး တယ်။

ခင်ဦး

အထူး။ မင်းဟာ ရတုအရေးလည်း ကောင်းတယ်၊ အဆိုလည်း ကောင်းတယ်၊ တို့ မင်္ဂလာဆောင်မှာ မင်းကိုယ်တိုင် ရေးသားတဲ့ ရတုကို မင်း ဖတ်ပြရမယ်။ မင်္ဂလာဆောင်အတွက် မင်းဆီက ငါ ဘာမှ မလိုချင်ဘူး။ ဒါပဲ လိုချင်တယ်။

ဦး

လို့ ရေးလိုက်တယ်။ သုခ စက်ဘက်က ပြန်ရောက်ရောက်ချင်း စာကို ချက်ချင်းပေးဖို့ မှာထားခဲ့ပြီး ခင်ဦး ပြန်သွားတယ်။

## ဆုံးဖြတ်ချက်စောပေမယ့်

နောက်တစ်နေ့ အင်္ဂါနေ့မှာ အောင်စံဖြိုး ရေချိုးရက်နဲ့ ကိုက်ညီနေ တာနဲ့ သုခလည်း စက်ထဲမှာပဲ ရေချိုး၊ ပေါင်မုန့်ထောပတ်သုတ်တစ်ချပ်နဲ့ ကော်ဖီပူပူတစ်ခွက်ကို စားသောက်ပြီး ဝါးခယ်မဘက် ကူးလာတယ်။ ဝါးခယ်မဆိပ်ကို ဆိုက်ဆိုက်ချင်း သုခဟာ ဘယ်ကိုမှ မသွားဘူး။ သူချစ်တဲ့ မှုန်ဂါလေးကို သူ့အဖေကြီး ဦးစံတင်ဆီမှာ မိသားဖသားပီပီ တောင်းဖို့ ဦးစံတင် အိမ်ကို ဦးတည်ပြီးလာတယ်။ ဦးစံတင်လည်း အိမ်ရှေ့ခန်းက ထိုင်ခုံ ကုလားထိုင်ပေါ်မှာ ကိုးခန်းပျို့ကိုပဲ ဖတ်နေတယ်။ သုခလည်း ဦးစံတင်ကို ကန်တော့ပြီး ခြေရင်းနားမှာပဲ ထိုင်နေတယ်။

ဦးစံတင်က 'မောင်သုခ၊ မင်းကို မတွေ့တာ သုံးလေးရက်တောင် ရှိပြီ၊ စက်ဘက်မှာချည်းပဲ ထင်တယ်' လို့ မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ဘကြီး၊ ဂိုဒေါင်တစ်ခု မြောက်ဘက်ယိုင်သွားလို့ချက်ချင်း လိုက်သွားပြီး ပြင်နေရတယ်၊ အဲဒီအထဲ အအေးပတ်ပြီး ဖျားနေတာနဲ့ ရုတ်တရက် ပြန်မလာနိုင်ဘူး၊ ဒီနေ့မှ ရေချိုးရတာနဲ့ ကျွန်တော် ပြန်လာခဲ့ပါတယ် ဘကြီး' လို့ သူခက ဖြေပါတယ်။

ဦးစံတင်က 'ဂိုဒေါင်ဟာ အဖိတ်အစင် မရှိဘူးမဟုတ်လား' လို့ မေးတယ်။

'မရှိပါဘူး ဘကြီး' လို့ သူခက ဖြေတယ်။

နှစ်ယောက်စလုံး ခဏကလေး ငြိမ်နေကြပြီးတဲ့နောက် သူခက 'ဘကြီးခင်ဗျား၊ ကျွန်တော်ပြောမယ့် စကားကို နားနဲ့မနာ ဖဝါးနဲ့နာတော်မူပါ၊ ကျွန်တော် မလှရင်ကို လိုချင်ပါတယ်' လို့ ခင်ဦးလိုပဲ တဲ့တိုးပြောလိုက်တယ်။

ဦးစံတင်လည်း ကိုးခန်းပျို့စာအုပ်ကို ရင်ဘတ်ပေါ် မှောက်ထားပြီး အိမ်အထက်ထပ်က ကြမ်းပြင်တွေကို စိုက်ကြည့်ရင်း ငါ့မှာလည်း သမီးတစ်ယောက်ပဲ ရှိတယ်၊ လိုချင်တာက နှစ်ယောက် ဖြစ်နေပြီဆိုတဲ့ သဘောမျိုးနဲ့ 'အင်း၊ မောင်သူခရေ၊ ငါ့မှာလဲ သမီးတစ်ယောက်ပဲ ရှိတယ်ကွယ်' လို့ ပြောလိုက်တယ်။

သူခက ဒီစကားရဲ့ အဓိပ္ပာယ်အစစ်ကို နားမလည်ဘူး။ သူထင်တာက 'အဘိုးကြီးမှာ သမီးကလေး တစ်ယောက်ပဲ ရှိတယ်၊ ဒါကလေးကိုပဲ အားကိုးနေရတယ်၊ ဒါကလေး အိမ်ထောင်ပြုသွားရင် သူ့အတွက် နေရေးထိုင်ရေး၊ စားရေး၊ သောက်ရေး ခက်လိမ့်မယ်' ဆိုတဲ့ သဘောမျိုးကို အဘိုးကြီး ပြောတယ်လို့ သူက တွေးမိတယ်။

အဲဒါကြောင့် သူခက 'ဘကြီးရယ်၊ ကျွန်တော့်ဖေဖေကလဲ ဘကြီးကို သေသေချာချာ အပ်ပစ်ခဲ့ပါတယ်၊ ကျွန်တော်ကလဲ ဘကြီးကို မိဘအရင်းအချာလိုပဲ သဘောထားပါတယ်၊ ကျွန်တော်တို့ အိမ်ထောင်ပြုပြီးရင်



…တော်ကတော့ ဘကြီးကို ကျွန်တော်တို့အိမ်မှာပဲ ပင့်ထားပြီး အဖေ…င်း လုပ်ကျွေးသလို လုပ်ကျွေးဖို့ စိတ်ကူးထားပါတယ်၊ ဒါပေမယ့် …ကြိုက်သလို စီစဉ်ပါ၊ ကျွန်တော် ဒီမှာပဲ လာနေရမယ်ဆိုရင်လဲ …ယ်' လို့ ပြောတယ်။

ဦးစံတင်လည်း စိတ်တွေ အတော်အိုက်ပြီး ဘာမှ မပြောတတ်ဘဲ …တယ် မောင်သူခရယ်၊ ငါ့မှာလဲ ဒီသမီးတစ်ယောက်တည်း ရှိတယ်' လို့ …း ညည်းပြန်တယ်။

သူခကလည်း အဘိုးကြီးကြိုက်အောင် ဘယ်လိုများ ထပ်ပြီးပြောရပါ့ …လို့ အကြံထုတ်ရင်း ငြိမ်နေတယ်။ တအောင့်လောက်ကြာတော့မှ …သူခ၊ မင်း မောင်ခင်ဦးနဲ့ တွေ့ပြီးပြီလား' လို့ ဦးစံတင်က မေးတယ်။

'ကျွန်တော်တို့ မတွေ့ရတာ လေးငါးရက်လောက်ရှိပြီ' လို့ သူခက …တယ်။

အဲဒီတော့မှ ဦးစံတင်က တခြားကို သွယ်ဝိုက်ပြီး ပြောမနေတော့ဘဲ …ခင်ဦးနဲ့ မလှရင်တို့ကို ပေးစားဖို့ မနေ့ညကပဲ အားလုံး စီစဉ်ပြီးကုန် …လို့ ပြောလိုက်တယ်။

သူခလည်း ရင်ထဲမှာ ဆို့တက်လာတယ်။ မျက်လုံးအိမ်တွေထဲမှာ … မျက်ရည်တွေလည်းလာတယ်။ အဲဒါကြောင့် ရုတ်တရက် ဘာမှ …သေးဘဲ တည်ငြိမ်မှုကလေးရအောင် သူ့စိတ်ကို သူ ဖြေနေတယ်။ …ကြီးလည်း သူခကို သနားတယ်။

သူ့စိတ်ထဲမှာတော့ သူခနဲ့ ခင်ဦး နှစ်ယောက်စလုံးဟာ အတူတူပဲ၊ …ဦး သူခသာ အရင်ပြောရင်လည်း သူခနဲ့ သဘောတူမှာပဲ။ အဲဒါ … သူ့မှာ သမီးနှစ်ယောက်မရှိလို့ သူချစ်နေတဲ့ သူခနဲ့ ခင်ဦး …ယောက်စလုံးကို သမီးတစ်ယောက်စီ မပေးနိုင်တာကိုသာ သူစိတ်ညစ် …၊

www.burmeseclassic.com

www.burmeseclassic.com



သုခကလည်း ပြဿဒါးရက် ဝင်ရှုပ်လိုက်လို့သာ သူ အင်မတန် ချစ်နေတဲ့ မလှရင်နဲ့ သူနဲ့ လွဲရလေခြင်းဆိုပြီး ပြဿဒါးရက်ကို စိတ်ဆိုးနေတယ်။ ခင်ဦးကိုလည်း စိတ်ဆိုးချင်သလိုလို ဖြစ်သေးတယ်။ ဒါပေမယ့် ဒီကိစ္စမှာ ခင်ဦးဟာ မလှရင်ကို သူ့လက်ထဲက ဝင်လုတာ မဟုတ်ဘူး၊ မလှရင်ကို သူကြိုက်နေတယ်ဆိုတာတောင် ခင်ဦးသိတာ မဟုတ်ဘူး၊ သိနေတယ်ဆိုရင်တော့ ခင်ဦး ဒီလိုလုပ်လိုက်တာဟာ သူ့လက်ထဲက မလှရင်ကို သက်သက်မဲ့ ဝင်လုတာ ဖြစ်မှာပေါ့။ ဒီပြဿဒါးကြောင့် ဒါ ဒီလို ဖြစ်ရတာပဲ၊ ဘယ်သူ့ကိုမှ ငါ စိတ်ဆိုးနေစရာ မဟုတ်ဘူးလို့ အမှန် အတိုင်း တွေးမိပြီး ခင်ဦးအပေါ်မှာ ထွက်ချင်ချင်ဖြစ်နေတဲ့ ဒေါသကို သူ ပြန်ရုပ်သိမ်းလိုက်တယ်။

နောက်ပြီးတော့မှ 'မလှရင်ဟာ ငါနဲ့ ဖူးစာမပါလို့ ငါ မရတာပေါ့ ခင်ဦးနဲ့ ဖူးစာပါလို့သာ ခင်ဦး ရတာပေါ့' လို့ သူ့စိတ်ကို သူ ဖြေ တယ်။

တအောင့်လောက်ကြာတဲ့အခါ ဦးစံတင်လည်း စိတ်အိုက်ပြီး တုံ သော လုပ်နေရာက 'မောင်သုခရေ၊ လောကမှာ မိန်းမတွေ အများကြီးရှိ တယ်၊ စိတ်မငယ်ပါနဲ့ကွယ်၊ မင်းနဲ့ ဖူးစာပါတဲ့ဟာကို တစ်နေ့တော့ ဂွေ့ဖူးဦးမှာပေါ့' လို့ ပြောတယ်။

သုခလည်း ဘာမှ မပြောဘူး၊ ဦးစံတင်ကို ကန်တော့ရင်း 'ကျွန်တော် ပြန်ပါဦးမယ်' လို့ နှုတ်ဆက်ပြီး ထ ပြန်သွားတယ်။

## သဘောထားကြီးတဲ့ သုခ

ဦးစံတင်တို့အိမ်ကထွက်ပြီး ဝမ်းသာတဲ့အကြောင်း ပြောရအောင် ခင်ဦးဆီကို သုခ လျှောက်လာတယ်။ ဒါပေမယ့် ခင်ဦးရဲ့ဆိုင်နား ရောက်ခါနီးတော့မှ သူ့ရင်တွေ လေးလာတာနဲ့ ခင်ဦးဆီကို မသွား



သူ့အိမ်ကို သူပြန်သွားတယ်။ အိမ်ရောက်ရောက်ချင်း ခင်ဦးရေးထားတဲ့ စာကို ဖောက်ဖတ်ပြီး ဘယ်သူ့ကိုမှ စကားမပြောဘဲ ပက်လက်ကုလားထိုင် တစ်လုံးပေါ်မှာ သုခ ထိုင်နေတယ်။

တအောင့်လောက်ကြာတော့ တပည့်ကလေးတစ်ယောက်ကိုခေါ်ပြီး 'ဒီနေ့မနက် ၁၁ နာရီ ဒီမှာ မနက်ထမင်းလာစားဖို့ ခင်ဦးကို သွားခေါ်ချေ' လို့ လွှတ်လိုက်တယ်။ နံနက် ၁၁ နာရီ ထိုးတဲ့အခါ ခင်ဦး ရောက်လာတယ်။ သုခရဲ့စိတ်တွေဟာ ဒီအချိန်အထိ ကောင်းကောင်း မပြေသေးဘူး၊ ခင်ဦးကို မြင်တဲ့အခါ သုခက ကြိုးစားပြီး ပြုံးပေမယ့် မျက်နှာပေါ်မှာ အပြုံးမပေါ်ဘူး၊ ပြုံးတာဟာ မဲ့သလို ဖြစ်နေတယ်။ မျက်လုံးတွေလည်း ကြည်ကြည်လင်လင် မရှိဘူး။

အဲဒါကြောင့် ခင်ဦးက 'သုခ၊ မင်း ဘာဖြစ်နေသလဲ၊ နေမကောင်း ဘူးလား' လို့ တွေ့တွေ့ချင်း မေးလိုက်တယ်။

'နေကောင်းပါတယ်' လို့ သုခက ပြန်ဖြေတယ်။ 'ငါရေးထားတဲ့ စာကို မင်းဖတ်ရပြီ မဟုတ်လား' လို့ ခင်ဦးက မေးတယ်။

'အင်း' လို့ သုခက ဖြေတယ်။

ပြီးတော့မှ 'ခင်ဦးရေ၊ မင်းနဲ့ မလှရင်တို့ မေတ္တာရှိနေတာ ဘယ် လောက် ကြာပြီလဲ' လို့ သုခက မေးတယ်။

ခင်ဦးက 'ငါနဲ့ မလှရင်ဟာ တစ်ယောက်နဲ့ တစ်ယောက် ကြိုက်နေ တာ မဟုတ်ဘူး၊ ငါကသာ မေတ္တာရှိနေတာကြာပြီ၊ ဒါပေမယ့် အဘိုးကြီးကို ပြီး မလှရင်ကို ငါ သွားပြီး မစချင်ဘူး၊ ပြီးတော့လဲ ငါ့စိတ်ကို ငါနိုင် အားဆိုတာလဲ ငါ သိချင်သေးတယ်၊ ဒါကြောင့် ငါ မလှရင်ကို တ္တာရှိနေတဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောဘူး၊ ငါဟာငါ ချိတ်ပြီး ထားနေတယ်၊ အဲဒါနဲ့ လွန်ခဲ့တဲ့ တနင်္ဂနွေနေ့ညကမှ မလှရင်ကို

www.burmeseclassic.com

www.burmeseclassic.com



ယူတော့မယ်ဆိုတာ ငါ ဆုံးဖြတ်ချက်ချတယ်၊ တနင်းလာနေ့မနက်ကျတော့ အဘိုးကြီးဆီကို ငါသွားပြီး 'ဘကြီး၊ နားနဲ့မနာ ဖဝါးနဲ့ နာတော်မူပါ၊ မလှရင်ကို ကျွန်တော် လိုချင်တယ်' လို့ ပြောလိုက်တာကအစ ညဘက်မှာ ဦးစံတင်ကိုယ်တိုင် မင်္ဂလာဆောင်ရက်ရွေးပြီး 'ငါနဲ့ မလှရင်တို့ကို မင်္ဂလာဆောင် ကိစ္စ လွှဲလိုက်တယ်' ဆိုတာတွေကို ခင်ဦးက အားလုံး ပြန်ပြောတယ်။

သုခလည်း နားထောင်ပြီး 'ငါလဲ မလှရင်ကို တောင်းရအောင် အဘိုးကြီးဆီကိုသွားတယ်၊ ဒါပေမယ့် ငါက ချက်ချင်းမပြောဖြစ်ဘူး၊ ပြဿဒါးရက်ကို သွားပြီးရှောင်လိုက်မိလို့' အစချီပြီး သူ့အဖြစ်အပျက်တွေကို အကုန်လုံး ပြန်ပြောပြတယ်။

သုခပြောပြီးတော့မှ ခင်ဦးက 'သုခရယ်၊ ငါ အတင်းဝင်လုသလိုများ ဖြစ်နေသလားကွယ်' လို့ မေးတယ်။

သုခက ခေါင်းခါပြပြီး 'မဖြစ်ပါဘူး' လို့ ဖြေတယ်။

'မင်းကြိုက်နေတာလည်း ငါ မသိ၊ ငါကြိုက်နေတာလည်း မင်းမသိ၊ ပြဿဒါးနေ့ကိုမရှောင်ဘဲ ငါသွားပြောလို့ နေရာကျလာတယ်သာဆိုရင် ငါဟာ မင်းလက်ထဲက အတင်းဝင်လုတယ်လို့ မင်းကလည်း ပြောမှာမဟုတ်ဘူး၊ အဆုံးသတ်ကျတော့ ခင်ဦးရယ်၊ မလှရင်ဟာ မင်းနဲ့သာ ဖူးစာပါလာလို့ မင်းရတာပါပဲ၊ ငါ စိတ်ညစ်နေစရာ စိတ်ဆိုးနေစရာ မရှိပါဘူး' လို့ ပြောပြီး သူငယ်ချင်းနှစ်ယောက် အတူတူ မနက်စာ စားကြတယ်။

ခင်ဦးက ပြန်ခါနီးမှာ 'သုခရေ ဒီလိုဆိုရင် မင်္ဂလာဆောင်မှာ မင်း ရတုဖတ်နိုင်ပါဦးမလား' လို့ မေးတယ်။

'ဘာဖြစ်လို့ မဖတ်နိုင်ရမှာလဲ ခင်ဦးရဲ့၊ ငါချစ်တဲ့ လူနှစ်ဦး မင်္ဂလာဆောင်တဲ့ပွဲမှာ ငါ ရတုမဖတ်ရင် ဘယ်ဖြစ်မလဲကွယ်၊ ငါ အကောင်းဆုံး



...ကိုရေးပြီး အကောင်းဆုံး ဖတ်ပြမယ်၊ မင်းတို့ သဘောကျရင် ငါ့ကို ...ကောင်းကောင်းချဖို့သာ မမေ့နဲ့' လို့ ရယ်စရာပြောလိုက်သေးတယ်။

'မမေ့ပါဘူးကွာ' ဆိုပြီး ခင်ဦး ပြန်သွားတယ်။

ညဘက်ကျတော့ ခင်ဦးဆီကို သုခ ရောက်လာပြီး သွားနေကျအတိုင်း ...တင်တို့အိမ်ကို သူငယ်ချင်းနှစ်ယောက် ထွက်သွားကြတယ်။ ဦးစံတင် ...ည်း ထုံးစံအတိုင်း ဆုံးမစကား နည်းနည်းပါးပါးပြောပြီးတော့ သုခက ...ရင်ကို လှမ်းပြီး 'မလှရင်ရေ၊ တို့သုံးယောက်ဟာ ငယ်သူငယ်ချင်းတွေ ... တစ်ယောက်နဲ့တစ်ယောက် နင် ငါနဲ့ ပြောခဲ့ကြတာ နှုတ်ကျိုးနေပြီ၊ ...မယ့် မလှရင်ဟာ တို့နှစ်ယောက်ထက် အပုံကြီးငယ်တယ်၊ ခင်ဦးထက် ...ငါးလောက် ငယ်လိမ့်မယ်၊ ငါ့ထက် လေးနှစ်လောက် ငယ်လိမ့်မယ်၊ ...တော့ ခင်ဦးနဲ့ အိမ်ထောင်ကျပြီးရင် ကိုယ့်ယောကျ်ားကို နင် ငါနဲ့ပြောလို့ ...ကောင်းတော့ဘူး၊ အခု ခေါ်သလို လူတွေတောထဲများ ကိုယ့်ယောကျ်ားကို ...' လို့ သွားခေါ်လိုက်ရင်တော့ အတော်ခွကျမှာပဲ၊ အဲဒီတော့ နှုတ်ကျိုးနေ ...တွေကို ခုကတည်းက ပြင်ရမယ်၊ ခင်ဦးကို ရှင် ကျွန်မနဲ့ ပြောရမယ်၊ ...ဦးလို့ ခေါ်ရမယ် ကြားလား' လို့မေးတယ်။ မလှရင်က ပြုံးနေတယ်။ ...က ဝင်ပြီး 'ကိုယ့်ထက် အသက်အားဖြင့် ဂုဏ်အားဖြင့်သီလ၊ သမာဓိ၊ ...အားဖြင့် ကြီးရင့်တဲ့ ပုဂ္ဂိုလ်မှန်သမျှကို ရိုသေတာဟာ မင်္ဂလာတစ်ပါးပဲ၊ ...ရိုသေတဲ့သူဟာ မျက်မှောက်ဘဝမှာလည်း ကြီးပွားတယ်၊ တိုးတက် ...ဘဝမလွန်ဘဝမှာလည်း ကောင်းရာ သုဂတိကို ရောက်ရတတ်တယ်' ...ပြောတယ်။

...မလှရင်လည်း လိမ္မာတဲ့ မိန်းကလေးဆိုတော့ အဲဒီနေ့ကစပြီး ... ကိုခင်ဦးလို့ ခေါ်တယ်။ သုခကို အစ်ကိုကြီးလို့ ခေါ်တယ်။ ...ကော်စလုံးကို ရှင် ကျွန်မနဲ့ စကားပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာလက်ဆောင်

နတ်တော်လဆန်း ၁၀ ရက်နေ့မှာ မောင်ခင်ဦးနဲ့ မလှရင်တို့ မင်္ဂလာဆောင်ကြတယ်။ သူငယ်ချင်း သုခကလည်း ကတိအတိုင်း ရတုပိုဒ်စုံ သုံးပုဒ်ကိုရေးပြီး သူကိုယ်တိုင် ဖတ်တယ်။ မလှရင်အတွက် စိန်ဆံထိုး တစ်ချောင်း လက်ဖွဲ့တယ်။ ခင်ဦးနဲ့ မလှရင်တို့ကို ဆင်တူဝတ်ဖို့ ကြည်ပြာရောင် ဗန်ကောက်လုံချည် တစ်အုပ်ကိုလည်း လက်ဖွဲ့တယ်။

မင်္ဂလာဆောင်ပြီး နောက်တစ်နေ့မှာ ဦးစံတင်ဟာ သူ့အခိဋ္ဌာန် အတိုင်း ရဟန်းပြုလိုက်တယ်။

## အခန်း ၅
## မိုးအောင် မိုးမောင် ကုလား

…ရင်လည်း မင်္ဂလာဆောင်ပြီးတဲ့နောက် သူ့အိမ်ကို ငှားထားပြီး ကိုခင်ဦး …့ တိုက်ကို ပြောင်းသွားတယ်။ သူနဲ့အတူတူ မအုံးတင်လည်း လိုက်လာ …ယ်။ မအုံးတင်ရဲ့ ဇာတိကတော့ ဝါးခယ်မနားက လမ်းသမိုင်ရွာပဲ။ …့အမေသေပြီး သူ့အဖေဟာ နောက်အိမ်ထောင်ပြုတယ်။ အဲဒီလိုပြုပြီး …့မှာ သမီး မအုံးတင်နဲ့ သားကလေး စိန်ဖေရှိတဲ့အထဲက သားကလေး …ကို လမ်းသမိုင်က သမ္ဘန်တွေလုပ်တဲ့ သမ္ဘန်လက်သမားဆရာကြီး …စိန်ဆီမှာ အပ်ထားလိုက်တယ်။ ဦးစံတင်ကို ဘုန်းကြီးဘဝတုန်းက … သိဖူးနေတာနဲ့ သမီး မအုံးတင်ကိုတော့ ဦးစံတင်ဆီမှာ အပ်ထားလိုက် …ယ်။

မလှရင်တို့အိမ်ကို ရောက်လာတော့ မအုံးတင်ဟာ ဆယ်နှစ်သမီးပဲ …းတယ်။ အဲဒီတုန်းက မလှရင်က ဆယ့်ငါးနှစ် ရှိနေပြီ။ အခု …င်က အသက်နှစ်ဆယ်ဆိုတော့ မအုံးတင်ဟာ အသက် ဆယ့်ငါးနှစ် …ပြီ၊ အခု မလှရင်ကလည်း မအုံးတင်ကလေးကို အခိုင်းအစေရယ်လို့ …မထားဘူး။ ညီမအရင်းကလေးကို သဘောထားပြီး …းလည်း …တူ စားတယ်၊ အပျိုတုန်းက အိပ်လည်း တစ်ခန်းတည်း အိပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားကျပြန်တော့လည်း သူ့ဖို့ တစ်ထည်ဝယ်ရင် မအုံးတင်ဖို့လည်း တစ်ထည်ဝယ်ပေးတယ်။ နောက်ပြီးတော့လည်း အပျိုအရွယ်ကလေးဆိုတာ စိန် ရွှေ ဝတ်ချင်မှာပဲလို့ ကိုယ်ချင်းစာပြီး ပုလဲနားကပ်ကလေးတစ်ရံ၊ ရွှေဆွဲကြိုးကလေးတစ်ကုံး၊ ဆောက်ဖြတ် ရွှေလက်ကောက်ကလေးတစ်ရံ ဆင်ထားတယ်။

မလှရင် အိမ်ထောင်ကျပြီးမှ အရင်ထက်ပိုပြီး တတ်နိုင်လာတဲ့အတွက် အရင်က ဆင်ထားတဲ့ လက်ဝတ်လက်စားတွေကို ဖျက်ပြီး၊ လက်ဝတ် လက်စား အသစ်တွေ နှစ်ထောင်ဖိုးလောက် လုပ်ပြီး ဆင်ပေးထားတယ်။

လူတွေဟာ စိန် ရွှေကို ဝတ်တာမြင်မှ အဟုတ်ထင်တဲ့အတွက် မအုံးတင်ကလေး အိမ်ထောင်ကျရင်လည်း ကောင်းကောင်းမွန်မွန်ထ… ဟာနဲ့ ကျပါစေဆိုတဲ့ စေတနာနဲ့ မလှရင်က ဆင်ထားတာဖြစ်တယ်။

ကိုခင်ဦးနဲ့ မလှရင်တို့ အိမ်ထောင်ကျပြီး နောက်တစ်နှစ်… မိုးအောင် ဆိုတဲ့ သားကလေးတစ်ယောက် ရတယ်။ မိုးအောင်ဟာ အသား… မည်းတာ၊ နှုတ်ခမ်းထူတာ၊ မျက်ခုံးမွေးကောင်းတာမှာတော့ သူ့ဘိုးအေ… ဦးသာဒွန်းနဲ့ တူတယ်။ ဘယ်အခါကြည့်လိုက်ကြည့်လိုက် စိတ်ဆိုးနေသ… ထင်ရတဲ့ သူ့ရဲ့မျက်လုံးတွေကတော့ သူ့ဘိုးအေ ဦးနက်ကလေးရဲ့မျက်… တွေနဲ့ တူတယ်။ နှာရောင်ကောက်တာကတော့ ဘယ်သူနဲ့တူမှန်း မသိ… သူတို့အမျိုးတွေထဲမှာ လိုက်ရှာလို့ မရဘူး။

မိုးအောင်ကို မွေးပြီးလို့ နောက်နှစ်နှစ်လောက်အကြာမှာ စိုးမော… ဆိုတဲ့ သားတစ်ယောက် ထပ်ပြီးရပြန်တယ်။ စိုးမောင်ကတော့ သူ့အ… မလှရင်နဲ့ တူတယ်။

မိုးအောင်နဲ့ စိုးမောင်အပြင် ကိုခင်ဦး မလှရင်တို့မှာ ဝမ်းမနာ… တစ်ယောက်လည်း ရှိသေးတယ်။ ဒီသူငယ်ကလေးကတော့ ခေါ်… ကုလား အစစ်ကလေးပဲ။ သူ့အဖေ ရန်ကနားဟာ မလှရင်တို့ ကုန်စုံဆိုင်…



…လုပ်လုပ်တယ်။ သိပ်လိမ္မာတယ်။ ရိုးတယ်။ ဝီရိယရှိတယ်။ မြန်မာလို …သည်း မွတ်နေတာပဲ။ ကိုခင်ဦးနဲ့ မလှရင်တို့က တော်တော်အားကိုးရတယ်။ …ားကလေးရတော့ ရန်ကနား ဆုံးသွားရှာတယ်။ သူ့မိန်းမ လက်ရှမိက …ော်ကရား ဆိုတဲ့ နောက်ယောကျ်ားကို ယူတယ်။ ယောကျ်ားက အရက် …မား၊ အရက်မူးလာရင် လက်ရှမိကိုရော သားကလေးကိုရော သိပ်ရိုက် …တာပဲ။ အဲဒါနဲ့ ကိုခင်ဦးနဲ့ မလှရင်တို့က သနားပြီး ရန်ကနားရဲ့သားကလေး …ို့ အိမ်မှာ ခေါ်မွေးထားတယ်။

ဒီကလေးကို သူတို့က ‘လှဖေ’ လို့ နာမည်ပေးထားပေမယ့် လူတွေ… ကုလား ကုလားလို့ ခေါ်ကြတာနဲ့ လှဖေဆိုတဲ့ နာမည်ပျောက်ပြီး …ုလားဆိုတဲ့ နာမည် တွင်နေတယ်။ ကုလားဟာ မိုးအောင်ထက် တစ်နှစ် …ယ်တယ်။

အိမ်မှာ မိုးအောင်၊ ကုလား၊ စိုးမောင်တို့ ကလေးသုံးယောက်ရှိ …တဲ့ မိုးအောင်နဲ့ ကုလားက တစ်တွဲ တွဲတယ်။ စိုးမောင်က သူ့ဟာသူ …တယ်။

ဘယ်လောက်ပဲ ဝအောင် ကျွေးထားထား၊ မိုးအောင်ဟာ စိုးမောင်ရဲ့ …ထဲကမုန့်ကို လုစားရမှ ကျေနပ်တယ်။ သူ့ကို ကစားစရာတွေ …လောက်ပေးထားထား၊ ညီကလေး စိုးမောင်ရဲ့ ကစားစရာတွေကို … ကျေနပ်တယ်။ အလကားနေရင်းလည်း ညီကလေးစိုးမောင်ကို …တယ်၊ ကိုက်တယ်၊ တွန်းပစ်တယ်။ တွေ့ကရာနဲ့ ဆွဲပြီးရိုက်တယ်။ … သိပ်ပြီး ကြီးသေးတာမဟုတ်ဘူး။ မိုးအောင်က လေးနှစ်၊ …က တစ်နှစ်သားကျော်ကျော်သာ ရှိသေးတယ်။

…ခ်နေ့မှာ မိုးအောင်ဟာ အလကားနေရင်း စိုးမောင်ရဲ့လက်… …င်း ဖက်ကိုက်လိုက်တာ ပေါက်သွားတယ်။ စိုးမောင်လည်း နာ… …ော်တာ ငယ်သံများကို ပါယူတာပဲ။ ကိုခင်ဦးလည်း စိတ်ဆိုးဆိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



မိုးအောင်ကို ရိုက်လိုက်တာ အတော်နာတယ်။ ဒီလိုရိုက်ပေတဲ့ မိုးအောင်ကတော့ မမှတ်ပါဘူး။ လုပ်မြဲ လုပ်တာပဲ။

သူနဲ့ ကုလားနဲ့ တည့်တယ်ဆိုတာက တခြားကြောင့် မဟုတ်ဘူး။ ဘာစားစရာပဲရရ ကုလားက မိုးအောင်ကို အကုန်ပေးရတယ်။ မိုးအောင်က စားဆိုမှ စားရတယ်။ ကစားစရာတွေရရင်လည်း ကုလားဟာ မိုးအောင်ကို အကုန်ပေးပြီး မိုးအောင်ဟာ ကစားစရာတွေကို လုပ်ချင်တိုင်းလုပ်နေတာ ကုလားက သေးကထိုင်ကြည့်နေရတယ်။ ဒါတောင် စိတ်မထင်ရင် ကုလားကိုလည်း အတင်း ဆွဲ ဆွဲပြီး ကိုက်သေးတယ်။ ကုလားက ထွက် ထွက်ပြေးရတယ်။

မအုံးတင်ဟာ တခြား ဘာအလုပ်ကိုမှ မလုပ်ရဘူး။ မိုးအောင်နဲ့ စိုးမောင်ကို ကြည့်ရတယ်။ မိုးအောင်နဲ့ စိုးမောင်က သူ့ကို ဒေါ်လေးလို့ ခေါ်တယ်။ စိုးမောင်ကတော့ ဒေါ်လေးရဲ့စကားကို နားထောင်တယ်။ မိုးအောင်ကတော့ မအုံးတင်က ဘာပြောလို့မှ မရဘူး။ တစ်ခါတစ်ခါ မိုးအောင်ဟာ မအုံးတင်ကိုလည်း ငါနဲ့ ဖေနဲ့ ကလော်တုတ်သေးတယ်။ လှန်ပြတာတွေ ကော့ပြတာတွေတော့ မရေမတွက်နိုင်ဘူး။ ဒါ သိပ်ကြီးသေးတာ မဟုတ်သေးဘူး။ မိုးအောင်ဟာ လေးနှစ်သာသာ ရှိသေးတယ်။ မအုံးတင်ကလည်း တူအရင်းကလေးလို သဘောထားပြီး ကိုခင်ဦးနဲ့ မလှရင်တို့ကို ပြန်မတိုင်ပါဘူး၊ သည်းခံပါတယ်။

ကိုခင်ဦးဟာ တစ်နေ့မှာ နောက်ဖေးဝင်သွားတုန်း ရေချိုးဆေး ကွဲခေါ်နေတဲ့ မအုံးတင်ကို မိုးအောင်ဟာ ငါနဲ့ ဖေနဲ့ ကလော်တုတ်ပြီး လက်ကို အတင်းဖက်ကိုက်နေတာကို ကြားလည်း ကြားလိုက်တယ် မြင်လည်း မြင်လိုက်တယ်။ အဲဒါနဲ့ ဒေါသထွက်ပြီး မိုးအောင်ရဲ့ပါးစပ်ထဲ အဝတ်တစ်ခု အတင်းထိုးသွင်းပြီးတော့မှ တံတောင်ဆစ်အောက်မှာ တုတ် တစ်ချောင်းထား၊ အဲဒီ တုတ်အောက်ကမှ မိုးအောင်ရဲ့ လက်နှစ်ဘက်



ပြီး ကြိုးနဲ့တုပ်ထားတယ်။ နာရီဝက်လောက်ကြာတော့မှ မလှရင်က နိုင်လိုက်တတ်တယ်လို့ပြောပြီး တောင်းပန်တာနဲ့ ကိုခင်ဦးဟာ မိုးအောင်ကို ကြိုးဖြေပြီး လွှတ်လိုက်တယ်။

ဒါပေမယ့် ဒီလိုလုပ်လို့လည်း မရပါဘူး။ အဲဒီအခါ မိုးအောင်ရဲ့ အသက် ငါးနှစ်ရှိပြီ။ မိုးအောင်ဟာ ပိုးကောင်ကလေးတွေကို လိုက်ဖမ်းပြီး အရှင်လတ်လတ် မီးဖိုထဲ ပစ် ပစ် ထည့်တယ်။ ပိုးကလေးတွေ မီးလောင်သွားပြီဆိုရင် သူ သိပ်ပျော်တယ်။ တစ်ခါတစ်ခါတော့လည်း ပိုးကောင်ကလေးတွေကို ခြေတွေ လက်တွေ ဖြုတ်တယ်။ အတောင်တွေ ဖြုတ်တယ်။ ဒီလို အကြာကြီးထားပြီးမှ သူ့ခြေထောက်နဲ့ နင်းသတ်တယ်၊ ခဲနဲ့ထုသတ်တယ်၊ တုတ်နဲ့ ရိုက်သတ်တယ်။ ဒီလိုလုပ်မနေရရင်လည်း အိမ်ရှေ့မှာ ထွက်ပြီး လမ်းမကိုကြည့်နေတယ်။ ရွယ်တူကလေးတွေ သားရေစာတစ်ခုခု ကိုင်လာတာတွေ့ရင် အတင်းလိုက်လုတယ်။ အလုခံရတဲ့ကလေးကပြန်လုလို့ မရလို့မပေါ်ရင် မိုးအောင်ဟာ ဒီကလေးရဲ့မျက်နှာကို လက်သဲနဲ့ ကုတ်တဲ့အခါ ကုတ်တယ်။ ဖက်ပြီး တအားကိုက်တဲ့အခါ ကိုက်တယ်။ ရေခဲပေါက်စီ ဆိုရင် သူ သိပ်ကြိုက်တယ်။ ဒါကြောင့် ရေခဲပေါက်စီ စားလာတဲ့ကလေး ဆိုရင် ဘယ်ကလေးကိုမှ သူချမ်းသာမပေးဘူး။ သူ့အဖေက ဒါကိုမြင်ရင် ရိုက်တာပဲ။ ဘယ်လိုရိုက်ရိုက် အဖေလစ်ရင် လုပ်တာပဲ။

တစ်နေ့ညနေ ထမင်းစားနေကြတုန်း 'လှရင်၊ မင့်သား မိုးအောင်တော့ ဒီတိုင်းသာသွားရင် ကြီးတဲ့အခါ လူသတ်သမားဖြစ်ပြီး စက်တိုင်တက်ရမှာကို ငါ မြင်နေတယ်' လို့ ပြောတယ်။

မလှရင်က 'ကိုခင်ဦးကလဲ နိမိတ်မရှိတာ မပြောပါနဲ့၊ ငယ်သေးတော့ ဆိုးသေးတာပေါ့၊ ကြီးတော့ လိမ္မာလာမှာပေါ့' လို့ ပြောတယ်။

အဲဒီအခါ ကိုခင်ဦးက 'အဖေ့ဘက်ကလဲ ဘိုးအေဟာ ဘုန်းကြီး၊ အမေ့ဘက်ကလဲ ဘိုးအေဟာ ဘုန်းကြီးဖြစ်နေလို့ တော်ပါသေးရဲ့ကွာ၊

www.burmeseclassic.com

www.burmeseclassic.com



အမေ့ဘက်က တံငါ၊ အမေ့ဘက်က မုဆိုးများဆိုရင် ဒီအရွယ်ကလေးနဲ့ မြို့ကို ပြာကျအောင် မီးရှို့မလား မပြောတတ်ဘူး' လို့ ဆက်ပြောတယ်။

မုဆိုးမလေး မလှရင်

မိုးအောင် ငါးနှစ်သားအရွယ်မှာပဲ ကိုခင်ဦးဟာ ၉၆ ပါး ရောဂါနဲ့ အနိစ္စရောက်ရှာတယ်။ မလှရင်လည်း သူဘယ်လို အုပ်ချုပ်ရမှန်းမသိတဲ့ ကုန်စုံဆိုင်ကြီးနဲ့ အုပ်ချုပ်ရခက်နေတဲ့ သားကြီး ဩရသ မိုးအောင်တို့ကို ကြည့်ပြီး သူတစ်ယောက်တည်း ဘယ်လိုများ စခန်းသွားရပါ့မလဲဆိုတာကို မတွေးဝံ့လောက်အောင် ဖြစ်နေတယ်။

ကိုသုခလည်း မိန်းမ မယူဘဲ ငါးနှစ်လောက် နေသေးတယ်။ ကိုခင်ဦး မဆုံးခင်တစ်နှစ်ကမှ ဝဲကြီးက မြေပိုင်ရှင် ဦးမောင် ဒေါ်သိုင်းတို့ရဲ့ တစ်ဦးတည်းသမီး မခင်စိန်နဲ့ အိမ်ထောင်ကျတယ်။ တစ်နှစ်လောက်ကြာတဲ့ အခါ ကိုသုခ၊ မခင်စိန် တို့မှာ မနှင်းရီဆိုတဲ့ သမီးကလေးတစ်ယောက် ရလာတယ်။

ကိုသုခလည်း ကိုခင်ဦးဆုံးပြီးတဲ့နောက် စောင့်ရှောက်ဖို့ ဝတ္တရားရှိတဲ့ အတိုင်း မလှရင်ဆီကို မကြာခဏလာပြီး အားပေးစကားပြောတယ်။ အလု… အကိုင်နဲ့ ပတ်သက်ပြီးတော့ သူ နားလည်သလောက် အကြံဉာဏ်ပေးတယ်။

ညတစ်ညမှာ ကိုသုခ ရောက်လာပြီး 'မလှရင်ရေ၊ မင်းတို့ ကုန်… ဆိုင်အလုပ်က အတော်ခက်တဲ့ အလုပ်ပဲ၊ ငါ့ဆန်စက်ကို အုပ်ချုပ်ရ… ထက်တောင် ခက်လိမ့်ဦးမယ်ထင်တယ်' လို့ ပြောတယ်။

'သိပ်ခက်တယ် အစ်ကိုကြီး၊ ဆိုင်ကပစ္စည်းတွေ ကုန်သွားရင် နော… ထပ်ပစ္စည်းတွေကို ဘယ်လိုလိုက်ဝယ်ရမယ်ဆိုတာလဲ ကျွန်မ မသိ… ဒီဆိုင်မှာလဲ ဝယ်တတ်တဲ့လူ တစ်ယောက်မှ မရှိဘူး၊ ကိုခင်ဦး ရှိတုန်းက… ကိုခင်ဦးတစ်ယောက်တည်း ဝယ်နေတာပဲ' လို့ မလှရင်က ပြောတ…



'သူစိမ်းတစ်ရံဆံကို အဝယ်ခိုင်းဖို့ဆိုတာကလဲ ငွေရေးကြေးရေး …စိတ်ချရတဲ့လူ အရှားသားပဲ' လို့ ကိုသုခက ပြောတယ်။

'ဟုတ်တယ် အစ်ကိုကြီး၊ အခုဆိုင်မှာ ကိုခင်ဦး မရှိတဲ့နောက် …သားတွေဟာ ရိုးရိုးသားသား ကောင်းကောင်းမွန်မွန် လုပ်ကြပါ့မလားလို့ …ကျွန်မ စိတ်ပူနေတယ်' လို့ မလှရင်က ပြောပြလိုက်တယ်။

'အခု တစ်နှစ် နှစ်နှစ်အတွင်း ဝါးခယ်မမှာ တရုတ် ကုလား ကုန်စုံ …ဆိုင်တွေ သုံးလေးဆိုင် တိုးလာတယ်၊ ဒါတွေဟာလဲ အပြိုင်အဆိုင်တွေပဲ၊ …တို့နဲ့ ပြိုင်ရောင်းရမှာပဲ' လို့ ကိုသုခက သတိပေးတယ်။

'အစ်ကိုကြီးရယ်၊ ကျွန်မတော့ ကိုယ်နားမလည်တဲ့အလုပ်ကြီးကို …ပြီးတော့လဲ မလုပ်ချင်တော့ပါဘူး၊ ဆိုင်ကြီးကို ရသမျှနဲ့ ရောင်းပြီး …ငွေကလေးနဲ့ ကိုယ်နိုင်တဲ့ အလုပ်ကလေးကိုပဲ လုပ်ချင်တဲ့စိတ်တွေ …ခါတစ်ခါ ပေါ်ပေါက်လာတယ်' လို့ ပြောတယ်။

ကိုသုခက လက်ဝါးနဲ့တားပြီး 'ဒီစကားကို ကျယ်ကျယ်မပြောနဲ့ …ရင်၊ ဒီဆိုင်ကို ရောင်းပစ်ချင်နေပြီဆိုတာ လူတွေသိရင် တန်ဖိုးပစ္စလက် …ကျသွားလိမ့်မယ်၊ အခုတောင် မလှရင်တော့ ဒီဆိုင်ကြီးကို အုပ်ချုပ် …မဟုတ်ဘူး၊ ရောင်းမယ်ဆိုရင် ဈေးချောင်ချောင်နဲ့ ရောင်းမှာပဲလို့ …စောင့်နေတဲ့လူတွေ ရှိလှရော့မယ်' လို့ ကိုသုခက သတိပေးတယ်။

ဒီလို သတိပေးပြီးတော့မှ 'ဒီဆိုင်နဲ့ပတ်သက်ပြီး ငါလဲ စဉ်းစားပါဦး…' လို့ အားပေးရှာတယ်။

… မိုးအောင်

…ရောက်ဒီရောက် ပြောနေရင်းက မိုးအောင် အကြောင်းကို ရွှေ…

…အောင်ကော တော်တော်လိမ္မာလာပြီလား' လို့ ကိုသုခက မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



'မလိမ္မာပါဘူး အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကိုတော့ အကုန်ပြောရ
မှာပဲ၊ ဒီကောင်ဟာ ဒီအရွယ်ကလေးနဲ့ ခိုးချင်တယ်၊ သူများဟာကို လုချင်
တယ်၊ သူတစ်ဘက်သားကို ရိုက်ချင်နှက်ချင်တယ်၊ မအုံးတင်ဆိုတာများ
ခဏခဏ အရိုက်ခံရတယ်၊ အကိုက်ခံရတယ်၊ အခု ခြောက်နှစ်သားရှိသေး
တယ်၊ တစ်နေ့က မအုံးတင်ကို ဓားနဲ့ထိုးဖို့ လိုက်တယ်၊ ကျွန်မ ဖြုန်းခနဲ
ရောက်လာပေလို့ လက်မတင်ကလေး လွတ်သွားတယ်၊ ပိုးကောင်ကလေး
တွေကိုလဲ သိပ်ရက်စက်တာပဲ၊ ဘယ်လိုပြောလို့မှ မရဘူး' လို့ မလှရင်က
မိုးအောင်အကြောင်းကို ပြောပြတယ်။

'အင်း' လို့ ကိုသုခကဆိုပြီး ဘာမှဆက်မပြောဘဲ တစ်စုံတစ်ခု
စဉ်းစားနေတယ်။ အတော်ကလေးကြာမှ 'ရန်ကုန်မှာ စိန်ပေါကျောင်း
ဆိုတာ ရှိတယ်၊ ကလေးတွေကို အုပ်ချုပ်တဲ့နေရာမှာ သိပ်ကောင်းတယ်လို့
ကြားဖူးတယ်၊ တော်တော် ခိုးဆိုးချင်တဲ့ကလေးဟာ အဲဒီကျောင်းကိုရောက်
ရင် ကောင်းသွားတာပဲတဲ့၊ မိုးအောင်ကို အဲဒီကျောင်းမှာ ကျောင်းအပ်
ကျောင်းစား သွားပြီးထားပါလား' လို့ ကိုသုခက အကြံပေးတယ်။

'မဖြစ်ပါဘူး အစ်ကိုကြီးရယ်၊ အခု ဒီနှစ် သူ့ကို စပြီး ကျောင်းထား
တယ်၊ အတန်းထဲက ကလေးတစ်ယောက်ရဲ့ ပါးကို ကျောက်တံနဲ့တစ်
ထိုးပြီးပြီ၊ ပေါက်ပြီး သွေးတောင်ထွက်တယ်၊ ကံကောင်းလို့ပေါ့၊ မျက်
ကိုများ ထိလိုက်ရင် ဒုက္ခပဲ၊ နောက်ကလေးတစ်ယောက်ကိုလဲ လက်
အတင်းကိုက်ပြီးပြီ၊ ကျွန်မ မျက်စိအောက်မှာတောင် ဒီလောက်ဆိုးနေ
ရန်ကုန်မှာဆိုတော့ သိပ်ခက်မှာပဲ အစ်ကိုကြီး' လို့ မလှရင်က ဖြေတယ်။

'ဒီလိုဆိုရင်ကွယ်၊ ဒီကောင်ကို ခေါင်းတုံးရိတ်ပြီး သက်န်းစည်း
သူ့ဘိုးအေနှစ်ယောက်ကို အပ်လိုက်ပါလား' လို့ ကိုသုခက အကြံပေးတယ်။

'သူ နေရင် အပ်ပါတယ် အစ်ကိုကြီး၊ ဘုန်းကြီးကျောင်းကို မီးရှို့
ထွက်ပြေးမှာ စိုးရတယ်' လို့ မလှရင်က ပြောတယ်။

'စာမှာကော ဘယ့်နှယ်နေသလဲ' လို့ ကိုသုခက စုံစမ်းတယ်။



'စာမှာတော့ တော်တယ်၊ မထိုင်းဘူး၊ ဉာဏ်တော်တော်ကောင်းတယ်'
လို့ မလှရင်က ဖြေတယ်။

'အင်း၊ ဒီလိုလဲ တော်ဦးမှပဲကွယ်၊ အဆိုးချည်းပဲ ဆိုရင်တော့ အတော်
ခက်မှာပဲ၊ ဒါပေမယ့် မလှရင်ရယ် စိတ်မပျက်ပါနဲ့၊ ငယ်ငယ်က သိပ်ဆိုးတဲ့
ကလေးဟာ ကြီးတော့ သိပ်လိမ္မာတတ်တယ်' ဆိုပြီး ထ ပြန်သွားတယ်။

## နှတ်တိုင်း ဘုရားရှိခိုး

မနက်တိုင်း ခြောက်နာရီမှာ မိုးအောင်၊ ကုလား၊ စိုးမောင်တို့ သုံး
ယောက်စလုံး အိပ်ရာက ထရတယ်။ မျက်နှာသစ်ကြပြီး ဘုရားခန်းထဲမှာ
ဘုရားရှိခိုးကြရတယ်။

ကုလားနဲ့ စိုးမောင်တို့ကတော့ မလှရင် သင်ထားတဲ့အတိုင်း
'ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃံ ပူဇေမိ' လို့ ဆိုပြီး မလှရင် သင်ပြ
ထားတဲ့အတိုင်း ထိုခြင်းငါးပါးနဲ့ ရိုရိုသေသေ ရှိခိုးကြတယ်။ ပြီးတော့မှ
မလှရင် သင်ထားတဲ့အတိုင်း:–

ဗုဒ္ဓေါမေ သရဏံ အညံ နတ္ထိ။
ဓမ္မောမေ သရဏံ အညံ နတ္ထိ။
သံဃောမေ သရဏံ အညံ နတ္ထိ။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
ဗုဒ္ဓဂုဏော အနန္တော။
ဓမ္မဂုဏော အနန္တော။
သံဃဂုဏော အနန္တော။
မာတာပိတုဂုဏော အနန္တော။
အာစရိယဂုဏော အနန္တော။ လို့ ဆိုကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆိုပြီးတော့မှ 'ဗုဒ္ဓံပူဇေမိ ဓမ္မံပူဇေမိ သံဃံ ပူဇေမိ' လို့ ထပ်ဆိုကြပြီး ဘုရား တရား သံဃာကို ထိခြင်းငါးပါးနဲ့ တစ်ကြိမ် ထပ်ပြီး ရှိခိုးကြတယ်။ ပြီးတော့မှ 'နိဗ္ဗာန်ရောက်ရပါလို၏ဘုရား' လို့ ဆုတောင်းကြတယ်။

ဒီလိုဆုတောင်းပြီးတော့မှ 'မေမေ့ကို ရှိခိုးပါတယ်' ဆိုပြီး မလှရင်ကို ရှိခိုးကြတယ်။

မလှရင်ကလည်း 'ငါ့သားတွေ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အနာမျိုး ကိုးဆယ့်ခြောက်ပါး ကင်းပါစေ၊ ထိမယ့်ခလုတ် ဆုတ်ပါစေ၊ လာမယ့်ဘေး ဝေးပါစေ၊ မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ၊ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ကြပါစေ' လို့ ဆုပေးတယ်။

သားတွေက 'ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏' လို့ ဆိုကြရတယ်။

အဲဒါပြီးတဲ့နောက်မှ မလှရင်က ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ အစရှိတဲ့ ဘုရားရှိခိုးတွေရဲ့ အဓိပ္ပာယ်ကို ပြောပြတယ်။

မိုးအောင်ကတော့ မလှရင် ဘုရားခန်းမှာ မရှိတဲ့အခါ ဘုရားကို အရှင်း ရှိမခိုးဘူး။ ဘုရားခန်းထဲဝင်ပြီး ထွက်သွားတယ်။ မလှရင်ရှိတဲ့အခါ ပါးစပ်က ဘာမှ မဆိုဘူး၊ ပုဆိန်ပေါက် ဦးချတယ်။ သူ့အတွက်သတ်သတ် ဝယ်ထားရတဲ့ ကြိမ်လုံးကို ကိုင်ထားပြီး 'မိုးအောင် မေမေသင်ထားတဲ့အတိုင်း ဆို၊ မေမေ သင်ထားတဲ့အတိုင်း ရှိခိုး' လို့ ပြောတဲ့အခါကျတော့ မိုးအောင်ဟာ ကြိမ်လုံးကို တစ်ချက်ကြည့်ပြီး သူ့အမေသင်ထားတဲ့အတိုင်း ရှိခိုးတယ်။ ပါးစပ်က ဘာမှ မဆိုဘူး။

မလှရင်က 'မိုးအောင် မေမေသင်ထားတဲ့အတိုင်း ဆိုလေ' လို့ ပြောတဲ့အခါ 'ဆိုနေသားပဲ' လို့ မိုးအောင်က ခပ်ငေါက်ငေါက် ပြန်ပြောတယ်။

မလှရင်ကလည်း ဒေါသသံနဲ့ 'ငါ့ကို ယီးတီးယားတား မလုပ်နဲ့နော် ငါ ကြားအောင် ကျယ်ကျယ်ဆို' လို့ ငေါက်တော့မှ မလှရင် သင်ထားတဲ့အတိုင်း ဆိုတယ်။



အဲဒီအဖြစ်အပျက်မျိုးဟာ ဘုရားခန်းထဲမှာ နှစ်ရက်တစ်ခါ သုံးရက်ခါ တွေ့ရတယ်။ ဆပ်ကပ်ထဲက ကျားထိန်းဆရာဟာ ကျားကိုပြရတဲ့ခါ လက်ထဲက ကျားကြောက်တဲ့ သားရေကြာပွတ်ဖြစ်ဖြစ် တုတ်ဖြစ်ဖြစ် န်ကတစ်ခုကို အမြဲကိုင်ထားရသလို မလှရင်လည်း မိုးအောင်နဲ့ကိစ္စရှိတဲ့ခါ လက်ထဲမှာ ကြိမ်လုံးကို အမြဲကိုင်ပြီး ပြောရတယ်။ ဘုရားရှိခိုးပြီး ော်ဖီတစ်ခွက်နဲ့ ပေါင်မုန့်ထောပတ်သုတ်တစ်ချပ်စီ ကျွေးတယ်။

အဲဒီလို ကော်ဖီသောက်တဲ့အခါဖြစ်ဖြစ် ထမင်းစားတဲ့အခါဖြစ်ဖြစ် အောင်ဟာ စိုးမောင်ရဲ့ အစားအသောက်တွေကို လုစားတဲ့အခါ စားယ်၊ မှောက်တဲ့အခါ မှောက်ပစ်တယ်။ ဘာမှမလုပ်ရင်လည်း စိုးမောင်ရဲ့ သောက်ကို စားပွဲခုံအောက်ကနေပြီး သူ့ခြေထောက်နဲ့ ကန်တယ်။

အဲဒီလို နှောင့်ယှက်လွန်းတဲ့အတွက် ကုလားနဲ့ စိုးမောင်ကို က်ဖေးမှာ တိုက်ရ ကျွေးရတယ်။ မိုးအောင်ကိုတော့ အလယ်ခန်းမှာ ရ ကျွေးရတယ်။ မနက်ရှစ်နာရီမှာ ရေချိုးတဲ့အခါကျရင်လည်း ရင်က ရေချိုးခန်းဝက ကြိမ်လုံးကိုင်မစောင့်ဘဲ မိုးအောင်ဟာ ရေချိုးလို့ ယ်တော့မှ ချောချောမောမော မပြီးဘူး။ ရှစ်နာရီခွဲမှာ ထမင်းစားပြီး ာရီမှာ မိုးအောင်နဲ့ ကုလားကို ဆိုင်မှာခိုင်းထားတဲ့ မောင်ခင် ဆိုတဲ့ ယ်တစ်ယောက်က ကျောင်းလိုက်ပို့ရတယ်။

ကျောင်းကိုသွားတဲ့အခါလည်း ဘယ်တော့မှ ဖြောင့်ဖြောင့်တန်းတန်း ဘူး။ လမ်းဘေးမှာ ထိုင်ချင် ထိုင်နေတယ်။ မောင်ခင်က ကျောင်းမှာ က်တဲ့ ရေခဲပေါက်စီတစ်ခု ဝယ်ကျွေးမယ်ဆိုတော့မှ ထတယ်။ င်ခင်ဆိုတဲ့ သူငယ်ကလေးဟာ နေ့စဉ် ကျောင်းကို ဖြောင့်ဖြောင့် န်း သွားပါမယ့်အကြောင်း မိုးအောင်ကို ရေခဲပေါက်စီတစ်ခု ယ်ကျွေးရတယ်။ ညနေ ကျောင်းဆင်းလည်း မောင်ခင်ပဲ သွားခေါ်ရ ၊ အိမ်အပြန်တော့ ဒီလောက် ဂျီးမများဘူး။ မှန်မှန်ပြန်တာများတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တစ်ခါတစ်ခါ သဝေထိုးနေရင် ရေခဲပေါက်စီဝယ်ကျွေးမှပဲ ကောင်းကောင်း အိမ်ပြန်တယ်။

မိုးအောင်ကို ကျောင်းထားတဲ့အချိန်ကစပြီး မအုံးတင်ဟာ မိုးအောင်ကို မထိန်းရတော့ဘူး။ မောင်ခင်ဆိုတဲ့ သူငယ်ကလေးပဲ ထိန်းရတယ်။ မအုံးတင်က စိုးမောင်ကိုသာ ထိန်းရတယ်။ ညဘက် ဘုရားရှိခိုးချိန်ရောက်ရင်လည်း မနက်ဘက်လိုပါပဲ။ မလှရင် အနားမှာမရှိရင် မိုးအောင်ဟာ ဘယ်တော့မှ ဘုရားမရှိခိုးဘူး။ မလှရင်က ကြိမ်လုံးကိုင်ပြီး မငေါက်ရင်လည်း ဘယ်တော့မှ သင်ထားတဲ့အတိုင်း မရှိခိုးဘူး။

ညအိပ်တဲ့အခါမှာ မိုးအောင်နဲ့ စိုးမောင်ကို ပထမတုန်းကတော့ မလှရင်နဲ့ တစ်ခန်းထဲ သိပ်ပါသေးရဲ့။ ဒါပေမယ့် မိုးအောင်ဟာ စိုးမောင်ကို ညမအိပ်ခင်ဖြစ်ဖြစ်၊ မနက်အိပ်ရာထမှာဖြစ်ဖြစ် ခဏခဏ နှိပ်စက်တာနဲ့ မိုးအောင်၊ ကုလားနဲ့ မောင်ခင်ဆိုတဲ့ သူငယ်ကို တိုက်အောက်က အခန်းတစ်ခုထဲမှာ ခွဲပြီးသိပ်ရတယ်။

## မိုးအောင် လိမ်တတ် ညာတတ်လာပြီ

မလှရင်ဟာ မိုးအောင်ကို စိတ်မချတာကြောင့် သူ့ကျောက်သင်ပုန်းနဲ့ စာအုပ်ထည့်တဲ့ လွယ်အိတ်ကို ခဏခဏ စစ်တယ်၊ တစ်နေ့မှာတော့ မလှရင်ဟာ မိုးအောင် လွယ်အိတ်ထဲမှာ ကျောက်တံအပိုတစ်ချောင်း တွေ့တယ်။

'မိုးအောင်၊ ဒီကျောက်တံ ဘယ်ကရသလဲ' လို့ မလှရင်က မေးတယ်။

မိုးအောင်က 'သူ့ကျောက်တံ' လို့ လိမ်ပြောတယ်။ 'နင့်မှာ ဒီကျောက်တံမျိုးမှ မရှိဘဲ၊ နင့်ကို ငါဝယ်ပေးတဲ့ ကျောက်တံကို ငါသိတယ်။ မှန်မှန်ပြော၊ ဒီကျောက်တံကို ဘယ်ကရသလဲ' လို့ ကြိမ်လုံးကို ကိုင်မေးတော့ 'လမ်းက ကောက်ရတယ်' လို့ လိမ်ပြောတယ်။



အမှန်စင်စစ်တော့ ဒီကျောက်တံဟာ အတန်းထဲက ကျောင်းသား …လေးတစ်ယောက်ဆီက မိုးအောင် ခိုးလာတာ။

နောက်တစ်နေ့ကျတော့ မောင်ခင်ကို မလှရင်က 'မင်း ကျောင်း …က်လာတဲ့အခါ အတန်းဆရာလက်ထဲထည့်၊ အတန်းထဲက ကျောက်တံ …က်တဲ့ ကလေးတွေကို ဒီအထဲကပေးဖို့ အတန်းဆရာကိုပြော' လို့ သေချာ …ပြီး မောင်ခင်ရဲ့ လက်ထဲမှာ ကျောက်တံလေးဒါဇင် ထည့်လိုက်ရတယ်။

မလှရင်လည်း အရိုက်ချည်းပဲ မဟုတ်ပါဘူး။ မိုးအောင်ကို ချော့တဲ့ …ခါ ချော့ပါသေးတယ်။ တစ်ခါတစ်ခါကျတော့ 'လူကလေး ပိုးကောင် …လေးတွေ မသတ်ရဘူး၊ သူများကို မကုတ်ရ၊ မကိုက်ရဘူး၊ မနှိပ်စက်ရ …ဘူး သူများစားနေတာကို လုမစားရဘူး၊ သူများဟာကို မခိုးရဘူး၊ မဆဲ …ရဘူး၊ ပိုးကောင်ကလေးတွေကို သတ်ရင်၊ ခြေတွေ၊ လက်တွေ၊ အတောင်တွေ …ဖြတ်ရင်၊ သတ်ရင်၊ မျက်နှာကိုကုတ်ရင်၊ ကိုက်ရင်၊ နှိပ်စက်ရင်၊ သူများ …စားတာကို လုရင်၊ သူများဟာကို ခိုးရင် လူကလေးဟာ နောင်ဘဝကျရင် …ငရဲကျလိမ့်မယ်၊ ငရဲကျရင် ဒယ်အိုးကြီးတွေထဲမှာ ဆီပူနဲ့ အကြော်ခံရလိမ့် …မယ်၊ သိပ်ကြောက်စရာကောင်းတာပဲ၊ အဲဒီတော့ ပိုးကောင်ကလေးတွေ …နှိပ်စက်ရင်၊ မသတ်ရင် လူလေးလိုချင်တာ မေမေဝယ်ပေးမယ်၊ ညီကလေး …တွေ အတန်းထဲက ကလေးတွေကိုရော မကုတ်ရင် မကိုက်ရင်၊ မရိုက်ရင် …လူကလေးလိုချင်တာ မေမေဝယ်ပေးမယ်၊ မဆဲရင် လူကလေး လိုချင်တာ …မေမေဝယ်ပေးမယ်၊ မေမေ အခုပြောတာတွေကို နားထောင်မလား၊ လူကလေး …ချင်တာတွေ မေမေ ဝယ်ပေးမယ်၊ လူကလေးစားချင်တာတွေ မေမေ …ကျွေးမယ်' လို့ မလှရင်ဟာ သူ့သား မိုးအောင်ကို ချော့တယ်။

'နားထောင်မယ်၊ ဘောလုံးနှစ်လုံးပေး၊ ရေခဲပေါက်စီ ဝယ်ကျွေး၊ …နေ့ကို မုန့်ဖိုးတစ်မူးပေး' ဆိုလို့ မလှရင်ဟာ ဆိုင်မှာရောင်းတဲ့ဘောလုံး …ကို ယူပြီး ချက်ချင်းပေးတယ်၊ ရေခဲပေါက်စီ ချက်ချင်းဝယ်ကျွေး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပိုက်ဆံတစ်မူးကို သူ့လက်ထဲ ချက်ချင်းထည့်တယ်၊ နောက်နေ့တွေမှာလဲ တစ်မူးစီ ပေးတယ်။

ဒါပေမယ့် မိုးအောင်ကတော့ တစ်ရက်တောင် မဆိုင်းပါဘူး။ အမေလည်း အိမ်ရှေ့ထွက်သွားရော ပိုးဟပ်ကလေး တစ်ကောင်ကို အတင်းလိုက်ဖမ်းပြီး မီးဖိုထဲ ပစ်သွင်းလိုက်တယ်။ တခြားဟာတွေလည်း လုပ်မြဲတိုင်း လျှောက်လုပ်တာပါပဲ။

တစ်ခါတစ်ခါကျတော့လည်း မလှရင်ဟာ ရလိုရငြားဆိုပြီး မိုးအောင်ကို သူ့ဘိုးအေ နှစ်ပါးရှိတဲ့ ကန်တော်ဦးကျောင်းကို ခေါ် ခေါ် သွားပါသေးတယ်။

ကိုခင်ဦးရဲ့အဖေ ဦးသာဒွန်းရဲ့ဘွဲ့က ဦးသုဇာတ တဲ့။

မလှရင်ရဲ့အဖေ ဦးစံတင်ရဲ့ဘွဲ့က ဦးစန္ဒောဘာသ တဲ့။

ကိုသုခရဲ့အဖေ ဦးဘိုးဆောင်ရဲ့ဘွဲ့ကတော့ ဦးပဝရ တဲ့။

ဦးစန္ဒောဘာသက စာကို ဝါသနာပါတယ်။ အဲဒါကြောင့် ပရိယတ္တိကို ကြိုးစားပြီး လိုက်နေတယ်။

ဦးသုဇာတနဲ့ ဦးပဝရတို့ကတော့ ကမ္မဋ္ဌာန်းကို ဝါသနာပါတယ်။ အဲဒါကြောင့် ပဋိပတ္တိကို ကြိုးစားပြီး အားထုတ်နေကြတယ်။

မိုးအောင်တို့သားအမိ ကျောင်းကိုလာတဲ့အခါ မလှရင်ရဲ့ လျှောက်ထားချက်အရ ဘိုးအေတွေဖြစ်ကြတဲ့ ဦးသုဇာတနဲ့ ဦးစန္ဒောဘာသတို့က မိုးအောင်ကို ဆုံးမကြပါတယ်။ မိုးအောင်ဟာ ဘိုးအေတွေဆုံးမနေတဲ့အခါ တော့ ဘာမှ မပြောဘူး။ ငြိမ်နေတာပဲ။ ဒါပေမယ့် အိမ်ပြန်ရောက်တော့ လုပ်ချင်တာ လျှောက်လုပ်တာပဲ။ ဘိုးအေတွေရဲ့ အဆုံးအမတွေလည်း မိုးအောင်အပေါ်မှာ မထိရောက်ဘူး။

နောက်တစ်နှစ်မှာ မိုးအောင်ဟာ ဒုတိယတန်းကို တက်ရတယ်။ အဲဒီတော့ သူ့အသက်ဟာ ခုနစ်နှစ်ရှိသွားပြီ။ အဲဒီအခါ မိုးအောင်မှာမှုလ



...တဲ့ အကျင့်ဆိုးတွေအပြင် အကျင့်ဆိုးတစ်ခု နောက်ထပ်တိုးလာပြန်...ယ်။ မအုံးတင် မတ်တတ်ရပ်နေရင် မိုးအောင်ဟာ နောက်ကို အသာ...လေးလာ

ထဘီကို အပေါ်လှန်ပြီး ပြေးတာပဲ။ တစ်ခါတစ်ခါတော့လည်း ...ဘီကို အတင်းဆွဲချွတ်ပြီး ပြေးတယ်။ ဆိုင်က စာရေးမကလေးတွေလည်း ...လို့အလုပ်ခံရတာပဲ။ ဒါပေမယ့် မအုံးတင် ခံရတာက ပိုများတယ်။ တစ်ခါ...စ်ခါတော့လည်း ဒီမိန်းကလေးတွေနဲ့ မအုံးတင်ကို ထဘီဆွဲချွတ်တာတွေ ...ဘီလှန်တာတွေ မလုပ်ဘူး။ ဖင်ဆိတ်ပြီး ပြေးတယ်။ ဒီမိန်းကလေးတွေနဲ့ ...ုံးတင်တို့ဟာ ထိုင်နေလို့ ထဘီချွတ်လို့လည်း မဖြစ်၊ လှန်လို့လည်း ...ဖြစ်ဘူး၊ ဖင်ဆိတ်လို့လည်း မဖြစ်ဘူးဆိုရင် မျက်နှာကို တံတွေးနဲ့ထွေးပြီး ...ပြေးတယ်။ မအုံးတင်နဲ့ ဆိုင်က မိန်းကလေးတွေဟာ ခွေးရူးကို သတိထား...ရသလို သူ့ကိုပဲ သတိထားနေရတယ်။ သူ့အမေ မလှရင်လည်း ဒီအပြစ်...တွေနဲ့ သူ့ကို ခဏခဏရိုက်တာပဲ။ သူ့တစ်ကိုယ်လုံးမှာလည်း ကြိမ်နဲ့ ...ရိုက်ခံထားရတဲ့ အရှိုးတွေဟာ ပြည့်နေတာပဲ။ ဒါပေမယ့် သူကတော့ ...လျှော့ဘူး။ လစ်ရင် လုပ်တာပဲ။

## ...တန်းကျောင်းသား မိုးအောင်

နောက်နှစ်နှစ်ကြာတဲ့အခါ မိုးအောင်ဟာ ကိုးနှစ် ရှိသွားပြီ။ ကျောင်း...တော့ လေးတန်းရောက်သွားပြီ။ ကုလားလည်း မိုးအောင်နဲ့အတူတူ ...တန်းမှာ ရောက်နေပြီ။ စိုးမောင်ကတော့ တစ်တန်းမှာပဲ ရှိသေးတယ်။

မိုးအောင်ဟာ လေးတန်းရောက်ပြီးလို့ သုံးလလောက်အကြာမှာ ...အတွက် အရေးကြီးတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်တယ်။ မိုးအောင်...တန်းထဲက ဖေသင်ဆိုတဲ့ သူနဲ့ရွယ်တူ သူငယ်ကလေးကို ကျောက်သင်ပုန်း...ရိုက်လိုက်တာ နဖူးယောင်သွားတယ်။ ဖေသင်ဟာ ငိုပြီး ...စ်တန်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ သူ့အစ်ကိုကြီး ခင်စိုးကို သွားတိုင်တယ်။ ခင်စိုးဟာ ဆယ့်ခြောက်နှစ် ကျော်ကျော်ရှိနေပြီ။ သူ့ညီဖေသင်နဲ့ ကျောင်းအောက်ကိုလိုက်လာပြီး သူ့ညီကို ရိုက်တဲ့အတွက် မိုးအောင်ရဲ့ပါးကို သုံးလေးချက်လောက်လည်း ဖယ်ပြန်ညာပြန် ရိုက်တယ်။ ခြေထောက်နဲ့လည်း သုံးလေးချက်လောက် ကန်တယ်။ မိုးအောင်ဟာ ဒီနေရာမှာပဲ ခင်စိုးရဲ့ကိုယ်ကို လေးငါးခြောက် ပိုင်းလောက် ဖြတ်ပြီး သတ်ပစ်လိုက်ချင်တယ်။

ဒါပေမယ့် သူက ငယ်ငယ်ကလေးရှိသေးတယ်။ ခင်စိုးနဲ့ အားချင်း မမျှဘူး၊ အားချင်းမမျှသေးတဲ့အခါ ရန်ဖြစ်ရင် သူ့သာနာမှာပဲလို့ တွေးမိပြီး မိုးအောင်ဟာ ခင်စိုးအပေါ်မှာ ဖွဲ့လိုက်တဲ့ရန်ငြိုးကို သူ့ဝမ်းထဲမှာ အသာ မျိုးထားလိုက်တယ်။ မိုးအောင်ဟာ အားမွေးလိုက်ဦးမယ်။ အားရှိလာတဲ့ တစ်နေ့ကျရင်တော့ သိကြရောပေါ့ကွာလို့ စိတ်ထဲမှာ တေး ထားလိုက် တာကို ဓာတ်မသိကြတဲ့လူတွေက ခင်စိုး ဆုံးမလိုက်လို့ မိုးအောင် ကျွတ် သွားပြီ၊ လူကောင်းကလေးဖြစ်သွားပြီလို့ ထင်တယ်။

အဲဒါကြောင့် ကျောင်းသားကြီးတွေက မိုးအောင်နဲ့တွေ့တဲ့အခါ ‘ဟော့ မိုးအောင်၊ ခင်စိုးကို ခေါ်လိုက်ရမလား’ လို့ ပြောင်တယ်။ ခင်စိုးကို ခေါ်လိုက်ရမလားလို့ မိုးအောင်ကို လှောင်ကြတဲ့ ကျောင်းသားကြီးတွေထဲမှာ မောင်သန်းဟာ အကဲဆုံးပဲ။

တစ်နေ့ကျတော့ အိမ်သာသွားတဲ့လမ်းမှာ မောင်သန်းနဲ့ မိုးအောင်တို့ ရင်ဆိုင်တွေ့ကြတယ်။ မောင်သန်းက လှောင်နေကျအတိုင်း လှောင်တဲ့အခါ မိုးအောင်ဟာ မောင်သန်းကို တစ်ချက်မော့ကြည့်ပြီး အံကျိတ်ပြတယ်။ သူ့အတန်းထဲ ပြန်ရောက်တဲ့အခါ ‘ကိုသန်းဟာ သူ့ကို အားကြီးပြောင်တယ်’ လို့ မိုးအောင်က ကုလားကို ပြန်ပြောပြတယ်။ မိုးအောင်လည်း ဒီလို လှောင်တာ ပြောင်တာတွေကို ကြားရလေလေ ငါ အားရှိလာရင်တော့ သိကြ ရောပေါ့ကွာ ဆိုတဲ့ သူ့အာဃာတဟာ ပိုပြီး ပြင်းထန်လာလေပဲ။



## မိုးအောင်နဲ့ ကုလားဖိုးစိန်

အဲဒီနှစ်မှာ မိုးအောင်ဟာ မိတ်ဆွေသစ်တစ်ယောက် ရလာတယ်။ အဲဒီ မိတ်ဆွေသစ်ကတော့ တခြားမဟုတ်ဘူး။ သမွန်ခတ်တဲ့ ခေါ်တော ကုလား ဖိုးစိန် ဆိုတာပဲ ဖြစ်ပါတယ်။ ဖိုးစိန်ဟာ အစတုန်းကတော့ သမွန်ကို …တားပြီး ခတ်ပါသေးတယ်။ နောက်တော့ ဗမာရည်ဝ၊ လူလည် ဖြစ်လာရုံ …ကာဘဲ လူရုပ်ပါ ဖြစ်လာတဲ့အချိန်ကစပြီး သမွန်ကို ကောင်းကောင်း မခတ် …တော့ဘူး။ ထမင်းဆိုင်ကလေးတစ်ဆိုင် ဖွင့်ထားတယ်။ ဒါကတော့ ဟန်ပြ …ပဲ။ ယစ်မျိုးဘက်က ပုလိပ်ကို ပိုက်ဆံပေးပြီး အရက်ခိုးချက်တယ်။ …ကောင်းတဲ့ မိန်းကလေးတွေလည်း မွေးထားတယ်။

မိုးအောင်နဲ့ ကုလားဟာ သူတို့ရဲ့ တိုက်ဝင်းထဲကို ဝင်လာတဲ့ ဘဲတွေ၊ ကြက်တွေဆိုရင် မလွတ်ရဘူး။ မိအောင် ဖမ်းတာပဲ။ တစ်ခါတစ်ခါလည်း ဘဲတွေ၊ ကြက်တွေက သူတို့ရဲ့ တိုက်ဝင်းထဲကို ဝင်မလာရင် ဝင်လာချင် …အောင် မိုးအောင်နဲ့ ကုလားက အစာပြတယ်။ အဲဒါ အဟုတ်ထင်ပြီး …င်လာရင် မိအောင်ဖမ်းတာပဲ။ ပထမဆုံးမိတဲ့ ဘဲကြီးကို မိုးအောင်က …ည်လှီးလိုက်တယ်။ ဒါပေမယ့် သူ့များသတ်ပြီးသား ဘဲ၊ ကြက်တွေကို …သူ လက်မခံဘူးလို့ ခေါ်တောဖိုးစိန်က ပြောတဲ့အတွက် နောက်မိတဲ့ဘဲတွေ၊ ကြက်တွေကို မိုးအောင်က လည်မလှီးရတော့ဘူး။ မိတဲ့အခါ ဘဲဖြစ်ဖြစ်၊ ကြက်ဖြစ်ဖြစ် မအော်နိုင်အောင် လုံချည်တစ်ထည်နဲ့ ထုပ်ပြီး မလှရင် …လစ်တဲ့အခါ ကုလားက ဖိုးစိန် ထမင်းဆိုင်မှာ သွားပေးရတယ်။ ဖိုးစိန်နဲ့ အကျွမ်းတဝင် ဖြစ်သွားတယ်။

တစ်နေ့ညကျတော့ မိုးအောင်လည်း ဖိုးစိန်ဆိုင်ကို ကုလားနဲ့အတူ …သွားတယ်။ ဖိုးစိန်ကလည်း သိပ်လောကွတ်ကောင်းတယ်။ မိုးအောင်ကို …ဘာနဲ့ တစ်ပြိုင်နက် ‘ဟော့ မိုးအောင်၊ မင်း သူဌေးသားဆိုပြီ အရက် …သောက်ဖူးသလား’ လို့ မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုးအောင်က 'မသောက်ဖူးဘူး' လို့ ပြောတယ်။

အဲဒီအခါ ဖိုးစိန်က 'မင်းတို့ကို အကောင်းဆုံးအရက်တိုက်မယ် လာခဲ့ကြ' ဆိုပြီး ထမင်းဆိုင်ရဲ့ နောက်ဖေးခန်းကို ခေါ်သွားတယ်။ နောက်ဖေးခန်းထဲရောက်တဲ့အခါ ဇီးဖျော်ရည်တစ်ခွက်ထဲမှာ သူချက်ထားတဲ့ ချက်အရက် လက်တစ်လုံးလောက်ထည့်ပြီး သူ့ဆိုင်က ကြက်သားဟင်း အမြည်းနဲ့ တိုက်တယ်။ ပြီးတော့မှ တစ်ယောက်ကို ကွမ်းတစ်ယာစီကျွေး တယ်။ စီးကရက်တစ်လိပ်စီ ပေးတယ်။

မိုးအောင်နဲ့ ကုလားဟာ အရင်တုန်းက အရက်လည်း တစ်ခါမှ မသောက်ဖူးဘူး။ ကွမ်းလည်း မစားဖူးဘူး။ ဆေးလိပ်လည်း မသောက်ဖူးဘူး။ ဒါဟာ သူတို့အတွက် ပထမဆုံးအကြိမ်ပဲ။ နာရီဝက်လောက်ကြာတော့ နှစ်ယောက်စလုံး အိပ်ချင်တယ်ဆိုပြီး စားပွဲခုံပေါ်မှာ ခေါင်းချလျက် အိပ်ပျော် ကျနေတယ်။ အတော်ကလေးညဥ့်နက်မှ သူတို့ကိုနှိုးပြီး လွှတ်လိုက်ရတယ်။

နောက်တစ်နေ့ညနေကျတော့လည်း မိုးအောင်နဲ့ ကုလား ရောက်လာ ကြပြန်တယ်။ ဖိုးစိန်လည်း မနေ့ကလိုပဲ သိပ်လောကွတ်ကောင်းတာပဲ။ အတော်ကလေး ညဥ့်နက်တော့မှပဲ ကောင်ကလေးနှစ်ယောက် မနေ့ကလို အတော်နှိုးလွှတ်လိုက်ရတယ်။ နောက်တစ်နေ့ ညနေကျတော့လည်း မိုးအောင်နဲ့ ကုလားတို့ ရောက်လာကြပြန်တယ်။ အဲဒီနေ့မှာတော့ ဖိုးစိန် ဟာ လောကွတ်မကောင်းတော့ဘူး။

'ဟေ့ကောင်တွေ၊ ဒီနေ့ညနေတော့ မင်းတို့ကို မတိုက်နိုင်ဘူးကွာ ဒို့အရက်က သိပ်ဈေးကြီးတယ်၊ မင်းတို့ သောက်ချင်ရင် မင်းတို့ဆိုင်က ပစ္စည်းတစ်ခုခု ယူခဲ့ကြ' လို့ ပြောတယ်။

'ဘာပစ္စည်းလဲ' လို့ မိုးအောင်က ပြန်မေးတယ်။

'မင်းတို့ဆိုင်မှာ နာရီတို့၊ ဖောင်တိန်တို့၊ လက်နှိပ်ဓာတ်မီးတို့ မရှိဘူး လား၊ ဘာပဲဖြစ်ဖြစ် အဖိုးတန်တာတစ်ခုခုပေါ့ကွာ' လို့ဖိုးစိန်က ပြန်ပြောတယ်။



'ဆိုင်ထဲမှာ လူတွေ ပြည့်နေတာပဲ၊ ခိုးလို့မရဘူး' လို့ မိုးအောင်က ပြောတယ်။

'ခိုးလို့မရရင်လဲ မင်းတို့ ပြန်ကြတော့၊ ငါ အရက်ကို နေ့တိုင်း အလကား မတိုက်နိုင်ဘူး' လို့ ဖိုးစိန်က ပြောတယ်။

'ခင်ဗျားအရက်ကို အကြွေးတိုက်ပေါ့ဗျ၊ နောက်တော့ ကျွန်တော်တို့ ဆပ်မှာပေါ့' လို့ မိုးအောင်က ပြောတယ်။

'ငါ အကြွေးမရောင်းဘူး၊ အကြွေးရောင်းတာ လာဘ်ပိတ်တယ်' လို့ ဖိုးစိန်က ပြောပြီး ဒီကောင်တွေကို အဖက်မလုပ်ဘဲ တခြားလှည့်နေတယ်။ မိုးအောင်နဲ့ ကုလားလည်း အဲဒီနေ့ညမှာ အရက်မသောက်ရဘဲ ပြန်လာခဲ့ ရတယ်။

နောက်တစ်နေ့ညနေကျတော့ မိုးအောင်ဟာ သူ့အမေရဲ့ ဇန်ကောက် လုံချည်တစ်ထည်ကို ခိုးလာပြီး ဖိုးစိန်ကို ပေးတယ်။ ဖိုးစိန်လည်း ဇန်ကောက် လုံချည်ကို သေသေချာချာကြည့်ပြီး အရက်တိုက်ဖို့ ကောင်လေး နှစ်ယောက်ကို နောက်ဖေးခေါ်သွားရင်း မိုးအောင်တို့ရဲ့ တိုက်နောက်မှာ ဆေးရည်တွေထားတဲ့ ဂိုဒေါင်တစ်လုံး ရှိတယ်။ ဒီဂိုဒေါင်ဟာ အောက်က ဘယ်တော့လင်း၊ အကာကတော့ သွပ်ပြားဆိုတာ ဖိုးစိန် သိရတယ်။ အဲဒီ အခါ 'မင်း ဂိုဒေါင်ကို ဖောက်ပါလား၊ ဂိုဒေါင်ထဲက ဖောင်တိန်တွေ၊ နာရီတွေ ယူလာရင် မင်းတို့ အရက် အကြာကြီးလည်း သောက်ရမယ်၊ အပြင် ထပ်လဲ ပိုက်ဆံရဦးမယ်၊ မင့် ဇန်ကောက်လုံချည်က ဘာအဖိုးတန် လဲကွာ၊ ဒီကနေ့နဲ့ မနက်ဖြန် အဲဒီ နှစ်ရက်ပဲ သောက်ရမယ်' လို့ ဖိုးစိန်က ပြောတယ်။

မိုးအောင်က 'ဂိုဒေါင်ကို ဘယ်လိုဖောက်မလဲ' လို့ မေးတယ်။

'မနက်ဖြန် မင်းတို့လာတဲ့အခါ ငါ အကုန်ပြောပြမယ်' ဆိုပြီး ... ကျ အရက်၊ အမြည်း၊ ကွမ်း၊ စီးကရက်တွေကို ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ညနေ မိုးအောင်တို့လာတဲ့အခါ ဖိုးစိန်ဟာ သွပ်ပြား ကိုက်တဲ့ ကတ်ကြေးတစ်ချောင်း အသင့်ယူထားတယ်။ သွပ်ပြားတစ်ချ လည်း အသင့်ယူထားတယ်။ အရက်မတိုက်ခင် သူက ကတ်ကြေးနဲ့သွပ်ပြာ ကို ကိုက်ပြတယ်။ ပြီးတော့မှ မိုးအောင်နဲ့ ကုလားတို့က တစ်လှည့် လေးငါးခါစီလောက် ကိုက်ရတယ်။ ပြီးတော့မှ လက်တွေ့ပြဖို့အတွက် သွပ်ပြားနဲ့ကာထားတဲ့ သူ့ဆိုင်ဘေးကို ခေါ်သွားပြီး သွပ်ပြားကို ဘယ်နေရာ က စ ကိုက်ရတယ်ဆိုတာ ပြောပြတယ်။

မိုးအောင်လည်း ဒီဘက်က ဝါသနာအတော်ပါလာတဲ့ သူငယ်ပါပဲ ဖိုးစိန်လို သွန်သင်ပြသမယ့်ဆရာမျိုးနဲ့ မတွေ့သေးလို့သာ ဘာလုပ်ရမှန်း မသိ ဖြစ်နေတာ။ အခုလို ပြလိုက်တယ်ဆိုရင်ပဲ ချက်ဆို နားခွက်ထဲ မိုးတောက်သွားတယ်။ အဲဒီနေ့ညမှာပဲ သန်းခေါင်ကျော်လောက်မှာ အထော ဒရဝမ်ကို ဂိုဒေါင်ကိုမလာအောင် ကုလားက ဒရဝမ်နဲ့ ဆိုင်ရှေ့မှာ စကား ပြောနေရတယ်။ မိုးအောင်က ဂိုဒေါင်ဖောက်ပြီး အထဲဝင်သွားတယ် ဝါတာမင်ဖောင်တိန် အချောင်းနှစ်ဆယ်ပါလာတယ်။ အဲဒီလိုခိုးပြီးတော့ ဆရာဖိုးစိန် သင်လိုက်တဲ့အတိုင်း အပေါက်မမြင်ရအောင် အတွင်းဘက် ကရော အပြင်ဘက်ကရော ထင်းရှူးသေတ္တာနဲ့ ကာထားခဲ့တယ်။

နောက်တစ်နေ့ညနေ ဖောင်တိန်တွေကိုရတဲ့အခါ ဖိုးစိန်ဟာ မိုးအောင် ကို ချီးကျူးပြီး ငွေသုံးဆယ်ပေးတယ်။ ကောင်ကလေးတွေ အရက်သော နေကြတုန်း ဖိုးစိန် ဖဲထုပ်တစ်ထုပ်ကို ယူပြီး 'ဖဲကစားရအောင်' လို့ ပြော တယ်။ နောက်ပြီးတော့ ကိုးမီးဖဲ ကစားနည်းကို ဖိုးစိန်က သင်ပေးတယ်

မိုးအောင် သဘောပေါက်သွားတဲ့အခါ ဖိုးစိန်နဲ့ မိုးအောင်တို့ ကိုးမီး ကစားကြတယ်။ လူပါးဖိုးစိန်က မိုးအောင်ကို ငွေသုံးဆယ်လောက်နိုင်အောင် လုပ်ပေးလိုက်သေးတယ်။ နောက်ပြီးတော့မှ မိုးအောင်ကို ဖောင်တိန်ဖိုး ပေးထားတဲ့ ငွေသုံးဆယ်ကိုပါ အနိုင်ယူလိုက်တယ်။



ကောင်ကလေးတွေလည်း မူးမူးနဲ့ တရေးတမောအိပ်ပြီး ပြန်ခါနီး ခါ လောကွတ်ကောင်းလာပြန်တဲ့ဖိုးစိန်က 'ဟော့ကောင်တွေ မင်းတို့မှာ မရှိပေမယ့် ကိစ္စမရှိဘူး၊ နောက်ထပ်ရရင် အရက်အလကားတိုက်မယ်၊ ခဲ့ကြနော်' လို့ လောကွတ် လုပ်လိုက်တယ်။

မလှရင်လည်း ကုသိုလ်ကောင်းချင်တော့ နောက်တစ်နေ့မှာ ဆိုင်ထဲ ပြည့်ဖို့ ဂိုဒေါင်ကပစ္စည်းတွေကို မန်နေဂျာလာထုတ်တယ်။ မန်နေဂျာဟာ ရှိတဲ့ လူတစ်ယောက်ဖြစ်တယ်။ ဂိုဒေါင်ထဲကိုဝင်တိုင်း ဘယ် သေတ္တာ ပစ္စည်းဟာ ဘယ်နေရာမှာ ရှိတယ်ဆိုတာ သူအမြဲ မှတ်လေ့ရှိတယ်။

အဲဒီနေ့ ဂိုဒေါင်ထဲကို သူဝင်သွားတဲ့အခါ သေတ္တာတချို့နဲ့ ပစ္စည်း နေရာပျက်နေတယ်။ အဲဒါကြောင့် မသင်္ကာတာနဲ့ သေတ္တာတွေကို ဒီရွှေ့ ရွှေ့နေတုန်း ထင်းရှူးသေတ္တာတစ်လုံးကို ဖယ်လိုက်တဲ့အခါ အောင် ဖောက်ထားတဲ့ အပေါက်ကို သွားတွေ့တယ်။ မန်နေဂျာလည်း ရင်ကို ချက်ချင်း တိုင်တယ်။ မလှရင်ကလည်း ဒါဟာ မိုးအောင်ရဲ့ ချက်ပဲဆိုတာ ချက်ချင်း ရိပ်မိတာပဲ။

မိုးအောင်နဲ့ ကုလား အိပ်တဲ့အခန်းထဲကို ဝင်ရှာတဲ့အခါ မိုးအောင်ရဲ့ င်းရင်းဘက် မွေ့ရာအောက်က သွပ်ဖြတ်တဲ့ ကပ်ကြေးကို တွေ့တယ်။ မှာ အလုပ်လုပ်တဲ့ စာရေးတစ်ယောက်ကလည်း ဖိုးစိန် ထမင်းဆိုင် လက်ဖက်ရည်ဆိုင်မှာ ညနေဘက် လက်ဖက်ရည်သောက်ရင်း ခဲ့တဲ့ သုံးလေးရက်အတွင်းမှာ မိုးအောင်နဲ့ ကုလားဟာ ဖိုးစိန်ဆိုင်ကို တွေ့တဲ့အကြောင်း မန်နေဂျာကို အစီရင်ခံတယ်။ မန်နေဂျာလည်း နဲ့ အကျွမ်းတဝင်ဖြစ်နေတဲ့အတွက် အကျိုးအကြောင်းပြောပြီး သိတောင်းတယ်။

ဥာနာအုပ်က 'ဒီကုလားဖိုးစိန်ဆိုတဲ့ အကောင်ဟာ တော်တော်ယုတ် လို့ ပြောပြီး မန်နေဂျာနဲ့အတူ မြို့မရာဇဝတ်အုပ်ကို ထည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးစိန် ထမင်းဆိုင်ကိုရောက်တဲ့အခါ ဓာတ်သိချင်းဖြစ်နေတဲ့အတိုင်း စကား များများ မပြောရပါဘူး။

'ဖိုးစိန်၊ မင်းထမင်းဆိုင်ကလေး ကောင်းကောင်းရောင်းနေရတာ မရောင်းချင်ဘူးထင်တယ်၊ ဖောင်တိန်တွေ ဘယ်မှာလဲ၊ အကုန်လုံးပြန်ပေး' လို့ တစ်ခွန်းတည်းပဲ ပြောတယ်။

ကြိမ်လုံးခေါင်းကြီး

ဒီမြို့မရာဇဝတ်အုပ်ကို မြို့ပေါ်က လူဆိုး၊ လူရှုပ်တွေဟာ သိပ် မကြောက်ဘူး။ ဒီရာဇဝတ်အုပ်လက်ထဲမှာ အမြဲကိုင်ထားတဲ့ ကြိမ်လုံးခေါင်း ကြီးကိုသာ သိပ်ကြောက်တယ်။ ဝါးခယ်မရဲ့ လူဆိုး၊ လူရှုပ်လောက ကြိမ်လုံးခေါင်းကြီးလို့ ခေါ်ရင် ဒီမြို့မရာဇဝတ်အုပ်ကို ခေါ်တာပဲဆိုတာ အားလုံး သိတယ်။ တော်တော်ဆိုးတဲ့ အကောင်ရဲ့ ညို့သကျည်း ဒီကြိမ်လုံး ခေါင်းကြီးနဲ့ သုံးခါလောက် ရိုက်လိုက်ရင် ပျော့ကျသွားတာပဲ။

ဖိုးစိန်လည်း မြို့မရာဇဝတ်အုပ်ရဲ့လက်ထဲက ကြိမ်လုံးခေါင်းကြီး တစ်ချက် လှမ်းကြည့်ပြီး 'ရှိပါတယ်ဆပ်' လို့ ပြောပြောဆိုဆိုနဲ့ ဖောင်တိန် တွေကို ထုတ်ပေးတယ်။ မိုးအောင်က ၁ တရားခံဖြစ်နေတဲ့အတွက် ပစ္စည်း ပြန်ရရင် တော်ပါပြီ၊ ဆက်အရေးမယူပါရစေနဲ့လို့ မန်နေဂျာ ဌာနာအုပ်ကို တောင်းပန်တဲ့အတွက် ပုလိပ်ကလည်း ဒီအမှုနဲ့ပတ်သက်ပြီး ဆက်အရေးမယူတော့ဘူး။

'ကောင်ကလေးတွေ နောက်ကိုလာရင် လက်မခံနဲ့၊ လက်ခံတာ ကြားရရင် မင်းဆိုင်ကို ပိတ်လိုက်မယ်' လို့ ဖိုးစိန်ကို ကြိမ်းပြီး မြို့မရာဇဝတ် အုပ်နဲ့ မန်နေဂျာတို့ ထွက်သွားကြတယ်။

ညနေ ကျောင်းကပြန်လာတဲ့အခါ မလှရင်ဟာ မိုးအောင်ကို ဂိုဒေါင် ဆီခေါ်သွားပြီး ဖောက်ထားတာကို ပြတယ်။ မိုးအောင်ကလည်း 'သူလုပ် တာ မဟုတ်ဘူး' လို့ ငြောင်လိမ်တယ်။ မလှရင်ကလည်း သူ့မွေ့ရာအောက်က ငွေပြတ်ကပ်ကြေးတစ်ချောင်းကို ရတာရော၊ ခေါ်တော့ဖိုးစိန်ဆီက ဖောင်တိန်တွေပြန်ရတာရော အကုန်ပြောပြတယ်။ အဲဒီအထိလည်း မိုးအောင် ကတော့ 'ဒါ သူနဲ့မဆိုင်ဘူး' ဆိုပြီး ငြောင်လိမ်နေသေးတာပဲ။ မလှရင်လည်း မိုးအောင်ကို အိမ်ထဲပြန်ခေါ်သွားပြီး မရိုက်ပါဘူး။



'ဒီပစ္စည်းတွေဟာ ဘယ်သူ့အတွက်မှ မဟုတ်ဘူး၊ နောက်ဆုံးတော့ မိုးအောင်နဲ့ စိုးမောင်တို့အတွက်ပဲ' လို့ ကောင်းကောင်းမွန်မွန်ပြောပြီး ဆုံးမလွှတ်လိုက်တယ်။

မလှရင်လည်း ဒီဆိုင်ကို ဆက်ပြီးဖွင့်သွားရမှာ အများကြီးစိတ်ပျက် သွားတယ်။ ဝါးခယ်မမှာ တရုတ် ကုလား ကုန်စုံဆိုင်တွေကလည်း များ လာတယ်။ သူကလည်း မိန်းမသားဖြစ်နေတဲ့အတွက် ပစ္စည်းဝယ်ခြမ်းရတဲ့ နေရာမှာ အဆင်မပြေဘူး၊ အုပ်ချုပ်မှုကိုလည်း သူ နားမလည်ဘူး။ အဲဒါ ကြောင့် ကုန်စုံဆိုင်ဟာ လစဉ် နှစ်ထောင်နဲ့ သုံးထောင်လောက် ရှုံးနေတယ်။

အဲဒီအထဲ မိုးအောင်ကလည်း ဒီလို တစ်စခန်းထပြန်တယ်။ ပြီးတော့ မိုးအောင်ဟာ ခြောက်ပြောပြော ချော့ပြောပြော ဘယ်လိုပြောလို့မှ ရမယ့် ကောင်စားမျိုး မဟုတ်ဘူး။ တစ်နည်းမဟုတ် နောက်တစ်နည်းနဲ့ ခိုးဦးမှာပဲ။ ကိုယ့်သားမှာတောင် ဂိုဒေါင်ဖောက်တယ်ဆိုတော့ ဒီဆိုင်ကြီးဟာ သူ ခိုးတာ ခံရမှာပဲလို့တွေးပြီး ညဘက် အစ်ကိုကြီးသုခ လာတဲ့အခါ ဆိုင်ကိုရောင်း ပစ်လိုက်ချင်တဲ့အကြောင်း ပြောပြတယ်။ အစ်ကိုကြီးသုခလည်း အကြောင်း စုံ ကြားရပြီးတဲ့နောက် ဆိုင်ကို ရောင်းပစ်လိုက်ဖို့ သဘောတူတယ်။

မလှရင်လည်း နောက်တစ်နေ့မှာ ကိုခင်ဦးရဲ့အဖေ ဦးသုဓာတနဲ့ ... ဦးစန္ဒောဘာသတို့ဆီကို သွားပြီး အကျိုးအကြောင်း လျှောက်ထား ... ဘုန်းကြီးနှစ်ပါးစလုံးကလည်း သူတို့နဲ့ ဒီကိစ္စ မဆိုင်တော့ဘူး။ ...င်ရဲ့သဘောအတိုင်းပဲလို့ ပြန်ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုးအောင်နဲ့ ကုလားတို့ဟာ အရက်သောက်တယ်၊ ဖဲရိုက်တယ်၊ ဆေးလိပ်သောက်တယ်၊ ကွမ်းစားတယ်။ ဂိုဒေါင်ဖောက်တက်ပြီးကတည်းက ကျောင်းသွားချင်တဲ့စိတ် မရှိတော့ဘူး။ ကျောင်းပြေးချင်တဲ့စိတ်သာ ရှိနေတယ်။ ဒါကြောင့် မနက် ကျောင်းသွားတဲ့အခါ မောင်ခင်လည်းပါလာတဲ့အတွက် မိုးအောင်နဲ့ ကုလားဟာ ကျောင်းအထိတော့ သွားသေးတယ်။ ကျောင်းရောက်လို့ မောင်ခင် ပြန်သွားတဲ့အခါ မိုးအောင်နဲ့ ကုလားဟာ အိမ်သာသွားချင်ယောင်ဆောင်တယ်။ အိမ်သာတွေရဲ့တောင်ဘက်မှာ လယ်ကွင်းတွေရှိတယ်။ အဲဒီ လယ်ကွင်းတွေထဲကဖြတ်ပြီး မြူနီစီပယ်ရုံးကို သွားတယ်။ မြူနီစီပယ်ရုံးကိုရောက်တော့မှ မြို့ထဲပြန်ဝင်ကြတယ်။

ခါတော့ဖိုးစိန်လည်း ကြိမ်လုံးခေါင်းကြီးကို ကြောက်တာနဲ့ ဒီကောင်လေးနှစ်ကောင်ကို သူ့ဆိုင်မှာ လက်မခံရဲတော့ဘူး။ အဲဒါကြောင့် ဒီကောင်လေး နှစ်ကောင်ဟာ ဧရာဝတီ ဆိပ်ခံတွဲကြီးထဲကိုဆင်းလာပြီး ဆိုက်ထားတဲ့ သင်္ဘောတွေပေါ် တက်လိုက်ဆင်းလိုက် လုပ်နေကြတယ်။ အဲဒီလိုလုပ်နေရင်း ဒီဧရာဝတီသင်္ဘောတစ်စင်းစင်း စီးပြီး ရောက်ချင်ရာ ရောက်ပေရော လိုက်သွားမယ်လို့ အကြံရလာတာနဲ့ သူတို့နှစ်ယောက်ဟာ ပန်းတနော်ကို ထွက်မယ့် ဧရာဝတီသင်္ဘောရဲ့ အိမ်သာတွေထဲ ဝင်ပုန်းနေကြတယ်။

ဧရာဝတီသင်္ဘောကိုယ်စားလှယ်ကြီးဟာ အင်မတန် စေ့စပ်တယ်။ သင်္ဘောရဲ့ အပေါ်ထပ်၊ အောက်ထပ်မှာ ခရီးသည်တွေအားလုံးကို လက်မှတ်စစ်ပြီးတိုင်း အိမ်သာတွေကို သူကိုယ်တိုင် လိုက်ကြည့်တယ်။ အိမ်သာတစ်လုံးကို ဖွင့်တဲ့အခါ ကုလားကို လက်ဦးတွေ့ရတယ်။ နောက်တစ်လုံးထဲမှာ မိုးအောင်ကို တွေ့ရတယ်။ သူတို့ အိမ်သာထဲမှာ နောက်ဖေးသွားနေတယ်လို့ ကိုယ်စားလှယ်ကြီးကို မိုးအောင်က လိမ်ညာသေးတယ်။ ဒါပေမယ့် ကိုယ်စားလှယ်ကြီးက ဒီလို အတွေ့အကြုံမျိုးတွေကို ခဏခဏ တွေ့ဖူးနေတယ်။ နောက်ပြီးတော့ ဒီကောင်တွေဟာ ကိုခင်ဦး မလှရင်တို့ရဲ့ သား



မိုးအောင်နဲ့ ကုလားဆိုတာလည်း သိနေတဲ့အတွက် မိုးအောင်လိမ်နေတာကို သဘောပြုံးပြုံးနားထောင်ပြီး သူတို့နှစ်ယောက်ကို ဆိပ်ခံတွဲကြီးပေါ် ခေါ်လာခဲ့တယ်။ ပြီးတော့မှ တစ်ယောက်ကို တစ်မူးစီပေးပြီး 'သင်္ဘောကပ်တဲ့အခါ သင်္ဘောတဆများ မင်းတို့ ရေထဲကျသွားရင် ဘယ်သူမှ ကယ်နိုင်မှာမဟုတ်ဘူး။ နောက်ကို လူကြီးတွေမပါရင် မင်းတို့ သင်္ဘောဆိပ်ကို မလာကြနဲ့ကွယ်' လို့ ကောင်းကောင်းမွန်မွန် ဆုံးမလွှတ်လိုက်တယ်။

မိုးအောင်နဲ့ ကုလားဟာ ရေခဲပေါက်စီ တစ်ယောက်ကို နှစ်ခုစီ ဝယ်စားကြတယ်။ ပြီးတော့ စီးကရက်တစ်ဗူးနဲ့ မီးခြစ်တစ်လုံးကိုဝယ်တယ်။ ဆက်ပြီးတော့ ကွမ်းယာ နှစ်ပြားဖိုး ဝယ်တယ်။ ရတဲ့ ကွမ်းလေးယာကို ချက်ချင်း မစားဘူး။ စက္ကူနဲ့ အထုပ်ခိုင်းတယ်။ ပြီးတော့မှ ဧရာဝတီသင်္ဘောဆိပ်နဲ့ မနီးမဝေးမှာရှိတဲ့ အစိုးရ ကျောက်မီးသွေးရုံဆိပ်ကိုဆင်းလာကြတယ်။ ကျောက်မီးသွေးရုံဘေးမှာ ထိုင်၊ ကျောက်မီးသွေးရုံကို အသာမှီ၊ ကွမ်းတစ်ယာစီစား၊ စီးကရက်တစ်လိပ်စီသောက်၊ မြစ်ထဲမှာ အစုန်အဆန်သွားနေကြတဲ့ သင်္ဘောတွေ၊ လှေတွေ၊ သမ္ဗန်တွေကိုကြည့်ရင်း မိုးအောင်နဲ့ ကုလားတို့ဟာ အကြီးအကျယ်ဇိမ်ခံနေကြတယ်။ ညနေ ကျောင်းဆင်းခါနီးမှ အိမ်ပြန်သွားကြတယ်။

စိုးမောင် အိမ်ပြန်ရောက်တဲ့အခါ မိုးအောင်နဲ့ ကုလားတို့ ကျောင်းပြေးတဲ့အကြောင်း သူ့မေမေကို တိုင်တယ်။ မလှရင်လည်း ဆိုင်ရောင်းဖို့ ပြင်ဆင်နဲ့ အလုပ်ရှုပ်နေတဲ့အတွက် မိုးအောင်နဲ့ ကုလား ကျောင်းပြေးတာကို ...အားဘူး။

## ...တ်တာလီ လခ နှစ်ဆယ့်ငါးကျပ်

အဲဒီနေ့ညနေဘက်မှာ မိုးအောင်အတွက် စားရက်ကြုံလို့ ...ဆိတ် ...ဖွင့်တဲ့ကိစ္စတစ်ခု ပေါ်လာတယ်။ ဒီနေ့ဟာ လဆန်း တစ်ရက်နေ့ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်က အလုပ်သမားတွေ ညနေ ငါးနာရီခွဲလောက်မှာ လခထုတ်ပေးနေ တယ်။ ဒရဝမ်ကုလား နကျတ်တာလီလည်း သူ့လခ နှစ်ဆယ့်ငါးကျပ်ကို ထုတ်ယူပြီး ဆိုင်နောက်ဖေးမှာရှိတဲ့ သူ့တန်းလျားဆီကို ဆိုင်ဘေးက အသာ လျှောက်သွားတယ်။ မျက်စိရှင်တဲ့ မိုးအောင်လည်း နကျတ်တာလီရဲ့ နောက်က အသာလိုက်သွားတယ်။ နကျတ်တာလီရဲ့ တန်းလျားကိုရောက်တဲ့ အခါ သူလည်း နကျတ်တာလီနဲ့အတူ ဖိနပ်ချွတ်ပြီး ဝင်ထိုင်တယ်။

ပြီးတော့မှ 'နကျတ်တာလီ လခ ဘယ်လောက်ရသလဲ' လို့ မေးတယ်။ 'နှစ်ဆယ့်ငါးကျပ်ရတယ်' လို့ နကျတ်တာလီက ဖြေတယ်။ 'ပြစမ်း' လို့ မိုးအောင်က ပြောတယ်။ နကျတ်တာလီကလည်း ရိုးရိုးမှတ်ပြီး ပြလိုက် တယ်။ မိုးအောင်လည်း တစ်ဆယ်တန် နှစ်ချပ်နဲ့ ငါးကျပ်တန်တစ်ချပ်ကို နကျတ်တာလီရဲ့လက်ထဲက အသာယူပြီး 'နကျတ်တာလီ၊ တစ်ဆယ်တန်က ဘယ်ဟာလဲ၊ ငါးကျပ်တန်က ဘယ်ဟာလဲ' လို့ မသိချင်ယောင်ဆောင် မေးတယ်။ နကျတ်တာလီကလည်း ရှင်းပြတယ်။

မိုးအောင်ကလည်း မသိချင်ယောင်ဆောင်ပြီး ငွေစက္ကူတွေကို ဟိုကြည့်ဒီကြည့် ကြည့်ရင်း နကျတ်တာလီအလစ်မှာ ဖြုန်းဆို အတင်းထ ပြေးတာပဲ။ နကျတ်တာလီလည်း 'မိုးအောင် မိုးအောင် မလုပ်နဲ့၊ ငါ့ငွေ ပြန်ပေးပါ' လို့ ငယ်သံပါအောင် အော်ပြီး နောက်ကလိုက်တယ်။ ဒါပေမယ့် မမီပါဘူး။ ခဏကလေးအတွင်း မိုးအောင်ကို ရှာမတွေ့တော့ဘူး။ နကျတ် တာလီလည်း မလှရင်ကို ငိုပြီး တိုင်တာနဲ့ နောက်ထပ် နှစ်ဆယ့်ငါးကျပ် ထုတ်ပေးလိုက်ရတယ်။

မိုးအောင်ကို တခြားလူတွေ တွေ့အောင် မရှာနိုင်ပေမဲ့ ကုလားက တော့ ရှာနိုင်တယ်။ ကုလားနဲ့တွေ့တဲ့အခါ တရုတ်ဆိုင်တစ်ဆိုင်ကိုသွားပြီး မောင်ချစား တစ်ချောင်းစီ ဝယ်တယ်။ ပြီးတော့ ခေါက်ဆွဲဆိုင်မှာ ခေါက်ဆွဲ တစ်ခွက်စီ ဝယ်စားကြတယ်။ ပြီးတော့ခေါက်ဆွဲဆိုင်မှာရောင်းတဲ့ချက်အရက်



မတ်ဖိုးကို နို့ဆီခွက်ထဲထည့်လာတယ်။ ပြီးတော့ ရေခဲပေါက်စီ တစ် ကောက် နှစ်ခုစီ စားကြတယ်။ ပြီးတော့ သစ်ခွဖျော်ရည်နှစ်ခွက် ဝယ်ပြီး ခွက်ထဲမှာ ထည့်လာတယ်။ ပြီးတော့ ကွမ်းယာ နှစ်ပြားဖိုး၊ စီးကရက် ၊ မီးခြစ်တစ်လုံးဝယ်ပြီး ကျောက်မီးသွေးရုံဆိပ်ကို ဆင်းလာကြတယ်။

ကျောက်မီးသွေးရုံဆိပ်ကိုရောက်တော့မှ ကျောက်မီးသွေးရုံကိုမှီ သစ်ခွ နဲ့ ချက်အရက်နဲ့ ရောထားတဲ့ နို့ဆီခွက်ကို နှစ်ယောက်သား တစ်ကျိုက်စီ လိုက်၊ ကွမ်းယာစားလိုက်၊ စီးကရက်သောက်လိုက်နဲ့ မိုးအောင်နဲ့ ကုလားတို့ဟာ အကြီးအကျယ် ဇိမ်တွေ့နေကြတယ်။

သူတို့ ကျောက်မီးသွေးရုံဘေးမှာ တစ်ရေးနိုးတော့ သန်းခေါင်ကျော် ကျော်ရှိနေပြီ။ မိုးအောင်ဟာ သွပ်ဖြတ်တဲ့ကတ်ကြေး သူ့အိပ်ရာအောက်က ကတည်းက အတော် ပါးနေပြီ။ နကျတ်တာလီဆီက သူလုလာတဲ့ တွေကို အိမ်ပြန်ယူသွားရင် သူ့အမေ မိမယ်ဆိုတာကို သိတဲ့အတွက် း လွှတ်တစ်လုံးကို ရေစင်စင်ဆေး၊ ရေခြောက်အောင်သုတ် ပိုတဲ့ငွေ ကို နို့ဆီခွက်ထဲထည့် အပေါ်က ကွမ်းယာထုပ်လာတဲ့ စက္ကူနဲ့ဖုံးပြီး ကျောက်မီးသွေးရုံအနားမှာ မြှုပ်ပစ်ခဲ့တယ်။

အိမ်ပြန်ရောက်လို့ ဒရဝမ် နကျတ်တာလီနဲ့ တွေ့တဲ့အခါ နကျတ် က 'မိုးအောင် နင် မကောင်းဘူး၊ အလကားကောင်ကလေး' လို့ တယ်။

'ခင့်လခကို မေမေက နောက်ထပ် မပေးဘူးလား' လို့ မိုးအောင်က ပေါက်လိုက်တယ်။

'ခင့်အမေကို ငါသွားတိုင်တယ်၊ မမက ငါ့လခကို ပြန်ပေးတာပေါ့' လို့ ပြောတယ်။

'အဲ့မှာ၊ ကိုယ့်ပိုက်ဆံ ကိုယ်ပြန်ရရင် ပြီးရောပေါ့၊ ဘာဖြစ်လို့ဆူနေ ' လို့ ပြောပြောဆိုဆို ခါးထဲက ဓားကို ဆွဲထုတ်ပြီး 'ယောဒါကြည့်

www.burmeseclassic.com

www.burmeseclassic.com



ထား၊ သေသွားမယ်' လို့ ကြိမ်းလိုက်တယ်။ မိုးအောင်နဲ့ ကုလားလည်း အိမ်ရှေ့ ဖိနပ်ချွတ်မှာပဲ အိပ်ချလိုက်ကြတယ်။

မလှရင်လည်း ဆိုင်ရောင်းဖို့ကိစ္စမှာ ဝယ်မယ့်တရုတ်ရွှေဒင်္ဂါး ဈေးအများကြီးချပြီး ဆစ်နေတဲ့အတွက် စိတ်ရှုပ်နေတာကြောင့်ရော မိုးအောင်ကို ကြိမ်းလည်း ကြိမ်းကြိမ်းပဲ နေမှာပဲ၊ ရိုက်လည်း ရိုက်ရိုက် နေမှာပဲ၊ မထူးတော့ပါဘူးလို့ သိနေတာကြောင့်ရော မနက်ဘက် မိုးအောင်နဲ့ တွေ့တဲ့ အခါ မျက်စောင်းသာ ထိုးကြည့်လိုက်တယ်။ ဒရဝမ် ငွေလုပြေးတဲ့ ကိစ္စနဲ့ ဘာမှ မပြောတော့ပါဘူး။

အဲဒီနေ့မှာလည်း လွန်ခဲ့တဲ့နေ့တုန်းကလို ကျောင်းပြေးတာပဲ လမ်းမှာ မျောက်ပန်းဝိုင်းတစ်ဝိုင်းတွေ့ပြီး ခဏဝင်ကြည့်ကြသေးတယ် ဒါပေမယ့် ဖဲလောက် စိတ်မဝင်စားတာနဲ့ ခဏကြည့်ပြီး နှစ်ယောက်သား ထွက်လာကြတယ်။ မိုးအောင်နဲ့ ကုလားဟာ ကျောက်မီးသွေးရုံနားမှာ သူတို့ မြှုပ်ပစ်ခဲ့တဲ့ ပိုက်ဆံကိုဖော်၊ ညကလို ခေါက်ဆွဲစား၊ ချက်အရက်ဝယ် ရေခဲပေါက်စီနှစ်ခုစီစား သစ်ခွရည်နှစ်ခွက်ဝယ်ပြီး ကျောက်မီးသွေးရုံဟာ နေ့ခင်းမှာ အရက်သောက်ဖို့ မကောင်းတဲ့အတွက် ပုညကောသလ္လအသင်း ...ဘား၊ နောက်ဖေး မီးဖိုထဲဝင်ပြီး နှစ်ယောက်သား ရှေးနည်းအတိုင်း ... နေကြတယ်။ ညဘက်ကျတော့ ကျောက်မီးသွေးရုံဆိပ်ကို ဆင်းကြပြန်တယ် နောက်တစ်နေ့မှာလည်း ဒီလိုပဲ ကျောင်းပြေးပြီး ရှေးနည်းအတိုင်း မြိန်ခံနေကြတာပဲ။

တတိယနေ့ကျတော့ အတန်းပြဆရာက 'မိုးအောင်နဲ့ ကုလား ကျောင်းမတက်တာ သုံးရက်ရှိပြီ၊ ဒီလို ခွင့်မယူဘဲ ကျောင်းတက်ဆက်ပျက် နေရင် ကျောင်းက ထုတ်ပစ်ရလိမ့်မယ်' ဆိုတဲ့ စာတစ်စောင်ကို စိုးမောင် ပေးလိုက်တယ်။



ဆရာကြီး ဦးအောင်လင်း

နောက်တစ်နေ့မနက်ကျတော့ မိုးအောင်၊ ကုလား၊ စိုးမောင်တို့နဲ့ ...တူ မလှရင်ပါ ကျောင်းကို လိုက်သွားတယ်။ ဆရာကြီးဦးအောင်လင်းနဲ့ ...တွေ့တဲ့အခါ 'ဒီသူငယ်နှစ်ယောက်တော့ အင်မတန် အထိန်းရခက်နေပါ ...တယ်၊ ဆရာကြီးကိုယ်တိုင် ဆုံးမပေးပါ' လို့ အပ်လိုက်တယ်။

စကားပြောနေကြရင်း ကျောင်းတက်သွားတာနဲ့ ဆရာကြီးဟာ ...ရင်ကို ပြန်လွှတ်လိုက်တယ်။ 'မိုးအောင်နဲ့ ကုလားကို ပြီးတော့မှ ...အေးအေး ဆုံးမမယ်၊ သူ့ရုံးခန်းထဲမှာ ခဏနေကြဦး' လို့ ဆိုပြီး ...တန်းကို အင်္ဂလိပ်စာပြရအောင် ထွက်သွားတယ်။ အင်္ဂလိပ်စာပြပြီးလို့ ...ကြီး ရုံးခန်းထဲ ပြန်ရောက်တဲ့အခါ မိုးအောင်နဲ့ ကုလားတို့ မရှိကြ ...ဘူး၊ ထွက်ပြေးကြပြီ။

ဆရာကြီး ဦးအောင်လင်းဟာ ဝါးခယ်မမှာ ကျောင်းဆရာလုပ်လာ ... အနှစ်နှစ်ဆယ်ကျော်ပြီ။ စည်းကမ်းလည်း ကြီးတယ်၊ ဉာဏ်လည်း ...တယ်။ ရိုက်လည်း အင်မတန်ရိုက်တယ်ဆိုတော့ ကျောင်းသားတွေဟာ ...ကျောင်းမှာ နေတုန်းသာ သူ့ကို ကြောက်ကြတာ မဟုတ်ဘူး၊ ကျောင်း ...ထွက်သွားတောင် သူ့ကို အင်မတန် ကြောက်ကြတယ်။

မိုးအောင်ရဲ့အဖေ ကိုခင်ဦး၊ အမေ မလှရင်တို့လည်း သူ့ကျောင်းက ...ပြီးလို့ ကိုယ့်အလုပ် ကိုယ့်အကိုင်နဲ့ သားတွေ ရလာတဲ့အထိတောင် ...ကြီး ဦးအောင်လင်းကို အရှိန်နဲ့ ကြောက်နေတုန်းပဲ ရှိကြသေးတယ်။

အဲဒီလို ကျောင်းသူ ကျောင်းသား အသစ်တွေကရော အဟောင်းတွေ ... ဒီနံ့ဖိန့်တုန်အောင် အကြောက်ခံနေရတဲ့ ဆရာကြီး ဦးအောင်လင်း ... နှစ်သားလောက်သာရှိသေးတဲ့ မိုးအောင်က သူ့အမိန့်ကို ဖီဆန်ပြီး ... သူ့ရုံးခန်းထဲက ထွက်ပြေးသွားတယ်ဆိုတော့ သိပ်ပြီး စိတ်ဆိုး ... အဲဒါကြောင့် ကျောင်းသားလေးယောက်ကို မိုးအောင်တို့အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



သွတ်ပြီး မိုးအောင်နဲ့ ကုလားကို အခေါ်ခိုင်းတယ်။ မလိုက်ဘူးဆိုရင် အတင်း ကြိုးနဲ့တုပ်ပြီး ခေါ်ခဲ့လို့လည်း မှာလိုက်တယ်။

ဒီကျောင်းသားကြီးလေးယောက်ဟာ မလှရင်ကို ဆရာကြီးမှာလိုက်တဲ့အကြောင်း ပြောပြပြီး မိုးအောင်ကို ခေါ်ရအောင် ဆိုင်မှာ တစ်နေ့လုံး စောင့်နေကြတယ်။ ညနေ သုံးနာရီအထိ မိုးအောင်နဲ့ ကုလား ပေါ်မလာကြဘူး။ အဲဒါကြောင့် ကျောင်းသားကြီးလေးယောက်ဟာ ကျောင်းကိုပြန်သွားပြီး ဆရာကြီးကို အကျိုးအကြောင်း အစီရင်ခံတယ်။

နောက်တစ်နေ့ကျတော့ မနက် ကိုးနာရီလောက်မှာ ကျောင်းသားကြီးလေးယောက်အပြင် 'မိုးအောင်ဟာ ခင်စိုးကို ကြောက်တယ်၊ ခင်စိုးပါလာရင် ကောင်းမယ်' လို့ ကျောင်းသား မောင်သန်းက ပြောတာနဲ့ ခင်စိုးကိုပါ မိုးအောင်ကို ခေါ်ရအောင် ဆရာကြီးက ထည့်လိုက်တယ်။

ကျောင်းသားကြီးတွေ ရောက်လာတဲ့အခါ မိုးအောင်နဲ့ ကုလားဟာ နောက်ဖေးမှာ ထမင်းစားနေကြတယ်။ ထမင်းစားပြီးတဲ့အခါ သူ့အမေက ခေါ်နေတယ်။ အိမ်ရှေ့ကို ခဏလာဦးလို့ မောင်ခင်က ခေါ်တယ်။ မိုးအောင်လည်း အဟုတ်မှတ်ပြီး အပြင်ကို ထွက်မလို့လုပ်တုန်း အိမ်ရှေ့မှာ ကျောင်းသားကြီးတွေကိုမြင်တာနဲ့ အိမ်ရှေ့မထွက်ဘဲ ကုလားနဲ့အတူ နောက်ဖေးပေါက်ကပဲ ထွက်ပြေးသွားတယ်။ အဲဒါကြောင့် အဲဒီနေ့မှာလည်း ကျောင်းသားကြီးတွေဟာ မိုးအောင်နဲ့ ကုလားကို ဖမ်းမမိလိုက်ဘူး။

နောက်နှစ်ရက်ကြာတော့ မနက် ခုနစ်နာရီလောက်မှာ ကျောင်းသားကြီး ဆယ်ယောက် မိုးအောင်ကို ဖမ်းရအောင်လာကြတယ်။ ခြောက်ယောက်က မိုးအောင် ထွက်ပြေးမယ့် နောက်ဖေးပေါက်က စောင့်နေတယ်။ လေးယောက်က အိမ်ရှေ့ကလာတယ်။ အဲဒီအချိန်မှာ မိုးအောင်နဲ့ ကုလားဟာ ကော်ဖီသောက်နေတုန်းရှိသေးတယ်။ ကျောင်းသားကြီးလေးယောက် နောက်ဖေးဝင်လာတာကို မြင်တာနဲ့ မိုးအောင်နဲ့ ကုလားဟာ နောက်



ပေါက်က ခုန်ချလိုက်တယ်။ အောက်က စောင့်နေတဲ့ ကျောင်းသားကြီး က သူတို့ကို အသာကလေးဖမ်းပြီး ကျောင်းကို ခေါ်သွားကြတယ်။

ဆယ်နာရီထိုးလို့ ကျောင်းတက်တဲ့အခါ ကျောင်းသားတွေအားလုံး ကျောင်းအပေါ်ထပ်က ခန်းမဆောင်ကြီးထဲမှာ စုရတယ်။ တအောင့်လောက် တဲ့အခါ မိုးအောင်နဲ့ ကုလားကို လက်ထိပ်ခတ်သလို ကြိုးနဲ့တုပ်ပြီး ကျောင်းသားကြီးနှစ်ယောက်က ဆွဲခေါ်လာတယ်။ ဆရာကြီးဦးအောင်လင်း ထားဝယ်ကြိမ်လုံးကို ကိုင်ပြီး နောက်က လိုက်လာတယ်။ ခန်းမဆောင်ထဲရောက်တဲ့အခါ မိုးအောင်နဲ့ ကုလားကို ခုံမြင့်ကြီးပေါ် တင်ထားတယ်။ ဆရာကြီး ဦးအောင်လင်းလည်း ကြိမ်လုံးကို ကိုင်ပြီး ခုံမြင့်မှာ မိုးအောင်ဘက်က ရပ်လိုက်တယ်။ ပြီးတော့မှ ကျောင်းသားတွေကို ပြီး

'ဒီကောင်နှစ်ကောင်ကို ဘာဖြစ်လို့ ဒီလို ကြိုးနဲ့တုပ်ထားသလဲ' လို့ တယ်။

ကျောင်းသားတွေက 'ကျောင်းပြေးလို့ တုပ်ထားတယ်' လို့ ပြိုင်တူ ကြတယ်။

'ဘာဖြစ်လို့ တုပ်ထားသလဲ' လို့ တစ်ကြိမ်ထပ်မေးတယ်။

'ကျောင်းပြေးလို့ တုပ်ထားတယ်' လို့ ကျောင်းသားတွေက ဖြေကြ

'ခပ်ကျယ်ကျယ်ဖြေကြ၊ ဘာဖြစ်လို့ တုပ်ထားသလဲ' လို့ ဆရာကြီးက ကြိမ်ထပ်မေးတယ်။

'ကျောင်းပြေးလို့ တုပ်ထားတယ်' လို့ ကျောင်းသားတွေက အကျယ် ကြတယ်။

ဒီတော့မှ 'မင်းတို့လဲ ကျောင်းပြေးရင် ဒီလိုပဲ အတုပ်ခံရမယ်၊ ' လို့ ဆရာကြီးက နောက်တစ်ကြိမ် ထပ်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတွေကလည်း 'ဟုတ်ကဲ့' လို့ ပြိုင်တူ အကျယ်ကြီးဖြေ ကြတယ်။

ပြီးတော့မှ ဆရာကြီးဟာ မိုးအောင်ဘက်ကို လှည့်ပြီး 'မိုးအောင်' လို့ ခေါ်လိုက်တယ်။

အဲဒီလို ခေါ်လိုက်တော့မှ မိုးအောင်ဟာ ရှေ့တည့်တည့်ကြည့်နေရာ ဆရာကြီးကို လှည့်မကြည့်ဘဲ တခြားဘက်ကို ခေါင်းလှည့်လိုက်တယ်။ ဆရာကြီး ဦးအောင်လင်းလည်း ဒေါသထောင်းခနဲထွက်လာပြီး ပထ အကြိမ်ထက် ခပ်ပြင်းပြင်းကလေး 'မိုးအောင်' လို့ ခေါ်လိုက်ပြန်တယ်။ ကျောင်းသားတွေကလည်း ကြောက်ပြီး ငြိမ်ကျသွားတယ်။ မိုးအောင်လည်း ဆရာကြီးကို လှည့်မကြည့်ဘူး။ တခြားဘက်ကို လှည့်မြဲ လှည့်နေတာပဲ။

ဒီအခါမှာ ဆရာကြီး ဦးအောင်လင်းဟာ အမျက်ကြီး ဒေါသထွက် လာပြီး ဆက်မခေါ်တော့ဘဲ 'တော်တော်လာတဲ့အကောင်ကလေး၊ လာဦးကွာ လာဦးကွာ' ဆိုပြီး ခြေထောက်ကိုရော၊ တင်ပါးကိုရော၊ ကျောကိုရော ကြိမ်လုံးနဲ့ တအားလွှဲပြီး ခြောက်ချက် ခုနစ်ချက်လောက် ရိုက်လိုက်တယ်။ မိုးအောင်လည်း တခြားဘက်ကို လှည့်မြဲလှည့်ပြီး မလှုပ်ဘူး။ အံကြိတ်ထား တယ်။ နောက်တစ်ချက် လည်ပင်းကိုရိုက်လိုက်တော့ နာလွန်းလို့ထင်ပါရဲ့ တုန်သွားတယ်။ ဒါပေမယ့် တစ်ဘက်ကို လှည့်မြဲ လှည့်ပြီး အံကြိတ်ထား တာပဲ။

ဆရာကြီးလည်း နောက်တစ်ချက် လည်ပင်းကိုပဲ ထပ်ရိုက်တယ်။ မိုးအောင်လည်း အရင်အတိုင်းပဲ အံကြိတ်ထားတယ်။ ဆရာကြီးလည်း နောက်တစ်ချက် ထပ်ရိုက်ဦးမယ်လုပ်ပြီးမှ မိုးအောင်ရဲ့လည်ပင်းမှာ အ နှစ်ခု သွေးချေဉပြီး ထလာတာကို တွေ့ရတာနဲ့ ဆက်မရိုက်တော့ဘူး 'မိုးအောင်' လို့ ခေါ်လိုက်ပြီး မိုးအောင်ရဲ့မျက်နှာ သူ့ဘက်ကိုလှည့်အောင် မိုးအောင်ရဲ့ ဘယ်ဘက်နားကို ဆွဲလိုက်တယ်။ မိုးအောင်လည်း ဆတ်ခနဲ



ပြီး အံကြိတ်မပျက်ဘဲ တစ်ဘက်ကို လှည့်မြဲလှည့်လိုက်တယ်။ ဆရာကြီး နေတုန်း ဆရာမတစ်ယောက်ဟာ မကြည့်ရက်လို့ အပြင်ဘက်ထွက်ပြီး တယ်။

ခင်စိုးလည်း မိုးအောင်ရဲ့သတ္တိကိုကြည့်ပြီး 'ငါ ဒီကောင်ကလေးကို သွားရိုက်မိတာ မှားလေခြင်း' လို့ နောင်တရနေတယ်။

ကျောင်းသားတော်တော်များများကတော့ 'မိုးအောင်ကွ' လို့ စိတ်ထဲက ကြိတ်ပြီး ဆိုနေကြတယ်။ ဆရာတွေထဲကတော့ 'ဒီ မိုးအောင် ကြီးရင်တော့ ကောင်မှာပဲ' လို့ ဆုံးဖြတ်ချက်ချကြတယ်။

ဆရာကြီးလည်း မိုးအောင်ကို လက်လျှော့ပြီး ကုလားကို ဘာမှ လားစမ်းလား လုပ်မနေတော့ဘဲ ငါးချက်ရိုက်တယ်။

ဆရာကြီးဦးအောင်လင်းကတော့ ကျောင်းသူကျောင်းသားတိုင်း ဖို့တုန်အောင် ကြောက်ရတဲ့ သူ့ရဲ့ ပြူးထားတဲ့ မျက်လုံး၊ တင်းထားတဲ့ မျက်နှာနဲ့ ကြိမ်လုံးစကြာကို မိုးအောင်နဲ့ ကုလားမြင်ရရင် 'ကျွန်တော်တို့ ကြောက်ပါပြီ၊ နောက်ကို ကျောင်းမပြေးပါဘူး' လို့ ကျောင်းသားတွေ ရှေ့မှာ ကတိပေးလိမ့်မယ်လို့ အစက ထင်ခဲ့တယ်။

အဲဒီလို သူထင်တဲ့အတိုင်း ကတိပေးရင် တစ်ယောက်ကို ငါးချက်စီ လောက် အသင့်အတင့်ရိုက်၊ မိုးအောင်နဲ့ ကုလားကိုရော ကျောင်းသူ ကျောင်းသားတွေကိုရော ဆုံးမစကားပြောပြီး ပြန်လွှတ်ဖို့ သူစိတ်ကူးထား တယ်။ ဒါပေမယ့် သူ့အထင်နဲ့ အမြင်ဟာ တလွဲစီဖြစ်နေတဲ့အတွက် စကားမှ မပြောတော့ဘဲ 'ကျောင်းသားတွေ ကိုယ့်အတန်းကို ပြန်ကြ တော့' လို့ အမိန့်ပေးပြီး သူ့အခန်းကို ပြန်သွားတယ်။

ကျောင်းသားတွေ ထွက်သွားကြတဲ့အခါ လက်ထောက်ကျောင်းဆရာ ကြီး မိုးအောင်ရဲ့ လုံချည်နဲ့ အကျႌကို လှန်ကြည့်တယ်။ ညာဘက်ခြေသလုံး က ကြိမ်ဖျားနဲ့ ထိသွားတဲ့အတွက် တစ်ချက်ပေါက်သွားတယ်။ သွေးနည်း

www.burmeseclassic.com

www.burmeseclassic.com



နည်းဆောင် စီးကျပြီး ခုံမြင့်ကို သွေးစွန်းနေတယ်။ တင်ပါးနဲ့ ကျောမှာလည်း ကြိမ်ဖျားမိသွားတဲ့နေရာမှာ တစ်ချက်ပေါက်သွားတယ်။ ရိုက်သမျှအချက် တိုင်းဟာ အရှိုးကြီးတွေထနေပြီး ညိုမည်းနေတယ်။ လည်ပင်းမှာလည်း အရှိုးနှစ်ခုထပ်ပြီး ညိုမည်းနေတယ်။ အရှိုးတစ်ခုက တော်တော်ကြီးတယ်။ ကုလားမှာလည်း အရှိုးတွေထနေတယ်။ ဒါပေမယ့် မိုးအောင်လောက်တော့ မပြင်းဘူး။

အရှိုးတွေကိုကြည့်ပြီး လက်ထောက် ကျောင်းဆရာကြီးဟာ ဆရာကြီး ဆီကို အကျိုးအကြောင်း သွားပြောပြတယ်။ ဆရာကြီးရဲ့ ခွင့်ရတာနဲ့ မိုးအောင်နဲ့ ကုလားတို့ကို ကြိုးဖြေပေးပြီး ဆရာတွေ အနားဖြေတဲ့အခန်းထဲ ခေါ်သွားတယ်။ အဲဒီမှာ သူယူလာတဲ့ ကော်ဖီနဲ့မုန့် တိုက်ပြီး မိုးအောင်နဲ့ ကုလားတို့ကို ဆရာမတစ်ယောက်နဲ့ အိမ်ပြန်ပို့လိုက်တယ်။

သူ့သား မိုးအောင်ဟာ လူကောင်းမဟုတ်ဘူး၊ လူဆိုးဆိုတာတော့ သိပါတယ်။ ဒါပေမယ့် ဒီလို အညိုအမည်းဖြစ်နေတဲ့ အရှိုးကြီးတွေ ပေါက်ပြီး နေတဲ့ ဒဏ်ရာတွေကို တွေ့ပြန်တော့လည်း မိခင်တို့ရဲ့ ဓမ္မတာအတိုင်း မလှရင်ဟာ ရင်ထဲမှာ ဆို့သွားပြီး မျက်ရည်တွေကျလာတယ်။ ခဏလောက် ကြာတော့ မန်နေဂျာကိုခေါ်ပြီး အရှိုးတွေ၊ ဒဏ်ရာတွေ ပြတယ်။

မန်နေဂျာကလည်း 'မမလှရယ်၊ ဘာပဲဖြစ်နေနေ ဒီလောက်တော့ ရိုက်ဖို့မကောင်းပါဘူး' လို့ ပြောတယ်။

သူ့အမေငိုနေတာကို မြင်ရပြီး မန်နေဂျာပြောနေတဲ့စကား ကြားရတဲ့အခါ မိုးအောင်က အခွင့်ကောင်းယူပြီး 'မေမေ ကျွန်တော် ကျောင်းမနေချင်ဘူး' လို့ ပြောလိုက်တယ်။

သူ့အမေ မလှရင်က 'နင် ကျောင်းမနေရင် ဘာစာတတ်မလဲ' လို့ ဖြေတယ်။

မိုးအောင်က 'ကျွန်တော် ဘာစာမှမသင်ချင်ဘူး' လို့ ဆက်ပြောတယ်။



သူ့အမေက 'မိုးအောင်၊ ဒီလိုရိုက်တော့ မနာဘူးလား' လို့ သားပေါ်မှာ [illegible]တဲ့ မိခင်တို့ရဲ့ ကရုဏာနဲ့ မေးတယ်။

မိုးအောင်က 'ဘာဖြစ်လို့ နာရမှာလဲ' လို့ သူ့အမေကို ငေါက်တယ်။

မန်နေဂျာက ပြုံးပြီး 'မမလှရယ်၊ ကိုယ့်သားအကြောင်းလဲ ကိုယ် [illegible]သားပဲ၊ မမလှရဲ့သားကို ဒီလိုရိုက်လို့ မရပါဘူး၊ နောက်ထပ်ပြေးဦးမှာပဲ၊ [illegible]ထပ်ပြေးလို့ နောက်ထပ် ရိုက်ပြန်ရင်လဲ မမလှ စိတ်ဆင်းရဲရဦးမှာပဲ၊ [illegible]ကိတော့ဘဲ ကျောင်းက ထုတ်ပစ်လိုက်ရင်လဲ မမလှ စိတ်ဆင်းရဲရမှာပဲ၊ [illegible]တော့ မိုးအောင်ကို ကျောင်းက ခဏနုတ်ထား၊ ဒီအတောအတွင်း သူ့ကို [illegible]ပြီး နားဝင်အောင် မမလှ ပြောပေါ့၊ ကိုကြီးသုခကိုလဲ အပြောခိုင်းပေါ့၊ [illegible]က်ပြီးတော့ သူ့ဘိုးအေနှစ်ပါးဆီမှာလဲ ခဏအပ်ထားပေါ့၊ သူ နားဝင် [illegible]ပြီဆိုတော့မှ ရန်ကုန်က ကောင်းတဲ့ကျောင်း တစ်ကျောင်းမှာ သွားထား [illegible]ပေါ့' လို့ အကြံပေးတယ်။ မလှရင်လည်း ဒီအကြံကို သဘောတူတယ်။

'ကုလားကော ကျောင်းဆက်နေမလား၊ ထွက်မလား' လို့ မလှရင်က [illegible]တယ်။

ကုလားကလည်း 'သူပါ ကျောင်းထွက်ချင်တယ်' လို့ ဖြေတယ်။

အဲဒါနဲ့ မိုးအောင်နဲ့ ကုလား နှစ်ယောက်စလုံးရဲ့ ကျောင်းထွက်စာ [illegible] အဲဒီနေ့မှာပဲ မလှရင်ရဲ့ တိုက်တွန်းချက်အရ မန်နေဂျာက ဆရာကြီး [illegible] သွားယူပေးရတယ်။

မလှရင်လည်း မိုးအောင်နဲ့ ကုလားတို့ရဲ့ အရှိုးတွေ ဒဏ်ရာတွေကို [illegible]ယ်ဘိုင် ပရုတ်ဆီနဲ့ ပွတ်ပေးတယ်။ ပြီးတော့ သူကိုယ်တိုင် ထမင်း [illegible]ယ်။ သူ့သား မိုးအောင်ကြိုက်တဲ့ ရေခဲပေါက်စီကိုလည်း တစ်ယောက် [illegible] ဝယ်ကျွေးတယ်။ အဲဒါတွေပြီးတော့ 'ကဲ၊ မင်းတို့နှစ်ယောက် [illegible]ရာ ကိုယ်သွားအိပ်နေကြ၊ ဘယ်မှ မထွက်ကြနဲ့' လို့ ပြောပြီး [illegible]င်းဖို့ကိစ္စအတွက် ဆိုင်ရှေ့မှာ စိမ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုးအောင်နဲ့ ကုလားတို့လဲ နာရီဝက်လောက် သူတို့ရဲ့အိပ်ရာထွေ ပေါ်မှာ ခဏလှဲပြီး မလှရင်ရဲ့အလစ်မှာ ခါတိုင်းလို ဝယ်စရာရှိတာတွေ ဝယ်ပြီး ပုညကောသလအသင်းရဲ့ နောက်ဖေးခန်းထဲမှာ အရက်တစ်ကြိုက် သောက်လိုက်၊ ကွမ်းစားလိုက်၊ စီးကရက်သောက်လိုက်နဲ့ နှစ်ယောက်သား အကြီးအကျယ် ဖိမ်ကျနေပြန်တယ်။

အဲဒီလို သူတို့က ဖိမ်ကျနေတဲ့အချိန်မှာ အမေလုပ်သူက အလုပ်တွေ ရှုပ်နေတဲ့အထဲ သားတွေ ဘယ်လိုများနေသလဲလို့ စုံစမ်းရအောင် သူတို့ရဲ့ အခန်းထဲကို ဝင်လာတယ်။ သားတွေမရှိဘဲ အိပ်ရာချည်းပဲတွေ့ရတော့ 'မတတ်နိုင်တော့ဘူးလေ၊ သဗ္ဗေသတ္တာ ကမ္မသကာပေါ့' လို့ ညည်းရင်း သက်မကြီးချလိုက်တယ်။

နောက် တနင်္ဂနွေတစ်ပတ်လောက်ကြာတဲ့အခါ ဆိုင်နဲ့ တိုက်ကို ရှစ်သောင်းနဲ့ ရွှေဒင်္ဂါးဆိုတဲ့ တရုတ်ကို ရောင်းလိုက်ပြီး သူအမျိုးတွန်းက နေတဲ့အိမ်ကို ပြန်ပြောင်းလာတယ်။

မလှရင်ရဲ့သဘောကတော့ သားနှစ်ယောက် အိမ်ထောင်မကျခင် သူတို့ကို သင့်တော်အောင် ပညာသင်ပေး၊ သင့်တင့်အောင် ကျွေးသွားနိုင်ရင် တော်ပြီ၊ သားတွေ လူလားမြောက်လို့ အိမ်ထောင်ကျပြီးရင် ဆိုင်နဲ့တိုက် ရောင်းလို့ရတဲ့ငွေကို သားတွေ လွှဲပေးလိုက်မယ်။ သားတွေ သူ့လက်က လွတ်သွားတဲ့အခါ သူလည်း သူ့အဖေရဲ့ခြေရာကိုနင်းပြီး သီလရှင်လုပ်ချင် လုပ်၊ သီလရှင် မလုပ်ချင်လည်း သာသနာ့ရိပ်သာမှာ ဇရပ်ကလေးတစ်ဆောင် ဆောက်ပြီး ကမ္မဋ္ဌာန်းတရားပဲ အားထုတ်နေတော့မယ်လို့ သူ စိတ်ကူး ထားတယ်။

အဲဒီစိတ်ကူးအတိုင်း သူ့ငွေရှစ်သောင်းကို ကိုကြီးသုခဆီ အပ်ထားပြီး သူကတော့ ဈေးထဲမှာ အထည်ဆိုင်ကလေးတစ်လုံး ဖွင့်တယ်။ ကိုကြီးသုခ ကလည်း 'ငွေဆိုတာမျိုးဟာ နောက်တော့ စကားများတတ်တယ်၊ ခိုင်ခိုင်



လုပ်ရမယ်' ဆိုပြီး မိတ်ဆွေသုံးလေးယောက်ကို အသိသက်သေထားပြီး လက်ခံတယ်။ စာချုပ်တစ်ခုလုပ်ပြီး ငွေရကြောင်းကို သူလည်း လက်မှတ် ထိုးတယ်။ သူ့မိန်းမလည်း လက်မှတ်ထိုးတယ်။ အသိသက်သေတွေလည်း လက်မှတ်ထိုးရတယ်။

မလှရင်လည်း မိုးအောင်နဲ့ ကုလားကို ပြန်မကြည့်နိုင်ဘူး။ မနက် ဆိုရင်တော့ အိပ်ရာကထ၊ ဘုရားဝတ်ပြု၊ ရေမိုးချိုး ဖီးလိမ်းပြီး ခုနစ်နာရီလောက် ဆိုရင်တော့ ဆိုင်ဖွင့်ရအောင် ဈေးကိုသွားရတယ်။ ညနေ လေးနာရီခွဲလောက်မှ ဆိုင်သိမ်းပြီး ပြန်လာတယ်။ မအုံးတင်က အိမ်စောင့်ရတယ်။

မိုးအောင်ဟာ မအုံးတင်များတော့ မှတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် အောက်မေ့တဲ့အတွက် ရှိစုမဲ့စုကလေးတွေကို မလှရင် ဈေးသွားနေတုန်း ကောင်းယူချသွားမှာစိုးလို့ အဖိုးတန်ပစ္စည်းတွေဆိုရင် အပြင်မှာ မထားရဲဘူး။ လွယ်လွယ်နဲ့ ဖွင့်လို့ရမယ့် မှန်ဗီရိုတို့၊ သစ်သားဗီရိုတို့ဆိုတာတွေထဲမှာ လည်း မထားရဲဘူး။ သံသေတ္တာတွေထဲမှာ ထည့်၊ သံသေတ္တာတွေကို အိမ်တိုင် မှာ သံကြိုးကြီးကြီးနဲ့ သော့ခတ်ထားရတယ်။

မိုးအောင်နဲ့ ကုလားဟာ မနက်စာစားပြီး တစ်နေ့လုံး လျှောက်လည် ကြတာပဲ။ ဈေးသုံးဖို့ သူတို့ကို တစ်နေ့ တစ်မူးစီ ပေးတယ်။ မိုးအောင်က တစ်နေ့ကို တစ်မတ်စီ လိုချင်တယ်။ ဒါပေမယ့် ပိုက်ဆံများများပေးရင် ဟုတ်တုတ်ကရာတွေ လျှောက်လုပ်မှာပဲဆိုပြီး မလှရင်က တစ်မူးပဲပေးတယ်။

မလှရင်ဟာ မန်နေဂျာဟောင်း ကိုဝင်းဖေရဲ့ စကားကို နားထောင် တယ်ဆိုတာ မိုးအောင် သိထားတော့ တစ်နေ့တစ်မတ်ပေးအောင် သူ့အမေ ကို ပြောပေးဖို့ နားပူနားဆာလုပ်တာနဲ့ ကိုဝင်းဖေလည်း မလှရင်နဲ့တွေ့ပြီး 'နေပါစေ တစ်နေ့တစ်မတ်သာ ပေးလိုက်ပါ၊ မမလှရဲ့ သားအကြောင်းကိုသိ ကြသားပဲ မဟုတ်လား၊ မမလှဆီက မရရင် ဒီကောင်ကတော့ ငြိမ်ငြိမ် နေမှာမဟုတ်ဘူး၊ တခြားမှာ သွားခိုးလိမ့်မယ်' လို့ ရှင်းပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မလှရင်လည်း သဘောပေါက်ပြီး မိုးအောင်နဲ့ ကုလားတို့ နောက် တစ်နေ့ကစပြီး တစ်နေ့တစ်မတ်စီပေးတယ်။ မိုးအောင်က ဖဲအားကြီး ကစားချင်တယ်။ သူတို့အရွယ် ဖဲဝိုင်းကလည်း မရှိ၊ လူကြီးတွေဝိုင်းထဲ ကိုလည်း ဝင်လောက်အောင် သူတို့မှာ ပိုက်ဆံမရှိ။ လူကြီးတွေကလည်း သူတို့ရဲ့ ဝိုင်းနားကို ဒီကောင်လေးနှစ်ကောင် အလာမခံဘူး။ ခေါ်တော့ ဖိုးစိန်ကလည်း ဒီကောင်ကလေးနှစ်ကောင်ကို သူ့ဆိုင် အလာမခံဝံ့ဘူး အဲဒါကြောင့် မိုးအောင်မှာ ဖဲကစားချင်ပေမယ့် မကစားရဘဲ ဖြစ်နေ တယ်။

မျောက်ပန်းဝိုင်းတွေကိုတော့ တွေ့ပါရဲ့၊ အဲ ဒါပေမယ့် မျောက်ပန်း ကစားချင်ရင် ပိုက်ဆံကို စည်းဝိုင်းထဲ ဝင်အောင် ပစ်နိုင်တဲ့ ကျွမ်းကျင်မှု ရှိရမယ်၊ အဲဒီလို ကျွမ်းကျင်မှုရှိအောင်လည်း သူ မကျင့်ချင်ဘူး၊ သူ့ စိတ်က သိပ်တိုတယ်။ အဲဒါကြောင့် မျောက်ပန်းကို သူ ဝါသနာမပါဘူး ဒါပေမယ့် တခြားကစားစရာလည်းမရှိတော့ ကုလားကို မျောက်ပန်းကစား ခိုင်းပြီး သူက ဘေးကထိုင်ကြည့်တယ်။

သုံးရက်လောက်ကြာတော့ မျောက်ပန်းကစားတဲ့ သူငယ်တွေ အရက်တိုက်မယ်ဆိုပြီး သူ့အိမ်ကို ခေါ်လာတယ်။ သူ့အိမ်မှာ ဝှက်ထား အရက်နဲ့ သစ်ခွရည်နဲ့ရောပြီး နည်းနည်းစီတိုက်တယ်။ ပြီးတော့ ဖဲထုပ် ယူလာပြီး ဖဲကစားရအောင် မိုးအောင်က တိုက်တွန်းတယ်။ နောက် နေ့တိုင်း မိုးအောင်တို့အိမ်မှာ နေ့လယ် ၁၂ နာရီကစပြီး ဖဲဝိုင်းနဲ့ အရက်ဝိုင်း ဖြစ်တယ်။ ညနေ လေးနာရီလောက်မှာ မလှရင် ဈေးက ပြန်လာခါနီး လူစုခွဲကြတယ်။

ဖဲလာရိုက်ကြတဲ့ သူငယ်တွေထဲမှာ မဲအောင်ဆိုတဲ့ သူငယ်ခပ်ကြီးကြီး တစ်ယောက် ပါတယ်။ ဒီသူငယ်က သူ့အစ်ကိုကြီး အရက်ခိုးချက်တဲ့အ ကူပြီးချက်ပေးဖူးတဲ့အတွက် အရက်ချက်တတ်နေတယ်။



သူ့ရဲ့အကြံပေးချက်အရ မိုးအောင်က ထန်းလျက် သုံးပိဿာဝယ်၊ အိမ်က ရေနံဆီပုံးလွတ်တစ်ခုကို စင်စင်ဆေးပြီး အဲဒီပုံးထဲမှာ ထန်းလျက်ကို ရေနဲ့စိမ်ထားတယ်။ လေးရက်လောက်ကြာတော့ ထန်းလျက်တွေ အချဉ် ပေါက်လာတဲ့အခါ ဆွမ်းတော်လည်းတင်၊ ကန်တော်ဦးကျောင်းက ဘုန်းကြီး တွေကိုလည်း ကပ်ဖို့အတွက် မလှရင် ခဏခဏ ကောက်ညှင်းပေါင်းတဲ့ ပေါင်းချောင်အိုးကို ရေနံဆီပုံးပေါ်မှာ တင်လိုက်တယ်။ ပြီးတော့မှ သံပုံး ထဲက အငွေ့တွေဟာ ပေါင်းချောင်ရဲ့အပြင်ကို ထွက်မသွားအောင် သံပုံး နဲ့ ပေါင်းချောင် ထိနေတဲ့နေရာတွေမှာ မိုးအောင်ရဲ့ လုံချည်စုတ်တစ်ခုနဲ့ ပတ်ထားတယ်။ ပြီးတော့မှ ပေါင်းချောင်အိုးထဲမှာ ဟင်းသောက်ပန်းကန် လုံးလုံးထည့်လိုက်တယ်။ ပြီးတော့မှ ဒယ်အိုးအလတ်စားတစ်လုံးရဲ့ ဖင်ကို အေးနေအောင် အုတ်ခဲ၊ ပြာ၊ သဲဆပ်ပြာနဲ့ တိုက်ချွတ်ဆေးပြီး ပေါင်းချောင် အပေါ်ကို တင်လိုက်တယ်။ ပေါင်းချောင်ထဲက ထွက်လာတဲ့ အငွေ့တွေဟာ အပြင်မထွက်ဘဲ ဒယ်အိုးရဲ့ ဖင်ကိုသာ ထိအောင် ဒယ်အိုး နဲ့ ပေါင်းချောင် ထိနေတဲ့ နေရာကိုလည်း မိုးအောင်ရဲ့လုံချည်စုတ်နဲ့ ပတ်ထားလိုက်ပြန် တယ်။ ပြီးတော့မှ ရေနံဆီပုံးကို မီးဖိုပေါ်တင်ပြီး ချက်တာပါပဲ။ ထန်းလျက် အချဉ်ရည်တွေဟာ အငွေ့ဖြစ်ပြီး ပေါင်းချောင်အိုးရဲ့ အပေါက်ထဲကို ဝင် တယ်။ အဲဒီလိုဝင်ပြီးတော့မှ ဒယ်အိုးရဲ့ဖင်ကို ထိတဲ့အခါ ချွေးဖြစ်ပြီး ပေါင်းချောင်အိုးထဲမှာ ထည့်ထားတဲ့ ပန်းကန်လုံးထဲကိုပြန်ကျတယ်။ အဲဒါ ချက်အရက်ပဲ။

အဲဒီလို ချက်ပြီးကတည်းက ဆိုင်က အရက်ကို မဝယ်တော့ဘူး။ သူ့အိမ် ဖဲလာရိုက်သမျှလူတွေကို မိုးအောင်က ဒီအရက်နဲ့ ဧည့်ခံတယ်။ မိုးအောင် ဖဲနိုင်တဲ့အခါ ချက်အရက်ကို ဆီးဖျော်ရည်တို့၊ သစ်ခွဖျော်ရည် တို့နဲ့ ရောပြီး တိုက်တယ်။ ဖဲရှုံးရင်တော့ ရေရိုးရိုးနဲ့ ရောပြီးတော့ပဲ သူ့ ငယ်သည်တွေ သောက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပထမနေ့ကတည်းက မလှရင် ဈေးကပြန်လာတဲ့အခါ မအုံးတင်က
အရက်ဝိုင်းနဲ့ ဖဲဝိုင်းအကြောင်း တိုင်တယ်။ မလှရင်လည်း အပြင်မှာ
ဖဲလျှောက်ရိုက်ပြီး အရက်လျှောက်သောက်တာထက် အိမ်မှာ ဖဲရိုက်၊ အိမ်မှာ
အရက်သောက်တာက ကောင်းသေးတယ်လို့ ယူဆပြီး ဘာမှ မပြောဘူး
မအုံးတင်ကိုသာ 'မသိချင်ယောင်ဆောင်နေ' လို့ ပြောထားတယ်။

နောက် ဆယ့်ငါးရက်၊ အရက်နှစ်ဆယ်လောက်ရှိတော့ ဖဲဝိုင်းဟာ
သုငယ် လေးငါးယောက်ကနေ တဖြည်းဖြည်းနဲ့ ဆယ့်လေးငါးယောက်
နှစ်ဆယ်လောက်အထိ ဖြစ်လာတယ်။ ဘယ်ကဟာတွေ၊ ဘယ်သူ့သား
တွေမှန်း မသိတဲ့ ကောင်ကလေးတွေဟာ ဖဲဝိုင်းကို အကြောင်းပြုပြီး
ထွက်ချည်ဝင်ချည်နဲ့ တရုန်းရုန်း ဖြစ်နေတယ်။ ဒီအကြောင်းကို မအုံးတင်က
ပြောပြတော့ မလှရင် လန့်သွားတယ်။ 'ဒီကောင်ကလေးတွေထဲ သူ့
လက်ထောက်ကလေးတွေပါလာရင် သူ့ပစ္စည်းကလေးတွေ ပြောင်လိမ့်မယ်'
ဆိုတာ သူ တွေးမိတယ်။ အဲဒါကြောင့် နောက်တစ်နေ့ နှစ်ချက်တီးလောက်
ဖဲဝိုင်းနဲ့ အရက်ဝိုင်း လူစည်တဲ့အချိန်မှာ မလှရင် ဈေးကပြန်လာပြီး ဖဲဝိုင်း
နဲ့ အရက်ဝိုင်းကို ဖျက်လိုက်တယ်။ နောင်ကိုလဲ အိမ်မှာ ဖဲမကစားရဘူး
ကစားချင် တခြားသွားကစားကြလို့ တားမရတဲ့အတူတူ တခြားမှာကစားဖို့
မိုးအောင်နဲ့ ကုလားတို့ကို ခွင့်ပြုလိုက်တယ်။

နောက်တစ်နေ့ကျတော့ ပုညကောသလ္လအသင်းလူကြီးတွေသိမ်း
နှင်လိုက်တဲ့အခါ ဖဲဝိုင်းနဲ့ အရက်ဝိုင်းဟာ ဟိုရောက် ဒီရောက်နဲ့ ကြုံရာ
နေရာမှာ လူစုပြီး ရိုက်ကြ၊ သောက်ကြတာပဲ၊ မိုးအောင်နဲ့ ကုလားကလည်း
အရွယ်နဲ့မလိုက်အောင် တစ်နေ့တခြား ဆိုးလာတယ်။ တစ်ခါတစ်ခါ
နှစ်ည၊ သုံးည အိမ်ကိုပြန်မလာဘူး။ တစ်ခါတစ်ခါ သန်းခေါင်ကျော်လောက်
မှ အိမ်ပြန်လာပြီး လူကြီးတွေကို မနှိုးဘူး။ ဖိနပ်ချွတ်မှာပဲ အိပ်ချလိုက်တာပဲ
မလှရင်ကလည်း ဒီကောင်ကလေးနှစ်ကောင် အိမ်ပြန်လာလာ မလာလာ



လုပ်လုပ် မလုပ်လုပ် ဘာမှ မပြောတော့ဘူး။ စိတ်ညစ်ညစ်နဲ့ ဒီလိုပဲ
လိုက်တယ်။

အဲဒီလိုနဲ့ မိုးအောင်က ၁၂ နှစ်၊ ကိုကုလားက ၁၁ နှစ် ဖြစ်လာ
တယ်။ အရုပ်အမောင်းတွေကလည်း အသက်နဲ့မလိုက်အောင် ထောင်ထောင်
မောင်းမောင်း ထွားထွားကျိုင်းကျိုင်းကြီးတွေ ဖြစ်လာကြတယ်။

တစ်နေ့တော့ မလှရင်ဟာ ငါးကြင်းသားကောင်းကောင်းတွေ့တာနဲ့
သာဝယ်ပြီး အိမ်ပို့လိုက်တယ်။ နောက်ပြီးတော့ 'ကောင်းကောင်း
ကြော်ထား၊ နောက်တစ်နေ့ ကန်တော်ဦးကျောင်းက ဆရာတော်တွေကို
ကပ်မယ်' လို့ မအုံးတင်ကို မှာလိုက်တယ်။

မအုံးတင်လည်း မလှရင် မှာလိုက်တဲ့အတိုင်း ငါးကြင်းသားတွေကို
ကြော်နေတယ်။ ထက်ဝက်လောက်ရှိတော့ မိုးအောင်နဲ့ ကုလားဟာ ဘယ်က
လာကြတယ် မဆိုနိုင်ဘူး၊ အိမ်ကိုရောက်လာတယ်။ မိုးအောင်ဟာ
ကောင်းဆာတယ်ဆိုပြီး ငါးကြင်းကြော်တွေကို ယူစားတယ်။

မအုံးတင်က 'မနက်ဖြန်ဘုန်းကြီးဆွမ်းကပ်ဖို့ ဦးဦးဖျားဖျား
ကောင်းဘူး' ဆိုပြီး ငါးကြင်းသားကြော်တွေထည့်ထားတဲ့ ဗန်းကို
ဆွဲလိုက်တယ်၊ မိုးအောင်က ဒီလိုတားရမလားလို့ စိတ်ဆိုးပြီး ထင်းစနဲ့
ခေါင်းကို ရိုက်လိုက်တာ နဖူးကွဲသွားတယ်။ မအုံးတင်လည်း နဖူးက
ထွက်နေတဲ့ သွေးတွေကို ရေနဲ့ဆေး သွေးဆေးသိပ်၊ အဝတ်တစ်ခုစီးပြီး
တစ်နာရီလောက်ရှိတာနဲ့ အိမ်ပေါ်က သူ့အခန်းထဲမှာ အိပ်နေတယ်။

မိုးအောင်နဲ့ ကုလားတို့လည်း ကြော်ပြီးသား ငါးကြင်းသားကြော်
တွေကို အကုန်စားပြီး ထွက်သွားကြတယ်။ မလှရင် ဈေးကပြန်လာတဲ့အခါ
ဒီအကြောင်း အကုန်သိရပြီး မိုးအောင်တို့ကို ဒေါသဖြစ်၊ မအုံးတင်
ကိုလည်း သနားတဲ့အတွက် မျက်ရည်တွေ ကျလာရာက ရှိုက်ငိုရတဲ့အထိ
ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



မလှရင်ဟာ မိုးအောင်ကို မရိုက်ဘဲနေတာ သုံးနှစ်လောက်ရှိသွားပြီ ဒါပေမယ့် ဒီတစ်ခါတော့ သူ သိပ်လွန်လာပြီ။ မရိုက်လို့ မဖြစ်ဘူးဆိုပြီ မိုးအောင်ပြန်လာရင် ရိုက်ဖို့ ကြိမ်လုံးကို အသင့်လုပ်ထားတယ်။ မိုးအောင်နဲ့ ကုလားလည်း နှစ်ရက်လောက် အိမ်ပြန်မလာဘူး။ သုံးရက်မြောက်မနက် ကျတော့မှ မလှရင် ဈေးသွားတဲ့ အချိန်လောက်ကို မှန်းပြီး အိမ်ပြန်လာကြ တယ်။ ရေမိုးချိုး အဝတ်အစားလဲ စားသောက်ပြီး တစ်ခါထွက်သွားကြပြ တယ်။ ၁၀ ရက်လောက် အဲဒီလိုပဲ မလှရင်နဲ့ မတွေ့ရအောင် ရှောင်နေတယ်

တစ်နေ့တော့ ဈေးသုံးဖို့ပိုက်ဆံကလည်း အင်မတန် ပြတ်နေတယ် ထင်ပါရဲ့။ မလှရင်နဲ့ မတွေ့လို့ မဖြစ်တော့ဘူး။ အဲဒါကြောင့် ညကိုးနာ လောက်မှာ မိုးအောင်နဲ့ ကုလားဟာ အိမ်ပြန်လာကြတယ်။ မလှရင်လည်း မိုးအောင်ကို မြင်တာနဲ့ ဒေါသတွေ ထောင်းခနဲထပြီး ဘာမှ ပြောမနေ တော့ဘူး။

'မိုးအောင်၊ နင် မအုံးတင်ကို ရိုက်ဦးမလား ဟင်' လို့ ပြောပြောဆိုဆို ကြိမ်လုံးဆွဲပြီး မိုးအောင်ကို ရိုက်တာပဲ။ မိုးအောင်လည်း အလစ်ဖြစ်သွား တဲ့အတွက် တစ်ချက် အရိုက်ခံလိုက်ရတယ်။

အမေကို စော်ကားလာ

နောက်တစ်ချက်ရိုက်မယ်လို့ အရွယ်မှာ 'ဖေ မ၊ ငါ့ကို မရိုက်နဲ့' လို့ ဆဲဆဲဆိုဆို ကြိမ်လုံးကို အတင်းလုပြီး သူ့အမေကို နောက်ပြန်တွန်းထ လိုက်တယ်။ သူ့အမေလည်း ထိုင်ရက်ကျသွားတယ်။ မလှရင်ကလည်း သတ္တိ မခေဘူး။ ထိုင်ရက်ကျရာက အတင်းထဆေးတယ်။ မအုံးတင်က တအားဖက်ပြီး ဆွဲထားရတယ်။

'ဒီပြင်ဟာ ငါ ဘာမှ မနာဘူး၊ ငါ့ကို ဖေနဲ့ဆဲတာ နာတယ် လွှတ်စမ်း မအုံးတင်' ဆိုပြီး အတင်းရုန်းပါသေးတယ်။



မအုံးတင်က အတင်းဖက်ထားတဲ့အတွက် မလှရင်လည်း နောက် တော့ အလျှော့ပေးလိုက်ရပြီး 'သူ့ယောကျ်ားမရှိလို့ သားရဲ့စော်ကားတာ ခံရလေပြီ' လို့ တွေးမိတာနဲ့ ဝမ်းနည်းပက်လက် ငိုချပစ်လိုက် တယ်။

သားနဲ့ အမေဟာ အစက အတော်အနေဝေးရတဲ့အထဲ ဒီအဖြစ် ပျက် ဖြစ်ပြီးနောက် ပိုအနေဝေးသွားကြတယ်။

အဲဒီလိုနဲ့ မိုးအောင်ဟာ ၁၅ နှစ်၊ ကုလားဟာ ၁၄ နှစ် ဖြစ်လာ တယ်။

သူတို့ရဲ့ နေ့စဉ်တာဝန် ဝတ္တရားကတော့ တခြားဟာတွေ မဟုတ်ဘူး။ အိမ်မှာ ခွေးဝင်စားနှစ်ကောင်ကို ထမင်းကောင်းကောင်းကျွေးထားပြီး သူတို့ ကျင့်ပေးထားတယ်။ အထီးကို ဘော့ဗ်လို့ ခေါ်တယ်။ အမကို နီမ လို့ ခေါ်တယ်။ သူတို့က မွေးထားတဲ့ သားသမီးတွေကိုပါ ပေါင်းလိုက်ရင် အိမ်မှာ ခွေးအုပ်ကြီးတစ်အုပ် ဖြစ်နေတယ်။ အဲဒီတော့ မိုးအောင်ဖြစ်ဖြစ်၊ ကုလားဖြစ်ဖြစ် ရပ်ရှင်ထဲက နောင်ဂျိန်တီးလုံးကို လေချွန်လိုက်ရင် ဒီခွေး အုပ်ကြီးဟာ အိမ်အောက်ကရော၊ နောက်ဖေးကရော ဟိုနေရာ နေရာကရော ကြားရာနေရာက အတင်း ပြေးထွက်လာတာပဲ။ အဲဒီလို ထွက်လာပြီး မည်းခနဲမြင်ရာ အတင်းဖမ်းကိုက်တာပဲ။

အဲဒီလိုလိုက်ပြီး သူတို့ကိုက်ထားတဲ့ ဘဲတွေ ကြက်တွေကို မိုးအောင်နဲ့ ကုလားဆီ ယူလာကြတယ်။ အဲဒီဘဲတွေ ကြက်တွေဟာ မသေမရှင်ဖြစ်နေ သေးရင် မိုးအောင်က သူ့ဓားမြှောင်နဲ့ လည်လှီးတယ်။ အဲဒီလိုလှီးပြီးတော့မှ သူတို့နှစ်ယောက် အားရပါးရ ချက်စားတာပဲ။ ချက်ပြီးရင် ခွေးတွေအပေါ်မှာ တော့ မိုးအောင်နဲ့ ကုလားဟာ သစ္စာရှိတယ်၊ ဟင်းထက်ဝက်လောက် ကျွေးလိုက်တယ်။ သူတို့ဟင်းကို မလှရင်ရော မအုံးတင်ရော မစားဘူး။ အဲဒါကြောင့် သူတို့ချည်း အကုန်စားပစ်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ သူတို့အိမ်နဲ့ စားလွယ်ခုတ်အိမ်မှာနေတဲ့ မြေပိုင်ရှင် ဦးအိစမန်မွေးထားတဲ့ ဘဲငန်းကြီးခြောက်ကောင်ဟာ အိအိနဲ့ အော်ပြီး ကွတကွတနဲ့ သူတို့အိမ်ဘက်ကိုလာနေတာ မိုးအောင်ရော ကုလားပါ မြင်တယ်။ သူတို့ရဲ့ဝင်းထဲကို ဝင်လာတာနဲ့ ခွေးနဲ့ရှူးတိုက်ဖို့ ငြိမ်ပြီးစောင့်နေကြတယ်။ မအုံးတင်လည်းမြင်တယ်။ ဘဲငန်းကြီးတွေ ဝင်လာရင်တော့ ဒုက္ခပဲလို့တွေးပြီး တထိတ်ထိတ်နဲ့ဖြစ်နေတယ်။ ဒီဝင်းထဲ မဝင်ပါစေနဲ့လို့ စိတ်ထဲက ဆုတောင်းနေတယ်။ ဝင်းဝကိုရောက်တော့ ကုသိုလ်ကောင်းတဲ့ ဘဲငန်း ငါးကောင်ဟာ ဝင်းဝမှာပဲ အစာစားကျန်ရစ်တယ်။ ကုသိုလ်ဆိုးတဲ့ တစ်ကောင်ပဲ ခြံထဲကို ကွတ ကွတနဲ့ ဝင်လာတယ်။ ခြောက်ကောင်စလုံး ဝင်လာမှ ရှူးတိုက်မယ်။ အခု ရှူးမတိုက်နဲ့ဦးလို့ မိုးအောင်က ကုလားကို တားထားတယ်။

ဝင်လာတဲ့ဘဲငန်းကြီးဟာ ဝင်းထဲကို သုံးလေးဂိုက်လောက် ဝင်လာပြီး သူ့စိတ်ထဲမှာ မသိုးမသန့်ဖြစ်လာလို့ပဲလား မဆိုနိုင်ဘူး။ ဝင်းဝမှာကျန်ရစ်တဲ့ သူ့အဖော် ဘဲငန်း ငါးကောင်ဆီကို ပြန်လှည့်သွားတယ်။ အဲဒီအခါ ခြောက်ကောင်ရအောင် စောင့်နေရင် ဒီတစ်ကောင်ပါ လွတ်သွားမယ်ဆိုပြီး မိုးအောင်က နောင်ဂျိန်တီးလုံးကို လေချွန်လိုက်တယ်။ သူ့ခွေးအုပ်ကြီးဟာ ဝုန်းခနဲ ပြေးထွက်လာပြီး ဘဲငန်းကြီးကိုလိုက်တာပဲ။ ဆော့ဇ်ရဲ့သားဇော်ကျား ဆိုတဲ့ အကောင်က ဘဲငန်းကြီးရဲ့လည်မျိုကို အိမ်ဝင်းဝနားမှာပဲ ခဲမိတယ်။ ကျန်တဲ့ ဘဲငန်းငါးကောင်လည်း ကြောက်ကြောက်လန့်လန့်နဲ့ သူတို့အိမ်ဘက်ကို ထွက်ပြေးတယ်။ ခွေးတွေလည်း သူတို့နောက်ကို အတင်း လိုက်ပါသေးတယ်။ ဦးအိစမန်နဲ့ သူ့သားက မြင်ပြီး ခွေးတွေကို အတင်းထွက်မောင်းလို့ ဘဲငန်းကြီး ငါးကောင်ဟာ လက်မတင်လေး လွတ်သွားတယ်။

ဦးအိစမန်ဟာ ဒီဘဲငန်းကြီး ခြောက်ကောင်ကို အစ်နေ့မှာ မိတ်ဆွေတွေကျွေးဖို့ သေသေချာချာ မွေးထားတာဆိုတော့ ခွေးတွေက ဒီလိုလိုက်ကိုက်တာကို သိပ်စိတ်ဆိုးတာပဲ၊ အဲဒီအထဲ ဘဲငန်းကြီးတစ်ကောင် ပျောက်



သွားတယ်ဆိုတော့ ပိုပြီး စိတ်ဆိုးလာတယ်။ အဲဒါနဲ့ ပျောက်နေတဲ့ဘဲငန်းကြီးကို ပြန်ပေးအောင်တောင်းဖို့ မိုးအောင်တို့အိမ်ကို သူကိုယ်တိုင် လိုက်လာတယ်။ အဲဒီအချိန်မှာ သူ့ဘဲငန်းကြီးလည်း အသက်မရှိတော့ပါဘူး။ ဇော်ကျားက လည်မျိုကိုက်ထားလို့ မသေမရှင်ဖြစ်နေတဲ့ ဘဲငန်းကြီးဟာ မိုးအောင်က လည်လှီးတာကိုခံရပြီး အသက်ထွက်သွားရရှာတယ်။

ဦးအိစမန်ရောက်လာတဲ့အချိန်မှာ မိုးအောင်နဲ့ ကုလားဟာ နောက်ဖေးအခါးပိတ်ပြီး ဘဲငန်းကြီးကို ချက်ရအောင် စီမံနေကြတယ်။ မအုံးတင်နဲ့ တွေ့တဲ့အခါ ဘဲငန်းပြန်ပေးဖို့ ဦးအိစမန်က ပြောတယ်။

မအုံးတင်ကလည်း 'ဒီကောင်ကလေးကို သူ မပြောရဲဘူး၊ ဈေးမှာ သူ့အမေရှိတယ်၊ သူ့အမေကို သွားပြောပါဦးရယ်' လို့ တောင်းပန်ရှာတယ်။ ဦးအိစမန်လည်း သူ့ဘဲငန်းကြီး အသက်ရှိသေးတယ်အထင်နဲ့ ဘဲငန်းပြန်ရအောင် သူ့သားကို မလှရင်ဆီလွှတ်ပြီး အတိုင်ခိုင်းလိုက်တယ်။ ဘဲငန်းမပြန်ရင် ဂါတ်တိုင်ရလိမ့်မယ်လို့ပါ အပြောခိုင်းလိုက်တယ်။ မလှရင်လည်း ဦးနိုမ်တကြီးနဲ့ အိမ်ပြန်ပြေးလာတယ်။ အိမ်ရောက်တော့ ဘဲငန်းကြီးဟာ အတုံးအတစ်တွေဖြစ်ပြီး ဟင်းအိုးထဲရောက်နေပြီ။ အဲဒါကြောင့် ဦးအိစမန်ရဲ့ အိမ်ကိုသွားပြီး

'ဘဲငန်းကြီးတော့ လက်လွန်သွားပြီ၊ တန်ရာတန်ဖိုးကို အလျော်ပေးပါရစေ၊ သူ့အဖေ သေပြီးကတည်းက ဒီသားကို ကျွန်မလည်း မနိုင်ဘူး၊ ငယ်လောက်ဆိုးတယ်ဆိုတာ ဦးအိစမန်တို့လဲ ကြားမှာပါပဲ' လို့ ပြောပြီး မလှရင်က ဦးအိစမန်ကို တောင်းပန်တယ်။

ဦးအိစမန်လည်း 'နေပါစေတော့ကွယ်' လို့ ပြောပြီး မလှရင်ကို ပြန်လွှတ်လိုက်တယ်။ ညနေဆိုင်သိမ်းတော့ မလှရင်ဟာ ဦးအိစမန်တို့ဖို့ ဒေါင်းကာပ်လုံချည်တစ်ထည်နဲ့ မုန့်သေတ္တာတစ်လုံးယူလာပြီး ဦးအိစမန်အိမ် ကို သွားပို့လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မလှရင်ဟာ ဘဲငန်းပြန်မရရင် ဂါတ်တိုင်လိမ့်မယ်ဆိုတာကို ဦးအီစမန်ရဲ့ သားဆီက ကြားရကတည်းက သူ့သားမိုးအောင်တော့ အဖမ်းခံရမှာပဲဆိုပြီး အတော် စိုးရိမ်သွားတယ်။ မိုးအောင်ကိုလည်း သူ့ကို ဖအေနဲ့ကလော်တုတ်တဲ့ နေ့ကစပြီး စကားမပြောဘဲ ဖြတ်ထားပေမယ့် အဲဒီစိုးရိမ်မှုကြောင့် အဲဒီညမှာတော့ မိုးအောင်ပြန်လာရင် သတိပေးလိုက်ဦးမယ်ဆိုတဲ့ သားကို သနားတဲ့ဖအေနဲ့ အိမ်ဝက စောင့်နေတယ်။

ည ၁၀ နာရီလောက်မှာ မိုးအောင်နဲ့ ကုလား ပြန်လာတဲ့အခါ မလှရင်က 'နင် ဘဲငန်းတွေ နောက်တစ်ခါ သွားမလုပ်နဲ့၊ ဦးအီစမန်က နင့်ကို ဂါတ်တိုင်လိမ့်မယ်' လို့ ဆီးပြောတယ်။

မိုးအောင်လည်း သူ့အမေကို ခေါင်းတစ်ခြမ်းလှည့်ကြည့်ပြီး 'တိုင်တိုင် တိုင်ပစေ' လို့ ပြောပြောဆိုဆို မျက်နှာတင်းတင်းနဲ့ အိမ်ထဲကို ဝင်သွားတယ်။ မလှရင်လည်း ရင်ထဲမှာ အောင့်သွားပြီး ငေးကျန်ရစ်တယ်။

ဦးအီစမန်လည်း ဂါတ်ကိုတိုင်ဖို့ မလိုတော့ပါဘူး။ ကိုမိုးအောင်နဲ့ သူ့လက်ပါးစေ ဘော့ဇ်တို့ နီမတို့ ဇော်ကျားတို့ရဲ့ ရန်ကို ကြောက်တာနဲ့ သူ့အိမ်နောက်ဖေးမှာ ခြံခတ်ပြီး အစ်နေ့အထိ သူ့ဘဲငန်းကြီးတွေကို အဲဒီ ခြံထဲမှာပဲ လှောင်ထားလိုက်တော့တယ်။

မိုးအောင်နဲ့ ကုလားဟာ အပြင်ထွက်တဲ့အခါမှာလည်း ဖဲမရိုက်ရ အရက်မသောက်ရ၊ မျောက်ပန်းမလှန်ရတဲ့ နေ့တွေဆိုရင် သားရေခွ တစ်ချောင်းစီနဲ့ တန်ဆောင်းတွေ၊ ကျောင်းတွေမှာ ခိုကပ်နေကြတဲ့ ခိုတွေ ကိုပဲ လိုက်ပစ်နေတာပဲ။

မိုးအောင်ဟာ တင်ကျီးသားကို အင်မတန် ကြိုက်တယ်။ ဒါကြောင့် မိုးတွင်းဆိုရင် ဘယ်ကိုမှ သွားမပစ်တော့ဘူး။ ဘုရားကြီးဝက လမုပင်ကြီး အောက်မှာ အသိုက်လာလုပ်နေတဲ့ တင်ကျီးတွေကိုစောင့်ပြီးပစ်တာပဲ။ တစ်ခါတစ်ခါ လမုပင်အောက ချောင်းထဲကို သူတို့ပစ်လိုက်တဲ့ တင်ကျီး



ကျသွားရင် သူတို့နှစ်ယောက်စလုံးဖြစ်ဖြစ် တစ်ယောက်ဖြစ်ဖြစ် ချောင်းထဲကို အတင်းခုန်ဆင်းပြီး ငုပ်ချည်ပေါ်ချည်ဖြစ်နေတဲ့ တင်ကျီးကို မမိမိအောင် လိုက်ဖမ်းတာပဲ။

မိုးအောင်ဟာ သွေးသိပ်ဆာတယ်၊ သူတို့ အိမ်ဝင်းထဲမှာ ခွေးတွေ ကိုက်ထားလို့ မသေမရှင်ဖြစ်နေတဲ့ ဘဲ၊ ကြက်ပဲဖြစ်ဖြစ်၊ သူတို့ သားရေခွနဲ့ ပစ်ထားလို့ မသေမရှင်ဖြစ်နေတဲ့ ငှက်တွေပဲဖြစ်ဖြစ် သူကိုယ်တိုင် လည်လှီး ပြီး သူ ကျေနပ်တယ်။

## အဲဒီဆိုတာ ချိုနဲ့လား

အဲဒီအခါတုန်းက ဝါးခယ်မမှာ ဦးဘိုးထူးဆိုတဲ့ လူကြီးတစ်ယောက် ရှိတယ်။ ဒီလူကြီးဟာ ငှက်တွေပစ်တာ မကြိုက်ဘူး။ အဲဒါကြောင့် ဒီ ဦးဘိုးထူးဟာ မြို့ထဲကို တုတ်ကြီးတစ်ချောင်းနဲ့ လျှောက်နေတာပဲ။ ငှက်ပစ်နေတဲ့သူတွေကိုတွေ့ရင် သားရေခွနဲ့ လောက်စာလုံးတွေကို သိမ်း၊ သူ့တုတ်ကြီးနဲ့ တင်ပါးကို တစ်ချက် နှစ်ချက်ရိုက်၊ ငှက်သတ်တာ ငရဲကြီးတဲ့ အကြောင်းကို ဆုံးမပြီး လွှတ်လိုက်တယ်။ အဲဒီနည်းနဲ့ သူဖမ်းထားတဲ့ သားရေခွတွေကို သူ့အိမ်မှာဆွဲထားတာ တစ်ရာကျော်လောက်ရှိလိမ့်မယ်၊ အဲဒါကြောင့် ငှက်ပစ်တဲ့သူတွေဟာ သူလာတာမြင်ရင် အဝေးကြီးထွက်ပြေး ကြတာပဲ။

တစ်နေ့ကျတော့ ဒီ ဦးဘိုးထူးနဲ့ မိုးအောင်၊ ကုလားတို့နဲ့ ရင်ဆိုင် မိကြတယ်။ ဦးဘိုးထူးကလည်း သူလုပ်နေကျအတိုင်း သားရေခွတွေကို သူ့ကိုပေးဖို့ တောင်းတယ်။ မိုးအောင်နဲ့ ကုလားက သားရေခွတွေကို မပေးဘူး။ သူ့အိတ်ထဲက မောင်းချမားကိုထုတ်ပြီး မိုးအောင်က 'ဒီငှက်တွေ၊ ဘဲတွေ၊ ကြက်တွေရဲ့သွေးသာ စွန်းသေးတယ်၊ လူသွေးမစွန်းရ သေးဘူး၊ ခင်ဗျားသွေး ဒီဓားမှာစွန်းသွားချင်သလား' လို့ မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကုလားကလည်း သူ့စားကိုထုတ်ပြီး ဘေးမှာ ရပ်နေတယ်။ ဓား တွေကိုလည်း မြင်ရ၊ နှစ်ယောက်စလုံးရဲ့ မျက်နှာထားတွေကလည်း တကယ်လုပ်မယ့် မျက်နှာထားတွေဆိုတာ တွေ့ရတော့ သားရေခွံသမား တွေနဲ့ တိုက်ရတဲ့ ပွဲတိုင်းမှာ အနိုင်ရနေကျ ဦးဘိုးထူးဟာ ဒီပွဲမှာတော့ တစ်ကိုယ်လုံး ဖိန်းခနဲ ရှိမ်းခနဲ ဖြစ်သွားတယ်။ အဲဒါကြောင့် အရက်မြေ သဘောမျိုးနဲ့ ငှက်တွေပစ်တာ မင်းတို့ ငရဲကြီးလိမ့်မယ်လို့ ဦးဘိုးထူးက ပြောတော့ မိုးအောင်က **ငရဲဆိုတာ ချိုနဲ့လားဗျို့** လို့ လှောင်လိုက်တယ်။

ဦးဘိုးထူးက ဘာမှမပြောတော့ဘဲ သူ့တုတ်ကြီးကို ဒေါက်ဒေါက်နဲ့ ထောက်ပြီး ထွက်သွားတယ်။

တစ်နေ့ကျတော့ ဝါးခယ်မဘုရားကြီးဝက ဦးသာရင်ဆိုတဲ့ လူကြီး တစ်ယောက်ဟာ ဘုရားဖူးလာတဲ့လူတွေ ငှက်ပစ်တာကို မြင်ရတာ စိတ် မချမ်းသာဘူး။ အဲဒါကြောင့် 'ဦးဘိုးထူးရယ်၊ ဒီ မိုးအောင်နဲ့ ကုလားဆိုတဲ့ သူငယ်ကလေးနှစ်ယောက်ကို ဆုံးမပေးစမ်းပါ' လို့ ဦးဘိုးထူးကို သွားတိုင် တယ်။

ဦးဘိုးထူးက ပါးစပ်ကိုမဲ့ ခေါင်းခါပြပြီး 'ဒီကောင်ကလေးနှစ်ယောက် ဟာ စက်တိုင်တက်ပါ့မယ်လို့ အဓိဋ္ဌာန်ပြုထားကြတာ၊ ဒီတော့ ဒီကောင် ကလေးတွေကို ကျုပ်တော် မနိုင်ဘူး၊ ခင်ဗျားတို့ဟာ ခင်ဗျားတို့ကြည့်လုပ်ကြ' လို့ ပြန်ပြောလိုက်တယ်။

ဒီလိုပြောရုံမကသေးဘူး။ တခြား သားရေခွံသမားတွေဟာ ဦးဘိုးထူး ကို နှပ်လှမ်းလှမ်းကမြင်ရင် တခြား ရှောင်ထွက်သွားတယ်။ ဦးဘိုးထူး ကတော့ မိုးအောင်တို့ကိုမြင်ရင် တခြားလမ်းက ရှောင်ထွက်သွားတယ်။

တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့ ည ခြောက်နာရီနဲ့ ခုနစ်နာရီ ကြားဆိုရင် ညောင်တုံးသင်္ဘောဟာ ဝါးခယ်မမှာ ဆိုက်တယ်။ အဲဒီသင်္ဘော မှာ ဝါးခယ်မကုန်သည်တွေဆီကိုပို့လိုက်တဲ့ အညာကုန်တွေ ပါလာတယ်။



...ကုန်တွေထဲမှာ မိုးအောင်နဲ့ ကုလားဟာ ဆီးသီးကို အားကြီးကြိုက် ...ယ်။ အဲဒါကြောင့် အဲဒီအချိန်တွေမှာဆိုရင် သူတို့နှစ်ယောက်ကို တခြား ...နေရာမှာ မတွေ့ရဘူး။ ဆီးသီးခိုးရအောင် ဆိပ်ခံတွဲကြီးထဲမှာ ...ယောင်မလည် လုပ်နေတာကိုပဲ တွေ့ရတယ်။

တစ်ခါတစ်ခါကျတော့ ညဘက်မှာ မိုးအောင်နဲ့ ကုလားဟာ ငါးမျှား ... တစ်ယောက်တစ်ချောင်းစီနဲ့ ကျောက်မီးသွေးရုံတံတားမှာ ငါးမျှားတတ် ...ယ်။ သူတို့ရဲ့ ငါးမျှားနည်းက သူများနည်းနဲ့ မတူဘူး။ သူများမျှားတာက ...မျှားကြိုးကို လက်မှာကိုင်ထားတယ်။ သူတို့ကတော့ ငါးမျှားကြိုးကို ...တားရဲ့တန်းမှာ ချည်ထားလိုက်တယ်။ အဲဒီလိုချည်ပြီးတော့မှ သူတို့ရဲ့ ...ညည်ကိုလှန်၊ တံတားတန်းကို လက်နဲ့ကိုင်၊ ကိုယ့်ငါးမျှားကြိုးရဲ့ဘေးနားမှာ ...င်ချလိုက်ပြီး စီးကရက်သောက်ရင်း တောင်စဉ်ရေမရ စကားတွေကို ...ောက်ပြောရင်း ရေထဲကို ဈေးပါချကြတယ်။ တစ်ခါတစ်ခါ ငါးမိလာပြီ ...းလို့ လက်တစ်ဘက်က ကိုယ့်ငါးမျှား ကြိုးကို ကိုင်ကိုင်ကြည့်တယ်။ ...ီလို လုပ်နေရတာဟာ သူတို့နှစ်ယောက် အဖို့ အရက်သောက်ရတာ ...ောက်နီးနီး၊ ဖဲရိုက်ရတာလောက်နီးနီး အရသာ ရှိတယ်။

## ...ောင်းတော်က ရန်စ

တစ်ညမှာ အဲဒီလို ဇိမ်ခံနေကြရင်း ကုလားက 'မိုးအောင်၊ ...နိုးကို မင်း မေ့သွားပလား' လို့ မေးလိုက်တယ်။

'--ကြီးမေ့မယ်' လို့ မိုးအောင်က ဖြေတယ်။

'ဒါဖြင့် ---မို့လို့ ဒီ မအေ ကို မအုပ်သေးတာလဲ' လို့ ကုလားက ...ေးတယ်။

'ခင်စိုးရော၊ ငသန်းရော၊ အောင်လင်းရော ဒီ မအေ–သုံးယောက် ...ကို ငါ အကုန်တီးချင်တယ်၊ တစ်ကောင်တီးပြီး ကျန်တဲ့အကောင်

www.burmeseclassic.com

www.burmeseclassic.com



လွတ်သွားမှာ ငါစိုးတယ်၊ ဒါကြောင့် ငါ စဉ်းစားနေတယ်’ လို့ မိုးအောင်
ပြောတယ်။

‘သေနံးဟာ သိပ်အရေးမကြီးပါဘူး၊ လွတ်ချင် လွတ်ပါစေ၊ မင်း
ငါ မဲချပြီး ခင်စိုးကျတဲ့အကောင်က ခင်စိုးကို တီး၊ အောင်လင်းကျ
အကောင်က အောင်လင်းကို တီးရရင် မကောင်းဘူးလား’ လို့ ကုလား
အကြံပေးတယ်။

မိုးအောင်လည်း ဘာမှ ပြန်မပြောဘူး၊ စဉ်းစားနေတယ်။ ဒီအတွင်
မိုးအောင်ရဲ့ငါးမျှားကြိုးမှာ ငါးမိနေတာနဲ့ ချေးယိုတာ ရပ်ကြပြီး ငါး
ဆွဲတင်နေကြတယ်။ မိတဲ့ငါးဟာ ငါးဖရုံကြီး ဖြစ်နေတယ်။ သွေးဆာနေ
မိုးအောင်လည်း အိတ်ထဲကဓားထုတ်ပြီး ငါးဖရုံကြီးရဲ့လည်ပင်းကို အား
ပါးရ လှီးလိုက်တယ်။

ညအိပ်ရာဝင်တဲ့အခါ ခင်စိုး၊ မောင်သနံးနဲ့ ဆရာကြီးဦးအောင်လင်
တို့ရဲ့ ပြဿနာကို မိုးအောင်နဲ့ ကုလားတို့ ဆက်ပြီး စဉ်းစားကြတယ်
မဲချပြီး တစ်ယောက်စီ ခွဲရိုက်ရင် အားရပါးရ ရိုက်ရမှာ မဟုတ်ဘူ
တစ်ချက်လောက် ရိုက်ပြီး ခင်စိုးနဲ့ ဦးအောင်လင်းဟာ ထွက်ပြေးချင်လည်
ပြေးမယ်၊ တခြားလူတွေလာပြီး ဖျင်ချင်လည်း ဖျင်မယ်။ မိုးအောင်က
ဒါမျိုးကို အားရပါးရ လုပ်ချင်တယ်။ ဒါကြောင့်မို့ ကုလား အကြံကို
လက်မခံဘူး။

နောက်တစ်နေ့ ညခုနစ်နာရီလောက်မှာ ခင်စိုးဟာ ဂနီရဲ့ဆိုင်
သံပုရာဖျော်ရည် သောက်နေတာကို မိုးအောင်နဲ့ ကုလားတို့ တွေ့ရတယ်
အဲဒီအခါ အစီအစဉ်အတိုင်း မိုးအောင်က ခင်စိုးအနားသွားပြီး ‘ခင်စိုး’
ခေါ်လိုက်တယ်။

ခင်စိုးက မော့အကြည့်မှာ လက်အင်မတန်မြန်တဲ့ မိုးအောင်
ခင်စိုးရဲ့ပါးကို ဗယ်ပြန်ညာပြန် တအားချလိုက်တယ်။ ကုလားက ခင်



ကျောကို တအား ပြေးကန်လိုက်တယ်။ ခင်စိုးလည်း မျက်နှာကို နှစ်ချက်
ရိုက်ခံရပြီး နောက်ကျောကို တအား ဆောင့်ကန်ခံရတဲ့ဒဏ်ကြောင့်
ခနဲ ဖြစ်သွားတာနဲ့ ခွေးခြေပေါ်ထိုင်နေရာက ရှေ့မှာရှိတဲ့ စားပွဲခုံဝိုင်း
လေးအပေါ် ထိုးကျသွားတယ်။ စားပွဲခုံဝိုင်းကလေးလည်း ခင်စိုးရဲ့အရှိန်ကို
နိုင်တာနဲ့ ရှေ့ကိုလဲသွားတယ်။ ခင်စိုးလည်း အဲဒီ စားပွဲခုံပေါ်မှာ
ာက်လျက်သား ဖြစ်နေတယ်။ ခင်စိုး မထနိုင်ခင် ခင်စိုးရဲ့ ကုပ်ကို
အောင်ဟာ သူစီးထားတဲ့ တရုတ်ထိုးဖိနပ်နဲ့ တအားဆောင့်ကန်လိုက်တာ
ခင်စိုးဟာ မျက်ခွက်နဲ့ နှုတ်ခမ်းနဲ့ ရိုက်မိပြီး သတိမေ့သွားတယ်။ အဲဒီအထဲ
ကုလားက ခင်စိုးရဲ့ကျောကို တစ်ချက်ဆောင့်ကန်လိုက်ပြန်တော့ ခင်စိုးဟာ
ရုပ်နိုင်တော့ဘူး။ စားပွဲခုံကလေးပေါ်မှာ ကားရားကြီးဖြစ်နေတော့တယ်။

လူတွေလည်း ရုတ်ရုတ်ရက်ရက်ဖြစ်ပြီး ဝိုင်းလာကြတယ်။ မိုးအောင်
ကုလားဟာ သူတို့ရဲ့ဓားတွေကိုထုတ်၊ မဆိုင်သူ သူတို့အနားမကပ်ကြ
လို့ ပြောပြီး လူအုပ်ထဲက ထွက်သွားတယ်။

ဝိုင်းလာကြတဲ့လူတွေထဲက ခင်စိုးကို ထူပေးတဲ့အထိ ခင်စိုးဟာ
တိ မရသေးဘူး။ သူ့မျက်နှာနဲ့ စားပွဲခုံနဲ့ ရိုက်မိတဲ့အတွက် မျက်ခုံးမှာ
ခေါက်ပေါက်သွားပြီး သွေးတွေထွက်နေတယ်။ ပါးစပ်ကလည်း သွေးတွေ
ထွက်နေတယ်။ အတော်ကလေးကြာတော့မှ သတိရပြီး မိုးအောင်နဲ့ကုလား
ဂါတ်သွားတိုင်တယ်။

ကြိမ်လုံးခေါင်းကြီးလို့ခေါ်တဲ့ မြို့မရာဇဝတ်အုပ်နဲ့ ပုလိပ်နှစ်ယောက်
ကြာခင် မိုးအောင်တို့အိမ်ကို ရောက်လာပြီး ‘မိုးအောင်နဲ့ ကုလား ဘယ်မှာ
’ လို့ မေးတယ်။

ဒီကောင်တွေ ည ၁၁ နာရီအထိ ပြန်မလာတော့မှ ပုလိပ်နှစ်ယောက်
အိမ်နားမှာ မယောင်မလည်စောင့်ခိုင်းထားပြီး မြို့မရာဇဝတ်အုပ်ဟာ
ကို ပြန်သွားတယ်။ မိုးအောင်နဲ့ ကုလားလည်း အိမ်မပြန်လာတော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ပုန်းနေကြတာနဲ့ မြို့မ ရာဇဝတ်အုပ်နဲ့ ပုလိပ်တွေလည်း သူတို့ကို မြို့ထဲမှာ လိုက်ရှာလိုက်တာ သုံးရက်လောက် ရှာလို့မတွေ့ဘူး။ နောက်တော့ ပုညကောသလ္လအသင်းရဲ့ နောက်ဘက် အခန်းတစ်ခုထဲမှာ ပုန်းနေကြတယ် ဆိုတာ သတင်းရတာနဲ့ မြို့မရာဇဝတ်အုပ်နဲ့ ပုလိပ်နှစ်ယောက် လိုက်သွား ကြတယ်။ သူတို့ပုန်းနေတဲ့ အခန်းတံခါးကို ဖွင့်လိုက်တဲ့အခါ သူတို့ ဓားတွေ ထုတ်ပြီး ခုခံမယ်လုပ်သေးတယ်။

မြို့မရာဇဝတ်အုပ်က ခြောက်လုံးပြူးနဲ့ ချိန်ပြီး 'ခွေးမသားကလေး တွေ သေနတ်ဖျားမှာ အသက်ပါသွားမယ်နော်၊ ဘာမှတ်လို့လဲ၊ ဓားတွေ ချထားပြီး လာခဲ့ကြ' လို့ ဟောက်လိုက်တော့မှ သူတို့ရဲ့ဓားတွေကိုချထားပြီး ရှုသိုးသိုးနဲ့ ထွက်လာကြတယ်။

ပုလိပ်တစ်ယောက်က မိုးအောင်ရဲ့ ဘယ်ဘက်လက်နဲ့ ကုလားရဲ့ ညာဘက်လက်ကိုတွဲပြီး လက်ထိပ်ခတ်လိုက်တယ်။ နောက်ပုလိပ်တစ် ယောက်က မိုးအောင်နဲ့ ကုလား ချပစ်ခဲ့တဲ့ ဓားတွေကို သိမ်းတယ်။ ပြီးတော့ အခန်းထဲမှာ ရှာတဲ့အခါ ထက်ဝက်သောက်ပြီးနေတဲ့ ချက်အရက် တစ်ပုလင်းနဲ့ စီးကရက် နှစ်ဗူး၊ ကွမ်းယာတစ်ထုပ်နဲ့ ဖဲထုပ်တစ်ထုပ်ကို တွေ့ရတာနဲ့ ဒါတွေကို ပုလိပ်တွေ သိမ်းလာတယ်။

ညနေကျတော့ ကိုကြီးသုခဟာ တစ်ယောက်ကို ငါးရာတန်အာမခံ တစ်ခုစီပေးပြီး မိုးအောင်နဲ့ ကုလားကို ဂါတ်တဲက ထုတ်လာခဲ့တယ်။ မလှရင်ကတော့ သူ့သားကို ဘာမှမေးလို့ မရမယ့်အတူတူ မမေးတော့ဘူး ဆိုပြီး မျက်နှာလွှဲနေလိုက်တယ်။

မိုးအောင်နဲ့ကုလားလည်း အိမ်ပြန်ရောက်တဲ့အခါ ရေမိုးချိုး၊ အဝတ် အစားလဲ၊ ညစာ စားသောက်ပြီး အပြင်ဘက်ထွက်သွားတယ်။ 'ခင်နီ ခေါ်လိုက်ရမလား' လို့ မိုးအောင်ကို ခဏခဏနှောက်တဲ့ မောင်သန်း သွားတတ် လာတတ်တဲ့နေရာတွေမှာ သူတို့ လိုက်ရှာကြတယ်။ မောင်သန်း



ဘိလိယက်ထိုးဆိုင်ထဲမှာ ထိုင်ပြီး ဘိလိယက်ထိုးတာကို ကြည့်နေတယ်။ ဒါကြောင့် မိုးအောင်နဲ့ ကုလားဟာ ဘိလိယက်ဆိုင်နားက မှောင်ရိပ် ခုမှာ မောင်သန်းထွက်အလာကို စောင့်နေကြတယ်။ ညကိုးနာရီခွဲ လောက်ရှိတော့ မောင်သန်း ထွက်လာတယ်။ မိုးအောင်နဲ့ ကုလားလည်း မောင်သန်းနောက်က အသာကလေးလိုက်သွားပြီး ဈေးရဲ့ အင်္ဂါထောင့်ကို ရောက်တဲ့အခါ မိုးအောင်ဟာ မောင်သန်းရဲ့ရှေ့ကို ခပ်မြန်မြန် တက်သွားပြီး က တားလိုက်တယ်။ မောင်သန်းဟာ မိုးအောင်ကို မြင်တဲ့အခါ ကြောက်လွန်းလို့ ကြက်သေသေပြီး ကြည့်နေတယ်။

အဲဒီတော့ မိုးအောင်က 'ကိုသန်း၊ ခင်ဗျား ခင်စိုးကို ခေါ်ဦးမလား' လို့ မေးတယ်။

မောင်သန်းလည်း မိုးအောင်ကို လက်အုပ်ချီပြီး 'ညီလေးရယ်၊ ဟိုတုန်း က မင်းကိုချစ်လို့ ကစားတာပါကွာ၊ ရှိခိုးပါတယ်ကွာ၊ မင်းနဲ့ ကုလားကို ပါ ရှိခိုးပါတယ်ကွာ' လို့ အသားတွေရော၊ အသံတွေရော တဆတ်ဆတ် တုန်ပြီး ပြောတယ်။

အဲဒီတော့မှ မိုးအောင်က မောင်သန်းကို 'သွား သွား' လို့ ပြောပြီး လမ်းဖယ်ပေးလိုက်တယ်။ မောင်သန်းလည်း ကြောက်ကြောက်နဲ့ နောက်ကို ခဏခဏလှည့်ကြည့်ပြီး သုတ်ခြေတင်သွားတယ်။

မောင်သန်း ထွက်သွားတဲ့အခါ ကုလားက 'မိုးအောင်၊ ဒီကောင်ကို — မို့ မရိုက်တာလား' လို့ မေးတယ်။

'မင်းမေ--လား၊ ဒီကောင်က ဘာအရေးကြီးလို့လဲ' လို့ မိုးအောင်က ပြန်ပြောတယ်။

ဒီအချိန်မှာ ဆရာကြီးဦးအောင်လင်းဟာ ပင်စင်ယူပြီး ဆေးရုံနားမှာ အိမ်တစ်လုံးဆောက်နေတယ်။ မနက်တိုင်း ခုနစ်နာရီလောက် ဘုရားကြီးကို သွားပြီး ဘုရားဖူးလေ့ရှိတယ်ဆိုတာ မိုးအောင်နဲ့ ကုလားတို့ သိထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် နောက်တစ်နေ့မနက်မှာ မိုးအောင်နဲ့ ကုလားတို့ဟာ ဆရာကြီး ဘုရားအလာကို အုန်းလမ်း ရေကျော်တံတားကြီးအနားက စောင့်နေတယ်။ ဆရာကြီးဦးအောင်လင်း အနားကိုရောက်တာနဲ့ တစ်ပြိုင်နက် ဆရာကြီးရဲ့ လက်ထဲက ကြိမ်တုတ်ကောက်ကို မိုးအောင်က ဆတ်ခနဲ ဆွဲလုလိုက်ပြီး ချောင်းထဲပစ်ချလိုက်တယ်။ ဒါနဲ့ တစ်ချိန်တည်း ကုလားက သူ့လက်ထဲက ထားဝယ်ကြိမ်လုံးနဲ့ ဆရာကြီးရဲ့ လည်ပင်းကို တအားရိုက်တယ်။ ဆရာကြီးရဲ့ တုတ်ကောက်ကို လွှတ်ပစ်ပြီးတာနဲ့ မိုးအောင်ကလည်း သူ့လက်ထဲကကြိမ်လုံးနဲ့ ဆရာကြီးရဲ့လည်ပင်းကိုပဲ တအားရိုက်ပြန်တယ်။ ပြီးတော့မှ မိုးအောင်နဲ့ ကုလားတို့ဟာ ဆရာကြီးရဲ့ ခြေထောက်ကအစ ခေါင်းအထိ တစ်ကိုယ်လုံး ထိတဲ့နေရာကို သူတို့ လက်ထဲက ကြိမ်လုံးနဲ့ သိမ်းကျုံးရိုက်ကြတာပဲ။ မိုးအောင်ကတော့ ငြီးငြီးနဲ့ လည်ပင်းကို အရိုက်များတယ်။ နှစ်မိနစ်လောက်အကြာမှာ အနီးအနားက လူတွေလာပြီး ဆရာကြီးကို ကယ်လိုက်ရတယ်။ ဆရာကြီးဦးအောင်လင်းရဲ့ ခြေထောက်နဲ့ ကိုယ်တွေမှာတော့ အရှိုးတွေဟာ ဘယ်လိုနေမယ် မသိဘူး ပါ။နဲ့ လည်ပင်းမှာ ထနေတဲ့ အရှိုးကြီးတွေကိုတော့ ဝိုင်းလာတဲ့ လူတိုင်း ကောင်းကောင်း မြင်နိုင်တယ်။ ကြိမ်လုံးနဲ့ ရိုက်နေတုန်း အောက်ကို ကျွတ်ကျသွားတဲ့ သူ့ခေါင်းပေါင်းကို မိန်းမတစ်ယောက်ဆီက လှမ်းယူပြီး ဆရာကြီးဦးအောင်လင်းဟာ ဘုရားကို ဆက်မသွားတော့ဘဲ အိမ်ပြန်သွားတယ်။

သူ့ အိမ်သူအိမ်သားများက အင်မတန် ဒေါသထွက်ပြီး ဂါတ်တိုင်ချင် သေးတယ်။ ဒါပေမယ့် ဆရာကြီးက သဘောမတူဘူး။ ဆရာကြီးကိုရိုက်တဲ့ သတင်းဟာ တစ်မြို့လုံး ရုတ်တရက် ပျံ့နှံ့သွားတာပဲ။ ရာဇဝတ်ဝန်ထောက် လည်း ဒီသတင်းကြားတဲ့အခါ အင်မတန် စိတ်ဆိုးတာနဲ့ အာမခံကိုဖျက်ပြီး မိုးအောင်နဲ့ ကုလားတို့ကို ဖမ်းထားဖို့ အမိန့်ချလိုက်တယ်။



...က်တို့ သွားရာလမ်း

မိုးအောင်နဲ့ ကုလားတို့ရဲ့အမှုကို ၁ ရာဘက် တရားသူကြီးရုံးမှာ ...တယ်။ သူတို့ရဲ့အသက်ဟာ ၁၅ နှစ်နဲ့ ၁၄ နှစ်သာ ရှိသေးတယ်။ ...ကြောင့် သူတို့ရဲ့ အကျင့်စာရိတ္တပြုပြင်ဖို့ သရက် 'ဘော်စတယ်'ထောင် ... လေးနှစ်သွားနေရမယ်လို့ တရားသူကြီးက အမိန့်ချလိုက်တယ်။ ...ရင်ချက်ချသံကို ကြားရတဲ့အခါ မလှရင်ရဲ့ မျက်လုံးတွေထဲက ...က်ရည် တွေ ကျလာတယ်။

မလှရင်တို့လူစုအပြင် ရုံးမှာ စီရင်ချက်ကို လာနားထောင်နေတဲ့ ...တွေထဲမှာ ထူးထူးဆန်းဆန်း သားရေခွသိမ်းတဲ့ ဆရာကြီးဦးဘိုးထူးလည်း ...တယ်။ စီရင်ချက်ချပြီးတဲ့အခါ ဦးဘိုးထူးဟာ အဖော်သုံးလေးဦးနဲ့ ...ထဲကို လျှောက်လာတဲ့အခါ ပထမအဖော်က 'ဒီ မိုးအောင်ဟာ အမေ ...လဲ ဖေနဲ့ ကလော်တုတ်ချင် တုတ်လိုက်တာပဲတဲ့၊ အမေကလဲ သူ့ကို ... မပြောရဲဘူး'တဲ့လို့ စ ပြောလိုက်တယ်။

ဒုတိယအဖော်က 'မိဘနဲ့ ဆရာသမားကို စော်ကားတဲ့ အကောင်မျိုး ...ဟာ ထောင်ကျရုံနဲ့ မပြီးသေးပါဘူး၊ ကျုပ်ပြောတာ မယုံရင် ခင်ဗျား ... စောင့်ကြည့်နေပါ' လို့ ပထမအဖော်ရဲ့ စကားကို ဆက်လိုက်တယ်။

'ကိုယ့်ဆရာကြီးကိုတောင် ပြန်ရိုက်တယ်ဆိုတော့ ဒီကောင်ကလေး ...က် ကမ်းကုန်နေပါပြီဗျာ၊ ဒီကောင်ကလေးကို မိုးအောင်လို့နာမည် ...ထားတာ မှားနေတယ်၊ အမှန်စင်စစ်တော့ မှောင်နေအောင် မိုက်တဲ့ ...က် မိုးမှောင်လို့ မှည့်ရမှာဗျ' လို့ တတိယအဖော်က ဒုတိယအဖော်ကို ...က်ခဲပြီး

'တော်တော်ဆိုးတဲ့အကောင်တွေကိုလဲ ကျွန်တော် တွေ့ဖူးပါတယ်၊ ...ယ့် တစ်မြို့လုံးက ဝိုင်းပြီး အော့နှလုံးနာနေတဲ့ ဒီလိုသူငယ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ကျွန်တော့်တစ်သက်မှာ တစ်ခါမှ မတွေ့ဖူးပါဘူး' လို့ မိုးအောင် အပေါ်မှာရှိတဲ့ သူ့ရဲ့ စက်ဆုပ်ပုံကို မှဲ့ရှုံ့ပြီး ဖော်ပြလိုက်တယ်။

အဲဒီတော့မှ သားရေခွဆရာကြီး ဦးဘိုးထူးက 'ဒီကောင့်မျက်နှာ ခင်ဗျားတို့ သေသေချာချာ ကြည့်ဖူးကြရဲ့လား၊ ဘုရားလက်ထက်တော် တုန်းက လက်ဝဲရံ အဂ္ဂသာဝကကြီး အရှင်မဟာမောဂ္ဂလာန်ကို ဝိုင်းရိုက် ကြတဲ့ ခိုးသားငါးရာကို ခေါင်းဆောင်တဲ့ ခိုးသူကြီးဟာ ဒီကောင်ကလေး ဖြစ်မှာပဲ၊ အဝီစိက ဘယ်လိုများလုပ်ပြီး လွတ်ထွက်လာသလဲမသိဘူး' လို့ သူ့တာဝန်ရှိသလောက် သူကလည်း ဝင်ပြီး ရှုတ်ချလိုက်တယ်။

◆

## အခန်း ၆
## ထောင်ထွက် မိုးအောင်အကြံ

အောင်နဲ့ ကုလား ထောင်ကျတဲ့နှစ်မှာ စိုးမောင်ဟာ ၁၂ နှစ်ရှိပြီး ာက်တန်းကို ရောက်နေတယ်။ စိုးမောင် ခုနစ်တန်း အောင်တဲ့အခါ ကုန် ဟိုက်စကူးကျောင်းမှာ စာဆက်သင်တယ်။ စိုးမောင် ဆယ်တန်း ာက်တဲ့နှစ်မှာ မိုးအောင်နဲ့ ကုလားတို့ဟာ သရက် ဆော်စတယ်ထောင်က ာ်လာကြတယ်။ သူတို့ ဝါးခယ်မကို ပြန်ရောက်တာနဲ့ 'တစ်ခုခုတော့ းလုပ်ဦးမှာပဲ' လို့ ဆိုပြီး မြို့သူမြို့သားတွေ နားစွင့်နေကြတယ်။ အဲဒီအချိန် မိုးအောင်က အသက် ၂၀ ထဲ ရောက်နေပြီ။ ကုလားက ၁၉ နှစ်ထဲ ာက်နေပြီ။

မိုးအောင်နဲ့ ကုလား ထောင်ကျနေတဲ့အတောအတွင်း စိတ်ဆင်းရဲခြင်း နေကြတဲ့ မလှရင်နဲ့ မအုံးတင်တို့ဟာ မိုးအောင်နဲ့ ကုလား ပြန်ရောက် ကြတဲ့ အချိန်ကစပြီး စိတ်တွေ ဆင်းရဲလာကြပြန်တယ်။ မိုးအောင်လည်း ်ပြီး လေးငါးရက်လောက် အိမ်အပြင်ကိုမထွက်ဘူး။ အိမ်မှာ ဘယ်သူနဲ့ ည်း စကားမပြောဘူး၊ သူ့ဟာသူကုပ်ပြီး အကြံထုတ်နေတယ်။

တစ်နေ့ကျတော့ သူရင်းနှီးစားရအောင် ငွေတစ်သောင်းလောက် းပေးဖို့ သူ့အမေကို ပူဆာတယ်။ အဲဒီတော့ သူ့အမေ မလှရင်က

www.burmeseclassic.com

www.burmeseclassic.com



'မင်းကို ငွေတစ်သောင်း ထုတ်ပေးလိုက်ရင် ခုနစ်ရက်တောင်ခံမှာ မဟုတ်ဘူး၊ မင်း ဖဲရိုက်ပစ်တာနဲ့ ကုန်မှာပဲ၊ ဆိုင်ရောင်းလို့ရတဲ့ ငွေရှစ်သောင်းဟာ မင်းနဲ့ မိုးအောင်တို့ဖို့ပဲ၊ ဘယ်သူ့ဖို့မှ မဟုတ်ဘူး၊ မင်း တစ်နှစ်လောက် ကောင်းကောင်းနေပြရင် ရင်းနှီးစားဖို့ ငွေထုတ်ပေးမယ်၊ အခုအတိုင်းဆိုရင်တော့ တစ်ပြားမှ မပေးဘူး' လို့ ခပ်ပြတ်ပြတ်ပြောလိုက်တယ်။

မိုးအောင် ဘယ်လိုမှ တောင်းလို့မရဘူး။ ဒါပေမယ့် မိုးအောင်နဲ့ ကုလားသုံးဖို့ လစဉ် ၃၀ စီ ထုတ်ပေးမယ်လို့ ပြောပြီး ပထမလအတွက် တစ်ယောက် ၃၀ စီ ပေးလိုက်တယ်။ နောက်ပြီးတော့ ကြိုက်တဲ့အဝတ်အစား ကိုယ့်ဟာကိုယ်ဝယ်ဖို့ တစ်ယောက်ကို ၇၀ စီ ထုတ်ပေးလိုက်တယ်။ ဒီငွေနဲ့ အဝတ်အစားမဝယ်ဘဲ သုံးပစ်ရင် နောက်ထပ် တောင်းမယ်မကြံနဲ့ နောက် ခြောက်လအတွင်း အဝတ်အစားဝယ်ဖို့ တစ်ပြားမှ ထုတ်မပေးဘူး မင်းတို့မှာ ရှိတာပဲ ဝတ်နေရမှာပဲလို့ မလှရင်က သတိပေးလိုက်တယ်။

အမှန်စင်စစ်ဆိုရင်တော့ မိုးအောင်ဟာ ငွေတစ်သောင်းကို သူ့အမေဆီမှာ တောင်းပေမယ့် ချက်ချင်းလက်ငင်း ငွေတစ်သောင်းမလိုသေးပါဘူး ငွေထောင့်ငါးရာလောက်ရရင် သူ ကျေနပ်နိုင်တယ်၊ ဒီ ငွေထောင့်ငါးရာဟာ ရင်းနှီးစားဖို့တော့ မဟုတ်ပါဘူး။

မိုးအောင်နဲ့ ကုလား သရက်ထောင်ထဲကို ရောက်လာတဲ့အချိန်မှာ သူတို့လိုပဲ ထောင် လေးနှစ်ကျပြီး လွတ်ဖို့ သုံးလလောက်သာလိုတော့တဲ့ ရန်ကုန်က ဂျော်နီဆိုတဲ့သူငယ်တစ်ယောက်နဲ့ အသိဖြစ်ကြတယ်။ အဲဒီသုံးလ အတွင်းမှာပဲ မိုးအောင်နဲ့ ဂျော်နီတို့ဟာ အတော်ရင်းနှီးသွားကြတယ်။ ဂျော်နီမှာ ခြောက်လုံးပြူးတစ်လက်နဲ့ကျည်ဆံနှစ်ဆယ်ရှိတယ်။ ရန်ကုန်မှာဝှက်ထား ပစ်ခဲ့တယ်။ မိုးအောင် လိုချင်ရင် ခြောက်ရာနဲ့ ရောင်းမယ်၊ မိုးအောင် ကံကောင်းရင် နောက်ထပ် ခြောက်လုံးပြူးတစ်လက်ကိုတောင် ခြောက်ရာ ခုနစ်ရာလောက်နဲ့ ရနိုင်တယ်လို့ ဂျော်နီက မိုးအောင်ကို ပြောတယ်။



မိုးအောင် လွတ်လာတဲ့အခါ ဂျော်နီနဲ့ ရန်ကုန်မှာတွေ့ခဲ့ရသေးတယ်။ သူပြောတဲ့ ခြောက်လုံးပြူးတော့ မရှိဘူး။ ဒါပေမယ့် ခြောက်ရာလောက် ပေးနိုင်ရင် အသင့်အတင့် ခြောက်လုံးပြူးတစ်လက်ရအောင် သူ ဝယ်ပေးမယ်လို့ ဂျော်နီက ပြောလိုက်တယ်။ အဲဒီ ခြောက်လုံးပြူးကို မိုးအောင် ဝယ်လိုချင်တယ်။ ဒါပေမယ့် သူ့အမေ မလှရင်ဆီက ငွေတောင်းလို့မရတဲ့ အခါ ဒီငွေကို ဘယ်လိုရအောင် ရှာရပါ့မလဲလို့ မိုးအောင်ဟာ ဘယ်ကိုမှ မထွက်ဘဲ အမျိုးမျိုး အကြံထုတ်နေတယ်။

တစ်နေ့မနက်ကျတော့ မလှရင်တို့ ကုန်စုံဆိုင်ဖွင့်တုန်းက ရောင်းတဲ့ ဘက်က အလုပ်လုပ်သွားဖူးတဲ့ မနှင်းညွန့်ဆိုတဲ့ သူငယ်မကလေး မင်္ဂလာဆောင်တယ်။ အဲဒီမင်္ဂလာဆောင်ကို မလှရင် မသွားနိုင်ဘူး။ မင်္ဂလာ လက်ဆောင်တစ်ခုယူပြီး သူ့ကိုယ်စားသွားဖို့ မအုံးတင်ကို လွှတ်တယ်။ အဲဒီ မင်္ဂလာဆောင်အတွက် မအုံးတင်ဟာ ဖီးလိမ်း ဝတ်စားပြီး ထွက်သွားတာကို မိုးအောင် မြင်လိုက်တယ်။

အဲဒီလို မြင်လိုက်ပြီးတဲ့နောက် မိုးအောင်မှာ အကြံတစ်ခုပေါ်လာတယ်။ ဒီအကြံကတော့ တခြားမဟုတ်ဘူး၊ မအုံးတင် မင်္ဂလာဆောင်က ပြန်လာရင် မအုံးတင်ရဲ့ လက်ဝတ်လက်စားတွေကို အတင်းလုဖို့အကြံပဲ ဖြစ်တယ်။ မိုးအောင်ဟာ မအုံးတင်ရဲ့ အကြောင်းကို ကောင်းကောင်းသိတယ်။ လွယ်လွယ်နဲ့တော့ လုပ်လို့ရမှာမဟုတ်ဘူး။ အဲဒါကြောင့် လွယ်လွယ်နဲ့ လုလို့မရရင် မအုံးတင်ကို သတ်တန် သတ်ရလိမ့်မယ်အထိ မိုးအောင် သန္နိဋ္ဌာန်ချလိုက်တယ်။ ဒီသန္နိဋ္ဌာန်ချပြီးတော့မှ ကုလားကို သူ့အကြံ ပြောပြပြီး မီးဖိုထဲက ဓားပါးကလေးကို မိုးအောင်က သွေးနေတယ်။ ကုလားက ဓားငါးခုတ်တဲ့ဓားကို သွေးနေတယ်။

မအုံးတင်လည်း မင်္ဂလာဆောင်မှာထိုင်နေတုန်း မိုးအောင်ကို သူ့ မျက်စိထဲမှာ ခဏခဏမြင်နေတယ်။ အဲဒါကြောင့် မင်္ဂလာဆောင်ကအပြန်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို မသွားသေးဘဲ မလှရင်ရဲ့ဆိုင်ကို သွားတယ်။ ပြီးတော့မှ 'မမရယ် အိမ်မှာ မိုးအောင်ရှိနေတုန်း ဒီလက်ဝတ်လက်စားတွေကို ကျွန်မ ဝတ်မထားချင်ဘူး၊ မမပဲ သိမ်းထားပါ' ဆိုပြီး သူ့လက်ဝတ်လက်စားတွေကို အကုန်လုံး ချွတ်နေတယ်။ ပြီးတော့မှ စက္ကူတစ်ခုထဲထုပ်ပြီး မလှရင်ကို အပ်လိုက်တယ်။

မလှရင်လည်း အိမ်က သံသေတ္တာထဲက သူ့လက်ဝတ်လက်စားတွေကိုလည်း ပြေးပြီး သတိရတယ်။ အဲဒါကြောင့် 'ဟုတ်တယ်၊ ဒီကောင်ကြီးလာပြီ၊ သံသေတ္တာသော့ကိုတောင် ငါ့ဆီက အတင်းလုပြီး သံသေတ္တာထဲက ပစ္စည်းတွေကို ယူသွားမှာစိုးရတယ်၊ မနက်ဖြန့်ကျရင် သံသေတ္တာထဲက ပစ္စည်းတွေအားလုံးယူပြီး ကိုကြီးသုခဆီမှာ အပ်ထားမှပဲ' လို့ မလှရင်က ပြောတယ်။

မအုံးတင်က 'ဟုတ်တယ်မမ၊ မိုးအောင်ဟာ ဘာမှ ရှောင်မှာ မဟုတ်ဘူး' လို့ ထောက်ခံတယ်။

မအုံးတင် အိမ်ပြန်ရောက်တဲ့အခါ လက်ဝတ်လက်စားတွေကို မမြင်ရတဲ့အတွက် မိုးအောင် အံ့အားသင့်သွားတယ်။ အဲဒါကြောင့် မအုံးတင်ဆီက အစ်ထုတ်တဲ့အနေနဲ့ 'ဒေါ်လေးဟာ မနက်က လက်ဝတ်လက်စားတွေကို ဝတ်ထားတာ သိပ်လှတာပဲ၊ အခု ဒါတွေ ဘယ်မှာထားပစ်ခဲ့သလဲ' လို့ မေးတယ်။ 'မမဆီမှာ ထားပစ်ခဲ့တယ်' လို့ မအုံးတင်က ပြောပြီး သူ့ဟာသူ အိမ်ထဲဝင်သွားတယ်။

မိုးအောင်လည်း မအုံးတင်ရဲ့နောက်မှာ ကပ်လိုက်သွားပြီး 'မိန်းမတွေဟာ လက်ဝတ်လက်စားရှိမှ လှတာ ဒေါ်လေးရဲ့၊ အဝတ်အစားမဝတ်လို့ ဒေါ်လေး ခုထိ လင်မရတာ' လို့ ပြောတယ်။ မအုံးတင်လည်း ဘာမှပြန်မပြောဘူး၊ အဝတ်အစားလဲရအောင် သူ့ဟာသူ အိမ်ပေါ်က သူ့အိပ်ခန်းကို တက်သွားတယ်။



မိုးအောင်လည်း လုဖို့ အကြံပျက်သွားပေတဲ့ စိတ်မလျှော့သေးဘူး။ ... သိပ်လိုချင်နေတဲ့ ခြောက်လုံးပြူးဝယ်ဖို့ ငွေ ဘယ်လိုရအောင်လုပ်ရမလဲ ...တာကို ဆက်ပြီး အကြံထုတ်နေတယ်။

မလှရင်လည်း မိုးအောင်ရဲ့ရန်ကို ကြောက်တာနဲ့ နောက်တစ်နေ့ ...တော့ သံသေတ္တာထဲက လက်ဝတ်လက်စားတွေနဲ့ ငွေတွေကို အကုန် ...သွားပြီး ကိုကြီးသုခဆီမှာ အပ်ထားလိုက်တယ်။ နေ့စဉ်ရောင်းလို့ရတဲ့ ...တွေကိုလည်း ကိုကြီးသုခဆီမှာ အပ်ထားတယ်။ နေ့စဉ်သုံးသွားဖို့လောက် ...ကိုသာ သူ ယူထားတယ်။

သုံးရက်လောက်ကြာတဲ့အခါ မိုးအောင်မှာ အကြံသစ်တစ်ခုရလာ ...တယ်။ ဒီအကြံကတော့ တခြားမဟုတ်ဘူး။ တစ်ညမှာ သူ့အမေအိပ်ခန်း ...ကိုသွား၊ သံသေတ္တာဖွင့် ရှိသမျှ ပစ္စည်းရော ငွေပါ အကုန်ယူသွားဖို့ ...ကြံပဲဖြစ်တယ်။

ညအချိန်ရောက်ဖို့စောင့်ရင်း မိုးအောင်ရဲ့ ခေါင်းထဲမှာ အကြံဟာ ...နေ့လုံး ငုပ်ချည်ပေါ်ချည် ဖြစ်နေတယ်။ ည ခုနစ်နာရီလောက်မှာ ...အောင်ဟာ ဖိနပ်ချွတ်က ပက်လက်ကုလားထိုင်ပေါ်မှာထိုင်ပြီး ည ...ချိန်ရောက်ဖို့ တယ်နှေးပါကလားလို့ တွေးနေတယ်။

အိမ်ထဲမှာတော့ မလှရင်နဲ့ ကိုသုခတို့ စကားပြောနေကြတယ်။ ...လိုပြောနေတုန်း ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်တွေကပဲ တိုက်တွန်း ...။ ဒါမှမဟုတ်ရင်လည်း မိုးအောင်ရေ မင့်ရန်ကြောက်လို့ အိမ်မှာတော့ ...ငွေ ဘယ်ပစ္စည်းမှ မထားတော့ဘူးဆိုတာကို သွယ်ဝိုက်တဲ့နည်းနဲ့ ...အောင် သိသွားအောင် ပြောချင်လို့ပဲလား မပြောတတ်ဘူး။ မလှရင်က ...ကိုကြီးရယ်၊ ဒီအိမ်မှာ ငွေရော လက်ဝတ်လက်စားတွေရော ဘာမှ ...သော့ အိမ်ကသံသေတ္တာကြီးဟာ အလကား ပိုနေတာပဲ အစ်ကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



ယူချင်ရင် ယူထားပါ၊ မယူချင်ရင်လဲ ဝယ်ချင်တဲ့သူတစ်ဦးဦးကို ရောင်းပေးပါ' လို့ ပြောတယ်။

ကိုကြီးသုခက 'သူ့မှာ သံသေတ္တာတွေရှိနေပြီ၊ ရောင်းပေးမယ်' လို့ ပြန်ပြောတယ်။

ဒီစကားကိုကြားရပြီး မိုးအောင်ရဲ့ ဒုတိယအကြံလည်း ပျက်သွားပြန်တယ်။ ဒါပေမယ့် မိုးအောင်ကတော့ မလျှော့ဘူး။ သူ သိပ်လိုချင်နေတဲ့ ခြောက်လုံးပြူးကိုတော့ ဘယ်နည်းနဲ့မဆို ရရမယ်ဆိုတဲ့ အဓိဋ္ဌာန်နဲ့ ဆက်ပြီး အကြံထုတ်ပြန်တယ်။

နောက်တစ်နေ့ကျတော့ အကြံသစ်တစ်ခု ရပြန်တယ်။ ဒီအကြံသစ်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အခွင့်ကောင်း အခါကောင်းကိုသာ မိုးအောင် စောင့်နေတယ်။

### ဘိုးဘိုးဦးစန္ဒောဘာသ၏ ဆုံးမခန်း

အဲဒီလို စောင့်နေရင်း မအုံးတင်မှာ တိုက်ဖွိုက်ရောဂါ အပြင်းအထန်ဖြစ်ပြီး ကယောင်ကတမ်းတွေ ပြောတဲ့အထိ ဆိုးလာတယ်။ မလှရင်လည်း ဆရာဝန်ကို ချက်ချင်းခေါ်တယ်။ ဆရာဝန်ရောက်လာလို့ အဖျားတိုင်းကြည့်တဲ့အခါ ဒီဂရီ ၁၀၅ တောင် ဖြစ်နေတယ်။ ဆရာဝန်က ကုလို့ရမယ်လို့ အာမ မခံဘူး။ ဒါပေမယ့် ကြိုးစားပြီးတော့ ကုပါတယ်။ မလှရင်လည်း မအုံးတင်ရဲ့ အခြေအနေ အတော်ဆိုးနေတာနဲ့ သူ့ခမည်းတော် ဦးစန္ဒောဘာသကိုတောင် လျှောက်ထားရတယ်။

မအုံးတင်ရဲ့ဖခင်ဟာ သူ့သမီးကလေးကို အပိုင်မွေးဖို့ ဦးစန္ဒောဘာသ လူ့ဘဝမှာကတည်းက အပ်သွားတယ်ဆိုတော့ ဦးစန္ဒောဘာသလည်း မအုံးတင်ကလေးကို မလှရင်လိုပဲ သမီးကလေးအဖြစ်နဲ့ သံယောဇဉ်ဖြစ်နေတယ်။ အဲဒါကြောင့် ဦးစန္ဒောဘာသဟာ ပင့်တာနဲ့ ချက်ချင်းပဲကြွလာပါတယ်။ အခြေအနေ အတော်ကြီးဆိုးနေတဲ့အတွက် သူလည်း ဘာမှမတတ်



နိုင်ဘူး။ ခေါင်းရင်းကထိုင်ပြီး ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ်၊ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ အာဋာနာဋိယသုတ်၊ ...ချင်သုတ်၊ ပုဗ္ဗဏှသုတ်တွေကို ရွတ်တယ်။ နောက် သုံးရက်လောက်ကြာတော့ အဖျားနည်းနည်းကျတယ်။ နောက်ထပ် ၁၅ ရက်လောက်ရှိတော့ ... အဖျားလုံးလုံး ပျောက်သွားတယ်။

ဦးစန္ဒောဘာသလည်း စပြီးပင့်တဲ့ နေ့ကတည်းက တစ်ရက်မှမပျက် ... ညနေတိုင်း ရွတ်နေကျပရိတ်တွေကို မှန်မှန်လာရွတ်ပေးတယ်။ ဒီလို ရွတ်တဲ့အခါတိုင်း ပရိတ်တန်ခိုးတော်ကြောင့် မအုံးတင်ရဲ့တိုက်ဖွိုက်ရောဂါလဲပျောက်စေ၊ သူ့မြေး မိုးအောင်ရဲ့ လူဆိုးစိတ်တွေလည်း ခေါင်းပါး... ဆိုတဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောနဲ့ မိုးအောင်ကို ဦးစန္ဒောဘာသဟာ သူ့အနားမှာ အမြဲခေါ်ထားတယ်။ မိုးအောင်လည်း ပရိတ်မှာ ...မဝင်စားပေမယ့် သူ့ဘိုးဘိုးကို အားနာတာနဲ့ သူ့ဘိုးဘိုး ပရိတ်ရွတ်တဲ့ ... အနားမှာပဲ ထိုင်နေတယ်။

ပရိတ်ရွတ်ပြီးတဲ့အခါ မြေးအဘိုးနှစ်ယောက် အိမ်အောက်ဆင်းကြပြီး ...ဘိုး ကျောင်းမပြန်ခင် တရား တစ်ပုဒ်နှစ်ပုဒ်လောက်တော့ သူ့မြေးကို ...သွားလေ့ရှိတယ်။

တစ်နေ့မှာတော့ ဘိုးဘိုး ဦးစန္ဒောဘာသက 'လူကလေးမိုးအောင်၊ ...လေးဟာ အင်မတန် ဒေါသကြီးတယ်၊ ဒီဒေါသဟာ လူကလေးကို ...ကြီး ဒုက္ခရောက်အောင် လုပ်လိမ့်မယ်၊ ဒီဒေါသကြောင့် နောင်တမလွန်...မှာလဲ လူကလေးဟာ အများကြီးပဲ ဒုက္ခရောက်ရဦးမယ်၊ ဒီဒေါသ...ကြောင့် အခုပဲ လူကလေးဟာ ထောင်ငါးနှစ်ကျပြီးပြီ၊ အဲဒီလောက်နဲ့ပဲ ...ခဲတော့ လူကလေးရယ်၊ ဘိုးဘိုးပြောတဲ့ စကားကို နားထောင်ပါ၊ ...င်မိုးနဲ့ ဆရာကြီးကို သွားကန်တော့လိုက်၊ သူတို့ကြောင့် ငါထောင်ကျ...ခဲ့ရင်းဆိုတဲ့ ရန်ငြိုးကို မွေးမထားနဲ့၊ လူကလေးတို့လို အရိုက်ခံရတာ

www.burmeseclassic.com

www.burmeseclassic.com



တောင် မဟုတ်ဘူး၊ အပြစ်မရှိတဲ့ မိဘနှစ်ပါးစလုံးကို သတ်ပစ်တဲ့ရန်သူကိုတောင် ရန်ငြိုးမဖွဲ့တဲ့အတွက် မင်းစည်းစိမ်ကို ရဖူးတဲ့ တရားတစ်ပုဒ်ကို လူကလေးကို ဘိုးဘိုး ဟောပြမယ်၊ နားထောင်နော်' လို့ ပြောပြီး ဝတ္ထုတစ်ပုဒ်ကို ဦးစန္ဒောဘာသ ဟောတယ်။

ဒီဃာဝုမင်းသား

ရှေးတုန်းက တရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းဆိုတာ ရှိတယ်၊ ဒီမင်းရဲ့ စစ်မက်အင်အားဟာ အင်မတန်ကြီးတယ်၊ တစ်နေ့တော့ ဒီဗြဟ္မဒတ်မင်းဟာ သူ့ထက် အင်အားငယ်တဲ့ ဒီဃီတိကောသလမင်းရဲ့ နိုင်ငံကို စစ်တိုက်ပြီး သိမ်းယူလိုက်တယ်၊ ကောလသမင်းနဲ့ မိဖုရားကြီးလဲ စစ်ရှုံးပြီး တောရွာကလေးတစ်ရွာမှာ ပုန်းနေကြတယ်၊ တစ်နေ့ကျတော့ မိဖုရားကြီးမှာ ကိုယ်ဝန်ရှိလာတဲ့အခါ ချဉ်ခြင်းဖြစ်လာတယ်။

'ချဉ်ခြင်း' ဆိုတာ တခြားမဟုတ်ဘူး၊ လိုချင်တာတွေကို မရမနေနိုင်လောက်အောင် ဖြစ်လာတဲ့ဆန္ဒကို ခေါ်တယ်၊ မိဖုရားကြီး လိုချင်တာ နှစ်ခုရှိတယ်၊ ၁။ နေထွက်တဲ့အခါ ချပ်မိန်ညှိဝတ်ဆင်ထားတဲ့ အင်္ဂါလေးပါးရှိတဲ့ စစ်သည်တော်တွေကို မြင်ချင်တယ်၊ ၂။ သန်လျက်ဆေးတဲ့ရေကို သောက်ချင်တယ်။ ဒီ ချဉ်ခြင်းနှစ်မျိုး မပြည့်ဝရင် သူ သေရပါလိမ့်မယ်လို့ မိဖုရားကြီးက မင်းကြီးကို ပြောတယ်။

မင်းကြီးနဲ့ ဗြဟ္မဒတ်မင်းရဲ့ပုရောဟိတ်ဟာ မိတ်ဆွေဖြစ်ဖူးတယ်၊ အဲဒါကြောင့် သူ့မိဖုရားကြီးရဲ့ ချဉ်ခြင်းပြည့်ဝအောင် အကူအညီပေးဖို့ ကောသလမင်းကြီးဟာ ဗြဟ္မဒတ်မင်းကြီးရဲ့ ပုရောဟိတ်ဆီမှာ အကူအညီတောင်းရတယ်။



အဲဒီအခါ ပုရောဟိတ်ကြီးက ဗြဟ္မဒတ်မင်းကို 'အရှင်မင်းကြီး၊ အတိတ် နိမိတ်တွေ မြင်တယ်၊ ချပ်မိန်ညှိဝတ်တဲ့ အင်္ဂါလေးပါးရှိတဲ့ စစ်သည်တော်တွေ၊ မြေပြင်ကောင်းကောင်းမှာ စစ်ဆင်ပါစေ၊ အရှင်မင်းကြီးရဲ့ သန်လျက်ကိုလည်း ဆေးကြောပါစေ' လို့ လှည့်ပတ်ပြီး သံတော်ဦးတင်တယ်။

ပုရောဟိတ် သံတော်ဦးတင်တဲ့အတိုင်း ဗြဟ္မဒတ်မင်းကလုပ်တဲ့အတွက် ကောသလမင်းကြီးရဲ့ မိဖုရားကြီးဟာ ချဉ်ခြင်း ပြည့်ဝသွားတယ်။

နောက်မကြာခင် ဒီဃာဝုမင်းသားကလေးကို ဖွားမြင်တယ်၊ ကောသလမင်းလည်း ဗြဟ္မဒတ်မင်းရဲ့ရန်ကို ကြောက်တာနဲ့ ဒီဃာဝုမင်းသားကလေးကို သူတို့နဲ့ အတူ မထားရဲဘူး၊ တခြား ခွဲထားရတယ်၊ ဒီဃာဝုမင်းသားကလေး ကြီးလာတဲ့အခါ ယောက်ျားတို့ တတ်ရမယ့် အတတ်ပညာတွေကို ကောင်းကောင်းတတ်အောင် သင်ကြားတယ်။

တစ်နေ့တော့ ဗြဟ္မဒတ်မင်းဆီမှာအလုပ်လုပ်နေတဲ့ ကောသလမင်းရဲ့ ဆတ္တာသည်ဟောင်းဟာ ကောသလမင်းနဲ့ မိဖုရားကိုမြင်ပြီး သူတို့ ဘယ်မှာရှိတယ်ဆိုတာ ဗြဟ္မဒတ်မင်းကို သံတော်ဦးတင်တယ်။

ဗြဟ္မဒတ်မင်းဟာ ကောသလမင်းနဲ့ မိဖုရားကြီးကို အဖမ်းခိုင်းပြီး မြို့ပြင်ထုတ်သတ်ဖို့ အမိန့်ချလိုက်တယ်၊ လက်မရှဲ့အာဏာသား... ဟာ ဒီဃီတိ ကောသလမင်းနဲ့ မိဖုရားကြီးတို့ကို လက်ပြန်ကြိုးတုပ်ပြီး သတ်ဖို့ ခေါ်သွားကြတယ်။

သူတို့ရဲ့သားတော် ဒီဃာဝုမင်းသားဟာ ခမည်းတော်မယ်တော်တို့ကို ဖူးမြင်ရအောင်အ...ဟာနဲ့ လမ်းမှာတွေ့ကြတယ်၊ လက်မရှဲ့

www.burmeseclassic.com

www.burmeseclassic.com



အာဏာသားတွေ သိမှာစိုးတဲ့အတွက် အဖေကလည်း သားကို မခေါ်ရဲဘူး၊ တစ်ယောက်ယောက်ကို ပြောနေသလိုလိုနဲ့-

'ချစ်သားဒီဃာဝု၊ ချစ်သားဟာ အရှည်ကို မရှုနဲ့၊ အတိုကိုလဲ မရှုနဲ့၊ ချစ်သားဒီဃာဝု၊ ရန်ဆိုတာ ရန်တုံ့မှုနေသမျှ ဘယ်တော့မှ မငြိမ်းနိုင်ဘူး၊ ချစ်သားဒီဃာဝု၊ ရန်ဆိုတာ ရန်တုံ့မမှုမှသာ ငြိမ်းတယ်' လို့ အကျယ်ကြီး အော်ပြောလိုက်တယ်။

သားတော်ဒီဃာဝုကလဲ လက်မရွံ့အာဏာသားတွေ မြင်မှာစိုးလို့ သူ့မိဘတွေကို နှုတ်မဆက်ရဲဘူး၊ လူထုထဲမှာ ကွယ်နေရတယ် လက်မရွံ့အာဏာသားတွေကတော့ 'ဒီဃီတိကောသလမင်းကြီးဟာ အသတ်ခံရခါနီးလို့ ရူးကြောင်ကြောင်ဖြစ်ပြီး တစ်ယောက်တည်း စကားပြောနေတယ်' လို့ ထင်ကြတယ်။

မြို့ပြင်ရောက်တဲ့အခါ ကောသလမင်းကြီးနဲ့ မိဖုရားတို့ကို လေးပိုင်း ပိုင်းသတ်ပြီး အစောင့်တွေ စောင့်နေဖို့ ထားပစ်ခဲ့တယ် ဒီဃာဝုမင်းသားဟာ အစောင့်တွေကို မူးအောင် အရက်တိုက်ပြီး ခမည်းတော် မယ်တော်တို့ရဲ့ အလောင်းကို မီးသင်္ဂြိုဟ်လိုက်တယ်

ဒီဃာဝုမင်းသားဟာ သူ့ကိုယ်ကို ဒီဃီတိကောသလမင်းရဲ့ သားတော် ဖြစ်တယ်ဆိုတာ မသိရအောင် ဖုံးထားပြီး သူ့အကြံနဲ့သူ ကြိုးစားသွားလိုက်တာ မကြာခင်ဘဲ ဗြဟ္မဒတ်မင်းရဲ့ အတွင်းကျွန်ယုံ တော် ဖြစ်သွားတယ်။

ဗြဟ္မဒတ်မင်းကြီးဟာ အမဲလိုက်ဝါသနာပါတယ်၊ တစ်နေ့ ကျတော့ အမဲလိုက်ရင်း ဒီဃာဝုမင်းသားဟာ ဗြဟ္မဒတ်ရဲ့ရထားကို သက်တော်စောင့်စစ်သည်တွေနဲ့ ဝေးဝေးမောင်းသွားတယ်၊ ဗြဟ္မဒတ် မင်းကြီးဟာ မောမောနဲ့ ရထားပေါ်ကဆင်းပြီး ဒီဃာဝုမင်းသားရဲ့ ရင်ခွင်ထဲမှာ အိပ်ပျော်သွားတယ်။



အဲဒီအခါ ဒီဃာဝုမင်းသားဟာ ဗြဟ္မဒတ်မင်းကြီးကိုကြည့်ပြီး 'ဒီမင်းကြီးဟာ ငါ့ခမည်းတော်ရဲ့ နိုင်ငံကို တိုက်ယူတယ်၊ ငါ့ခမည်း တော် မယ်တော်တို့ကိုလဲ သတ်ပစ်တယ်၊ အခုအချိန်ဟာ ဒီမင်းကြီးကို ငါ ပြန်သတ်ဖို့ အကောင်းဆုံးအချိန်ပဲ' လို့ တွေးမိတဲ့အတွက် သူ့ သန်လျက်ကို ဆွဲထုတ်တယ်။

ဒီလို ဆွဲထုတ်ပြီးမှ 'ငါ့ခမည်းတော်ဟာ ရန်တုံ့မမှုဖို့ သေခါနီး ဆဲဆဲ ငါ့ကိုမှာသွားတယ်၊ သေခါနီးဆဲဆဲမှာသွားတဲ့ မိဘစကား ဆိုတာ မပယ်ကောင်းဘူး' လို့ တွေးမိပြန်ပြီး သန်လျက်ကိုပြန်သွင်း ထားလိုက်တယ်။

အဲဒီလို သုံးကြိမ်တိုင်တိုင် သန်လျက်ကိုထုတ်လိုက်သွင်းလိုက် ဖြစ်နေတယ်၊ တတိယအကြိမ် သန်လျက်ကို ပြန်သွင်းလိုက်ပြီးတဲ့ အခါ ဗြဟ္မဒတ်မင်းကြီး လန့်နိုးလာပြီး 'ငါ့ကို ဒီဃီတိကောသလ မင်းရဲ့သား ဒီဃာဝုက သတ်ရအောင် သန်လျက်နဲ့လိုက်တယ်လို့ ငါ အိပ်မက်မက်တယ်၊ ဒါကြောင့် လန့်နိုးလာတယ်' လို့ ဒီဃာဝု မင်းသားကို ဗြဟ္မဒတ်မင်းကြီးက ပြောပြတယ်၊ အဲဒီအခါ ဒီဃာဝု မင်းသားဟာ ဗြဟ္မဒတ်မင်းရဲ့ဆံပင်ကို လက်ဝဲလက်နဲ့လှမ်းဆွဲ၊ လက်ယာလက်က သန်လျက်ကို ကိုင်ထားပြီး 'အရှင်မင်းကြီး၊ ဒီဃာဝုမင်းသားဆိုတာ အကျွန်ုပ်ပဲ၊ မင်းကြီးဟာ အကျွန်ုပ်တို့ကို အများကြီး ဒုက္ခပေးတယ်၊ အပြစ်မရှိတဲ့ ခမည်းတော်မယ်တော်တို့ကို လဲ သတ်ပစ်တယ်၊ အခုအချိန်ဟာ အရှင်မင်းကြီးကို ရန်တုံ့မှုဖို့ အချိန်ကောင်းပဲ' လို့ ပြောလိုက်တယ်။

ဗြဟ္မဒတ်မင်းဟာ သေရမှာ အင်မတန်ကြောက်သွားတယ်၊ ဒါကြောင့် သူ့အသက် ချမ်းသာပေးဖို့ ဒီဃာဝုမင်းသားရဲ့ ခြေတော်ကို သူ့ဦးခေါင်းနဲ့ တိုက်ပြီး တောင်းပန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဃာဝုမင်းသားလည်း မိဘစကားကို နားထောင်တဲ့သားဖြစ် အတိုင်း ဗြဟ္မဒတ်မင်းကြီးကို ကျိန်စာတိုက်၊ လက်ဆွဲနှုတ်ဆက် အသက် ချမ်းသာပေးလိုက်တယ်။

နန်းတော်ပြန်ရောက်တဲ့အခါ ဗြဟ္မဒတ်မင်းကြီးက 'အမော ဒီဃာဝု၊ အမောင်ရဲ့ခမည်းတော် မယ်တော်တို့ သေခါနီးဆဲဆဲ ပြောကြားသွားတဲ့ စကားရဲ့အဓိပ္ပာယ်ကို ငါ့ရှင်းပြစမ်းပါ' လို့ အ ရှိတယ်။

အဲဒီအခါ ဒီဃာဝုမင်းသားက 'အရှည်ကိုမကြည့်နဲ့ဆိုတာ ရန်စကို ရှည်အောင်မလုပ်နဲ့လို့ ဆိုတာပါပဲ၊ အတိုကိုလဲမကြည့် ဆိုတာက မိတ်ဆွေဖြစ်ပြီးသူတွေနဲ့ အလျင်စလို၊ မစဉ်းမစားကွဲ အောင် မလုပ်နဲ့လို့ ဆိုလိုတာပါပဲ၊ အရှင်မင်းကြီးက အကျွန်ုပ် ခမည်းတော် မယ်တော်ကို သတ်၊ အကျွန်ုပ်က အရှင်မင်းကြီး သတ်၊ အရှင်မင်းကြီးရဲ့ ဘက်တော်သားတွေက အကျွန်ုပ်ကိုသ အကျွန်ုပ်ရဲ့ ဘက်တော်သားတွေက အရှင်မင်းကြီးရဲ့ ဘက်တော်သ တွေကိုသတ်၊ အဲဒီလိုသာ ရန်တုံ့မှုနေသရွေ့ ရန်ဟာ ဘယ်တော မငြိမ်းနိုင်ဘူးလို့ ဆိုချင်တဲ့အတွက် ရန်တို့သည် ရန်တုံ့မှုသ မငြိမ်းနိုင်'လို့ ခမည်းတော် ပြောသွားတာပါပဲ။

'အခုအခါ အရှင်မင်းကြီးကလဲ အကျွန်ုပ်ကို အသက်ချမ်း ပေးပြီ၊ အကျွန်ုပ်ကလဲ အရှင်မင်းကြီးကို အသက်ချမ်းသာပေး ဒီလို ရန်တုံ့မမှုတဲ့အတွက် အရှင်မင်းကြီးနဲ့ အကျွန်ုပ်ကြားမှာ မရှိတော့ဘူး၊ ငြိမ်းအေးသွားပြီ၊ ဒါကိုရည်ရွယ်ပြီး ခမည်းတော **ရန်တို့သည် ရန်တုံ့မမှုမှသာ ငြိမ်းမယ်လို့** ပြောကြားသွားတာ တယ်' လို့ သံတော်ဦးတင်တယ်။



ဗြဟ္မဒတ်မင်းကြီးကလဲ အင်မတန် သဘောကျပြီး ဒီဃာဝု မင်းသားကို သူ သိမ်းထားတဲ့ ကောသလတိုင်းပြည် ပြန်ပေးလိုက်တယ်၊ သမီးတော်နဲ့လဲ လက်ထပ်ပေးလိုက်တယ်။

အဲဒီတော့ လူကလေး မိုးအောင်၊ ရန်ငြိုးဆိုတာ ရန်ငြိုးဖွဲ့တဲ့လူကို ဘယ်တော့မှ အကျိုးမပေးဘူး၊ ဒုက္ခပေးတာချည်းပဲ။ ရန်ဆိုတာ ရန်တုံ့မမှု ငြိမ်းတယ်။ ဒါကြောင့် လူကလေးဟာ မောင်ခင်စိုးနဲ့ ဆရာကြီးကို သွားကန်တော့လိုက်၊ ဘိုးဘိုးစကား နားထောင် ကြားလားလို့ မေးတယ်။ အောင်ဟာ တင်ပါ့လို့လဲ မပြောဘူး၊ ခေါင်းလဲ မညိတ်ဘူး၊ ရှေ့တည့်တည့် သာ ကြည့်နေတာနဲ့ ဘိုးဘိုး ဦးစန္ဒောဘာသလဲ ပြန်ကြွသွားတယ်။

နောက်တစ်နေ့ညနေ ပရိတ်ရွတ်ပြီးတဲ့အခါ ဘိုးဘိုးဦးစန္ဒောဘာသက မြေးဟာ အသတ်အဖြတ် အင်မတန်ဝါသနာပါတယ်လို့ ဘိုးဘိုးကြားရတာ တ်မကောင်းဘူးကွယ်၊ ပသေနဒီကောသလမင်းကြီးရဲ့ မိဖုရားကြီးမလ္လိကာ ာ ဆိတ်တစ်ကောင်တည်းကို သတ်ခဲ့မိတာနဲ့ ဘယ်လောက်ခံရတယ် ိုတာ ငါ့မြေးကို ဘိုးဘိုးပြောပြမယ်။ ကောင်းကောင်းနားထောင်နော်။

**မလ္လိကာမိဖုရား**

မြတ်စွာဘုရား လက်ထက်တော်တုန်းက သာဝတ္ထိပြည်မှာ ပသေနဒီ ကောသလမင်းကြီး အုပ်စိုးနေတယ်။ တစ်ညကျတော့ ပသေနဒီ ကောသလမင်းကြီးဟာ 'ဒု၊ သ၊ န၊ သော ဆိုတဲ့ အသံနက် ကြီးတွေကို ကြားရတယ်၊ ဒီအသံနက်ကြီးတွေဟာ ဘာသံတွေလဲ' လို့ ပုရောဟိတ်ပုဏ္ဏားကြီးကို မေးတဲ့အခါ ပုဏ္ဏားကြီးကလဲ ဘာမှမသိ ရမ်းပြီး 'အရှင်မင်းကြီးရဲ့ အသက်အန္တရာယ်အတွက် ဖြစ်ပေါ်လာတဲ့ အသံနက်ကြီးတွေ ဖြစ်ပါတယ်၊ အသက်ရှည်ချင်ရင် ပျော်ကျား၊ မိန်းမ၊ ဆင်၊ မြင်း၊ နွား၊ ဆိတ် အစရှိတဲ့ သတ္တဝါမှန်သမျှ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တစ်ရာစီကို သတ်ရတဲ့ သဗ္ဗသတယဇ်ပူဇော်ပွဲကို လုပ်ရမယ်' လို့ သံတော်ဦးတင်တယ်။

ကောသလမင်းကြီးလဲ သဗ္ဗသတယဇ်ပူဇော်ပွဲလုပ်ဖို့ အမိန့်ချ လိုက်တယ်။ သူ့မိဖုရားကြီးဟာ ဒီအကြောင်းကိုသိတော့မှ ကောသလ မင်းကြီးကို မြတ်စွာဘုရားဆီ ခေါ်သွားတယ်။ မြတ်စွာဘုရားက တရားဟောတော့မှ သဗ္ဗသတယဇ်ပူဇော်ပွဲအတွက် ဖမ်းထားတဲ့ သတ္တဝါတွေ ချမ်းသာကုန်ကြတယ်။

အဲဒီအခါ ရဟန်းတွေက 'မလ္လိကာမိဖုရားကြီးဟာ အင်မတန် ဉာဏ်ပညာ ရှိပါပေတယ်၊ သူ့ကြောင့် သတ္တဝါတွေအများကြီး အသက်ချမ်းသာရာ ရသွားပေတယ်' လို့ မိဖုရားကြီးကို ချီးကျူး တယ်။

မြတ်စွာဘုရားက 'မလ္လိကာဟာ အခုဘဝမှာ သတ္တဝါတွေရဲ့ အသက်ကို ချမ်းသာစေတာမဟုတ်ဘူး၊ ရှေးတုန်းကလဲ ချမ်းသာစေ ခဲ့ဖူးတယ်' ဆိုပြီး အတိတ်ဘဝတစ်ခုကို ပြန်ဟောတော်မူတယ်။

ရှေးအခါတုန်းက ဗာရာဏသီပြည်မှာ ရှင်ဘုရင်ရဲ့သားတော် တစ်ပါးဟာ ညောင်ပင်ကြီးတစ်ပင်ဆီကိုသွားပြီး 'အရှင် ညောင်ပင် စောင့်နတ်မင်း၊ ခမည်းတော် နတ်ရွာစံတဲ့အခါ ကျွန်တော့်ကို မင်း ဖြစ်အောင် ကူညီပါ၊ ကျွန်တော် မင်းဖြစ်ရင် တစ်ရာ့တစ်ပါးသော မင်းတွေ၊ မိဖုရားတွေရဲ့ လည်ချောင်းသွေးနဲ့ အရှင်နတ်မင်းကို ပူဇော်ပါ့မယ်' လို့ ကတိပြုလိုက်တယ်။

အဲဒီမင်းသား မင်းဖြစ်လာတဲ့အခါ ညောင်ပင်စောင့်နတ်ရဲ့ အကူအညီနဲ့ မင်းဖြစ်တယ်လို့ သူ ထင်တယ်၊ အဲဒါကြောင့် တစ်ရာ့တစ်ပါးသော မင်းတို့ကို အယုံသွင်းပြီး သူတို့ရဲ့မိဖုရားတွေနဲ့ အတူ သူ့ဆီကို အလည်လာဖို့ ဖိတ်လိုက်တယ်၊ ဒီမင်းတွေထဲမှာ



အငယ်ဆုံးဖြစ်တဲ့ ဥဂ္ဂသေနမင်းရဲ့ ဓမ္မဒိန္နာမိဖုရားတစ်ပါးတည်းပဲ ကိုယ်ဝန်ရှိနေတဲ့အတွက် မလာနိုင်ဘူး၊ တခြားမင်းတွေဟာ သူတို့ မိဖုရားတွေနဲ့လာကြတယ်၊ ဒီမင်းတွေနဲ့ မိဖုရားတွေကို ညောင်ပင် အောက် ခေါ်သွားပြီး အဲဒီအောက်ရောက်တော့မှ အဖျော်ထဲမှာ အဆိပ်ခပ်သတ်ဖို့ ညောင်ပင်ရင်းကို ရှင်းလင်းခိုင်းလိုက်တယ်။

ညောင်ပင်စောင့်နတ်ဟာ ဒီအကြံကိုသိတော့ စိတ်မချမ်းသာ ဘူး။ 'ဒီမင်းသားဟာ သူ့ဟာသူ မင်းဖြစ်တာ၊ ငါကူရတာလဲမဟုတ် ဘူး၊ ဒါပေမယ့် ငါကူတယ်လို့ ဒီမင်းသားကထင်ပြီး ဒီမင်းတွေနဲ့ မိဖုရားတွေကို သတ်တော့မယ်၊ ဒီလိုသတ်လိုက်ရင် ဇမ္ဗူဒိပါကျွန်းမှာ မင်းဆက်ပြတ်တော့မှာပဲ၊ အကုသိုလ်ကင်းပြီး သန့်ရှင်းနေတဲ့ ငါ့ ညောင်ပင်ရင်းမှာလဲ ဒီသတ်ဖြတ်မှုတွေကြောင့် ညစ်ပတ်ကုန်တော့ မှာပဲ၊ ငါလဲ ဒီမင်းကို တားလို့ရမှာ မဟုတ်ဘူး၊ ဘယ်နတ်များ တားနိုင်ပါ့မလဲ' လို့ ဒီညောင်ပင်စောင့်နတ်က လိုက်ရှာတာ။

နောက်ဆုံး သိကြားမင်းဆီကို ရောက်သွားတယ်။ သိကြားမင်း က 'အဲဒီမင်းကြီးကို ယဇ်မပူဇော်ဖြစ်အောင် တားမြစ်နိုင်တဲ့နည်း တစ်နည်းကို ပေးလိုက်တယ်၊ ညောင်ပင်စောင့်နတ်လဲ ညောင်ပင်ကို ပြန်ရောက်တဲ့အခါ သိကြားမင်းမှာလိုက်တဲ့အတိုင်း အဲဒီမင်းကြီး မြင်အောင် နီနေတဲ့ နတ်ဝတ်နတ်စားကို ဝတ်ပြီး ညောင်ပင်က တခြားကို ထွက်သွားတယ်၊ မင်းကြီးလဲ ညောင်ပင်စောင့်နတ် တခြား ထွက်မသွားအောင် တောင်းပန်တယ်၊ အဲဒီအခါ ညောင်ပင်စောင့် နတ်က 'မင်းကြီး၊ သင်ဟာ မင်းအဖြစ်ကို ငါ့ဆီမှာ ဆုတောင်း တုန်းက သင် မင်းဖြစ်လာတဲ့အခါ တစ်ရာ့တစ်ပါးသောမင်းတွေနဲ့ သူတို့ရဲ့ မိဖုရားကြီးတွေအားလုံးရဲ့ လည်ချောင်းသွေးနဲ့ ငါ့ကို ပူဇော်ပါ့မယ်လို့ ကတိပေးခဲ့ပြီး အခုတော့ ဘာဖြစ်လို့ ဓမ္မဒိန္နာဆိုတဲ့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကို ချန်ထားသလဲ၊ ငါဟာ ဒီလိုပဲပြောတတ်တဲ့ မင်းရဲ့အပူ ကို မခံလိုဘူး’ လို့ မင်းကြီးကို ပြန်ပြောတယ်။

မင်းကြီးလဲ ကတိပျက်မှာစိုးတဲ့အတွက် ဓမ္မဒိန္နာကို အခေါ် လွှတ်လိုက်တယ်။

ဓမ္မဒိန္နာရောက်လာတဲ့အခါ ဘယ်သူ့ကိုမှ ရှိမခိုးဘဲ မင်းတွေ ထဲမှာ အငယ်ဆုံးဖြစ်တဲ့ သူ့ယောကျ်ား ဥဂ္ဂသေနမင်းကိုသာရှိခိုး တယ်။

ဗာရာဏသီမင်းကြီးက ‘ဓမ္မဒိန္နာ၊ အသင်ဟာ မင်းတွေထဲ အငယ်ဆုံးဖြစ်တဲ့ ဥဂ္ဂသေနမင်းကိုသာ ရှိခိုးတယ်၊ မင်းတွေအား ထဲမှာ အကြီးအကဲဖြစ်တဲ့ အကျွန်ုပ်ကိုတော့ ဘာဖြစ်လို့ ရှိမခိုးသလဲ’ ဓမ္မဒိန္နာကို ဒေါသနဲ့မေးတယ်။

ဓမ္မဒိန္နာက ‘အရှင်မင်းကြီးကို ရှိခိုးရအောင် အရှင်မင်းကြီးဟာ အကျွန်ုပ်နဲ့ ဘယ်လိုတော်စပ်ပါသလဲ၊ ဥဂ္ဂသေနဟာ အကျွန်ုပ်ရဲ့ အရှင်ခင်ပွန်းလဲ ဖြစ်တယ်၊ အကျွန်ုပ်ကို စည်းစိမ်ဥစ္စာနဲ့တကွ မိဖုရား အရာကိုပါ ပေးထားတဲ့အတွက် အကျွန်ုပ်ရဲ့ ကျေးဇူးရှင်လဲဖြစ်တယ်၊ ဒီအရှင်ခင်ပွန်းနဲ့ ကျေးဇူးရှင်ဖြစ်တဲ့ ဥဂ္ဂသေနမင်းကို ရှိမခိုး အရှင်မင်းကြီးကို ဘာကြောင့် ရှိခိုးရမလဲ’ လို့ ပြန်မေးတယ်။

ညောင်ပင်စောင့်နတ်က ‘အရှင်မဓမ္မဒိန္နာ၊ အရှင်မရဲ့စကားဟာ ဟုတ်မှန်ပါပေတယ်’ လို့ မင်းတွေအားလုံးကြားအောင် ချီးကျူး သူတို့အားလုံးမြင်အောင် ဓမ္မဒိန္နာကို ပန်းတစ်ဆုပ်နဲ့ ပူဇော်တယ်

ဗာရာဏသီမင်းကြီးလဲ မကျေနပ်သေးတာနဲ့ ‘ဓမ္မဒိန္နာ၊ ငါ့ ရှိမခိုးချင်ရင် နေပါစေဦး၊ ငါ့ကို မင်းဖြစ်အောင် မ တဲ့ အင်မတန် တန်ခိုးကြီးတဲ့ နတ်မင်းကြီးကိုကော နင် ဘာဖြစ်လို့ မရှိခိုးသလဲ’ ထပ်မေးတယ်။



ဓမ္မဒိန္နာက ‘အရှင်မင်းကြီး၊ အရှင်မင်းကြီး မင်းဖြစ်လာတာ အရှင်မင်းကြီးရဲ့ ကုသိုလ်ကောင်းမှုကြောင့် ဖြစ်တာပဲ၊ ဒီညောင်ပင်စောင့်နတ် မ လို့ ဖြစ်တာ မဟုတ်ပါဘူး၊ တစ်ရာတစ်ပါးသောမင်းတွေနဲ့ သူတို့ရဲ့ မိဖုရားတွေကို အခုလို ဖမ်းလာနိုင်တာလဲ အရှင်မင်းကြီးရဲ့ ဘုန်းကံကြောင့် ဖမ်းလာနိုင်တာပဲ၊ ဒီညောင်ပင်စောင့်နတ်က ဖမ်းပေးတာမဟုတ်ပါဘူး’ လို့ ဖြေတယ်။

ညောင်ပင်စောင့်နတ်လဲ ‘အရှင်မပြောတာ မှန်ပါပေတယ်’ လို့ ရှေးနည်းအတိုင်း ချီးကျူးပြီး ပန်းလက်တစ်ဆုပ်နဲ့ ဓမ္မဒိန္နာကို ပူဇော်ပြန်တယ်။

အဲဒီအခါ ဓမ္မဒိန္နာကဆက်ပြီး ‘အရှင်မင်းကြီးလက်ဝဲဘက်မှာ သစ်ပင်တစ်ပင် မီးလောင်နေပါတယ်၊ အရှင်မင်းကြီးရဲ့ ဘုန်းတန်ခိုးကြီးတယ်ဆိုတဲ့ ညောင်ပင်စောင့်နတ်မင်းဟာ အဲဒီသစ်ပင်မှာလောင်နေတဲ့ မီးကိုတောင် မငြိမ်းနိုင်ပါဘူး’ လို့ ပြောတယ်။

ညောင်ပင်စောင့်နတ်လဲ ‘အရှင်မပြောတာ မှန်ပါပေတယ်’ လို့ ရှေးနည်းအတိုင်း ချီးကျူးပြီး ပန်းလက်တစ်ဆုပ်နဲ့ ဓမ္မဒိန္နာကို ပူဇော်ပြန်တယ်။

ဓမ္မဒိန္နာမိဖုရားဟာ ဒီလိုပြောပြီးတော့ ငိုလဲ ငိုတယ်၊ ရယ်လဲ ရယ်တယ်၊ ဒါကိုမြင်တော့ ဗာရာဏသီမင်းက ‘နင် ရူးသလား’ လို့ မေးတယ်။

ဓမ္မဒိန္နာကလည်း ‘မရူးဘူး’ လို့ ဖြေတယ်။

‘မရူးဘူးဆိုရင် ဘာဖြစ်လို့ ငိုလိုက် ရယ်လိုက် လုပ်နေသလဲ’ လို့ မင်းကြီးက ထပ်မေးတယ်။

အဲဒီအခါ ဓမ္မဒိန္နာက ‘အရှင်မင်းကြီး နားဆင်တော်မူပါ၊ ကျွန်တော်မဟာ ရှေးအခါတုန်းက လင်ယောကျ်ားရဲ့ ညီသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွေးဖို့အမဲသားအဝယ်ခိုင်းလိုက်ပါတယ်၊ဝယ်လို့မရတာနဲ့နောက် မှာ မွေးထားတဲ့ ဆိတ်မတစ်ကောင်ကို လည်လှီးသတ်ပြီး ညည့်သည် ချက်ကျွေးလိုက်ပါတယ်၊ ဆိတ်တစ်ကောင်ကို ဒီလို သတ်ခဲ့ အကုသိုလ်ကြောင့် သေတဲ့အခါ ငရဲကျပါတယ်၊ ငရဲက လွတ်လာ အခါ ကြွင်းကျန်နေသေးတဲ့ ဒီအကုသိုလ်ကံကြောင့် ဆိတ်မမှာရှိ အမွေးအရေအတွက်နဲ့အညီအမျှ ဘဝပေါင်းများစွာမှာ ကျွန်တော် ဟာ ခေါင်းဖြတ်ခံခဲ့ရဖူးပါပြီ၊ ဆိတ်တစ်ကောင်တည်းကို သတ် ဒီလောကဆင်းရဲဒုက္ခခံရရင် အရှင်မင်းကြီးဟာ ဤမျှလောက်များ တဲ့မင်းတွေနဲ့ မိဖုရားတွေကိုသတ်တဲ့ အကုသိုလ်ကံကြောင့် အ မင်းကြီး ကျရောက်ရမယ့်ဆင်းရဲဒုက္ခတွေက ဘယ်တော့များမှလွတ် မလဲလို့ တွေးမိပြီး ကျွန်တော်မ ငိုပါတယ်' လို့ သံတော်ဦးတင်တ

ဗာရာဏသီမင်းကြီးက 'ဒီလိုဆိုရင် ရယ်တာက ဘာကြော ရယ်တာလဲ' လို့ မေးတယ်။

'ကျွန်တော်မဟာ ဆိတ်ကိုသတ်ခဲ့တဲ့ ဒီအကုသိုလ်ကံက အ ဘဝမှာ လွတ်သွားပါပြီ၊ ဒါကြောင့် ဝမ်းမြောက်ပြီး ရယ်ပါတယ်' ဓမ္မဒိန္နာက သံတော်ဦးတင်တယ်။

ညောင်ပင်စောင့်နတ်လည်း 'အရှင်မပြောတာ မှန်လှပါ တယ်' လို့ ရှေးနည်းအတိုင်းပြောပြီး ပန်းတစ်ဆုပ်နဲ့ ဓမ္မဒိန္နာ ပူဇော်ပြန်တယ်။

အဲဒီအခါ ဆိတ်တစ်ကောင်တည်းကို သတ်မိတာနဲ့ ဒီလော ဆင်းရဲဒုက္ခခံရရင် ဒီမင်းတွေနဲ့ မိဖုရားတွေကို သတ်တဲ့ အကုသို ကံကြောင့် ငါဟာ ဆင်းရဲဒုက္ခ ဘယ်တော့များမှ လွတ်နိုင်ပါလိမ့် လို့ စဉ်းစားမိပြီး ဗာရာဏသီမင်းကြီးဟာ သတ်ရမှာ သိပ်ကြော သွားတယ်။



ဒါကြောင့် သူ့ထက်ကြီးတဲ့မင်းတွေကို ကန်တော့၊ သူ့ထက် ငယ်တဲ့ မင်းတွေကို လက်အုပ်ချီ တောင်းပန်ပြီး သူတို့ရဲ့နိုင်ငံ အသီးသီးကို ပြန်ပို့လိုက်တယ်။

ဦးစန္ဒောဘာသက သူ့အသက်သတ်ခြင်းရဲ့ အပြစ်ကြီးမားပုံကို သူ့မြေး အောင်ကို ပြောပြတယ်။

ဘိုးဘိုးဦးစန္ဒောဘာသပြောလို့ပြီးတဲ့အခါ မြေးမိုးအောင်က 'ဘိုးဘိုး ယ်၊ ဒီ ယုံတမ်းစကားတွေကို မယုံပါနဲ့၊ ငရဲဆိုတာလဲ မရှိပါဘူး၊ တွေ သိကြားတွေဆိုတာလဲ မရှိပါဘူး၊ လူသေရင် ပျောက်သွားတာပဲ၊ ရော၊ ဘာမှ မဖြစ်တော့ဘူး' လို့ ပြောလိုက်တယ်။

ဘိုးဘိုးဦးစန္ဒောဘာသဟာ သူ့ရင်ဘတ်ကို ဖန်းခနဲမြည်အောင် လိုက်ပြီး 'အံမာလေး၊ အံမာလေး' လို့ ပါးစပ်က မြည်နေတယ်။ တော်နဲ့ စကားမပြောနိုင်သေးဘူး။ တစ်အောင့်လောက်ကြာမှ 'ငါ့မြေး ယ်၊ ငါ့မြေး ဒီစကားကို ပြောလိုက်တာ ဘိုးဘိုးရင်ဝကို ဖနောင့်နဲ့ ပေါက်လိုက်တာထက် ဘိုးဘိုး နာသေးတယ်၊ ဒါဟာ ယုံတမ်းစကား ဟုတ်ဘူးကွယ်၊ ဘုရားကိုယ်တော်တိုင် ဟောတော်မူခဲ့တဲ့ တရားတော်ကွယ်၊ ကလေး ဒီလိုပြောလိုက်တာဟာ အင်မတန် အပြစ်ကြီးသွားပြီ' လို့ ဘိုးဦးစန္ဒောဘာသက ပြောတယ်။

မြေး မိုးအောင်က 'ဘိုးဘိုးရယ်၊ လူတွေသေတဲ့အခါ တပည့်တော် ကြည့်နေတယ်၊ မဟုတ်တာလုပ်တဲ့လူတွေက ဘိုးဘိုးပြောနေကျအတိုင်း ရဲကျသွားလို့ ပြန်မပေါ်လာဘူးဆိုရင် ထားပါဦးတော့၊ တချို့လူတွေဟာ သူ့အသက်လဲ မသတ်ဘူး၊ သူ့ဥစ္စာလဲ မခိုးဘူး၊ သူများမိန်းမဆီလဲ သွား မလာဘူး၊ လိမ်မပြောဘူး၊ အရက်လဲမသောက်ဘူး၊ ဥပုသ်တွေလဲ ခဏ စောင့်တယ်၊ ဘုန်းကြီးတွေကိုလဲ ခဏခဏလှူတယ်၊ ဒီလူတွေ ရင် ဘိုးဘိုးတို့ပြောနေကျအတိုင်း နတ်ဖြစ်ရမှာပဲ၊ ဒီလူတွေနတ်ဖြစ်ရင်

www.burmeseclassic.com

www.burmeseclassic.com



သူသေလို့ စိတ်တွေဆင်းရဲပြီး ငိုနေတဲ့ သားသမီးတွေ၊ မယားတွေဆိုကို ခဏာလောက်ဖြစ်ဖြစ် ပြန်လာပြီး မငိုကြနဲ့၊ ငါ့ကိုကြည့်ကြ၊ ငါ နတ်ဖြစ်နေပြီ ငါ နေရတာ သိပ်ချမ်းသာတာပဲ ဆိုတာလောက်တော့ သားသမီးတွေ မယား တွေ စိတ်ချမ်းသာအောင် ပြောဖို့ကောင်းပါတယ်၊ အခုတော့ ဘိုးဘိုးရယ် လူဆိုးသေသွားလဲ ပေါ်မလာဘူး၊ လူကောင်းတွေသေသွားလဲ ပေါ်မလာဘူး သေပြီး ပြန်လာတယ်ဆိုတာ တပည့်တော် တစ်ခါမှလဲ မကြားဖူးဘူး မမြင်လဲ မမြင်ဖူးဘူး၊ ဘိုးဘိုးရယ် နတ်နဲ့ တပည့်တော်လို လူဆိုးနဲ့ မတန် ဘူးဘဲ ထားပါဦး၊ သရဲတို့ တစ္ဆေတို့ကိုတောင် တပည့်တော် တစ်ခါမှ မတွေ့ဖူးဘူး။

'သရက်တောင်မှာ အခန်းတစ်ခုရှိတယ်၊ အဲဒီအခန်းထဲမှာ လူငယ် တစ်ယောက် ဓားထိုးခံရပြီး သေသွားတယ်၊ အဲဒီအခန်းထဲမှာ အိပ်တဲ့လူ မှန်သမျှ သန်းခေါင်လောက်ကျရင် ထအော်ရတာချည်းပဲ၊ သရဲဟာ အိပ်နေ တဲ့လူကို ခြေထောက်ဆွဲတယ်၊ စောင်ကိုဆွဲပြီး လွှင့်ပစ်တယ်၊ လည်ပင်းကို ညှစ်တယ်၊ အမျိုးစုံလုပ်တာပဲလို့ သူတို့ ပြောကြတယ်၊ အဲဒါနဲ့ အဲဒီအခန်း ထဲမှာ ဘယ်သူမှ မအိပ်ရဲကြဘူး၊ ဒီအကြောင်း တပည့်တော်သိတော့ တောင်မှူးကြီးဆီမှာ ခွင့်တောင်းပြီး အဲဒီအခန်းထဲမှာ တပည့်တော်သွားအိပ် တယ်၊ ထောင်ထဲကလူတွေဟာ တပည့်တော်ရဲ့အော်သံကို သန်းခေါင် လောက်ဆိုရင် ကြားရမှာပဲလို့ မျှော်နေကြတယ်၊ တပည့်တော်က ဒီအခန်းထဲ ရိုးရိုးအိပ်တာတောင် မဟုတ်ဘူး၊ 'ဟေ့ သရဲဆိုတဲ့အကောင်၊ မင်းဟာ တကယ်ရှိတယ်ဆိုရင် ငါ့ကို အစွမ်းကုန် ခြောက်ပြကွာ၊ တော်ရုံတန်ရုံတော့ မလုပ်နဲ့၊ ငါကြည့်ချင်တယ်' လို့တောင် ပြောလိုက်သေးတယ်၊ တပည့်တော် ထွက်လာတဲ့နေ့အထိ အဲဒီအခန်းထဲမှာ အိပ်ခဲ့တာပဲ၊ သရဲ တစ္ဆေဆိုလို့ ဘာတစ်ကောင်ကိုမှ မတွေ့ခဲ့ရဘူး၊ တပည့်တော်ကို သရဲဖြစ်ဖြစ်၊ တစ္ဆေ ဖြစ်ဖြစ် မြင်ရအောင် ဘိုးဘိုး ပြနိုင်မလား၊ ပြနိုင်ရင် ဘိုးဘိုးပြောတာတွေ



ည့်တော် အကုန်လုံးယုံမယ်' လို့ ဘိုးဘိုးဦးစန္ဒာဘာသကို မြေးမိုးအောင် လျှောက်တယ်။

## ဂုလိမာလ နှင့် သန္တတိအမတ်ကြီး

ဘိုးဘိုးဦးစန္ဒာဘာသက ချောင်းဟန့်လိုက်ပြီး 'ငါ့မြေးကို ပါယာသိ တ် ပြောရဦးမယ်ကွယ်' လို့ စ လိုက်တယ်။

မလှရင်က ကြားဖြတ်ပြီး 'အရှင်ဘုရား လေကုန်ခံမနေပါနဲ့တော့၊ ငယ်ဟာ ချွတ်လို့ ကျွတ်မယ့် သူငယ် မဟုတ်ပါဘူး' လို့ လျှောက်လိုက် ယ်။

'သမီးရေ ဒီလိုလဲ မဟုတ်သေးဘူး၊ ငါ့မြေးဟာ အင်္ဂုလိမာလ ဆိုးတုန်း လောက် မဆိုးသေးပါဘူးကွယ်၊ လူတွေကို ရာပေါင်းများစွာ သတ်နေတဲ့ ဂုလိမာလတောင် ရဟန္တာဖြစ်သွားနိုင်သေးရင် ငါ့မြေးလဲ အကျွတ်တရား လမ်းတွေ အများကြီးရှိနေပါသေးတယ်၊ ဘုရားတရားတော်ဟာ အင်မတန် န်းကြယ်တယ်။

'မနက်ဘက်မှာ ဘုရားဆွမ်းခံဝင်တော့ အရက်မူးနေတုန်း ရှိသေးတဲ့ သန္တတိအမတ်ကြီးဟာ ညနေကျရင် ဘုရားဆီကိုလာရ မယ်၊ ဘုရားရဲ့ လေးပါဒရှိတဲ့ ဂါထာတစ်ပုဒ်မဆုံးခင် ရဟန္တာဖြစ်ရ မယ်လို့ မြတ်စွာဘုရား မိန့်တော်မူတယ်၊ တိတ္ထိတွေက ဒါဟာ ဘယ် နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ရဟန်း ဂေါတမကို ရှုတ်ချဖို့ အချက်တစ်ခု ရပြီဆိုပြီး ဘုရားကျောင်းတော်နားမှာ သူတို့ ပရိသတ်နဲ့ စောင့်နေ ကြတယ်၊ ညနေကျတော့ သန္တတိအမတ်ကြီးဟာ သူချစ်တဲ့ ကချေ သည်မလေး က တာကို ကြည့်နေရင်း အဲဒီ ကချေသည် မလေးဟာ သူ့ရှေ့မှာ လေဖြတ်ပြီးသေသွားတယ်၊ ဒါနဲ့ ရင်ထဲမှာ ပူလောင်ပြီး ရင်အေးအောင် လုပ်ပေးဖို့ ဘုရားဆီကို ပြေးလာတယ်၊ ဘုရားက

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လေးပါဒရှိတဲ့ ဂါထာတစ်ပုဒ်ကို ဟောတာပဲ၊ ဂါထာမဆုံး သန္တတိအမတ်ကြီးဟာ ရဟန္တာဖြစ်သွားပြီး ဘုရားအမိန့်တော် မမှန်ကို စောင့်ကြည့်နေတဲ့ တိတ္ထိတွေမြင်ရအောင် ထန်းခုနစ် အမြင့်အထိ တန်ခိုးနဲ့ တက်ပြလိုက်သေးတယ်၊ တရားတော်ဟာ အင်မတန် ဆန်းကြယ်တယ် သမီးရယ်၊ ငါ့မြေးအတွက် မျှော်လင့်ချ မကုန်သေးပါဘူး၊ ငါ့မြေးလိုလူမျိုးဟာ ကောင်းရင်လဲ ထူးထူးချွန်ချွ ကြီး ကောင်းမှာပဲ' လို့ ပြောပြီး ပါယာသိသုတ်ကို ဒီလို ဟောတယ်

မြတ်စွာဘုရား လက်ထက်တုန်းက ပါယာသိမြို့စားဆိုသူ တစ်ဦး ရှိတယ်။ ဒီမြို့စားဟာ တခြားသူမဟုတ်ပါဘူး၊ 'လူသေရ ပြီးရော ပြတ်ရော ချုပ်ရော နောက်ထပ်ဘဝမှ ပြန်မဖြစ်တော့ဘူး နောက်ဘဝဆိုတာ မရှိဘူး၊ ကံ ကံ၏အကျိုးဆိုတာ မရှိဘူး' လို့ ခါးခါးသီးသီး ယုံကြည်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်၊ ဒီမြို့စားဟာ သိပ်အယူသည်းတယ်၊ အနုခေတ် နောင်ဘဝ မရှိဘူးဆိုတဲ့ ဥစ္ဆေ ဒိဋ္ဌိအယူကိုယူတဲ့ သူတွေဟာ အယူသည်းတဲ့နေရာမှာ ဒီမြို့စားကို ဘယ်နည်းနဲ့မှ လိုက်လို့ မမီပါဘူး။

### ပါယာသိမြို့စားနဲ့ ရှင်ကုမာရကဿပ
### (နောင်ဘဝ ရှိ မရှိ စစ်တမ်း)

မြတ်စွာဘုရား လက်ထက်တော်က ဘုရားရဲ့တပည့် သာဝက တစ်ဦးဖြစ်တဲ့ အရှင်ကုမာရကဿပဟာ ရဟန်းငါးရာနဲ့ ဒေသစာ လှည့်ရင်း သေဂဗျမြို့ကို ရောက်သွားတယ်။ ဒီမြို့ကို ပါယာသိဆိုတဲ့ မြို့စားက အုပ်ချုပ်နေတယ်။ မြို့သူမြို့သားတွေဟာ အရှင်ကုမာ ကဿပကိုပူဇော်ရအောင် လူစုလူဝေးနဲ့ သွားနေကြတာကို ပါယာ မြို့စား မြင်ရတယ်။



အဲဒီအခါ ပါယာသိမြို့စားဟာ သူ့အမတ်တစ်ယောက်ကို ခေါ်ပြီး 'အမတ်၊ ဒီလူတွေနောက် ခပ်မြန်မြန်လိုက်စမ်း၊ ပါယာသိ မြို့စားလဲ အရှင်ကုမာရကဿပကို ဖူးမျှော်ရအောင် လိုက်ပါလိမ့် မယ်' လို့ ပြောပြီး ခဏဆိုင်းထား၊ ဒီလူတွေဟာ လူမိုက်တွေ၊ ဘာမှ နားလည်ကြတာ မဟုတ်ဘူး၊ ကုမာရကဿပ ရဟန်းဟာ ဒီလူမိုက် တွေကိုတွေ့ရင် နောင်ဘဝဆိုတာ ရှိတယ်၊ သတ္တဝါတွေ သေပြီးရင် တစ်ဖန်ပြန်ဖြစ်တယ်၊ ကုသိုလ် အကုသိုလ်ဆိုတာရှိတယ်၊ ဒီကုသိုလ် အကုသိုလ်တွေဟာ အကျိုးပေးနိုင်တယ်ဆိုတဲ့ မဟုတ်မဟတ် တရား တွေကို ဟောလိမ့်မယ်၊ ဒီတရားတွေကို နာရရင် ဒီလူမိုက်တွေဟာ ယုံကြည်လိမ့်မယ်၊ သူတို့ကို ကယ်ရအောင် ငါ လိုက်သွားမှဖြစ်မယ်' လို့ မြို့စားက သူ့အမတ်ကို အမိန့်ရှိလိုက်တယ်။

သူ့အမတ်လဲ မြို့စားရဲ့အမိန့်အတိုင်း အရှင်ကုမာရကဿပ ကို ဖူးရအောင် သွားတဲ့လူတွေဆီကို အမြန်လိုက်သွားပြီး ခဏတား လိုက်တယ်။ ပါယာသိမြို့စား ရောက်လာတဲ့အခါကျတော့မှ အားလုံး စုပြီး အရှင်ကုမာရကဿပဆီကို သွားကြတယ်။ အရှင်ကုမာရ ကဿပနဲ့ တွေ့တဲ့အခါ ပါယာသိမြို့စားက 'အရှင်ကဿပ၊ တစ်ပါး သော လောကဆိုတာ မရှိဘူး၊ သေပြီး တစ်ဖန် ပြန်ဖြစ်တယ် ဆိုတဲ့ သတ္တဝါဆိုတာ မရှိဘူး၊ အကျိုးပေးနိုင်တဲ့ ကောင်းမှုကံ မကောင်းမှုကံဆိုတာ မရှိဘူး၊ အဲဒီလို တပည့်တော်တို့ ယုံကြည်နေ ပါတယ်' လို့ လျှောက်ထားတယ်။

အဲဒီအခါ အရှင်ကုမာရကဿပက 'မြို့စား၊ ဒီလိုယုံကြည်ရ အောင် သင့်မှာ ခိုင်လုံတဲ့အကြောင်းများ ရှိပါသလား' လို့ မေးတယ်။

မြို့စားက 'ရှိပါတယ်၊ အကျွန်ုပ်ရဲ့ ဆွေမျိုးသားချင်း အဆွေ ခင်ပွန်း အချို့ဟာ အသက်သတ်လေ့ရှိပါတယ်၊ မပေးတဲ့ဥစ္စာကို

www.burmeseclassic.com

www.burmeseclassic.com



ယူလေ့ရှိပါတယ်၊ ကာမဂုဏ်တို့မှာ မှားယွင်းစွာ ကျင့်လေ့ရှိပါတယ်၊ မဟုတ်မမှန်တဲ့စကားကို ပြောလေ့ရှိပါတယ်၊ ကုန်းတိုက်ပေးတတ်ပါတယ်၊ ကြမ်းတမ်းတဲ့စကားကို ပြောလေ့ရှိပါတယ်၊ တပ်မက်မောခြင်း များပါတယ်၊ သူတစ်ပါး ပျက်စီးလိုတဲ့စိတ်တွေ များပါတယ်၊ မှားတဲ့အယူကို ယူကြပါတယ်၊ အခု အကျွန်ုပ်ပြောခဲ့တဲ့ ဒုစရိုက်ဆယ်မျိုးစလုံးကို ဒီသူတွေဟာ အစွမ်းကုန် ကျူးလွန်ကြတယ်၊ ဒီသူတွေ နာဖျားမကျန်းဖြစ်ပြီး သေခါနီးကျတော့ သူတို့ အနားကိုသွားပြီး အကျွန်ုပ်က ဒီလိုပြောတယ်။

'အချင်းတို့၊ ဒုစရိုက်ဆယ်ပါးကို ကျူးလွန်တဲ့သူတွေဟာ သေရင် ငရဲကျတယ်လို့ သမဏ ဗြာဟ္မဏတွေ ဟောလေ့ရှိတယ်၊ အချင်းတို့ဟာ ဒုစရိုက်ဆယ်ပါးစလုံးကို အကုန်ကျူးလွန်တာပဲ၊ ဒါကြောင့် အချင်းတို့ သေတဲ့အခါ သမဏ ဗြာဟ္မဏတွေ ဟောတဲ့အတိုင်းဆိုရင် အချင်းတို့ဟာ ငရဲကိုကျမယ်၊ အချင်းတို့ဟာ ငရဲကို တကယ်ပဲ ရောက်တယ်ဆိုရင် 'တစ်ပါးသော လောက နောင်ဘဝဆိုတာ ရှိတယ်၊ သေပြီး တစ်ဖန်ဖြစ်ပေါ်တဲ့ သတ္တဝါဆိုတာရှိတယ်၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုတာ ရှိတယ်' လို့ ငါ့ကို လာပြောကြပါ၊ သင်တို့ဟာ ငါ့ရဲ့ ယုံကြည်ကိုးစားထိုက်တဲ့ သူတွေ ဖြစ်တယ်။

'အဲဒီတော့ သင်တို့မြင်တဲ့အရာကို ငါကိုယ်တိုင်မြင်ရသလိုပဲ ငါ ယုံကြည်ပါမယ်လို့ ဒီ သေကာနီးဆွေမျိုးသားချင်း မိတ်ဆွေ ခင်ပွန်းတွေကို အကျွန်ုပ်က ပြောတယ်၊ ဒီလူတွေကလဲ ကောင်းပါပြီ၊ လာပြောပါ့မယ်လို့ အကျွန်ုပ်ကို ဝန်ခံကြတယ်၊ ဒီလူတွေ သေကြတာ ကြာပါပြီ၊ အခုထက်ထိလဲ အကျွန်ုပ်ကို ဘာမှလာမပြောကြဘူး၊ သူတို့မလာအားရင်လဲ သူတို့ရဲ့တမန်ကိုယ်စားလှယ်တစ်ဦး



ဦးကို လွှတ်ပြီး အကျွန်ုပ်ကို အပြောခိုင်းရမယ်၊ တမန်ကိုယ်စားလှယ်လဲ တစ်ယောက်မှ လာမပြောဘူး၊ အဲဒီအကြောင်းကြောင့် 'တမလွန်လောက နောင်ဘဝဆိုတာ မရှိဘူး၊ သေပြီးပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ မရှိဘူး၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ မရှိဘူး' လို့ အကျွန်ုပ် ယုံကြည်နေခြင်းဖြစ်ပါတယ်'

ပါယာသိမြို့စားက အရှင်ကုမာရကဿပကို လျှောက်ထားတယ်။

'မြို့စား၊ ဒီလိုဆိုရင် သင့်ကို ငါ မေးခွန်းတစ်ခု မေးမယ်၊ သင် ကြိုက်သလို ဖြေပါ၊ သင့်ရဲ့ မင်းချင်းယောကျ်ားတစ်ယောက်ဟာ ခိုးသူတစ်ယောက်ကို ဖမ်းပြီး သင့်ကို တင်ပြတယ်ဆိုပါတော့၊ အဲဒီအခါ သင်က ဒီလိုအပြစ်ဒဏ်ပေးမှာပဲ၊ ဒီခိုးသူကို လက်ပြန်ကြိုးတုပ်၊ ခေါင်းတုံးရိတ်၊ လမ်းဆုံလမ်းခွတိုင်းမှာ ဒီကောင် ခိုးသူဆိုတာကို စည်တီးပြီး ကြေညာ၊ ပြီးတော့မှ တောင်တံခါးကထုတ်ပြီး သူသတ်ကုန်းမှာ ခေါင်းကိုဖြတ်ရမယ်' လို့ အမိန့်ချမှာပဲ။

'မင်းချင်းယောကျ်ားတွေလဲ သင့်အမိန့်အတိုင်း ခိုးသူကို ထုတ်သွားပြီး သူသတ်ကုန်းကို ရောက်တဲ့အခါ ဒီခိုးသူက မင်းချင်းတွေကို 'အရှင်မင်းချင်းတို့၊ ကျွန်တော်တို့ရွာမှာ ဆွေမျိုးသားချင်းတွေ ရှိပါတယ်၊ ဒီ ဆွေမျိုးသားချင်းတွေဆီကိုသွားပြီး ကျွန်တော် ခဏလောက် မျက်နှာပြပါရစေ၊ ကျွန်တော် စုဆောင်းထားတဲ့ ဥစ္စာကလေးတွေကိုလဲ ပြပါရစေ၊ ကျွန်တော့်ကို အခု မသတ်ပါနဲ့ဦး၊ ရွာက ကျွန်တော် ပြန်လာတဲ့တိုင်အောင် စောင့်ပါ' လို့ တောင်းပန်ပါမယ်၊ အဲဒီလို တောင်းပန်တဲ့အခါ မင်းချင်းယောကျ်ားတွေက ဒီခိုးသူကို ဆွေမျိုးတွေဆီ သွားခွင့်ပြုလိုက်မလား၊ ဒါမှမဟုတ်ရင်လဲ ဒီခိုးသူဟာ ငိုကြွေးမြည်တမ်းနေတုန်းပဲ သူ့ခေါင်းကို ဖြတ်မလား၊ အဲဒီမေးခွန်းကို မြို့စား ကြိုက်သလို ဖြေပါ' လို့ အရှင်ကုမာရကဿပက မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီခိုးသူကို သူ့ဆွေမျိုးတွေဆီသွားဖို့ ခွင့်ပေးမှာ မဟုတ်ပါဘူး သူ ငိုကြွေးနေတုန်း သူ့ခေါင်းကို ဖြတ်ကြမှာပါပဲ' လို့ မြို့စား အရှင်ကုမာရကဿပကို ဖြေတယ်။

အဲဒီအခါ 'မြို့စား၊ လူအချင်းချင်းဖြစ်တဲ့ မင်းချင်းယောက်ျား တွေကိုတောင် ဒီသူခိုးဟာ သူ့ဆွေမျိုးတွေဆီ ခဏသွားပြီး သူ့မျက်နှာ ပြဖို့၊ သိမ်းဆည်းထားတဲ့ ဥစ္စာကလေးတွေပြဖို့ ခွင့်တောင်းလို့မရရင် ဒုစရိုက်ဆယ်ပါးကျူးလွန်လို့ ငရဲကျရတဲ့သူတွေဟာ 'တမလွန် လောက နောင်ဘဝဆိုတာ ရှိတယ်၊ သေပြီးပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ ရှိတယ်၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံ ဆိုတာရှိတယ်' လို့ သင်မြို့စားဆီ ခဏလာပြီးပြောဖို့ ငရဲထိန်းတွေဆီမှာ ဘယ်နှ လုပ်ပြီး ခွင့်တောင်းလို့ရမလဲ၊ အဲဒါကြောင့် မြို့စားမင်း သင့်ရဲ့ မှားတဲ့အယူကို စွန့်ပါတော့၊ တမလွန်လောက နောင်ဘဝဆိုတာ ရှိတယ်၊ သေရင်ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ ရှိတယ်၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ ရှိတယ်' လို့ အရှင်ကုမာရကဿပ က မြို့စားပါယာသိကို အမိန့်ရှိတယ်။

အဲဒီအခါ ပါယာသိမြို့စားက 'အရှင်ကဿပ ဘယ်လို အမိန့်ရှိရှိ အကျွန်ုပ်ရဲ့အယူကိုတော့ မစွန့်နိုင်ဘူး၊ တမလွန်လော နောင်ဘဝဆိုတာ မရှိဘူး၊ သေပြီးပြန်ဖြစ်တဲ့ သတ္တဝါဆိုတာမရှိဘူး အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ မရှိဘူး' လို့ ပြန်လျှောက်ထားတယ်။

မြို့စားလျှောက်ပြီးတဲ့နောက် အရှင်ကုမာရကဿပက 'မြို့ ဒီအယူကို ဒီလောက် စွဲစွဲမြဲမြဲကြီး ယုံကြည်နေလောက်အောင် ခု ပြောခဲ့တဲ့ အကြောင်းအပြင် အခြားအကြောင်းများ ရှိနေသေးလား' လို့ မေးတယ်။



ပါယာသိမြို့စားက 'တခြားအကြောင်း ရှိပါသေးတယ်၊ အကျွန်ုပ်ရဲ့ ဆွေမျိုးသားချင်း အဆွေခင်ပွန်းတချို့ ရှိကြပါသေး တယ်၊ သူတို့ဟာ ဒုစရိုက်ဆယ်ပါးစလုံးကို အကုန်ရှောင်တယ်၊ အဲဒီသူတွေ နာဖျားမကျန်းဖြစ်ပြီး သေခါနီးကျတော့ သူတို့အနားကို အကျွန်ုပ်ကပ်ပြီး အချင်းတို့ ဒုစရိုက်ဆယ်ပါးစလုံးကို အကုန်ရှောင်တဲ့ လူတွေဟာ သေတဲ့အခါ နတ်ပြည်ရောက်တယ်လို့ သမဏဗြာဟ္မဏ တွေ ဟောကြတယ်၊ သင်တို့ဟာ ဒုစရိုက်မှန်သမျှ အကုန်ရှောင်တယ်၊ သမဏဗြာဟ္မဏတွေ ဟောတဲ့အတိုင်း မှန်ရင် သင်တို့ဟာ သေတဲ့ အခါ နတ်ပြည်ရောက်ရမယ်၊ သင်တို့ နတ်ပြည်ရောက်ရမယ်၊ သင်တို့ နတ်ပြည်ရောက်တဲ့အခါ တစ်ပါးသော လောက နောင်ဘဝ ဆိုတာ ရှိတယ်၊ သေပြီးပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ ရှိတယ်၊ အကျိုး ပေးနိုင်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ ရှိတယ်လို့ ငါ့ဆီလာပြီး ပြောကြားကြပါ၊ အသင်တို့ဟာ ငါ့ရဲ့ ယုံကြည်ကိုးစားထိုက်တဲ့သူ တွေဖြစ်ပါတယ်၊ သင်တို့ကိုယ်တိုင် သိမြင်တဲ့အရာကို ငါကိုယ်တိုင် သိမြင်တဲ့အရာလို့ ငါယုံကြည်ပါ့မယ်လို့ ဒီ သေခါနီး ဆွေမျိုးသားချင်း အဆွေခင်ပွန်းတွေကို အကျွန်ုပ်က ပြောတယ်၊ ဒီသူတွေကလဲကောင်း ပါပြီ၊ လာပြောပါ့မယ်လို့ အကျွန်ုပ်ကို ဝန်ခံကြတယ်၊ အကျွန်ုပ်ကို ဘာမှ လာမပြောကြဘူး၊ သူတို့ မလာအားရင်လဲ သူတို့ရဲ့ တမန် ကိုယ်စားလှယ် တစ်ဦးဦးကို လွှတ်ပြီး အကျွန်ုပ်ကို အပြောခိုင်းရမယ်၊ တမန်ကိုယ်စားလှယ်လဲ တစ်ယောက်မှလာမပြောဘူး၊အဲဒီအကြောင်း ကြောင့်လဲ တမလွန်လောက နောင်ဘဝဆိုတာ မရှိဘူး၊သေပြီးပြန်ဖြစ် တဲ့ သတ္တဝါဆိုတာမရှိဘူး၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ အကုသိုလ် ကံဆိုတာ မရှိဘူး' လို့ အကျွန်ုပ် ယုံကြည်နေခြင်းဖြစ်ပါတယ်' လို့ ပါယာသိမြို့စားက အရှင်ကုမာရကဿပကို လျှောက်ထားတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မြို့စား၊ ဒီလိုဆိုရင် သင့်ကို ငါ ဥပမာတစ်ခုပြောမယ် [illegible] တချို့ပညာရှိတွေဟာ ဥပမာကိုကြားရုံနဲ့ သဘောပေါက်နိုင်တယ် [illegible] မြို့စား ယောကျ်ားတစ်ယောက်ဟာ မစင်တွင်းထဲမှာ ခေါင်းပါမြု [illegible] နေတယ်ဆိုကြပါစို့၊ အဲဒီအခါ သင်မြို့စားက မင်းချင်းယောကျ် [illegible] တွေကို အချင်းတို့၊ မစင်တွင်းထဲမှာ မြုပ်နေတဲ့သူကို ထုတ်လိုက် [illegible] ပါ၊ အဲဒီလိုထုတ်ပြီး ရှေးဦးစွာ ကိုယ်ကမစင်တွေကို ကုန်သွားအော [illegible] ဝါးခြမ်းပြားနဲ့ ခြစ်ချ၊ ပြီးတော့မှ မြေဖြူမှုန့်နဲ့ သူ့တစ်ကိုယ်လုံး [illegible] သုံးကြိမ်တိုင်တိုင် ပွတ်တိုက်ပေး၊ ဒီလို ပွတ်တိုက်ပြီးတော့ [illegible] တစ်ကိုယ်လုံးကို ဆီနဲ့ ကောင်းကောင်းလူးပေး၊ ဆီနဲ့လူးပြီးပြီ [illegible] တော့မှ တစ်ကိုယ်လုံးကို ဆပ်ပြာမှုန့်နဲ့ သုံးကြိမ်တိုက်ပြီး ရေစင် [illegible] ကြီး ချိုးပေးရမယ်၊ အဲဒီလို ရေချိုးပြီးတော့ သူ့ဆံမုတ်ဆိတ် [illegible] ကောင်းကောင်း ပြုပြင်ပေးပြီးတော့မှ သူ့ကို အမွှေးအကြိုင် နံ့ [illegible] တွေ လူးပေးရမယ်၊ အဖိုးတန်တဲ့ အဝတ်အစား ဆင်ရမယ်၊ အ [illegible] တန်တဲ့ ပန်းကို ပန်ပေးရမယ်၊ အဲဒီလိုပေးပြီးတော့မှ ပြာသာဒ် [illegible] တင်ပြီး ကာမဂုဏ်ငါးပါးကို ခံစားပါစေလို့ အမိန့်ပေးလိုက်တ [illegible] သင်မြို့စားရဲ့ မင်းချင်းတွေကလဲ အမိန့်အတိုင်း အားလုံး ပြည့်ပြည့် [illegible] လုပ်ပေးကြတယ်၊ အဲဒီတော့ မြို့စား၊ သင့်ကို ငါ မေးခွန်းတ [illegible] မေးမယ်၊ ဒီလို ရေကောင်းကောင်းချိုးပြီးတဲ့၊ အမွှေးနံ့သာ [illegible] ကောင်းကောင်းလိမ်းပြီးတဲ့၊ ဆံမုတ်ဆိတ်ကို ကောင်းကောင်း [illegible] ပြီးတဲ့၊ ပန်းကုံးစွပ်ပြီးတဲ့၊ အဝတ်တန်ဆာ ကောင်းကောင်း [illegible] တဲ့၊ မြတ်တဲ့ ပြာသာဒ်ပေါ်မှာတက်ပြီး ကာမဂုဏ်ငါးပါးကို [illegible] နေတဲ့ ဒီယောကျ်ားမှာ မစင်တွင်းထဲ ပြန်ဆင်းချင်တဲ့ ဆန္ဒ [illegible] ဖြစ်ပါသေး သလား' လို့ အရှင်ကုမာရကဿပက ပါယာသိမြို့ [illegible] မေးတယ်။



ဒီလိုမေးတော့ မြို့စားက 'အရှင်ကဿပ၊ မစင်တွင်းထဲ ပြန်ဆင်းချင်တဲ့ ဆန္ဒမျိုး ဒီယောကျ်ားမှာ မဖြစ်နိုင်ပါ၊ မစင်တွင်းဟာ ညစ်ပတ်ပါတယ်၊ နံစော်ပါတယ်၊ စက်ဆုပ်ဖွယ် ရွံရှာဖွယ်လဲဖြစ်ပါတယ်' လို့ အရှင်ကုမာရကဿပကို လျှောက်ထားတယ်။

အဲဒီအခါ အရှင်ကုမာရကဿပက 'မြို့စား၊ အဲဒီလိုပဲ လူ့ဘဝဟာ နတ်ဘဝနဲ့စာလိုက်ရင် ညစ်ပတ်တယ်၊ နံစော်တယ်၊ စက်ဆုပ်ဖွယ် ရွံရှာဖွယ်လဲဖြစ်တယ်၊ မြို့စား၊ လူတွေရဲ့အနံ့ကို ယူဇနာတစ်ရာလောက်ဝေးတဲ့ အရပ်ကတောင် နတ်တွေမခံနိုင်ဘူး၊ အဲဒီလိုဆိုတော့ ဒုစရိုက်ဆယ်ပါးကိုရှောင်တဲ့အတွက် နတ်ပြည်မှာ နတ်သမီး နတ်သားတွေဖြစ်နေကြတဲ့ သင်မြို့စားရဲ့ ဆွေမျိုးသားချင်း မိတ်ဆွေရင်းတွေဟာ 'တစ်ပါးသော လောက နောင်ဘဝဆိုတာရှိတယ်၊ သေပြီးပြန်ဖြစ်တဲ့ သတ္တဝါဆိုတာရှိတယ်၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ ရှိတယ်' လို့ ပြောရအောင် သင် မြို့စားဆီကို ဘယ့်နှယ်လုပ်ပြီး လာနိုင်တော့မလဲ' အဲဒါကြောင့် မြို့စား၊ သင်ရဲ့ မှားတဲ့အယူကို စွန့်ပါတော့၊ 'တမလွန်လောက နောက်ဘဝဆိုတာ ရှိတယ်၊ သေပြီးပြန်ဖြစ်တဲ့ သတ္တဝါဆိုတာရှိတယ်၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ ရှိတယ်' လို့ အရှင်ကုမာရကဿပက အမိန့်ရှိတယ်။

အဲဒီအခါ ပါရာသိမြို့စားက 'အရှင်ကဿပ ဘယ်လိုပဲအမိန့်ရှိရှိ၊ အကျွန်ုပ်ရဲ့ အယူကိုတော့ မစွန့်နိုင်ဘူး၊ တမလွန်လောက နောင်ဘဝဆိုတာ မရှိဘူး၊ သေပြီး ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာမရှိဘူး၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုတာ မရှိဘူး' လို့ ပြန်လျှောက်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားလျှောက်ထားပြီးတဲ့အခါ အရှင်ကုမာရကဿပက 'မြို့စား၊ ဒီအယူကို ဒါလောက် စွဲစွဲမြဲမြဲကြီး ယုံကြည်နေလော အောင် တခြားအကြောင်းများကော ရှိသေးသလား' လို့ မေးတယ်

ပါယာသိမြို့စားက 'အရှင်ကဿပ၊ ရှိပါသေးတယ်၊ အကျွန် မှာ ဆွေမျိုးသားချင်း မိတ်ဆွေရင်း တချို့ ရှိပါသေးတယ်၊ ဒီသ တွေဟာ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲကြပါတယ်၊ ဒီသူတ နာဖျားမကျန်းဖြစ်ပြီး သေခါနီးတဲ့အခါ အကျွန်ုပ်ဟာ သူတို့ ချဉ်းကပ်ပြီး အချင်းတို့ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲတဲ့သူတွေ ဟာ သေတဲ့အခါ တာဝတိံသာ နတ်ပြည်မှာ နတ်သားတွေ၊ နတ်သမီး တွေဖြစ်တယ်လို့ သမဏ ဗြာဟ္မဏတွေက ဟောကြတယ်၊ သင်တို့ ဟာ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲတယ်၊ ဒါကြောင့် ဒီသမဏ ဗြာဟ္မဏတွေ ဟောတာမှန်ရင် သင်တို့သေတဲ့အခါ တာဝတိံသာ နတ်ပြည်မှာ နတ်သမီးတွေ၊ နတ်သားတွေ ဖြစ်မယ်၊ အဲဒီလိုဖြစ်ကြတဲ့ အခါ ငါ့ကိုလာပြောလှည့်ကြပါလို့ အရင်လူတွေအတိုင်း မှာလိုက် တယ်၊ သူတို့သေတာကြာပြီ၊ သူတို့လဲ မလာဘူး၊ သူတို့ရဲ့ တမ ကိုယ်စားလှယ်တွေလဲ မလာဘူး၊ အဲဒီအကြောင်းကြောင့်လဲ 'တမလွ လောက နောင်ဘဝဆိုတာ မရှိဘူး၊ သေပြီး ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ မရှိဘူး၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုတာ မရှိဘူး' လို့ အကျွန်ုပ် ယုံကြည်နေခြင်းဖြစ်ပါတယ်'

လို့ ပါယာသိမြို့စားက လျှောက်ထားတယ်။

'မြို့စား၊ ဒီလိုဆိုရင် သင့်ကို ငါတစ်ခုမေးမယ်၊ သင်ကြိုက် သလိုသာ ဖြေပါ၊ မြို့စား လူ့ပြည်မှာ အနှစ်တစ်ရာဟာ တာဝတိံသာ နတ်ပြည်မှာ တစ်နေ့နဲ့ တစ်ညသာ ရှိတယ်၊ အဲဒီ နေ့ ည ၃၀ ဟာ တစ်လဖြစ်တယ်၊ ဒီလပေါင်း ၁၂ လဟာ တစ်နှစ်ဖြစ်တယ်၊ တာဝတိံ



သာနတ်တွေရဲ့ သက်တမ်းဟာ အဲဒီနှစ်နဲ့ နှစ်ပေါင်း တစ်ထောင် ရှိတယ်၊ အဲဒီတော့ ငါးပါးသီလ ခါးဝတ်ပုဆိုးလိုမြဲတဲ့ သင့်ဆွေမျိုး သားချင်း မိတ်ဆွေရင်းတွေဟာ တာဝတိံသာမှာ နတ်သမီး နတ်သား တွေ ဖြစ်ကြတဲ့အခါ ဒီလိုစိတ်ကူးမျိုး ပေါ်ချင် ပေါ်လာနိုင်တယ်၊ ငါတို့ဟာ တာဝတိံသာမှာ ကာမဂုဏ်ငါးပါးကို နှစ်ရက် သုံးရက် လောက် ခံစား စံစားလိုက်ဦးမယ်၊ ပြီးတော့မှ ပါယာသိမြို့စားဆီ သွားပြီး သူမှာလိုက်တာကိုပြောမယ်၊ အဲဒီလို စိတ်ကူးမျိုး အကယ်၍ ပေါ်လာမယ်ဆိုရင် သင်မြို့စားဆီကို သူတို့ လာပြောနိုင်ကြပါ့မလား'

လို့ အရှင်ကုမာရကဿပက မေးတယ်။

အဲဒီအခါ ပါယာသိမြို့စားက၊ 'ဒီတာဝတိံသာနတ်တွေဟာ တာဝတိံသာနတ်ပြည်ရဲ့ နှစ်ရက်၊ သုံးရက်ကြာမှ လာမယ်ဆိုရင် အကျွန်ုပ်တို့ သေပြီးနေတာ ကြာလှပါပြီ၊ ဒါပေမယ့် တစ်ခုမေးပါ ရစေ၊ တာဝတိံသာနတ်တွေဟာ ဒီလောက် အသက်ရှည်တယ်ဆိုတာ အရှင်ကဿပကို ဘယ်သူပြောသလဲ၊ အရှင်ကဿပရဲ့စကားကို အကျွန်ုပ် မယုံဘူး'

လို့ ပါယာသိမြို့စားက ပြန်ဖြေတယ်။

'မြို့စား၊ ဒီလိုဆိုရင် သင့်ကို ဥပမာတစ်ခုပြောမယ်၊ ဝမ်းတွင်း ကန်းလာတဲ့ ယောကျ်ားတစ်ယောက်ဟာ မည်းတဲ့အဆင်း၊ ဖြူတဲ့ အဆင်း၊ ညိုတဲ့အဆင်း၊ ရွှေတဲ့အဆင်း၊ နီတဲ့အဆင်း၊ မောင်းတဲ့ အဆင်း၊ ညီညွတ်တဲ့အရာ၊ မညီညွတ်တဲ့အရာ၊ ကြယ်တာရာ၊ လ၊ နေတို့ကို မမြင်ရဘူး၊ အဲဒီတော့ ဒီဝမ်းတွင်းကန်းက မည်းတဲ့အဆင်း၊ ဖြူတဲ့အဆင်း၊ ညိုတဲ့အဆင်း၊ ရွှေတဲ့အဆင်း၊ နီတဲ့အဆင်း၊ မောင်း တဲ့ အဆင်း၊ ညီညွတ်တဲ့အရာ၊ မညီညွတ်တဲ့အရာ၊ ကြယ်တာရာ၊ လ၊ နေတို့ဆိုတာတွေဟာ မရှိဘူး၊ ဒါတွေကို မြင်တဲ့သူတွေလဲ

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ ငါဟာ ဒါတွေကို မသိ၊ ဒါတွေကို မမြင်၊ ဒါကြောင့် ဒါတွေဟာ မရှိဘူးလို့ ပြောမယ်၊ အဲဒီလိုပြောရင် ဒီဝမ်းတွင်းကန်း ပြောတာ မှန်ပါမလား'

လို့ အရှင်ကုမာရကဿပက မေးတယ်။

ပါယာသိမြို့စားက 'ဒီဝမ်းတွင်းကန်းပြောတာ မမှန်နိုင်ပါ ဒီအဆင်းတွေ၊ အရာတွေ၊ ဒီကြယ်တာရာတွေ၊ ဒီနေ လတွေဟာရှိ ကြပါတယ်၊ ဒါတွေကို မြင်တဲ့လူတွေလဲ ရှိနေကြပါတယ်၊ ဒီလိုရှိ ပါရက်သားနဲ့ ဒါတွေကို ငါမသိ၊ ဒါတွေကို ငါမမြင်၊ ဒါကြောင့် ဒါတွေ မရှိလို့ဆိုရင် ဒီဝမ်းတွင်းကန်းပြောတာ မမှန်နိုင်ပါ'

လို့ ပါယာသိမြို့စားက လျှောက်တယ်။

အဲဒီအခါ အရှင်ကုမာရကဿပက 'မြို့စား၊ ငါ့ကို သင်ပြော တဲ့ စကားကြောင့် သင်ဟာ ဝမ်းတွင်းကန်းလိုဖြစ်နေတာ ထင်ရှား နေပြီ၊ မြို့စား မံသစက္ခုဆိုတဲ့ ရိုးရိုးမျက်စိနဲ့ တစ်ပါးသောလောက မမြင်နိုင်ဘူး၊ မြို့စား သမဏ ဗြာဟ္မဏတွေဟာ ဆိတ်ငြိမ်ရာအရပ် ကပ်ပြီး ကမ္မဋ္ဌာန်းတရား အားထုတ်ကြတယ်၊ ဒီလို အားထုတ် အတွက် သူတို့ရဲ့စိတ်တွေဟာ တည်ငြိမ်လာပြီး ဒိဗ္ဗစက္ခုကိုရ တယ်၊ ဒီဒိဗ္ဗစက္ခုဟာ မံသစက္ခုနဲ့ မတူဘူး၊ အထူးကြည်လင်ပြီ နတ်မျက်စိနဲ့ တူတယ်၊ ဒီနတ်မျက်စိနဲ့ တစ်ပါးသောလောကကို မြင်နိုင်တယ်၊ သေပြီး တစ်ဖန်ဖြစ်ပေါ်လာတဲ့ သတ္တဝါတွေကို မြင်နိုင်တယ်၊ အဲဒါကြောင့် သင့်ရဲ့ မှားတဲ့အယူကို စွန့်ပါတော့ တမလွန်လောက နောင်ဘဝဆိုတာ ရှိတယ်၊ သေပြီးပြန်ဖြစ် သတ္တဝါဆိုတာရှိတယ်၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ၊ အကုသိုလ် ဆိုတာရှိတယ်'

လို့ အရှင်ကုမာရကဿပက အမိန့်ရှိတယ်။



မြို့စားပါယာသိကလဲ မလျှော့သေးဘူး၊ 'အရှင်ကဿပက ဘယ်လိုပဲ အမိန့်ရှိရှိ၊ အကျွန်ုပ်ရဲ့ အယူကိုတော့ မစွန့်နိုင်ဘူး၊ တမလွန်လောက နောင်ဘဝဆိုတာ မရှိဘူး၊ သေပြီးရင် ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ မရှိဘူး၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ ဆိုတာ မရှိဘူး'

ပြန်လျှောက်ထားတယ်။

မြို့စား လျှောက်ထားပြီးတဲ့အခါ အရှင်ကုမာရကဿပက 'ဒီအယူကို ဒါလောက် စွဲစွဲမြဲမြဲကြီး ယုံကြည်နေလောက်အောင် သင့်မှာ တခြားအကြောင်းများကော ရှိသေးသလား မြို့စား' လို့ မေးတော်မူပြန်တယ်။

ပါယာသိမြို့စားက 'ရှိပါသေးတယ်၊ အကျွန်ုပ်ဟာ သီလရှိပြီး အကျင့်ကောင်းပြီး အသက်ရှည်ချင်တဲ့၊ သေရမှာကြောက်တဲ့၊ ချမ်းသာချင်တဲ့၊ ဆင်းရဲကို စက်ဆုပ်တဲ့ သမဏ ဗြာဟ္မဏတွေကို တွေ့မြင်တဲ့အခါ အကျွန်ုပ်မှာ ဒီလိုအကြံ ဖြစ်တယ်၊ ဒီသီလရှိတဲ့ အကျင့်ကောင်းတဲ့ သမဏ ဗြာဟ္မဏတွေဟာ သူတို့သေကြရင် သူတို့ရဲ့ သီလ၊ သူတို့ရဲ့ အကျင့်ကောင်းတွေကြောင့် သူတို့ရဲ့ မျက်မှောက်ဘဝထက် မွန်မြတ်တဲ့ ဘဝကို ရမယ်ဆိုတာကိုသာ တကယ်သိကြရင် ဒီသီလရှိတဲ့၊ အကျင့်ကောင်းတဲ့သမဏ ဗြာဟ္မဏ တွေဟာ အခုချက်ချင်း အဆိပ်ကိုစားပြီးတော့ ဖြစ်ဖြစ်၊ ဓားလက်နက် နဲ့ သူတို့ကိုယ်ကို သူတို့သတ်ပြီးတော့ဖြစ်ဖြစ်၊ ကြိုးဆွဲချပြီးတော့ ဖြစ်ဖြစ်၊ ချောက်ကမ်းပါးက ခုန်ချပြီးတော့ဖြစ်ဖြစ် သေကြမှာပဲ၊ ဒီသမဏ ဗြာဟ္မဏတွေဟာ မသိကြလို့သာ အသက်ရှည်ချင်နေကြ တာပဲ၊ သေရမှာကို ကြောက်နေကြတာပဲ၊ ချမ်းသာတာကိုလိုချင် နေကြတာပဲ၊ ဆင်းရဲရမှာကို စက်ဆုပ်နေကြတာပဲ၊ ကိုယ့်ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



သတ်မသေကြတာပဲလို့ သိလရှိပြီး အကျင့်ကောင်းပြီး အသက်ရှည် ချင်နေကြတဲ့၊ သေရမှာ ကြောက်နေကြတဲ့၊ ချမ်းသာခြင်းကို အလိုရှိ ကြတဲ့၊ ဆင်းရဲခြင်းကို စက်ဆုပ်ကြတဲ့ သမဏ ဗြာဟ္မဏတွေ တွေ့တိုင်း အကျွန်ုပ်မှာ အကြံဖြစ်ပါတယ်။ အဲဒီအကြောင်းကြောင့် လဲ တမလွန်လောက နောင်ဘဝဆိုတာ မရှိဘူး၊ သေပြီးရင် ပြန်ဖြစ် တဲ့ သတ္တဝါဆိုတာ မရှိဘူး၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ၊ အကုသိုလ် ကံ ဆိုတာ မရှိဘူးလို့ အကျွန်ုပ် ယုံကြည်နေခြင်းဖြစ်ပါတယ်' လို့ ပါယာသိမြို့စားက လျှောက်ထားတယ်။

'မြို့စား၊ ဒီလိုဆိုရင် သင့်ကို ဥပမာတစ်ခုပြောမယ်၊ ဒီဥပမာကို သင် နားလည်ပါလိမ့်မယ်၊ ရှေးတုန်းက ပုဏ္ဏားတစ်ယောက်မှာ မယားနှစ်ယောက်ရှိတယ်၊ မယားတစ်ယောက်မှာ ၁၂ နှစ်အရွယ် သားတစ်ယောက် ရှိတယ်၊ တစ်ယောက်မှာတော့ ကိုယ်ဝန်အရင့်အမာ နဲ့ သားဖွားခါနီးဖြစ်တယ်၊ ပုဏ္ဏားသေတဲ့အခါ ပထမ မယားရဲ့ သားက မိထွေးဆီကိုသွားပြီး သူ့အဖေ ထားပစ်ခဲ့တဲ့ ပစ္စည်းတွေ အကုန်အပ်ဖို့ ပြောတယ်၊ မိထွေးကလဲ 'အမောင်၊ ငါ မွေးဖွားပြီးတဲ့ တိုင်အောင် ခဏစောင့်ပါဦး၊ သားမွေးရင် ဒီသားကိုလဲ ပစ္စည်း တစ်ဝက် ခွဲပေးရဦးမယ်၊ သမီးမွေးရင် အမောင်နဲ့ပေးစားပြီး ပစ္စည်း တွေ အားလုံး လွှဲပေးပါ့မယ်' လို့ ပြောတယ်၊ ဒါပေမယ့် ပထမ မယားရဲ့ သားက မိထွေးရဲ့စကားကို နားမထောင်ဘူး၊ သူ့အဖေ ထားပစ်ခဲ့တဲ့ ပစ္စည်းတွေကို ချက်ချင်းပေးဖို့ သုံးကြိမ်တိုင်အောင် ထပ်တောင်းတယ်၊ မိထွေးကလဲ အရင်အတိုင်း သုံးကြိမ်တိုင်အောင် ပြောတယ်၊ အဲဒီလိုပြောလို့မရတော့ မိထွေးဟာ ဓားတစ်ချောင်းယူပြီး တိုက်ခန်းထဲရောက်တဲ့အခါ ကလေး မြန်မြန်မွေးအောင် သူ့ဗိုက်ကို ခွဲလိုက်တယ်။ အဲဒီအခါ ပုဏ္ဏားမဟာ သူလိုချင်တဲ့ အမွေအနှစ်ကို မရဘဲ သူရော ဝမ်းဗိုက်ထဲက ကလေးပါ သေဆုံးရှာတယ်'



'အဲဒီ အင်မတန် မိုက်တဲ့ ပုဏ္ဏားမဟာ မဆင်ခြင် မတိုင်းထွာဘဲ အမွေအနှစ်ကို ရှာတဲ့အတွက် ပျက်စီးရသလို အင်မတန်မိုက်တဲ့ သင်မြို့စားဟာလဲ မဆင်ခြင် မတိုင်းထွာဘဲ တစ်ပါးသောလောက နောင်ဘဝကို ရှာနေတဲ့အတွက် သင်မြို့စားဟာ ပျက်စီးရလိမ့်မယ်၊ ဆင်းရဲဒုက္ခနဲ့ တွေ့ရလိမ့်မယ်၊ အင်မတန်မိုက်တဲ့ ပုဏ္ဏားမဟာ မရင့်ကျက်သေးတဲ့ ကိုယ်ဝန်ကို မဆင်ခြင် မတိုင်းထွာဘဲ ဖွတ်အတင်း ရင့်ကျက်အောင် လုပ်သလို သီလရှိတဲ့ အကျင့်ကောင်းနဲ့ ပြည့်စုံတဲ့ သမဏ ဗြာဟ္မဏတွေဟာ မရင့်ကျက်သေးတာကို မဆင်ခြင် မတိုင်းထွာဘဲ ဖွတ်အတင်း ရင့်ကျက်အောင်မလုပ်ဘူး၊ အချိန်ကျ အောင် စောင့်ဆိုင်းကြတယ်။

'မြို့စား၊ သီလရှိတဲ့ အကျင့်ကောင်းနဲ့ပြည့်စုံကြတဲ့ သမဏ ဗြာဟ္မဏတွေဟာ အသက်ရှည်တာကို အလိုရှိကြရမယ်၊ ဒီလိုအသက် ရှည်သလောက် ကုသိုလ်တရားတွေကို ပွားများနိုင်တယ်၊ ဒီလို အသက်ရှည်မှုလဲ လူ နတ် ဗြဟ္မာ သတ္တဝါတွေ ဆင်းရဲကလွတ်အောင် ချမ်းသာအောင် ကြီးပွားအောင် အချိန်အကြာကြီး ဟောပြောပြ ဆိုဆုံးမပေးနိုင်တယ်၊ အဲဒါကြောင့် မြို့စား၊ သင့်ရဲ့ မှားတဲ့အယူကို စွန့်ပါတော့၊ တမလွန်လောက နောင်ဘဝဆိုတာ ရှိတယ်၊ သေပြီးရင် ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ ရှိတယ်၊ အကျိုးပေးနိုင်တဲ့ ကုသိုလ် အကုသိုလ် ဆိုတာ ရှိတယ်'

လို့ အရှင်ကုမာရကဿပက အမိန့်ရှိတယ်။

'မြို့စား ပါယာသိကလဲ မလျှော့သေးဘူး၊ 'အရှင်ကဿပ၊ အရှင်ကဿပက ဘယ်လိုပဲ အမိန့်ရှိရှိ အကျွန်ုပ်ရဲ့ အယူဝါဒကိုတော့ မစွန့်လွှတ်နိုင်ဘူး၊ တမလွန်လောက နောင်ဘဝဆိုတာ မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သေပြီးရင် ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ မရှိဘူး၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုတာ မရှိဘူး’

လို့ မြို့စားက လျှောက်ထားပြန်တယ်။

မြို့စားလျှောက်ပြီးတဲ့အခါ အရှင်ကုမာရကဿပဟာ ‘ဒီအယူကို ဒီလောက်စွဲစွဲမြဲမြဲကြီး ယုံကြည်နေလောက်အောင် တခြားအကြောင်းများကော ရှိသေးသလားမြို့စား’ လို့ မေးတော်မူပြန်တယ်။

ပါယာသိမြို့စားက ‘ရှိပါသေးတယ်၊ တစ်နေ့သောအခါမှာ မင်းချင်းယောကျ်ားတွေဟာ သူခိုးတစ်ယောက်ကို ဖမ်းလာပါတယ်၊ အဲဒီအခါ ဒီသူခိုးကို အရှင်လတ်လတ် အိုးထဲထည့်၊ အိုးကိုပိတ်၊ သားရေစိုစိုနဲ့ အိုးတစ်အိုးလုံးကို လုံအောင်ပိတ်၊ အဲဒီသားရေပေါ်ကမှ မြေကြီးထူထူထပ်ပြီးအုံထား၊ အဲဒီလို အုံပြီးတော့ ကျပ်စင်ပေါ်တင်၊ မီးနဲ့မြိုက်သတ်လို့ အကျွန်ုပ် အမိန့်ချလိုက်ပါတယ်၊ ဒီအမိန့်အတိုင်း မင်းချင်းတွေ လုပ်ကြတယ်၊ အိုးထဲက သူခိုးဟာ သေလောက်ပြီ ဆိုတဲ့အခါကျတော့မှ အိုးကို ကျပ်စင်ပေါ်ကချ၊ အုံထားတဲ့ မြေကြီးကိုခွာ၊ ပြီးတော့မှ လူသေပြီးတဲ့နောက် အသက်ဆိုတာ ရှိသေးရင် ဒီသူခိုးရဲ့အသက်ကို အိုးထဲမှာ မြင်ရမှာပဲလို့ အကျွန်ုပ်က မင်းချင်းတွေကို ပြောပြပြီး အကျွန်ုပ်တို့ အိုးအဖုံးကို ဖြည်းဖြည်းဖွင့်ကြည့်ကြပါတယ်၊ အသက်ကိုရော အသက်နဲ့တူတာကိုရော အကျွန်ုပ်တို့ ဘာမှ မတွေ့ရပါဘူး၊ အဲဒီအကြောင်းကြောင့်လဲ တမလွန်လောက နောင်ဘဝဆိုတာ မရှိဘူး၊ သေပြီးရင် ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ မရှိဘူး၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုတာ မရှိဘူး’ လို့ အကျွန်ုပ် ယုံကြည်နေခြင်း ဖြစ်ပါတယ်’

လို့ ပါယာသိမြို့စားက လျှောက်ထားတယ်။



‘မြို့စား၊ ဒီလိုဆိုရင် သင့်ကိုဥပမာတစ်ခု ပြမယ်၊ သင်နားလည်ပါလိမ့်မယ်၊ မြို့စား သင်ဟာ နေ့အချိန် အပန်းဖြေအိပ်တဲ့အခါ အင်မတန် မွေ့လျော်ဖွယ်ကောင်းတဲ့ အဆောက်အအုံကြီးတွေ၊ ဥယျာဉ်ကြီးတွေ၊ တောတွေ၊ တောင်တွေ၊ ရေကန်တွေထဲကိုရောက်ပြီး မွေ့လျော်ပျော်ပါးနေတာမျိုးကို အိပ်မက်မက်ဖူးသလား’ လို့ မေးတယ်။

ပါယာသိမြို့စားက ‘မက်ဖူးပါတယ်’ လို့ လျှောက်တယ်။

မြို့စား ဖြေပြီးတဲ့အခါ အရှင်ကုမာရကဿပက ‘သင် ဒီလို အိပ်မက်မက်နေတဲ့အခါ သင့်အနားမှာ ဘယ်သူမှ မရှိဘူးလား’ လို့ ထပ်မေးပြန်တယ်။

မြို့စားက ‘အကျွန်ုပ်အိပ်တဲ့အခါ အနားမှာ မောင်းမတွေ အမြဲ စောင့်နေကြပါတယ်’ လို့ လျှောက်ထားတယ်။

အရှင်ကုမာရကဿပက ‘မြို့စား၊ အဲဒီလို စောင့်နေကြတဲ့ သင့်ရဲ့ မောင်းမတွေဟာ သင်ရဲ့ အသက်ထွက်သွားတာကိုရော ဝင်လာတာကိုရော မြင်ကြရဲ့လား’ လို့ မေးတယ်။

မြို့စားပါယာသိက ‘မမြင်ကြပါဘူး’ လို့ လျှောက်တယ်။

‘အဲဒီအခါ အသက်ရှင်နေတဲ့ မောင်းမတွေဟာ အသက်ရှင်နေတဲ့ သင်မြို့စားရဲ့ အသက်ထွက်သွားတာကိုရော၊ အသက်ဝင်လာတာကိုရော မမြင်ရဘူးဆိုရင် သင် မြို့စားဟာ သေတဲ့လူရဲ့အသက်ထွက်တာကို ဘယ်နှယ်လုပ်ပြီး မြင်နိုင်ပါ့မလဲ၊ အဲဒါကြောင့် မြို့စား သင်ရဲ့ မှားတဲ့အယူကို စွန့်ပါတော့၊ တမလွန်လောက နောင်ဘဝဆိုတာ ရှိတယ်၊ သေပြီးရင် ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ ရှိတယ်၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုတာ ရှိတယ်လို့ အရှင်ကုမာရကဿပက အမိန့်ရှိတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပါယာသိမြို့စားကလဲ မလျှော့သေးဘူး၊ 'အရှင်ကဿပ အရှင်ကဿပဟာ ဘယ်လိုပဲ အမိန့်ရှိရှိ၊ အကျွန်ုပ်ရဲ့ အယူဝါဒကို တော့ မစွန့်နိုင်ဘူး၊ တမလွန်လောက နောင်ဘဝဆိုတာ မရှိဘူး၊ သေပြီးရင် ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ မရှိဘူး၊ သေပြီးရင် ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ မရှိဘူး၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံ ဆိုတာ မရှိဘူး'

လို့ ပါယာသိမြို့စားက လျှောက်ထားပြန်တယ်။

မြို့စား လျှောက်တဲ့အခါ အရှင်ကုမာရကဿပက 'မြို့စား ဒီအယူကို ဒီလောက် စွဲစွဲမြဲမြဲ ယုံကြည်နေလောက်အောင် တခြား အကြောင်းများကော ရှိသေးသလား' လို့ မေးတော်မူပြန်တယ်။

ပါယာသိမြို့စားက 'ရှိပါသေးတယ်၊ တစ်ခါတုန်းက အကျွန်ုပ် ရဲ့ မင်းချင်းတွေဟာ သူခိုးတစ်ယောက် ဖမ်းလာပါတယ်၊ အဲဒီအခါ အကျွန်ုပ်က အချင်းတို့ ဒီသူခိုးရဲ့ အလေးချိန်ကို ရှေးဦးစွာချိန်ကြ ဒီလို ချိန်ပြီးတဲ့အခါ သူ့အသက် အပြင်မထွက်နိုင်အောင် ဒီသူခိုးရဲ့ လည်ပင်းကို ကြိုးနဲ့ညှစ်ပြီးသတ်ကြ၊ သူသေတဲ့အခါ သူ့ကိုယ်ကို တစ်ကြိမ်ထပ်ပြီး ချိန်ကြည့်ကြလို့ အမိန့်ချလိုက်ပါတယ်၊ မင်းချင်း တွေလဲ အကျွန်ုပ်ပြောတဲ့အတိုင်း လုပ်ကြတယ်၊ ဒီသူခိုးဟာ အသက် ရှင်စဉ်တုန်းက ပေါ့လဲပေါ့တယ်၊ ပျော့လည်း ပျော့ပျောင်းတယ်၊ အပြုအပြင်လဲ ခံတယ်၊ ဒီသူခိုး သေတဲ့အခါ ပိုပြီးတော့လဲ မာလာ တယ်၊ ပိုပြီးတော့လဲ အပြုအပြင် မခံတော့ဘူး၊ ဒီအကြောင်းကြောင့် 'တမလွန်လောက နောက်ဘဝဆိုတာ မရှိဘူး၊ သေပြီးရင် ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ မရှိဘူး၊ အကျိုးပေးတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ ဆိုတာလဲ မရှိဘူး' လို့ အကျွန်ုပ် ယုံကြည်နေခြင်း ဖြစ်ပါတယ်'

လို့ ပါယာသိမြို့စားက လျှောက်ထားတယ်။



'မြို့စား၊ ဒီလိုဆိုရင် သင့်ကို ဥပမာတစ်ခုပြောမယ်၊ ဒီဥပမာ ကို သင် နားလည်ပါလိမ့်မယ်၊ မြို့စား သံခဲတစ်ခဲကို ရဲရဲတောက် ပူနေတဲ့အခါနဲ့ အေးနေတဲ့အခါ ချိန်ကြည့်ရင် ဘယ်အခါမှာ ပိုပြီး ပေါ့မလဲ၊ ဘယ်အခါ ပိုပြီးလေးမလဲ' လို့ အရှင်ကုမာရကဿပက မေးတယ်။ 'အရှင်ကဿပ၊ သံခဲဟာ ရဲရဲတောက်ပူနေတဲ့အခါ ပိုပြီး ပေါ့မယ်၊ အေးတဲ့အခါ ပိုပြီး လေးမယ်' လို့ ပါယာသိမြို့စားက ဖြေတယ်၊ အဲဒီအခါ အရှင်ကုမာရကဿပက 'သံခဲဟာ အပူဓာတ် လေဓာတ်နဲ့ ပေါင်းဆုံမိပြီး ရဲရဲတောက်ပူတဲ့အခါ ပေါ့လဲ ပေါ့တယ်၊ ပျော့လဲ ပျော့ပျောင်းတယ်၊ အပြုအပြင်လဲ ပိုပြီးခံတယ်၊ အဲဒီသံခဲဟာ အပူဓာတ် လေဓာတ်နဲ့ ကင်းကွာပြီး အေးသွားတဲ့အခါ ပိုပြီးလေးလဲ လေးတယ်၊ ပိုပြီး မာလဲ မာတယ်၊ အပြုအပြင်လဲ မခံတော့ဘူး၊ အဲဒီလိုပဲ ဒီကိုယ်ကြီးဟာ အသက်ကိုယ်ငွေ့ ဝိညာဉ်တို့နဲ့ ပေါင်းဆုံ မိတဲ့အခါ ပေါ့လဲ ပေါ့တယ်၊ ပျော့လဲ ပျော့ပျောင်းတယ်၊ အပြု အပြင်လဲ ခံတယ်၊ အဲဒါကြောင့် မြို့စား သင့်ရဲ့မှားတဲ့အယူကို စွန့်ပါတော့၊ 'တမလွန်လောက နောင်ဘဝဆိုတာ ရှိတယ်၊ သေပြီး ရင် ပြန်ဖြစ်တဲ့သတ္တဝါဆိုတာ ရှိတယ်၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ ရှိတယ်'

လို့ အရှင်ကုမာရကဿပက အမိန့်ရှိတယ်။

ပါယာသိမြို့စားလည်း မလျှော့သေးဘူး၊ 'အရှင်ကဿပ၊ အရှင်ကဿပဟာ ဘယ်လိုပဲ အမိန့်ရှိရှိ အကျွန်ုပ်ရဲ့အယူဝါဒကိုတော့ မစွန့်နိုင်ဘူး၊ တမလွန်လောက နောင်ဘဝဆိုတာ မရှိဘူး၊ သေပြီးရင် ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ မရှိဘူး၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ မရှိဘူး'

လို့ ပါယာသိမြို့စားက လျှောက်ထားပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မြို့စား လျှောက်ထားပြီးတဲ့အခါ အရှင်ကုမာရကဿပက 'မြို့စား၊ ဒီအယူဝါဒကို ဒီလောက် စွဲစွဲမြဲမြဲ ယုံကြည်လောက်အောင် တခြားအကြောင်းများကော ရှိပါသေးသလား' လို့ မေးတော်မူပြန်တယ်။

ပါယာသိမြို့စားက 'ရှိပါသေးတယ်၊ တစ်ခါတုန်းက မင်းချင်းတွေဟာ သူခိုးတစ်ယောက်ကို ဖမ်းလာကြပါတယ်၊ အဲဒီအခါ အကျွန်ုပ်က အချင်းတို့၊ ဒီသူခိုးကို အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီတို့ကို မပျက်စီးစေဘဲ အသက်ထွက်အောင် လုပ်ကြလို့ အမိန့်ချပါတယ်၊ မင်းချင်းတွေလဲ အကျွန်ုပ်ပြောတဲ့အတိုင်း လုပ်ကြတယ်၊ ဒီသူခိုးသေခါနီးတဲ့အခါ အကျွန်ုပ်က မင်းချင်းတွေကို ဟေ့၊ ဒီသူခိုးကို ပက်လက်ချထားစမ်း၊ အသက်ထွက်သွားတာကို ငါတို့ မြင်ကောင်း မြင်ရလိမ့်မယ်လို့ ပြောတယ်၊ မင်းချင်းတွေကလဲ အကျွန်ုပ်ပြောတဲ့အတိုင်း သူခိုးကို ပက်လက်ချထားကြတယ်၊ ဒီသူခိုး သေသာသွားရော အသက်ထွက်သွားတာကို အကျွန်ုပ်တို့ မမြင်ရဘူး၊ အဲဒီတော့ အကျွန်ုပ်က မင်းချင်းတွေကို အချင်းတို့၊ ဒီသူခိုးကို မှောက်ထား၊ အဲဒီလိုထားမှ သူ့အသက်ထွက်သွားတာကို မမြင်ရသေးရင် ဟိုဘက်ဒီဘက် စောင်းထားပြီးကြည့်၊ ဒါနဲ့မှ မမြင်ရသေးရင် မတ်တတ်ရပ်ထောင်ပြီးကြည့်၊ ဒါနဲ့မှ မမြင်ရသေးရင် ဇောက်ထိုးထားပြီးကြည့်၊ ဒါနဲ့မှ မမြင်ရသေးရင် ခဲနဲ့ထုကြည့်၊ ဒါနဲ့မှ မမြင်ရသေးရင် တုတ်နဲ့ရိုက်ကြည့်၊ ဒါနဲ့မှ မမြင်ရသေးရင် ဓားနဲ့ခုတ်ကြည့်၊ ဒါနဲ့မှ မမြင်ရသေးရင် သူ့ကိုယ်ကို ဟိုဘက်ကနေ ထုလိုက်ပုတ်လိုက်၊ ဒီဘက်ကနေ ထုလိုက် ပုတ်လိုက်၊ အဲဒီလို အပြန်ပြန်အလှန်လှန် ထုပုတ်ကြည့်ပြီး တစ်ကြိမ်ကြိမ်မှာတော့ သူ့အသက်ထွက်သွားတာကို ငါတို့ မြင်တန်ကောင်းပါရဲ့လို့ ပြော



လိုက်တယ်၊ မင်းချင်းတွေလဲ အကျွန်ုပ်ပြောတဲ့အတိုင်း အကုန် လျှောက်လုပ်တာပဲ၊ ဘယ်လိုလုပ်လုပ် အကျွန်ုပ်တို့ဟာ သူခိုးရဲ့ အသက်ထွက်သွားတာကို မမြင်ရဘူး၊ ဒီသူခိုးမှာ မျက်စိတွေလဲရှိနေတာပဲ၊ ဒါပေမယ့် ဒီမျက်စိတွေဟာ အဆင်းကိုတော့ မမြင်နိုင်တော့ဘူး၊ နားတွေလဲ ရှိနေတာပဲ၊ ဒါပေမယ့် ဒီနားတွေဟာ အသံကိုတော့ မကြားနိုင်တော့ဘူး၊ နှာခေါင်းလဲ ရှိနေတာပဲ၊ ဒါပေမယ့် ဒီနှာခေါင်းဟာ အနံ့ကိုတော့ မရှူနိုင်တော့ဘူး၊ လျှာလဲ ရှိနေတာပဲ၊ ဒါပေမယ့် လျှာဟာ အရသာကိုတော့ မခံစားနိုင်တော့ဘူး၊ ကိုယ်လဲ ရှိနေတာပဲ၊ ဒါပေမယ့် အတွေ့အထိကိုတော့ မထိတွေ့နိုင်တော့ဘူး၊ ဒီအကြောင်းကြောင့်လဲ တမလွန်လောက နောင်ဘဝဆိုတာ မရှိဘူး၊ သေပြီးရင် ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ မရှိဘူး၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုတာ မရှိဘူးလို့ အကျွန်ုပ် ယုံကြည်နေခြင်း ဖြစ်ပါတယ်' လို့ ပါယာသိမြို့စားက လျှောက်ထားပြန်တယ်။

'မြို့စား၊ ဒီလိုဆိုရင် သင့်ကို ဥပမာတစ်ခုပြောမယ်၊ ဒီဥပမာကို သင်နားလည်ပါလိမ့်မယ်၊ မြို့စား ရှေးတုန်းက ခရုသင်းမှုတ်တဲ့ လူတစ်ယောက်ဟာ ခရုသင်းကိုယူပြီး ကျေးရွာတစ်ရွာကို သွားတယ်၊ ရွာရဲ့အလယ်ကိုရောက်တဲ့အခါ ခရုသင်းကို သုံးကြိမ်မှုတ်ပြီးချထားလိုက်တယ်၊ ရွာသားတွေရဲ့နားထဲမှာ ခရုသင်းရဲ့အသံဟာ အင်မတန်သာယာတဲ့အတွက် ခရုသင်းမှုတ်သမားကို ချဉ်းကပ်ပြီး ခုတင်က မြည်တဲ့ အသံဟာ ဘာသံလဲလို့ မေးတယ်၊ ခရုသင်းမှုတ်သမားကလဲ ခရုသင်းကို လက်ညှိုးနဲ့ထိုးပြပြီး အဲဒါကို ခရုသင်းလို့ခေါ်တယ်၊ ခုတင်က မြည်တာဟာ အဲဒီ ခရုသင်းရဲ့အသံပဲဖြစ်တယ်လို့ ပြောတယ်၊ အဲဒီအခါ ရွာသားတွေက ခရုသင်းကို ပက်လက်ချထားပြီး ခရုသင်းမြည်တော့ ခရုသင်းမြည်တော့လို့ ဝိုင်းပြီးဆိုကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခရုသင်းက မပြည့်တဲ့အခါ ခရုသင်းကို မှောက်ထားပြီး အပြည့်ခို
ကြပြန်တယ်၊ မပြည့်တဲ့အခါ ဟိုဘက်ဒီဘက် ထောင်ထားပြီး အပြည့်
ခိုင်းကြပြန်တယ်၊ မပြည့်တဲ့အခါ စောင်းထားတယ်၊ ဇောက်ထို
ထားတယ်၊ လက်နဲ့ပုတ်ကြတယ်၊ ခဲနဲ့ထုကြတယ်၊ တုတ်နဲ့ရိုက်
ကြတယ်၊ ဓားနဲ့ ခုတ်ကြတယ်၊ ခရုသင်းရဲ့ ဟိုဘက် ဒီဘက်
အပြန်ပြန်အလှန်လှန် ဝိုင်းပြီးပုတ် ဝိုင်းပြီးထုကြတယ်၊ ဘယ်
လုပ်လို့မှ ခရုသင်းအသံ မပြည့်ဘူး၊ အဲဒီအခါ ခရုသင်းမှုတ်
လူက ဒီတိုင်းစွန်ပြည်ဖျား ကျေးလက်သားတွေဟာ တယ်မိုက်မဲ
ပါကလား၊ ခရုသင်းသံကို မဖြစ်နိုင်တဲ့နည်းနဲ့ အဆင်ခြင်ကင်းမဲ့
ဘာကြောင့် ရှာနေကြပါသလဲလို့ တွေးမိပြီး ခရုသင်းကို သုံးကြိမ်
မှုတ်ပြလိုက်တယ်၊ ပြီးတော့မှထွက်သွားတယ်၊ အဲဒီတော့မှ ကျန်ရစ်
ကျေးလက်သားတွေက လက်စသတ်တော့ ခရုသင်းဆိုတာ မှုတ်
ယောကျ်ား မှုတ်တဲ့လုံ့လ မှုတ်တဲ့လေတို့နှင့် ဆုံမိတဲ့အခါမှ အသံ
ပြည့်တာပါလား၊ ဒီခရုသင်းဟာ မှုတ်တဲ့ယောကျ်ား၊ မှုတ်တဲ့လုံ့လ
မှုတ်အပ်တဲ့ လေတို့နဲ့ ကင်းကွာနေတဲ့အခါ အသံမပြည့်ပါကလား
တွေးမိကြတယ်၊ မြို့စား အဲဒီလိုပဲ ဒီကိုယ်ဟာ အသက် ကိုယ်ငွေ့
ဝိညာဉ်တို့နဲ့ ပေါင်းဆုံမိတဲ့အခါ ရှေ့ကိုလဲ တက်တယ်၊ နောက်
လဲ ဆုတ်တယ်၊ ရပ်လဲ ရပ်တယ်၊ ထိုင်လဲ ထိုင်တယ်၊ အိပ်
အိပ်တယ်၊ မျက်စိနဲ့လဲ အဆင်းကိုမြင်တယ်၊ နားနဲ့လဲ အသံ
ကြားတယ်၊ နှာခေါင်းနဲ့လဲ အနံ့ကိုရှူတယ်၊ လျှာနဲ့လဲ အရသာ
ခံတယ်၊ ကိုယ်နဲ့လဲ အတွေ့ကိုထိတယ်၊ စိတ်နဲ့လဲ ကြံစည်တယ်
ဒီကိုယ်ဟာ အသက်ကိုယ်ငွေ့ ဝိညာဉ်တို့နဲ့ ကင်းကွာတဲ့အခါ အ
ပြောတာတွေကို ဒီမျက်စိတွေ နားတွေ နှာခေါင်းတွေ လျှာ
ကိုယ်တွေဟာ ဘာမှ မလုပ်နိုင်တော့ဘူး၊ အဲဒါကြောင့် မြို့စား



သင့်ရဲ့ မှားတဲ့အယူကို စွန့်ပါတော့၊ 'တမလွန်လောက နောင်ဘဝ ဆိုတာ ရှိတယ်၊ သေပြီးရင် ကံအလျောက် သတ္တဝါတစ်မျိုးမျိုး ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ ရှိတယ်၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုတာ ရှိတယ်' လို့ အရှင်ကုမာရကဿပက အမိန့် ရှိတယ်။

ပါယာသိမြို့စားကလဲ လျှော့မပေးသေးဘူး၊ ရှေးကအတိုင်းပဲ လျှောက်ထားပြန်တယ်။

မြို့စား လျှောက်ထားပြီးတဲ့အခါ အရှင်ကုမာရကဿပက 'မြို့စား ဒီအယူကို ဒါလောက်စွဲစွဲမြဲမြဲကြီး ယုံကြည်လောက်အောင် သင့်မှာ တခြားအကြောင်းများ ရှိသေးသလား' လို့ မေးမြန်းတယ်။

ပါယာသိမြို့စားက 'ရှိပါသေးတယ်၊ တစ်နေ့မှာတော့ မင်းချင်း ယောကျ်ားတွေဟာ သူခိုးတစ်ယောက် ဖမ်းလာပါတယ်၊ အဲဒီအခါ အကျွန်ုပ်က အချင်းတို့၊ ဒီသူခိုးရဲ့ အရေပြားကို ခွာကြစမ်း၊ ဒီသူခိုး ရဲ့အသက်ကို ငါတို့ မြင်ရတန်ကောင်းရဲ့လို့ ပြောတယ်၊ မင်းချင်း တို့လဲ အကျွန်ုပ် ပြောတဲ့အတိုင်း လုပ်ကြတယ်၊ ဒါပေမယ့် အကျွန်ုပ် တို့ဟာ အသက်ကို မမြင်ကြရပါဘူး၊ အဲဒီတော့ အချင်းတို့ ဒီသူခိုးရဲ့ အရေထူကို ခွာကြ၊ အသားကို လှီးကြ၊ အကြောကို ဖြတ်ကြ၊ အရိုးကို ပိုင်းကြ၊ ရိုးတွင်းခြင်ဆီကို ထုတ်ကြ၊ အဲဒီအခါ ဒီသူခိုးရဲ့အသက်ကို ငါတို့ မြင်တန်ကောင်းရဲ့လို့ ကျွန်ုပ်က မင်းချင်းတွေကို ပြောပြန် တယ်၊ မင်းချင်းတွေလဲ အကျွန်ုပ်ပြောတဲ့အတိုင်းလုပ်ပြီး ရိုးတွင်း ခြင်ဆီကို ထုတ်ကြတယ်၊ ဒါပေမယ့် အကျွန်ုပ်တို့ဟာ သူခိုးရဲ့ အသက်ကို မတွေ့ရပါဘူး၊ အဲဒီအကြောင်းကြောင့်လဲ အကျွန်ုပ်တို့ အယူကို အကျွန်ုပ် ယုံကြည်နေခြင်းဖြစ်တယ်'

နည်းအတိုင်း လျှောက်ထားပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မြို့စား လျှောက်ပြီးတဲ့အခါ အရှင်ကုမာရကဿပက ‘မြို့စား
ဒီလိုဆိုရင် ဥပမာတစ်ခုကို ပြောမယ်၊ သင် နားလည်ပါလိမ့်မယ်
ရှေးက မီးကို ကိုးကွယ်တဲ့ ရသေ့တစ်ယောက်ဟာ တောကြီးထဲမှာ
သစ်ရွက် သစ်မိုးကျောင်းနဲ့နေတယ်၊ တစ်နေ့မှာတော့ လှည်းအု
တစ်အုပ်ဟာ ဒီရသေ့ရဲ့ကျောင်းနားမှာ စခန်းချသွားတယ်၊ လှည်းအု
ထွက်သွားတော့ အသုံးအဆောင် တစ်ခုခု ရလိုရငြားဆိုတဲ့ ရည်ရွယ်
ချက်နဲ့ ရသေ့ဟာ လှည်းစခန်းချသွားတဲ့နေရာကိုသွားတယ်၊ အဲ
နေရာမှာ ပက်လက်အိပ်တတ်ခါစ ကလေးတစ်ယောက်ကို တွေ့
တယ်၊ ဒီကလေးကို သူ့ကျောင်းမှာ မွေးလာခဲ့တာ ၁၂ နှစ်သား
အရွယ်ကို ရောက်လာတယ်၊ တစ်နေ့ကျတော့ ရသေ့ဟာ ရွာကိုသွား
ကိစ္စတစ်ခု ပေါ်လာတယ်၊ အဲဒီအခါ မီးကို ကိုးကွယ်တဲ့ရသေ့
သူငယ်ကလေးကိုခေါ်ပြီး ချစ်သား၊ ငါ ရွာကို ခဏသွားလိုက်ဦးမယ်
ငါ့ကိုယ်စား မီးကို ဆက်ပြီးကိုးကွယ်နေပါ၊ မီးမငြိမ်းပါစေနဲ့၊ အကယ်
၍ မီးငြိမ်းသွားရင် ဒီမှာ ပဲခွပ်၊ ဒီမှာ ထင်း၊ ဒီမှာ မီးပွတ် အစုံရှိတယ်
မီးထပ်မွေးပြီး မီးကို ကိုးကွယ်နေပါလို့ မှာပစ်ခဲ့ရတယ်၊ ရသေ့ထွက်
သွားတဲ့အခါ သူငယ်ကလေးလဲ ကစားနေတာနဲ့ မီးကို သတိမေ့
တယ်၊ သတိရလို့ မီးကို သွားကြည့်တဲ့အခါ မီးဟာ ငြိမ်းနေပြီ
အဲဒီတော့ သူငယ်ကလေးက မီးရအောင်ဆိုပြီး မီးပွတ်ကို ပဲခွပ်
ရှေ့ကြည့်တယ်၊ မီး မထွက်ဘူး၊ ဒါနဲ့ နှစ်ခြမ်းခွဲကြည့်ပြန်တော့
အဲဒါလဲ မီးမထွက်ဘူး၊ အဲဒီလို မီးမထွက်တိုင်း မီးပွတ်ကို ပဲခွပ်
ခွဲလိုက်တာ အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားတယ်၊ ဒါနဲ့လဲ မီးမရ
ဒီ အစိတ်စိတ်အမြွှာမြွှာတွေကို ဆုံထဲမှာထည့်ထောင်းပြီး လေထဲ
လွှင့်တယ်၊ သူ့နည်းဟာ မမှန်တဲ့အတွက် ဘယ်လိုလုပ်လို့မှလဲ မီး
ဘူး၊ ရသေ့ ရွာကပြန်လာလို့ အကြောင်းစုံ သိရတဲ့အခါ ချစ်သား



သင်ဟာ တယ်မိုက်ပါလား၊ မိုက်တဲ့လူတွေဟာ အဆင်ခြင်ကင်းမဲ့စွာ မီးကို ဒီလိုရှာတာပဲ၊ လိမ္မာတဲ့လူတွေကတော့ မီးကို ဒီလိုမရှာဘူးလို့ ဆိုပြီး မီးရအောင် ပွတ်တစ်စုံကို ပွတ်ပြတယ်၊ မြို့စား အဲဒီလိုပဲ သင်ဟာ အဆင်ခြင်ကင်းမဲ့စွာ တစ်ပါးသော လောကကို ရှာနေတယ်၊ သင့်ရဲ့ မှားတဲ့အယူကို စွန့်ပစ်ပါ၊ သင့်ကို အခါကြာမြင့်စွာ ဆင်းရဲဒုက္ခ မဖြစ်ပါစေနဲ့’

အရှင်ကဿပက အမိန့်ရှိပြန်တယ်။

အဲဒီအခါ ပါယာသိမြို့စားက ‘အရှင်ကဿပ၊ တမလွန်လောက နောင်ဘဝဆိုတာ မရှိ၊ သေပြီးရင် ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ မရှိ၊ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ မရှိတဲ့ အယူကို အကျွန်ုပ် ယုံကြည်နေတယ်ဆိုတာ ပသေနဒီ ကောသလမင်းကြီးလဲ သိနေတယ်၊ တိုင်းတစ်ပါးက မင်းများလဲ သိနေတယ်၊ အဲဒီအကြောင်းကြောင့် အကျွန်ုပ်အယူကို မစွန့်နိုင်ဘူး၊ အရှင်ကဿပ နောက်တစ်ကြောင်းလဲ ရှိသေးတယ်၊ ဒီအယူကို အကျွန်ုပ်စွန့်လိုက်ရင် တစ်သက်လုံး မိုက်ခဲ့ပြီး အယူမှားကြီးယူခဲ့တဲ့ ပါယာသိမြို့စားဟာ အခုတော့ သူ့အယူမှားကြီးကို စွန့်လိုက်ရပါရောလားလို့ အကျွန်ုပ်ကို ကဲ့ရဲ့ကြမယ့် လူတစ်ချို့ရှိပါတယ်၊ ဒီလူတွေကို အမြင်ကပ်တာကြောင့်လဲ အကျွန်ုပ်ရဲ့ အယူကို မစွန့်နိုင်ဘူး၊ ယူမြဲ ဆက်ယူရပါမယ်၊ နောက်ပြီး အရှင်ဘုရားရဲ့ ဟောပြောချက်တွေကို ချေပတဲ့ အနေနဲ့လဲ ဒီအယူကို ယူမြဲ ဆက်ယူရမယ်၊ အရှင်ဘုရားကို တုပြိုင်တဲ့အနေနဲ့လဲ ဒီအယူကို ယူမြဲဆက်ယူရမယ်’

ပါယာသိမြို့စားက လျှောက်ထားတယ်။

‘မြို့စား၊ ဒီလိုဆိုရင် သင့်ကို ဥပမာတစ်ခု ပြောမယ်၊ ဒီဥပမာကို သင် နားလည်ပါလိမ့်မယ်၊ ရှေးတုန်းက ငါးရာရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



လှည်းအုပ်ကြီးတစ်ခုဟာ နွားတွေစားဖို့မြက်၊ လူနဲ့ နွားသောက်
ရေ၊ ထမင်းချက်ဖို့ ထင်းတွေ အပြည့်အစုံတင်ပြီး ခရီးထွက်လာ
ကြတယ်၊ အတော်ကလေးကြာတော့ သူတို့နဲ့ မျက်နှာချင်းဆိုင်အ
က မျက်စိနီနီ အသားနက်နက်နဲ့ လူတစ်ယောက်ဟာ ကြာပန်း
ပန်၊ တစ်ကိုယ်လုံး ရွှံ့ရွှံ့စိုပြီး ရထားဘီးမှာ ရွှံ့တွေကပ်နေတဲ့ ရထ
တစ်စီး မောင်းလာတာကို တွေ့ရတယ်၊ ရှေ့စခန်းမှာ လမ်းတွေ
ဖွက်ထနေတယ်၊ မြက်၊ ထင်း၊ ရေတို့လဲ သိပ်ပေါတယ်၊ အပင်ပ
ခံပြီး မြက်၊ ထင်း၊ ရေတို့ကို သယ်မသွားကြနဲ့လို့ ပြောတာ
မဆင်ခြင် မစဉ်းစားဘဲ ယုံကြည်ပြီး ပါလာတဲ့ မြက်၊ ထင်း၊ ရေ
တွေကို စွန့်ပစ်ချဖို့ လှည်းမှူးက သူ့လှည်းသားတွေကို အမိန့်ပေး
လိုက်တယ်၊ လှည်းသားတွေကလဲ လှည်းမှူးရဲ့အမိန့်အတိုင်း မြက်
ထင်း၊ ရေတွေကို စွန့်ပစ်ကြတယ်၊ ဒါပေမယ့် ပထမစခန်းက
ခုနစ်ခုမြောက် စခန်းကိုသာ ရောက်ရော၊ ဘယ်စခန်းမှာမှ မြက်
ထင်း၊ ရေကို မတွေ့ရဘူး၊ လူတွေနဲ့ နွားတွေ အစာငတ် ရေ
ဖြစ်ပြီး အားအင်ကုန်ခမ်းနေတုန်းမှာ လမ်းမှာတွေ့ခဲ့တဲ့ လူယော
ဆောင်ထားတဲ့ ဘီလူးက နွားတွေရော လူတွေပါ အကုန်စားပစ်လို
တာပဲ၊ ဒီလမ်းခရီးကို လှည်းငါးရာပါတဲ့ ဒုတိယ လှည်းအုပ်တ
ရောက်လာပြန်တယ်၊ လူယောင်ဆောင်တဲ့ဘီလူးလဲ ဒုတိယလှည်
ကို ပထမလှည်းမှူးလိုပဲ လှည့်ဖြားပြန်တယ်၊ ဒါပေမယ့် ဒု
လှည်းမှူးက တို့မိတ်ဆွေလဲမဟုတ်၊ တို့ဆွေမျိုးလဲ မဟုတ်၊ အဲဒီ
ဒီလူ့ရဲ့ စကားကို တို့မယုံနိုင်ဘူး၊ ပါလာတဲ့ပစ္စည်းဆိုရင် ဘာပစ္စ
မစွန့်ပစ်ကြနဲ့လို့ ဒုတိယလှည်းမှူးက အမိန့်ပေးတယ်၊ ဒီအမိန့်အ
လှည်းသားတွေဟာ ဘာပစ္စည်းမှ စွန့်မပစ်ကြဘူး၊ သူတို့ ခရီး
ထွက်လာလို့ ခုနစ်ခုမြောက် စခန်းကိုရောက်တဲ့အခါ ဘီလူး

ခံရတဲ့ ပထမလှည်းအုပ်က လူတွေနဲ့ နွားတွေရဲ့ အရိုးတွေကို တွေ့ရတယ်၊ အဲဒီတော့ မြို့စား ပထမလှည်းမှူးဟာ အဆင်ခြင်ကင်းမဲ့တဲ့အတွက် ပျက်စီးရတယ်၊ သင်ဟာ အဆင်အခြင်မရှိဘဲ တမလွန်လောက နောင်ဘဝကိုရှာရင် သင်လဲ ပထမလှည်းမှူးလို ပျက်စီးရမယ်၊ ပထမလှည်းမှူးရဲ့စကားကို ယုံကြည်မိတဲ့အတွက် လှည်းသားတွေဟာ ပျက်စီးရတယ်၊ သင့်စကားကို ယုံကြည်ထိုက်တယ်ထင်ပြီး သင့်အယူကိုလိုက်ပြီး ယူကြတဲ့ သူတွေလဲ လှည်းသားတွေလို ပျက်စီးကြရမယ်၊ အဲဒါကြောင့် မြို့စား အသင်ရဲ့ အယူမှားကို စွန့်ပါတော့၊ သင့်ကို အခါကြာမြင့်စွာ ဆင်းရဲဒုက္ခ မဖြစ်ပါစေနဲ့'

အရှင်ကုမာရကဿပက အမိန့်ရှိပြန်တယ်။

မြို့စားကလဲ လျှော့မပေးသေးဘူး၊ 'အရှင်ကဿပ၊ အကျွန်ုပ်ဟာ ဒီအယူကို ယူတယ်ဆိုတာ ပသေနဒီကောသလမင်းလဲ သိနေတယ်၊ တိုင်းတစ်ပါးက မင်းတွေလဲ သိနေတယ်၊ အဲဒီအကြောင်းကြောင့်လဲ အကျွန်ုပ်ရဲ့အယူကို မစွန့်နိုင်ဘူး၊ နောက်တစ်ကြောင်းလဲ ရှိသေးတယ်၊ ဒီအယူကို အကျွန်ုပ် စွန့်လိုက်ရင် တစ်သက်လုံး မိုက်ခဲ့ပြီး အယူမှားကြီးကို ယူခဲ့တဲ့ ပါယာသိမြို့စားဟာ အခုတော့ သူ့အမှားကြီးကို စွန့်လိုက်ပါရောလားလို့ အကျွန်ုပ်ကို ကဲ့ရဲ့ကြမယ့် လူတချို့ ရှိနေပါသေးတယ်၊ ဒီလူတွေကို အမြင်ကပ်တာကြောင့်လဲ အကျွန်ုပ်ရဲ့အယူကို မစွန့်နိုင်ဘူး၊ ယူမြဲ ဆက်ယူရပါမယ်၊ အရှင်ဘုရားရဲ့ ဟောပြောချက်တွေကို ချေပတဲ့အနေနဲ့လဲ ယူမြဲ ဆက်ယူရမယ်၊ အရှင်ဘုရားကို တုပြိုင်တဲ့အနေနဲ့လဲ ဒီအယူကို ဆက်ယူရမယ်'

ပါယာသိမြို့စားက လျှောက်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



'မြို့စား ဒီလိုဆိုရင် သင့်ကို ဥပမာတစ်ခု ပြောဦးမယ်
ဒီဥပမာကို သင် နားလည်ပါလိမ့်မယ်၊ ရှေးတုန်းက ဝက်မွေး
လူတစ်ယောက် ရှိတယ်၊ အဲဒီလူဟာ တောထဲမှာ လူတွေယိုထား
ကျင်ကြီးခြောက်တွေကို တွေ့တာနဲ့ သူ့ဝက်တွေကို ကျွေးရအော
ကျင်ကြီးခြောက်တွေကို အဝတ်နဲ့ထုပ်ပြီး သူ့ခေါင်းပေါ်မှာ ရွက်
သွားတယ်၊ အိမ်မရောက်ခင်မှာ လမ်းမှာ မိုးပြင်းပြင်းရွာချတယ်
အဲဒီတော့ ကျင်ကြီးခြောက်တွေ အရည်ပျော်ပြီး သူ့ကိုယ်ပေါ်စီး
တဲ့အတွက် တစ်ကိုယ်လုံး မစင်တွေ ပေနေတယ်၊ သူ့ကိုမြင်ရ
လူတွေက အချင်း၊ သင် ရူးနေသလား၊ တစ်ကိုယ်လုံးလဲ ကျင်ကြီ
တွေ ပေနေရက်သားနဲ့ ဘာဖြစ်လို့ ဒီမစင်ထုပ်ကြီးကို မစွန့်သလဲ
ဝိုင်းပြောကြတယ်၊ အဲဒီအခါ ဝက်မွေးသမားက အချင်းတို့ သင်
သာ ရူးနေကြတာ၊ ဒီ မစင်ထုပ်ဟာ ငါ့ရဲ့ဝက်စာ ဖြစ်တယ်
ပြန်ပြောတယ်၊ အဲဒီတော့ မြို့စား၊ သင်ဟာ မစင်ထုပ်ကိုရွက်လာ
ဝက်မွေးသမားလို ဖြစ်နေပြီ၊ သင့်ရဲ့ အယူမှားကို စွန့်ပါတော့
သင့်ကို ကြာမြင့်စွာ စိတ်ဆင်းရဲဒုက္ခ မဖြစ်ပါစေနဲ့'

လို့ အရှင်ကုမာရကဿပက အမိန့်ရှိပြန်တယ်။

ပါယာသိမြို့စားလဲ လျှော့မပေးသေးဘူး။ သူ့အယူကို
ယူရမယ်လို့ ယခင်အတိုင်း အကြောင်းပြပြီး ထပ်လျှောက်တယ်

'မြို့စား၊ ဒီလိုဆိုရင် သင့်ကို ဥပမာတစ်ခု ပြောဦးမယ်၊ ဒီ
ဥပမာကို သင် နားလည်ပါလိမ့်မယ်၊ မြို့စား၊ ရှေးတုန်းက လူ
ယောက် ကြွေအန်ကစားကြတယ်၊ ပထမအန်သမားဟာ လာ
လာတိုင်းသော ရှုံးမယ့်အန်ကို မျိုမျိုချတယ်၊ ဒုတိယအန်သမား
ဒါကို မြင်တယ်၊ အဲဒါကြောင့် သူ့ကို အန်တွေပေးပါဦး၊ နတ်တင်
တယ်လို့ပြောပြီး ပထမအန်သမားဆီမှာ တောင်းတယ်၊ အန်တွေ



အခါ နတ်တင်ချင်ယောင်ဆောင်ပြီး အန်တွေကို အင်မတန်ပြင်းတဲ့ အဆိပ်နဲ့ လူးထားတယ်၊ နောက်ထပ် ကစားကြတဲ့အခါ ပထမ အန်သမားဟာ အရင်လိုပဲ ရှုံးမယ့်အန်ကို မျိုချတယ်၊ အဲဒီအခါ ဒုတိယ အန်သမားက ဒီကောင်ဟာ အဆိပ်လူးထားတာကို မသိဘူး၊ ယုတ်မာ ညစ်ပတ်တဲ့အကောင်၊ အားရအောင်မျို၊ မကြာခင် နင် ဆေးတွေ့ တော့မယ်လို့ ပြောတယ်၊ အဲဒီလိုပဲ၊ မြို့စား၊ သင်ဟာ ပထမအန်သမား နဲ့ တူနေပြီ၊ အဲဒါကြောင့် သင့်ရဲ့အယူမှားကို စွန့်ပါတော့၊ သင့်ကို အခါကြာမြင့်အောင် ဆင်းရဲဒုက္ခ မဖြစ်ပါနဲ့'

အရှင်ကုမာရကဿပက အမိန့်ရှိတော်မူပြန်တယ်။

ပါယာသိမြို့စားလဲ လျှော့မပေးသေးဘူး။ သူ့အယူကို ယူမြဲ ယူရမယ်လို့ ယခင်အတိုင်း အကြောင်းပြပြီး ထပ်လျှောက်တယ်။

'မြို့စား၊ ဒီလိုဆိုရင် သင့်ကို ဥပမာတစ်ခု ပြောဦးမယ်၊ ဒီဥပမာကို သင် သိပါလိမ့်မယ်၊ ရှေးအခါက ရွာအတော်များများက လူတွေ တခြားတစ်နေရာကို ပြောင်းသွားကြတယ်၊ အဲဒီအခါ သူငယ်ချင်းနှစ်ယောက်ဟာ ရွာထဲမှာ ပစ္စည်းရှာရအောင်ဆိုပြီး သွားကြတယ်၊ လက်ဦးရွာမှာ လူတွေစွန့်ပစ်သွားကြတဲ့ ပိုက်ဆံလျှော်တွေကို တွေ့တဲ့အတွက် သူငယ်ချင်းနှစ်ယောက်ဟာ ဒီပိုက်ဆံလျှော်တွေကို တစ်ယောက်တစ်ထုပ်စီ ထုပ်ပြီး ယူခဲ့ကြတယ်၊ နောက် တစ်ရွာရောက်တဲ့အခါ စွန့်ပစ်သွားကြတဲ့ ပိုက်ဆံလျှော်ချည်တွေကို တွေ့ရတယ်၊ အဲဒီအခါ ပထမ သူငယ်ချင်းက ဒုတိယ သူငယ်ချင်းကို အဆွေ၊ ပိုက်ဆံလျှော်ဆိုတာ ပိုက်ဆံလျှော်ချည်လုပ်ဖို့ပဲ၊ ဒီမှာ ပိုက်ဆံလျှော်ချည်တွေကို ရတယ်ဆိုတော့ ကိုယ့်ယူလာတဲ့ ပိုက်ဆံလျှော်တွေကို စွန့်ပစ်လိုက်ကြပြီး ဒီမှာတွေ့တဲ့ ပိုက်ဆံလျှော်ချည်တွေကိုပဲ ယူသွားကြစို့လို့ ပြောတယ်၊ အဲဒီအခါ

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယသူငယ်ချင်းက ဒီပိုက်ဆံလျှော်တွေကို ငါ အဝေးကြီး
သယ်လာရတယ်၊ ပြီးတော့လဲ သေသေချာချာ ထုပ်ထားပြီးပြီ၊ အ
တော့ ငါ့ပိုက်ဆံလျှော်တွေကို ငါ မစွန့်နိုင်ဘူး၊ ပိုက်ဆံလျှော် ချ
တွေကို မင်း လိုချင်ရင်ယူ၊ မင့်သဘောပဲလို့ ပြန်ပြောတယ်၊ ပ
သူငယ်ချင်းလဲ သူ ယူလာတဲ့ ပိုက်ဆံလျှော်တွေကို စွန့်ပစ်
ပိုက်ဆံလျှော်ချည်တွေကို ယူတယ်၊ နောက်တစ်ရွာကို ရောက်တဲ့အ
ပိုက်ဆံလျှော်ချည်နဲ့ ယက်ထားတဲ့ အထည်တွေကို တွေ့ရပြန်တ
အဲဒီအခါ ပထမသူငယ်ချင်းက ဒုတိယသူငယ်ချင်းကို အ
ပိုက်ဆံလျှော်တို့ ပိုက်ဆံလျှော်ချည်တို့ဆိုတာ အထည် ယက်
ဒီမှာ အထည်တွေ တွေ့နေပြန်ပြီဆိုတော့ မင်းယူလာတဲ့ ပိုက်ဆံ
နဲ့ ငါယူလာတဲ့ ပိုက်ဆံလျှော်ချည်တွေကို သယ်သွားဖို့ မလိုတော့
ဒီမှာပဲ စွန့်ပစ်ပြီး အထည်တွေကို သယ်သွားကြစို့လို့ ပြောတ
အဲဒီအခါမှာလဲ ဒုတိယသူငယ်ချင်းက ဒီပိုက်ဆံလျှော် တွေကို
အဝေးကြီးက သယ်လာရတယ်၊ ပြီးတော့လဲ သေသေချာချာထုပ်
ပြီးပြီ၊ အဲဒီတော့ ငါ့ပိုက်ဆံလျှော်တွေကို ငါမစွန့်နိုင်ဘူး၊ အ
တွေကို မင်း လိုချင်ရင်ယူ၊ မင့်သဘောပဲလို့ ပြန်ပြောတယ်၊ ပ
သူငယ်ချင်းလဲ သူယူလာတဲ့ ပိုက်ဆံလျှော် ချည်တွေကို စွန့်
အထည်တွေကို ယူတယ်၊ သူငယ်ချင်း နှစ်ယောက်ဟာ အဲ
တစ်ရွာပြီးတစ်ရွာ ဆက်ပြီးသွားတဲ့အခါ နောက်တစ်ရွာမှာ ဝါ
ယက်ထားတဲ့ အထည်တွေ၊ နောက်တစ်ရွာမှာ သံတွေ၊ နောက်
မှာ ကြေးတွေ၊ နောက်တစ်ရွာမှာ ခဲတွေ၊ နောက်တစ်ရွာမှာ ဘ
နောက်တစ်ရွာမှာ ငွေတွေကို တွေ့ရတယ်၊ ဒီလိုတွေ့ရတိုင်း ပ
သူငယ်ချင်းဟာ ဒုတိယ သူငယ်ချင်းကို သူယူလာတဲ့ ပိုက်ဆံ
ထုပ်ကို စွန့်ပစ်ဖို့ ပြောလို့မရဘူး၊ စွန့်ပစ်ဖို့ပြောတိုင်း 'ဒ

လျှော်တွေကို သူ အဝေးကြီးက သယ်လာရတယ်၊ သေသေချာချာ ထုပ်ထားပြီးပြီ ဆိုတဲ့ အကြောင်းကိုပဲ ပြတယ်၊ အဲဒါကြောင့် ပထမသူငယ်ချင်းကသာ သူသယ်လာတဲ့ပစ္စည်းကို စွန့်ပစ်ပြီး ပိုကောင်းတဲ့ ပစ္စည်းတွေကိုသာ သယ်သွားတယ်၊ နောက်ဆုံး ရွာကိုရောက်တဲ့အခါ စွန့်ပစ်ထားတဲ့ ရွှေကို တွေ့ရပြန်တယ်၊ အဲဒီအခါမှာလဲ ပထမသူငယ်ချင်းက အရွှေ၊ ဟောဒီမှာ ရွှေတွေကိုတွေ့နေပြီ၊ မမိုက်ပါနဲ့၊ ငါကလဲ ငါ ယူလာတဲ့ ငွေထုပ်ကို စွန့်၊ အရွှေကလဲ အရွှေယူလာတဲ့ ပိုက်ဆံလျှော်တွေကို စွန့်ပြီး ငါတို့နှစ်ယောက် ဒီရွှေတွေ သယ်သွားကြစို့လို့ ကရုဏာနဲ့ ဒုတိယ သူငယ်ချင်းကို ပြောတယ်၊ အဲဒီအခါမှာလဲ အင်မတန် မိုက်လှတဲ့ ဒုတိယသူငယ်ချင်းက ရှိပါစေတော့ သူငယ်ချင်းရယ်၊ ပိုက်ဆံလျှော်တွေကို ငါ အဝေးက သယ်လာခဲ့ရတယ်၊ သေသေချာချာလဲ ထုပ်ထားပြီးပြီ၊ ဒါကြောင့်မို့ ငါ မစွန့်နိုင်ဘူး၊ ရွှေတွေကို မင်းလိုချင်ရင် မင့်သဘောပဲလို့ ပြန်ပြောလိုက်တယ်၊ ပြောလို့မရတာနဲ့ ပထမသူငယ်ချင်းကသာ ငွေထုပ်ကိုစွန့်ပြီး ရွှေကို သယ်သွားတယ်၊ ဒီသူငယ်ချင်းနှစ်ယောက် သူတို့အိမ် အသီးသီး ပြန်ရောက်တဲ့အခါ ဒုတိယသူငယ်ချင်းရဲ့ မိဘ သားမယားတွေဟာ ပိုက်ဆံလျှော်ထုပ်ကို မြင်ရပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြတယ်၊ အဲဒီတော့ မြို့စား၊ သင်ဟာ ပိုက်ဆံလျှော်ထုပ်ကိုမစွန့်ဘဲသယ်လာတဲ့ဒုတိယသူငယ်ချင်းနဲ့ တူနေပြီ၊ ဒါကြောင့် သင့်အမှားကို စွန့်ပါ၊ ဒီအယူမှားကြောင့် သံသရာတစ်လျှောက်လုံးမှာ အခါကြာမြင့် စွာ သင့်ကို ဆင်းရဲဒုက္ခ မဖြစ်ပါစေနဲ့' လို့ ကဿပက ကရုဏာနဲ့ ပြောပြန်တယ်။

အဲဒီတော့မှ ပါယာသိမြို့စားက 'အရှင်ကဿပတရားဒေသနာဟာ အလွန်နှစ်သက်ဖွယ် ရှိပါပေတယ်၊ ဥပမာကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့လည်းကောင်း၊ ဖုံးထားသည်ကို ဖွင့်လှစ်ဘိ

www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့လည်းကောင်း၊ မျက်စိလည်သူအား လမ်းမှန်ကို ပြောကြ ဘိသကဲ့သို့လည်းကောင်း၊ မျက်စိအမြင်ရှိသူတွေဟာ အဆင်း မြင်ကြပါစေလို့ အမိုက်မှောင်ထဲမှာ ဆီမီးတန်ဆောင်ကို ထွန်းပြ သကဲ့သို့ လည်းကောင်း ဤအတူ အရှင်ကဿပ အကျွန်ုပ်ဟာ အရှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါတယ်၊ တရားတော် ကိုလဲ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါတယ်၊ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါတယ်၊ အရှင်ကဿပဟာ တပည့် တော်ကို ဒီနေ့က အစပြုပြီး အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာ ကို ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသကာလို့မှတ်တော်မူပါ' လို့ ပါယာ မြို့စားက အရှင်ကုမာရကဿပကို လျှောက်ထားလိုက်တယ်။

## မိုးအောင် ပါယာသိမြို့စားလောက် မဆိုးသေး

'ငါ့မြေးမိုးအောင်၊ ငါ့မြေးဟာ ပါယာသိမြို့စားလောက်တော့ မဆိုး သေးပါဘူးကွာ၊ ကုန်ကုန်ပြောလိုက်မယ်၊ ငါ့မြေးရယ်၊ နောင်ဘဝဆိုတာ မရှိဘူး၊ သေပြီးရင်ပြန်ဖြစ်တဲ့ သတ္တဝါဆိုတာ မရှိဘူး၊ ကုသိုလ် အကုသိုလ်ကံဆိုတာ မရှိဘူးလို့ စွဲစွဲမြဲမြဲ ယုံကြည်နေတဲ့ တို့မြန်မာပြည် တကွ တစ်ကမ္ဘာလုံးမှာ အခုရှိနေကြတဲ့ လူတွေအားလုံးဟာ ပါယာ မြို့စားလောက်တော့ ဘယ်သူမှ မဆိုးနိုင်ပါဘူး၊ ပါယာသိမြို့စားတော် သူ့အယူမှားကို စွန့်နိုင်ရင် ငါ့မြေးလဲ ငါ့မြေးရဲ့အယူမှားကို စွန့်နိုင်ရမှာ အဲဒီတော့ ငါ့မြေးဟာ တမလွန်လောက နောင်ဘဝရှိတယ်ဆိုတာ ယုံ မဟုတ်ဘူးလား၊ သေပြီးရင် ပြန်ဖြစ်တဲ့ သတ္တဝါရှိတယ်ဆိုတာလဲ ယုံ မဟုတ်ဘူးလား' လို့ ဦးစန္ဒာဘာသက သူ့မြေး မိုးအောင်ကို မေးတယ်။

မိုးအောင်လည်း ဘာမှ မဖြေဘူး၊ ရှေ့တည့်တည့်ကိုသာ ကြည့်နေ တယ်။ အဲဒီအခါ သူ့မြေးမိုးအောင်တော့ သံဝေဂရနေတယ်ထင်ပြီး



မ်းသာအားရနဲ့ 'ငါ့မြေးကြီး မိုးအောင်၊ ယုံပြီမဟုတ်လား' လို့ ထပ်ပြီး မေးတယ်။

အဲဒီတော့မှ မိုးအောင်က 'ဘိုးဘိုးရယ်၊ တပည့်တော်ကို ဒီလောက် ရားအရှည်ကြီး ဟောမနေပါနဲ့၊ သရဲတစ်ကောင်လောက်ကိုသာ တပည့် တော် မြင်အောင်ပြပါ၊ ဘိုးဘိုးပြောတာတွေအားလုံးကို တပည့်တော်ယုံမယ်' လို့ ပြန်ဖြေတယ်။

ဘိုးဘိုး ဦးစန္ဒာဘာသလည်း စကားဆက်မပြောနိုင်ဘူး၊ ထိုင်နေတဲ့ ကုလားထိုင်ပေါ်မှာ ပါးစပ်ကြီးဟပြီး ပက်လက်ကြီး လန်နေတယ်။

'ဒါကြောင့်မို့ ဒီသူငယ်ဟာ ချွတ်လို့ရမယ့်သူငယ် မဟုတ်ဘူး၊ ကုန်မခံပါနဲ့လို့ အစက တပည့်တော် မလျှောက်ဘူးလား' လို့ မလှရင်က ဦးစန္ဒာဘာသကို လျှောက်လိုက်တယ်။

တအောင့်ကြာမှ ရေတစ်ခွက်တောင်းသောက်ပြီး 'ပြဟ္မာတွေ၊ ကြားတွေ၊ နတ်တွေ၊ ပြိတ္တာတွေ၊ သရဲတစ္ဆေတွေဆိုတဲ့ တမလွန်လောက ရှိတဲ့ သတ္တဝါတွေကို မြင်ချင်ရင် ဒိဗ္ဗစက္ခုကို ရအောင် လုပ်ရတယ် ငါ့မြေးရဲ့၊ ဒိဗ္ဗစက္ခုဆိုတာ နတ်တွေကို မြင်နိုင်တဲ့ အမြင်တစ်မျိုးပဲ၊ ဒီ ဒိဗ္ဗစက္ခုကို ရအောင် ဘယ်လိုကျင့်ရမယ်ဆိုတာ ဘုရားဟောခဲ့တာရှိသားပဲ၊ ဘုရားဟောတဲ့အတိုင်း တိတိကျကျကျင့်နိုင်ရင် နတ်တွေလို မြင်နိုင်တဲ့ ဒိဗ္ဗစက္ခုကိုရော၊ နတ်တွေလိုကြားနိုင်တဲ့ ဒိဗ္ဗသောတကိုရော၊ လွန်ခဲ့တဲ့ အတိတ်က ဘဝပေါင်းများစွာကို ပြန်ပြီးသိနိုင်တဲ့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ကိုရော၊ သူတစ်ပါးစိတ်ကို သိနိုင်တဲ့ ပရစိတ္တဝိဇာနနဉာဏ်ကိုရော အမျိုးမျိုး ဖန်ဆင်းနိုင်တဲ့ ဣဒ္ဓိပါဒဉာဏ်ကိုရော ရနိုင်ပါတယ် ငါ့မြေး၊ ဉာဏ်တွေကို လောကီဉာဏ်တွေလို့ ခေါ်တယ်၊ ဒီလောကီဉာဏ်တွေကို ရဖို့အတွက်ဆိုရင် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ယုံကြည် တဲ့ ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့တောင် မလိုပါဘူး၊ စိတ်တည်ငြိမ်မှုလို့ ခေါ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သမာဓိကိုသာ လုံလုံလောက်လောက်ရရင် ဘယ်သူဖြစ်ဖြစ် ဒီဉာဏ်တွေကို ရနိုင်တာပဲ၊ ဘုရားမပွင့်ခင်တုန်းက ရသေ့တွေ ခပ်များများဟာ ဒီလောကီ ဉာဏ်တွေကို ရသလောက် ရကြသားပဲ၊ ဘုရားပွင့်တော်မူပြီးတဲ့ နောက်မှာ တောင် တိတ္ထိတချို့ဟာ ဒီလောကီဉာဏ်တွေကို ရသလောက် ရကြသား၊ ဒီဉာဏ်တွေကိုရလို့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ် လေးဘုံက မလွတ်နိုင်သေးဘူး၊ ပဋိသန္ဓေအဖန်ဖန်နေရ၊ အိုရ၊ နာရ၊ သေရ၊ ချစ်သူတွေနဲ့ သေကွဲသော်လည်းကောင်း၊ ရှင်ကွဲသော်လည်းကောင်း ကွဲရတယ်ဆိုတဲ့ သံသရာဝဋ်ဆင်းရဲတွေက မလွတ်နိုင်သေးဘူး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကိုရမှ အပါယ်လေးဘုံက လွတ်နိုင်တယ်၊ သံသရာဝဋ်ဆင်းရဲ တွေက လွတ်နိုင်တယ်၊ အဲဒါကြောင့် ဒီလောကီဉာဏ်တွေဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေလောက် တန်ဖိုးမရှိပါဘူး၊ ဒါပေမယ့် ဒီလောကီဉာဏ်တွေကို ငါ့မြေး ရချင်တယ်ဆိုရင် ရနိုင်တဲ့နည်းတွေကို ဘုရားဟောထားတဲ့အတိုင်း ဘိုးဘိုး ဟောဦးမယ်၊ ဘိုးဘိုးဟောပြီးရင် ဒီလောကီဉာဏ်တွေကိုရအောင် ငါ့မြေး ကျင့်ရမယ်နော်' လို့ ပြောပြီး ကျောင်းကို ပြန်ကြွသွားတယ်။

□

## အခန်း ၇

## မိုးအောင် သွေးနဲ့ မအုံးတင် ရင်သွေး

အုံးတင် တိုက်ဖို့ကျက်ဖြစ်လိုက်တဲ့အတွက် မိုးအောင်ဟာ သူ့အကြံသစ်ကို အကောင်အထည်မဖော်နိုင်သေးဘဲ ခဏဆိုင်းထားခဲ့ရတယ်။ မလှရင်လည်း အုံးတင်အတွက် စိုးရိမ်ပြီး ဆိုင်တောင်မထွက်ဘဲ ပိတ်ထားတယ်၊ များတော့ အရက်နှစ်ဆယ်ကျော်လောက်ရှိတော့ မအုံးတင်မှာ အဖျားတော့ မရှိပါဘူး၊ ဖျားတုန်းအခါ ကောင်းကောင်းမစားနိုင်လို့ မအုံးတင်အတွက် သူကိုယ်တိုင် ဆန်ပြုတ်ကို ပြုတ်ပြုတ်ပြီး တိုက်ပါတယ်။

သုံးလေးရက်ကြာတော့ 'စိတ်မပူပါနဲ့ မမရယ်၊ ကျွန်မ နေကောင်း ပါပြီ၊ ဆိုင်ထွက်ပါတော့' လို့ မအုံးတင်က အတင်း တိုက်တွန်းတာနဲ့ မလှရင်ဟာ မအုံးတင်ဖို့ ဆန်နှင့် ကြက်သားကို သူကိုယ်တိုင်ပြုတ်ပြီး အိမ်ပေါ်ထပ်က မအုံးတင်အခန်းထဲ သူကိုယ်တိုင် ယူလာတယ်၊ မအုံးတင် လည်း ခံတွင်းမကောင်းသေးတာနဲ့ ဆန်ပြုတ်ပြီး လေးငါးဇွန်းပဲ သောက်နိုင် တယ်။

နောက်ပြီးတော့ မလှရင်ဟာ ကော်ဖီလေးခွက်စာကို ဓာတ်ဘူးထဲ ထည့်ပြီး မုန့်သေတ္တာဘူးပါ ယူလာတယ်။ မအုံးတင်လည်း ကော်ဖီပန်းကန်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်လောက် သောက်ချလိုက်တယ်။ နေ့ခင်းဆာရင် သောက်ရအောင် ကော်ဖီဓာတ်ဘူးနဲ့ မုန့်သေတ္တာကို မအုံးတင် ခုတင်ဘေးနားမှာ ချထားခဲ့ပြီး မလှရင် ဈေးထွက်သွားတယ်။

ဆယ့်ငါးမိနစ်လောက်ကြာတဲ့အခါ မိုးအောင်ဟာ မအုံးတင်ရဲ့အခန်း ထဲကို ဝင်လာတယ်။ 'ဒေါ်လေး ညော်တယ်' လို့ ပြောပြောဆိုဆို မအုံးတင် ရဲ့ အိပ်ခန်းတံခါးကို ပိတ်လိုက်ပြီး ချက်ထိုးလိုက်တယ်။

မိုးအောင်ဟာ မအုံးတင်ရဲ့ခုတင်ပေါ်မှာထိုင်ပြီး 'ဒေါ်လေးနေကောင်း သွားပလား' လို့ မေးတယ်၊ မအုံးတင်ကလည်း ခပ်တိုတိုပဲ၊ 'အင်း' လို့ ဖြေလိုက်တယ်။

မိုးအောင်က 'ကျွန်တော်နှိပ်ပေးပါမယ်' ဆိုပြီး နှိပ်တယ်။

မအုံးတင်က 'နေပါစေကွယ်' လို့ ပြောပြီး သူ့လက်တွေ ဖယ်ပစ် တယ်။ မိုးအောင်ကလည်း အတင်းနှိပ်ပေးတယ်။ နှိပ်ရင်း မိုးအောင်ရဲ့ လက်ဟာ မအုံးတင်ရဲ့ ဟိုနေရာရောက် ဒီနေရာရောက်နဲ့ ရောက်ရောက် သွားတိုင်း မအုံးတင်က 'ဟင်း' လို့ ဆိုဆိုပြီး မိုးအောင်ရဲ့လက်တွေကို ပုတ်ပုတ်ပစ်တယ်။

နှိပ်လို့ သုံးမိနစ်လောက်အကြာ မအုံးတင်က 'တော်ပါပြီ၊ ဒါ မညောင်းပါဘူး' လို့ အပြောလိုက်မှာ 'ဒေါ်လေးကို ကျွန်တော် သိပ်ချစ်တယ် ဗျာ၊ မအောင့်နိုင်တော့ဘူး' လို့ ဆိုပြီး မအုံးတင်ကို အတင်းဖက်တာပဲ။

အစာမရှိလို့ လှုပ်လှုပ်ကလေးဖြစ်နေရတဲ့ မအုံးတင်ဟာ မရုန်းနိုင်ဘူး လေသံသဲ့သဲ့ကလေးနဲ့ 'မိုးအောင်၊ နင် အဝိစိကျမယ်၊ မလုပ်နဲ့ မလုပ်နဲ့' လို့သာ ပြောနိုင်ရှာတယ်၊ မကြာခင်ဘဲ ကြောင်စုန်းကြီးရဲ့ လက်သည်းကြား ထဲမှာ အမိခံနေရပြီး ကြောင်စုန်းကြီး ကစားချင်တိုင်း ကစားတာကို ခံနေ ရရှာတဲ့ ကြွက်စုတ်ကလေးလို မအုံးတင်ဟာ အားကိုးရာမဲ့ ဖြစ်သွားရှာ



တယ်။ တအောင့်လောက်ကြာတဲ့အခါ မအုံးတင်ဟာ တခြားဘက်ကို လှည့်ပြီး ငိုင်းအိပ်နေတယ်။ မိုးအောင်ဟာ ခုတင်ပေါ်မှာ မအုံးတင်နဲ့ ယှဉ်အိပ်ရင်း နောက်က ဖက်ထားတယ်။

'ဟို မင်္ဂလာဆောင်နေ့က ဒေါ်လေးကို မြင်ရပြီးကတည်းက ကျွန်တော် ဘယ်လိုဖြစ်နေမှန်း မသိပါဘူး ဒေါ်လေးရယ်၊ ဒီမှာဆိုရင်တော့ ဦးလေးရှိနေတဲ့အတွက် ဒေါ်လေးနဲ့ ကျွန်တော်နဲ့ ပေါင်းရမှာ မဟုတ်ဘူး၊ ကျွန်တော်တို့ သရက်ကို ထွက်ပြေးရအောင်၊ သရက်က ကျွန်တော်နေခဲ့တဲ့ ဆောင်မှာ ဆောင်မူးကလေးအလုပ်တစ်ခု လစ်လပ်နေတယ်၊ ဆောင်ပိုင် ကြီးကို ငွေတစ်ထောင်လောက် ပေးနိုင်ရင် ရမယ်၊ ဒေါ်လေး လက်ဝတ် လက်စားတွေ မေမေ့ဆီက ခဏတောင်းပြီး ကျွန်တော့်ကို ပေးပါ၊ ကျွန်တော် အရင်သွားပြီး အလုပ်ရအောင် လုပ်ထားနှင့်မယ်၊ အလုပ်ရပြီဆိုတော့ ကျွန်တော် စာရေးလိုက်မယ်၊ ဒေါ်လေး လိုက်လာပေါ့၊ အလုပ်ရပြီး လက်ဝတ်လက်စားတွေကို တဖြည်းဖြည်း ပြန်ရွေးနိုင်တာပဲ' လို့ ပြောတယ်။

မအုံးတင်လည်း ဘာမှပြန်မပြောဘူး။ မျက်ရည်တွေကျနေတယ်။ မိုးအောင်လည်း အခုပြောခဲ့တဲ့အတိုင်း မအုံးတင်ဆီက လက်ဝတ်လက်စား ရအောင် ဟိုကလှည့်ပြော ဒီကလှည့်ပြော နည်းအမျိုးမျိုးနဲ့ ပြောနေ တယ်၊ မအုံးတင်လည်း ဘာမှ ပြန်မပြောဘူး။ တစ်ဖက်လှည့်ပြီး ငိုမြဲတိုင်း ငိုနေတယ်။

တစ်အောင့်လောက်ကြာတဲ့အခါ မိုးအောင်က မအုံးတင်ကို ပက်လက် လှန်လိုက်ပြီး 'ဒေါ်လေးကို ကျွန်တော်ချစ်တယ်ဆိုတာ မယုံဘူးလား၊ ကျွန်တော့်အချစ် ဘယ်လိုဆိုတာ ပြဦးမယ်' လို့ ပြောပြီး ဆော်စတယ်ဆောင် ထဲက သူတတ်လာခဲ့တဲ့ ကာမသျှတ္တရပညာတွေကို မိုးအောင်ဟာ အစွမ်း ကုန် လက်စွမ်းပြောက်ပြနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မအုံးတင်လည်း ဒုတိယအကြိမ်မှာ ဘာမှ မပြောတော့ဘူး။ သူ့မျက်နှာကိုသာ တခြားဘက်စောင်းထားလိုက်တယ်။ မအုံးတင်ကို ဘာတွေပြောပြော မအုံးတင်က သူ့ကို ဘာစကားမှမပြောဘဲ ငိုမြဲသာ ငိုပြီး တခြားဘက်ကို လှည့်လှည့်နေတဲ့အတွက် တစ်နာရီလောက်ကြာတဲ့အခါ မအုံးတင်ကို အသည်းစွဲချစ်နေပါတယ်ဆိုတာ ယုံလောက်အောင် တတိယအကြိမ် သစ္စာထားလိုက်ပြန်တယ်။ မအုံးတင်လည်း ဘာမှမပြောဘူး ငိုမြဲသာ ငိုနေတာပဲ။

အဲဒါနဲ့ မိုးအောင်ဟာ 'ဒေါ်လေး၊ မေမေလာရင် ဒါတွေကို ပြန်မပြောနဲ့နော်၊ ကျွန်တော်ကတော့ ဒေါ်လေးကို သိပ်ချစ်ပြီး ဒီလိုဖြစ်သွားတာပဲ မပြောနဲ့နော်၊ ကျွန်တော် လာခဲ့ဦးမယ်' လို့ နှစ်ကြိမ်သုံးကြိမ် ထပ်ပြောသွားတယ်၊ နောက်ပြီးတော့မှ မအုံးတင်ရဲ့ခေါင်းကို သူ့လက်နှစ်ဖက်နဲ့ကိုင်ထားပြီး အားရပါးရ လေးငါးကြိမ်လောက်နမ်းလိုက်တယ်။ မေထုန်နဲ့ အဖျားဖြစ်ဖြစ်၊ ဖျားပြီးစနဲ့ဖြစ်ဖြစ် မတည့်ဘူး။ အန္တရာယ်ကျနေတယ်၊ ဒါကြောင့်မို့ မိုးအောင်ဆင်းသွားလို့ မကြာခင် မအုံးတင်မှာ အဖျားတက်ပြီး တစ်ကိုယ်လုံးပူလာတယ်။

အဲဒီနေ့ညနေ မလှရင်ဟာ ထမင်းဟင်းချက်စရာတွေဝယ်ပြီး ဈေးက စောစောပြန်လာတယ်။ မအုံးတင်ရဲ့ ခုတင်ဘေးကိုရောက်တဲ့အခါ 'မအုံးတင် ဘယ့်နှယ်နေသေးသလဲ' လို့ မေးပြီး တခြားဘက်ကိုစောင်းနေတဲ့ မအုံးတင်ရဲ့နဖူးကို နောက်က အသာစမ်းလိုက်တယ်။ ပြီးတော့မှ 'ကိုယ်တွေ ပူလို့ပါလား၊ အဖျားပြန်တက်လာပြန်ပြီ' လို့ မလှရင်က ပြောလိုက်တယ်။

မအုံးတင်လည်း တစ်ဖက်စောင်းရာက မလှရင်ဘက်ကို လှည့်ပြီး မျက်ရည်တွေကျရင်းက တဖြည်းဖြည်းရှိုက်ရှိုက်ပြီး အသံထွက်အောင် ငိုလာတယ်။ မလှရင်လည်း မအုံးတင်ဟာ အဖျားအတွက်ကြောင့် စိတ်အား



ငယ်ပြီး ငိုနေတယ်ထင်တာနဲ့ 'ဒါကြောင့်မို့ ငါ ဆိုင်မထွက်သေးဘူးလို့ ပြောသားပဲ၊ ညည်းအဖျားကို ငါ စိတ်မချဘူး' လို့ ညီမကလေးတစ်ယောက်အပေါ်မှာ ရှိနေတဲ့ ကရုဏာစိတ်နဲ့ မလှရင်က ပြောတယ်။

'အဖျားအတွက် ငိုတာ မဟုတ်ပါဘူး မမရယ်၊ ကျွန်မတော့ ပြောပါရစေနဲ့တော့' လို့ဆိုပြီး ဆက်ငိုနေတယ်။

မိုးအောင်ဟာ တခြားမိန်းကလေးတွေကိုသာ ဖျက်ဆီးချင် ဖျက်ဆီးမယ်၊ မအုံးတင်ကိုတော့ ဒီလို ဖျက်ဆီးလိမ့်မယ်လို့ မလှရင် တစ်ခါမှ တွေးမိခဲ့ဘူး။ အဲဒါကြောင့် မစဉ်းစားတတ်တာနဲ့ 'ညည်းဟာ ပြောပါဦး၊ အခုပဲ ဆရာဝန်ကို ငါ သွားခေါ်မယ်' လို့ မလှရင်က မအုံးတင်ကို ပြောတယ်။

အဲဒီတော့မှ မအုံးတင်က 'မိုးအောင် ကျွန်မကို သုံးခါတောင် အတင်းကျင့်သွားတယ်' လို့ ပြောလိုက်တယ်။

ဒီစကားကို ကြားရတဲ့အခါ မလှရင်ဟာ မအုံးတင်ကို ကြက်သေသေပြီး ကြည့်နေတယ်။ ပြီးတော့မှ 'ဒီ မိုးအောင်နဲ့ အတူနေလို့တော့ ဖြစ်ပါဘူး၊ ဒီကောင်မှာ လူစိတ်ဆိုတာ နည်းနည်းမှ မရှိတော့ဘူး၊ လူကနေက တိရစ္ဆာန်ဖြစ်နေပြီ၊ ဒီကောင်ဟာ တော်တော်ကြောက်စရာကောင်းတာပဲ' ဆိုကာ မိုးအောင်နဲ့ ပတ်သက်တဲ့ အကြောင်းတွေကို စိတ်ကူးရင်း 'ဒီကောင်နဲ့နေလို့ မဖြစ်တော့ပါဘူး၊ ဒီကောင်နဲ့နေလို့ မဖြစ်တော့ပါဘူး' လို့ ရူးကိုယ်သူ ပြောသလို နှစ်ခွန်း သုံးခွန်းပြောပြီး ခေါင်းခါနေတယ်။

အဲဒီတော့မှ မအုံးတင်က မိုးအောင် အခန်းထဲဝင်လာပုံ၊ ချော့တယ်ဆိုပြီး တံခါးပိတ်ပုံ၊ သူ့တားလို့မရဘဲ နှိပ်ပေးမယ်ဆိုပြီး ဟိုနှိပ်ဒီနှိပ် အတင်းနှိပ်ပေးပုံ၊ ပြီးတော့မှ အတင်းကျင့်ပုံ၊ သူ့မှာ အစာမရှိရတဲ့အတွက် အားမရှိလို့ မရုန်းနိုင်၊ အော်လဲ မအော်နိုင်ပုံတွေကို အစချီပြီး သူ့လက်ဝတ်

www.burmeseclassic.com

www.burmeseclassic.com



လက်စားတွေကို လိုချင်လို့ လူကို ဒီလိုကြံတယ်ဆိုတာ မလှရင် သိအောင် မိုးအောင်ပြောသွားတဲ့ စကားတွေကိုပါ ပြန်ပြောပြတယ်။

မလှရင်လည်း နားထောင်နေရင်း မျက်ရည်တွေကျလာတယ်။ အတော်ကလေးကြာတော့ 'မအုံးတင် မငိုနဲ့၊ ဒါဟာ ကိုယ်လော်မာလို့ ဖြစ်ရတာ မဟုတ်ဘူး၊ မငိုနဲ့ မငိုနဲ့' လို့ ပြောပြီး မအုံးတင်ရဲ့ မျက်နှာသုတ် ပုဝါနဲ့ မျက်ရည်တွေကို မလှရင် ကိုယ်တိုင် သုတ်ပေးနေတယ်။

ပြီးတော့မှ 'ညည်းနဲ့ငါ ဒီကောင်နဲ့နေရတာ ဟိုဘဝက တို့လုပ်ခဲ့တဲ့ အကုသိုလ်တွေကို ပြန်ပြီး ဝဋ်ခံနေရတာပါပဲ၊ အဲဒီလိုသာ ဖြေပါတော့ ညီမရယ်' လို့ မအုံးတင် စိတ်ဖြေနိုင်အောင် မလှရင်က တရားပြတယ်။ တအောင့်လောက်ကြာတဲ့အခါ သူ့မျက်ရည်တွေကို သူ့အင်္ကျီလက်နဲ့ သုတ်ပြီး မလှရင် အောက်ဆင်းသွားတယ်။

## အမွေပေးရင် ဆင်းသွားမယ်

မလှရင်ဟာ သူ့သားကြီးအကြောင်းကို ကောင်းကောင်း သိတယ်။ 'မင်း မအုံးတင်ကို ဒီလိုကျင့်တာ ကောင်းသလား' လို့ သွားစွပ်စွဲနေရင် သူ မကျင့်ဘူးလို့ ဖြောင်လိမ်ဦးမှာပဲ၊ ဒီတော့ စကားတွေဟာ မရှည်သင့်ဘဲ ရှည်နေဦးမယ်၊ ခုနစ်အိမ်ကြား ရှစ်အိမ်ကြားလည်း ဖြစ်သွားဦးမယ်။

အဲဒါကြောင့် မိုးအောင်နဲ့တွေ့တဲ့အခါ 'ငါ့သား၊ မင်းကို မေမေ စကားအရှည်ကြီးမပြောတော့ဘူး၊ ဒီအိမ်ပေါ်က မင်း ဆင်းသွားမလား၊ မေမေပဲ ဆင်းသွားရမလား၊ မင်းကြိုက်တာ ပြောတော့' လို့ မလှရင်က ပြောတယ်။

ဒီစကားကိုကြားတဲ့အခါ 'မအုံးတင်ကဖြင့် သူ့အမေကို ပြန်တိုင် လိုက်ပြီ၊ မအုံးတင်ဆီက လက်ဝတ်လက်စားတွေရဖို့ နောက်ဆုံးအကြံ ဟာလည်း ရေစုန်မျှောရပြန်ပြီ' လို့ မိုးအောင်က ချက်ချင်း ရိပ်မိတယ်။



အဲဒါကြောင့် မိုးအောင်လည်း ဖိနပ်ချွတ်က ပက်လက်ကုလားထိုင် ပေါ်မှာ ထိုင်ရင်းက သူ့အမေကို လှည့်မကြည့်ဘဲ 'ကျွန်တော့် အမွေပေးရင် ကျွန်တော် ဆင်းသွားမယ်' လို့ ဖြေတယ်။

'အမွေစကားမပြောနဲ့၊ နင့်အမွေ ငါသေမှရမယ်၊ ဒီအိမ်ပေါ်က ဆင်းမလား မဆင်းဘူးလား၊ ဒါသာပြော' လို့ မလှရင်က ပြန်မေးတယ်။

'တယ်၊ ငါသတ်လိုက်ရင် သေသွားတော့မယ်' ဆိုတဲ့စိတ်နဲ့ သူ့အမေ ကို မျက်စောင်းထိုးကြည့်ပြီး 'ကျွန်တော်နဲ့ ကုလားကို တစ်ယောက် နှစ်ထောင်စီပေး၊ အဲဒါပြီးရော၊ နောက်ကို တစ်ပြားမှ အမွေမပေးနဲ့တော့' လို့ မိုးအောင်က ပြောတယ်။

မလှရင်က ဘာမှပြန်မပြောတဲ့အတွက် သားအမိနှစ်ယောက်ကြား မှာ စကားပြတ်သွားတယ်။ အတော်ကလေးကြာမှ မလှရင်က 'လိုချင်ရင် ယူသွား၊ နှစ်ယောက်ကို တစ်ထောင်ပဲ၊ တစ်ပြားမှ ပိုမပေးဘူး' လို့ ပြော တယ်။

တစ်ထောင်ဆိုရင် သူလိုချင်နေတဲ့ ခြောက်လုံးပြူးကို ဝယ်လို့ရပြီလို့ တွက်ရင်း မိုးအောင်ဟာ ပက်လက်ကုလားထိုင်ပေါ်က ထပြီး 'ဘယ်မလဲ ငွေတစ်ထောင်၊ ပေး သွားမယ်' လို့ အမေဆီမှာ တောင်းတယ်။

'နင်တို့ပစ္စည်းတွေ ထုပ်ထားကြ' ဆိုပြီး မလှရင်ဟာ ကိုကြီးသုခ ဆီက ငွေတစ်ထောင်ယူပေးလိုက်တယ်။

ငွေတစ်ထောင်ရတာနဲ့ မိုးအောင်ဟာ မလှရင်ကို 'ကျုပ်နဲ့ဆိုင်တဲ့ အမွေကို ကျုပ်တောင်းတာ၊ ခင်ဗျား သိပ်ပြီးတော့ ကတ်သီးကတ်သတ်လုပ် နေတယ်၊ ကြည့်နေ၊ ဒီငွေတွေအားလုံး ကိုသုခ ဘုံးပစ်လိုက်လိမ့်မယ်' လို့ ပြောပြီး မိုးအောင်နဲ့ ကုလားဟာ သူတို့သွားနေကျ ပုညကောသလအသင်း ဆီ ဆင်းသွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ကျတော့ မိုးအောင် အင်မတန်လိုချင်နေတဲ့ ခြောက်လုံးပြူးကို ဝယ်ရအောင် နှစ်ယောက်စလုံး ရန်ကုန်ကို လိုက်သွားကြတယ်။

မအုံးတင် နဲ့ ဦးဘိုးသင်း

မကြာခင်တစ်နေ့မှာ မအုံးတင်ဟာ မလှရင်ရဲ့ အနားကို သွားပြီး 'မမ ရာသီမပေါ်တော့ဘူး၊ ကိုယ်ဝန်ရှိနေပြီထင်တယ်' လို့ ပြောတယ်။ မလှရင်လည်း ခေါင်းကြီးသွားတယ်။

ဘာလုပ်ရပါ့မလဲလို့ စဉ်းစားနေတုန်း မအုံးတင်က 'မမရယ်၊ ဘာ ဖြစ်ဖြစ် ကျွန်မတော့ ဆေးစားပြီး ဖျက်ချလိုက်ချင်တယ်' လို့ ပြောတယ်။

မလှရင်က ပိုပြီးခေါင်းကြီးသွားကာ 'မဟုတ်တာပဲ မအုံးတင်ရယ် မိုးအောင်မုန်းတာနဲ့ ကလေး မသေပါစေနဲ့ကွယ်၊ ပြီးတော့လဲ လူတစ်ယောက်ရဲ့ အသက်ကို သတ်တယ်ဆိုတာ သံသရာတစ်လျှောက်လုံးမှာ အကြီး ခံရတယ်၊ ဒါကြောင့် ဒါကို စိတ်လိုက်မာန်ပါ သွားမလုပ်နဲ့နော်၊ အင်မတန် အပြစ်ကြီးတယ်၊ နောက်ပြီးတော့လဲ ဖျက်ဆေး စားတယ်ဆိုတာ လွယ်တာ မဟုတ်ဘူး၊ ကလေးတင်ပျက်ကျတာ မဟုတ်ဘူး၊ လူကြီးပါ သေတတ်တယ် ဒီကိစ္စကို ငါ စဉ်းစားဖို့အချိန်ပေးပါဦးကွယ်' လို့ မအုံးတင်ကိုပြောလိုက်တယ်။

နောက်တစ်နေ့ ကိုကြီးသုခနဲ့တွေ့တဲ့အခါ 'အစ်ကိုကြီးရေ၊ ကျွန်မ မှာ အပူတစ်ခုရှိနေတယ်၊ ဘယ်လိုလုပ်ရမလဲဆိုတာ မသိဘူး၊ အစ်ကိုကြီး ဝိုင်းပြီး စဉ်းစားပေးပါဦး' လို့ အစချီပြီး မအုံးတင်ကိစ္စကို ပြောပြတယ်။

ကိုကြီးသုခက ခဏလောက်စဉ်းစားပြီး 'တောမှာ သူ့ဆွေမျိုးတွေ ရှိတယ်မဟုတ်လား၊ အဲဒီမှာ သွားပြီး မျက်နှာမြင်ပြီးတော့ ကလေး တစ်ယောက်ယောက်ပေးလိုက်ပြီး ပြန်လာရင်ကော မဖြစ်ဘူးလား' လို့ ကိုကြီးသုခက အကြံပေးတယ်။



'ဘယ်ကောင်းမလဲ ကိုကြီးရယ်၊ ဒီလို မဟုတ်တာကြီးနဲ့ သူ့ ဆွေမျိုးတွေကို သူ ဘယ်မှာ မျက်နှာပြရဲမလဲ' လို့ မလှရင်က ပြန်ပြော တယ်။

'ငါ့ကို အချိန်ပေးပါဦးကွယ်၊ ငါ စဉ်းစားဦးမယ်' ဆိုပြီး ကိုကြီးသုခ ပြန်သွားတယ်။

နောက်ညမှာ ကိုကြီးသုခရောက်လာပြီး 'မလှရင်ရေ၊ ငါ့ကို စပါး ... ဝယ်ပေးနေတဲ့ စပါးအဝယ်တော် ဦးဘိုးသင်းဆိုတာရှိတယ်၊ အသက်က ...၅၀ လောက်တော့ ရှိနေပြီ၊ မိန်းမ ဆုံးသွားတာ ခြောက်နှစ်လောက် ... သားတစ်ယောက် သမီးတစ်ယောက်ရှိတယ်၊ ဒါပေမယ့် သူ့အိမ်ထောင် ... ဖြစ်ကုန်ကြပါပြီ၊ ဒီဦးဘိုးသင်းနဲ့ မအုံးတင်တို့ကို ပေးစားလိုက်ရရင် ...ကောင်းမလား' လို့ ကိုကြီးသုခက အကြံပေးတယ်။

ဒီအကြံကို မလှရင်က သဘောကျတယ်၊ 'ဦးဘိုးသင်းက ရိုးရဲ့ ...' လို့ မလှရင်က မေးတယ်။

'ရိုးတယ်၊ အသောက်အစား အကစား မရှိဘူး' လို့ ကိုကြီးသုခက ...တယ်။

'မအုံးတင်ရဲ့အသက် ဘယ်လောက်ရှိပလဲ' လို့ ကိုကြီးသုခက မေး ...။

'၃၅ နှစ်ထဲမှာ ရောက်နေပြီ' လို့ မလှရင်က ဖြေတယ်။

'ဦးဘိုးသင်းဟာ မယားကို ရိုက်လား နှက်လား လုပ်တတ်သလား' ... မလှရင်က မေးတယ်။

'ဒါတော့ စိတ်ချ မလှရင်၊ ဒီ ဦးဘိုးသင်းဟာ ပါးစပ်ထဲ လက်ညှိုး ...င်တောင် ကိုက်တတ်တဲ့ လူစား မဟုတ်ဘူး' လို့ ကိုကြီးသုခက ...တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆိုရင် ငါ ကြည့်စီစဉ်မယ်၊ မအုံးတင်ရဲ့အကြောင်းကို ဘယ် မှ မသိပါစေနဲ့၊ မအုံးတင်ဟာ အပျိုကြီးလို့ ပြောပြီး ပေးစားရမှာပဲ' ကိုကြီးသုခက ပြောတယ်။

'ဒီလိုပြောပြီး ပေးစားတာတော့ ကျွန်မ မကြိုက်ဘူး၊ ဒါမျိုး ဖုံးလို့ မရဘူး၊ တစ်နေ့ပေါ်တာပဲ၊ အဲဒီလို ပေါ်တဲ့အခါ လင်မယားကွဲရ မကွဲရင်လဲ တကျက်ကျက်နဲ့ ရန်ဖြစ်နေမှာပဲ၊ နောက်ပြီး ဒါမျိုးကိုလုပ် လူတွေဟာ သံသရာကြီးတစ်လျှောက်လုံးမှာ အကြာကြီးဆက်ပြီး ဝဋ်လ နေတတ်တယ်၊ ဒီလိုလိမ်ပြီးပေးစားတဲ့အတွက် ပထမ ငရဲကျ၊ ငရဲကလွ လာပြန်တော့လဲ ဘဝဆက်တိုင်းမှာ ဒီလို ကိုယ်ဝန်ပါလာတဲ့ မိန်းမ ချည်းပဲ ညားနေရမှာ အစ်ကိုကြီး မကြောက်ဘူးလား၊ ကျွန်မသဘောက အစ်ကိုကြီး ဦးဘိုးသင်းကို နိုင်ရင် ခေါ်ပြီးတော့ ဒီလိုပြောစေချင်တ ပထမတော့ မအုံးတင်ရဲ့နာမည်ကို ဖော်မပြောနဲ့ဦး'

'၃၅ နှစ်လောက်ရှိတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်၊ သူ လော်မာလို့မဟုတ်ဘဲ သုံးကြိမ် အနိုင်ကျင့်ခံရတဲ့အတွက် ကိုယ်ဝန်ရှိ တယ်၊ အမျိုးသမီးကလေးတစ်ယောက် ဒုက္ခရောက်နေတာကို ကယ်ဆယ် အနေနဲ့ ဦးဘိုးသင်းကပဲ သိမ်းပိုက်ပြီး စောင့်ရှောက်စေချင်တယ်၊ အ မိန်းကလေးမှာ လက်ဝတ်လက်စားက နှစ်ထောင်ကျော်ဖိုးလောက် ပါ ငွေက ငါးထောင်ပါမယ်၊ အဲဒီအမျိုးသမီးကလေးကို ဦးဘိုးသင်း ကယ် တဲ့အနေနဲ့ သိမ်းပိုက်ပါလို့ အစ်ကိုကြီးက ပြောစေချင်တယ်၊ ဒီလိုကယ်ဆ ပြောရင် သူများရဲ့ လှည်းကျိုးကြီးကို ဝင်ထမ်းရတယ်လို့ ဦးဘိုးသင်း သဘောထားတော့မှာ မဟုတ်ဘူး၊ ဒုက္ခရောက်နေတဲ့ အမျိုးသမီးက တစ်ယောက်ကို ငါ ကယ်ထားရတယ်ဆိုပြီး သူ့ကိုယ်သူ လူစွမ်းကော ကြီးလို့တောင် ထင်နေဦးမယ်၊ အဲဒီလိုပြောတာကို ကျွန်မ ကြိုက်တ ဒါက အစကတည်းက ရှင်းနေတဲ့အတွက် နောင်ကို ရှုပ်စရာလဲ မရှိတော့



'နွားမကြီးကို နွံ့ပိတ်ရောင်းလိုက်တဲ့ နည်းမျိုးက တစ်နေ့ကိစ္စပေါ် ရင် ငါကတော့ သူ့အကျိုးကို နေပူမရှောင် မိုးရွာမရှောင် ဆောင်ရ ယ်၊ ငါ့ကိုတော့ ငါ့သူဌေးဟာ နွားမကြီး နွံ့ပိတ်ရောင်းရက်လေခြင်းလို့ ဘိုးသင်းဟာ အစ်ကိုကြီးကို တစ်သက်လုံး စိတ်နာနေမယ်' လို့ မလှရင်က ရှင်းပြတယ်။

ကိုကြီးသုခလည်း မလှရင် ရှင်းပြတာကို သဘောကျတယ်။ အဲဒါနဲ့ နောက်တစ်နေ့ကျတော့ သူဌေးကိုသုခဟာ အဝယ်တော်ကြီး ဦးဘိုးသင်းကို သူ့အိမ် ခေါ်ခေါ်လိုက်တယ်။ သူဌေးကိုသုခက နာရီဝက်လောက် သေသေ ချာချာ ရှင်းပြတယ်။ ဦးဘိုးသင်း သဘောပေါက်သွားတယ်။ 'ဒီလိုဆိုရင် မိန်းကလေးဟာ သနားစရာကလေး ဖြစ်နေတာပေါ့၊ ကျွန်တော် ကယ်ဆယ် ချင်ပါတယ်၊ သူဌေးကြိုက်သလိုသာ စီစဉ်ပါ' လို့ ဦးဘိုးသင်းက ပြန်ပြော တယ်။

ကိုကြီးသုခလည်း မလှရင်ကို အကျိုးအကြောင်း ပြန်ပြောတယ်။ မလှရင်က မအုံးတင်ကို နားချတယ်။ နောက် ခုနစ်ရက်လောက်ကြာတော့ မလှရင်တို့အိမ်မှာပဲ မိတ်ဆွေသင်္ဂဟတွေကို ဖိတ်ပြီး ဦးဘိုးသင်းနဲ့ မအုံးတင်ကို မင်္ဂလာဆောင်ပေးလိုက်တယ်။ မလှရင်လည်း သူ့ကတိ အတိုင်း ငွေငါးထောင်နဲ့ မအုံးတင်ရဲ့ လက်ဝတ်လက်စားတွေကို လက်ဖွဲ့ လိုက်တယ်။

## မလှရင် နဲ့ ကိုသုခ

မအုံးတင်နဲ့ ဦးဘိုးသင်းတို့ အိမ်ထောင်ကျသွားပြီး တစ်လခွဲလောက် အကြာမှာ ကိုသုခဇနီး မခင်စိန်ဟာ နှလုံးရောဂါနဲ့ ဆုံးသွားရှာတယ်။ နောက် ခြောက်လလောက်ကြာတဲ့အခါ တစ်ညမှာ ကိုကြီးသုခဟာ မလှရင်

www.burmeseclassic.com

www.burmeseclassic.com



ဆိ လာပြီး 'မလှရင်ရေ၊ ငါ့မှာလဲ ဒီပစ္စည်းတွေနဲ့ ဒီသမီးကလေးနဲ့ဆိုတော့ ပစ္စည်းတွေ ထိန်းသိမ်းဖို့ ဒီ သမီးကလေးကို အစစအရာရာမှာ ထိန်းသိမ်း ဆုံးမဖို့ စောင့်ရှောက်ဖို့အတွက် အိမ်ထောင်ရှိမှပဲ ဖြစ်မှာပဲ၊ ဒါကြောင့် အိမ်ထောင်ပြုဖို့ ငါတော့ စိတ်ပိုင်းဖြတ်လိုက်ပါပြီ၊ အိမ်ထောင်ပြုမယ်ဆိုပြ ရင်လဲ တခြားမှာတော့ ငါ မမြင်ဘူးကွယ်၊ မလှရင်ဟာ ငါနဲ့ ငယ်သူငယ်ချင်း ဖြစ်ရုံသာမကဘူး၊ ငါ ငယ်ငယ်ကတည်းက မလှရင်ကို အင်မတန် မေတ္တာ ရှိခဲ့တယ်ဆိုတာ မလှရင်အသိပဲ၊ အမှန်ပြောရရင် သွားလေသူ မခင်စိန်း တောင် သစ္စာမဲ့ရာများ ရောက်မလား မဆိုနိုင်ဘူး၊ သူနဲ့သာ အိမ်ထောင် လိုက်ရတယ် ငါဟာ မလှရင်ကို တစ်ရက်မှ မမေ့ပါဘူး၊ အဲဒီတော့ မလှရင် သဘောက ဘယ်လိုပဲ၊ ငါ သိပါရစေကွယ်' လို့ မေးတယ်။

'ဒီ မိုးအောင်ရှိနေသရွေ့တော့ ကျွန်မ အိမ်ထောင်ပြုလို့ မဖြစ်ပါဘူး အစ်ကိုကြီးရယ်၊ ဒီသူငယ်ရဲ့ ဝင့်ကို ကျွန်မ တစ်ယောက်တည်း ခံပါရစေ ဒီဝင့်တွေကို အစ်ကိုကြီး ဝင်ပြီး မခံချင်ပါနဲ့၊ ဒီသူငယ်နဲ့တော့ မဖြစ်ပါဘူး အစ်ကိုကြီးရယ်' လို့ မလှရင်က ဖြေတယ်။

'မိုးအောင်လဲ ထွက်သွားတာ အတော်ကြာပြီ၊ ရန်ကုန်မှာပဲပျော်နေ ပါပြီ၊ ပြန်လာတော့မှာမဟုတ်ပါဘူး၊ သူနဲ့ ရန်ကုန်မှာ တွေ့ခဲ့တဲ့လူတွေ ပြန်ပြောကြတယ်၊ ကြည့်မြင်တိုင်မှာဆိုရင် သူလဲ တစ်ထီးတစ်နန်းပဲ သူ့ဆိုရင် လူတွေဟာ ဖိန့်ဖိန့်တုန်နေအောင် ကြောက်ကြရတယ်ဆို အဲဒီတော့ သူလဲ ပြန်လာတော့မှာ မဟုတ်ပါဘူးကွယ်' လို့ ကိုကြီးသုခ ပြောတယ်။

'ဒီသူငယ်ဟာ သူ့ခိတ်ကို အစိုးမရပါဘူး၊ ဖြုန်းဆို ရောက်လာချင် ရောက်လာမှာ၊ မိုးအောင်ဟာ လူကိုသတ်ပြီး စက်ကို မီးနဲ့ရှို့မှာ အစ်ကိုကြီး မကြောက်ဘူးလား' လို့ မလှရင်က မေးတယ်။



'ဒီကောင် ဒီလောက် မဆိုးပါဘူးကွယ်' လို့ ကိုကြီးသုခက ပြော တယ်။

'အံမာ၊ မထင်ပါနဲ့ အစ်ကိုကြီးရယ်၊ ဒီကောင်မှာ ဘုရားလဲ ရှိတာ မဟုတ်ဘူး၊ တရားလဲ ရှိတာမဟုတ်ဘူး၊ အစ်ကိုကြီးကို မပြောနဲ့ မအေ ကောင် ရှောင်မယ့်ကောင် မဟုတ်ဘူး' လို့ မလှရင်က ပြောတယ်။

'မအေအပေါ်မှာ ရန်လုပ်နေတာက တခြားကြောင့် မဟုတ်ဘူး၊ နိုင်ရောင်းလို့ ရတဲ့ငွေထဲက သူနဲ့ဆိုင်တဲ့အမွေကို ခွဲမပေးလို့ဘဲ၊ ကိုကြီး တော့ ဒီလိုပဲထင်တယ်၊ အဲဒီတော့ သူနဲ့ဆိုင်တဲ့ငွေကို သူ့ကို ခွဲပေးလိုက် ရင် သူ ဘာရန်လုပ်စရာရှိတော့မလဲ၊ ငွေရှစ်သောင်းစလုံး ပေးချင်ပေးလိုက် ကိုကြီးမှာ ဒီငွေရှစ်သောင်းလောက်ကို ဂရုစိုက်စရာမရှိပါဘူး၊ မိုးအောင် အတွက်နဲ့တော့ အစ်ကိုကြီးရဲ့မေတ္တာကို မပယ်ပါနဲ့ကွယ်' လို့ ကိုကြီးသုခက ပြောတယ်။

'ကျွန်မတော့ ဒီကောင်မျိုး နောက်ထပ်မွေးရမှာ သိပ်ကြောက်နေလို့ အိမ်ထောင်အသစ်ပြုရမှာများ စိတ်တောင်မကူးရဲလောက်အောင် ဖြစ်နေတယ် အစ်ကိုကြီး' လို့ မလှရင်က ဖြေတယ်။

'မအေတစ်ယောက်မှာ စုန်းပြူးဆိုတဲ့ သားဆိုးဟာ တစ်ခါပဲ မွေးပါ တယ်၊ မလှရင် ကြောက်စရာမရှိပါဘူး၊ အဲဒီတော့ အစ်ကိုကြီးရဲ့မေတ္တာကို ကက်ခံပါကွယ်' လို့ ကိုကြီးသုခက ပြောပြန်တယ်။ 'ကျွန်မ စဉ်းစားပါရစေ ' လို့ မလှရင်က ပြန်ပြောတယ်။ ခဏလောက်ကြာတဲ့အခါ ကိုကြီးသုခ ပြန်သွားတယ်။

နောက်တစ်ညတော့ ကိုကြီးသုခ ပြန်လာပြန်ပြီး 'မလှရင် အစ်ကိုကြီး ပြောတာ စဉ်းစားပြီးပြီလား' လို့ မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



'စိုးမောင်လဲ စာမေးပွဲဖြေပြီး နောက်လထဲမှာ ပြန်လာတော့မှာပဲ သားနဲ့ တိုင်ပင်ပါရစေဦး အစ်ကိုကြီးရယ်၊ ဒီကိစ္စကိုတော့ လွယ်လွယ်နဲ့ မဆုံးဖြတ်ပါရစေနဲ့၊ အိမ်ထောင်ပြုရမှာ ကျွန်မ ကြောက်နေတယ်' လို့ မလှရင်က ဖြေတယ်။

'အစ်ကိုကြီးကတော့ ဒီလို စိတ်ကူးထားတယ်၊ အစ်ကိုကြီးနဲ့မလှရင် တို့ အိမ်ထောင်ကျပြီးရင် မောင်စိုးမောင်နဲ့ သမီးနဲ့ နေရာချမယ်၊ ပြီးတော့ စက်ကို သူတို့လွှဲထားပေးလိုက်မယ်' လို့ သူ့စိတ်ကူးကို တင်ပြတယ်။ မလှရင်လည်း ဘာမှ မပြောဘူး၊ ခေါင်းငုံ့နေတယ်၊ အတော်ကလေး ကြာတော့

'မလှရင်ရယ် အစ်ကိုကြီးကတော့ မလှရင်ကို သိပ်ပြီး မေတ္တာရှိနေတာပဲကွယ်၊ အစ်ကိုကြီးရဲ့မေတ္တာကို ပယ်လိုက်မယ်ဆိုရင်တော့ အစ်ကိုကြီး သေရင်တောင် စိတ်ဖြောင့်ဖြောင့်နဲ့ သေမှာ မဟုတ်တော့ဘူး' လို့ ငိုတော့မယ့် မျက်နှာထားနဲ့ ပြောပြီး ပြန်သွားတယ်။ မလှရင်ကလည်း ကိုကြီးသုခရဲ့ မျက်နှာကိုသာ စိုက်ကြည့်နေတယ်။ ဘာမှ ပြန်မပြောဘူး။

နောက်လရောက်တော့ မောင်စိုးမောင်လည်း ဆယ်တန်းစာမေးပွဲ ဖြေပြီးလို့ အိမ်ပြန်လာတယ်။ မလှရင်လည်း သူ့ကတိအတိုင်း ကိုကြီးသုခ ပြောတဲ့ ကိစ္စကို သူ့သားနဲ့ တိုင်ပင်တယ်။ သားနဲ့ ကိုကြီးသုခရဲ့သမီး မနှင်းရီတို့ နေရာချပေးဖို့ ကိုကြီးသုခ ပြောသွားတဲ့ အကြံအစည်ကိုပါ သားကို ပြောပြတယ်။

စိုးမောင်ကတော့ အင်မတန်လိမ္မာတဲ့သားပဲ။ အမေ့ကိစ္စမှာရော သူ့ ကိစ္စမှာရော သူဘာမှ မပြောချင်ဘူး။ 'အမေ့သဘောတစ်ခုပါပဲ၊ သူ အားလုံး နာခံပါ့မယ်' လို့ ဖြေတယ်။



စိုးမောင်ပြန်လာပြီးလို့ ခုနစ်ရက်လောက်အကြာမှာ 'မလှရင်ဟာ နဲ့တော့ တိုင်ပင်ပြီးတန်ကောင်းရဲ့' လို့ တွက်ပြီး ကိုကြီးသုခက မလှရင်ကို ရင်သား ပြန်လာပြီမဟုတ်လား၊ တိုင်ပင်ပြီးပြီလား၊ အကျိုး အကြောင်း အစ်ကိုကြီး အများကြီးသိချင်နေတယ်' လို့ စာတစ်စောင်ပေးလိုက်တယ်။

ကိုကြီးသုခဆီကို မလှရင်က 'ကိုကြီးပေးလိုက်တဲ့စာ ရပါတယ်၊ နဲ့လည်း တိုင်ပင်ပြီးပါပြီ၊ သားကတော့ မေမေ့သဘောပဲလို့ ဖြေပါတယ်' စာပြန်လိုက်တယ်။

ကိုကြီးသုခလည်း စာကိုဖတ်ပြီး သိပ်ဝမ်းသာမိတယ်။ ဒါပေမယ့် က မရှင်းသေးဘူး။ သားကတော့ မေမေ့သဘောပဲလို့ ဖြေလိုက်ပြီး သဘောက ဘယ်လိုလဲဆိုတာ မပါသေးတဲ့အတွက် ကိုကြီးသုခဟာ တ်ပြီးပြီးချင်း ဝမ်းသာသွားပေမယ့် နောက်တစ်ခေါက် ပြန်ဖတ်ပြီး ထဲမှာ လေးတေးတေး ဖြစ်နေတယ်။

အဲဒါကြောင့် ကိုကြီးသုခက မလှရင်ဆီကို 'မလှရင် ပေးလိုက်တဲ့ ကို ရတယ်၊ သားကတော့ မေမေ့သဘောပဲဆိုရင် အစ်ကိုကြီးရဲ့သဘော တော့ နေ့ကောင်းရက်သာရွေးပြီး ရှေ့လထဲမှာပဲ အစ်ကိုကြီးတို့ရဲ့ကိစ္စကို လိုက်စေချင်တယ်၊ မလှရင်ရဲ့သဘောကို သိပါရစေ' လို့ ချက်ချင်း ကောက်ရေးပြီး စာမြန်မြန်သွားအပို့ခိုင်းလိုက်တယ်၊ ပြီးတော့လည်း ပင်းတဆန့်ဆန့်နဲ့ မလှရင်ရဲ့ပြန်စာကို မျှော်နေတယ်။

စာသွားပေးတဲ့သူပြန်လာတဲ့အခါ အရင်လိုပဲ ပြန်စာပါလာလိမ့်မယ် ထင်တယ်။ ပါမလာဘူး။ 'နောက်မှပြန်မယ်' လို့ မှာလိုက်တဲ့အတွက် ကြီးသုခဟာ ထိတ်ခနဲဖြစ်သွားတယ်။ ဒါပေမယ့် 'တစ်နေ့တော့ ပြန်စာ ပဲ' လို့ ကိုကြီးသုခဟာ စိတ်မလျှော့ဘဲ ဆက်ပြီး မျှော်မြဲ မျှော်နေတာပဲ၊ နှုံချုပ်ပြီး အိပ်ရာကိုသာ ဝင်ရော၊ ကိုကြီးသုခဆီကို မလှရင်ဆီကပြန်စာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်မလာဘူး။ ကိုကြီးသုခလည်း တစ်ညလုံး တောင်တွေး မြောက်တွေး[illegible] မျက်စိတွေကြောင်ပြီး အိပ်လို့မရဘူး။

မလှရင် စာမပြန်တာကတော့ တခြားအကြောင်းမဟုတ်ဘူး။ ကိုကြီးသုခက ရှေ့လထဲမှာ သူတို့ကိစ္စကို ပြီးစေချင်တယ်။ သူကတော့ ကိုကြီးသုခရဲ့ မိန်းမဆုံးတာ တစ်နှစ်မကျော်သေးတဲ့အတွက် တစ်နှစ်ကျော်အောင် ခဏစောင့်စေချင်တယ်။ အဲဒီလို သဘောနှစ်မျိုးဖြစ်တဲ့ကိစ္စကို သူ့သား စိုးမောင်ကိုလည်း တိုင်ပင်ချင်သေးတယ်။ သူ့မှာလည်း နီးနီးနားနားတိုင်[illegible] ဖို့ဟာ ဒီသားတစ်ယောက်တည်းရှိတယ်။ အဲဒါကြောင့် အဲဒီနေ့မှာ ကိုကြီးသုခဆီကို စာမပြန်လိုက်သေးဘဲ ဆိုင်စောစောသိမ်းပြီး ပြန်လာတယ်။ သားနဲ့တိုင်ပင်တဲ့အခါလည်း သားက ရှေးနည်းအတိုင်း 'မေမေ့သဘော[illegible]' လို့ ဖြေတယ်။

အဲဒါကြောင့် နောက်တစ်နေ့ရောက်တော့ ကိုကြီးသုခဆီကို မလှ[illegible] က 'အစ်ကိုကြီး မင်္ဂလာဆောင်ဖို့ဟာ သိပ်မြန်လို့ မကောင်းဘူး၊ မခင်[illegible] ဆုံးတာ တစ်နှစ်တောင် မပြည့်သေးဘူး၊ အနည်းဆုံး တစ်နှစ်ပြည့်အောင်[illegible] စောင့်ဖို့ကောင်းတယ်' လို့ စာပြန်လိုက်တယ်။

ဒီစာကို ကိုကြီးသုခဆီမပို့ခင် တစ်ခုခုသတိရတာနဲ့ စိုးမောင်[illegible] ခေါ်လိုက်ပြီး 'သားရေ၊ အစ်ကိုကြီးဟာ လူကလေးရှိနေလို့ လာ[illegible] ရှက်တယ် ထင်တယ်၊ တိုင်ပင်စရာရှိတာတွေကို တိုင်ပင်ရအောင် ဒီနေ့[illegible] လာဖို့ အစ်ကိုကြီးကို မေမေ မှာလိုက်မယ်၊ သား သဘောတူရဲ့လား' လို့ စိုးမောင်ကို မေးတယ်။

'လာပါစေ မေမေရယ်' လို့ သား စိုးမောင်က ဖြေတယ်။

အဲဒါကြောင့် မလှရင်က သူ့စာရဲ့အောက်နားမှာ 'အကျိုးအကြောင်း တိုင်ပင်ရအောင် ညကို ခဏလာနိုင်ရင် လာပါ' လို့ ထပ်ရေးတယ်။ ပြီး[illegible]



[illegible] နောက်ထပ်တစ်ခု စဉ်းစားမိပြန်တာနဲ့ 'သားကလဲ အစ်ကိုကြီးကို [illegible]ချင်နေပါတယ်' လို့ ကိုကြီးသုခ လာတဲ့အခါ စိတ်စနောင့်စနင်းဖြစ်မနေ[illegible]အောင် ထပ်ပြီး ရေးလိုက်ပြန်သေးတယ်။

ကိုကြီးသုခဟာ မလှရင်ရဲ့စာကိုရပြီး အများကြီး ဝမ်းသာနေ[illegible]တယ်။ ညကျတော့ ကိုကြီးသုခရောက်လာတယ်။ စိုးမောင်လည်း ကိုကြီးသုခနဲ့ စကားနည်းနည်းပြောပြီးတော့ သူ့အခန်းထဲသွားပြီး စာဖတ်နေတယ်။

ကိုကြီးသုခနဲ့ မလှရင်တို့နှစ်ယောက်တည်းရှိတဲ့အခါ ကိုကြီးသုခက 'မလှရင်ရေ၊ ငါတော့ တစ်နှစ်တောင် မစောင့်ချင်ဘူးကွယ်၊ လောကမှာ [illegible]မွမ်း ခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက် ပါပဲ၊ တစ်နှစ်ကြာမှ ယူရင်လဲ ကဲ့ရဲ့[illegible]ချင်တဲ့လူကတော့ ကဲ့ရဲ့ဦးမှာပဲ၊ ဒါတွေကို တွေးပြီး ပူစရာမလိုပါဘူး၊ ငါတော့ ရှေ့လထဲမှာပဲ နေ့ကောင်းရက်သာရွေးပြီး ကိစ္စပြီးလိုက်ချင်တယ်၊ မလှရင်ကိုတော့ ငါ ချီးကျူးပါတယ်ကွယ်၊ ခင်ဦးဆုံးသွားတာ ဘာလိုလိုနဲ့ ၁၅ နှစ် ရှိသွားပြီ၊ ငါတော့ တစ်ယောက်တည်းနေရတာ ခြောက်လလောက်[illegible]လေးတောင် ဟာတာတာကြီးဖြစ်နေတယ်၊ အဲဒီတော့ တစ်နှစ်ကြာအောင် [illegible]စောင့်တော့ဘူးကွယ်' လို့ ပြောတယ်။

ကိုကြီးသုခရဲ့ ဆန္ဒပြင်းပြနေတာနဲ့ ရှေ့လထဲမှာ မင်္ဂလာဆောင်ဖို့ကိုပဲ [illegible]လှရင် သဘောတူလိုက်တယ်၊ ကိုကြီးသုခ ပြန်သွားတဲ့အခါ

ရှေ့လထဲမှာပဲ ကိုကြီးသုခနဲ့ မေမေ မင်္ဂလာဆောင်တော့မယ်လို့ သူ့သားစိုးမောင်ကို ပြောပြလိုက်တယ်။

မင်္ဂလာဆောင်တဲ့နေ့မှာ မလှရင်နဲ့ သား မောင်စိုးမောင်တို့ဟာ ကိုကြီးသုခတိုက်ကို ပြောင်းသွားကြတယ်။ ညဘက်အိပ်ရာဝင်တဲ့အခါ ကိုကြီးသုခဟာ အိပ်ရာပေါ်မှာလှဲပြီး မလှရင်ကို ဖက်ထားရင်း 'မလှရင်ရေ၊

www.burmeseclassic.com

www.burmeseclassic.com



ယောဒီ လက်နှစ်ဖက်ဟာ မလှရင်ကို ဒီလို ဖက်ချင်လွန်းလို့ အနှစ်နှစ်ဆယ် ကျော်ကျော် အစောင့်ကြီး စောင့်ခဲ့တယ်ကွယ်၊ အစ်ကိုကြီး မလှရင့်ကို သိပ်ချစ်တယ်၊ မလှရင်ကတော့ အစ်ကိုကြီးချစ်သလို ချစ်ရဲ့လား' လို့ မလှရင်ကို ကိုသုခက မေးလိုက်တယ်။

ဒီနေ့တစ်နေ့လုံး မင်္ဂလာဆောင်တဲ့အချိန်ကစပြီး မလှရင်ရဲ့ မျက်စိထဲမှာ သူ့ပထမယောကျ်ား ကိုခင်ဦးကို တစ်မြင်တည်း မြင်နေတယ်။ ညဘက် အိပ်ခန်းထဲဝင်တော့လည်း ကိုခင်ဦးဟာ နတ်လိုလို ဘာလိုလိုဖြစ်ပြီး သူတို့ရဲ့ ခုတင်ခေါင်းရင်းက ရပ်နေသလိုလို စိတ်ထဲမှာ ထင်နေတယ်။ အဲဒါကြောင့် ကိုသုခမေးတာကို မလှရင်က 'ချစ်ပါတယ် အစ်ကိုကြီးရယ်' လို့ ရှက်ကိုးရှက်ကန်းနဲ့ တိုးတိုးကလေး ဖြေလိုက်တယ်။

ကိုသုခနဲ့ မလှရင်တို့ မင်္ဂလာဆောင်ပြီးလို့ ခြောက်လလောက်ရှိတဲ့ အခါ ကိုခင်ဦးရဲ့ဖခင် ဘုန်းကြီးဦးသုဇာတ ပျံလွန်တော်မူပြန်တယ်။

မလှရင်ရဲ့ဖခင် ဘုန်းကြီး ဦးစန္ဒောဘာသလည်း အများကြီးသံဝေဂရပြီး သူ့ဆရာတော် ဦးပညာ တောရဆောက်တည်သွားတဲ့အတိုင်း သူ့ဇာတိချက်မြှုပ် ဝဲကြီးကို ပြန်ပြီး ဝဲကြီးနောက်ဘက် တောအုပ်ကြီးထဲမှာ သမီးနဲ့ သမက်ကို တောရကျောင်းကလေးတစ်ခု အဆောက်ခိုင်းပြီး အဲဒီမှာ ကမ္မဋ္ဌာန်းအားထုတ်နေတယ်။ အဖော်ဆိုလို့ ညီအစ်ကိုဝမ်းကွဲတော်တဲ့ ဦးဘိုးစ ဆိုတာ တစ်ယောက်ပဲရှိတယ်။

ဦးဘိုးစဟာ မယားလည်းဆုံး၊ သားတွေ သမီးတွေလည်း လက်လွတ်ဖြစ်ကုန်ကြတာနဲ့ အစ်ကိုတော် ဦးစန္ဒောဘာသဆီမှာ ကမ္မဋ္ဌာန်းလည်း ထိုင်ရင်း ကပ္ပိယလည်းလုပ်ရင်း ဆိုသလို လာနေတာဖြစ်တယ်။

ဦးဘိုးသင်းနဲ့ မအုံးတင်တို့လင်မယားလည်း အိမ်ထောင်ကျပြီးကတည်းက ပျော်ပျော်ရွှင်ရွှင်ပါပဲ။ ဦးဘိုးသင်းဟာ အစကတော့ မအုံးတင်ကို



တယ်ဆယ်တဲ့အနေနဲ့ ယူလိုက်တာပဲ။ နောက်တော့ မအုံးတင်က 'အစ်ကိုကြီး အစ်ကိုကြီး' လို့ ခေါ်ပြီး အပြုအစုကလည်း အင်မတန်ကောင်းတာနဲ့ ဦးဘိုးသင်းဟာ မအုံးတင်လို့တောင် နာမည်တစ်ခုလုံးကို မခေါ်ရက်ဘူး။ 'အုံး မအုံး' ဆိုတဲ့ နာမည်ကလေးဟာ သူ့ပါးစပ်ဖျားမှာပဲ ရှိနေတော့တယ်။

ဒါပေမယ့် မအုံးတင်ကလေးရဲ့ အတိတ်ကံဟာ မကောင်းရှာဘူး။ ငယ်ဂုတုန်းကလည်း မလှရင်က မအုံးတင်ကို ညီမကလေးလိုချစ်ပြီး အင်မတန် ကြင်ကြင်နာနာ ပြုစုပါရဲ့။ ဒါပေမယ့် မအုံးတင်ကလေးဟာ မိုးအောင်ရဲ့ အနှိပ်စက်ကို သိပ်ခံရရှာတယ်။ မိုးအောင်ရဲ့ဝဋ်က လွတ်ပြီး သူတော်ကောင်းကြီး ဦးဘိုးသင်းနဲ့ တွေ့ပါရဲ့။ ဒါပေမယ့် သက်ဆိုးမရှည်ရှာဘူး။

သားကလေးတစ်ယောက် မျက်နှာမြင်ပြီး ပထမ မီးယပ်ဝမ်းဖြစ်တယ်။ နောက်ပြီးတော့ ချည့်သွားတယ်။ အတော်ကလေးကြာတော့ ခြေထောက်တွေ ကယောင်ချောက်ချားဖြစ်လာတယ်။ ဦးဘိုးသင်းလည်း ဆရာကောင်း သမားကောင်းနဲ့ ကုရှာပါတယ်။ ကိုသုခနဲ့ မလှရင်တို့ကလည်း ထိုသမျှ အကူအညီကို လိုလေသေးမရှိ အကုန်ပေးရှာပါတယ်။ ဒါပေမယ့် အသက်လို့ မရပါဘူး။ ခြောက်လလောက်ကြာတော့ သားကလေးကို ဦးဘိုးသင်းနဲ့ ထားခဲ့ပြီး အနိစ္စရောက်သွားရှာတယ်။

မအုံးတင်ဆုံးပြီး မကြာခင်ဘဲ ကိုသုခနဲ့ မလှရင်တို့လည်း ကလေးကို ဦးဘိုးသင်းဆီက ယူလိုက်တယ်။ ကလေးဟာ မိုးအောင်နဲ့ မတူဘူး။ သူ့ရဲ့ ပထမယောကျ်ား ကိုခင်ဦးနဲ့ တော်တော်တူတယ်။ အဲဒါကြောင့် ကိုခင်ဦးရဲ့ နာမည်လည်းပါအောင် သူ့နာမည်လည်းပါအောင် သူ့မြေးကလေးကို မလှရင်က 'မောင်ခင်လှ' လို့ နာမည်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မြေးကလေး မောင်ခင်လှကို မွေးလိုက်ပြီး ခြောက်လလောက်အကြာ မှာ မလှရင်လည်း သားယောကျ်ားလေးတစ်ယောက် မွေးတယ်။ သား ကလေးဟာ သူ့လိုပဲ သောကြာသားကလေးဖြစ်နေတာနဲ့ အဖေ ကိုသုခက သားကလေးကို 'မောင်သုတ' လို့ နာမည်ပေးလိုက်တယ်။

နောက်သုံးနှစ်လောက်ရှိတဲ့အခါ မောင်စိုးမောင်က အသက်နှစ်ဆယ် လောက်၊ မနှင်းရီက ၁၈ နှစ်စီ ရှိလာပြီ။ အဲဒါကြောင့် ကိုသုခဟာ သူ့ စိတ်ကူးထားတဲ့အတိုင်း မောင်စိုးမောင်နဲ့ မနှင်းရီတို့ကို ပေးစားလိုက်ပြီး ဝဲကြီးက ဆန်စက်ကို အုပ်ချုပ်ဖို့ လွှဲပေးလိုက်တယ်။ မောင်စိုးမောင်နဲ့ မနှင်းရီတို့က ဝဲကြီးဆန်စက်မှာ နေတယ်။ ကိုသုခနဲ့ မလှရင်တို့က ဝါးခယ်မက တိုက်မှာ နေတယ်။ ကိုသုခက ဝဲကြီးကို မကြာခဏသွားပြီး သမက် မောင်စိုးမောင်ကို အကြံပေးလေ့ရှိတယ်။

❑

## အခန်း ၈

## ထောင်ပြန်ဂျော်နီ

[illegible]ဝတ်မှုကို မတော်တဆကျူးလွန်သူတွေအတွက် ထောင်ဟာ အကျင့် [illegible]ရားရအောင် လုပ်ပေးဖို့ကောင်းတဲ့ နေရာတစ်ခုပါပဲ။ ဒါပေမယ့် [illegible]ဝတ်မှုကျူးလွန်ချင်တဲ့စိတ်ဟာ ဦးနှောက်ထဲမှာကို ကပ်နေတဲ့လူတွေ [illegible]တော့ ဆော်စတယ်ထောင်ပဲဖြစ်ဖြစ်၊ ရိုးရိုးထောင်ပဲဖြစ်ဖြစ် အကျင့်တရား [illegible]အောင် ဘယ်နည်းနဲ့မှ မတတ်နိုင်ပါဘူး။ ဒီလူမျိုးတွေအတွက် ထောင်ကျ [illegible]ဟာ လူမိုက်ဘွဲ့တံဆိပ်တစ်ခု ရလာသလိုဖြစ်ပြီး ထောင်ကထွက်လာ [illegible]ခါ ရှေးကထက်တောင် ပိုဆိုးတတ်သေးတယ်။

ဂျော်နီဟာ သူ့ဦးနှောက်ထဲမှာကို ရာဇဝတ်မှု ကျူးလွန်ချင်တဲ့စိတ် [illegible]နေတဲ့ လူစားမျိုးဖြစ်တဲ့အတွက် ဆော်စတယ်က ထွက်လာတဲ့အခါ [illegible]ောင်ပြန်' ဆိုပြီး ပိုတောင်ဆိုးလာသေးတယ်။

မိုးအောင် ထောင်ကထွက်လာတဲ့အချိန်မှာ ဂျော်နီဟာ ကြည့်မြင်တိုင် [illegible] အတော်ဆိုးတဲ့ လူဆိုးကြီးဖြစ်နေပြီ။ အရပ်ထဲမှာ တော်တော်ဆိုးတဲ့၊ [illegible]တဲ့ လူဆိုး လူတေကလေး လေးငါးဆယ်ယောက်ကို သူမွေးထားတယ်။ [illegible]ရဲ့ အကြီးဆုံးအလုပ်ကတော့ အရပ်ထဲမှာ မိုက်ကြေးခွဲစားနေတဲ့ [illegible]ုပ်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



အရပ်ထဲမှာ ပိုက်ဆံတတ်နိုင်တဲ့ လူတွေဆီမှာ ဂျော်နီဟာ ပိုက်ဆံ... ချောက်တောင်းတယ်။ သူ့ကို ပိုက်ဆံမပေးတဲ့ လူတစ်ယောက်ကို တစ်ကြိမ် ချောင်းပြီး ဓားနဲ့ထိုး၊ နောက်နှစ်ယောက်ကိုတော့ ချောင်းပြီး တုတ်နဲ့ရိုက်... လိုက်ကတည်းက အရပ်ထဲမှာ ပိုက်ဆံတတ်နိုင်တဲ့ လူတွေထဲက သူ့ကို လစဉ် ငါးကျပ်၊ တစ်ဆယ်ကျပ်၊ ဆယ့်ငါးကျပ်၊ နှစ်ဆယ်ကျပ်အထိ မပေးဘဲနေရဲတဲ့ လူတွေရယ်လို့ မရှိတော့ဘူး။ အိမ်ဆိုင်တွေဆိုရင်လည်း ဆိုင်သုံးဆိုင်လောက်နဲ့ မုန့်ဘီရိုတွေကို မှောင်ရိပ်က သားရေခွနဲ့ပစ်ခွဲ... ကတည်းက ဟန်ဟန်ပန်ပန်ဆိုင်တိုင်းက သူ့ကို လစဉ် ငါးကျပ်၊ တစ်ဆယ်ကျပ်၊ ဆယ့်ငါးကျပ်၊ နှစ်ဆယ်ကျပ် အထိ မပေးဘဲနေရဲတဲ့ ဆိုင်ရယ်လို့ မရှိတော့ဘူး။

ဒီလို မိုက်ကြေးခွဲစားတဲ့ အလုပ်အပြင် ကြည့်မြင်တိုင် စာ... အသင်းလို့ နှစ်ထပ်တိုက်တစ်တိုက်မှာ ဆိုင်းဘုတ်တစ်ခုဆွဲ၊ အောက်ထပ်မှာ ဘီလီယက်ခုံတစ်ခုံ၊ စာအုပ် ဂျာနယ်၊ မဂ္ဂဇင်း သတင်းစာ ထော... တန်ရုံထားပြီး အပေါ်ထပ်မှာ ဖဲဒိုင်ခံစားတဲ့ အလုပ်တစ်ခုလည်း ရှိ... တယ်။

အဲဒီအလုပ်တွေအပြင် ရုံဖန်ရုံခါ အပေါက်ကောင်းနဲ့တွေ့ရင် သူ့... ဖက်ထားတဲ့ သေနတ် လေး ငါး ခြောက်လက်ကို တပည့်တွေပေး အတိုက်... ခိုင်း၊ အလုခိုင်းပြီး ဝေစုခွဲယူတဲ့ အလုပ်လည်း ရှိသေးတယ်။

သူ ဒီလိုလုပ်နိုင်အောင် သူ့မှာ အားကိုးတစ်ခုရှိတယ်။ ကြည့်မြင်တိုင်မှာ ဦးဘိုးသော်ဆိုတာ ရှိတယ်။ ဦးဘိုးသော်ဟာ ဝတ်လုံတော်ရဖြစ်ပေ... ပိုက်ဆံကလည်း အင်မတန် ချမ်းသာနေတော့ ရှေ့နေ မလိုက်ဘဲ... ရှိသမျှအချိန်တိုင်းမှာ မိန်းမလိုက်နေတာပဲ။ နောက်ပြီးတော့လည်း ကြည့်မြင်တိုင် မဲဆန္ဒနယ်က မင်းတိုင်ပင်အမတ်ဖြစ်ပြီး လွှတ်တော်ထဲမှာ 'ရွှေ... အဖွဲ့'ကို ထောက်ခံတယ်။



ဂျော်နီကို ဦးဘိုးသော်က လက်သပ်မွေးထားတယ်။ ဂျော်နီ အငြိမ့်...ထောင်ဖို့ ဦးဘိုးသော်က နှစ်စဉ် ငွေထုတ်ပေးတယ်။ ဦးဘိုးသော်ဟာ ...ဂျော်နီဆီက အငြိမ့်ထောင်ဖို့ သူထုတ်ပေးရတဲ့ ငွေကို ပြန်မလိုချင်ဘူး။ ...ချောချောလှလှ အငြိမ့်သမကလေးတွေကိုသာ သူ လိုချင်တယ်။ ဂျော်နီ...ကလည်း အလိုက်သိစွာနဲ့ အငြိမ့်သမ ချောချောကလေးတွေကိုရွေးပြီး ...ဦးဘိုးသော်ကို ဆက်ရတယ်။

ရွေးကောက်ပွဲလုပ်တုန်းက ဦးဘိုးသော်နဲ့ ယှဉ်ပြိုင်အရွေးခံရမယ့် ...ဘော်ရုံတန်ရဲ့ အမတ်လောင်းတွေကို အရွေးမခံဖို့ ဂျော်နီက ခြိမ်းခြောက်...တယ်။

အဖွဲ့အစည်းရှိပြီး အားအင်တောင့်တင်းတဲ့ အမတ်လောင်းကျတော့ ...ဂျော်နီဟာ မခြောက်လှန့်နိုင်ပေမယ့် အဲဒီအမတ်ရဲ့ တရားပွဲတွေကို ...ခဲ့ပေါက် ပုလင်းနဲ့ပစ် လူအုပ်ထဲ နွားတွေကို အတင်းရိုက်လွှတ်ပြီး ...တရားပွဲ ဖျက်ပေးတယ်။ မဲဆန္ဒရှင်တွေကိုလည်း သူ့ဆရာဦးဘိုးသော်...ရင်တော့ ဒါပဲလို့ လိုက်ပြီး ခြိမ်းခြောက်ပေးတယ်။

အဲဒီလို အငြိမ့်သမကလေးတွေကို ဆက်တဲ့ ကျေးဇူး၊ ရွေးကောက်ပွဲ... အနိုင်ရအောင်လုပ်ပေးတဲ့ ကျေးဇူးတွေကြောင့် သူ့တပည့် ဂျော်နီမှာ ...မှုတစ်ခုခုရှိလာရင် ဌာနအုပ်လောက်နဲ့ ပြီးနိုင်တဲ့ အမှုမျိုးကျတော့ ...ဦးဘိုးသော်ဟာ ဌာနအုပ်ကို အိမ်ခေါ်ပြီး ပြောလိုက်တာပဲ။

တိုက်ပိုင် အင်စပက်တော်လောက်နဲ့ ပြီးနိုင်တာဆိုရင် တိုက်ပိုင် ...အင်စပက်တော်၊ အနောက်ပိုင်း ရာဇဝတ်ဝန်ထောက်နဲ့ ပြီးနိုင်တာဆိုရင် ...အနောက်ပိုင်း ရာဇဝတ်ဝန်ထောက်ကို ဦးဘိုးသော်ဟာ အိမ်ခေါ်ပြီး ပြောလိုက်...တာပဲ။

သူတို့နဲ့ မပြီးနိုင်တဲ့ အမှုမျိုးကျတော့ ဦးဘိုးသော်ဟာ ပြည်ထဲရေး ...ဝန်ကြီးကို ကိုယ်တိုင် သွားပြောလိုက်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ဂျော်နီဟာ ကြည့်မြင်တိုင်အပိုင်က ပုလိပ်တွေအပေါ်မှာ သိပ်ပြီး မျက်နှာရှိတာပဲ၊ အဲဒီလို ပုလိပ်တွေအပေါ်မှာ မျက်နှာရှိနေတဲ့အတွက် ဂျော်နီရဲ့ မိုက်ကြေးအခွဲခံနေရတဲ့လူတွေဟာ ပုလိပ်သွားတိုင်လည်း အလကားနေမှာဆိုပြီး မတိုင်ဝံ့ဘူး။ ဂျော်နီ ကျေနပ်အောင်သာ မိုက်ကြေးပေးနေရတော့တာပဲ။ စာဖတ်အသင်းလို့ ဆိုင်းဘုတ်တပ်ထားပြီး ဖဲခိုင်ခံစားနေတယ်ဆိုတာ သိနေကြပေမယ့်လည်း ဘယ်သူမှ ပုလိပ်ကို သွားမတိုင်ဘူး။ ရေငုံနေကြရတာပဲ။ ပုလိပ်ကလည်း မဖမ်းရဲဘူး။ မသိချင်ယောင်ဆောင်နေကြရတာပဲ။

## ရန်ကုန်ရောက် မိုးအောင်

မိုးအောင်နဲ့ ကုလားဟာ ရန်ကုန်ကို ရောက်ရောက်ချင်း ဂျော်နီနဲ့သွားတွေ့တယ်။ ဂျော်နီကလည်း သူ့ကတိအတိုင်း ခြောက်လုံးပြူးအဟောင်းတစ်လက်ကို ၆၀၀ နဲ့ ဝယ်ပေးတယ်။ ဒါပေမယ့် ခြောက်လုံးပြူးဝယ်ပေးချင်း မိုးအောင်တို့ကို ပြန်မလွှတ်သေးဘူး၊ သူနဲ့ တစ်လလောက်နေပါဦးလို့ တားထားပြီး သူ့စာဖတ်အသင်းအပေါ်မှာ ခဏတင်ထားတယ်။

မိုးအောင်ဟာ ရန်ကုန်မှာတွေ့ရတဲ့ ဘဝသစ်ကို သိပ်မကြိုက်လှဘူး။ ဒမြတ်ကို လူသတ် မှဒိမ်းကျင့်နေချင်တဲ့ မိုးအောင်အတွက် မိုက်ကြေးခွဲ အငြိမ့်ထောင်၊ ဖဲခိုင်ခံနေရတဲ့အလုပ်ဟာ ပျော့သလို ဖြစ်နေတယ်။ ဒါပေမယ့် ဝါးခယ်မကိုလည်း မပြန်ချင်သေး။ သူလုပ်ချင်တဲ့အလုပ်အတွက်ကိရိယာတန်ဆာပလာကလည်း မပြည့်စုံသေးတာကြောင့် တစ်လပြည့်တဲ့အခါ မိုးအောင်နဲ့ ကုလားဟာ ဝါးခယ်မကို မပြန်ကြတော့ဘဲ ဂျော်နီရဲ့အကူအညီနဲ့ ကြည့်မြင်တိုင် ကွမ်းခြံတန်းမှာ အိမ်ခန်းကလေးတစ်ခန်းငှားနေလိုက်ကြတယ်။



ဂျော်နီဟာ မိုးအောင်ကို သရက်ထောင်ထဲမှာ တွေ့ခဲ့တဲ့ မိတ်ဆွေဟောင်းအဖြစ်နဲ့ အတော်ကလေး ခင်နေတယ်။ အဲဒါကြောင့် မိုးအောင်နဲ့ ကုလား ပျော်အောင် သုံးစရာငွေဆိုရင် အတောင်းမခံဘူး၊ လိုသလောက် ထုတ်ပေးနေတယ်။ မိုးအောင်နဲ့ ကုလား ရန်ကုန်ကိုရောက်ပြီးလို့ တစ်နှစ်ခွဲလောက်အကြာမှာ မိုးအောင်ဟာ တိုက်ဖွိုက်ရောဂါ ဖြစ်လိုက်သေးတယ်။ အဲဒီအခါမှာလည်း ဂျော်နီဟာ ငွေကုန်ကြေးကျခံရုံတင်မကဘူး၊ ကိုယ်ဖိရင်ဖိလည်း ပြုစုလိုက်သေးတယ်။

တိုက်ဖွိုက်ရောဂါ ပျောက်ပြီးလို့ ခြောက်လလောက်အကြာ မိုးအောင်ဟာ လူသတ်မှုတစ်ခုဖြစ်လိုက်ပြန်သေးတယ်။ ဖြစ်ပုံက ဒီလို။ ပုဇွန်တောင်ကြက်တန်းက တိုလီမိုလီ သံဆိုင်ပိုင်ရှင် အိဘရာဟင်ဆိုသူမှာ မာမက်ဆိုတဲ့ သား လူပျိုတစ်ယောက် ရှိတယ်။ ဒီ မာမက်ဟာ လူပေါင်းမကောင်းဘူး။ သူဟာ ထွန်းသိမ်းဆိုတဲ့ ပုဇွန်တောင်က လူရှုပ်ကလေးတစ်ယောက်နဲ့ သူငယ်ချင်းဖြစ်နေတယ်။ မာမက်ဟာ အိမ်ကငွေတွေကို ခိုးခိုးလာပြီး ထွန်းသိမ်းရှာပေးတဲ့ မိန်းမရှုပ်တွေနဲ့ ပျော်ပါးလေ့ရှိတယ်။ ဒီမာမက်ဟာ တစ်ဦးတည်းသောသား ဖြစ်နေတဲ့အတွက် အမိအဘကလည်း သိပ်အလိုလိုက်ထားတယ်။ ထွန်းသိမ်းဟာ မာမက်ဆီက ငွေကိုရရုံနဲ့ မကျေနပ်ဘူး။ မာမက် ဝတ်ထားတဲ့ စိန်တစ်လုံးလက်စွပ်ကိုပါ လိုချင်လာတယ်။ အဲဒါနဲ့ မာမက်ကို သတ်ပေးမယ့်လူကို လိုက်ရှာရင်း ကြည့်မြင်တိုင်က သူ့သူငယ်ချင်းတစ်ယောက်ရဲ့ အကူအညီကြောင့် မိုးအောင် ကုလားတို့နဲ့ တွေ့သွားတယ်။

တနင်္ဂနွေနေ့တစ်နေ့မှာ မိန်းမလိုက်ရအောင်ဆိုပြီး ထွန်းသိမ်းဟာ မာမက်ကို လှော်ကားကန်ဘက်ဆီ ခေါ်လာတယ်။ လှော်ကားကန်ဘေးကို ရောက်တဲ့အခါ ထွန်းသိမ်းဟာ မာမက်ကို ကန်ဘေးကတောထဲကိုခေါ်သွားတယ်။ တစ်နေရာရောက်တဲ့အခါ မိုးအောင်က မာမက်ကို သတ်ပေးလိုက်တယ်။ ပုဇွန်တောင်ပုလိပ်က ထွန်းသိမ်းကို တစ်ခါပဲ ဓာတ်ကြိမ်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်။ မာမက်ကို မိုးအောင်သတ်တယ်ဆိုတာ အကုန်လျှောက်ဖော် တာပဲ။ အဲဒီဖော်ချက်အရ ပုဇွန်တောင်ပုလိပ်က မိုးအောင်ကို ဖမ်းလိုက် ရတယ်။

အဲဒီလိုဖမ်းပြီးတော့မှ ဒီအဖြစ်အပျက်တွေကို ကျော်နီ သိတယ်။ ကျော်နီ လည်း သူ့ကို အသိမပေးဘဲ သတ်ရမလားဆိုပြီး ပထမတော့ အတော် စိတ်ဆိုးသေးတယ်။ ဒါပေမယ့် သူငယ်ချင်းဆိုတဲ့ သံယောဇဉ်ကြောင့် သူ့ဆရာ မင်းတိုင်ပင်အမတ် ဦးဘိုးသော်ရဲ့ အကူအညီကိုတောင်းပြီး မိုးအောင်ကို ကြိုးစင်က ကယ်လိုက်ရတယ်။ အဲဒီအမှုမှာ ကျော်နီဟာ လူလည်း အတော်ပန်းသွားတယ်။ ငွေလည်း အတော်ကုန်သွားတယ်။

လူသတ်မှုက လွတ်လာကြတဲ့လူတွေ အတော်ခပ်များများဟာ အကြီးအကျယ် သံဝေဂတွေရပြီး ဒုလ္လဘ ရဟန်းပြုတဲ့ လူတွေလည်းပြုကြ တယ်။ ဥပုသ်ရက်ရှည် စောင့်တဲ့လူတွေလည်း စောင့်ကြတယ်။

မိုးအောင်ကတော့ ဒီလိုလူစားမျိုး မဟုတ်ဘူး။ အသက်သတ်တာ ခိုးတာ၊ တိုက်တာ၊ မုဒိမ်းကျင့်တာ၊ လိမ်ပြောတာ၊ အရက်သောက်တာ တွေဟာ သူ့အတွက် ရောဂါလိုဖြစ်နေတယ်။

သူ့အမေဟာ ကိုသုခနဲ့ အိမ်ထောင်ပြုသွားတဲ့ သတင်းကို ကြားပြီး ကတည်းက ဒီရောဂါဟာ အရင်ကထက် ပိုပြီးဆိုးလာတယ်၊ ဒီရောဂါထလာ ရင် သူဟာ မသတ်ရရင် မနေနိုင်ဘူး၊ မခိုးရ၊ မတိုက်ရရင် မနေနိုင်ဘူး၊ အရက်မသောက်ရရင် မနေနိုင်ဘူး။

ဒီရောဂါထလာလို့ ဒါတွေ မလုပ်ရရင် အနည်းဆုံးအဖြစ်နဲ့ ဘဲ ကြက်၊ ငှက်တွေကို လည်လှီးနေရမှ သူနေနိုင်တယ်။ အရက်သိပ်မူးနေအောင် သောက်ရမှ သူ နေနိုင်တယ်။ ဒီ ရောဂါ သူ့မှာထလာရင် သိပ်သိသာတယ်။ သူ့မျက်လုံးတွေ နီရဲလာတယ်။ အလကားနေရင်း စိတ်ဆိုးသလို မှုန်ကုပ်ကုပ် ဖြစ်နေတဲ့ သူ့မျက်လုံးတွေဟာ ပိုပြီး ဆိုးလာတယ်။ သူ့တစ်ကိုယ်လုံးလည်း



ခဲကိုင်မိတဲ့မျောက်လို လှုပ်လှုပ်ရွရွနဲ့ သိပ် ဂနာမငြိမ်ဖြစ်လာတယ်။ တ်တွေလည်း အားကြီးတိုလာတယ်။

အဲဒီရောဂါထလာတဲ့အခါ သူ့အကြောင်း ကောင်းကောင်းသိနေတဲ့ သူငယ်ချင်း ကုလားက ဘဲဖြစ်ဖြစ်၊ ကြက်ဖြစ်ဖြစ်၊ ခိုဖြစ်ဖြစ် ဝယ်ပေးရ တယ်။ သူကိုယ်တိုင် လည်လှီး၊ သူကိုယ်တိုင် ခုတ်ထစ်၊ သူကိုယ်တိုင် ချက်ပြီး အဲဒီဟင်း ဆယ့်လေးငါးဖတ်နဲ့ အသင့် အမြဲတမ်းဝယ်ထားရတဲ့ ရက်ဒီ သုံးလေးခွက်လောက် ဝင်သွားတော့မှ မိုးအောင်မှာ ရောဂါကျသွား တယ်။

ကြက်တွေ၊ ဘဲတွေ လည်လှီးကာနီး အော်ကြတဲ့အသံတွေကို နား ခံနိုင်လို့ သူတို့ရောက်ပြီး သုံးလလောက်အကြာမှာ သူတို့ရဲ့ ခေါင်းရင်း ခန်းက အိမ်ငှားတွေဟာ သူတို့ကို မပြောရဲတာနဲ့ အခြား ပြောင်းဆင်းပြေး ကြရတယ်။ အဲဒါနဲ့ ခေါင်းရင်းခန်းကိုပါ မိုးအောင်က ငှားလိုက်ပြီး တစ်အိမ် လုံးမှာ သူတို့ပဲ မင်းမူနေကြတယ်။

ဒီလိုနေလာလိုက်ကြတာ တစ်နှစ်ကျော်ကျော် နှစ်နှစ်လောက်ရှိလာ တော့မှ ဘာမှမလုပ်ရဘဲ ထိုင်ပြီးစားနေရတဲ့ ထိုင်စားအလုပ်ကို မိုးအောင် ငွေ့လာတယ်။ အဲဒါကြောင့် ဓားပြတိုက်ချင်တယ်လို့ ကျော်နီကို ခဏ ခဏ ပူဆာတယ်။

တစ်နေ့ကျတော့ သန်လျင်နားက သူဌေးကွင်းရွာမှာ အပေါက် ကောင်းတစ်ခု တိုးလာတယ်။ အဲဒါကြောင့် ကျော်နီဟာ မိုးအောင်ကိုခေါ်ပြီး ဥစ္စာရှိတာတွေကို စိစဉ်တယ်။ ပြီးတော့မှ မင်းနဲ့ ကုလားဟာ လူသိ ခံမတန်များတယ်။ တိုက်တဲ့အခါ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေတပ်၊ ကာနှာအိုးမည်းသုတ်၊ ရုပ်ဖျက်ပြီး တိုက်ရမယ်။ ဓားပြတိုက်တဲ့အခါ င်းတို့ နာမည်ရင်းကို မခေါ်ရဘူး၊ နာမည်ပြောင်းရမယ်လို့ ကျော်နီက ပြောပြီး မိုးအောင်ကို ပြန်လွှတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုးအောင် အိမ်ပြန်ရောက်တဲ့အခါ ကုလားကိုခေါ်ပြီး 'သူဌေး မှာ တို့ သွားတိုက်ရမယ်၊ မင်းနဲ့ငါဟာ လူသိများတဲ့အတွက် နှုတ်ခမ်း မုတ်ဆိတ်မွေးတွေတပ်ပြီး ရုပ်ဖျက်ရမယ်၊ မျက်နှာလဲ အိုးမဲသုတ်ရ ဟေ့ ကုလား ကြားလား' လို့ မေးတယ်။

ကုလားက 'ကြားပါတယ်ကွာ' လို့ ဖြေတယ်။

'နောက်ပြီးတော့ မိုးအောင်နဲ့ ကုလားဆိုတဲ့ နာမည်ကိုဖျောက်ပြီး အသစ်ရှာရမယ်၊ မင်းနာမည်ကို 'ဘိုးဝ' ဆိုရင်တော့ ကြိုက်မလား' မိုးအောင်က မေးတယ်။

'ငါ့လားကွ၊ ဒီမအေ-- နာမည်ကြီးကို၊ ငါ မကြိုက်ပါဘူး' ကုလားက ပြန်ဖြေတယ်။

'ဒါဖြင့် မအေ-- နင့်နာမည် နင်ပဲရှာ' လို့ မိုးအောင်က ပြောတယ်။

'လှအောင် ဆိုတဲ့ နာမည်ကို ငါ ကြိုက်တယ်' လို့ ကုလား ပြောတယ်။

မိုးအောင်က ပြုံးပြီး 'မအေ--၊ သောက်ရုပ်က နှစ်ပြားသားမရှိ နာမည်ကိုတော့ လှအောင်ဆိုတာမှ လိုချင်တယ်၊ လှအောင် ဟုတ်ပလား' မိုးအောင်က မေးတယ်။ ကုလားက ပြုံးပြီး ခေါင်းညိတ်လိုက်တယ်။

'မအေ--က နာမည်အရှာကောင်းတယ်၊ ငါ့နာမည်ကိုလဲ ရှာ စမ်းပါ' လို့ မိုးအောင်က ကုလားကို ခိုင်းတယ်။

'မင်းဟာ ထူးလဲ ထူးတယ်၊ အောင်လဲ အောင်တယ်၊ ဒါကြောင့် ထူးအောင်လို့ ငါ မှည့်ချင်တယ်'

မိုးအောင်က ပြုံးပြီး 'မအေ--က နာမည်အရှာကောင်းသား ငါက 'ထူးအောင်' ဆိုရင် မင်းကို 'ကောင်းအောင်' လို့ ငါမှည့်ချင်တယ် မင်းဟာ ကောင်းလဲ ကောင်းတယ်၊ အောင်လဲ အောင်တယ်' လို့ မိုးအောင် က ပြောတယ်။



ကုလားက 'စိန်လိုက်ကွာ' ဆိုပြီး သဘောတူလိုက်တယ်။

အားလုံး စီစဉ်စရာတွေ ပြီးတဲ့အခါ ထူးအောင်၊ ကောင်းအောင်၊ င်ရွှေ၊ အေးမောင်၊ မြမောင် တို့ ငါးဦးကို ဂျော်နီက လက်နက်ခဲယမ်း ကျောက် အစုံအလင် ထုတ်ပေးပြီး လက်ထောက်ချုပ်သမားနဲ့အတူ ဌေးကွင်းကို ထည့်လိုက်တယ်။ သူတို့တိုက်ရမယ့်အိမ်ကတော့ မြေပိုင်ရှင် ရွှေရဲ့အိမ်ပဲ။ စပါးရောင်းပြီးလို့ ငွေငါးသောင်းလောက် ရှိနေတယ်။ ထံဝတ်လက်စားတွေလည်း ရှိတယ်။

ဦးရွှေမှာ နှစ်လုံးပြူးတစ်လက်ရှိတယ်။ ဒါပေမယ့် လက်ထောက်ချုပ်တဲ့ သူက အစီအစဉ်ကောင်းတာနဲ့ ဦးရွှေလည်း ဘာမှ မတတ်နိုင်ဘူး။ သူ့ သနတ်ကိုတောင် မိုးအောင်ကို အပ်ရပြီး အညံ့ခံလိုက်ရတယ်။ သံသေတ္တာ ဖွင့်ပြီး ငွေနဲ့ ပစ္စည်းတွေ ယူနေတုန်း ဦးရွှေကို အိမ်ရှေ့က သံတိုင်တံခါးမှာ ကြိုးနဲ့တုပ်၊ ဟိုဘက် ဒီဘက်မှာ မီးတုတ်တွေချပြီး 'ရွာသားတွေ ဒီမှာ ကြည့်ကြ၊ ယီးတီးယားတားမလုပ်နဲ့၊ အားလုံး သေသွားမယ်' လို့ သူကိုယ်တိုင် အော်ပြောပြီးတော့မှ မိုးအောင်ဟာ ဦးရွှေရဲ့ လည်ကို လှီးလိုက်တယ်။ ပြီးတော့မှ သူ့အမိန့်အရ အေးမောင်နဲ့ တင်ရွှေတို့က တစ်ဖက်ဆီလှည့်ပြီး ရွာထဲသို့ တည့်တည့် သေနတ်နဲ့ ထိုးပစ်လိုက်ရတယ်။

ဦးရွှေမှာ သမီး မရှိဘူး။ သားတွေချည်းပဲ ရှိနေတာနဲ့ ဦးရွှေရဲ့မိန်းမကို အားစာခံအဖြစ်နဲ့ ခေါ်သွားတယ်။ ရွာအပြင်ဘက် တော်တော်လှမ်းလှမ်းကို ရောက်တော့မှ မိုးအောင်ဟာ အမယ်အိုကြီးကို မုဒိမ်းကျင့်ပြီး ပြန်လွှတ် လိုက်တယ်။

မိုးအောင်လုပ်လာပုံတွေကိုကြားရတဲ့အခါ တော်တော်ဆိုးတယ်ဆိုတဲ့ ဂျော်နီတောင် စိတ်မသက်သာဘူး။ ဒါကြောင့် 'နောက်ဆိုရင် မိုးအောင် တိုက်ခိုင်းတဲ့အထဲမှာ မထည့်တော့ဘူး' လို့ ဂျော်နီ သန္နိဋ္ဌာန်ချ လိုက် တယ်။ ဒါပေမယ့် မိုးအောင်ကတော့ ရုပ်မနေဘဲ ခဏခဏ ပူဆာနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ခြောက်လလောက်ကြာတဲ့အခါ အပေါက်ကောင်းတင်ရွှေ တွေ့တာနဲ့ 'ကိုယ့်ကို မခုခံတဲ့လူတွေကို အရမ်းမသတ်နဲ့နော်၊ လင် မယားဖြစ်ဖြစ်၊ အပျိုဖြစ်ဖြစ် မဖျက်ဆီးနဲ့နော်၊ ဓားပြတိုက်တယ်ဆိုတာ ပစ္စည်းရဖို့ပဲ၊ လူသတ်ဖို့၊ မုဒိမ်းကျင့်ဖို့ မဟုတ်ဘူး၊ ဓားပြမှာလဲ စည်းကမ်းဆိုတာ ရှိရတယ်၊ မရှိရင် ဓားပြတွေဟာ ခပ်မြန်မြန်ဆောင်းတွေ့ပြီး သေခြင်းဆိုးနဲ့ သေရတတ်တယ်' လို့ မိုးအောင်၊ ကုလား၊ တင်ရွှေ၊ အေးမောင် မြမောင်တို့ကို ကျော်နီက အကြိမ်ကြိမ်ဆုံးမပြီး မအူပင် ရေလဲကလေးရွာ လက်ထောက်ချရအောင်လာတဲ့လူနဲ့ အရင်လိုပဲ ထည့်လိုက်တယ်။

အဲဒီမှာလည်း သူဌေးကွင်းရွာတန်းကလို အိမ်ရှင်ကို သတ်၊ ရွာ သေနတ်နဲ့ နှစ်ချက်ထိုးပစ်ပြီး သမီးကို မုဒိမ်းကျင့်လာပြန်တယ်။

ဒီအကြောင်းကို ကျော်နီသိတဲ့အခါ စိတ်မချမ်းသာဘူး။ သူ့တပည့်ရင်း ဖြစ်တဲ့ တင်ရွှေ၊ အေးမောင်တို့ကလည်း 'နောက်ကို မိုးအောင်နဲ့ မထည့် ပါနဲ့၊ သူနဲ့တိုက်ရတာ တယ်ပြီး အသည်းယားတယ်' လို့ သူတို့ဆရာ ကျော်နီကို တိုင်ကြတယ်။

ကျော်နီကလည်း 'နောက်ဆိုရင် မိုးအောင်ကို ဓားပြအတိုက်မခိုင်း တော့ဘူး' လို့ သန္နိဋ္ဌာန်ချလိုက်ပြန်တယ်။

အဲဒါကြောင့် မိုးအောင်က နောက်ထပ် ခဏခဏ ပူဆာနေပေမယ့် 'အပေါက်ကောင်း မတွေ့သေးဘူး' လို့ ကျော်နီက လိမ်ပြောထားတယ်။

မိုးအောင်လည်း သူ့ရောဂါထလာလို့ သူ့အိမ်မှာ ကြက်၊ ဘဲ၊ မိ တွေကို လည်လှီးရတာလောက်နဲ့ အားမရ၊ မတင်းတိမ်တဲ့အခါတိုင်း ရွာနီး မှာရှိတဲ့ သူဌေးဦးရွှေပျော်ရဲ့ ခြံထဲကို သွားလေ့ရှိတယ်။ အဲဒီအခါ ကုလားက မိုးအောင်လှီးဖို့အတွက် ဆိတ်တို့၊ ဝက်တို့၊ ဘဲငန်းတို့ကို ရှာပေးရတယ်။ အဲဒီလို အကောင်အကြီးစားကြီးတွေကို သူကိုယ်တိုင်



ည်လှီး၊ သူကိုယ်တိုင် တုံးတစ်၊ သူကိုယ်တိုင် ချက်ပြုတ်စားသောက်၊ လေး ငါးရက်လောက် မူးပြီးမှ ခြံထဲကပြန်တယ်။

ကျင်လှိုင့် ကျော့ကွင်း

အဲဒီလိုနေလာရင်းက တစ်နေ့ကျတော့ သူ့အိမ်တက်မင်္ဂလာ က်ဖက်ရည်ပွဲကိုလာဖို့ ကျော်နီက ဖိတ်တာနဲ့ ကြို့ကုန်းခြံထဲက ကျော်နီရဲ့ အိမ်ကို မိုးအောင် ရောက်သွားတယ်။ ဒီခြံနဲ့ ဒီမဒရပ် တစ်ထပ်အိမ်ကလေး ာ မင်းတိုင်ပင်အမတ် ဦးဘိုးသော်ရဲ့ခြံနဲ့ အိမ်ကလေးပဲ။ ရွေးကောက်ပွဲ လာတဲ့အတွက် ဦးဘိုးသော်ဟာ ကျော်နီကို ကြိုပြီး မျက်နှာလုပ်ထားတဲ့ နေ့နဲ့ ထင်ပါရဲ့၊ ကျော်နီကို တစ်ပတ်ရစ် မောရစ်မော်တော်ကားကလေး စ်စီးကိုလည်း ပေးတယ်။ ကြို့ကုန်းက အဲဒီခြံနဲ့ အိမ်ကိုလည်းပေးတယ်။

အဲဒါကြောင့် ကျော်နီနဲ့ သူ့မိန်းမ မကျင်လှိုင်တို့ဟာ အဲဒီ ကြို့ကုန်းက ထဲမှာ ပြောင်းပြီးနေကြတယ်။ ပြောင်းပြီးနောက်တစ်နေ့မှာ ဘုန်းကြီး ယ်ပါးကို ဆွမ်းကပ်တယ်။ ညနေဘက်ကျတော့ ခြံထဲမှာပဲ လက်ဖက်ရည်ပွဲ ပ်ပြီး အမတ်ကြီး ဦးဘိုးသော်နဲ့ ကြည့်မြင်တိုင်က လူကြီး လေး ငါး ယ်ယောက်လောက်၊ ပြီးတော့ သူ့တပည့် လေး ငါး ဆယ်ယောက် ာက် ဖိတ်တယ်။ ဧည့်သည်တွေလာကြတဲ့အခါ အမတ်ကြီးဦးဘိုးသော် လူကြီးတွေကို ကျော်နီက ဧည့်ခံတယ်။ သူ့မိန်းမ မကျင်လှိုင်က အောင်တို့ လူစုကို ဧည့်ခံတယ်။

မကျင်လှိုင်ဟာ မိုးအောင်ကို ပွဲလမ်းသဘင်တွေမှာ အဝေးကသာ ်းပြီး မြင်ဖူးတယ်။ အခုလို နီးနီးကပ်ကပ် တစ်ခါမှ မမြင်ဖူးဘူး။ တို့နှစ်ယောက် အခုလို နီးနီးကပ်ကပ် တွေ့ဖို့ဟာလည်း အကြောင်း စ်ခါမှ မပေါ်ဘူး။ ကျော်နီဟာ မနက် သုံးလေးနာရီလောက်မှ လပ်က ်ကိုပြန်တယ်။ မနက် ၁၁ နာရီလောက်မှ အိပ်ရာကထတယ်။ ရေမိုး

www.burmeseclassic.com

www.burmeseclassic.com



ချိုး၊ မနက်စာစားပြီး နေ့လယ် တစ်ချက်တီးလောက်မှာ ကလပ်ကိုပြန်ထွက်လာတယ်။ အဲဒီတော့ ဂျော်နီကို တွေ့ချင်တဲ့လူတွေဟာ အိမ်ကို ဘယ်သူမှ မသွားကြဘူး။ ကလပ်ကိုသွားပြီး တွေ့ကြတာပဲ။ ပြီးတော့လည်း ဂျော်နီဟာ သူ ဘယ်ကိုသွားသွား သူ့မိန်းမကို ဘယ်တော့မှ ခေါ်မသွားဘူး။ ကလပ်ကိုလည်း သူ့မိန်းမ မလာဘူး။

အဲဒါကြောင့် မိုးအောင် ကြည့်မြင်တိုင်ကို ရောက်နေတာ လေးငါးနှစ်လောက် ရှိပေမယ့် မကျင်လှိုင်ဟာ မိုးအောင်ကို နီးနီးကပ်ကပ်တွေ့ဖို့ တစ်ခါမှ အခွင့်မရခဲ့ဖူးဘူး။ အခု လက်ဖက်ရည်ပွဲမှာ မကျင်လှိုင်ဟာ မိုးအောင်ကို ပထမဆုံး နီးနီးကပ်ကပ် မြင်လိုက်တဲ့အခါ သူ့တစ်ကိုယ်လုံး ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်းနဲ့ ဖြစ်သွားတယ်။

မကျင်လှိုင်ဟာ မိုးအောင်နဲ့ မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်လိုက်တယ်။ မိုးအောင်နဲ့ စကားပြောနေတဲ့အခါလည်း မိုးအောင်ရဲ့ မျက်လုံးကိုပဲ တစိမ့်စိမ့်ကြည့်နေတာပဲ။ မိုးအောင်ဟာ တခြားလူတွေနဲ့ စကားပြောနေရင်လဲ ဣန္ဒြေတောင် မဆည်နိုင်ဘူး၊ မိုးအောင်ရဲ့ မျက်လုံးကိုပဲ တစိမ့်စိမ့်ကြည့်နေတာပဲ။ မိုးအောင်က သူ့ဘက်ကို လှည့်လိုက်တိုင်း မျက်လုံးချင်းဟာ အမြဲ ဆုံဆုံနေတယ်။ မိုးအောင်ကလည်း စမ်းကြည့်ချင်တာနဲ့ တခြားဘက်ကို ကြည့်သလိုလို လုပ်လုပ်ပြီး သူ့ဘက်ကို လှည့်လှည့်ကြည့်တယ်။ အဲဒီလိုကြည့်တိုင်းလဲ မကျင်လှိုင်ရဲ့ မျက်လုံးတွေဟာ သူ့ကိုပဲ တစိမ့်စိမ့်ကြည့်နေတာကို တွေ့ရတယ်။

လက်ဖက်ရည်ပွဲပြီးလို့ ဧည့်သည်တွေ ပြန်ကုန်ကြတဲ့အခါ ဂျော်နီလည်း ကလပ်ကို ထွက်သွားတယ်။ မကျင်လှိုင်လည်း ခုတင်ပေါ်မှာလှဲရင်း မိုးအောင်နဲ့ စိတ်ကူးထဲမှာ အချီအချ စကားပြောနေတယ်။ စိတ်ကူးတွေဟာ တဖြည်းဖြည်းနဲ့ လွန်လာလိုက်တာ ကာမရာဂစိတ်တွေ သိပ်သောင်းကျန်းလာပြီး သူ့တစ်ကိုယ်လုံး နတ်ပူးသလို တဆတ်ဆတ်တုန်တဲ့အထိဖြစ်သွား



တယ်။ အဲဒါနဲ့ နည်းနည်းသက်သာရာရအောင် ရေချိုးခန်းထဲဝင်ပြီး မကျင်လှိုင်ဟာ ရေချိုးပစ်လိုက်ရတယ်။

ဒါပေမယ့် ခဏသက်သာတာပါပဲ။ မိုးအောင်ကို သူစိတ်ကူးနေတဲ့ စိတ်ကူးတွေဟာ သူ့ငယ်ထိပ်မှာကို သံမှိုနဲ့နှက်ထားသလို ဖြစ်နေတဲ့အတွက် အရင်ကလိုပဲ ကာမရာဂစိတ်တွေ ထွက်ပေါ်သောင်းကျန်းလာပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာပြန်တယ်။ အဲဒါနဲ့ ညသန်းခေါင်လောက်ရှိတော့ မကျင်လှိုင်ဟာ ရေချိုးခန်းထဲဝင်ပြီး ရေတစ်ခါ ထပ်ချိုးလိုက်ရပြန်တယ်။ မကျင်လှိုင်မှာ သုံး လေးရက်လောက်ဟာ မိုးအောင်ရဲ့ စိတ်ကြောင့် အဲဒီလိုပဲ ညဥ့်ရောနေ့ပါ တစ်ကိုယ်လုံး နတ်ပူးသလိုဖြစ်ပြီး တဆတ်ဆတ် တုန်နေတယ်။

ငါးရက်မြောက်နေ့ကျတော့ မကျင်လှိုင်ဟာ သူ့ဝေဒနာကို သည်းမခံနိုင်တော့ဘူး။ အဲဒါကြောင့် သူ့ယောကျ်ား ဂျော်နီဟာ မနက်စာစားပြီး ကလပ်ထွက်သွားတဲ့အခါ သူ့မတ်ကလေး မောင်ညွှန့်ကို ခေါ်လိုက်တယ်။ မောင်ညွှန့်ရဲ့မိန်းမ မအေးဟာ မကျင်လှိုင်နဲ့ ညီမဝမ်းကွဲ တော်တယ်။ မကျင်လှိုင်မှာ သားသမီးလည်း မရှိဘူး။ တခြားဆွေမျိုးရင်းချာလည်း မရှိဘူး။ အဲဒါကြောင့် မောင်ညွှန့်နဲ့ မအေးတို့ဟာ မကျင်လှိုင်နဲ့ အတူတူ သာနေပြီး ထမင်းလည်း ချက်ကျွေးတယ်၊ အစောင့်အရှောက်အဖြစ်နဲ့လည်း စောင့်ရှောက်ကြတယ်။

မောင်ညွှန့်ရောက်လာတဲ့အခါ မကျင်လှိုင်က 'မောင်ညွှန့်ရေ၊ ကနေ့ည ခုနစ်နာရီမှာ ကိုမိုးအောင်ကို သွားခေါ်ပေးပါကွယ်၊ နှုတ်လုံပါစေနော်၊ ငင် ကျေးဇူးကို မမ ဘယ်တော့မှ မမေ့ပါဘူး' လို့ ပြောပြီး မိုးအောင်ကို ခေါ်လွှတ်လိုက်တယ်။

မောင်ညွှန့်ဟာ မိုးအောင်ရဲ့အိမ်ကို သုံးခေါက်တောင်သွားရတယ်။ ညနေ ၅ နာရီလောက်မှ ရေချိုးရအောင် အိမ်ပြန်လာတဲ့ မိုးအောင်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတယ်။ မိုးအောင်က 'လာခဲ့မယ်' လို့ ပြောပြီး မောင်ညွန့်ကိုပြန်လွှ လိုက်တယ်။

ဒီအကြောင်းကို ကုလားသိတဲ့အခါ 'သွားဖို့မကောင်းဘူး' လို့ မိုးအောင်ကို တားတယ်။ '--မို့ မကောင်းရမှာလား' လို့ မိုးအောင်က ပြန်ပြောတယ်။

ကုလားက 'မအေ- မင်း တခြားဟာတွေ ဘာလုပ်လုပ် ငါဘယ်တော့မှ မပြောဘူး၊ ကိုဂျော်နီကတော့ မင်းရဲ့ ကျေးဇူးရှင်ကွ၊ မင်းသေမလိုဖြစ်တာ နှစ်ခါရှိပြီ၊ တိုက်ပွဲဖြစ်တုန်းက တစ်ခါ၊ လူသတ်မှုဖြစ်တုန်းက တစ်ခါ အဲဒီနှစ်ခါစလုံးကို ကိုဂျော်နီကိုယ်တိုင် သေမင်းပါးစပ်ဖြဲပြီး မင်းကို ဆွဲထုတ်ခဲ့ရတယ်၊ မကောင်းပါဘူးကွာ၊ မသွားပါနဲ့' လို့ ထပ်ပြောတယ်။

မိုးအောင်က 'မအေ--က ကျေးဇူးစကားတွေ ဘာတွေ ပြောလို့ ကျေးဇူးဆိုတာကို မအေ- နင် ဘယ်လောက်များ သိလို့လဲ၊ မသေမချင်း မှတ်ထား၊ လောကမှာ ကျေးဇူးဆိုတာ မရှိဘူး၊ ဂျော်နီက ငါ့ကို မွေးကောင်း လို့ ငါဖျားတုန်းကလဲ မသေအောင် ဆေးကုတာပဲ၊ လူသတ်မှုဖြစ်တုန်းကလဲ စက်တိုင်မတက်ရအောင် လုပ်ပေးခဲ့တာပဲ၊ နို့ကောင်းကောင်းစားရအောင် နွားမကို မြက်ကောင်းကောင်းကျွေးတဲ့အတွက်၊ အဲဒီနွားမကြီး ခွာနာလျှာနာ ဖြစ်တဲ့အခါ ဆေးကုပေးတဲ့အတွက် ဒီနွားမက နွားရှင်ကို ကျေးဇူးတင်ရ မှာလား၊ လောကမှာ ကိုယ့်အကျိုးမရှိဘဲ ဘယ်သူပဲဖြစ်ဖြစ် ဘာမှမလုပ်ဘူး နောက်ပြီးတော့ မအေ-- မင်း ဘာသိသလဲ၊ ဂျော်နီမှာ မယားတွေပြည့်လို့ ဒီကောင်မကြီးဘက်ကို တော်တော်နဲ့ ဦးလှည့်နိုင်မှာ မဟုတ်ဘူး၊ အဲဒီတော့ ဒီကောင်မကြီးဆီကို ငါ သွားလိုက်မယ်၊ ဂျော်နီ လုပ်ရမယ့် အလုပ်ကို ငါ ဝင်လုပ်ပေးလိုက်တဲ့အတွက် ကျေးဇူးတင်ချင်းတင် ဂျော်နီကတောင် "ငါ့ကို ကျေးဇူးတင်ရဦးမယ်' လို့ ပြောပြီး အချိန်စေ့တဲ့အခါ ထွက်သွား တယ်။



ကုလားလည်း စိတ်မချမ်းမသာဖြစ်ပြီး ပက်လက်ကုလားထိုင်ပေါ်မှာ ဆေးယောက်တည်း ထိုင်ရက်သား ကျန်ရစ်တယ်။

မကျင်လှိုင်လည်း တစ်ကိုယ်လုံး ကြော့နေအောင် ဖြီးလိမ်းပြီး ဆောက်နာရီခွဲလောက်ကတည်းက ခြံတံခါးဝနားမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတယ်။ မိုးအောင် ရောက်လာတဲ့အခါ စံပယ်ချုံနောက်ဘက်က မှောင်ရိပ်ထဲမှာ ခင်းထားတဲ့ နောက်မှီနဲ့ ခုံတန်းလျားဆီကို မိုးအောင်ရဲ့ လက်ကိုဆွဲပြီး ခေါ်သွားတယ်။

ခုံတန်းလျားပေါ်မှာ မိုးအောင်နဲ့ မကျင်လှိုင်တို့ဟာ သေးချင်းကပ် ထိုင်မိတာနဲ့ တစ်ပြိုင်နက် 'အပျိုနဲ့တွေ့တဲ့အခါ လူပျိုလက်ဟာ ဆင်နှာမောင်း လို ကလက်ရမယ်' လို့ စာဆိုရှိပေမယ့် မိုးအောင်ရဲ့လက်တွေက ဘယ်လိုမှ ကလက်ရသေးခင် မကျင်လှိုင်ရဲ့ လက်တွေဟာ ဆင်နှာမောင်းလို ကလက် လာတယ်။ ဒီဘက်မှာ မြန်လှတဲ့ မိုးအောင်ကလည်း မိနစ်ဝက်လောက် ငြိမ်ခံနေပြီး မကျင်လှိုင်ကို ခုံတန်းလျားပေါ် တွန်းလှဲလိုက်တယ်။

မကျင်လှိုင်ဟာ ခုံတန်းလျားပေါ်မှာ ကျောကျလျက်က 'အို၊ အိမ်ပေါ်ကိုလာပါ၊ ကျကျနန လုပ်ထားပါတယ်' လို့ ပြောလိုက်တာနဲ့ မိုးအောင်လည်း ကိုယ်ရှိန်သတ်လိုက်တယ်။

မကျင်လှိုင်လည်း ကျောကျရာကထပြီး ပြေကျနေတဲ့ ဆံပင်ကိုပြင်၊ အင်္ကျီကို ပြင်ဝတ်၊ အိမ်ပေါ်ကို ခပ်သုတ်သုတ်တက်၊ အိပ်ခန်းထဲကို ခပ်သုတ်သုတ် ဝင်သွားတယ်။ မိုးအောင်ကလည်း နောက်က ခပ်သုတ်သုတ် လိုက်ပြီး ဝင်လိုက်သွားတယ်။

နာရီဝက်လောက်ကြာတဲ့အခါ မိုးအောင်က 'သောက်စရာ ဘာရှိ သလဲ' လို့ မေးတယ်။

မကျင်လှိုင်က 'နွားနို့ကျိုထားတယ်' လို့ ဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အို၊ ဒီသောက်စရာပြောတာမဟုတ်ပါဘူး' လို့ မိုးအောင်က ထပ်ပြော တဲ့အခါ

'ဪ ဟိုဟာလား၊ ဝီစကီရော ဘရန်ဒီရော ရှိတယ်' လို့ မကျင် လှိုင်က ဖြေတယ်။

'ဘရန်ဒီယူခဲ့ပါ' လို့ မိုးအောင်က ပြောတယ်။

တအောင့်လောက်ကြာတဲ့အခါ ဘရန်ဒီနဲ့ အမဲသားနှပ်တွေ မကျင်လှိုင် ယူလာတယ်။ မိုးအောင်လည်း အမဲနှပ်အမြည်းနဲ့ ဘရန်ဒီ သောက်နေရင်း မကျင်လှိုင်ဟာ နောက်ကနေ မိုးအောင်ကို သူ့လက်နှစ်ဘက် နဲ့ ခွပြီး မိုးအောင်ရှေ့က စားပွဲပေါ်မှာ လက်ထောက်လိုက်တယ်။

ပြီးတော့မှ မိုးအောင်နဲ့ ပါးချင်းထိပြီး ရာဂသံကလေးနဲ့ 'ကိုမိုးအောင် ကျွန်မကတော့ ကိုမိုးအောင်ကို သိပ်ပြီး မျှော်နေရတယ်၊ အစောကြီး မပြန် ရဘူးနော်၊ ကိုကျော်နီက နေ့တိုင်း မနက်လေးနာရီလောက်မှ ပြန်လာ တယ်၊ အဲဒီတော့ ကိုမိုးအောင် နှစ်ချက်ထိုးပြီးမှ ပြန်ရမယ် ကြားလား' လို့ မေးတယ်။ မိုးအောင်က ခေါင်းညိတ်လိုက်တယ်။

အဲဒီလိုပဲ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ၊ မိုးအောင်နဲ့ မကျင်လှိုင် တို့ အချစ်နာလန်ထလာလိုက်ကြတာ သုံးလလောက် ကြာသွားတယ်။ တစ်ညတော့ မိုးအောင် ပြန်မယ်အလုပ်မှာ မကျင်လှိုင်ဟာ မိုးအောင်ကို ဖက်ထားရင်း ကိုယ်ဝန်အဟုတ်ပဲရှိနေလို့လား၊ ဒါမှမဟုတ်ရင်လည်း တခြား အကြောင်းတစ်ခုခုကြောင့်လား မဆိုနိုင်ဘူး၊ မိုးအောင်ရဲ့ နားနားကပ်ပြီး 'ကိုမိုးအောင်၊ ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ၊ ပေါ့မနေနဲ့နော်' လို့ ပြောလိုက်တယ်။

မိုးအောင်က 'အံမာ၊ ဒီကိုယ်ဝန်ရှိတာကို အကြီးအကျယ်လုပ်ပြီး ပြောနေရသေးသလား၊ ကလေးမွေးလာရင် ကိုကျော်နီက သူ့ကလေးဆိုပြီး သိပ်ဝမ်းသာမှာပေါ့' လို့ ပြန်ပြောတယ်။



မကျင်လှိုင်က 'အားကြီးဝမ်းသာလိမ့်မယ်၊ စောင့်နေ' လို့ ငေါ့သံ ကလေးနဲ့ ပြန်ပြောတယ်။

'ဘာဖြစ်လို့လဲ' လို့ မိုးအောင်က မေးတယ်။

မကျင်လှိုင်က 'ကျွန်မဟာ ကိုကျော်နီရဲ့မယားလို့ ဆိုင်းဘုတ်သာ တပ်ခံရပြီး မယားလို တစ်ခါမှ မပျော်ပါးရတာ နှစ်နှစ်ကျော်သွားပါပြီ ကိုမိုးအောင်ရယ်' လို့ ဖြေတယ်။

'ဒီနှစ်နှစ်ကျော်အတွင်းမှာ ကိုကျော်နီက မကျင်လှိုင်ကို တစ်ခါမှ တစ်ခါဘူးလား' လို့ မိုးအောင်က ထပ်မေးတယ်။

'တစ်ခါမှ မတစ်ခါပါဘူး၊ သူ့ဟာမတွေနဲ့ တစ်နေ့လုံး တစ်ညလုံး ကလပ်မှာ ပျော်ချင်တိုင်းပျော်၊ လင်းအားကြီးရောက်လို့ ခြေကုန်လက်ပန်း ကျနေတော့မှ အိမ်ပြန်လာတာပါပဲ၊ တစ်ခါတစ်ခါများ သူ့အဝတ်အစား တောင် သူ မလဲနိုင်ဘူး၊ ခုတင်ပေါ် ပစ်လှဲလိုက်ပြီး သိုးနေအောင်အိပ်မော ကျသွားတာပဲ၊ မနက်ကျပြန်တော့လဲ ဆယ့်တစ်နာရီလောက်မှထ၊ ရေချိုး၊ အဝတ်အစားလဲ၊ မနက်စာစားပြီး ကလပ်ကိုပြန်သွားတာပဲ၊ ကျွန်မနဲ့ဆိုရင် ဒီ မနက်စာ စားတုန်းကလေးပဲ မျက်နှာချင်းဆိုင်လိုက်ရတယ်၊ ပြီးတော့လဲ ကျွန်မနဲ့အိမ်ထောင်ကျပြီး ရှစ်နှစ်လောက် သွားလာနေတုန်းကလဲ သားသမီး တစ်ယောက်မှ မရဘူး၊ တခြားဟာမတွေနဲ့လဲ သားသမီး တစ်ယောက်မှ မရဘူး၊ အရင် ငါးနှစ် ခြောက်နှစ်လောက်ကဆိုရင် ကြည့်မြင်တိုင်က သူဌေးကြီး ဦးကျော်ဟိုးရဲ့ သားသမီးရတဲ့ဆေးကိုတောင် တစ်နှစ်လောက် ကြီး ကိုကျော်နီ သောက်ဖူးသေးတယ်၊ မရပါဘူး' လို့ မကျင်လှိုင်က ပြော တယ်။

မိုးအောင်လည်း ဘာမှထပ်မပြောတော့ဘဲ သက်ပြင်းချပြီး ပြန်သွား တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ်တွေ့တဲ့အခါ မကျင်လှိုင်က 'ကိုမိုးအောင်၊ ကိုယ် အတွက် ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားပြီးပြီလား၊ ပေါ့မနေနဲ့နော်' ပြောတယ်။

မိုးအောင်က 'ဒီကိုယ်ဝန်ကို ဖျက်ချပစ်လိုက်ပါလား၊ ဘာခက်လို့' လို့ အကြံပေးတယ်။

'မဖြစ်ပါဘူး၊ ကိုဂျော်နီ သိသွားမှာပဲ၊ ကိုမိုးအောင်ရေ၊ ဒီကိုယ်ဝန် ပေါ့မနေနဲ့နော်၊ တဖြည်းဖြည်း ရင့်လာပြီ၊ ကိုဂျော်နီသိရင်တော့ ကျွန်မ သတ်မှာပဲ' လို့ မကျင်လှိုင်က ထပ်ပြောတယ်။ မိုးအောင်လည်း ဘာမှမပြော ဘဲ သက်ပြင်းချပြီး ပြန်သွားတယ်။

မိုးအောင်စိတ်ထဲမှာ မကျင်လှိုင်ဟာ ဂျော်နီကိုပစ်ပြီး သူ့ကို အ စီးချင်လို့ ဒီလို ဉာဏ်နီဉာဏ်နက်တွေ ထုတ်နေတယ်လို့ သကာမကင်း လာတယ်။ ဒါကြောင့် သွားနေကျ မသွားတော့ဘဲ ဖြတ်ထားလိုက်တယ်။ ၁၀ ရက်လောက်ကြာတဲ့အခါ မောင်ညွှန့် သုံးလေးခေါက်လာပြီး ခေါ်တာ တစ်ညမှာတော့ မိုးအောင်ဟာ မကျင်လှိုင်ဆီကို ရောက်သွားတယ်။

မကျင်လှိုင်နဲ့ တွေ့တဲ့ မကျင်လှိုင်က 'ကိုမိုးအောင်ဟာ သတ္တိရှိတာ သတ္တိရှိတယ်နဲ့ နာမည်ကြီးတာကတော့ သိပ်ကြီးတာပဲ၊ ဒီသတ္တိရှိတာ သူများအတွက်နဲ့ ပတ်သက်လာရင်သာ သတ္တိရှိတာထင်ပါရဲ့၊ ဒီကိုယ် အကြောင်း ပြောတိုင်း သတ္တိရှိရှိနဲ့ ရင်ဆိုင်မလားလို့ အောက်မေ့တာ သက်ပြင်းချချပြီး ပြန်သွားရုံမကဘူး၊ အခုတော့ မျက်နှာတောင် မပြရဲ ထင်ပါရဲ့၊ ပေါ်တောင်မလာတော့ဘူး၊ ဒါပေမယ့် ကိုမိုးအောင်ရယ်၊ ကျွန်မ ကတော့ ကိစ္စမရှိပါဘူး၊ ကိုဂျော်နီသတ်ရင်လဲ သေပါစေ၊ အခုထော ကိုမိုးအောင်နဲ့ ဝဝကြီးချစ်လိုက်ရလို့ ကျွန်မ အသေခံရဲပါပြီ' လို့ မျက်ရည် တွေကျပြီး ပြောတယ်၊ မိုးအောင်လည်း ဘာမှမပြောဘူး၊ ရှေးနည်းအတိုင်း သက်ပြင်းချပြီး ပြန်သွားတယ်။

နောက်တစ်နေ့မနက် သုံးနာရီလောက် ကလပ်က ခါတိုင်းပြန်နေကျ အချိန်မှာ သူ့မောရစ်ကားကလေးနဲ့ သူ့ဒရိုင်ဘာအုံးရွှေက ရှေ့ကမောင်း၊ သူက နောက်ကစီးပြီး ကိုဂျော်နီဟာ အိမ်ကို ပြန်လာတဲ့အခါ ကမာရွတ် လွန်နားမှာ လမ်းပြင်နေလို့ ကာထားတဲ့ ကတ္တရာစေးပုံးတွေကို သူ့ ကားတော်ကားနဲ့ ဝင်တိုက်မိတယ်။ ဒီလိုဝင်တိုက်တာဟာ 'သူ့အိမ်မှာ တစ်ခုခု ဖြစ်နေလို့ ဝင်တိုက်တာလား၊ ဒီလိုမဟုတ်ရင်လည်း ဒရိုင်ဘာအုံးရွှေက ဂရုမစိုက်ဘဲမောင်းလို့ ဝင်တိုက်တာလား' ဆိုတာ ကိုဂျော်နီဟာ ဘာမှ မစုံစမ်းတော့ဘူး။

ဒေါသဖြစ်ဖြစ်နဲ့ သူ့လက်ထဲက ဟန်တိန်တုတ်နဲ့ အုံးရွှေကို ရိုက်လိုက်တာ ထိပ်မှာ နှစ်ချက်ကွဲသွားတယ်။ နောက်တစ်နေ့ အုံးရွှေကို အလုပ်ကထုတ်ပစ်ပြီး ဘသော်ဆိုတဲ့ ဒရိုင်ဘာအသစ် ငှားလိုက်တယ်။

ဒီတစ်ခါတော့ မိုးအောင်ဟာ မကျင်လှိုင်ဆီ မသွားဘဲနေတာ တစ်လလောက် ကြာသွားတယ်။ မောင်ညွှန့် အကြိမ်ကြိမ်လာခေါ်ပေမယ့် လာမယ်လို့ ပြောပြောပြီး မသွားဘူး။

တစ်နေ့မှာတော့ မောင်ညွှန့်ရောက်လာပြီး 'ကိုကြီးမိုးရယ်၊ ဒီနေ့တော့ ဘာဖြစ်အောင် လာပါ၊ ကိုကြီးမိုး မလာရင် မမ ဘိန်းမှိုပြီး သေတော့မယ်၊ ကိုကြီးမိုးအတွက် မမတော့ဖြင့် သိပ်သနားစရာကောင်းနေပြီ၊ မနေ့ကလဲ ဘိန်းငါးကျပ်သား ကျွန်တော် ဝယ်ပေးလိုက်ရတယ်' လို့ မျက်ရည်တွေ ကျရင်း မိုးအောင်ကို ပြောပြနေတယ်။

'ငါ ကနေ့ညလာခဲ့မယ်၊ မင့်မမကို ပြောလိုက်' လို့ မိုးအောင်က ပြောတယ်။

'ဒီကနေ့ည ဆက်ဆက်လာပါ အစ်ကိုကြီးမိုးရယ်၊ ကိုကြီးမိုး ဒီ ကနေ့ညမလာရင်တော့ မနက်ဖြန် မမရဲ့အလောင်းသာ တွေ့ရတော့မှာပဲ' လို့ ထပ်ပြောပြီး ပြန်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အေးပါကွာ' လို့ မိုးအောင်က ထပ်ပြောလိုက်တယ်။

အဲဒီနေ့ညနေ နှစ်ချက်လောက်မှာ ကျော်နီက ခေါ်တာနဲ့ မိုးအောင်ဟာ ကလပ်ကို လိုက်သွားတယ်။ ကလပ်ကိုရောက်တဲ့အခါ ကျော်နီက သူနဲ့ ကစားခိုင်းတာနဲ့ မိုးအောင်လည်း ကျော်နီနဲ့ ဘိလိယက်ဝင်ထိုးနေတယ်။ နှစ်ပွဲလောက်ထိုးပြီးတဲ့အချိန်မှာ ကျော်နီ အဝယ်ခိုင်းတဲ့ ခေါက်ဆွဲနဲ့ဟင်းချို ရောက်လာတာနဲ့ မိုးအောင်တို့ဟာ ကလပ်ပေါ်တက်ပြီး ခေါက်ဆွဲစားကြတယ်။

ခေါက်ဆွဲစားရင်း သူ့အခန်းထဲက ရိုးလက်စ် လက်ပတ်နာရီအသစ်တစ်လုံးကို ယူလာပြီး ကျော်နီက 'မိုးအောင်၊ မင်းဖို့ ဒီနာရီကို ပီအောမှာ ငါမှာထားတာ ကြာပြီ၊ ဒီနေ့မှရတယ်၊ ငါ့နာရီနဲ့ အမျိုးတူတူပဲ' လို့ ကျော်နီက ပြောတယ်။ ပြီးတော့မှ 'မင်းလက်ပေးစမ်း' လို့ ပြောတာနဲ့ မိုးအောင်လည်း လက်မှာပတ်ထားတဲ့ သူ့လက်ပတ်နာရီ အဟောင်းကို ဖြုတ်ပြီး လက်လှမ်းပေးလိုက်တယ်။

အဲဒီအခါ ကျော်နီကိုယ်တိုင် မိုးအောင်ရဲ့ ဗယ်ဘက်လက်မှာ နာရီကို ပတ်ပေးတယ်။ ခေါက်ဆွဲဆက်စားနေရင်း ကျော်နီက 'ငါ့လက်ဖက်ရည်ပွဲကို လာတုန်းက ခြံထဲမှာ ငါနေတဲ့အိမ်အပြင် တခြားအိမ်ကလေးတစ်လုံးကိုလဲ မင်းတွေ့မိပါလိမ့်မယ်၊ အဲဒီအိမ်မှာ မင်းကို ငါထားချင်တယ်' လို့ သူ့ဌေးကို ငါပြောထားတယ်၊ သူ့ဌေးဆီက စကားပြန်ရင် အဲဒီအိမ်မှာ မင်းပြောင်းနေရမယ်နော်၊ ခြံနေရာရော အိမ်ရော သိပ်ကောင်းတယ်' လို့ ကျော်နီက ပြောတယ်။ မိုးအောင်လည်း ဘာမှ မပြောဘူး၊ ခေါက်ဆွဲကို စားမြဲတိုင်း ဆက်စားနေတယ်၊ ခေါက်ဆွဲစားပြီးတော့ ကျော်နီနဲ့ မိုးအောင်တို့ ဘိလိယက်ဆင်းပြီး ထိုးကြပြန်တယ်။ ညနေ ငါးနာရီလောက်ကျတော့ မိုးအောင်က လက်ပတ်နာရီကို ခဏခဏကြည့်နေဘာ ကျော်နီ မြင်တဲ့အတွက် 'ကဲ မိုးအောင် မင်း သွားစရာရှိလဲ သွားတော့' လို့ ဆိုပြီး လွှတ်လိုက်တယ်။



မိုးအောင်လည်း အိမ်မှာ ခဏတဖြုတ်နား၊ ရေချိုးပြီး အချိန်စေ့တဲ့ အခါ မကျင်လှိုင်ဆီကို ထွက်ခဲ့တယ်။ အဲဒီညမှာ မိုးအောင် ရောက်ရောက်ချင်း ကောင်မှာ အသာ ပက်လက်လှန်နေတယ်။ မကျင်လှိုင်လည်း မိုးအောင်နဲ့ ခေါင်းအုံးတစ်ခုတည်းပေါ်မှာ မိုးအောင်ဘက်ကို စောင်းလျက်သားအုံးပြီး သူ့လက်က ဆင်နှာမောင်းလို ကလက်ရင်း 'ကိုမိုးအောင်ရယ်၊ ကျွန်မတော့ အ တီး အ တ မြွေအလမ္ပာယ်ဆရာလို ဖြစ်နေပြီ၊ ဖမ်းတုန်းက မြွေမွေး ပြီး ဖမ်းတာပဲ၊ အိမ်ရောက်လို့ သေသေချာချာ ကြည့်တော့မှ ကနကုတ် ကြီး ဖြစ်နေတယ်၊ ဒီကိုယ်ဝန်ပြဿနာကို ကိုမိုးအောင် မဖြေရှင်းရဲရင်လည်း နေပါ၊ ကျွန်မဟာ ကျွန်မ ဖြေရှင်းပါ့မယ်' လို့ ပြောတယ်။

အဲဒီအခါ မိုးအောင်က 'ကဲ မကျင်လှိုင်၊ သိပ်ရှည်မနေနဲ့တော့၊ ကိုကျော်နီ ကနေ့ည ပြန်လာရင် ကျုပ် ခဏပုန်းနေဖို့ နေရာသာပြ' လို့ ပြောလိုက်တယ်။

မကျင်လှိုင်လည်း မိုးအောင်အပေါ်က စီးပြီး မိုးအောင်နဲ့ ခပ်ကြာကြာ ကလေး ပါးစပ်ချင်းနမ်းရင်း သူ့ရဲ့ အကြီးအကျယ် ကျေနပ်မှုကို ဖော်ပြ တယ်။

မိုးအောင်လည်း ကျော်နီပြန်မလာခင် နောက်ဖေးလှေကားကိုထွက်တဲ့ အခါရဲ့ မင်းတုပ်နားမှာ လက်ဝင်သာအောင် အပေါက်တစ်ခုဖောက်ထား ခြေရင်းခန်းထဲက ဗီရိုရဲ့နောက်မှာ အသာဝင်ပုန်းနေတယ်။ အဲဒီလို နေရင်း 'ကိုကျော်နီကို လည်သွားမလှီးလိုက်နဲ့နော်၊ လှီးလိုက်ရင် မင်း တတ်တာဆိုတာ လူတွေသိမှာပဲ၊ ဘယ်လိုငြင်းလို့မှ ရမှာမဟုတ်ဘူး' ဆိုတဲ့ စာတိကလေးဟာ မိုးအောင်ရဲ့ခေါင်းထဲမှာ ခဏခဏ ပေါ်နေတယ်။

## ကျော်နီဘဝ ဇာတ်သိမ်း

မနက် လေးနာရီလောက်ရှိတော့ ကိုကျော်နီ ပြန်လာတယ်။ ကျော်နီ လည်း အဝတ်အစားကို ခပ်မြန်မြန်လဲ ရေချိုးခန်းထဲခဏဝင်ပြီး ခုတင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ လှဲအိပ်လိုက်တယ်။ ၁၅ မိနစ်လောက် ကြာလို့ ဂျော်နီရဲ့ယောက်
ကို ကြားရတဲ့အခါ မကျင်လှိုင်က မိုးအောင်ကို သွားပြောတယ်။

မိုးအောင် ဝင်လာပြီး ဂျော်နီရဲ့ ညာဘက်ရင်အုံကို ဓားမြှောင်
တအားစိုက်လိုက်တယ်။ ဂျော်နီလည်း အော်တောင် မအော်နိုင်ရှာပါဘူး
ဒါပေမယ့် ပိုပြီး စိတ်ချရအောင် မိုးအောင်ဟာ ဂျော်နီရဲ့ ဗယ်ဘက်ရင်အုံ
တစ်ချက်စိုက်လိုက်တယ်။ ပြီးတော့မှ ဗိုက်ကို တစ်ချက်စိုက်လိုက်တယ်
နောက်ပြီးတော့မှ သူတို့အစီအစဉ်အရ မကျင်လှိုင်ကို လက်ပြန်ကြိုးတုပ်ပြီး
ခုတင်ပေါ်မှာ အပေါ်က စောင်တွေနဲ့ ဖုံးထားလိုက်တယ်။

မနက်မိုးလင်းတဲ့အခါ မကျင်လှိုင်ရဲ့အော်သံကိုကြားတာနဲ့ မောင်
မောင်တို့ လင်မယားနဲ့ ဒရိုင်ဘာဘသော်တို့ အိမ်ပေါ် ပြေးတက်လာ
တယ်။ မကျင်လှိုင်ရဲ့ပြောချက်အရ ဘသော်လည်း ခေါင်းရင်းခြံထဲ
တယ်လို့မှန်းနဲ့ 'ဒီနေ့ လင်းအားကြီးအချိန်လောက်မှာ လူသုံးယော
အိမ်ပေါ်တက်လာပြီး ကိုဂျော်နီကို သတ်သွားတယ်၊ မကျင်လှိုင်ကို
လက်ပြန်ကြိုးတုပ်ပြီး ထားပစ်ခဲ့တယ်' လို့ အင်းစိန်ပုလိပ်ကို တိုင်တယ်

မင်းတိုင်ပင်အမတ် ဦးဘိုးသော်ဆီကိုလည်း အကြောင်းကြားတယ်
ကြည့်မြင်တိုင်ဂါတ်ကိုလည်း သတင်းပို့လိုက်တယ်။ နာရီဝက်အတွင်း
အင်းစိန်ပုလိပ်ရောက်လာတယ်။ လူမြင်ရင် မှတ်မိတယ်လို့ မကျင်လှိုင်
ပြောပြီး မိုးအောင်နဲ့မတူအောင် လူဆိုးသုံးယောက်စလုံးဟာ ခပ်ပုပုချည်း
လို့ မကျင်လှိုင်က မျက်ရည်တွေစီးကျရင်း ပုလိပ်ကိုပြောနေတယ်။

အင်းစိန်ပုလိပ်က ကြည့်မြင်တိုင်ပုလိပ်နဲ့တိုင်ပင်ပြီး တစ်နေ
ကိုဂျော်နီ အလုပ်ထုတ်ပစ်လိုက်တဲ့ ဒရိုင်ဘာအုံးရွှေ၊ အမတ်ဦးဘိုးသော်
ရွေးကောက်ပွဲတုန်းက ယှဉ်ပြိုင်အရွေးခံတဲ့ သခင်လှမောင်၊ ကြည့်မြင်တိုင်
တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌ သခင်လှကြီး၊ အတွင်းရေးမှူး သခင်ဝင်းကြည်
တို့ကို ဖမ်းလိုက်တယ်။



သခင်ဝင်းကြည်ဆိုတာဟာ ဂျော်နီနဲ့တော့ တဖောင်းဖေးနဲ့ မျက်ချေး
ရွေးကောက်ပွဲတုန်းက တရားပွဲတွေမှာ 'လူမိုက်ဝါဒကို အလိုမရှိ၊
မိုက်ဝါဒကို ချေမှုန်းပစ်ရမယ်' လို့ တရားဟောတဲ့အတွက် ဂျော်နီက
န့်တိန့်တုတ်နဲ့ ရိုက်ထားတာ အတော်နာဖူးတယ်။ အခု ဂျော်နီသေပြန်
တော့လည်း သူ့ခမျာ ဝမ်းသာရမလားလို့ အောက်မေ့နေတုန်း ပုလိပ်ရဲ့
ဖမ်းကို ခံလိုက်ရပြန်တယ်။

အဲဒီအခါတုန်းက နေရာတကာမှာ သခင်တွေကလည်း ပုလိပ်တွေကို
လော်တုပ်ထားတော့ သခင်တစ်ယောက်အဖမ်းခံရရင် မသက်သာဘူး။
ကြည့်မြင်တိုင်မှာဆိုရင် သခင်ဝင်းကြည်ဟာ ပုလိပ်ကို ကလော်အတုပ်ဆုံးပဲ။
ကြောင့် အဖမ်းခံရတဲ့ သခင်သုံးယောက်ထဲမှာ သူ အနာဆုံးပဲ။

တစ်နေ့တော့ ပုလိပ်ရဲ့ခတ်ကြမ်းတိုက်တာကို မခံနိုင်လွန်းမက
ခံနိုင်တာနဲ့ ဂျော်နီကိုသတ်တာ သူပဲ လို့ ပုလိပ်ဆီမှာ ထွက်လိုက်ရတယ်။
ဓားမြှောင် ဘယ်မှာလဲ' လို့ မေးတဲ့အခါ 'ယူနီဗာစီတီ ရေကူးသင်းရဲ့
နောက်ဘက် တာကြီးပေါ်က အင်းလျားကန်ထဲကို လွှတ်ပစ်လိုက်တယ်'
ပြောမိပြောရာကို ပြောချလိုက်တယ်။

ပုလိပ်တွေလည်း ရေငုပ်သမား ကောင်းကောင်းတွေကို အငုပ်ခိုင်းပြီး
ငါးရက်လောက် ဓားမြှောင်ကို ရှာကြည့်ပါသေးတယ်။ မရတော့မှ
ခင်ဝင်းကြည် တစ်ယောက်တည်းကိုပဲ ဖြောင့်ချက်ပေးရအောင် တရား
ကြီး တစ်ဦးဆီ ခေါ်သွားတယ်။ တရားသူကြီးရှေ့ကို ရောက်တဲ့အခါ
လိပ်ရိုက်တာ မခံနိုင်လွန်းလို့ သူသတ်တယ်လို့ ထွက်ရတာပါ၊ ဒီအမှုမှာ
ဘာမှ မသိဘူး၊ သူ့ကို ထောင်ကြီးချုပ်မှာ ထားပါ၊ ပုလိပ်လက်ထဲကို
ပို့ရင် သူသေရပါလိမ့်မယ်' လို့ တိုင်တော့မှ ပုလိပ်လက်က လွှတ်ပြီး
ထောင်ကြီးချုပ်ထဲ ရောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီး ဦးဘိုးသော်ရဲ့မျက်နှာ၊ ဂျော်နီရဲ့ ကျန်နေသေးတဲ့လူ လူမိုက်ကလေးတွေရဲ့မျက်နှာနဲ့ မသာချတဲ့နေ့မှာ လူတွေ အတော်စည် တယ်။ တွင်းထဲကိုခေါင်းချခါနီးမှာ ဒီမျက်ရည်တွေ၊ ဒီအသံတွေ၊ ဒီမချိတင် အမူအရာတွေ၊ ဒီစကားလုံးတွေကို ရအောင် မကျင်လှိုင်ဟာ ဘယ်လိုမျ လုပ်လိုက်တယ် မသိဘူး၊ သိပ်ပြီး အသယ်ကောင်းတာနဲ့ ဂျော်နီကိုရော ဂျော်နီရဲ့မိန်းမကိုရော၊ ဂျော်နီရဲ့ လူဆိုးကလေးတွေကိုရော၊ ဂျော်နီနဲ့ပတ်သ တဲ့ လူတွေဟူသမျှကို မလွှဲသာပြောပြော၊ မလွှဲသာခေါ်ခေါ်နေရတဲ့လူ တောင် မကျင်လှိုင်ရဲ့မျက်ရည်တွေ၊ မချိတင်ကဲ အမူအရာတွေကို မြင် ကြေကွဲဖွယ်ကောင်းတဲ့ ငိုသံတွေ ကြားရပြီး စိတ်ထဲမှာ အတော်ထိခိုက်သွား ကြတယ်။

မကျင်လှိုင်ဟာ ဒီလို အသယ်ကောင်းသလောက် လူကဲခတ်တဲ့နေ မှာတော့ ညံ့တယ်။ ခုတင်ပေါ်မှာရော၊ ထမင်းစားပွဲမှာရော သူ့အပြု ကောင်းတာနဲ့ မိုးအောင်ဟာ သူ့ကို မက်နေပြီလို့ သူထင်တယ်။ အဲ ကြောင့် သူ့အတွက် ဘာမှ အသုံးမကျတော့ဘဲ ငှက်ပျောတုံးကြီး၊ လတ် တုံးကြီးလိုဖြစ်နေတဲ့ ဂျော်နီကို စွန့်ပြီး ဂျော်နီနဲ့ သွားလာနေရတုန်းကတော မှ ကောင်းကောင်း မပြည့်ဝခဲ့ရဖူးတဲ့ သူ့အာသာတွေကို အစွမ်းကုန်ပြည့်ဝ နိုင်တဲ့ မိုးအောင်ကို သူ အပိုင်စီးလိုက်ဖို့ကိုသာ မကျင်လှိုင် ကြံခဲ့တယ် မိုးအောင်ရဲ့ ဝါသနာ ဘယ်လိုဆိုတာကို မကျင်လှိုင်ဟာ လေးလေးနက်န မစဉ်းစားခဲ့ဘူး။

မိုးအောင်ဟာ မကျင်လှိုင်ကိုလည်း မ မက်ဘူး၊ မိုးအောင်မှာ ကာ ကို မှားယွင်းဖွာကျင့်ချင်တဲ့ ဝါသနာဆိုးသာရှိတယ်၊ မိန်းမတစ်ယောက်ကို တည်တည်တံ့တံ့ယူချင်တဲ့ ဝါသနာ မရှိဘူးဆိုတာတွေကို မကျင်လှိုင်ဟာ နည်းနည်းကလေးမှ အကဲမခတ်တတ်ဘူး။ ကိုယ်ဝန်ပြဿနာကို ရဲရဲရင်



ရင်ဆိုင်ပြီး ဖြေရှင်းပါလို့ မကျင်လှိုင် စပြီးပြောတဲ့နေ့ကတည်းက ဂျော်နီကို သတ်ခိုင်းနေတယ်ဆိုတာ မိုးအောင် သိပါတယ်။ မိုးအောင် လူအ မဟုတ် ပါဘူး။ ဂျော်နီကိုပဲဖြစ်ဖြစ်၊ ဂျော်နီရဲ့ ဘိုးအေကိုပဲဖြစ်ဖြစ် သတ်ရမှာ မိုးအောင်အတွက် ဝက်တစ်ကောင်သတ်ရတာလောက် မခက်ပါဘူး။ ဒါပေမယ့် ဂျော်နီကို သတ်ပြီးရင် မကျင်လှိုင်ဟာ သူ့ကို တွယ်ကပ်နေမှာပဲ ဆိုပြီး တွေးမိလို့ သက်ပြင်းချနေတာ ဖြစ်တယ်။ နောက်တော့ မကျင်လှိုင်က ခံချင်အောင် ခနဲ့လွန်းတာနဲ့ သူဟာ ကနကုတ်မဟုတ်ဘူး၊ မြွေပွေးဆိုတာကို ပြရအောင် မိုးအောင်က ဂျော်နီကို သတ်လိုက်တာပဲ။

အဲဒီ သတ်ပြီးကတည်းက မိုးအောင်လည်း မကျင်လှိုင်နဲ့ မတွေ့တော့ ဘူး။ ဂျော်နီအတွက် ရည်လည်ဆွမ်းသွတ်ပြီးတဲ့အခါ မိုးအောင်လာဖို့ မကျင်လှိုင်က မောင်ညွှန့်ကို အခေါ်ခိုင်းတယ်။ မိုးအောင်က လာခဲ့မယ်ဆိုပြီး ပေါ်မလာဘူး။ နောက်ထပ် လေး ငါးကြိမ်လည်း မောင်ညွှန့် လာခေါ်တိုင်း လာမယ်လို့ ပြောလိုက်ပြီး မိုးအောင် မသွားဘူး။ အဲဒါနဲ့ လာရင် လာ မလာရင် အဆိပ်သောက်သေတော့မယ်လို့ မကျင်လှိုင်က မောင်ညွှန့်ကို အပြောခိုင်းတယ်။ အဲဒီလိုပြောပေမယ့်လည်း မိုးအောင် မလာတော့ မကျင်လှိုင် နောက်ဆုံးခြေလှမ်းအနေနဲ့ 'အဲ၊ ဒီနေ့ညနေ လာရင် လာ၊ မလာရင် ပုလိပ်တွေကိုယ်တိုင် မိုးအောင်ကို လာခေါ်လိမ့်မယ်' လို့ လူသတ်မှုနဲ့ မိုးအောင်ကို ခြောက်လိုက်တယ်။

မိုးအောင်ကို ဒီလိုသွားလုပ်လို့ ဘယ်ရမလဲ။ အဲဒီစကားကြားတော့ မိုးအောင်က 'သောက်ကမြင်းမကြီး လည်ပင်းယားနေပြီထင်တယ်' လို့ လာခေါ်တဲ့ မောင်ညွှန့်ကို ပြောလွှတ်လိုက်တယ်။ အဲဒီတော့မှပဲ 'မွေးမရ အမဆုံးလေပြီ' လို့ တွေးမိပြီး အကြံပက်စက်တဲ့ မကျင်လှိုင်ဟာ မိုးအောင်ကို သက်လျှော့လိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက် သုံးလလောက် ကြာတဲ့အခါ မိုးအောင်အတွက် သတင်းကောင်းတစ်ခု မိုးအောင်ဆီ ရောက်လာတယ်။ ဒီသတင်းကိုရဖို့ မိုးအောင်ဟာ သုံးနှစ်လောက် စောင့်ရတယ်။

အမေ့မိသားစုကို ဖျက်ဆီးပြီ

မိုးအောင်ရတဲ့ ကောင်းသတင်းကတော့ အခြား မဟုတ်ဘူး ဝါးခယ်မ ပဲလှော်ချောင်ထဲမှာ ဝမ်းရောဂါ ဖြိုးဖြိုးဖြောက်ဖြောက် ဖြစ်နေတဲ့အတွက် ကိုသုခ၊ မလှရင်တို့ဟာ သားကလေး မောင်သုတ၊ မြေးကလေး မောင်ခင်လှတို့ကို ခေါ်ပြီး သားသမီးများရှိတဲ့ ဝဲကြီးဆန်စက်ထဲက အိမ်ကို ပြောင်းသွားကြပြီ ဆိုတဲ့ သတင်းကောင်းပဲ ဖြစ်တယ်။

မိုးအောင်ဟာ သူ့အမေမလှရင်နဲ့ ကိုသုခကို သိပ်စိတ်နာနေတယ်။ သူ့အမေကိုတော့ သူရထိုက်တဲ့အမွေမပေးလို့ စိတ်နာတယ်၊ ကိုသုခကိုတော့ အမွေမပေးအောင် သူ့အမေကို ဆရာလုပ်နေတယ်လို့ အထင်လွဲပြီး စိတ်နာတယ်။ အခုတော့ ဆိုင်ရောင်းလို့ရတဲ့ ငွေရှစ်သောင်းကိုရော၊ သူ့အမေကိုရော ကိုသုခက အပိုင်စီးလိုက်ပြီလို့ထင်ပြီး ကိုသုခကို စိတ်နာရုံတင် မဟုတ်ဘူး၊ အမုန်းကြီး မုန်းလာတယ်။ ဒီလို အမုန်းကြီး မုန်းနေတဲ့အတွက် ကိုသုခနဲ့ သူ့အမေ အိမ်ထောင်ကျပြီဆိုတဲ့သတင်းကို မိုးအောင် ကြားရကတည်းက ကိုသုခနဲ့ သူ့အမေကို ချေမှုပစ်လိုက်ချင်တဲ့စိတ်တွေ မိုးအောင်ရင်ထဲမှာ ခဏခဏပေါ်တယ်။

ကိုသုခနဲ့ သူ့အမေကို စိတ်တိုင်းကျလုပ်နိုင်အောင် မိုးအောင်ဟာ အမျိုးမျိုးကြံတယ်။ ဒါပေမယ့် ဝါးခယ်မမှာ ဂါတ်ကလဲရှိတယ်။ ကိုသုခရဲ့ တိုက်ကလည်း လုံတယ်ဆိုတော့ ဓားပြတိုက်လို့လည်း မဖြစ်၊ အနုကြမ်းစီးလို့လည်း မဖြစ်ဘူး။ ဘယ်လိုမှ ကြံလို့ မရတဲ့အတွက် နောက်ခြောက်လလောက်မှာ တစ်ခုခုကြံလို့ မရရင် ကိုသုခနဲ့ သူ့အမေကို ညတစ်ညလောက်မှာ တိုက်ပေါ်တက်ပြီး အတင်း သေနတ်နဲ့ပစ်ဖို့အထိ သူ စိတ်ကူးထားတယ်။



အဲဒါကြောင့် ကိုသုခနဲ့ မလှရင်တို့ ဝဲကြီးကို သွားကြပြီဆိုတဲ့ သတင်းဟာ မိုးအောင်အတွက် အင်မတန်ကောင်းတဲ့ သတင်းတစ်ခုဖြစ်နေတယ်။

ဒီသတင်းကိုရပြီးတဲ့အခါ မိုးအောင်ဟာ သတင်းလာပို့တဲ့ထောင်ထွက်ငနီကို 'ကဲ၊ ဒီကိစ္စကတော့ ကျွန်တော့်အတွက်အရေးကြီးဆုံး ကိစ္စပဲ၊ ဒီကိစ္စပြီးရင် ရတဲ့ပစ္စည်းထက်ဝက် ခင်ဗျားပေးမယ်၊ နောက်ပြီးတော့ ခင်ဗျားကို သေနတ်အရှည်တစ်လက်လဲ ပေးဦးမယ်' လို့ ပြောပြီး ဝဲကြီးမှာ စီစဉ်စရာတွေ စီစဉ်ဖို့ ငနီနဲ့ မိုးအောင်ရဲ့ တပည့် တင်ရွှေတို့ကို ကြိုပြီး လွှတ်လိုက်တယ်။ ငွေတစ်ထောင်ကိုလည်း ငနီရဲ့လက်ထဲကို ထည့်လိုက်တယ်။

ငါးရက်ကြာတဲ့အခါ တင်ရွှေပြန်လာပြီး အားလုံး အသင့်ဖြစ်တဲ့အကြောင်း ပြောတယ်။ မိုးအောင်လည်း တင်ရွှေ၊ မြမောင်၊ အေးမောင်တို့ကို 'အသင့်လုပ်ထားကြ၊ နောက်တစ်နေ့ထွက်မယ်' လို့ ခေါ်ပြောပြီး နောက်တစ်နေ့မှာ သမ္ဗန်တစ်စင်းနဲ့ထွက်ဖို့ မိုးအောင်လည်း စီစဉ်စရာတွေ စီစဉ်နေတယ်။ တင်ရွှေ၊ မြမောင်၊ အေးမောင်တို့ သုံးယောက်စလုံးဟာ ဓားပြတိုက်ရာမှာ မိုးအောင် အင်မတန် ရမ်းလွန်းလို့ သူနဲ့ မလိုက်ချင်ကြဘူး။ ကျော်နီ ရှိတုန်းကလည်း နောက်ဆိုရင် ဓားပြတိုက်ရာမှာ မိုးအောင်နဲ့မလိုက်ဘူးလို့ သူတို့ ပြောထားပြီးပြီ။ ဒါပေမယ့် မိုးအောင်ကို ပြန်မပြောရဲတာနဲ့ မိုးအောင်က 'အဆင်သင့်လုပ်ထားကြ၊ နောက်တစ်နေ့ထွက်မယ်' လို့ဆိုတဲ့အခါ သူတို့လည်း 'ဟုတ်ကဲ့' ဆိုပြီး ထွက်သွားကြတယ်။

ညနေ သုံးနာရီလောက်ရှိတဲ့အခါ မြမောင်က မိုးအောင်ဆီလာပြီး 'သူ့အမေ အသည်းအသန်ဖြစ်နေလို့ သူ့အစ်ကို လိုက်လာတယ်၊ သူ့အမေရှိတဲ့ ပြွန်တဲဆာကို ခဏပြန်ပါရစေ' လို့ ခွင့်တောင်းတယ်။

မိုးအောင်က 'မင်းအမေဟာ တို့ခရီးထွက်ကာနီးမှ အသည်းအသန်ဖြစ်လွန်းတယ်၊ ဒါတွေ ငါနားမလည်ဘူး၊ မနက်ဖြန် မင်း ငါနဲ့မလိုက်ရင် ဒါပဲ' လို့ ပြောလွှတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တင်ရွှေနဲ့ အေးမောင်တို့လည်း ဒီသတင်းကြားရပြီး မလှုပ်ရဲတော့ဘူး။ နောက်တစ်နေ့ မိုးအောင်ထွက်တဲ့အခါ မိုးအောင်၊ ကုလားတို့နဲ့အတူ သူတို့သုံးယောက်စလုံးလည်း ပါသွားကြတယ်။

မိုးအောင်တို့လူစု အိမ်ကိုစီးမိတာနဲ့ တစ်ပြိုင်နက် မိုးအောင်ဟာ ကိုသုခနဲ့ မလှရင်တို့ကို လက်ပြန်ကြိုးတုပ်ပြီး အိမ်ရှေ့ကို ဆွဲခေါ်သွားခိုင်းတာပါပဲ။ မြေးကလေး မောင်ခင်လှဟာ 'ဘွားဘွားကြီး မသွားရဘူး ဘွားဘွားကြီး မသွားရဘူး' လို့ မလှရင်ရဲ့ ပေါင်တွေကို အတင်းဖက်ပြီး သံကုန်ဟစ် ငိုတာပါပဲ။

ဒီကလေးရဲ့ ငိုသံကိုကြားရတဲ့အခါ မိုးအောင်ရဲ့ စိတ်ထဲမှာတစ်မျိုး ဖြစ်သွားတယ်။ ရှေးက ဒီလိုစိတ်မျိုး မဖြစ်ခဲ့ဖူးဘူး။ သွေးပြောတာပဲထင်ပါ ရဲ့။ အဲဒါနဲ့ ကိုသုခနဲ့ မလှရင်ကို လက်ပြန်ကြိုးတုပ်ပြီး အိမ်ရှေ့ကိုဆွဲခေါ် နေတဲ့ တင်ရွှေကို မိုးအောင်က 'ဟင်း' လို့ အသံပေးလိုက်တယ်။ တင်ရွှေ လှည့်ကြည့်တဲ့အခါ မလှရင်ကို ထားပစ်ခဲ့ဖို့ လက်ထဲက ခြောက်လုံးပြူးနဲ့ ရမ်းပြပြီး အမိန့်ပေးလိုက်တယ်။

မိုးအောင်ရဲ့အမိန့်အရ တင်ရွှေလည်း မလှရင်ကို ထားပစ်ခဲ့တယ်။ အိမ်ရှေ့ကိုရောက်တဲ့အခါမှာ ကိုသုခကို ကျကျနနတုပ်၊ မီးတုတ်နှစ်ချောင်း ကိုသုခရဲ့ တစ်ဘက်မှာ ချည်လိုက်ပြီး သူအော်နေကျအတိုင်း အော်ဖို့ တင်ရွှေရဲ့နားအနားကိုကပ်ပြီး မိုးအောင်က အမိန့်ပေးလိုက်တယ်။ မိုးအောင် ရဲ့အမိန့်အရ တင်ရွှေက 'ရွာသားတွေ ဒီမှာကြည့်ကြ၊ ယီးတီးယားတား မလုပ်နဲ့ အားလုံး သေသွားမယ်' လို့ အော်ပြောတာနဲ့ တစ်ပြိုင်နက် 'ပစ္စည်း လိုချင်တာတွေ အကုန်ယူပါ၊ လူကိုတော့ ချမ်းသာပေးပါ' မလှရင်က အိမ်ထဲက အော်ပြောနေတဲ့ကြားထဲက မိုးအောင်ဟာ ကိုသုခရဲ့ လည်ပင်းကို လှီးချလိုက်တယ်။ မလှရင်၊ စိုးမောင်၊ မနှင်းရီတို့လည်း အဲဒါကို မကြည့်



တာနဲ့ 'အမယ်လေး' လို့ အော်ပြီး ခေါင်းကို တခြားလှည့်လိုက်ကြတယ်။ ပြီးတော့မှ သူ့အမိန့်အရ အေးမောင်နဲ့ တင်ရွှေက တစ်ဘက်စီလှည့်ပြီး ရွာကို သေနတ်နဲ့ တည့်တည့်ထိုးပစ်လိုက်ရတယ်။

မိုးအောင်အတွက် သူ့ရဲ့ဆန္ဒကြီးတစ်ခု ပြည့်ဝသွားလို့ အင်မတန် ကျေနပ်သွားပြီး ပစ္စည်းနဲ့ ငွေကို ရပြီးတဲ့အခါ မိုးအောင်ရဲ့ အမိန့်အရ ကုလားက ခေါင်းဆောင်ပြီး စက်ကို မီးနဲ့ရှို့ရတယ်။ ထွက်လာခါနီးကျ တော့ စိုးမောင်ရဲ့မိန်းမ မနှင်းရီကို တန်ဆာခံအဖြစ်နဲ့ မိုးအောင်က ခေါ်လိုက်တယ်။

စိုးမောင်က မိုးအောင်အနားကပ်ပြီး 'သူ့မိန်းမမှာ ကိုယ်ဝန်ရှိနေပါ တယ်၊ သူ့မိန်းမအစား သူပဲ တန်ဆာခံအဖြစ်နဲ့လိုက်ပါရစေ' လို့ ပြောတဲ့ အခါ မိုးအောင်ဟာ စိုးမောင်ရဲ့ ရင်ဝကို တွန်းပစ်လိုက်တယ်။ ပြီးတော့မှ လက်ထဲက ခြောက်လုံးပြူးကို ထောင်ပြတာနဲ့ စိုးမောင်လည်း ကြောက်ပြီး နောက်ထပ် ဘာမှ မပြောရဲတော့ဘူး။ ပါးစပ် ဟောင်းလောင်းကြီးနဲ့ကျန်ရစ် ခဲ့တယ်။

မိုးအောင်တို့လူစုဟာ ဝဲကြီးနောက်ဖက်က တောထဲကို ဝင်မိလို့ ရေရိဝက်လောက် ရှိတဲ့အခါ မိုးအောင်က 'မင်းတို့သွားနှင့်ကြ' လို့ သူ့လူ တွေကိုပြောလိုက်ပြီး တန်ဆာခံအဖြစ်နဲ့ ခေါ်လာတဲ့ မနှင်းရီကို လမ်းဘေး ဆွဲခေါ်သွားတယ်။

အဲဒီအခါ ငနီက ကုလားကို 'ကိုကောင်းအောင် လိုက်ပြောချေဦး ကွာ နောက်ပြီးတော့ အဲဒီမိန်းမမှာလဲ ကိုယ်ဝန်ကြီးနဲ့၊ သိပ်ဆိုးနေပြီ' လို့ ဆင်ပြီး ငနီက သတိပေး ကန့်ကွက်လိုက်တယ်။

ကောင်းအောင် ခေါ် ကုလားကလည်း 'ပြောကြည့်ဦးမယ်ဗျ' ဆိုပြီး မိုးအောင်တို့နောက်ကို လိုက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းအောင် ခေါ်ကုလား ထွက်သွားတဲ့အခါ ငနီက တင်ရွှေ မြမောင်၊ အေးမောင်တို့ကို 'မင်းတို့ ငါနဲ့ လိုက်မလား၊ ငါတော့ လစ်တော့ မယ်၊ ဒီလူနဲ့သာ ဒီလို ဆက်လိုက်နေရင် မင်းတို့အားလုံး ကြိုးစင်တက်ရ လိမ့်မယ်' လို့ ပြောတယ်။

တင်ရွှေက 'ဟုတ်တယ်၊ ဒီလူရမ်းတာနဲ့ တို့အားလုံး ကြိုးစင်ဝမှာ ရောက်နေပြီ' လို့ ထောက်ခံတယ်။

အေးမောင်နဲ့ မြမောင်တို့က ဘာမှ မပြောဘူး။ ငြိမ်ပြီး တွေးနေကြ တယ်။

မိုးအောင်က မနှင်းရီ ဝတ်ထားတဲ့ အင်္ကျီတွေကို အတင်းဆွဲဖြဲနေတုန်း ကောင်းအောင် ခေါ်ကုလား ရောက်သွားတယ်။

ကောင်းအောင်က 'ထူးအောင်' လို့ ခေါ်လိုက်တဲ့အခါ ထူးအောင်ဟာ အင်မတန် ဒေါသထွက်တဲ့မျက်နှာနဲ့ ကောင်းအောင်ကို လှည့်ကြည့်ပြီး 'ဘာလဲ' လို့ ငေါက်လိုက်တယ်။

ကောင်းအောင်က 'သူ့မှာ ကိုယ်ဝန်ကြီးနဲ့ မလုပ်နဲ့ကွာ၊ သိပ်ဆိုး လိမ့်မယ်' လို့ ပြောတယ်။

ဒီအခါမှာ ထူးအောင်ဟာ သိပ်ဒေါသထွက်နေပြီ၊ အဲဒါနဲ့ 'မအေ ဒါ နင့်အပူလား' ဆိုပြီး ကောင်းအောင်ရဲ့ ပါးကို တအားရိုက်လိုက်တယ်၊ ပြီးတော့မှ 'သွား' လို့ ငေါက်လိုက်တယ်၊ ကောင်းအောင်လည်း ထူးအောင် ကို မျက်လုံးပြူးကြည့်ပြီး လှည့်ထွက်သွားတယ်။

အဲဒီခဏအတွင်း ဒီ ကောင်းအောင်ကို ဒီလို မထိမခိုက် ပါးရိုက် လွှတ်လိုက်ခြင်းအားဖြင့် သူ့အဖို့ဘာအန္တရာယ်ရှိတယ်ဆိုတဲ့ အတွေးဟာ သူ့ ဦးနှောက်ထဲမှာ လျှပ်ခနဲပေါ်လာတာနဲ့ မိုးအောင်လည်း ခါးထဲက ခြောက်လုံးပြူးကို ဖြုန်းခနဲဆွဲထုတ်ပြီး ကောင်းအောင်ကို ပစ်လိုက်တယ်။



ကောင်းအောင် လည်း အဲဒီနေရာမှာပဲ ရှေ့ထိုးကျသွားပြီး မှောက်ရက်ကြီး ဖြစ်နေတယ်။

မိုးအောင်လည်း သူ့ဝါသနာအတိုင်း ကောင်းအောင် ခေါ်ကုလားရဲ့ လည်ကို လှီးရအောင် အသွားမှာ ငနီ၊ တင်ရွှေ၊ မြမောင်၊ အေးမောင်တို့ဆီက သေနတ်သံတွေ ကြားလိုက်ရတယ်။ ကျည်ဆန်တစ်ဆန်ဟာ မိုးအောင်ရဲ့ ပေါင်ကို မှန်သွားတယ်။ မိုးအောင်လည်း ခြောက်လုံးပြူးနဲ့ ပြန်ပစ်ပါသေး တယ်။ ဒါပေမယ့် အလကားပါပဲ။ ငနီ၊ တင်ရွှေ၊ မြမောင်၊ အေးမောင်တို့က သူတို့သေနတ်နဲ့ မိုးအောင်ကိုပစ်ပြီး ထွက်ပြေးကုန်ကြပြီ။ ပေါင်ကို သေနတ် မှန်ပေမယ့် မိုးအောင်ကတော့ မလျော့ဘူး။ မသေမရှင်ဖြစ်နေတဲ့ ကောင်း အောင် ခေါ်ကုလားကို လည်လှီးရအောင် ပက်လက်လှန်လိုက်တယ်။ ကုလားက 'ရက်စက်ပါပေ့ကွယ် မိုးအောင်ရယ်' လို့ ပြောနေတုန်း မိုးအောင် လည်း လက်ထဲက ဓားမြှောင်နဲ့ ကုလားရဲ့လည်ကို လှီးချလိုက်တယ်။ ပြီးတော့ မနှင်းရီဆီကို သွားတဲ့အခါ မနှင်းရီဟာ ရင်ဝကို သေနတ်မှန်ပြီး သေနေတာကို တွေ့ရတော့တယ်။

မိုးအောင်လည်း သူ့ဘောင်းဘီအိတ်ထဲက အရက်ပုလင်းကိုထုတ် ပြီး ကျိုက် နှစ်ကျိုက်လောက်သောက်၊ ပေါင်မှာ သေနတ်မှန်ထားတဲ့ဒဏ်ရာ ကိုလည်း အရက်နည်းနည်း လောင်းချပြီး လမ်းရှိတဲ့ဘက်ကို ပြန်မလာဘဲ တောထဲကို ခြေဦးတည့်ရာ လျှောက်သွားတယ်။

## မိုးအောင်ဘဝ လင်းရောင်ခြည်

လင်းအားကြီးလောက်ရှိတော့ ခြေထောက်ဒဏ်ရာကကိုက်လာတယ်။ ကောင်းကောင်း မလျှောက်နိုင်တော့ဘူး။ အဲဒါကြောင့် မိုးအောင်လည်း သစ်ပင်ကောင်းကောင်းတစ်ခုအောက်မှာ ဝင်ပြီး လှဲချလိုက်တယ်။ တစ်နေ့လုံး

www.burmeseclassic.com

www.burmeseclassic.com



လည်း လူတွေမြင်မှာစိုးလို့ ဘယ်မှ မထွက်ရဲဘူး။ ရေဆာတဲ့အခါ ဘောင်းဘီအိတ်ထဲက အရက်ပုလင်းထုတ်ပြီး နည်းနည်းစီ ရေငတ်ပြေ တယ်။ စားစရာတော့ ဘာမှမရှိလို့ တစ်နေ့လုံး ဘာမှမစားရဘူး။ ပေါင်က အနာကလည်း ခဲဆိပ်တက်လာလို့ အတော်ဆိုးနေပြီ။ နည်းနည်းလျှောက် လာပြန်တော့ မိုးအောင်ဟာ သစ်ကိုင်းတစ်ကိုင်းကို တောင်ဝှေးလုပ်ပြီး ရှိသမျှ အင်အားနဲ့ ခြေဦးတည့်ရာကို ဆက်လျှောက်နေပြန်တယ်။

ည ဆယ့်တစ်နာရီလောက်ကျတော့ အနာက သိပ်ပြီးနာလာတာ မိုးအောင်ဟာ ဆက်ပြီး မလျှောက်နိုင်တော့ဘူး။ ညောင်ပင်ကြီးတစ်ပင် အောက်မှာ အသာလှဲနေရတယ်။ အတော်ကလေးကြာလာတဲ့အခါ ခပ်လှမ်း လှမ်းက သူ့ဘက် လျှောက်လာနေတဲ့ အသံတစ်ခုကို ကြားရတယ် မိုးအောင်လည်း ခြောက်လုံးပြူးကို ထုတ်ပြီး အသာငြိမ်နေတယ်။ သူ့ရည် ရွယ်ချက်ကတော့ ရန်သူဆိုရင် အဖမ်းမခံရခင် သူ့မှာရှိသမျှ ကျည်ဆန်တွေ ကုန်အောင်ပစ်လိုက်ဖို့ပဲ။ ရန်သူ မဟုတ်ရင်တော့ သူ့မှာ ပါသမျှငွေကိုပေးပြီး အကူအညီတောင်းဖို့ပဲ။

အနားနီးလာတဲ့အခါ လျှောက်လာနေတဲ့သူဟာ သစ်ရွက်တွေကြား ပေါက်ကျနေတဲ့ ကြယ်ရောင်တွေအောက်မှာ ဘုန်းကြီးလိုလိုထင်ရတယ် မိုးအောင်လည်း သေနတ်ကိုသာ မြဲမြဲကိုင်ပြီး အသာကလေး ငြိမ်နေတယ် အဲဒီ ဘုန်းကြီးဟာ မိုးအောင်ရှိတဲ့ ညောင်ပင်နားကို တဖြည်းဖြည်းကပ်လာ တယ်။ ညောင်ပင်ရဲ့ အရှေ့ဘက်ကို ရောက်တဲ့အခါ ဘုန်းကြီးဟာ အရှေ့ ဘက်ကိုလှည့်ပြီး ထိုင်နေတယ်။ မိုးအောင်လည်း ညောင်ပင်ရဲ့ အနောက် ဘက်ကနေပြီး ဘုန်းကြီးထိုင်နေတာကို ကောင်းကောင်း မြင်ရတယ် မိုးအောင်က ဘုန်းကြီးရဲ့အကြောင်းကို မသိသေးတာနဲ့ ဘာလုပ်ရမှန်းမသိ ငြိမ်ပြီး စောင့်နေတယ်။ တအောင့်လောက်ကြာတဲ့အခါ ဘုန်းကြီး ချောင်းဟန့်လိုက်တယ်။



ပြီးတော့မှ သမ္ဗုဒ္ဓေ က အစချီပြီး ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်၊ လသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ ခန္ဓသုတ်၊ အာဋာနာဋိယသုတ်၊ အာမျှင်သုတ်၊ ပုဗ္ဗဏှသုတ်တွေကို အစီအစဉ်အတိုင်း ရွတ်တယ်။

ဒီအသံဟာ သူ့ဘိုးဘိုး ဦးစန္ဒောဘာသအသံနဲ့ တူတယ်လို့ မိုးအောင် စဉ်းစားနေတယ်။ နောက်ပြီးတော့လည်း ဒီပရိတ်တွေကို သူကြားဖူး တယ်။ ဘယ်မှာ ကြားဖူးပါလိမ့်မလဲလို့ မိုးအောင် စဉ်းစားနေတယ်။ ရွတ်နေတာ မေတ္တာသုတ်လောက်ရောက်တဲ့အခါ မအုံးတင် တိုက်ဖျက် တုန်းက သူ့ဘိုးဘိုး ဦးစန္ဒောဘာသဟာ ညနေတိုင်းလာပြီး ရွတ်ပေးတာ သူ သတိရလာတယ်။ တစ်သုတ်ပြီး တစ်သုတ် ရွတ်သွားတဲ့အခါ တင် ဖျားတုန်းက ကြားခဲ့ဖူးတဲ့ သုတ်တွေဖြစ်နေတဲ့အတွက် သူသတိရ တွေဟာ ပိုပြီးထင်ရှားလာတယ်။

ပရိတ်ဆုံးသွားတဲ့အခါ သူ့စိတ်ထဲမှာ သိပ်ပြီး သေချာတာနဲ့ အောင်က ဘိုးဘိုး လို့ ခေါ်လိုက်တယ်။

ဘုန်းတော်ကြီးက နောက်ကိုလှည့်ကြည့်ပြီး 'ဘယ်သူလဲဟေ့' လို့ လိုက်တယ်။

'တပည့်တော်မိုးအောင်' လို့ ပြန်ဖြေတယ်။

'ဟဲ့ ငါ့မြေး၊ ဒီမှာ ဘာလာလုပ်နေသလဲ' လို့ မေးပြန်တယ်။

'တပည့်တော် ပေါင်မှာ ဒဏ်ရာရနေတယ်၊ မထနိုင်ဘူး ဘိုးဘိုး' လို့ အောင်က ပြန်ပြောတယ်။ အဲဒီတော့မှ ဦးစန္ဒောဘာသလည်း မိုးအောင် ထလာတယ်။

'ငါ့မြေး၊ ဘယ်လိုဖြစ်နေတာလဲကွယ်' လို့ ဦးစန္ဒောဘာသက မေး

www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်အကြောင်းကို မမေးပါနဲ့တော့ ဘိုးဘိုးရယ်၊ တ
တော် ပေါင်မှာ သေနတ်ဒဏ်ရာရှိနေတယ်၊ တစ်နေရာကို ခေါ်သွားစမ်း
လို့ မိုးအောင်က လျှောက်တယ်။ ဦးစန္ဒောဘာသလည်း သူ့မြေး မိုးအော
ကို ဦးဘိုးစ ဇရပ်ဆီ တွဲခေါ်သွားတယ်။

□

## အခန်း ၉

## ဘိုးဘိုးဦးစန္ဒောဘာသ ကယ်တင်ပြီ

ဘိုးစရဲ့ဇရပ်ကို ရောက်တဲ့အခါ ဦးဘိုးစကို နှိုးပြီး 'ဘိုးစရေ၊ ငါ့မြေး
အောင်ဆိုတာ သူပဲ၊ မင့်အခန်းထဲသွင်းပြီး စောင့်ရှောက်ထားလိုက်ပါ' လို့
တယ်။

ပြီးတော့မှ 'ငါ့မြေး၊ ဘိုးစဟာ ငါ့ညီ ဝမ်းကွဲကွယ့်၊ ဒီတော့
နဲ့လဲ ဘိုးဘိုးတော်တာပဲ' လို့ ပြောပြီး ညစဉ်လုပ်နေကျ ကမ္မဋ္ဌာန်းထိုင်
အောင် ညောင်ပင်ကြီးအောက်သို့ ပြန်သွားတယ်။

ဦးဘိုးစလည်း ပျာပျာသလဲ သူ့မြေး မိုးအောင်ကို သူ့ဇရပ်ထဲဆွဲသွား
သူ့အခန်းကလေးထဲက သူ့အိပ်ရာပေါ်မှာ အသာလှဲထားတယ်။
အောင်က ရေပေးပါလို့ တောင်းတဲ့အတွက် ရေတစ်ခွက် ကပျာကယာ
ပေးတယ်။ 'ပေါင်က ဒဏ်ရာက ကိုက်တယ်' လို့ သူ့မြေးက ပြောတာနဲ့
ဆေးမှမရှိတဲ့အတွက် ရေနွေးအိုး တည်တယ်။ ပြီးတော့မှ ရေနွေးနဲ့
င်က ဒဏ်ရာကို ရေဆေးပေးတယ်။ ဒဏ်ရာက ဖုန်အလူးလူးဖြစ်နေလို့
ဘိုးစ အတော်ဆေးယူရတယ်။

မနက်ကျတော့ သေနတ်မှန်ထားလို့ စုတ်ပြတ်နေတဲ့ မိုးအောင်ရဲ့
င်းဘီကို ချွတ်လိုက်ပြီး သူ့လုံချည်တစ်ထည်နဲ့ လဲပေးတယ်။ အင်္ကျီကို

www.burmeseclassic.com

www.burmeseclassic.com



ချွတ်ပြီး တစ်ကိုယ်လုံး ပေနေတဲ့ ဖုန်တွေကို ရေပတ်တိုက်ပေးတယ် ပြီးတော့မှ မိုးအောင်ရဲ့ ခြောက်လုံးပြူးကျည်ဆန်တွေ၊ ဓားမြှောင်၊ ပါလာ ငွေတွေကို မိုးအောင်ရဲ့ ခေါင်းအုံးအောက်မှာ ထားလိုက်တယ်။ ဒါပြီးတာ သူ့မြေးက ဆာတယ်ဆိုလို့ ထမင်းမြန်မြန်ချက်၊ ထမင်းကျက်တဲ့အ ငါးရံ့ခြောက်ဖုတ်ပြီး၊ ငါးပိထောင်းနဲ့ ကျွေးတယ်။ မိုးအောင်လည်း ဆာဆာနဲ့ စားတာ နည်းနည်းပဲ စားနိုင်တယ်။ အနာက သိပ်ကိုက်တာ ဆက်မစားနိုင်တော့ဘူး။

ထမင်းစားပြီး မေ့ခနဲ အိပ်ပျော်သွားတယ်။ တစ်နာရီလော ရှိတော့ ပေါင်ကဒဏ်ရာ သိပ်ကိုက်လာတာနဲ့ နိုးလာတယ်။ အဲဒီနိုးလာ အချိန်မှာ ဦးစန္ဒောဘာသ ရောက်နေတယ်။ 'ငါ့မြေး ဘယ့်နှယ်နေသေး လို့ မေးတယ်။

'ပေါင်က ဒဏ်ရာက သိပ်ကိုက်တယ်' လို့ ဖြေတယ်။

ဦးစန္ဒောဘာသက 'ဘိုးစရေ တို့ဆီမှာ ဆေးဆိုလို့ ဘုန်းကြီး လျှာပွတ်ဆေးကလေးပဲ ရှိတယ်၊ တခြား ဘာဆေးမှ မရှိဘူး၊ အဲဒီ ကျွန်းကုန်းမှာ စိုးမောင်တို့ရှိတယ်၊ ရှိတဲ့ဆေးယူပြီး လိုက်ခဲ့လို့ သွား ချေကွယ်၊ ဒီ ဝေဒနာဟာ ဒီလိုပဲ ကြာရှည်ထားလို့ မကောင်းဘူး' လို့ ဦးစန္ဒောဘာသဟာ သူ့မြေး မိုးအောင်အကြောင်းကို ဘာမှမသိတာ ဦးဘိုးစကို ပြောလိုက်တယ်။

မိုးအောင်က လက်ကာပြီး တားလိုက်တယ်။ ဒီလိုဆိုရင် 'ငါ့မြေး မြေမကို ချက်ချင်း အကြောင်းကြားပေးဖို့ စိုးမောင်ကို မှာလိုက်မယ် လို့ ထပ်ပြီး အကြံပေးပြန်တယ်။ ဒါကိုလည်း မိုးအောင်က ခေါင်းခါပြီး ငြင်းဆန်တယ်။

'ဒီလိုဆိုရင် ဘိုးစကိုလွှတ်ပြီး ရသမျှဆေးအဝယ်ခိုင်းရရင် ကော မလား' လို့ ဦးစန္ဒောဘာသက မေးတဲ့အခါမှာလည်း 'ဒီအဘိုးကြီး မြို့



သွားဝယ်ရင် အ တီး အ တနဲ့၊ သူ ဒီမှာရှိတယ်ဆိုတာကို ပုလိပ်တွေ ချက်ချင်းသိကုန်မှာပဲ' လို့ တွေးမိပြီး ခေါင်းထပ်ခါလိုက်တယ်။

တအောင့်လောက်ကြာတော့ 'ဦးဘိုးစက တပည့်တော် ဆားကျပ်ထုပ် ထိုးပေးဖို့ စိတ်ကူးနေတယ်၊ ဒီပြင်လဲ ဘာမှ မလုပ်တတ်ဘူး' လို့ လျှောက် တယ်။

ဦးစန္ဒောဘာသလည်း ဘာမှအမိန့်မရှိဘဲ ထပြန်သွားတယ်။ ဘိုးဘိုး ဦးဘိုးစလည်း တတ်သရွေ့ မှတ်သရွေ့တွေ အကုန်လျှောက်လုပ်ပေးတာပဲ။ ဒါပေမယ့် ဘာလုပ်လို့မှ မရပါဘူး။ ပေါင်က ဒဏ်ရာဟာ တစ်ချိန်ထက် တစ်ချိန် ပိုဆိုးလာတယ်။ ညနေစောင်းကျတော့ ကိုယ်တွေလည်း အတော်ပူ လာတယ်။ ဒဏ်ရာက ကိုက်လွန်းလို့ထင်ပါရဲ့။ မိုးအောင်လည်း အံကြိတ်ပြီး ဟီး ဟီး ဟီး ဟီးနဲ့ တညည်းတည်း ညည်းနေတယ်။ အတော်ကလေး ကြာတော့ ဦးဘိုးစဟာ သူ့သေတ္တာထဲမှာ ကျားဘမ်းပရုပ်ဆီတစ်ဗူးရှိတာကို သတိရတယ်။ အဲဒါနဲ့ ပရုတ်ဆီကိုထုတ်၊ ပေါင်က အနာထဲထည့်၊ ယောင် အနေတဲ့ ခြေခုံတွေ၊ ခြေသလုံးတွေ၊ ပေါင်တွေကို ပရုတ်ဆီနဲ့ လျှောက်ပွတ် ပေးတယ်။ အဲဒါလည်း အလကားပါပဲ။

## အနက်ကောင်ကြီးတွေ မိုးအောင်နောက်လိုက်နေ

သန်းခေါင်ကျော် နှစ်ချက်တီးလောက်ကျတော့ မိုးအောင်ဟာ သတိ သစ်သလိုလို ဖြစ်ပြီး 'မအေ–တွေ ငါ့မခေါ်ကြနဲ့၊ ငါ မလိုက်ဘူး' လို့လည်း တစ်ခါတစ်ခါ ကယောင်ကတမ်းတွေ ပြောတယ်။

တစ်ခါတစ်ခါကျ 'အကောင်နက်ကြီးတွေ ကျွန်တော့်ကို ဆွဲကုန်ပြီ၊ ဘိုးဘိုးရေ လုပ်ပါဦး' လို့ ကယောင်ကတမ်းတွေ အော်ပြောတယ်။

အဲဒီအချိန်မှာ ဦးစန္ဒောဘာသဟာ ညောင်ပင်ကြီးအောက်မှာ ကမ္မဋ္ဌာန်း ထိုင်လေ့ရှိတဲ့အတွက် ဦးဘိုးစလည်း ဦးစန္ဒောဘာသကို အကြောင်းမကြား နိုင်ဘူး။ မနက် အရုဏ်တက်မှာ ဦးစန္ဒောဘာသ ပြန်လာတဲ့အခါ စောင့်နေ

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ ဦးစန္ဒောဘာသ ပြန်လာတဲ့အခါ ဦးဘိုးစဟာ ဆရာတော်ဆီ သွားပြီး မိုးအောင်ရဲ့ အခြေအနေကို လျှောက်တယ်။

အဲဒီလိုလျှောက်ပြီးတော့ 'အရှင်ဘုရားရဲ့ မြေးဟာ နေ့ခင်းတုန်း ဒီကို ပုလိပ်တွေလာတတ်သလား' လို့ တပည့်တော်ကို မေးတယ်။

'တပည့်တော်ကလဲ အရှင်ဘုရားနဲ့ တပည့်တော်တို့ ဒီမှာ တရား အားထုတ်လာတာ အတော်ကြာပြီ၊ ဘယ်သူမှ မလာဖူးဘူးလို့ ပြောပြရတယ်။ အဲဒီလိုမေးတာရယ်၊ ဘယ်သူ့ကိုမှ အကြောင်းမကြားချင်တာရယ်၊ သူ့ ပေါင်က ဒဏ်ရာရယ်၊ သူ့ခါးက ခြောက်လုံးပြူးကြီးရယ်၊ သူ့အိတ်ထဲက ငွေတွေအားလုံး ပေါင်းလိုက်ရင် မဟုတ်မှလွဲရော တပည့်တော်တော့' လို့ လျှောက်ရသေးတယ်။

ဦးစန္ဒောဘာသက လက်တားလိုက်ပြီး 'တို့ဘုန်းကြီးဆိုတာ ဝိနည်း တော်ကြီးကို ထိပ်မှာရွက်ထားရတယ်၊ တွေ့ကရာတွေ အကုန်လျှောက်သိလို့ မဖြစ်ဘူး၊ ငါ့ကို ဟိုဟာ ဒီဟာတွေ မလျှောက်နဲ့ကွယ်' လို့ အမိန့်ရှိတယ်။

အဲဒီအခါ ဦးဘိုးစက 'အရှင်ဘုရားရဲ့မြေးကို လာကြည့်ပါဦး၊ အခြေ အနေကတော့ သိပ်ဆိုးနေတယ်' လို့ ထပ်လျှောက်တာနဲ့ ဦးစန္ဒောဘာသ လည်း ထလိုက်သွားတယ်။

ဦးစန္ဒောဘာသတို့ အခန်းထဲကို ရောက်တဲ့အခါ မိုးအောင်ဟာ သတိ မရသေးဘူး၊ 'အကောင်နက်ကြီးတွေ ကျွန်တော့်ကို ဆွဲနေပြန်ပြီ၊ ဘိုးဘိုးရေ လုပ်ပါဦး' လို့ ကယောင်ကတမ်းတွေ ပြောနေတုန်းပဲရှိသေးတယ်။ အဲဒါနဲ့ ဦးစန္ဒောဘာသလည်း ဦးဘိုးစကိုရေတစ်ခွက်အခပ်ခိုင်းပြီးဒီလိုသစ္စာဆိုတယ်။

သစ္စာ၏ အာနုဘော်

၁။ ငါ့မှာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးမှ တစ်ပါး အခြား ကိုးကွယ်စရာ မရှိပါ။ ဒီသစ္စာကို ငါဆိုတယ်။ ဒီသစ္စာစကားရဲ့



တန်ခိုးတေဇော် အာနုဘော်ကြောင့် ငါ့မြေးရဲ့ ရောဂါဝေဒနာတွေ ပိန်းကြာဖက်ပေါ်တွင် ရေမတင်ဘိသကဲ့သို့ လွင့်စဉ်လျှောကျ ပပျောက်ကုန်ကြပါစေသတည်း။

၂။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ငါသည် ကိုးကွယ်ရာ အစစ် ဟူ၍ ဆည်းကပ်ပါတယ်။ ဒီသစ္စာစကားကို ငါ ဆိုတယ်။ ဒီသစ္စာစကားရဲ့ တန်ခိုးတေဇော် အာနုဘော်ကြောင့် ငါ့မြေးရဲ့ ရောဂါ ဝေဒနာတွေ ပိန်းကြာဖက်ပေါ်တွင် ရေမတင်ဘိသကဲ့သို့ လွင့်စဉ် လျှောကျ ပပျောက်ကုန်ကြပါစေသတည်း။

၃။ ဘုရား၊ တရား၊ သံဃာ၊ အမိအဖ၊ ဆရာသမားတို့ ကျေးဇူးတော် ဂုဏ်တော်တို့သည် အတိုင်းမသိ ကြီးမားပါပေသည်။ ဒီသစ္စာစကား ကို ငါ ဆိုတယ်။ ဒီသစ္စာစကားရဲ့ တန်ခိုးတေဇော် အာနုဘော်ကြောင့် ငါ့မြေးရဲ့ ရောဂါဝေဒနာတွေ ပိန်းကြာဖက်ပေါ်တွင် ရေမတင်ဘိ သကဲ့သို့ လွင့်စဉ်လျှောကျ ပပျောက်ကုန်ကြပါစေသတည်း။

၄။ ငါဟာ လူဝတ်နဲ့တုန်းက သူ့အသက်ကို မသတ်ခဲ့ဖူးပါ၊ သူ့ဥစ္စာကို မခိုးခဲ့ဖူးပါ၊ သူ့သားမယား သမီးပျိုများကို တစ်ကြိမ်တစ်ခါမှ မကျူးလွန် မဖျက်ဆီးခဲ့ဖူးပါ၊ သူတစ်ပါး အကျိုးပျက်အောင် လိမ်လည် လှည့်ဖြား မပြောကြားခဲ့ဖူးပါ၊ သေရည်သေရက်ကို မသောက်စားခဲ့ဖူးပါ။ ဒီသစ္စာစကားကို ငါဆိုတယ်။ ဒီသစ္စာစကား ရဲ့ တန်ခိုးတေဇော် အာနုဘော်ကြောင့် ငါ့မြေးရဲ့ရောဂါဝေဒနာတွေ ပိန်းကြာဖက်ပေါ်တွင် ရေမတင်ဘိသကဲ့သို့ လွင့်စဉ်လျှောကျ ပပျောက်ကုန်ကြပါစေသတည်း။

၅။ ငါဟာ ရဟန်းအဖြစ်နဲ့ မည်သည့်မိန်းမ တစ်စုံတစ်ဦးတစ်ယောက် နှင့်မျှ ရေကန်ဘောင်ပေါ်သို့ လျှောက်ခြင်း၊ ရေကန်တွင်းသို့ သက်ဆင်းခြင်းဆိုတဲ့ မေထုန်မှီဝဲခြင်း နှစ်မျိုးစလုံးကို မမှီဝဲ မကျူး

www.burmeseclassic.com

www.burmeseclassic.com



လွန်ဖူးပါ။ မေထုန်မှီဝဲလိုသည့် အခြင်းအရာ လက္ခဏာများ ဝါ… သော စကားများကိုလည်း မည်သည့်မိန်းမ တစ်ခုတစ်ဦးတစ်ယော… နှင့်မျှ ငါ မပြောဆိုဖူးပါ။ ဒီသစ္စာစကားကို ငါ ဆိုတယ်။ ဒီသစ္စာ… စကားရဲ့ တန်ခိုးတေဇော် အာနုဘော်ကြောင့် ငါ့မြေးရဲ့ ရောဂါ… ဝေဒနာတွေ ပိန်းကြာဖက်ပေါ်တွင် ရေမတင်ဘိသကဲ့သို့ လွင့်စဉ်… လျှောကျ ပပျောက်ကုန်ကြပါစေသတည်း။

၆။ ငါဟာ ရဟန်းအဖြစ်နဲ့ သူ့ဥစ္စာကို မခိုးခဲ့ဖူးပါ။ ဒီသစ္စာစကား… ငါ ဆိုတယ်။ ဒီသစ္စာစကားရဲ့ တန်ခိုးတေဇော် အာနုဘော်ကြော… ငါ့မြေးရဲ့ ရောဂါဝေဒနာတွေ ပိန်းကြာဖက်ပေါ်တွင် ရေမတင်… သကဲ့သို့ လွင့်စဉ်လျှောကျ ပပျောက်ကုန်ကြပါစေသတည်း။

၇။ ငါဟာ ရဟန်းအဖြစ်နဲ့ သူ့အသက်ကို မသတ်ခဲ့ဖူးပါ။ ဒီသစ္စာ… စကားကို ငါဆိုတယ်။ ဒီသစ္စာစကားရဲ့ တန်ခိုးတေဇော် အာနုဘော်… ကြောင့် ငါ့မြေးရဲ့ ရောဂါဝေဒနာတွေ ပိန်းကြာဖက်ပေါ်တွင် ရေမတင်ဘိသကဲ့သို့ လွင့်စဉ်လျှောကျ ပပျောက်ကုန်ကြပါစေ… သတည်း။

၈။ ငါဟာ ငါ့မှာမရှိသေးတဲ့ မဂ်တရား၊ ဖိုလ်တရား၊ ဈာန်တရားတွေ… ငါ့မှာရှိနေပြီလို့ သူတစ်ဘက်သားကို လိမ်လည်လှည့်ဖြား ငါမပြော… ကြားဖူးပါ။ ဒီသစ္စာစကားကို ငါ ဆိုတယ်။ ဒီသစ္စာစကားရဲ့ တန်ခိုးတေဇော် အာနုဘော်ကြောင့် ငါ့မြေးရဲ့ ရောဂါဝေဒနာတွေ… ပိန်းကြာဖက်ပေါ်တွင် ရေမတင်ဘိသကဲ့သို့ လွင့်စဉ်လျှောကျ… ပပျောက်ကုန်ကြပါစေသတည်း။

(ဒီအချိန်လောက်မှာ မိုးအောင်ဟာ ကယောင်ကတမ်းတွေ… ကို မပြောတော့ဘူး။ ဒါပေမယ့် အိပ်ပျော်သလိုဖြစ်ပြီး ဟီးဟီးဟီးနဲ့… ညည်းနေတယ်။)

၉။ ငါဟာ ရွှေငွေကို တစ်ခါမှ အလှူမခံဖူးပါ။ ရွှေငွေကို ရဟန်းအဖြစ်နဲ့ တစ်ခါမှ မကိုင်ဖူးပါ။ ဒီသစ္စာစကားကို ငါ ဆိုတယ်။ ဒီသစ္စာစကားရဲ့ တန်ခိုးတေဇော် အာနုဘော်ကြောင့် ငါ့မြေးရဲ့ ရောဂါဝေဒနာတွေ ပိန်းကြာဖက်ပေါ်တွင် ရေမတင်ဘိသကဲ့သို့ လွင့်စဉ်လျှောကျ ပပျောက်ကုန်ကြပါစေသတည်း။

၁၀။ ငါဟာ ဒုတိယအကြိမ် ရဟန်းပြုတဲ့နေ့ကအစပြု၍ ဒီကနေ့အထိ လေးခုမြောက်သောသင်္ကန်းကို ငါပယ်ပစ်ခဲ့ပြီး သင်္ကန်းသုံးထည်ကိုသာ ဝတ်ရုံသုံးစွဲခြင်းဆိုတဲ့ တိစီဝရိတ်ဓုတင်ကို ငါ အဓိဋ္ဌာန်မြောက် ဆောက်တည်ခဲ့ပါတယ်။

၁၁။ ငါဟာ ဒုတိယအကြိမ် ရဟန်းပြုတဲ့နေ့ကအစပြု၍ ဒီကနေ့အထိ အထူးထူးသော နေရာ၌ ခဲဖွယ်ဘောဇဉ် စားသောက်ခြင်းကို ငါ ပယ်ပစ်ခဲ့ပြီး တစ်နေရာတည်းမှာသာ ခဲဖွယ်ဘောဇဉ် စားသောက်ခြင်း ဆိုတဲ့ ဧကာသနိသ်ဓုတင်ကို ငါ အဓိဋ္ဌာန်မြောက် ဆောက်တည်ခဲ့ပါတယ်။

၁၂။ ငါဟာ ဒုတိယအကြိမ် ရဟန်းပြုတဲ့နေ့ကအစပြု၍ ဒီကနေ့အထိ နှစ်ခုမြောက်သောခွက်၌ရှိတဲ့ ဆွမ်းခဲဖွယ်ဘောဇဉ် စားသောက်ခြင်းကို ငါ ပစ်ပယ်ခဲ့ပြီး တစ်ခုတည်းသော ခွက်၌ရှိတဲ့ ခဲဖွယ်ဘောဇဉ် စားသောက်ခြင်းဟူသော ပတ္တပိဏ်ဓုတင်ကို ငါအဓိဋ္ဌာန်မြောက် ဆောက်တည်ခဲ့ပါတယ်။

၁၃။ ငါဟာ ဒီအရပ်ကိုရောက်တဲ့နေ့ကအစပြု၍ ဒီကနေ့အထိ ရွာတွင်း ရွာနား၌တည်သော ကျောင်းအိပ်ရာနေရာကို ငါပယ်ပစ်ခဲ့ပြီး တော၌ တည်နေသော ကျောင်းအိပ်ရာနေရာ၌သာ နေထိုင်ခြင်းဟူသော အာရညကင်ဓုတင်ကို ငါ အဓိဋ္ဌာန်မြောက် ဆောက်တည်ခဲ့ပါတယ်။

www.burmeseclassic.com



၁၄။ ငါဟာ ဒီအရပ်ကိုရောက်ပြီးတဲ့နောက် တန်ဆောင်မုန်းလဆန်း တစ်ရက်က တပေါင်းလကွယ်နေ့အထိ နှစ်စဉ် နှစ်တိုင်း ငါးလတိုင် တိုင် အမိုးရှိသော ကျောင်းအိပ်ရာနေရာကို ငါပယ်ပစ်ခဲ့ပြီး သစ်ပင် ရင်းအနီး သစ်ပင်ရိပ်အတွင်း၌သာ နေထိုင်ခြင်းဟူသော ရုက္ခ မူတင်ကို ငါ အဓိဋ္ဌာန်မြောက် ဆောက်တည်ခဲ့ပါတယ်။

၁၅။ ငါဟာ ဒီအရပ်ကိုရောက်လာပြီးတဲ့နောက် နှစ်စဉ်နှစ်တိုင်း ကဆုန်လ တစ်လလုံးလုံး အိပ်ခြင်းကို ငါပယ်ပစ်ပြီး ထိုင်ခြင်းဟူသော နေသဇ္ဇိက မူတင်ကို ငါအဓိဋ္ဌာန်မြောက် ဆောက်တည်ခဲ့ပါတယ်။

ဒီသစ္စာစကားကို ငါ ဆိုတယ်။ ဒီသစ္စာစကားရဲ့ တန်ခိုး တေဇော် အာနုဘော်ကြောင့် ငါ့မြေးရဲ့ ရောဂါဝေဒနာတွေ ပိန်းကြာ ဖက်ပေါ်တွင် ရေမတင်ဘိသကဲ့သို့ လွင့်စဉ်လျှောကျ ပပျောက်ကုန် ကြပါစေသတည်း။

၁၆။ ငါဟာ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ်၊ မင်္ဂလသုတ်၊ ရတန သုတ်၊ ခန္ဓသုတ်၊ အာဋာနာဋိယသုတ်၊ မောရသုတ်၊ ပုဗ္ဗဏှသုတ် တို့ကို နေ့စဉ် ရွတ်ဖတ်လာခဲ့ပါတယ်။ ဒီသုတ်တွေရဲ့ တန်ခိုးတေဇော် အာနုဘော်တို့ကြောင့် ငါ့မြေးရဲ့ ရောဂါဝေဒနာတွေ ပိန်းကြာဖက် ပေါ်တွင် ရေမတင်ဘိသကဲ့သို့ လွင့်စဉ်လျှောကျ ပပျောက်ကုန်ကြ ပါစေသတည်း။

ဦးစန္ဒောဘာသဟာ ဒီလို သစ္စာဆိုပြီးတဲ့အခါ ရေခွက်ကို ဦးဘိုးစ လှမ်းပေးရင်း 'ဒီရေကိုတိုက်လည်း တိုက်၊ အနာထဲလည်း ထည့်၊ ပိုတာ သောက်ရေအိုးထဲထည့်ထား၊ ရေကုန်ခါနီး ထပ်ဖြည့်ပေါ့ကွာ' လို့ ပြော သူ့ကျောင်းကို ပြန်သွားတယ်။

ဦးဘိုးစလည်း ဦးစန္ဒောဘာသပြောတဲ့အတိုင်း လုပ်ပေးတယ် နာရီဝက်လောက်ရှိတော့ မိုးအောင်ရဲ့ညည်းသံ တိတ်သွားတယ်။ တခါ



လောက်ကြာတဲ့အခါ မိုးအောင်ရဲ့ အနာထဲက သွေးလည်း မဟုတ်ဘူး၊ အနက်ရောင် အစေးကြီးတွေ ကျလာတယ်။ ဦးဘိုးစလည်း မိုးအောင် နိုးမှာ စိုးလို့ အနက်စေးတွေကို မသုတ်ဘူး။ ဒီအကြောင်းကို ဘုန်းကြီးဆီ သွားလျှောက်တယ်။

ဒီလိုလျှောက်ပြီးတော့မှ 'အရှင်ဘုရားရဲ့မြေးဟာ ဒီမရောက်ခင်က ဒီအနာကြီးနဲ့ တောထဲမှာ တစ်ယောက်တည်းဆိုတော့ ဖြစ်ချင်ရာဖြစ်ပြီး မဟုတ်မှလွဲရော တပည့်တော်တော့ အပတွေမှီလာတယ်ထင်တယ်၊ ကျလာ တဲ့ အနက်စေးတွေဟာလည်း ရိုးရိုးအစေးတွေလို့ တပည့်တော် မထင်ဘူး၊ ပယောဂ အစေးတွေလို့ ထင်တာပဲ' လို့ သူ့ထင်မြင်ချက်ကိုပါ ထပ်လျှောက် တယ်။

ဦးစန္ဒောဘာသ ဘာမှမပြောတာနဲ့ ဦးဘိုးစလည်း သူ့ဇရပ်ကိုပြန်လာ ခဲ့တယ်။ ညနေခြောက်နာရီလောက်ကြာတော့ မိုးအောင် နည်းနည်းသတိရ လာပြီး ရေတောင်းတယ်။ ဦးဘိုးစလည်း သစ္စာရေထည့်ထားတဲ့ အိုးထဲက ရေကို ခပ်ပေးလိုက်တယ်။

မိုးအောင် ရေသောက်ပြီးတဲ့အခါ 'မင်း အခုသောက်တာ မင့်ဘိုးဘိုးရဲ့ သစ္စာရေပဲ၊ သစ္စာရေဆိုတာ ဘာလဲ၊ မင်း သိသလား' လို့ ဦးဘိုးစက မေးတယ်။

မိုးအောင်က ခေါင်းခါပြတယ်။ အဲဒီအခါ ဦးဘိုးစက 'ရေအိုးဖြစ်ဖြစ် ရေခွက်ဖြစ်ဖြစ် ကိုယ့်ရှေ့မှာထားပြီး ကိုယ့်အတွက် မှန်တာတွေကို လျှောက်ဆိုရင် အဲဒီရေဟာ သစ္စာရေဖြစ်သွားတာပေါ့၊ လူ့ဘဝတုန်းက သူဟာ အသက်မသတ်ခဲ့ဘူး၊ သူ့ဥစ္စာကို မခိုးခဲ့ဘူး၊ သူ့များမယားနဲ့ သမီးပျိုတွေကို မဖျက်ဆီးခဲ့ဘူး၊ လိမ်မပြောခဲ့ဘူး၊ အရက်မသောက်ခဲ့ဘူးလို့ မင်းတို့ဘိုးဘိုးက သောက်ရေခွက်ကိုင်ပြီး ဆိုတယ်၊ အဲဒီတော့ ဒီစကား တွေဟာ သူ့အတွက် မှန်တယ်၊ မှန်တဲ့စကားကို သစ္စာလို့ခေါ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုဆိုပြီးတော့မှ ဒီသစ္စာစကားကြောင့် မင်းရဲ့ ရောဂါဝေဒနာဟာ ပိန်းကြာဖက်ပေါ်တွင် ရေမတင်နိုင်သလို လွင့်စဉ်လျှောကျ ပပျောက်ကုန်ကြပါစေလို့ ဆုတောင်းတယ်။

'နောက်ပြီးတော့လဲ ဘုန်းကြီးဖြစ်လာတဲ့အခါမှာလဲ သူဟာ ရဟန်းသီလတွေကို ကောင်းကောင်းစောင့်တယ်၊ သူ့မှာ သင်္ကန်းသုံးထည်သာ ရှိတယ်၊ သုံးထည်ထက် မပိုဘူး၊ ဆွမ်းလဲ တစ်ထပ်တည်းစားတယ်၊ စားတဲ့အခါလဲ ဟင်းခွက်တွေအများကြီးထဲ နှိုက်မစားဘူး၊ သူစားချင်တာတွေ သပိတ်ထဲထည့်၊ အကုန်နယ်ပြီး စားတယ်၊ ဒီရောက်ကတည်းက ဒီတော ကျောင်းမှာပဲ နေတယ်၊ တစ်နှစ်မှာ လေးလလုံးလုံး ကျောင်းထဲမှာမနေဘဲ သစ်ပင်အောက်မှာ နေတယ်၊ တစ်နှစ်မှာ တစ်လလုံး လှဲမအိပ်ဘူး၊ ထိုင်လျက်သာနေတယ်လို့ မင့်ဘိုးဘိုးက ဆိုတယ်၊ ဒီဟာတွေဟာ မင့်ဘိုးဘိုးအတွက် မှန်တာတွေချည်းပဲ၊ အဲဒီတော့ ဒါတွေဟာ မင်းဘိုးဘိုးအတွက် သစ္စာတွေဖြစ်တယ်၊ အဲဒီသစ္စာတွေကြောင့် မင်းရဲ့ရောဂါဝေဒနာတွေဟာ ပိန်းကြာဖက်ပေါ် ရေမတင်နိုင်သလို လွင့်စဉ်လျှောကျ ပပျောက်ကုန်ကြပါစေလို့ ဆုတောင်းတယ်။

'ဒီသစ္စာစကားတွေ ဆိုနေတုန်းပဲ မင်းဟာ ငြိမ်ကျသွားတယ်၊ ဒီသစ္စာတွေ မဆိုခင်တုန်းကဆိုရင် အကောင်နက်ကြီးတွေ မင်းကို ဆွဲကုန်ပြီ၊ ဘိုးဘိုးရေ လုပ်ပါဦးလို့ ကယောင်ကတမ်းတွေ လျှောက်ပြောနေတာပဲ၊ အနာက နာလွန်းလို့ ထင်ပါရဲ့၊ ကယောင်ကတမ်းတွေ မပြောတဲ့အခါမှာလဲ ညည်းလိုက်တာ လွန်နေတာပဲ၊ ကယောင်ကတမ်းတွေ ပြောနေတာနဲ့ ညည်းနေတာတွေကို မင့်ဘိုးဘိုးတောင် ကြားသွားသေးတယ်၊ အဲဒီသစ္စာတွေ ဆိုပြီးတော့မှ သစ္စာရေတွေကို မင်းကို တိုက်ခိုင်းတယ်၊ အနာထဲ အထည့်ခိုင်းတယ်၊ သစ္စာရေတွေကို မင့်ပါးစပ်ထဲကို ဇွန်းကလေးနဲ့ ... အစက်ချပေးတယ်၊ ပြီးတော့ မင့်အနာထဲ ဒီသစ္စာရေတွေ နည်းနည်းထည့်



သေးတယ်၊ နာရီဝက်လောက်ကြာတော့ မင့်အနာထဲက အခုထွက်ကျနေတဲ့ အနက်စေးတွေ ကျလာတယ်' လို့ ပြောပြီး မိုးအောင်ကို ပြတယ်။

မိုးအောင်လည်း လှမ်းကြည့်ပြီး ဘိုးဘိုးဦးဘိုးစပြောတာကိုပဲ စိုက်ပြီး နားထောင်နေပြန်တယ်။ 'အဲဒီလို အနက်စေးတွေ ထွက်သွားလို့ မင်း အခုလို သက်သာလာတာပဲ၊ မင်းဘိုးဘိုး သစ္စာမဆိုခင်တုန်းကတော့ မင်းဟာ သတိပြန်ရလာတော့မယ်မဟုတ်ဘူးလို့တောင် ငါ အောက်မေ့မိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ ဒီကိုမရောက်ခင် မဟုတ်မှလွဲရော ငါ့အထင်ဖြင့် အပတွေ အများကြီးမှီလာတယ်၊ အပဆိုတာ သိလား' လို့ ဦးဘိုးစက မိုးအောင်ကို မေးတယ်။ မိုးအောင်က ခေါင်းခါပြတယ်။

အဲဒီတော့မှ ဦးဘိုးစက 'တောတွေတောင်တွေထဲမှာ လူတွေဟာ ... ကျရာတစ်ခုခုရရင် မြွေကိုက်ခံရရင်၊ ဖျားရင် အနီးအနားမှာရှိတဲ့ ...ရဲတွေ၊ တစ္ဆေတွေက ဒီလူရဲ့ အသွေးအသားတွေ စားရအောင် ဒီလူကို ...အတင်း ဝင်ကပ်တာပဲ၊ သူတို့ ဝင်ကပ်လိုက်တဲ့အတွက် တော်ရုံတန်ရုံ ...ရောဂါ၊ တော်ရုံတန်ရုံ အနာဟာ ပိုဆိုးလာတယ်၊ ဒါကြောင့် မင်းလဲ သတိတွေလစ်ပြီး ကယောင်ကတမ်းတွေ လျှောက်အော်နေတာပေါ့၊ ...မှမာဟာ အကောင်နက်ကြီးတွေဆွဲကုန်ပြီလို့ ကယောင်ကတမ်းအော်ပြီးရင် ...တာများတာပဲ၊ မင့်ဘိုးဘိုးဟာ သီလသိပ်ရှိတယ်၊ ဒါကြောင့် တန်ခိုးလဲ သိပ်ကြီးတာပဲ၊ သူ့သစ္စာရေကိုသာ မတိုက်ရရင် ဒီလောက်ရှိရင် မင့်အသက် ...ကတာကြာလှပြီ' လို့ ဦးဘိုးစဟာ ရိုးရိုးဘွင်းဘွင်းသမားကြီးဆိုတော့ ...မှာကို ဒီအခြေအနေမှာ ပြောသင့်တယ်၊ မပြောသင့်ဘူးလို့ မတွက်တော့ ... သူ့ဝမ်းထဲမှာရှိတာတွေ မိုးအောင်ကို လျှောက်ပြောပြနေတယ်။

မိုးအောင်လည်း အကောင်နက်ကြီးတွေရဲ့အဆွဲကို ခံရပြီးကတည်းက ...စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်။ ငါ မိုက်တယ်၊ ငါ သတ်...တယ်၊ ... လူတစ်ယောက်ကို ရက်ရက်စက်စက် သတ်ရဲတယ်၊ ငါ...ယ်သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



လူထင်ရမလဲလို့ သူ့ကို လမ်းမှားရောက်အောင် မြှောက်ပင့်ပေးနေတဲ့ သူ့နားထင်မှာ ကပ်နေတဲ့ မာနတွေဟာ သိပ်ပြီး ရှိပုံမပေါ်တော့ဘူး။ အဲဒါကြောင့် ဦးဘိုးစပြောတာကို သူ လေးလေးစားစား နားထောင်နေတယ်။

အတော်ကလေးကြာတဲ့အခါ ဦးဘိုးစဟာ ရေနွေးတွေယူလာပြီး အနာကကျလာတဲ့ အနက်စေးတွေကို ဆေးချပေးနေတယ်။ အဲဒီလိုဆေးချပေးနေတုန်း ဘိုးဘိုးဦးစန္ဒာဘာသ ရောက်လာတယ်။

## ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်

'ငါ့မြေး သက်သာရဲ့လား' လို့ ဦးစန္ဒာဘာသက မေးတယ်။

မိုးအောင်က 'ခပ်စောစောကလို မခံမရပ်နိုင်လောက်အောင်တော့ မဖြစ်တော့ပါဘူး၊ ဒါပေမယ့် အနာက ကိုက်တော့ ကိုက်တုန်းပဲ ဘိုးဘိုးရယ်၊ ခေါင်းကိုက်ပြီး ဖက်လဲလေးတယ်၊ ဖက်ထဲမှာ တုတ်ကြီးတွေထည့်ထားသလိုပဲ' လို့ လျှောက်တယ်။

ဘိုးဘိုးဦးစန္ဒာဘာသက 'ဘိုးဘိုးတို့ဆီမှာတော့ ဘာဆေးမှ မရှိဘူးကွယ်၊ သစ္စာရေကိုပဲ အားကိုးရတာပဲ၊ အဲဒီတော့ ဒီလောက် သက်သာသွားတယ်ဆိုရင် ဘိုးဘိုး သိပ်ဝမ်းသာပါတယ်' လို့ ဘိုးဘိုးဦးစန္ဒာဘာသ[က] အမိန့်ရှိတယ်။

မိုးအောင်က 'ဘိုးဘိုးရယ်၊ အနာသက်သာတာထက် အကောင်နက်ကြီးတွေရဲ့ အဆွဲမခံရတာကို တပည့်တော် ပိုပြီးဝမ်းသာတယ်၊ ဒီအကောင်နက်ကြီးတွေ အဆွဲခံရရင် ဘယ်လိုဖြစ်မှန်းမသိဘူး၊ တပည့်တော်ရဲ့လ[က်]တွေကို ဆွဲတဲ့အကောင်တွေကို လက်သီးနဲ့ထိုးရအောင် လက်မြှောက်ကြည့်တယ်၊ မြှောက်လို့မရဘူး၊ လက်တွေ သိပ်လေးနေတာပဲ၊ ခြေထောက်[တွေ] ဆွဲတဲ့အကောင်တွေကို ခြေနဲ့ကန်ကြည့်တယ်၊ ခြေထောက် လှုပ်လို့မရဘူး သိပ်လေးနေတာပဲ၊ အဲဒီအထဲက တချို့အကောင်တွေက လည်ပင်း[ပေါ်] ရင်ဘတ်ပေါ်၊ ဗိုက်ပေါ်မှာ တက်ရပ်တဲ့အခါ တပည့်တော် အသက်မရှူ[နိုင်]



ဘူး၊ ဘိုးဘိုးရေ လုပ်ပါဦးလို့ အော်လိုက်မှ ဒီအကောင်တွေ ပျောက်ကုန်တယ် ဘိုးဘိုးရယ်၊ အိပ်မက်မက်သလိုလဲ မဟုတ်ဘူး၊ တစ်မျိုးကြီးပဲ၊ အဲဒါဘာဖြစ်လို့လဲ' လို့ မိုးအောင်က လျှောက်တယ်။

အဲဒီအခါ ဘိုးဘိုးက 'လူတွေဟာ ရောဂါတစ်ခုခုဖြစ်ပြီး သေခါနီးတဲ့အခါ ဒီလိုမှ မဟုတ်ရင်လဲ သေလောက်အောင် ရောဂါအပြင်းအထန်ဖြစ်တဲ့အခါ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ဆိုတဲ့ အာရုံသုံးမျိုးရှိတဲ့အထဲက တစ်ခုခုဖြစ်စေ၊ နှစ်ခုဖြစ်စေ၊ သုံးခုစလုံးဖြစ်စေ အဲဒီလူတွေရဲ့စိတ်ထဲမှာ ပေါ်လာတတ်တယ်၊ ဥပမာ သူများအသက်တွေကို သတ်ခဲ့တဲ့ လူတစ်ယောက်ဆိုရင် အဲဒီလူဟာ သူသတ်ခဲ့တာတွေကို ပြန်ပြီး သတိရနေတတ်တယ်၊ လောလောဆယ်မှာကို အသက်တွေကို သူ လိုက်သတ်နေသလို မြင်နေရတတ်တယ်၊ ဥပုသ်စောင့် အလှူလုပ်ခဲ့တဲ့သူဆိုရင်လဲ သူ ဥပုသ်စောင့်ခဲ့တာတွေ လှူခဲ့တာတွေကို ပြန်ပြီး သတိရနေတတ်တယ်၊ လောလောဆယ် ဥပုသ်စောင့်နေသလို လှူနေသလို မြင်ရတတ်တယ်၊ အဲဒီလို ကိုယ်လုပ်ခဲ့သမျှ မကောင်းတာတွေ ကောင်းတာတွေကို သတိရနေတာနဲ့ လောလောဆယ်လုပ်နေသလို မြင်နေရတာကို 'ကံအာရုံ' လို့ ခေါ်တယ်။

'သူ့အသက်တွေကို သတ်ခဲ့ဖူးတယ်ဆိုရင် သူ့အသက်တွေကိုသတ်ခဲ့တဲ့ အခါတုန်းက ကိုယ် သုံးခဲ့ဖူးတဲ့ ဓားမြှောင်တို့၊ သေနတ်တို့၊ လှံတို့ဆိုတဲ့ လက်နက်တွေကိုဖြစ်ဖြစ်၊ ကိုယ်သတ်ခဲ့တဲ့ လူသေ၊ နွားသေ၊ ကြက်သေ၊ ဘဲသေတွေကိုပဲဖြစ်ဖြစ် မြင်ရတယ်၊ ကုသိုလ်လုပ်ခဲ့တဲ့လူဆိုရင် ကိုယ်ရှိခိုးနေကျ မြတ်စွာဘုရားရုပ်ပွားတော်တို့၊ စိတ်နေကျ ပုတီးတို့၊ ဆောက်တဲ့ ကျောင်းတို့ သင်္ကန်းတို့ဆိုတဲ့ ကိုယ်ကုသိုလ်လုပ်ခဲ့တဲ့ ပစ္စည်းတွေကို မြင်ရတယ်၊ အဲဒီလို မြင်ရတာတွေကို 'ကမ္မနိမိတ်အာရုံ' လို့ ခေါ်တယ်။

'ငရဲကျမယ့်သူဆိုရင် ငရဲမီး၊ ငရဲထိန်းအကောင်နက်ကြီးတွေ၊ ခွေးကြီးတွေကို မြင်ရတတ်တယ်၊ ပြိတ္တာဖြစ်မယ့်သူဆိုရင် တောကြီး

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီး အစရှိတဲ့ ကိုယ်နေရမယ့်အရပ်ဒေသကို မြင်ရတတ်တယ်၊
ပြန်ဖြစ်မယ့်လူဆိုရင် အမိဝမ်းရဲ့ အရောင်နီနီရဲရဲအဆင်းကို မြင်ရတတ်တယ်
နတ်ပြည်ရောက်မယ့်သူဆိုရင် နတ်သမီးတွေ၊ ဘုံဗိမာန်တွေ၊ ဥယျာဉ်တွေ
မြင်ရတတ်တယ်၊ အဲဒီလိုမြင်တာကို 'ဂတိနိမိတ်အာရုံ' လို့ ခေါ်တယ်

## ရှင်သောဏရဲ့ ဖခမည်းတော်

'ရှေးတုန်းက ရဟန္တာအရှင်သောဏရဲ့ ခမည်းတော်ကြီးဟာ ငယ်
က မုဆိုးလုပ်ခဲ့ဖူးတယ်၊ ပြီးတော့ သံဝေဂရတဲ့အတွက် မုဆိုးအလုပ်
စွန့်ပြီး ရဟန်းပြုတယ်၊ သေခါနီးကျတော့ ခွေးကြီးတွေက သူ့ကိုကိုက်
မယ်လို့ မြင်နေတဲ့အတွက် သရဲ သရဲ သရဲတွေလာနေပြီ၊ ခြောက်
ခြောက်ပါဟဲ့လို့ အော်တယ်၊ အရှင်သောဏက သူ့ခမည်းတော်ကြီး
ငရဲနိမိတ်တွေ ထင်ဟပ်နေပြီဆိုတာ သိတာနဲ့ စေတီရဲ့ရင်ပြင်တော်
ပန်းမွှေးရာ ချက်ချင်းအခင်းခိုင်းပြီး၊ ပြီးတော့မှ ခမည်းတော်ကြီးကို
ရင်ပြင်တော်ကို ရွှေ့သွားတယ်၊ ရင်ပြင်တော်ကိုရောက်ရော 'ဦးပဥ္စင်း
ကြည်ညိုလိုက်၊ ဦးပဥ္စင်းအတွက် ပန်းတွေလှူထားတယ်' လို့ သူ့ခမည်း
ကြီးကို ပြောတယ်၊ ခမည်းတော်ကြီးလည်း သတိရလာပြီး ဘုရားကို
တယ်၊ ပန်းကပ်တယ်၊ အဲဒီလို ကြည်ညိုနေတုန်း မေ့မြောသွားပြန်
အဲဒီအခါ နတ်သမီးတွေကိုမြင်ရတဲ့အတွက် 'ဟဲ့ သားတော်ရဲ့ နေရာ
ပေးလိုက်ပါ' လို့ ဆိုတယ်၊ 'ဖယ်ပေးလိုက်ပါ၊ သားရဲ့ နတ်သမီးတွေ
တယ်' လို့ ယောင်ပြန်တယ်၊ အဲဒီအခါ သားတော် ရှင်သောဏက
ဦးပဥ္စင်းကြီးမှာ နတ်ပြည် ဂတိနိမိတ်တွေ ထင်လာပေါ့ကိုး' လို့
နေတုန်းမှာပဲ ခမည်းတော်ကြီး ကွယ်လွန်ပြီး နတ်ပြည်ရောက်သွား

'ငါ့မြေးမြင်ရတဲ့ တောနက်ကြီးတွေဆိုတာ ဂတိနိမိတ်တွေ
ဟာ အတော်ကြီးဆိုးခဲ့တယ်၊ ဘယ်လောက်ထိ ဆိုးတယ်ဆိုတာ ငါ့



ငါ့မြေး အသိဆုံးပဲ၊ တချို့ ဆိုးတာက ဆိုးရုံဆိုးတာပဲ၊ ရတနာသုံးပါးကို
ယုံကြည်သေးတယ်၊ ငါ့မြေးကတော့ ဆိုးလဲ ဆိုးတယ်၊ ဘုရား၊ တရား၊
သံဃာ ရတနာသုံးပါးကိုလဲ မယုံကြည်၊ ကံ ကံရဲ့အကျိုးကိုလဲ မယုံကြည်
ဘူး၊ အဲဒီတော့ ငါ့မြေးဆိုးတာက အဆိုးတွေထဲမှာ ကမ်းကုန်အောင်ဖြစ်နေ
ပြီ၊ အဆိုးကြီးတွေထဲမှာ အဆိုးတကာ့ အဆိုးဆုံးပဲ၊ ဒီအဆိုးကို မပြင်ရင်
ဘိုးဘိုးလဲ မကယ်နိုင်ဘူး၊ ဘယ်သူမှလဲ မကယ်နိုင်ဘူး၊ သေရင် အဝီစိကို
ရောက်ထိုးဆင်းမှာပဲ၊ အဲဒီတော့ ငါ့မြေးရယ်၊ ဘိုးဘိုးပြောတဲ့ စကားကို
ဒီတစ်ခါ နားထောင်စမ်းပါ၊ အကောင်နက်ကြီးတွေ ကိုယ်တိုင်က ငါ့မြေးကို
သတိလာပေးနေပြီ၊ ငါ့မြေးရဲ့အဆိုးတွေကို ပြင်ပါတော့ကွယ်' လို့ ဘိုးဘိုး
ဦးဓမ္မာဘာသက သူ့မြေး မိုးအောင်ကို မေတ္တာရပ်တယ်။

မိုးအောင်လည်း ဘာမှပြန်မပြောဘူး၊ သူ့ရှေ့တည့်တည့်ကို ကြည့်နေ
တယ်။ သူ့စိတ်ထဲမှာတော့ တစ်လောကလုံးမှာ သူ့ကို ဘယ်သူမှမချစ်ဘူး၊
အမေအရင်းကတောင် မချစ်ဘူး၊ တစ်လောကလုံးမှာ သူ့ကို တကယ်ချစ်တာ
ဆိုရင် ဒီဘိုးဘိုးတစ်ယောက်တည်း ရှိတော့တယ်၊ သူ့ဘိုးဘိုးဟာ သူ့ဆိက
ကိုမှ မမျှော်လင့်ဘဲ သူ့ကို သေတွင်းထဲကတောင် ဆွဲနုတ်လာတယ်၊
တော့ သူ့ကို တကယ်ချစ်တဲ့ သူ့ဘိုးဘိုးဟာ သူ့ကို မဟုတ်တာပြောမှာ
ဘူး၊ သူ ဒုက္ခရောက်မှာစိုးလို့ပြောတာ ဖြစ်မှာပဲ၊ သူမေ့မြောသွား
က သူ့ဘိုးဘိုးပြောသွားတဲ့အတိုင်း အာရုံသုံးခုစလုံးကို သူ မြင်ရတယ်၊
မြင်တာတွေကိုသိလို့ ဘိုးဘိုး လျှောက်ပြောနေတာ မဟုတ်ဘူး၊ သူမြင်
တွေထဲက အကောင်နက်ကြီးတွေဆိုတဲ့ ဂတိနိမိတ် အာရုံတစ်ခုထဲကို
သူပြောပြလို့ ဘိုးဘိုးသိတာ၊ သူမြင်တဲ့ ကံအာရုံနဲ့ ကမ္မနိမိတ်အာရုံ
ကို သူ ဘယ်သူ့ကိုမှ မပြောသေးဘူး၊ ဒါပေမယ့် ဘိုးဘိုးပြောသွား
တွေဟာ သူမြင်တာတွေနဲ့ တိုက်နေတာပဲ၊ ဒီလိုဆိုတော့လည်း တရား
ဟာ အံ့ဩဖို့ အကောင်းသားပဲ၊ သူ ငရဲကို မကျရသေးတာနဲ့တောင်

www.burmeseclassic.com

www.burmeseclassic.com



ဒီအကောင်နက်တွေရဲ့ လက်ထဲမှာ ဒီလောက် မချိမဆန့်ခံရရင် တကယ် ငရဲကျတဲ့အခါ ဘယ်လိုနေပါ့မလဲ၊ ငရဲဟာ သိပ်ဆိုးတယ်ထင်ပါရဲ့၊ ဒါကြောင့် သူ့ဘိုးဘိုးဟာ ဒီလိုဆိုးတဲ့ ငရဲကို သူ့ကိုမကျရအောင် သူ့အဆိုးတွေကို အပြ နိုင်းနေတာ ဖြစ်မှာပါပဲ' လို့ မိုးအောင်ဟာ ဟိုရောက် ဒီရောက် လျှောက် တွေးပြီး ဘာမှမပြောသေးဘဲ သူ့ဘိုးဘိုး မျက်နှာကို စိုက်ကြည့်နေတယ်

တအောင့်လောက်ကြာတော့မှ မိုးအောင်က 'ဘိုးဘိုးရယ်၊ တ တော် သတိလစ်နေတုန်းက တပည့်တော်အနာထဲ ဘာဆေးတွေ ထည့်လိုက် သလဲ (ဦးဘိုးစကို လက်ညှိုးနဲ့ထိုးပြီး) ဒီဘိုးဘိုးကပြောတော့ ဘိုး သစ္စာဆိုတဲ့ရေကို တပည့်တော်ကို တိုက်လဲ တိုက်တယ်၊ အနာထဲလဲထည့် ပေးတယ်၊ အဲဒါနဲ့ အနာထဲက အစေးအနက်ကြီးတွေ ထွက်လာ တပည့်တော် အခုလို သက်သာလာတာပဲလို့ ပြောတယ်၊ သစ္စာဆိုတာက နဲ့ပဲ ဒီရေဟာ ဒီလောက်ပဲ စွမ်းသလား၊ အနာထဲကို ဘိုးဘိုး ဘာဆေး မထည့်လိုက်ဘူးလား' လို့ မိုးအောင်က လျှောက်တယ်။

အဲဒီအခါ ဘိုးဘိုးစန္ဒောဘာသက 'သစ္စာဆိုတာ အင်မတန် တ အာနုဘော်ကြီးတယ်၊ ဘိုးဘိုးကမှ ကောင်းသထက်ကောင်းအောင်လို့ သစ္စာဆိုပြီး တိုက်သေး ထည့်သေးတယ်၊ တချို့များ ရေကိုအရှင်း မသုံး သစ္စာဆိုရုံနဲ့ ရောဂါဝေဒနာတွေ ပျောက်သွားတဲ့ သာဓကတွေ အရှိသား

ဒုကူလ ပါရိကာ သုဝဏ္ဏသာမ

'ဘိုးဘိုးတို့ရဲ့ ဂေါတမမြတ်စွာဘုရားလောင်းဟာ သုဝဏ္ဏသာမ တုန်းက ပိဠိယက္ခမင်းကြီးက လေးနဲ့ပစ်လိုက်လို့ မြားဆိပ်တွေ သတိလစ်ပြီး လဲနေတယ်၊ အဲဒီအခါ ခမည်းတော် ဒုကူလက သုဝဏ္ဏသာ ခေါင်းရင်းက၊ မယ်တော်ပါရိကာက ခြေရင်းကထိုင်ပြီး ရှေးဦးစွာ မယ် က ဒီလို သစ္စာဆိုတယ်။



၁။ ကျွန်ုပ်၏သား သာမသည် ရှေးအခါက တရားကိုသာ ကျင့်လေ့ရှိပါ၏။ ဤစကား မှန်သည်ဖြစ်အံ့၊ ကျွန်ုပ်သား၏ အဆိပ်သည် ပျောက်ကင်းပါစေသတည်း။

၂။ ကျွန်ုပ်၏သား သာမသည် ရှေးအခါက မြတ်သော အကျင့်ကိုသာ ကျင့်လေ့ရှိပါ၏။ ဤစကား မှန်သည်ဖြစ်အံ့၊ ကျွန်ုပ်သား၏အဆိပ်သည် ပျောက်ကင်းပါစေသတည်း။

၃။ ကျွန်ုပ်၏သားသည် ရှေးအခါက မှန်သော စကားကိုသာဆိုလေ့ရှိပါ၏။ ဤစကား မှန်သည်ဖြစ်အံ့။ ကျွန်ုပ်သား၏အဆိပ်သည် ပျောက်ကင်းပါစေသတည်း။

၄။ ကျွန်ုပ်၏သား သာမသည် အမိအဘတို့ကို လုပ်ကျွေးသောသူဖြစ်ပါ၏။ ဤစကား မှန်သည်ဖြစ်အံ့။ ကျွန်ုပ်သား၏ အဆိပ်သည် ပျောက်ကင်းပါစေသတည်း။

၅။ ကျွန်ုပ်၏သား သာမသည် အမျိုးထဲမှာ ကြီးကုန်သော သူတို့ကို ရိုသေသမှုပြုကုန်၏။ ဤစကားမှန်သည်ဖြစ်အံ့။ ကျွန်ုပ်သား၏ အဆိပ်သည် ပျောက်ကင်းပါစေသတည်း။

၆။ ကျွန်ုပ်၏သား သာမကို ကျွန်ုပ်၏အသက်ထက် ပို၍ချစ်ပေ၏။ ဤစကား မှန်သည်ဖြစ်အံ့။ ကျွန်ုပ်သား၏ အဆိပ်သည် ပျောက်ကင်းပါစေသတည်း။

၇။ ကျွန်ုပ်သည်လည်းကောင်း၊ သူ့ဖခင်သည်လည်းကောင်း ပြုအပ်သော ကုသိုလ်အလုံးစုံကြောင့် သာမ၏ အဆိပ်သည် ပျောက်ကင်းပါစေသတည်း။

'ဒီသစ္စာ ခုနစ်ချက်ကို မယ်တော် ဆိုပြီးတဲ့အခါ သုဝဏ္ဏသာမဟာ ဆိပ်တက်နေရာက သတိရလာပြီး ဗယ်ဘက်စောင်းနေရာက ညာဘက် င်းလိုက်တယ်။ ခမည်းတော်လဲ မယ်တော်လိုပဲ သစ္စာ ခုနစ်ချက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆိုတယ်။ အဲဒီအခါ သုဝဏ္ဏသာမဟာ ညာဘက်က ဗယ်ဘက်ကို ပြန်စောင်းလိုက်တယ်။

'အဲဒီအတောအတွင်းမှာပဲ ရှေးဘဝတစ်ခုတုန်းက သုဝဏ္ဏသာမရဲ့ မိခင်ဖြစ်ခဲ့ဖူးတဲ့ ဟိမဝန္တာ ဂန္ဓမာဒနတောင်မှာနေတဲ့ ဗဟုသုန္ဒရီ နတ်သမီး ရောက်လာပြီး 'ကျွန်ုပ်သည် ဟိမဝန္တာ ဂန္ဓမာဒနတောင်မှာ ရှည်စွာသော ကာလပတ်လုံး နေထိုင်ပါ၏၊ ဒီလိုနေခဲ့သမျှအတွင်း သုဝဏ္ဏသာမထက် ပိုလွန်၍ချစ်အပ်သောသူ တစ်စုံတစ်ယောက်မျှ မရှိပါ၊ ဤစကား မှန်သည် ဖြစ်အံ့၊ သာမ၏အဆိပ်သည် ပျောက်ကင်းပါစေသတည်း၊ ကျွန်ုပ်နေရာ ဂန္ဓမာဒနတောင်၌ သစ်ပင်ဟူသမျှသည် နံ့သာပင်ချည်းသာ ဖြစ်၏၊ ဤစကား မှန်သည်ဖြစ်အံ့၊ သာမ၏ အဆိပ်သည် ပျောက်ကင်းပါစေသတည်း' လို့ သစ္စာဆိုပြန်တယ်။

'အဲဒီအခါ သုဝဏ္ဏသာမမှာ မြားဆိပ်တွေ လုံးဝ ပျောက်ကင်းသွားတဲ့ အတွက် ထပြီး ထိုင်တယ်။ အဲဒါကြောင့် သစ္စာဆိုတာ အထင်မသေးပါနဲ့ ငါ့မြေးရယ်၊ အင်မတန် ထက်မြက်တယ်၊ စူးရှတယ်၊ အာနုဘော်ကြီးတယ်၊ အမှန်စင်စစ်တော့ သူများက ကိုယ့်အတွက် သစ္စာဆိုတာထက် ကိုယ့်ဟာ ကိုယ် သစ္စာဆိုနိုင်ရင် သစ္စာဟာ ပိုပြီး အာနုဘော်ကြီးသေးတယ်။

သာဓကတစ်ခုကို ဘိုးဘိုး ပြောပြဦးမယ်။

ကပ္ပိတန် သုပ္ပာရက

'ဘိုးဘိုးတို့ ဘုရားအလောင်းတော်ဟာ ရှေးဘဝတစ်ခုတုန်းက ပင်လယ်ကူး ရွက်သင်္ဘောမှာ ကပ္ပိတန်လုပ်တယ်၊ နာမည်ကတော့ သုပ္ပာ ရကလို့ ခေါ်တယ်၊ အိုလာတဲ့အခါကျတော့ ကပ္ပိတန် သုပ္ပာရကဟာ မျက်စိမှုန်တာနဲ့ ကပ္ပိတန်အလုပ်က အငြိမ်းစားယူလိုက်တယ်၊ ဒါပေမဲ့ တစ်နေ့ကျတော့ ကုန်သည်တွေကို ငိုင်းပြီး တောင်းပန်တာနဲ့ ပင်လယ်ကူး



ရွက်သင်္ဘောတစ်စင်းမှာ ပြန်လိုက်သွားတယ်၊ ပင်လယ်ထဲမှာ ခုနစ်ရက် လောက် ကြာတော့ အင်မတန်ပြင်းထန်တဲ့ လေမုန်တိုင်းကြီး ကျလာပြီး ဝလဝါမုခ သမုဒ္ဒရာထဲကို သင်္ဘောရောက်သွားရင် သင်္ဘောဟာ နောက် ပြန်ဆုတ်လို့ မရတော့ဘူး၊ လှိုင်းတွေလေတွေကြားထဲမှာ သင်္ဘောနစ်ပြီး ကပ္ပိတန်ရော ကုန်သည်တွေရော သင်္ဘောသားတွေရော အားလုံး သေကုန် ကြမယ်၊ အဲဒီအခါ ဘုရားအလောင်းတော် ကပ္ပိတန် သုပ္ပာရက က ဒီလို သစ္စာဆိုတယ်၊ 'ကျွန်ုပ်သည် လူမှန်းသိမြင်ကာ လိမ္မာလာသည့်အချိန်ကစ၍ သတ္တဝါတစ်ယောက်ကိုမျှလည်း မညှဉ်းဆဲခဲ့ဖူးပါ၊ မြက် ဝါးခြမ်းစကအစ သူတစ်ပါး၏ဥစ္စာကို မခိုးယူဖူးပါ၊ လောဘ၏အစွမ်းဖြင့် သူတစ်ပါး သားမယားကို ကြည့်ရှုမျှပင် မကြည့်ဖူးပါ၊ မုသားစကား မပြောဖူးပါ၊ မြက်ဖျား ဖြင့်လည်း သေအရက်ကို မသောက်ဖူးပါ၊ ဤသစ္စာစကားကြောင့် ဤ ရွက်သင်္ဘောသည် ချမ်းသာစွာနှင့် နေရင်းဌာနသို့ ပြန်လည်ဆိုက်ရောက်စေ သတည်း' လို့ ဘုရားအလောင်းက အဲဒီလို သစ္စာပြုတော်မူတယ်၊ ဒီသစ္စာရဲ့ အာနုဘော်ကြောင့် သင်္ဘောဟာ ချောချောမောမောနဲ့ ဆိပ်ကမ်းကိုပြန်ရောက် သွားတယ်။

အဲဒီအခါ မိုးအောင်ဟာ 'ဘိုးဘိုးရယ်၊ တပည့်တော်ဟာ သစ္စာကို ဘယ်လိုဆိုမလဲ၊ တပည့်တော်ဟာ သူ့အသက်ကိုလဲ အများကြီးသတ်ခဲ့ဖူး တယ်၊ သူ့ဥစ္စာကိုလဲ အများကြီး ခိုးခဲ့ဖူးတယ်၊ တိုက်ခဲ့ဖူးတယ်၊ သူများ သားမယား သားသမီးပျိုကိုလဲ အများကြီး ဖျက်ဆီးခဲ့ဖူးတယ်၊ မမှန်တာ ကိုလဲ အများကြီးပြောခဲ့ဖူးတယ်၊ အရက်ကိုလဲ အများကြီးသောက်ခဲ့ဖူးတယ်၊ ဒီတော့ သစ္စာဆိုဖို့နဲ့ တပည့်တော်နဲ့ဟာ အင်မတန်ကြီး ဝေးနေပြီထင်ပါရဲ့ ဘိုးဘိုးရယ်' လို့ လျှောက်တယ်။

'ငါ့မြေး၊ သစ္စာဆိုတယ် ဆိုတာဟာ မှန်တာကို ဆိုတာပဲ၊ ငါ့မြေး သစ္စာဆိုနိုင်အောင် ဒီလိုလုပ်ကွယ်၊ ငါ့မြေးဟာ ငါးပါးသီလ စောင့်နိုင်ပါ့

www.burmeseclassic.com

www.burmeseclassic.com



မလား၊ ငါးပါးသီလစောင့်တယ်ဆိုတာ သူ့အသက်သတ်တာ၊ သူ့ဥစ္စာခိုး... တိုက်တာ၊ သူ့မယား၊ သားပျို သမီးပျိုကို ဖျက်ဆီးတာ၊ မမှန်တာကိုပြော... အရက်သောက်တာ၊ အဲဒီ ငါးခုကို ရှောင်တာပါပဲ၊ အဲဒီ ငါးပါးသီ... စောင့်ပြီးတာနဲ့ လူလေး ဒီလို သစ္စာဆိုနိုင်ပြီ။

'အရင်တုန်းက ငါဟာ သူ့အသက်ကိုလဲ သတ်ခဲ့တယ်၊ သူ့ဥ... ကိုလဲ ခိုးခဲ့ တိုက်ခဲ့တယ်၊ သူ့မယား၊ သားပျို သမီးပျိုကိုလဲ ဖျက်... တယ်၊ မမှန်တာလဲ ပြောခဲ့တယ်၊ အရက်လဲ သောက်ခဲ့တယ်၊ ဒီ... ငါးပါးသီလ စောင့်ပြီးကတည်းက ငါဟာ သူ့အသက်ကို မသတ်တော့... သူ့ဥစ္စာကို မခိုးတော့ မတိုက်တော့ဘူး၊ မမှန်တာ မပြောတော့ဘူး၊ အ... မသောက်တော့ဘူး၊ ဒီသစ္စာစကားကို ငါဆိုတယ်၊ ဒီသစ္စာစကားရဲ့ တ... တော်ဖော့ အာနုဘော်ကြောင့် ငါ့ရောဂါဝေဒနာဟာ လျင်မြန်စွာ ပပျော... စေသတည်း၊ အဲဒီသစ္စာကို ခဏခဏဆိုပေး၊ လူကလေးဆိုတဲ့ သစ္စာ... အင်မတန် စူးရှမယ်၊ ထက်မြက်မယ်၊ ငါ့မြေးလိုပဲ မကောင်းတာ... လုပ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်သုံးဦးဟာ သူတို့ရဲ့ မကောင်းတာတွေကို မှန်တဲ့အ... သစ္စာဆိုခဲ့တဲ့အတွက် မြွေဆိပ်တက်နေတဲ့ကလေးဟာ အသက်ချမ်းသာ... သာဓကတစ်ခုရှိတယ်။

ကဏှဒီပါယနရသေ့ သစ္စာ

'ရှေးတုန်းက မဏ္ဍဗျသူကြွယ်နဲ့ သူ့မယားဟာ ကဏှဒီပါယန... ကို အဖျော်ရည်ကပ်ပြီး စကားပြောနေတုန်း သူတို့ရဲ့သားကလေး ယညဒ... ကို မြွေကိုက်လိုက်တယ်၊ အဲဒီအခါ ရသေ့ကစပြီး 'ငါသည် လူ့ဘော... ငြီးငွေ့၍ ရသေ့ပြုခဲ့ရာ ခုနစ်ရက်သာ ကြည်လင်သောစိတ်ဖြင့် နေနိုင်... ခုနစ်ရက်လွန်သည့်နောက် ယနေ့တိုင် နှစ်ပေါင်း ငါးဆယ်ရောက်အော... လုံးဝပင် စိတ်မကြည်လင်၊ မပျော်မွေ့ခဲ့ပါ၊ အောင့်အည်း၍သာ နေခဲ့ရပါ... ...သစ္စာစကားကြောင့် တက်နေသောအဆိပ်ပြေပျောက်၍ ယညဒတ္တသူငယ် ...သက်ရှင်စေသတည်း' လို့ သစ္စာဆိုတယ်၊ အဲဒီအခါ မြွေဆိပ်ဟာ ခေါင်းက ...ပြီး ရင်အထိကျလာတယ်၊ မြွေဆိပ်တက်နေတဲ့ကလေးဟာ မျက်စိဖွင့် ...ည့်ပြီး 'အမေ၊ အဖေ' လို့ ခေါ်တယ်၊ ပြီးတော့မှ လူးလွန့်ပြီး အိပ်သွား ...တယ်။

ရသေ့ သစ္စာဆိုပြီး အဖေကလည်း 'ကျွန်ုပ်သည် ရဟန်း ပုဏ္ဏား ...ည့်သည်များ ဆိုက်ရောက်လာတဲ့အခါ တစ်ကြိမ် တစ်ခါမျှ နှစ်သက်ခြင်း၊ ...ကြည်ညိုခြင်း အလျဉ်းမရှိပါ၊ ဤသို့ မကြည်ညို၊ မနှစ်သက်သည်ကိုလဲ ...ည်သူ့ကိုမျှ မသိစေခဲ့ပါ၊ ဖုံးဖိ၍ ထားခဲ့ပါ၏၊ လှူဒါန်းသောအခါ၌လည်း ...လှူချင်ဘဲနဲ့သာ ဟန်မပျက် လှူခဲ့ပေ၏၊ ဤသစ္စာစကားကြောင့် တက်နေ ...သောအဆိပ် ပြေပျောက်၍ သားငယ် ယညဒတ္တ အသက်ရှင်ပါစေသတည်း' ...လို့ သစ္စာဆိုတယ်၊ အဲဒီအခါ မြွေဆိပ်ဟာ ရင်ကနေပြီး ခါးလယ်ကျလာ ...တယ်၊ မြွေဆိပ်တက်နေတဲ့ကလေးဟာ ထထိုင်တယ်။

အဖေက ဒီလိုသစ္စာဆိုပြီးတော့ အမေကလည်း 'ကျွန်ုပ်သည် ...ကျွန်ုပ်၏ သားအား ကိုက်တဲ့မြွေကို မခင်မင်ပါ အလွန်မုန်းပါသည်၊ ...ဤမြွေကို မုန်းသည်နှင့်မခြား ထပ်တူထပ်မျှ ကလေးရဲ့အဖေ မဏ္ဍဗျသူကြွယ် ...ကိုလဲ မုန်းလှပါသည်၊ ဤသစ္စာစကားကြောင့် တက်နေသောအဆိပ် ပြေ ...ပျောက်၍ ကျွန်တော်မ၏သား ယညဒတ္တဟာ အသက်ရှင်ပါစေသတည်း' လို့ ...သစ္စာဆိုပြန်တယ်၊ အဲဒီအခါ ခါးအထိ ကျန်နေသေးတဲ့ မြွေဆိပ်တွေ ...ပျောက်ပြီး ကလေးအသက်ရှင်တယ်။

'အဲဒီလို သစ္စာဆိုပြီးကြတော့မှ ရသေ့ရော၊ သူကြွယ်ရော၊ သူ့မယား ...ရာ သုံးယောက်စလုံးဟာ သူတို့ရဲ့ မကောင်းမှုတွေကို စွန့်ပစ်လိုက်ကြပြီ၊ ...ရသေ့လဲ ရသေ့ကောင်း ဖြစ်သွားတယ်၊ သူကြွယ်လဲ သဒ္ဓါတရားနဲ့ပြည့်စုံတဲ့ ...ဖြစ်သွားတယ်၊ မယားလဲ လင်ပေါ်မှာ သစ္စာရှိတဲ့မယား ဖြစ်သွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် မကောင်းတာပဲဖြစ်စေ၊ မှန်တဲ့အတိုင်းဆိုရင် သစ္စာဖြစ်ရ တယ်၊ အဲဒီတော့ ငါ့မြေး သစ္စာဆိုနိုင်အောင် ငါးပါးသီလစောင့်နိုင်ပါ့မလား လို့ ဘိုးဘိုး ဦးစန္ဒောဘာသက မေးတယ်။

ဘိုးဘိုးဦးစန္ဒောဘာသ တရား၌ သက်ဝင်

မိုးအောင်ဟာ ဒီဒဏ်ရာနဲ့ သူသေမှာပဲလို့တောင် သူ့စိတ်နှလုံး တုံးတုံးချလိုက်ပြီးပြီ။ အဲဒီဘဝကနေပြီး သူ့ဘိုးဘိုးရဲ့ သစ္စာရေကြောင့် သူဟာ ထူးထူးခြားခြား အခုလို သက်သာလာတာကို သူကိုယ်တိုင်တွေ့ ရတယ်။ အဲဒါကြောင့် သစ္စာဆိုတာဟာ အစွမ်းသားပဲလို့ သူ့စိတ်ထဲမှာ ယုံကြည်စပြုလာတယ်။

နောက်ပြီးတော့လည်း အဲဒီအခါတုန်းက မိုးအောင်မှာဖြစ်နေ စိတ်တွေဟာ မြေအမျိုးခံရကာနီး ဒေဝဒတ်မှာ ဖြစ်နေတဲ့ စိတ်မျိုးနဲ့တူ တယ်၊ ဒေဝဒတ်ဟာ ကျန်းမာပြီး အင်အားပြည့်ဖြိုးနေတုန်းက သူ့မာန တွေဟာ နားထင်ရောက်နေတယ်။

'အဲဒါကြောင့် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတောင် သတ္တဝါတွေရဲ့ ဘဝလွတ်မြောက်ရေးအတွက် ပါရမီဖြည့်ခဲ့ရတဲ့ ဘုရား ကျေးဇူးတော်အ ကိုလဲ ကျေးဇူးလို့ သူ မထင်ဘူး၊ ဘုရားကို အကြိမ်ကြိမ် သေကြောင်းကြံ တယ်၊ သူ့အမေပေါ်မှာရော၊ သူသတ်ရအောင်လိုက်တဲ့ အင်္ဂုလိမာလအပေါ် မှာရော၊ သူ့ကို ရန်မူရအောင် အရက်တွေမူးပြီး ပြေးဝင်လာတဲ့ နာဠာဂီရိ ဆင်ကိုရော၊ သားတော်ရာဟုလာအပေါ်မှာရော ညီမျှတဲ့မေတ္တာစိတ်ထားပြီး သံသရာဝဋ်ဆင်းရဲဒုက္ခတွေက လွတ်မြောက်စေချင်တဲ့ ဘုရားရဲ့ မဟာကရုဏာ တော်ကြီးကိုတောင် သူ့မာနတွေ နားထင်ရောက်နေတဲ့ အချိန်အခါတုန်းက ဒေဝဒတ်ဟာ နည်းနည်းကလေးမှ မမြင်နိုင်ခဲ့ဘူး။



အဲဒီမာနတွေ သူ့နားထင်ရောက်နေတဲ့အခါတုန်းက ဒေဝဒတ်ဟာ မေကိုလဲ သူ မကြောက်ဘူး၊ ဘုရား၊ တရား၊ သံဃာကိုလဲ သူကြောက်ဘူး၊ ဘယ်သူ့ကိုမှ သူ မကြောက်ဘူး၊ အဲဒါကြောင့် ဘုရားကိုတောင် စင်ပြိုင် ဆောင်ပြီး ခံတိုက်တယ်၊ လူသတ်သမားတွေကိုတောင် စေလွှတ်ပြီး ဘုရားကို အသတ်ခိုင်းတယ်၊ ဘုရားကိုသတ်ဖို့ သူကိုယ်တိုင် ကိဇ္ဈကုဋ်တောင်ပေါ်က ကျောက်တုံးနဲ့ လှိမ့်ချတယ်၊ နာဠာဂီရိဆင်နဲ့ တိုက်တယ်၊ ဒီလောက်မာနတွေ ထောင်လွှားပြီး လူသတ်သမားစိတ်တွေ ဝင်ခဲ့တဲ့ ဒေဝဒတ်ဟာ ရင်ဝကို သူ့တပည့် ကောကာလိက က ဒူးနဲ့တိုက်တာကိုခံရပြီး သွေးအန်၊ အတော် ကလေးကြာလို့ လမ်းတောင်မလျှောက်နိုင်တဲ့အထိ အားအင်တွေ ဆုတ်ယုတ် လာတော့မှ နားထင်ကပ်နေတဲ့ သူ့မာနတွေ ကျသွားတယ်။

အဲဒီတော့မှ မြတ်စွာဘုရားရဲ့ မဟာကရုဏာတော်၊ ကျေးဇူးဂုဏ်တော် တွေကို ဒေဝဒတ်ဟာ ကောင်းကောင်းမြင်လာတယ်၊ အဲဒါကြောင့် သူဟာ 'မြတ်စွာဘုရားကို ရန်ငြိုးဖွဲ့ပေမယ့် ပြစ်မှားခဲ့ပေမယ့် မြတ်စွာဘုရားဟာ သူ့အပေါ်မှာ ဆံဖျားကလေးလောက်တောင် ရန်ငြိုးမဖွဲ့ခဲ့ဘူး' လို့ ပြောပြီး ဘုရားကို ကန်တော့ရအောင် သူ့ကို ဘုရားကျောင်းတော် အပို့ခိုင်းတယ်၊ ဒါပေမယ့် ဘုရားကို မဖူးရခင် ကျောင်းတော်အနားမှာပဲ မြေမျိုခံနေရတဲ့ အထဲကတောင်

'များစွာထိုထို၊ ပုဂ္ဂိုလ်အပေါင်းတို့ထက် အထူးသဖြင့် မြတ်သော ပုဂ္ဂိုလ်ဖြစ်ထသော၊ နတ်တကာတို့ထက်မြတ်သော ဝိသုဒ္ဓိ နတ်မြတ်ဖြစ်တော် မူထသော၊ လူ နတ်တို့ကို နတ်ရွာသို့ရောက်အောင် ပို့ဆောင်ဆုံးမခြင်း၌ ရထားထိန်းသဖွယ် ဖြစ်တော်မူထသော၊ ထက်ဝန်းကျင်ကို အကြွင်းမရှိ သိမြင်ခြင်းငှာ စွမ်းနိုင်သော သဗ္ဗညုတဉာဏ်ရှိတော်မူထသော၊ အရာမက များပြားလှသော ဘုန်းလက္ခဏာနှင့် ပြည့်စုံတော်မူထသော ထိုမြတ်စွာ ဘုရားကို ငါသည် ဤအရိုးတို့ဖြင့်လည်းကောင်း၊ ဤအသက်တို့ဖြင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဘုရား’ လို့ ဆိုသွားလိုက်သေး တယ်။

မိုးအောင်လည်း တပည့်တွေက သေနတ်နဲ့ပစ်တာကိုခံရပြီး သေလု မြောပါးဖြစ်လာတဲ့အခါ ‘ငါ မိုက်တယ်၊ ငါ သတ္တိရှိတယ်၊ ငါ ဘယ်သူ့ကို လူထင်ရမလဲ’ ဆိုတဲ့ နားထင်ကပ်နေတဲ့ သူ့မာနတွေ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြတယ်။ ‘ဘယ်လောက်မိုက်တဲ့အကောင်ဖြစ်ဖြစ် ဘယ်လောက် သတ္တိရှိတဲ့အကောင်ဖြစ်ဖြစ် သေမင်းနဲ့ ရင်ဆိုင်တွေ့ရတဲ့အခါ ဘာမှ မတတ်နိုင်ပါကလား၊ ငရဲထိန်းဆိုတဲ့ အကောင်နက်ကြီးတွေ အချုပ် ခံရတဲ့အခါ ဘာမှ မတတ်နိုင်ပါကလား’ လို့ တွေးမိပြီး ဘာကိုမှ မကြောက် ခဲ့တဲ့ မိုးအောင်မှာ ကြောက်စိတ်တွေ တဖြည်းဖြည်းဝင်လာနေတယ်။

ဒီလို ကြောက်စိတ်တွေ ဝင်နေတာ အမှန်စင်စစ်တော့ မိုးအောင် အတွက် ကောင်းဖို့ချည်းပါပဲ။ လူဟာ ကြောက်လာရင် အားကိုးရာကို ရှာတာပဲ။ အဲဒီတော့ ကြောက်နေတဲ့မိုးအောင်ဟာ ကိုးကွယ်ရာကိုရှာတဲ့အခါ သူ့ဘိုးဘိုး ဦးစန္ဒာဘာသကို သူ တွေ့ရတယ်။ ဒီလို တောကြီးမျက်မည်း ထဲမှာ ဘာဆေးဝါးမှ မရှိဘဲ သူ့ဘိုးဘိုးဟာ သစ္စာရေတစ်ခုတည်းနဲ့ သူ့ကို သေလုမြောပါးဖြစ်နေတဲ့ဘဝက ထူးထူးခြားခြားကြီး သက်သာသွား အောင် လုပ်ပေးခဲ့တယ်။ ဒီလိုလုပ်ပေးနိုင်တဲ့ သူ့ဘိုးဘိုးဟာ တန်ခိုးရှိတဲ့သူ ဖြစ်ရမှာပဲလို့ သူ့ဘိုးဘိုးကို ယုံကြည်လာတယ်။ အဲဒါကြောင့် ဘိုးဘိုးဟာ တန်ခိုးရှိတဲ့သူအဖြစ်နဲ့ ဘိုးဘိုးကို သူ အားကိုးတယ်။

နောက်ပြီးတော့လည်း အရင်တုန်းကဆိုရင် ‘လောကမှာ ကျေးဇူး ဆိုတာ မရှိဘူး၊ ကိုယ်ကျိုးကြည့်ပြီး တစ်ယောက်ကို တစ်ယောက် ကူညီ တာသာရှိတယ်၊ သူ့ကို အကူအညီပေးသမျှဟာတွေဟာ သူရိုက်မှာ၊ ခုတ်မှာ၊ ထိုးမှာ၊ သတ်မှာကို ကြောက်ပြီး ပေးတာရင်လည်း ဖြစ်ရမယ်၊ သူရိုက်ရတာ၊ ခုတ်ရဲ၊ ထိုးရဲ၊ သတ်ရဲတာ၊ ခိုးရဲ၊ တိုက်ရဲတာတွေကို



အသုံးချချင်လို့ ပေးတာရင်လဲ ဖြစ်ရမယ်’ လို့ မိုးအောင်က အမြဲတမ်းယူဆ တယ်။

ဒါပေမယ့် သူ့ ဘိုးဘိုးဆီကို ရောက်လာတဲ့အခါ သူ့အယူအဆ ဟာ မှားနေပြီဆိုတာ သူ တရေးရေးမြင်လာတယ်။ သူ့ဘိုးဘိုးဟာ ဘာမှ ကြောက်စရာမရှိလို့သာ ဒီလို တောကြီးမျက်မည်းထဲမှာ ဘိုးဘိုးစနဲ့ တစ်ယောက်တည်း လာနေတာပေါ့။ သူ့ရဲ့ ရိုက်ရဲ၊ မိုက်ရဲ၊ ခုတ်ရဲ၊ ထိုးရဲ၊ တိုက်ရဲတာတွေကို ဘိုးဘိုးက အသုံးချဖို့တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဘိုးဘိုးဟာ ဒါတွေကို အသုံးချဖို့နေနေသာသာ သူနဲ့တွေ့သမျှ သူ့ဘိုးဘိုး ဟာ ဒါတွေကို ချီးမွမ်းတောင် မချီးမွမ်းဖူးဘူး။ အမြဲ အပြစ်ပြောတယ်။ ဒါတွေကို စွန့်လွှတ်ဖို့ အမြဲတရားဟောတယ်။

ဒါတွေတင် မကသေးဘူး။ ဘိုးဘိုးဟာ မြို့မှာ တိုက်ကျောင်းနဲ့ ကောင်းကောင်းနေနိုင်လျက်သားနဲ့ တောကြီးမျက်မည်းထဲမှာ ဝါးကျောင်း လေးနဲ့ လာနေတယ်။

ပိုးသက်န်း၊ ကတ္တီပါသက်န်းတွေကို ဘိုးဘိုးသာ လိုချင်တယ်ဆိုရင် လိုသလောက် ရနိုင်လျက်သားနဲ့ ဘိုးဘိုးဟာ ချည်သင်္ကန်းသုံးထည်ကိုသာ ဆောင်တယ်။ အပိုမဆောင်ဘူး။

ဝက်သား၊ ကြက်သား ဟင်းကောင်းတွေကို ကြိုက်သလောက်စားနိုင် လျက်သားနဲ့ ဘိုးဘိုးဟာ ဆွမ်းတစ်ထပ်တည်း ဆင်းဆင်းရဲရဲ စားနေတယ်။ ငွေ ဆိုပြန်ရင်လဲ လက်နဲ့တောင် မတို့ဘူးဆိုတော့ သူက လှူချင်ပါတယ် ဆိုရင်တောင် သူ့ဘိုးဘိုးက ဘာကိုမှ လက်ခံမှာ မဟုတ်ဘူး။

အဲဒီတော့ သူ့ဘိုးဘိုးက သူ့အသက်ကို ကယ်တာဟာ ဘာကိုမှ မျှော်လင့်ပြီး ကယ်တာမဟုတ်ဘူး။ စေတနာကောင်းနဲ့ ကယ်တာပဲ။ အဲဒီလို စေတနာကောင်းနဲ့ ကယ်တဲ့သူဟာ သူ့ကျေးဇူးရှင်အစစ်ပဲဆိုပြီး သူ့ဘိုးဘိုးကို မိုးအောင်ဟာ ကျေးဇူးရှင်အဖြစ်နဲ့လည်း အားကိုးတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့လည်း အရင်တုန်းကဆိုရင် သူ့အမေလိုလူမျိုးအ တောင် သူရထိုက်တဲ့အမွေကိုလည်း မပေးဘူး။ သူ့ကိုလည်း အိမ်ပေါ်က နှင်ချလိုက်တယ်လို့ သူ့အပြစ်ကို မမြင်ဘဲ အမေကိုသာ တစ်ဖက်သတ် အထင်လွဲပြီး လောကမှာ မေတ္တာစစ်ရှိတဲ့သူဆိုတာ မရှိဘူး၊ ရမယ်သာဆိုရင် ဘနဖူး သိုက်တူးမယ့်သူတွေသာ ရှိတယ်လို့ သူ ယူဆခဲ့တယ်။

ဒါပေမယ့် အခု သူ့ဘိုးဘိုးဆီကို ရောက်လာတဲ့အခါ သူ့အယူအဆ တွေဟာ မှားနေပြီဆိုတာ သူက ရေးရေးမြင်လာပြီး သူ့အပေါ်မှာ မေတ္တာ စစ် ရှိတဲ့သူအဖြစ်နဲ့လည်း သူ့ဘိုးဘိုးကို သူ အားကိုးတယ်။

အဲဒီလို သူ အားကိုးနေတဲ့ဘိုးဘိုးက 'ငါ့မြေး၊ ငါးပါးသီလစောင့်နိုင် ပါ့မလား' လို့ မေးလိုက်တဲ့အခါ ရှေးတုန်းက ဒါနတို့၊ သီလတို့ကို အယုံ အကြည် မရှိခဲ့ဖူးတဲ့ မိုးအောင်ရဲ့စိတ်ထဲမှာ ငါးပါးသီလကိုသာ သူစောင့် နိုင်ရင် သူ့ဘိုးဘိုးပြောသလို သူ့ဆေဒနာဟာ နောက်ထပ်ပြီး ထူးထူးခြားခြား ကြီး သက်သာသွားလိမ့်ဦးမယ်လို့ ယုံကြည်တဲ့သဒ္ဓါတရားတွေဟာ မဖြစ်စဖူး ထူးထူးကဲကဲ ပေါ်လာတယ်။

## မိုးအောင် ငါးပါးသီလခံ သစ္စာဆိုပြီ

အဲဒါကြောင့် မိုးအောင်ဟာ 'ငါးပါးသီလကို စောင့်ပါ့မယ်' လို့ ခေါင်းညိတ်လိုက်တယ်။

အဲဒီအခါ ဘိုးဘိုး ဦးစန္ဒောဘာသက 'ကဲ ငါ့မြေး၊ လက်အုပ်ချီ ပြီးတော့မှ ဘိုးဘိုးဆိုတာတွေကို လိုက်ဆို၊ ကြားလား' လို့ ပြောတယ်။

မိုးအောင်က သူ့ကို ထူပေးဖို့ ဘိုးဘိုး ဦးဘိုးစကို ပြောတယ်။ ဘိုးဘိုး ဦးစန္ဒောဘာသက 'ကိစ္စမရှိပါဘူး ငါ့မြေးရယ်၊ နေမကောင်းတဲ့ လူဟာ အိပ်လျက်ပဲ သီလယူနိုင်ပါတယ်' လို့ ပြောတယ်။ ဒါပေမယ့် မိုးအောင်က ထိုင်ပြီး သီလယူချင်တဲ့စိတ်တွေ ပြင်းပြနေတာနဲ့ ဦးဘိုးစက



ထူပေးရတယ်။ ခြေထောက်ကတော့ မကွေးနိုင်သေးလို့ ခြေဆင်းလျက်ပဲ ထားပြီး ဘိုးဘိုး ဦးဘိုးစက မိုးအောင်ရဲ့နောက်နားက ဖက်ထားရတယ်။

'ကဲ ငါ့မြေး၊ ဘိုးဘိုးဆိုတာကို လိုက်ဆို' လို့ ဦးစန္ဒောဘာသက စ လိုက်ပြီး အခုလို ဆိုပေးတယ်။ မိုးအောင်က လက်အုပ်ချီပြီး လိုက်ဆို တယ်။

တပည့်တော်သည် မြတ်စွာဘုရားကို ရှိခိုးပါ၏။
တပည့်တော်သည် တရားတော်ကို ရှိခိုးပါ၏။
တပည့်တော်သည် သံဃာတော်ကို ရှိခိုးပါ၏။
တပည့်တော်သည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့အား နှုတ်နှင့်လည်းကောင်း၊ ကိုယ်နှင့်လည်းကောင်း၊ စိတ်နှင့်လည်းကောင်း ပြစ်မှားမိခဲ့သမျှတို့ကို သည်းခံတော်မူကြပါဘုရား။
အရှင်ဘုရား၊ တပည့်တော်အား ငါးပါးသီလကို ပေးတော်မူပါဘုရား။
(သုံးခေါက်ဆို)
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
ဘုန်းတော်ကြီးသော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံ သော တရားတို့ကို ကိုယ်တိုင်မှန်ကန်စွာ သိတော်မူသော မြတ်စွာ ဘုရားကို တပည့်တော် ရှိခိုးပါသည် ဘုရား။ (သုံးခေါက်ဆို)
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။)
ဓမ္မံ သရဏံ ဂစ္ဆာမိ။
(တရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။)
သံဃံ သရဏံ ဂစ္ဆာမိ။
(သံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။)
ဒုတိယမ္ပိ၊ တတိယမ္ပိ ထည့်ပြီး သုံးခေါက် ဆိုပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁။ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါမယ် ဘုရား။
၂။ သူတစ်ပါးဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ပါမယ် ဘုရား။
၃။ သူတစ်ပါးမယား သားပျို သမီးပျိုတို့ကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ပါမယ် ဘုရား။
၄။ မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါမယ် ဘုရား။
၅။ သေရည် သေရက် သောက်ခြင်းမှ ရှောင်ကြဉ်ပါမယ် ဘုရား။

'ကဲ ငါ့မြေး၊ အခု ဆိုခဲ့တဲ့ သိက္ခာပုဒ်တွေကို ကောင်းကောင်း စောင့်ထိန်းနော်၊ ကြားလား' လို့ ပြောတယ်။

မြေး မိုးအောင်က 'တင်ပါဘုရား' လို့ ဖြေတယ်။

အဲဒီနောက် ဘိုးဘိုးစန္ဒောဘာသက မြေး မိုးအောင်ကို အိပ်ရာဝေါ ပြန်အလှဲခိုင်းတယ်။ အိပ်ရာပေါ်မှာ မိုးအောင် လှဲပြီးတော့မှ 'ငါ့မြေး အခု ဘိုးဘိုးပြောမယ့် သစ္စာကို သတိရတိုင်း ဆိုပေးနေပါ။

အရင်တုန်းက

ငါဟာ သူများအသက်ကို သတ်ခဲ့တယ်။

သူများပစ္စည်းကို ခိုးခဲ့တယ်။

သူများ မယား သားပျိုသမီးပျိုတွေကို ကျူးလွန်ခဲ့တယ်။

လိမ်ပြောခဲ့တယ်။

သေရည်သေရက်ကို သောက်ခဲ့တယ်။

အခု ငါးပါးသီလ စောင့်ထိန်းပြီး အချိန်ကစပြီး

သူများအသက်ကို မသတ်ဘူး။

သူများသားမယား သားပျို သမီးပျိုကို မကျူးလွန်ဘူး။

လိမ်မပြောဘူး။

သေရည်သေရက်ကို မသောက်ဘူး။

ဒီသစ္စာစကားကို ငါဆိုတယ်။



ဒီသစ္စာစကားရဲ့ တန်ခိုးကြောင့် ငါ့ဝေဒနာ မြန်မြန်ပျောက်ပါစေ။

'အဲဒီသစ္စာစကားကို ခဏခဏ သတိရတိုင်းဆိုပေးနေ၊ ဒီသစ္စာရဲ့ တန်ခိုးကို ငါ့မြေးကိုယ်တိုင် တွေ့ရပါလိမ့်မယ်၊ ရေတတ်တိုင်း အဲဒီသစ္စာရေကို သောက်ပေး၊ အနာထဲလဲ ဒီသစ္စာရေကို နည်းနည်း နည်းနည်းထည့်ပေး၊ အင်မတန်ကြီးဆိုးတဲ့ အခြေအနေက အခုလို ဖြစ်လာတယ်ဆိုရင် အခု အခြေအနေက ဒါ့ထက် သက်သာတဲ့ အခြေအနေကို ရောက်ရမှာပေါ့၊ အစတုန်းက ဘိုးဘိုးတစ်ယောက်တည်း သစ္စာဆိုရတယ်၊ အခု ငါ့မြေးပါ ဝင်ပြီး သစ္စာဆိုနိုင်တဲ့အတွက် ဘိုးဘိုးလဲ ငါ့မြေးအတွက် အများကြီးအားရှိ လာတယ်၊ ငါ့မြေးရဲ့သစ္စာကို သတိရတိုင်း ခဏခဏဆိုပေးနေ၊ ကဲ ဘိုးဘိုး ကျောင်းကို ခဏပြန်လိုက်ဦးမယ်' လို့ ပြောပြီး ထပြန်သွားတယ်။

ဦးဘိုးစလည်း မိုးအောင်ကို သောက်ရေအိုးထဲက သစ္စာရေနည်းနည်း ခပ်တိုက်တယ်။ ပြီးတော့ ပေါင်က အနာထဲကိုလည်း သစ္စာရေလောင်းချ တယ်။ မိုးအောင်လည်း ပါးစပ်က တိုးတိုး တိုးတိုးနဲ့ သူ့ဘိုးဘိုး မှာသွားတဲ့ အတိုင်း သစ္စာဆိုတယ်၊ တစ်နာရီလောက်ကြာတော့ မိုးအောင် အိပ်မောကျ သွားတယ်၊ လူမမာမိုးအောင်လည်း ကယောင်ကတမ်းမပြောတော့ဘဲ ငြိမ်ပြီး အိပ်မောကျသွားတာနဲ့ ဦးဘိုးစလည်း မိုးအောင်ရဲ့ဘေးနားမှာ စိတ်ချလက်ချ အိပ်ပျော်နေတယ်။ သန်းခေါင်ကျော် နှစ်ချက်တီးလောက်ကျတော့ မိုးအောင် နိုးလာတယ်။ ဦးဘိုးစကို နှိုး၊ ဆီးသွား၊ သစ္စာရေ တစ်ခွက် တောင်းသောက်၊ အနာထဲလည်း သစ္စာရေနည်းနည်းအထည့်ခိုင်းပြီး သူ့ဘိုးဘိုးပြောတဲ့အတိုင်း သူသစ္စာကိုဆိုနေရင်း တရားတော်ရဲ့ဆန်းကြယ်ပုံ၊ အံ့သြစရာကောင်းပုံ တွေဟာ မိုးအောင်ရဲ့ခေါင်းထဲမှာ တစိမ့်စိမ့် ပေါ်နေတယ်။

'ဘိုးဘိုး ဒီလောက်တောင် ပြောနေရင် ငရဲဆိုတာ အမှန်ရှိမှာပဲ၊ ဒီငရဲကိုကျရတာ သိပ်ကြောက်စရာကောင်းမှာပဲ' ဆိုတဲ့ အတွေးတွေလည်း မိုးအောင်ရဲ့ ခေါင်းထဲမှာ ခဏခဏ ပေါ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မနက် ခြောက်နာရီလောက်ရှိတော့ ဘိုးဘိုးဦးစန္ဒောဘာသ ရောက်လာတယ်။ 'ငါ့မြေး ဘယ့်နှယ်နေသေးသလဲ' လို့ မေးတဲ့အခါ

မိုးအောင်က ဝမ်းသာအားရဖြစ်နေတာတွေဟာ အထင်းသားပေါ်နေတဲ့ မျက်နှာနဲ့ 'ဘိုးဘိုးပြန်သွားပြီး တပည့်တော် သစ္စာဆိုနေတုန်း အိပ်ပျော်သွားတယ်' လို့ မိုးအောင်က လျှောက်တယ်။

'ပေါင်ကအနာကော ဘယ့်နှယ်နေသေးသလဲ' လို့ ဘိုးဘိုးဦးစန္ဒောဘာသက ဆက်မေးတယ်။

'ပျောက်သလောက်ရှိသွားပါပြီ၊ မဆိုသလောက်ကလေးပဲ ကျန်တော့တယ်' လို့ ဝမ်းသာအားရဖြစ်တဲ့လေသံနဲ့ မိုးအောင်က ဖြေတယ်။

အဲဒီလိုဖြေပြီးတော့မှ 'ဘိုးဘိုးရယ် လူဆိုးတစ်ယောက်ကို ငရဲမကျအောင် တားနိုင်တဲ့ တရားဆိုတာ အဟုတ်ပဲရှိသလား' လို့ လျှောက်တယ်။

'မြတ်စွာဘုရားဟောတော်မူတဲ့အတိုင်းသာ ငါ့မြေး ကျင့်နိုင်ရင် ငါ့မြေးဟာ ငရဲကို ဘယ်တော့မှ မကျရဘူး' လို့ ဘိုးဘိုးဦးစန္ဒောဘာသက ပြောတယ်။

'ဘိုးဘိုးရယ်၊ တပည့်တော်ဟာ အများကြီး ဆိုးခဲ့ဖူးတာပဲ၊ ဒီလိုဆိုးခဲ့တဲ့ လူတစ်ယောက်ကို ဘယ်တော့မှ ငရဲမကျအောင် တားပေးနိုင်တဲ့တရားဆိုတာ တကယ်ပဲ ရှိသလား ဘိုးဘိုးရယ်၊ တပည့်တော် စိတ်ချမ်းသာအောင် ဘိုးဘိုးက ပြောနေတာလား၊ ဘိုးဘိုးပြောရင်တော့ တပည့်တော် ယုံပါတယ်၊ အဲဒါကြောင့် ဘိုးဘိုးရယ်၊ မှန်မှန်ပြောစမ်းပါ၊ တပည့်တော်လိုလူစားမျိုးဟာ ငရဲကို ဘယ်တော့မှမကျအောင် တစ်ခါထဲ ကယ်တင်နိုင်တဲ့တရားဆိုတာ တကယ်ပဲရှိသလား ဘိုးဘိုးရယ်' လို့ မိုးအောင်က မေးတယ်။

## အင်္ဂုလိမာလထုံး နှလုံးပြု

'ဘုန်းကြီးဆိုတာ လိမ်မပြောကောင်းဘူး ငါ့မြေး၊ မြတ်စွာဘုရားဟောတဲ့အတိုင်း ကျင့်နိုင်ရင် ငါ့မြေးဟာ ငရဲကို ဘယ်တော့မှ မကျရဘူး၊



ငါ့မြေး ဆိုးတယ်ဆိုတာ ဘာဟုတ်သေးသလဲ၊ အင်္ဂုလိမာလကို မမီသေးပါဘူး။

'အင်္ဂုလိမာလဟာ ဓားရာကို လက်ညှိုးပေါင်းတစ်ထောင်နဲ့ ပူဇော်ဖို့ဆိုပြီး လူတွေကို လိုက်သတ်လိုက်တာ တစ်ထောင်မကဘူး၊ အဲဒါနဲ့ တိုင်းသူပြည်သားတွေက ပသေနဒီကောသလမင်းကြီးကို ဝိုင်းပြီးတိုင်တဲ့အခါ မင်းကြီးကိုယ်တိုင် အင်္ဂုလိမာလကို ဖမ်းဖို့ စစ်တပ်နဲ့ ထွက်လာတယ်၊ အင်္ဂုလိမာလရဲ့ အမေကလဲ 'မင်းကြီးကိုယ်တိုင် စစ်တပ်နဲ့ထွက်ဖမ်းရင်တော့ သူ့သားမိတော့မှာပဲဆိုပြီး သူ့သားအပေါ်မှာရှိတဲ့ မိခင်တို့ရဲ့မေတ္တာ ကရုဏာတွေကြောင့် သူ့သားကို တခြားမှာ သွားပုန်းနေအောင်ပြောဖို့ အင်္ဂုလိမာလရှိတဲ့ တောထဲကို တစ်ယောက်တည်း ထွက်လာတယ်၊ အဲဒီအခါ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူနေတဲ့ မြတ်စွာဘုရားသခင်ရဲ့ ဉာဏ်တော်ထဲမှာ ဒီလိုပေါ်လာတယ်၊ 'အင်္ဂုလိမာလ အမေကလည်း သူ့သားဆီကို သွားနေတယ်၊ အင်္ဂုလိမာလကလည်း လက်ညှိုးရရင်ပြီးရော၊ အမေဖြစ်ပေမဲ့ ရှောင်ဘူး၊ ဘယ်သူပဲဖြစ်ဖြစ် သတ်မယ်' လို့ သန္နိဋ္ဌာန်ချထားတယ်၊ အမေကိုသာ အင်္ဂုလိမာလ သတ်လိုက်မယ်ဆိုရင် ဘယ်သူမှ အင်္ဂုလိမာလကို ကယ်နိုင်တော့ဘူး၊ အင်္ဂုလိမာလသေတာနဲ့ ငရဲကျရတော့မယ်၊ အကယ်၍သာ ငါဘုရားနဲ့ တွေ့ရရင် အင်္ဂုလိမာလဟာ အမေကိုလည်း သတ်ဖြစ်မှာ မဟုတ်ဘူး၊ အကျွတ်တရားရပြီး ဒီဘဝမှာပဲ ရဟန္တာဖြစ်နိုင်တယ်၊ အဲဒီလို ရှင်တော်မြတ်ဘုရားရဲ့ ဉာဏ်တော်မှာ လာထင်တယ်။

'အဲဒါကြောင့် မြတ်စွာဘုရားဟာ အင်္ဂုလိမာလဆီကို ကြွသွားတယ်၊ လမ်းမှာတွေ့တဲ့လူတွေက 'အင်္ဂုလိမာလ သိပ်ဆိုးတယ်၊ လူသုံးလေးဆယ် စုပြီးသွားတာတောင် အင်္ဂုလိမာလဟာ အကုန်လိုက်သတ်တာပဲ၊ အရှင်ဘုရား တစ်ပါးတည်း မကြွပါနဲ့' လို့ ရှင်တော်မြတ်ဘုရားကို တားကြတယ်။ သို့ပေမယ့် မြတ်စွာဘုရားကတော့ ကြွမြဲ ကြွသွားပြီး အင်္ဂုလိမာလဟာ

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေကို သတ်ရအောင်အလိုက် အင်္ဂုလိမာလနဲ့ သူ့အမေကြား မြတ်စွာဘုရားက ဝင်ပြီး ရပ်တော်မူလိုက်တယ်၊ အင်္ဂုလိမာလကလည်း သူ့အမေနောက်ကို မလိုက်တော့ဘဲ မြတ်စွာဘုရားရဲ့နောက် သတ်ရအောင် လိုက်တယ်။

'အင်္ဂုလိမာလဟာ တောထဲမှာ ဆင်တွေ မြင်းတွေ သမင် ဒရယ် တွေကို မီအောင် လိုက်ဖမ်းနိုင်တဲ့အထိ အပြေးသန်ပေမယ့် မြတ်စွာဘုရားရဲ့ တန်ခိုးတော်ကြောင့် မြတ်စွာဘုရား ဖြည်းဖြည်းကြွနေတာကို မီအောင် မလိုက်နိုင်ဘူး၊ အတော်ကြာတော့ အင်္ဂုလိမာလဟာ မောလာပြီး ရပ်လိုက် တယ်၊ အဲဒီလိုရပ်ပြီးတော့မှ ဖြည်းဖြည်းကြွသွားနေတဲ့ မြတ်စွာဘုရား 'ရဟန်းကြီး ရပ်လိုက် ရပ်လိုက်' လို့ အော်ပြောတယ်၊ မြတ်စွာဘုရားက 'ငါ ရပ်နေတယ်၊ မင်းသာ မရပ်တာ' လို့ ပြန်ပြီး အမိန့်ရှိတယ်။

'အင်္ဂုလိမာလကလည်း 'ရဟန်းကြီး ကျွန်ုပ်ဟာ ရပ်နေလျက်သား ကျွန်ုပ်ကိုတော့ မရပ်ဘူးလို့ဆိုတယ်၊ သင်ရဟန်းကြီးဟာ သွားနေလျက် သားနဲ့ ရပ်နေတယ်လို့ ဆိုပြန်တယ်၊ ရဟန်းဆိုတာ လိမ်မပြောရဘူး' လို့ အင်္ဂုလိမာလက ထပ်ပြောတယ်။

'မြတ်စွာဘုရားက 'ငါ လိမ်မပြောဘူး၊ ငါဟာ အခု သတ္တဝါ ညှဉ်းလဲ မညှဉ်းဆဲဘူး၊ သတ်လဲ မသတ်ဘူး၊ အဲဒါကြောင့် ငါဟာ ရပ်နေ တယ်လို့ ဆိုတယ်၊ သင်ဟာ လက်နက် တုတ် ဓား လှံတံ လေးမြားတွေ ကိုင်ပြီး သူတစ်ပါးကို ညှဉ်းဆဲတုန်း သတ်ဖြတ်တုန်းပဲ ရှိသေးတယ် အဲဒါကြောင့် သင်ဟာ မရပ်ဘူးလို့ ငါဆိုတာဖြစ်တယ်' လို့ ပြန်ပြီး အမိန့်ရှိတယ်။

'ဒီစကားတော်ရဲ့အဓိပ္ပာယ်က ဒီလို၊ ငါဟာ တုတ်၊ ဓား၊ လှံတံ လေးမြား အစရှိတဲ့ လက်နက်ကို မကိုင်ဘူး၊ သူတစ်ပါးကို ငါဟာ မညှဉ်းဆဲဘူး၊ သူတစ်ပါးကို ငါ မသတ်ဘူး၊ ငါဟာ သံသရာကြီးထဲမှာ



လျှောက်ပြီး ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံကို ကျလိုက်၊ လူ နတ် ပြဟ္မာတွေဖြစ်ပြီး အကြိမ်ကြိမ် ပဋိသန္ဓေနေလိုက်၊ အိုလိုက်၊ နာလိုက်၊ သေလိုက် ကိုယ်ချစ်တဲ့သူတွေနဲ့ ကွဲရလိုက်၊ မချစ်တဲ့ သူတွေနဲ့ ပေါင်းရလိုက်၊ လိုတာတွေ မရလိုက်၊ မလိုတာတွေကို ရလိုက် ဆိုတဲ့ သံသရာဝဋ်ဆင်းရဲတွေကို မတွေ့ရတော့ဘူး၊ ဘယ်တော့မှ ပဋိသန္ဓေ မနေရ၊ မအိုရ၊ မနာရ၊ မသေရ၊ မလွဲရတဲ့ ချမ်းသာခြင်းအစစ်ရဲ့တည်ရာ ဖြစ်တဲ့ နိဗ္ဗာန်ဘုံကို စံဝင်ရတော့မယ်၊ သင်ကတော့ တုတ်၊ ဓား၊ လှံတံ၊ လေးမြား ဆိုတဲ့ လက်နက်တွေကို ကိုင်ပြီး သူတစ်ပါးကို ညှဉ်းဆဲတုန်း ရှိသေးတယ်၊ သတ်တုန်းဖြတ်တုန်း ရှိသေးတယ်၊ အဲဒါကြောင့် သင်ဟာ သံသရာထဲမှာ လျှောက်ပြေးပြီး အခုပြောခဲ့တဲ့ သံသရာဝဋ်ဆင်းရဲတွေနဲ့ တွေ့ရဦးမယ်လို့ အဓိပ္ပာယ်ရတယ်။

'မြတ်စွာဘုရားက အဲဒီလို အမိန့်ရှိတာကို ကြားလိုက်တာနဲ့ အင်္ဂုလိ မာလဟာ သူ့လက်နက်တွေကို လွှင့်ပစ်လိုက်ပြီး မြတ်စွာဘုရားရဲ့ခြေတော် အစုံကို သူ့နဖူးနဲ့ ထိပြီး ရှိခိုးတယ်၊ 'ရဟန်းပြုပေးပါ' လို့ မြတ်စွာဘုရား ဆီမှာ ခွင့်တောင်းတယ်၊ မြတ်စွာဘုရားရဲ့ တန်ခိုးတော်ကြောင့် မြတ်စွာ ဘုရားက 'သင့်ရဟန်းဖြစ်ပြီ လာခဲ့' လို့ ခေါ်တော်မူလိုက်တာနဲ့ အင်္ဂုလိမာလ ဟာ သင်္ကန်းဝတ်ပြီးသား၊ သပိတ်လွယ်ပြီးသား (ဧဟိဘိက္ခု) ရဟန်းဖြစ်သွား တယ်၊ အဲဒီနောက် သူဟာ မြတ်စွာဘုရားရဲ့ နောက်တော်က ဇေတဝန် ကျောင်းတော်ကို လိုက်သွားပြီး မြတ်စွာဘုရား အမိန့်ရှိတဲ့အတိုင်း တရား အားထုတ်လိုက်တာ ရဟန္တာဖြစ်သွားတယ်။

'ငါ့မြေးဟာကွယ်၊ ဒီအင်္ဂုလိမာလလောက် မဆိုးသေးပါဘူး၊ ဒါကြောင့် မြတ်စွာဘုရားဟောတော်မူတဲ့အတိုင်းသာ ငါ့မြေး ကျင့်မယ်ဆိုရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကို ဘယ်တော့မှ မကျရအောင် တားနိုင်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ဒီဘဝမှာပဲ မုချ

www.burmeseclassic.com

www.burmeseclassic.com



ကေန်ရရမယ်၊ ငါ့မြေးသာ မဟုတ်ပါဘူးကွယ်၊ ဘယ်သူမဆို အဘကို သတ်ခဲ့တဲ့ကံ၊ အမိကိုသတ်ခဲ့တဲ့ကံ၊ ရဟန်းကိုသတ်ခဲ့တဲ့ကံ၊ ဘုရားကို သွေးစိမ်းတည်အောင်လုပ်ခဲ့တဲ့ကံ၊ သံဃာကို ဂိုဏ်းခွဲခဲ့တဲ့ကံသာ မရှိဘူးဆိုရင် အပါယ်လေးဘုံကို မရောက်အောင်တားနိုင်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေက ဒီဘဝမှာပဲ ရအောင် တရားအားထုတ်နိုင်တယ်။

'ဒီကံတွေထဲက တစ်ခုခု ကျူးလွန်မိရင်တော့ အဲဒီ ကျူးလွန်မိတဲ့သူ သေသွားရင် ငရဲမကျအောင် တားနိုင်တဲ့ တရားဟာ ဘယ်မှာမှ မရှိဘူး၊ အခုပြောခဲ့တဲ့ ကံကြီးငါးပါးဟာ အင်မတန် ဆိုးတဲ့ကံကြီးတွေပဲ၊ ဒီကံကြီးငါးပါးထဲက တစ်ပါးပါးကို ကျူးလွန်မိတဲ့သူဟာ သေတဲ့အခါ ငရဲကို ကေန်ရောက်ရမယ်၊ ဒါကြောင့် ဒီကံကြီးတွေကို ပဉ္စာနန္တရိယကံတွေလို့ ခေါ်တယ်။

'အင်္ဂုလိမာလဟာ တကယ်လို့သာ သူ့အမေကို သတ်မိရင် ဘယ်နည်းနဲ့မှ ဒီဘဝမှာ ရဟန္တာမဖြစ်နိုင်တော့ဘူး၊ သူ့ကို ကယ်နိုင်တဲ့တရားလည်း မရှိတော့ဘူး၊ ငရဲကျမှာပဲ၊ အဲဒါကြောင့် သူ့အမေကို မသတ်မိအောင် အင်္ဂုလိမာလကို မြတ်စွာဘုရား ကြွသွားပြီး ကယ်ရတာပဲ၊ ငါ့မြေးဟာ ဘယ်လောက် ဆိုးပေမယ့် ဒီကံကြီးကိုတော့ မကျူးလွန်ရသေးပါဘူး၊ အဲဒါကြောင့် ငါ့မြေးဟာ မြတ်စွာဘုရားဟောတော်မူတဲ့အတိုင်းသာ ကျင့်နိုင်မယ်ဆိုရင် ငရဲကို ငါ့မြေး ဘယ်တော့မှ မကျရအောင် တစ်ခါတည်း တားပေးနိုင်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေကို ငါ့မြေးဟာ အခုဘဝမှာပဲ ကေန်မုချ ရရမယ်၊ ငါ့မြေး ဒီတရားကို အားမထုတ်ချင်ဘူးလား' လို့ ဘိုးဘိုး ဦးစန္ဒောဘာသက မေးတယ်။

မိုးအောင်လည်း အမေကိုသတ်တဲ့ကံဟာ ဘယ်လောက်ဆိုးတယ်၊ ဘယ်လောက်ကြီးတယ်ဆိုတာ အခုမှ သဘောပေါက်ပြီး သူ့အမေကို မသတ်ခဲ့မိတာ သူ အင်မတန် ဝမ်းသာနေတယ်။ သူ့ဘိုးဘိုးဟာ သူ့အသက်



သာ ကယ်တာမဟုတ်ဘူး၊ သူ ငရဲမကျအောင်လည်း သူ့ကို ကယ်တာပဲလို့ ဘိုးဘိုးကို တစိမ့်စိမ့် ကျေးဇူးတင်ရင်း သူ့ဘိုးဘိုးက တရားအားထုတ်ဘူးလို့ မေးတာကို အားထုတ်မယ်လို့ ဖြေတဲ့အနေနဲ့ ခေါင်းညိတ်လိုက်တယ်။ သူ့ဘိုးဘိုးလည်း သာဓုသုံးကြိမ် ခေါ်တယ်။ 'ငါ့မြေး ခြေနာပျောက်ရင် ဒီ တရားကို အားထုတ်ရမယ်' လို့ ပြောပြီး ဘိုးဘိုး ဦးစန္ဒောဘာသ ကျောင်းပြန်သွားတယ်။

မိုးအောင်လည်း သူ့ဘိုးဘိုးသင်ပေးထားတဲ့ သစ္စာကို အကြိမ်ကြိမ် ဆိုပြီး ပွားများနေတယ်။ အဲဒီလို ပွားများနေရင်း 'စိတ်ဆိုတာ ရောက် ဒီရောက်နဲ့ တယ်ပြီး အဖမ်းရခက်ပါလား' ဆိုတဲ့ သဘောတရား ခုဟာ ဘယ်တုန်းကမှ မပေါ်ပေါက်စဖူး၊ ထူးထူးကဲကဲ မိုးအောင်ရဲ့ ခေါင်းထဲမှာ ပေါ်လာတယ်။

ညနေ ခြောက်နာရီလောက်ကျတော့ ဘိုးဘိုးဦးစန္ဒောဘာသ ရောက်လာချင်း ဘာမှ မမေးရသေးခင် မိုးအောင်က 'ဘိုးဘိုးရယ်၊ ဘိုးဘိုးရဲ့ ခြေထောက်ကို တပည့်တော်ရဲ့နဖူးပေါ်မှာ ခဏတင်ထားပေးပါ၊ အားရ ရှိခိုးချင်တဲ့စိတ်တွေ တပည့်တော်မှာ သိပ်များနေပါတယ်' လို့ ပြောတာနဲ့ ဘိုးဘိုးဦးစန္ဒောဘာသလည်း မိုးအောင်ရဲ့နဖူးပေါ်မှာ ညာဘက် ခြေကို အသာတင်ထားလိုက်တယ်။

မိုးအောင်လည်း သူ့ဘိုးဘိုးရဲ့ ခြေထောက်ကို သူ့လက်နှစ်ဘက်နဲ့ ကိုင်ပြီး 'တပည့်တော်မိုးအောင် ရှိခိုးပါတယ်ဘိုးဘိုး၊ တပည့်တော်မိုးအောင် ရှိခိုးပါတယ်ဘိုးဘိုး' လို့ လေးငါးခေါက်လောက်ဆိုပြီး ရှိခိုးနေတယ်။

ရှိခိုးပြီးတဲ့အခါ 'ငါ့မြေး၊ အတော်သက်သာသွားပြီထင်တယ်' လို့ ဘိုးဘိုး ဦးစန္ဒောဘာသက မေးတယ်၊ 'ပျောက်သွားသလောက် ရှိပါပြီ။ ဒါလို့ ထိုင်လို့ သိပ်ကောင်းတာပဲ ဘိုးဘိုးရယ်' လို့ မိုးအောင်က ဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုလျှောက်ပြီးတော့မှ 'ဘိုးဘိုးရယ်၊ တပည့်တော် ငရဲအကြော... ကို သိချင်တယ်၊ နည်းနည်းလောက် ဟောပြစမ်းပါ' လို့ ထပ်လျှောက်တ...

သုံးဆယ့်တစ်ဘုံ

'ငရဲအကြောင်းကို ငါ့မြေး နားလည်အောင် သုံးဆယ့်တစ်ဘုံကစ... ဘိုးဘိုးဟောမယ်၊ လောကကြီးတစ်ခုလုံးမှာ ရှိကြတဲ့ သတ္တဝါတွေ... အကြမ်းအားဖြင့် အမျိုးအစားခွဲလိုက်ရင်

၁။ ဗြဟ္မာ

၂။ နတ်

၃။ လူ

၄။ တိရစ္ဆာန်

၅။ ပြိတ္တာ

၆။ အသူရကာယ်

၇။ ငရဲသား ဆိုပြီး ခုနစ်မျိုးရှိတယ်။

၁။ ဗြဟ္မာတွေနေတဲ့ နေရာဌာနကို 'ဗြဟ္မာ့ဘုံ' လို့ ခေါ်တယ်။

အဲဒီ ဗြဟ္မာ့ဘုံတွေဟာ အားလုံးပေါင်း ဘုံ ၂၀ ရှိတယ်၊ စိတ်... တွေဟာ မကောင်းတာတွေကို မလိုချင်အောင်၊ စိတ်မကူးမိအောင်... မကြံစည်မိအောင်၊ စိတ်တွေကို တည်ငြိမ်စေတဲ့ တရားတွေ... အားထုတ်တဲ့ သူတွေဟာ သေတဲ့အခါ ဒီဗြဟ္မာ့ဘုံထဲက တစ်ဘုံဘုံ... ရောက်တယ်၊ သတ္တဝါတွေမှန်သမျှထဲမှာ ဗြဟ္မာတွေဟာ တန်ခိုး... အကြီးဆုံး၊ အသက်အရှည်ဆုံးပဲ။

၂။ နတ်တွေနေတဲ့ နေရာဌာနကို 'နတ်ဘုံ' လို့ ခေါ်တယ်။

အဲဒီနတ်ဘုံတွေဟာ အားလုံးပေါင်း ခြောက်ဘုံရှိတယ်၊ ကိုယ်... နဲ့ နှုတ်နဲ့ မကောင်းတာ မလုပ်မိအောင်၊ မကောင်းတာ မပြောမိအော...



ထိန်းသိမ်းထားတဲ့ တရားတွေကို အားထုတ်တဲ့သူတွေ ဘုရား၊ ရဟန်း၊ သံဃာတွေကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဆိုတဲ့ ပစ္စည်းလေးပါး၊ လူတွေ တိရစ္ဆာန်တွေကို အဝတ်အစား၊ နေအိမ်၊ အဆောက်အအုံ၊ အစားအသောက်၊ ငွေ အစရှိတဲ့ ဝတ္ထုပစ္စည်းတွေကို ပေးလှူတဲ့သူတွေဟာ အဲဒီနတ်ဘုံခြောက်ဘုံထဲက တစ်ဘုံဘုံကို ရောက်တယ်။

အဲဒီတော့ ကိုယ်နဲ့မကောင်းတာ မလုပ်မိအောင်၊ နှုတ်နဲ့မကောင်းတာ မပြောမိအောင် စောင့်ထိန်းတယ် ဆိုတာ ဘယ်လိုလုပ်ရတာလဲ၊ သူ့အသက်ကို သတ်တာ သူ့ဥစ္စာကို ခိုးတာ တိုက်တာ လုတာ၊ သူ့မယား သားပျို သမီးပျိုကို လွန်ကျူးတာ၊ အရက်သောက်တာတွေဟာ ကိုယ်နဲ့လုပ်နိုင်တဲ့ မကောင်းမှုတွေပဲ။

လိမ်ပြောတာ၊ တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ မသင့်မြတ်အောင်၊ ကွဲအောင် ကုန်းတိုက်ပေးတာ၊ ဆဲရေး တိုင်းထွာပြီး ကြမ်းကြမ်းတမ်းတမ်း ပြောတာ၊ အကျိုးမရှိတဲ့ သိမ်ဖျင်းတဲ့စကားတွေကိုပြောတာတွေဟာ နှုတ်နဲ့ ပြောနိုင်တဲ့ မကောင်းမှုတွေပဲ။

အဲဒီ ကိုယ်နဲ့လုပ်နိုင်တဲ့ မကောင်းမှုတွေ၊ နှုတ်နဲ့ ပြောနိုင်တဲ့ မကောင်းမှုတွေကို မကျူးလွန်မိအောင် ငါးပါးသီလ၊ အာဇီဝဋ္ဌမက သီလဆိုတဲ့ သီလတွေထဲက ကြိုက်ရာသီလကို ယူရတယ်၊ အဲဒီလို ယူပြီး သီလထဲမှာ ပါတဲ့အတိုင်း ကိုယ်နဲ့လုပ်နိုင်တဲ့ မကောင်းမှုတွေ၊ နှုတ်နဲ့ပြောနိုင်တဲ့ မကောင်းမှုတွေ မလုပ်မိအောင်၊ မပြောမိအောင်၊ ရှောင်ကြဉ်တာဟာ ကိုယ်နဲ့ မကောင်းတာတွေ မလုပ်မိအောင်၊ နှုတ်နဲ့ မကောင်းတာတွေ မပြောမိအောင် စောင့်ထိန်းတာပဲ၊ အဲဒီလို အများကြီး စောင့်ထိန်းတဲ့လူတွေ ခုတင်ကပြောခဲ့တဲ့အတိုင်း အများကြီး လှူတဲ့လူတွေသေရင် နတ်ဘုံခြောက်ဘုံထဲက တစ်ဘုံဘုံကို ရောက်တယ်၊ နတ်တွေဟာ ဗြဟ္မာတွေလောက် တန်ခိုးမရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အသက်မရှည်ဘူး၊ ဒါပေမယ့် လူတွေထက် တန်ခိုးကြီးတယ်
အသက်ပိုရှည်တယ်။

၃။ လူတွေနေတဲ့နေရာဌာနကို 'လူ့ဘုံ' လို့ ခေါ်တယ်။

အဲဒီ လူ့ဘုံကို ကိုယ်နဲ့လုပ်နိုင်တဲ့ မကောင်းမှုတွေ နှုတ်နဲ့ပြော
နိုင်တဲ့ မကောင်းမှုတွေကို မလုပ်မိ၊ မပြောမိအောင် နည်းနည်းစော
ထိန်းနိုင်တဲ့သူတွေ အလှူဒါန နည်းနည်းလုပ်တဲ့သူတွေရောက်တယ်

၄-၇။ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ငရဲသားတွေနေတဲ့ဘုံကို တိရစ္ဆာန်
ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ၊ ငရဲဘုံလို့ခေါ်တယ်၊ အတိုချုပ်
အပါယ်လေးဘုံလို့ ခေါ်တယ်။

ကိုယ်နဲ့မကောင်းတာတွေကို လုပ်တဲ့သူတွေ၊ နှုတ်နဲ့မကောင်း
တာတွေကို ပြောတဲ့သူတွေ၊ ကိုယ့်ပစ္စည်းဥစ္စာကို နမြောတွန့်တို
မပေးရက်၊ မလှူရက်တဲ့သူတွေ၊ အဲဒီ အပါယ်လေးဘုံထဲ
တစ်ဘုံဘုံကို ရောက်တယ်၊ အဲဒီ အပါယ်လေးဘုံထဲမှာ ငရဲဘုံ
တော့ အဆိုးဆုံး ကြောက်စရာအကောင်းဆုံးပဲ။

## ငရဲကြီးရှစ်ထပ်

အဲဒီ ငရဲဘုံမှာ အထပ်ရှစ်ထပ်ရှိတယ်။ အဲဒီရှစ်ထပ်ဟာ

၁။ သိဉ္ဇိုင်းငရဲ၊
၂။ ကာဠသုတ်ငရဲ၊
၃။ သံဃာတငရဲ၊
၄။ ရောရုဝငရဲ၊
၅။ မဟာရောရုဝငရဲ၊
၆။ တာပနငရဲ၊
၇။ မဟာတာပနငရဲ၊
၈။ အဝီစိငရဲတို့ပဲ ဖြစ်တယ်။



သိဉ္ဇိုင်းငရဲမှာ ငရဲသားတွေကို ငရဲထိန်းတွေက အပိုင်းပိုင်း ပြတ်အောင် ခုတ်ကြတယ်။

ကာဠသုတ်ငရဲမှာ ငရဲသားတွေကို ငရဲထိန်းတွေက သားကောင်ကို အမဲလိုက်ခွေးတွေက လိုက်သလို လိုက်ကြတယ်၊ ငရဲသားတွေဟာ အော်ပြီး လဲကျသွားတော့မှ ငရဲသားတွေရဲ့ ကိုယ်ကို မျဉ်းကြောင်းကြီးနဲ့ တားလိုက်ပြီး သစ်တုံးတွေကို သစ်ခွဲသမားတွေက ခွဲခုတ်ပစ်လိုက်သလို ဒီ မျဉ်းကြောင်းကြီးရဲ့ အပြင်ဘက်ကို ထွက်နေသမျှ အသားတွေ အရိုးတွေကို ငရဲထိန်းတွေက အကုန်ခုတ်ဖြတ်ပစ်ကြတာပဲ။

သံဃာတငရဲမှာ ငရဲသားတွေဟာ ရဲရဲတောက် မီးလျှံတွေထနေတဲ့ မြေကြီးထဲမှာ ခါးထိအောင် အမြှုပ်ထားခံရတယ်၊ ပြီးတော့မှ တောင်လောက်ရှိတဲ့ သံလုံးကြီးတွေ၊ အရပ်လေးမျက်နှာက လိမ့်လာပြီး ဒီငရဲသားတွေကို ကြိတ်တာပဲ။

ရောရုဝငရဲမှာ ငရဲသားတွေရဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ် အစရှိတဲ့ အပေါက် ကိုးပေါက်က မီးတောက်မီးလျှံတွေ အတင်းဝင်ပြီး ကိုယ်ထဲမှာ လောင်တာပဲ။

မဟာရောရုဝငရဲမှာတော့ မီးတောက်မီးလျှံတွေ မဟုတ်ဘူး၊ မီးခိုးတွေဟာ ငရဲတစ်ခုလုံး ဖုံးနေတာပဲ၊ ဒီမီးခိုးတွေကလဲ ငရဲသားတွေရဲ့ အပေါက်ကိုးပေါက်က စိမ့်ဝင်ပြီး နှိပ်စက်တာပဲ၊ မီးခိုးဆိုပေမယ့် မီးတောက် မီးလျှံ အလောင်ခံရသလိုပဲ ငရဲသားတွေ မချိမဆံ့ခံရတယ်။

တာပနငရဲမှာ ငရဲသားတွေကို ရဲရဲတောက်ပူနေတဲ့ သံတံကျင်လို့ ခေါ်တဲ့ သံချောင်းကြီးနဲ့ တစ်ကိုယ်လုံး အပေါ်ကနေ အောက်အထိ ထိုး ထားလိုက်တယ်။

မဟာတာပနငရဲမှာ ရဲရဲတောက်ပူနေတဲ့ သံတောင်ကြီးတွေရှိတယ်၊ ဒီတောင်တွေအောက်မှာ ရဲရဲတောက်နေတဲ့ သံတံကျင်တွေစိုက်ထားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ငရဲသားတွေကို အဲဒီ သံတောင်ကြီးတွေပေါ် မတက် တက်အောင် ငရဲထိန်းတွေက ရိုက်နှက်တင်ကြတယ်၊ ဒီသံတောင်ကြီးပေါ် ရောက်တဲ့အခါ လေမုန်တိုင်းနဲ့ တိုက်ချပြန်တဲ့အတွက် ငရဲသားတွေဟာ တောင်အောက်မှာ စိုက်ထားတဲ့ သံတံကျင်တွေမှာ ထိုးထားပြီးသားဖြစ်ကြရတယ်။

အဝီစိငရဲမှာ မီးတောက်မီးလျှံတွေကလဲ အပြည့်ပဲ၊ အကြားမရှိအောင် ဆက်စပ်နေတယ်၊ ငရဲသားတွေကလဲ အပြည့်ပဲ၊ အကြားမရှိအောင် ဆက်စပ်နေတယ်၊ ခံရတဲ့ ဆင်းရဲကလဲ အကြားမရှိအောင် ဆက်စပ်နေတယ်။

'အခု ဘိုးဘိုးပြောခဲ့တာတွေဟာ ငရဲရှစ်ထပ်ရဲ့ အကျဉ်းချုပ်ပဲ ငါ့မြေး' လို့ ဘိုးဘိုး ဦးစန္ဒောဘာသက ပြောပြတယ်။

## လက်တွေ့သမားအတွက် အပိုင်းနှစ်ပိုင်း

'ဘိုးဘိုးရယ်၊ အခုပြောခဲ့တာတွေဟာ ကြောက်စရာတော့ သိပ်ကောင်းတာတွေပဲ၊ ဒါပေမယ့် အဲဒါတွေဟာ လူတွေကို မကောင်းတာတွေ မလုပ်ဝံ့အောင်၊ မကောင်းတာတွေ မပြောဝံ့အောင် ခြောက်ထားတဲ့ ယုံတမ်းတရားပဲလား၊ တကယ်ရှိတဲ့ တရားပဲလား၊ တပည့်တော်ရဲ့ စိတ်ထဲမှာတော့ ယုံတစ်ဝက် မယုံတစ်ဝက်ဖြစ်နေတယ်' လို့ မိုးအောင်က လျှောက်တယ်။

ဘိုးဘိုးဦးစန္ဒောဘာသက 'ဒါတွေဟာ တကယ်ရှိတဲ့ တရားတွေပဲ၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတွေထဲမှာ ဒီ ငရဲဆိုတာဟာ အရေးကြီးတဲ့ အစိတ်အပိုင်း တစ်ပိုင်းအဖြစ်နဲ့ ပါတယ်၊ ဒီငရဲကိုကျရမှာ ကြောက်ပြီး မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ကျင့်ကြတဲ့အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရသွားကြဖူးတဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။

'ဒါပေမယ့် ငါ့မြေးက လက်တွေ့သမားဆိုတော့ ဒီလိုလုပ်ရအောင်ကွယ်၊ မြတ်စွာဘုရားရဲ့ တရားတော်ကို အကြမ်းအားဖြင့် နှစ်ပိုင်းခွဲလိုက်ကြရအောင်။



- တစ်ပိုင်းက သေပြီးတဲ့နောက် နောင်ဘဝကျတော့မှ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်တွေအတိုင်း ဗြဟ္မာတွေ၊ နတ်တွေ၊ လူတွေ၊ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ၊ အသူရကာယ်တွေ၊ ငရဲသားတွေ ဖြစ်နိုင်တဲ့အပိုင်း။
- ဒုတိယအပိုင်းက မသေခင် အခု မျက်မှောက်ဘဝမှာပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရနိုင်တဲ့အပိုင်း၊ အဲဒီလို နှစ်ပိုင်း ခွဲလိုက်ကြစို့၊ အဲဒီတော့ သေပြီးတဲ့နောက် နောင်ဘဝကျမှ ဖြစ်ရမယ်ဆိုတဲ့ တရားတော်ရဲ့ ပထမပိုင်းကို ခဏ ထားလိုက်ကွယ်၊ မသေခင် ယခု မျက်မှောက်ဘဝမှာပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေရနိုင်တဲ့ ဒုတိယအပိုင်းကို ဘိုးဘိုး ပြောမယ်၊ သဘောကျရဲ့လား' လို့ ဘိုးဘိုး ဦးစန္ဒောဘာသက မေးတယ်၊ မြေး မိုးအောင်က သဘောကျတယ်ဆိုတဲ့အနေနဲ့ ခေါင်းညိတ်ပြတယ်။

'ကဲ၊ ဒီတော့ ငါ့မြေးကို ဘိုးဘိုး မေးမယ်၊ ငါ့မြေး သဘောကျသလိုသာ ဖြေ၊ ငါ့မြေးဟာ အခု ဘုရားကိုလဲ ရှိခိုးပြီ၊ တရားကိုလဲ ရှိခိုးပြီ၊ သံဃာကိုလဲ ရှိခိုးပြီ၊ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးမှတစ်ပါး တခြားမှာ ကိုးကွယ်ရာ မရှိပါ၊ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့အား ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏လို့ပဲ အကြိမ်ကြိမ်ဆိုနေပြီ၊ ဟုတ်ရဲ့လား' လို့ ဘိုးဘိုးစန္ဒောဘာသက မေးတယ်။

မိုးအောင်က 'ဟုတ်ပါတယ်ဘိုးဘိုး' လို့ ဖြေတယ်။

'ဒီလို ရှိခိုး ဒီလို အကြိမ်ကြိမ်ဆိုနေပေတဲ့ 'ဘုရားဟာ အလုံးစုံသောတရားတွေကို ကိုယ်တိုင်မှန်စွာ သိတယ်ဆိုတာ ဟုတ်မှ ဟုတ်ပါရဲ့လား၊ တရားဟာ ငါ့မြေးကို ငရဲကျအောင် တားနိုင်တယ်ဆိုတာ ဟုတ်မှ ဟုတ်ပါရဲ့လား၊ သံဃာဟာ ကြီးသောအကျိုးကို ပေးနိုင်တယ်ဆိုတာ ဟုတ်မှ ဟုတ်ပါရဲ့လား' ဆိုတဲ့ သို့လော သို့လော ဖြစ်နေတဲ့စိတ်တွေ၊ ယုံမှားသံသယ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့ စိတ်တွေ ငါ့မြေးမှာ တစ်ခါတစ်ခါ မပေါ်ဘူးလား' လို့ ဘိုး ဦးစန္ဒောဘာသက မေးတယ်။

မိုးအောင်က 'ပေါ်ပါတယ် ဘိုးဘိုး' လို့ ဖြေတယ်။

အဲဒီတော့ ဘိုးဘိုး ဦးစန္ဒောဘာသက 'ငါ့မြေးဟာ မြတ်စွာဘုရား ဟောတော်မူထားတဲ့အတိုင်း ကျင့်နိုင်လို့ သောတာပတ္တိ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဆိုတာကို ရပြီးရင် ငါ့မြေးဟာ အခုဖြစ်သလို ဘုရား၊ တရား၊ သံဃာ အပေါ်မှာ သို့လော သို့လော ဖြစ်တဲ့စိတ်တွေ၊ ယုံမှားသံသယတွေ မ တော့ဘူး၊ လူတစ်ယောက်ကို ခေါင်းဖြတ်လိုက်ပြီးရင် ဒီလူဟာ ဘယ်တော့ ပြန်ရှင်မလာသလို သောတာပတ္တိမဂ်ကိုရပြီးရင် ငါ့မြေးရဲ့ကိုယ်ထဲမှ ဘုရား၊ တရား၊ သံဃာကို သို့လော သို့လော ဖြစ်တဲ့စိတ်တွေ ယုံမှားသံသယဖြစ် စိတ်တွေဟာ ဘယ်တော့မှ ပြန်ပေါ်မလာတော့ဘူး၊ အဲဒီ သောတာပတ္တိမဂ် ရပြီးရင် ငါ့မြေးဟာ ဘုရား၊ တရား၊ သံဃာကို မမှိတ်မသုန် မတုန်မလှုပ် ယုံကြည်မယ်၊ လူတစ်ယောက်က ငါ့မြေးဆီကိုလာပြီး မိုးအောင် ဘုရားဟာ ဘုရားစစ် ဘုရားမှန် မဟုတ်ဘူး၊ တရားဟာ တရားစစ် တရား မဟုတ်ဘူး၊ သံဃာဟာ သံဃာစစ် သံဃာမှန် မဟုတ်ဘူးလို့ မင်းပြောရမယ် မပြောရင် မင်းကို သတ်ပစ်မယ်ဆိုရင် ငါ့မြေးဟာ အသေခံမယ်၊ သူပြော နိုင်းတာကို မပြောဘူး၊ ဒီလောက် အထိ ငါ့မြေးဟာ ဘုရား၊ တရား၊ သံဃာကို မတုန်မလှုပ် ယုံကြည်လာမယ်။

သောတာပတ္တိမဂ်ကိုရပြီးတဲ့နောက် ဘုရား၊ တရား၊ သံဃာ မတုန်မလှုပ် ယုံကြည်တဲ့ သဘောနှစ်ခုကို ဘိုးဘိုးပြောပြမယ်'

## သုပ္ပဗုဒ္ဓ နူနာ

'ဘုရားလက်ထက်တော်တုန်းက သုပ္ပဗုဒ္ဓဆိုတာ ရှိတယ်၊ တစ်ကိုယ် လုံး နူနာတွေစွဲပြီး တောင်းရမ်း စားသောက်နေရတယ်၊ တစ်နေ့ကျတော့



ပရိသတ်အစွန်က မြတ်စွာဘုရားရဲ့ တရားကို နာနေတုန်း သောတာပတ္တိမဂ် ကို ရသွားတယ်၊ တရားပွဲပြီးတဲ့အခါ သိကြားမင်းက စုံစမ်းချင်တာနဲ့ ကောင်းကင်မှာရပ်ပြီး 'အို သုပ္ပဗုဒ္ဓ၊ သင်ဟာ အင်မတန်ဆင်းရဲတယ်၊ နိုကိုးရာမဲ့လဲ ဖြစ်တယ်၊ သင့်ကို ပစ္စည်းဥစ္စာတွေ အများကြီး ငါပေးမယ်၊ ဘုရားဟာ ဘုရားအစစ်မဟုတ်၊ တရားဟာ တရားအစစ်မဟုတ်၊ သံဃဟာ သံဃာစစ်မဟုတ်၊ ငါဟာ ဘုရား၊ တရား၊ သံဃာကို အလိုမရှိလို့ သင် ဆိုရမယ်' လို့ သုပ္ပဗုဒ္ဓကို ပြောတယ်။

'သင် ဘယ်သူလဲ' လို့ သုပ္ပဗုဒ္ဓက ပြန်မေးတယ်။

သိကြားမင်းက 'ငါ သိကြားမင်းဖြစ်တယ်' လို့ ပြောပြတယ်။

အဲဒီအခါ သုပ္ပဗုဒ္ဓက 'မိုက်ကန်းပြီး အရှက်မရှိတဲ့ သိကြားမင်း၊ သင်ဟာ မပြောသင့်တဲ့စကားကို ပြောရက်ပေတယ်၊ သင်ဟာ ငါနဲ့ စကား ပြောဖို့တောင် မထိုက်တန်တော့ဘူး၊ ငါ့ကို လူဆင်းရဲ လူမွဲ၊ ခိုကိုးရာမဲ့သူလို့ သင် ဘယ့်နှယ်ကြောင့် ခေါ်နိုင်သလဲ၊ ငါဟာ မြတ်စွာဘုရားရဲ့ သားတော်စစ် ဖြစ်ပြီး လူဆင်းရဲ၊ လူမွဲ၊ ခိုကိုးရာမဲ့သူ မဟုတ်တော့ဘူး။

အမှန်စင်စစ်ဆိုရင်

- ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို မတုန်မလှုပ်ယုံကြည် ခြင်း ဆိုတဲ့ သဒ္ဓါ၊
- ကိုယ်နဲ့နှုတ်နဲ့ မကောင်းတာမလုပ်အောင်၊ မကောင်းတာမပြောအောင် စောင့်ထိန်းနိုင်တဲ့ သီလ၊
- မကောင်းမှုကို ရှက်တဲ့ ဟိရိ၊
- မကောင်းမှုကိုကြောက်တဲ့ ဩတ္တပ္ပ၊
- အကြားအမြင်များခြင်းဆိုတဲ့ သုတ၊
- စွန့်ကြဲမှုဆိုတဲ့ စာဂ၊
- မဂ်ဉာဏ်ဖိုလ်ဉာဏ်တည်းဟူသော ပညာဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်းဥစ္စာတွေနဲ့ ငါဟာ ပြည့်စုံနေပြီဖြစ်တဲ့အတွက် ငါဟာ အမြတ်ဆုံးချမ်းသာဖြင့် ကောင်းစားနေသူ၊ ချမ်းသာသူ၊ ကြွယ်ဝပေါ်များသူဖြစ်တယ်၊ ဒီသူတော်ကောင်းဥစ္စာ ခုနစ်ပါးနဲ့ ပြည့်စုံသူဟာ လူဆင်းရဲမဟုတ်၊ လူချမ်းသာဖြစ်တယ်လို့ ဘုရား အစရှိတဲ့ သူတော်ကောင်းတွေကလည်း ချီးကျူးတယ်၊ ဒီလို သူတော်ကောင်းဥစ္စာ ခုနစ်ပါးနဲ့ပြည့်စုံသူတွေ အသက်ရှင်နေတာဟာ အချည်းနှီး အလဟဿ အသက်ရှင်ခြင်းမဟုတ်ဘူး၊ အကျိုးရှိတဲ့ အသက်ရှင်ခြင်းဖြစ်တယ်လို့ပဲ ဘုရား အစရှိတဲ့ သူတော်ကောင်းတွေက ချီးကျူးတယ်' လို့ သုပ္ပဗုဒ္ဓက သိကြားမင်းကို ပြန်ပြောလိုက်တယ်။

ဒါဟာ သုပ္ပဗုဒ္ဓကို ဥစ္စာနဲ့ ဖြားယောင်းလို့မရတဲ့ သာဓကပဲ။

ယခု ဆက်ပြီး ခြိမ်းခြောက်လို့မရဟဲ့ သာဓကတစ်ခုကို ဘိုးဘိုးပြောဦးမယ်။

## မနုဿာနီပုဏ္ဏေးမ

'မြတ်စွာဘုရားလက်ထက်တော်တုန်းက မနုဿာနီ က ဘုရားကို ကိုးကွယ်တယ်၊ သူ့ယောကျ်ားဘာရဒွါဇ က တိတ္ထိတွေကို ကိုးကွယ်တယ်၊ တစ်နေ့ကျတော့ ဘာရဒွါဇ က မနုဿာနီကို 'ရှင်မရေ၊ မနက်ဖြန် တို့အိမ်မှာ ပုဏ္ဏား ၅၀၀ ထမင်းကျွေးဖို့ ဖိတ်ထားတယ်၊ မင်းကလဲ ရပ်ရင်းဖြစ်စေ၊ ထိုင်ရင်းဖြစ်စေ၊ နှာချေလို့ပဲဖြစ်စေ၊ ချောင်းဆိုးလို့ပဲဖြစ်စေ နေရာတကာမှာ 'နမော်ဗုဒ္ဓဿ' လို့ဆိုပြီး ဦးပြည်းရဟန်းတွေကို ရှိခိုး ရှိခိုးနေတတ်တာမို့ နက်ဖြန်တစ်ရက်တော့ တောင်းပန်ပါရစေကွယ်၊ ဧည့်သည်တော်ပုဏ္ဏားဆရာများ စားပွဲထိုင်နေတုန်း အဲဒီလိုဆိုပြီး ရှိမခိုးမိအောင် စောင့်စည်းစေချင်တယ်၊ ရှိခိုးတာကို သူတို့ မြင်ကြားသွားရင် ငါ့အပေါ် အထင်လွဲပြီး တို့အချင်းချင်း သဘောကွဲကုန်လိမ့်မယ်' လို့ ပြောတယ်။



မနုဿာနီပုဏ္ဏေးမက 'ရှင်ဟာ ပုဏ္ဏားတွေနဲ့ကွဲပြားလဲ ကျွန်မ မတတ်နိုင်ဘူး၊ နတ်တွေနဲ့ ကွဲပြားလဲ ကျွန်မ မတတ်နိုင်ဘူး၊ ဘုရားကို သတိရရင်တော့ ကျွန်မ မရှိခိုးဘဲ မနေနိုင်ဘူး' လို့ သူ့ယောကျ်ားကို ပြန်ပြောတယ်။

သူ့ယောကျ်ားကလည်း 'ရှင်မရေ စဉ်းစားပါဦးကွယ်၊ မြို့တံခါးကိုတောင်မှ ပိတ်ထားလို့ ဖြစ်သေးတာပဲ၊ ပုဏ္ဏားတွေ စားပွဲထိုင်နေတုန်းခဏကလေး အတွင်းမှာ ဒီလက်နှစ်သစ်လောက်ရှိတဲ့ ပါးစပ်ပေါက်ကလေးကို ပိတ်ထားဖို့ မခက်ပါဘူးကွယ်၊ ဖြစ်နိုင်ပါတယ်နော်' လို့ မနုဿာနီကို ချော့ပြောပေတဲ့လည်း မရဘူး။

အဲဒီတော့ ဘာရဒွါဇက စိတ်ဆိုးလာတာနဲ့ ဓားကြီးကိုကိုင်ပြီး 'ဟော့ မနုဿာနီ ဒီမှာကြည့်စမ်း၊ နက်ဖြန်ခါ ငါ့ပုဏ္ဏားဆရာတွေ စားပွဲထိုင်နေတုန်း ဦးပြည်းရဟန်းကို မင်း ရှိခိုးရင် ဒီဓားနဲ့ နင့်ကို မှုန့်လို အပိုင်းပိုင်းဖြစ်သွားအောင် ခြေဖျားက ဆံဖျားအထိ ခုတ်ပစ်မယ်' လို့ ကြိမ်းတယ်။

အဲဒီတော့ မနုဿာနီက

**သစေ မေ အင်္ဂမင်္ဂါနိ၊ ကာမံ ဆေဇ္ဇသိ ဗြဟ္မဏ။**

**နေဝါဟံ ဝိရမိဿာမိ၊ ဗုဒ္ဓ သေဋ္ဌဿ သာသနာ။**

'အို ပုဏ္ဏား၊ သင်ဟာ ငါ့ရဲ့ အင်္ဂါကြီးငယ်တွေကို အလိုရှိတိုင်း အကယ်၍ ခုတ်ဖြစ်စေကာမူ ငါဟာ ဘုရားမြတ်ရဲ့ အဆုံးအမ သာသနာတော်မှ ရှောင်ကြဉ်မည် မဟုတ်သည်သာတည်း' အစရှိတဲ့ ဂါထာမျိုးတွေ အပုဒ်ပေါင်း ငါးရာကိုဆိုပြီး သူ့ယောကျ်ားကြိမ်းတာကို ကန့်ကွက်တယ်၊ ယုံကြည်ချက်ဟာ ဘယ်လောက်ပြင်းထန်သလဲဆိုတာ ငါ့မြေး စဉ်းစားသာ ကြည့်ပေတော့၊ အဲဒီအခါကျတော့ ဘာရဒွါဇက ဘာမှ မတတ်နိုင်ဘူး၊ သူ့မယား မနုဿာနီကို လက်လျှော့လိုက်ရတယ်။

နောက်တစ်နေ့ ပုဏ္ဏားဧည့်သည်တွေကို ထမင်းကျွေးနေတုန်း မနုဿာနီဟာ ခလုတ်တိုက်ပြီး လန့်သွားတယ်။ အဲဒီအခါ မြတ်စွာဘုရားကို

www.burmeseclassic.com

www.burmeseclassic.com



သတိရတာနဲ့ မြတ်စွာဘုရား သီတင်းသုံးနေတော်မူတဲ့ ဝေဠုဝန်ကျောင်းဘက်ကို လက်အုပ်ချီ ဝပ်တွားပြီး 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' လို့ သုံးကြိမ်တိုင်တိုင် ရှိခိုးလိုက်တယ်။

ပုဏ္ဏားညည်သည်တွေလည်း အဲဒီအသံကြားတော့ 'အယူဖောက်ကွဲတဲ့ လူရဲ့ ထမင်းကို မစားချင်ဘူး' လို့ ပြောပြောဆိုဆို စိတ်ဆိုးပြီး ထပြန်သွားကြတယ်။

ယောက်ျားဖြစ်သူ ဘာရဒွါဇလည်း သိပ်စိတ်ဆိုးပြီး မယားဓနဉ္စာနိကို အမျိုးမျိုးဆဲတာပဲ။ ဒီလောက်နဲ့ မကျေနပ်သေးလို့ မြတ်စွာဘုရားကို မေးခွန်းတွေထုတ်ရအောင် ဘာရဒွါဇဟာ ဘုရားဆီကို သွားတယ်။ ဘုရားနဲ့ တွေ့တဲ့အခါ အကျွတ်တရားရ၊ ရဟန်းပြု၊ ဘုရားဟောတော်မူတဲ့အတိုင်း အားထုတ်လို့ သောတာပတ္တိမဂ်ကို ရတယ်၊ ဒါကြောင့် 'သောတာပတ္တိမဂ်ကို ငါ့မြေးရရင် ဘုရား တရား သံဃာအပေါ်မှာ အနုရှိနေသေးတဲ့ ယုံမှား သံသယတွေဟာ တစ်ခါတည်း ပျောက်သွားပြီး သုပ္ပဗုဒ္ဓတို့၊ ဓနဉ္စာနိတို့လို မတုန်မလှုပ် ယုံကြည်လာမယ်' လို့ ဘိုးဘိုးက ပြောတယ်။

အဲဒီအခါ မိုးအောင်က 'ဘိုးဘိုးရယ်၊ ဒါထက်ပိုပြီးတော့ ဘယ်မှာ လက်တွေ့ပြနိုင်ဦးမှာလဲ၊ ဒီလောက်ဆိုရင် တပည့်ကော် ကျေနပ်ပါပြီ' လို့ လျှောက်တယ်။

'ဒါတင်မကသေးဘူး၊ နောက်ထပ် လက်တွေ့ပြရဦးမယ်' လို့ ဘိုးဘိုး ဦးစန္ဒောဘာသက အစချီပြီး 'ငါ့မြေးဟာ သူ့အသက်သတ်ခြင်းမှ၊ သူ့ဥစ္စာ ခိုးခြင်းမှ၊ သူများမယား သားပျိုသမီးပျိုကို ကျူးလွန်ခြင်းမှ၊ သေရည်သေရက် သောက်ခြင်းမှ ရှောင်ကြဉ်ပါမယ်လို့ဆိုပြီး ငါးပါးသီလကို ယူသွားတယ် မဟုတ်လား' လို့ မေးတယ်။

မိုးအောင်က 'ဟုတ်ပါတယ် ဘိုးဘိုး' လို့ ဖြေတယ်။



'ဒီလို ငါးပါးသီလကို ယူထားပေတဲ့ သူ့အသက်သတ်ချင်တဲ့၊ သူ့ဥစ္စာကို ခိုးချင် တိုက်ချင်တဲ့၊ သူ့မယား သားပျို သမီးပျိုကို လွန်ကျူးချင်တဲ့၊ လိမ်ပြောချင်တဲ့၊ သေရည်သေရက် သောက်ချင်တဲ့စိတ်တွေ ငါ့မြေးမှာ တစ်ခါတစ်ခါ ပေါ်ပေါက်နေတယ် မဟုတ်လား' လို့ ဘိုးဘိုးဦးစန္ဒောဘာသက မေးတယ်။

မိုးအောင်က 'ပေါ်ပါတယ်ဘိုးဘိုး' လို့ ဖြေတယ်။

## မဂ်လေးပါးဖြစ်ပေါ်ပုံ

'ငါ့မြေးဟာ ဘုရားဟောတော်မူတဲ့အတိုင်းကျင့်လို့ သောတာပတ္တိမဂ်ကို ရပြီးရင် ငါ့မြေးမှာ ဒီသတ်ချင်တဲ့စိတ်၊ ခိုးချင် တိုက်ချင်တဲ့စိတ်၊ သူ့မယား သားပျို သမီးပျိုကို လွန်ကျူးချင်တဲ့စိတ်၊ လိမ်ပြောချင်တဲ့စိတ်၊ အရက်သောက်ချင်တဲ့ စိတ်တွေဟာ မရှိတော့ဘူး၊ တစ်ခါတည်း ပျောက်ကုန်မယ်၊ ခေါင်းဖြတ်ထားတဲ့ လူတစ်ယောက်ဟာ ဘယ်တော့မှ အသက်ပြန်ရှင်မလာနိုင်သလို အနုပြောခဲ့တဲ့ စိတ်တွေဟာ ငါ့မြေးရဲ့ကိုယ်ထဲမှာ ဘယ်တော့မှ ပြန်ပေါ်မလာနိုင်တော့ဘူး။

'အဲဒါကြောင့် သောတာပတ္တိမဂ်ကို ရပြီးရင် ငါ့မြေးဟာ ဘယ်အသက်ကိုမှ မသတ်တော့ဘူး၊ ဘယ်ဥစ္စာကိုမှ မခိုးမတိုက်တော့ဘူး၊ ဘယ်သူ့မယား သားပျို သမီးပျိုကိုမှ မလွန်ကျူးတော့ဘူး၊ ဘယ်တော့မှ လိမ်မပြောတော့ဘူး၊ ဘယ်တော့မှ အရက် မသောက်တော့ဘူး၊ ဒီကဲ့ငါးပါးသီလက တစ်ခုခုကို လွန်ကျူးရမယ်၊ မလွန်ကျူးရင် မင်းကို သတ်မယ်လို့ ငါ့မြေးကို တစ်ယောက်ယောက်က လာပြောရင် ငါ့မြေးဟာ မလွန်ကျူးဘူး၊ အသေခံမယ်၊ ဒီမဂ်ကိုရပြီးရင် လောဘနဲ့ ဒေါသတော့ ရှိသေးတယ်၊ ရှိသေးမယ့် ဒီလောဘနဲ့ ဒေါသဟာ သောတာပတ္တိမဂ်ကို မရခင်တုန်းက လောက်တော့ မပြင်းထန်တော့ဘူး၊ အဲဒီလို မပြင်းထန်တော့ဘူးဆိုတာလဲ ငါ့မြေးဟာကိုယ် သိတယ်' လို့ ဘိုးဘိုး ဦးစန္ဒောဘာသက ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုးအောင်က 'ဒါထက် ဘယ်မှာမှ ပိုပြီး လက်တွေ့မပြနိုင်တော့ပါဘူး ဘိုးဘိုးရယ်' လို့ ပြောပြီး သူ့ဘိုးဘိုးကို ထောက်ခံပြန်တယ်။

ဦးစန္ဒာဘာသက 'အခုပြောခဲ့တာက သောတာပတ္တိမဂ်၊ အဲဒါ ပထမမဂ် ဖြစ်တယ်၊ ဘုရားဟောတော်မူတဲ့အတိုင်း ဆက်ပြီး အားထုတ်ရင် ငါ့မြေးဟာ ဒုတိယမဂ်ဖြစ်တဲ့ သကဒါဂါမိမဂ်ကို ရမယ်၊ ဒီဒုတိယမဂ်ကို ရတဲ့အခါလဲ လောဘနဲ့ ဒေါသတော့ ရှိသေးတာပဲ၊ ဒါပေမယ့် သောတာပတ္တိ မဂ်ကိုရတုန်းက ရှိနေသေးတဲ့ လောဘနဲ့ ဒေါသလောက် မပြင်းထန်တော့ဘူး အခုလို လောဘနဲ့ ဒေါသတွေ ထပ်ပြီး နည်းသွားတယ်ဆိုတာကို ဒီဒုတိယမဂ်ကို ရတဲ့သူဟာ ကောင်းကောင်းသိတယ်။

'ဒီဒုတိယမဂ်ကို ရပြီးတဲ့နောက် ဘုရား ဟောတော်မူခဲ့တဲ့အတိုင်း ဆက်ပြီး အားထုတ်ရင် ငါ့မြေးတစ်ယောက်ဟာ တတိယမဂ်ဖြစ်တဲ့ အနာဂါမိမဂ်ကို ရမယ်၊ ဒီအနာဂါမိမဂ်ကို ရတဲ့အခါ ကိုယ့်သားသမီး မယား၊ မိတ်ဆွေ၊ ဆွေမျိုးဉာတကာ အစရှိတဲ့ သက်ရှိသတ္တဝါတွေ၊ ရွှေငွေ ပစ္စည်းဥစ္စာ အစရှိတဲ့ သက်မဲ့အရာဝတ္ထုတွေပေါ်မှာ လိုချင်တပ်မက်နေတဲ့ စိတ်၊ ကာမရာဂစိတ်၊ ကြောက်စိတ်၊ ဒေါသစိတ်ဆိုတာတွေဟာ တစ်ခါ တည်း ပျောက်ကုန်ကြမယ်၊ ခေါင်းဖြတ်ထားတဲ့ လူတစ်ယောက်ဟာ ဘယ်တော့မှ အသက်ပြန်ရှင်မလာသလို အခုပြောခဲ့တဲ့စိတ်တွေလဲ ငါ့မြေး ကိုယ်ထဲမှာ ဘယ်တော့မှ ပြန်ပေါ်မလာတော့ဘူး။

'အဲဒီအခါ ရွှေငွေ ကျောက်သံပတ္တမြားတွေ တောင်ကြီးလို ပုံထား တာကို မြင်ရပေတဲ့လဲ ငါ့မြေးရဲ့ စိတ်ထဲမှာ ဘာမှ မဖြစ်တော့ဘူး လိုချင်တဲ့စိတ်ဟာ နည်းနည်းကလေးမှ မပေါ်တော့ဘူး၊ အင်မတန်ချော နတ်သမီးတွေကို မြင်ရပေတဲ့လဲ ငါ့မြေးရဲ့စိတ်ထဲမှာ ဘာမှ မဖြစ်တော့ဘူး ကာမရာဂစိတ်ဟာ နည်းနည်းကလေးမှ မပေါ်လာတော့ဘူး၊ အကောင်နက် ကြီးတွေထက် ကြောက်စရာကောင်းတဲ့ သတ္တဝါတွေနဲ့ ဘယ်လိုပဲတွေ့ တွေ့ရ၊ အမြောက်လုံးကြီးတွေနဲ့ပဲ အချိန်ခံရခံရ ငါ့မြေးရဲ့စိတ်ထဲမှာ ဘာမှ မဖြစ်တော့ဘူး၊ ကြောက်စိတ်ဟာ နည်းနည်းကလေးမှ မပေါ်တော့ဘူး၊ ငါ့မြေးကို ဘယ်လိုပဲ နှိပ်စက်နှိပ်စက် ကုန်ကုန်ပြောမယ် ငါ့မြေးရယ်၊ ငါ့မြေးကိုသတ်ဖို့ ရင်ကိုခွဲနေသည့်တိုင်အောင် ငါ့မြေးရဲ့စိတ်ထဲမှာ ဘာမှ မဖြစ်တော့ဘူး၊ ဒေါသဟာ နည်းနည်းကလေးမှ မထွက်တော့ဘူး။



'ဒါတွေသာမကသေးပါဘူး၊ ဒီ တတိယမဂ်ကို ရပြီးရင် ငါ့မြေးမှာ ရှိနေတဲ့ စည်းစိမ်ဥစ္စာတွေ အကုန်လုံး ပျက်စီးပျက်စီး၊ ငါ့မြေးကိုယ်တိုင် အဖမ်းအဆီး အချုပ်အနှောင် အညှဉ်းအဆဲကို ခံရခံရ၊ ငါ့မြေးချစ်တဲ့ သားတွေ၊ သမီးတွေ၊ မယားတွေ၊ ဆွေမျိုးဉာတကာတွေ၊ မိတ်ဆွေတွေ ဒုက္ခရောက်ရောက် သေသေ၊ ဖြစ်ချင်တာတွေ ဖြစ်နေကြပစေ၊ ငါ့မြေးမှာ ဂုဏ်ရိမ်တာတွေ ကြောင့်ကြတာတွေ၊ ပူဆွေးတာတွေ၊ ငိုကြွေးရတာတွေဟာ နည်းနည်းဖြစ်ဖြစ် ရှိက်ကြီးတငင်ဖြစ်ဖြစ် ဘယ်လိုလုပ်လို့မှ မဖြစ်တော့ဘူး၊ ကျောက်တောင်ကြီးကို အင်မတန်ကြီးတဲ့ မုန်တိုင်းကြီးပင် ဖြစ်ပေစေ တုန်လှုပ်သွားအောင် မလုပ်နိုင်သလို အခုပြောခဲ့တဲ့ ဆင်းရဲဒုက္ခတွေဟာ ငါ့မြေးရဲ့စိတ်ကို တုန်လှုပ်သွားအောင် ဘယ်နည်းနဲ့မှ မလုပ်နိုင်တော့ဘူး၊ ဒါပေမယ့် ဒီအနာဂါမိမဂ်ကို ရပြီးတဲ့သူမှာ ဗြဟ္မာဖြစ်ချင်နေတဲ့ လောဘ ကလေးတစ်ခုတော့ ကျန်နေသေးတယ်။

'ဒီ တတိယမဂ်ကို ရပြီးတဲ့နောက် ဘုရားဟောတော်မူတဲ့အတိုင်း ဆက်ပြီး အားထုတ်ဦးမယ်ဆိုရင် ငါ့မြေးဟာ စတုတ္ထမဂ်ဖြစ်တဲ့ အရဟတ္တ မဂ်ကိုရမယ်၊ ဒီအရဟတ္တမဂ်ကို ရပြီးတဲ့အခါ ဗြဟ္မာဖြစ်ချင်နေတဲ့ လောဘ ကလေးတောင် အမြစ်က ပြုတ်ထွက်သွားတယ်၊ ခေါင်းဖြတ်ထားတဲ့ လူတစ်ယောက်ဟာ ဘယ်တော့မှ ပြန်ရှင်မလာသလို ဒီဗြဟ္မာဖြစ်ချင်နေ သေးတဲ့ လောဘတွေဟာ ငါ့မြေးရဲ့ကိုယ်ထဲမှာ ဘယ်တော့မှ ပြန်ပေါ်မလာ တော့ဘူး၊ ဗြဟ္မာမင်းရဲ့ တန်ခိုးတွေ၊ စည်းစိမ်တွေ၊ ချမ်းသာတွေကို ဘယ်လိုပဲ မြင်ရမြင်ရ ငါ့မြေးရဲ့စိတ်ထဲမှာ ဘာမှ မဖြစ်တော့ဘူး၊ အခု ပြောခဲ့တဲ့ အရဟတ္တမဂ်ကိုရပြီးရင် နောက်ထပ် အားထုတ်စရာမရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



- ပထမမဂ်ဖြစ်တဲ့ သောတာပတ္တိမဂ်ကိုရတဲ့သူကို သောတာပန်လို့ ခေါ်တယ်။
- ဒုတိယမဂ်ဖြစ်တဲ့ သကဒါဂါမိမဂ်ကိုရတဲ့သူကို သကဒါဂါမ်လို့ ခေါ်တယ်။
- တတိယမဂ်ဖြစ်တဲ့ အနာဂါမိမဂ်ကိုရတဲ့သူကို အနာဂါမ်လို့ခေါ်တယ်။
- စတုတ္ထမဂ်ဖြစ်တဲ့ အရဟတ္တမဂ်ကို ရတဲ့သူကို ရဟန္တာလို့ခေါ်တယ်

လို့ ဘိုးဘိုးဦးစန္ဒောဘာသက ပြောပြတယ်။

'ဟာ ဘိုးဘိုးရယ်၊ ဒီတရားကို တပည့်တော် အခုကစပြီးတော့ အားထုတ်ပါရစေတော့' လို့ မိုးအောင်က တောင်းပန်တယ်။

'ငါ့မြေး အားနည်းနေသေးတယ်၊ အနာပျောက်တော့မှပဲ အားထုတ်ရင် မကောင်းဘူးလားကွယ်' လို့ ဘိုးဘိုးက မေးတယ်။

'အနာပျောက်အောင် မစောင့်ပါရစေနဲ့တော့ ဘိုးဘိုးရယ်၊ ဒီလောက် လက်တွေ့ပြနိုင်တဲ့ တရားနဲ့တွေ့နေလို့မှ တပည့်တော် အားမထုတ်ရင် တရား အပြစ်မဟုတ်ပါဘူး၊ တပည့်တော်ရဲ့ အပြစ်ဖြစ်နေပါလိမ့်မယ်၊ အခုကပဲစပြီး အားထုတ်ပါရစေ၊ တရားပေးပါတော့ ဘိုးဘိုးရယ်' လို့ တောင်းပန်တယ်။

'ဒီလိုဆိုရင် ငါ့မြေး ရှစ်ပါးသီလ ယူနိုင်ပါ့မလား၊ ရှစ်ပါးသီလမှာ

- မထုန်မမှီဝဲရဘူး ဆိုတာရယ်၊
- နေ့ ၁၂ နာရီကလွန်ရင် ဘာမှမစားရဘူး ဆိုတာရယ်၊
- အဆို၊ အက၊ အတီးကို ကိုယ်တိုင်လည်း မလုပ်ရဘူး၊ သူများကိုလည်း မခိုင်းရဘူး၊ ဆို၊ က၊ တီး နေတဲ့ဆီကိုလည်း မသွားရဘူး၊ ပန်းပန်တာ အမွှေးအကြိုင်လူးတာ သနပ်ခါးလူးတာတွေ မလုပ်ရဘူးဆိုတာရယ်
- မြင့်မြတ်တဲ့နေရာတွေမှာ မအိပ်ရဘူးဆိုတာရယ်။

အဲဒီ သီလတွေဟာ ငါးပါးသီလထက် ပိုလာတယ်။ ဒီသီလတွေထဲ တခြားဟာတွေက ဒီမှာရှောင်ပြီးသား ဖြစ်နေပါပြီ။ ညစာ ထမင်းမစား နေနိုင်ပါ့မလား' လို့ မေးတယ်။

'နေနိုင်ပါတယ် ဘိုးဘိုး' လို့ မိုးအောင်က ပြန်ဖြေတယ်။

'ကဲ ဒါဖြင့် ရှစ်ပါးသီလ ယူရအောင်' လို့ ပြောလိုက်တာနဲ့ မိုးအောင် လည်း ငါးပါးသီလယူတုန်းကလို ဦးဘိုးစရဲ့ အကူအညီနဲ့ ထိုင်ရက် လက်အုပ် ချီပြီး ယူတယ်။

ရှစ်ပါးသီလပေးပြီးတော့မှ သူ့မြေးကျင့်ရမယ့် တရားကို အတိုချုပ်ပြီး ဘိုးဘိုးဦးစန္ဒောဘာသက ဒီလို ပြောပြတယ်။

## ဝိပဿနာတရား

'အခုပြောခဲ့တဲ့ မဂ်လေးပါးကိုရအောင် အားထုတ်ရတဲ့တရားကို 'ဝိပဿနာတရား' လို့ ခေါ်တယ်။ ဝိပဿနာတရား အားထုတ်တယ်ဆိုတဲ့ လူလိတ်စ်ဦးဟာ တခြားဟာတွေကို လျှောက်လုပ်ရတာ မဟုတ်ဘူး၊ မိမိ ကိုယ်နဲ့ စိတ်မှာ

၁။ အနိစ္စသဘောတရား

၂။ ဒုက္ခသဘောတရား

၃။ အနတ္တသဘောတရား ဆိုတဲ့

သဘောတရား သုံးပါးကို ဉာဏ်နဲ့မြင်အောင် ရှုရတာပဲ ဖြစ်တယ်။

'အနိစ္စသဘောတရား' ဆိုတာက ဒီလို၊ မိမိရဲ့ ကိုယ်နဲ့ စိတ်ဟာ တစ်စိတ်မှိတ်၊ လျှပ်တစ်ပြက်အတွင်းမှာပဲ မရပ်မနားဘဲ အကြိမ်ပေါင်း ရေမတွက်နိုင်အောင် ပျက်နေတယ်၊ အဲဒီလို အမြဲပဲ ပျက်နေတာကို အနိစ္စသဘောတရားလို့ ခေါ်တယ်။

'ဒီအနိစ္စသဘောတရားကို သာမန်အားဖြင့် မမြင်နိုင်ဘူး၊ အဲဒီလိုမမြင် တဲ့အတွက် သူတို့ရဲ့ ကိုယ်နဲ့ စိတ်တွေဟာ လူတွေ၊ နတ်တွေ၊ ဗြဟ္မာ ဖြစ်တဲ့ အချိန်ကစပြီး တစ်ကိုယ်တည်း တစ်စိတ်တည်းပဲလို့ လူ ဗြဟ္မာတွေ ထင်နေကြတယ်၊ ငါ့မြေးလဲ ဒီလိုပဲထင်နေတာပဲ မဟုတ် လား၊ မွေးကတည်းက ဖြစ်လာတဲ့ မိမိကိုယ်ဟာ တစ်ခါမှ မပျက်မစီးဘဲ

www.burmeseclassic.com

www.burmeseclassic.com



အခုအချိန်အထိ ကြီးထွားလာတယ်၊ စိတ်ကလဲ တစ်ခါမှ မပျက်စီးဘဲ ဒီအချိန်အထိ တစ်စိတ်တည်းရှိတယ်၊ အဲဒီလို ငါ့မြေး မှတ်ထင်နေတယ် မဟုတ်လား၊ ဝိပဿနာတရားကိုသာ အားမထုတ်ကြဖူးရင် ဘယ်သူပဲဖြစ်ဖြစ် အခု ပြောခဲ့တဲ့အတိုင်း အထင်မှားနေကြမှာပဲ။

'ဝိပဿနာတရားကို မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့အတိုင်း အား ထုတ်လိုက်တဲ့အခါကျတော့ တစ်သက်လုံး မရပ်မနားဘဲ ဟိုရောက်ဒီရောက် ဟိုပြေး ဒီပြေး ပြေးနေတဲ့ စိတ်တွေဟာ ရှေးဦးစွာ တည်ငြိမ်လာတယ် အဲဒီလို စိတ်ရဲ့တည်ငြိမ်မှုကို သမာဓိလို့ ခေါ်တယ်။

'ဒီသမာဓိကို ဥပမာပေးရရင် တရားမှန်ဘီလူးလို့ ပေးနိုင်တယ် ဝမ်းရောဂါပိုးတွေရှိနေတဲ့ရေကို သာမန်မျက်စိနဲ့ ကြည့်ရင် ရေကိုသာ မြင်မယ်၊ ပိုးတွေကို မြင်မှာ မဟုတ်ဘူး၊ မိုက်ကရိုစကုပ်လို့ခေါ်တဲ့ မှန်ဘီလူး နဲ့ ကြည့်တဲ့အခါကျတော့ ရေထဲက ပိုးတွေကို ရှင်းရှင်းလင်းလင်း တွေ့ရ တယ်၊ အဲဒီလိုပဲ ဝိပဿနာ တရားအားထုတ်လို့ သမာဓိရလာတဲ့အခါ ဒီသမာဓိမှန်ဘီလူးနဲ့ မိမိကိုယ်ကို ရှုလိုက်ရင် မိမိရဲ့ ကိုယ်ရော၊ စိတ်ရော ဟာ ဘယ်အခါမှ မရပ်မနားဘဲ လက်ဖျစ်တစ်တွက်အတွင်းမှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် တပျက်တည်း ပျက်နေတာတွေကို ထင်ထင်ရှားရှား တွေ့ရမယ်။

'ကိုယ်နဲ့စိတ်ကို ရုပ်နဲ့နာမ်လို့လည်း ခေါ်တယ်။ ဒီရုပ်နဲ့ ဒီနာမ်ရဲ့ မမြဲပုံကို ကျကျနန မြင်ပြီးတဲ့သူမှာ မမြဲတာဟာ ချမ်းသာမဟုတ်ဘူး ဆင်းရဲပဲလို့ သိတဲ့အသိဉာဏ်တွေ ပေါ်လာလိမ့်မယ်၊ ဒါတွင်မကသေးဘူး မမြဲတာကို မြဲအောင် ဘယ်လိုမှလုပ်လို့မရတဲ့အတွက် ဒီရုပ်နဲ့ ဒီနာမ်ကို ဘယ်သူမှ အစိုးမရဘူး၊ ဒီရုပ် ဒီနာမ်တွေဟာ ဘာမှ အနှစ်သာရမရှိဘူးဆိုတဲ့ အသိဉာဏ်တွေလည်း ပေါ်လာကြလိမ့်မယ်။

- မမြဲတာကို အနိစ္စလို့ ခေါ်တယ်ဆိုတာ သိရပြီ။
- ဆင်းရဲတာကို ဒုက္ခလို့ခေါ်တယ်။



- အစိုးမရတာ အနှစ်သာရမရှိတာကို အနတ္တလို့ ခေါ်တယ်။

ဝိပဿနာတရားအားထုတ်တယ်ဆိုတာ မိမိကိုယ်မှာ ဒီတရားသုံးပါးကို မြင်အောင် ရှုရတာပဲဖြစ်တယ်။

'ဒီသဘောတရား သုံးပါးတို ငါ့မြေး နည်းနည်း သဘောပေါက်လာပြီ လား' လို့ ဘိုးဘိုးက မေးတယ်။

'ပေါက်ပါပြီ' လို့ မိုးအောင်က ဖြေတယ်။

'ကဲ၊ အဲဒီလိုဆိုရင် ဒီတရားသုံးပါးကို မြင်အောင် ဝိပဿနာကို ဘယ်လို အားထုတ်ရတယ်ဆိုတာ ဘိုးဘိုးပြောတော့မယ်' ဆိုပြီး အခုလို ဆက်ပြောပြန်တယ်။

'ကဲ ငါ့မြေးရေ၊ ဘိုးဘိုးပြောတော့မယ်နော်၊ ဂရုစိုက်ပြီး နားထောင်။

'ဝိပဿနာရှုတယ် ဆိုတာ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ တွေ့ထိတိုင်း၊ ကြံစည်စိတ်ကူးတိုင်း၊ လှုပ်ရှားတိုင်း မလွတ်ရအောင် သတိ လစ်မသွားရအောင် အစဉ်မပြတ် မှတ်သွားတာပဲ ဖြစ်တယ်။

'ဒါပေမယ့် အားထုတ်စမှာတော့ အကုန်လုံးလိုက်ပြီး မမှတ်နိုင် သေးဘူး၊ ဒါကြောင့် အစဉ်ထာဝရလဲပြီး မှတ်ဖို့လဲ အင်မတန် လွယ်ကူတဲ့ ထင်ရှားတဲ့ မှတ်စရာတစ်ခုကစပြီး မှတ်ရမယ်၊ ဒီလို မှတ်ရင်း ငါ့မြေးရဲ့ ဝိပဿနာဉာဏ်တွေဟာ တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်သွားလိမ့်မယ်။

'အဲဒီလို တိုးတက်သွားတဲ့အခါကျတော့မှ မျက်စိက မြင်တိုင်း၊ နားက ကြားတိုင်း၊ နှာခေါင်းက နံတိုင်း၊ လျှာက စားတိုင်း၊ ကိုယ်က ထိတွေ့တိုင်း၊ စိတ်က ကြံစည်စိတ်ကူးတိုင်း ဖြန့်ပြီး မှတ်ရမယ်၊ စ ကာစမှာတော့ မှတ်စရာတစ်ခုကို သတ်မှတ်ပြီး မှတ်ရမယ်။

'ဒီလိုဆိုရင် ငါ့မြေးရဲ့ ကိုယ်မှာ မှတ်ဖို့အတွက် ဘယ်နေရာကို သတ်မှတ်မလဲ၊ နှာခေါင်းက ရှူရှိုက်နေတဲ့ ဝင်သက်နဲ့ ထွက်သက်ဟာ အင်မတန် သိမ်မွေ့တယ်၊ ဒါကြောင့် စ ကာစ လူတွေအတွက် အမှတ်ရ ခက်တယ်၊ ရှူလိုက်တဲ့အခါ ဗိုက်က ဖောင်းကြွလာတယ်၊ ရှူလိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါ ဗိုက်က ပိန်ကျသွားတယ်၊ အဲဒီ ဖောင်းတာ၊ ပိန်တာက အမှတ်ရ လွယ်တယ်။

'ဒါကြောင့် မိမိရဲ့ ဝမ်းဗိုက်ကို စိတ်ကူးနဲ့ စူးစိုက်ပြီး ကြည့်နေပါ ဖောင်းကြွလာတာ၊ ပိန်ကျသွားတာကို မြင်ရလိမ့်မယ်၊ ဗိုက်ပေါ်မှာ လက် တင်ထားပြီး ကြည့်ပါ၊ တအောင့်လောက် ကြာလို့ ဖောင်းတိုင်း ပိန်တိုင်း ထင်ရှားလာရင်

- ဝင်သက် ရှူခိုက်မှာ ဝမ်းဗိုက် ဖောင်းကြွလာတာကို ဖောင်းတယ်လို့ မှတ်ပါ၊
- ထွက်သက် ရှူခိုက်မှာ ဝမ်းဗိုက် ပိန်ကျသွားတာကို ပိန်တယ်လို့ မှတ်ပါ၊
- ဖောင်းခိုက်မှာ ဝမ်းဗိုက်ဖောင်းတက်လာတာကို အစ အဆုံးအထိ သိနေရမယ်၊ စိတ်တွေဟာ တခြားကို လွင့်မသွားရဘူး၊
- ပိန်ခိုက်မှာလဲ ဝမ်းဗိုက် ပိန်ကျသွားတာကို အစအဆုံး အထိ သိနေ ရမယ်၊ စိတ်တွေဟာ တခြားကို လွင့်မသွားရဘူး၊

အဲဒီ ဖောင်းတာ၊ ပိန်တာက စပြီး မှတ်ရမယ်၊

အဲဒီလို ဝမ်းဗိုက်က ဖောင်းတိုင်း ပိန်တိုင်း

- 'ဖောင်းတယ်၊ ပိန်တယ်' 'ဖောင်းတယ်၊ ပိန်တယ်' လို့ မှတ်နေပါ
- ဖောင်းတာနဲ့ ဖောင်းတယ်လို့ မှတ်တာ
- ပိန်တာနဲ့ ပိန်တယ်လို့ မှတ်တာဟာ

အံကိုက်နေပါစေ၊ မှတ်တဲ့အခါ စိတ်ထဲကသာ မှတ်ပါ၊ နှုတ်ကဆိုဖို့ မလိုပါဘူး။

'ဖောင်းတာ၊ ပိန်တာ ထင်ရှားအောင် တမင်သက်သက် အားထုတ်ပြီး ပြင်းပြင်းရှူရှိုက်တာမျိုး မလုပ်ရဘူး၊ အသက်ရှူရှိုက်တာကို နှေးအောင် မြန်အောင်လည်း မပြုပြင်ရဘူး၊ ပြုပြင်ရင် မကြာခင် မောပြီး မမှတ်နိုင် ဖြစ်နေတတ်တယ်၊ ပကတိ ရှူရှိုက်နေကျအတိုင်းသာ မှန်မှန်ရှူရှိုက်ပါ။



'မှတ်တဲ့အခါ ဖောင်းတာနဲ့ ဖောင်းတယ်လို့မှတ်ပါ၊ ပိန်တာနဲ့ ပိန်တယ်လို့ မှတ်ပါ၊ အံကိုက်အောင် ကြိုးစားပြီး မှတ်ပါ၊ အဲဒီလို မှတ်နေတုန်း သတိလစ်ပြီး တစ်ခုခုကို ကြံစည်စိတ်ကူးမိရင် 'ကြံစည်တယ်၊ ကြံစည်တယ်' လို့ စိတ်ထဲကဆိုပြီး မှတ်လိုက်၊ ပြီးတော့မှ ဖောင်းတယ်၊ ပိန်တယ်လို့ ပြန်မှတ်။

'ပြုပြင်လှုပ်ရှားတဲ့ အမူအရာ ဟူသမျှကိုလည်း အမှတ်တမဲ့ လှုပ်လိုက်တာမျိုး မဖြစ်ရအောင် ကြိုးစားပြီး မှတ်ပါ၊ ဥပမာ၊ ခြေလှုပ်တယ်ဆိုရင် 'ခြေလှုပ်တယ်၊ ခြေလှုပ်တယ်' လို့ မှတ်၊ လက်လှုပ်ရင် 'လက်လှုပ်တယ်၊ လက်လှုပ်တယ်' လို့ မှတ်၊ ပြီးတော့မှ 'ဖောင်းတယ်၊ ပိန်တယ်' လို့ပြန်မှတ်။

'ကိုယ်မှာလည်း ယားတဲ့ဝေဒနာ၊ ညောင်းတဲ့ဝေဒနာ၊ ကိုက်ခဲတဲ့ ဝေဒနာ၊ စိတ်မှာလည်း ဝမ်းသာတဲ့ဝေဒနာ၊ စိတ်ညစ်တဲ့ဝေဒနာတွေ ပေါ်တတ်တယ်၊ ဥပမာ၊ ယားရင် 'ယားတယ်၊ ယားတယ်' လို့ မှတ်၊ စိတ်ညစ်ရင် 'စိတ်ညစ်တယ်၊ စိတ်ညစ်တယ်' လို့ မှတ်၊ ပြီးတော့မှ 'ဖောင်းတယ်၊ ပိန်တယ်' လို့ ပြန်မှတ်၊ အခုပြောတဲ့နည်းအတိုင်း နိုးတဲ့အချိန်ကစပြီး အလိုလို အိပ်ပျော်တဲ့အထိ နေ့ရောညပါ မပြတ်မစဲ တစ်မှတ်တည်းမှတ်နေပါ၊ အိပ်ချိန်လည်း နည်းနိုင်သမျှ နည်းပါစေ၊ လုံ့လကောင်းနိုင်သမျှ ကောင်းပါစေ။

'အဲဒီလို ရိုရိုသေသေ မှတ်နေနိုင်ရင် သမာဓိအားကောင်းလာပြီး ဉာဏ်ထူးတွေရလာတာကို ငါ့မြေးကိုယ်တိုင် ကေန်မုချ တွေ့ရမယ်။

ဒီလို ဘာကြောင့် မှတ်နေရသလဲဆိုတာကို အကျဉ်းချုပ် ရှင်းပြဦးမယ်။

ငါ့မြေးဟာ မမှတ်ဘဲနေရင်

- မျက်စိက မြင်တဲ့အဆင်း၊
- နားက ကြားရတဲ့အသံ၊
- နှာခေါင်းက နံတဲ့အနံ့၊

www.burmeseclassic.com

www.burmeseclassic.com



- လျှာက စားတဲ့ အစားအစာ၊
- ကိုယ်က ထိတွေ့တဲ့ အတွေ့၊
- စိတ်က ကြံစည်စိတ်ကူးနေတဲ့ အတွေးတွေကို အကြောင်းပြုပြီး
- ကြိုက်ရင် လောဘစိတ်တွေ ဖြစ်နေတယ်၊
- မကြိုက်ရင် ဒေါသစိတ်တွေ ဖြစ်နေတယ်။

'ဒီလောဘ၊ ဒေါသတွေဆိုတာ ဘိုးဘိုးပြောခဲ့တဲ့ သဘောတရားသုံးပါးကို ငါ့မြေး မမြင်နိုင်အောင် ဖုံးကွယ်ထားတဲ့ ကိလေသာ အညစ်အကြေးတွေပဲ၊ သူငယ်အိမ်ပေါ်မှာ တိမ်သလ္လာတွေရှိနေရင် အဆင်းကို မမြင်နိုင်သလို ငါ့မြေးကိုယ်တွင်းမှာ ဒီကိလေသာတွေရှိနေရင် ငါ့မြေးဟာ ဘိုးဘိုးပြောခဲ့တဲ့ သဘောတရားသုံးပါးကို မမြင်နိုင်ဘူး။

'အဲဒီတော့ အဆင်းတစ်ခုခုကို မြင်မြင်ချင်း 'မြင်တယ်၊ မြင်တယ်' လို့ မှတ်လိုက်ရင် ဒီအဆင်းနဲ့ပတ်သက်ပြီး လောဘစိတ်တွေ၊ ဒေါသစိတ်တွေ ပေါ်ဖို့ အခွင့်မရတော့ဘူး၊ စိတ်ဟာ တစ်ချိန်မှာ တစ်စိတ်ပဲဖြစ်နိုင်တယ်၊ မှတ်တဲ့စိတ်တွေ ဖြစ်နေရင် လောဘစိတ်တွေ၊ ဒေါသစိတ်တွေ ဘယ်နည်းနဲ့မှ မပေါ်နိုင်တော့ဘူး၊ အဲဒီလိုပဲ

- ကြားကြားချင်း 'ကြားတယ်၊ ကြားတယ်'
- နံနံချင်း 'နံတယ်၊ နံတယ်'
- စားစားချင်း 'စားတယ်၊ စားတယ်'
- ထိထိချင်း 'ထိတယ်၊ ထိတယ်'
- တွေ့တွေ့ချင်း 'တွေ့တယ်၊ တွေ့တယ်' လို့ လိုက်လိုက်မှတ်

လိုက်ရင် ဒီအသံ၊ ဒီအနံ့၊ ဒီအစား၊ ဒီအတွေ့၊ ဒီအတွေးတွေနဲ့ ပတ်သက်ပြီး လောဘစိတ်တွေ၊ ဒေါသစိတ်တွေ၊ မဖြစ်ပေါ်နိုင်တော့ဘူး၊ တိမ်သလ္လာ မရှိတဲ့အခါ မျက်စိဟာ အဆင်းကို မြင်နိုင်သလို ငါ့မြေးရဲ့ ကိုယ်ထဲက ဒီကိလေသာတွေ စင်ကြယ်သွားတဲ့အခါ ဘိုးဘိုးပြောတဲ့ အနိစ္စ၊ ဒုက္ခ၊



အနတ္တ သဘောတရားတွေဟာ ငါ့မြေးရဲ့ ဉာဏ်ထဲမှာ ထင်ထင်ရှားရှားကြီး ပေါ်လာမယ်။

'မှတ်ကာစတော့ ငါ့မြေးဟာ ဘယ်လောက်ပဲ အမှတ်ကောင်းကောင်း လွတ်ထွက်သွားတာတွေ အများကြီးရှိနေဦးမယ်၊ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် လက်တစ်ဖျစ်တွင်း စိတ်ဟာ အကြိမ်ပေါင်းများစွာဖြစ်ပြီး အကြိမ်ပေါင်းများစွာ ပျက်နိုင်တဲ့အတွက် စက္ကန့်ရဲ့ အစိတ်အပိုင်းကလေးလောက် မမှတ်မိလိုက်ဘဲ လွတ်သွားရင် ဒီလောဘစိတ်တွေ၊ ဒေါသစိတ်တွေဟာ ဘယ်လောက်ဖြစ်သွားမယ်ဆိုတာ ငါ့မြေး တွေးကြည့်နိုင်တယ်။

'ဒီလို လောဘစိတ်တွေ၊ ဒေါသစိတ်တွေ ဖြစ်နေသရွေ့တော့ ငါ့မြေးဟာ အမှန်သဘောတရားတွေကို ဘယ်နည်းနဲ့မှ မြင်မှာ မဟုတ်ဘူး၊ အဲဒါကြောင့် ဒီ လောဘစိတ်၊ ဒေါသစိတ်ဆိုတဲ့ ကိလေသာတွေဟာ နည်းနည်းကလေးမှ ဖြစ်ခွင့်မရလေအောင် ငါ့မြေး မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊ စားသမျှ၊ တွေ့ထိသမျှ၊ ကြံတွေးသမျှ၊ ခြေလက်အင်္ဂါ လှုပ်ရှားပြုပြင်သမျှ နည်းနည်းကလေးမှ လွတ်မသွားရအောင် အကုန်လုံး တစ်ခုမကျန် လိုက်မှတ်ပေးနေပါ၊ အမှန်သဘောတရားတွေဟာ ငါ့မြေးရဲ့ဉာဏ်ထဲမှာ ထင်ရှားလာပြီး ထူးထူးခြားခြားကြီး ပေါ်လာလိမ့်မယ်။

'ဒီလိုပဲ ကြိုးစား အားထုတ်သွားရင် မဂ်ဉာဏ်ရတဲ့အထိ ငါ့မြေးဟာ ငါ့မြေး တစ်ဆင့်ပြီး တစ်ဆင့် တက်သွားပါလိမ့်မယ်။

'အဲဒီလို ဉာဏ်သစ်တွေ တစ်ဆင့်ပြီးတစ်ဆင့် ရလာတာကို ငါ့မြေးဟာ ငါ့မြေး ပြောလာလိမ့်မယ်။

'ငါ့မြေးဟာ ဘယ်အခြေအနေရောက်နေတယ်ဆိုတာ ညနေတိုင်း ဘိုးဘိုး ဒီမှာလာပြီး တရားစစ်မယ်၊ လိုနေတာတွေကို ဖြည့်ပေးမယ်၊ ပြုပြင်သင့်တာတွေကို ပြုပြင်မယ်၊ ကြိုးစားပြီးသာ မှတ်ပါတော့ ငါ့မြေး။

'ဒီတရားတော်ဟာ ဘုရားတစ်ဆူပွင့်တော်မူမှ ကြားနာရတဲ့ တရားတော်တွေ ဖြစ်တယ်ကွယ့်၊ ကြားလား' လို့ မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုးအောင်က ခေါင်းညိတ်လိုက်တယ်၊ ပြီးတော့မှ 'ဘိုးဘိုးရယ် တပည့်တော် သတိလစ်နေတုန်းက ဘုန်းဘုန်းဆိုတဲ့ သစ္စာကို ဘိုးဘိုး ဆီကတစ်ဆင့် ကြားရတယ်၊ သိပ်ကောင်းတာပဲ၊ အဲဒါကို အခုတစ်ခေါက် လောက် ဆိုပေးပါ၊ သစ္စာဆိုပြီး ဆုတောင်းတဲ့အခါကျတော့ ဝေဒနာ ပျောက်ပါစေလို့ ဆုမတောင်းပါနဲ့တော့၊ ဝေဒနာပျောက်တော့မှာပါ တပည့်တော် တရားထူးကို မြန်မြန်ရပါစေလို့ ဆုတောင်းပေးပါ' လို့ မိုးအောင်က လျှောက်တယ်။

နောက်ပြီး 'အဲဒီသစ္စာကို ဘိုးဘိုးက ဆိုမလို့လုပ်တဲ့အချိန်မှာ ဘိုးဘိုး ရဲ့ ခြေထောက်တစ်ဘက် တပည့်တော်ရဲ့နဖူးပေါ်မှာ တင်ထားပါ' လို့ လျှောက်ပြီး သူ့ဘိုးဘိုး သစ္စာဆိုပြီး ဆုတောင်းနေတုန်း မိုးအောင်က လက် နှစ်ဘက်နဲ့ကိုင်ပြီး နာနေတယ်။

သစ္စာဆိုပြီးတော့မှ ဘိုးဘိုးက 'ဘိုးစရေ၊ ငါ့မြေးရဲ့ မှတ်ဆိတ်မွေး နှုတ်ခမ်းမွေးတွေကို ရိတ်ပေးပါဦးကွယ်၊ ခေါင်းရိတ်ချင်ရင်လဲ ရိတ်ပေး လိုက်ပါ၊ အင်္ကျီ၊ လုံချည်တွေလည်း ချွေးစော်မနံရအောင် ကြည့်လဲပေး ဦးကွယ်၊ သန့်ရှင်းတာဟာ တရားအားထုတ်တဲ့နေရာမှာ အကူအညီ အထောက်အပံ့ ဖြစ်ပါတယ်' လို့ ပြောပြီး ကျောင်းကို ပြန်ကြွသွားတယ်။

ဘိုးဘိုး ကျောင်းကိုပြန်ကြွသွားတဲ့အခါ 'ဘိုးဘိုးစရေ၊ ခေါင်းအုံး အောက်က သေနတ်၊ ကျည်ဆံ၊ ဓားမြှောင်၊ ပိုက်ဆံတွေအားလုံးကို ယူသွား ပြီး အကုန်လုံး ဖျက်ဆီးပစ်လိုက်ပါ၊ ပြီးတော့မှ ဘယ်သူမှ မမြင်နိုင်တဲ့ နေရာမှာ မြှုပ်ပစ်လိုက်ပါ' လို့ မိုးအောင်က ဦးဘိုးစကို ပြောတယ်။

❑

အခန်း ၁၀

## လက်တွေ့တရား၌ ယုံကြည်သည့်မိုးအောင်

နောက်တစ်နေ့ညနေ ခြောက်နာရီလောက်ရှိတော့ ဘိုးဘိုးဦးစန္ဒာဘာသဟာ သူ့မြေးကို တရားစစ်ရအောင် လာတယ်။ မိုးအောင်က 'ဘိုးဘိုးရေ၊ စိတ် တွေနဲ့ တပည့်တော်နဲ့ နပန်းလုံးတုန်းပဲ ရှိသေးတယ်၊ မနိုင်သေးဘူး' လို့ လျှောက်တာနဲ့ ခဏလောက်နေပြီး ဘိုးဘိုး ပြန်သွားတယ်။ နောက်တစ်နေ့ ညနေကျတော့ တရားစစ်ရအောင် ဘိုးဘိုးရောက်လာတယ်။

မိုးအောင်က 'ဘိုးဘိုးရေ အတော်ကလေးတော့ နေရာကျလာပါပြီ၊ ဖောင်းတာနဲ့ မှတ်လိုက်တာနဲ့၊ ပိန်တာနဲ့ မှတ်လိုက်တာနဲ့ အတော်ကလေး အံကိုက်လာပါပြီ၊ မနေ့ကဆိုရင် ဖောင်းတယ်လို့ ဆိုပေမယ့် ဖောင်းတာကို မှတ်နိုင်ဘဲ စိတ်က တခြားကို ရောက်ရောက်နေတာ များတယ်၊ ပိန်တာ ကို မှတ်တဲ့ အခါမှာလဲ ဒီလိုပဲ၊ ဒီနေ့တော့ ဖောင်းတာနဲ့ မှတ်တာ၊ ပိန်တာ နဲ့ မှတ်တာ၊ အတော်ကလေး အံကိုက်လာပါပြီ ဘိုးဘိုး' လို့ လျှောက် တယ်။

'ဝီရိယကောင်းဖို့ အားကြီးလိုတယ် ငါ့မြေး' လို့ ဘိုးဘိုးက ဩဝါဒ ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးစက ကြားဝင်ပြီး 'အရှင်ဘုရားရဲ့မြေးက အတော်ကြီးကို ... ကောင်းတဲ့ သူငယ်ပဲ၊ ညကလဲ တပည့်တော်နိုးတိုင်း သူ မအိပ်ဘူး၊ မှတ်နေ တာကိုပဲ တွေ့ရတယ်၊ ဒီနေ့ တစ်နေ့လုံး ဒီလိုပဲ' လို့ လျှောက်တယ်။ နောက်တစ်နေ့ညနေ တရားစစ်ရအောင် ဘိုးဘိုး ရောက်လာပြန်တယ်။

'ဘိုးဘိုးရေ၊ ဒီနေ့တစ်နေ့လုံးလိုလိုပဲ တပည့်တော်ရဲ့တစ်ကိုယ်လုံး မှာ ဘာမှမရှိတော့ဘဲ ဖောင်းတာ ပိန်တာနဲ့၊ ဖောင်းတာ ပိန်တာကို မှတ်နေတဲ့စိတ် ဒီနှစ်ခုထဲကိုသာ တွေ့ရပြီး လက်စသတ်တော့ ဒီနှစ်ခု... မိုးအောင်လို့ ခေါ်နေတာကိုး ဆိုတဲ့ စိတ်တွေ ခဏခဏ ပေါ်နေတယ် ဘိုးဘိုး' လို့ လျှောက်တယ်။

'ငါ့မြေးရဲ့ သမာဓိတွေဟာ အတော်ကြီးကောင်းလာပြီ၊ ဘိုးဘိုး သာဓု အများကြီးခေါ်တယ်၊ ဒီ သမာဓိမပျက်စေနဲ့၊ ဆက်မှတ်နေ' လို့ ပြောပြီး ဘိုးဘိုး ပြန်သွားတယ်။

နောက် နှစ်ရက်မှာပဲ မိုးအောင်ဟာ ဒီအတိုင်းပဲ တွေ့နေရသေးတယ် ထူးမလာသေးဘူး။

နောက်တစ်နေ့ညနေ တရားစစ်ရအောင် ဘိုးဘိုးလာတဲ့အခါ 'ဘိုးဘိုး ရေ၊ ဒီနေ့ စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်၊ မှားရင်လဲ ပြင်ပေးပါ၊ မြင်... စိတ်တွေဟာ အစကရှိနေတာ မဟုတ်ဘူး၊ တစ်ခုခု မြင်လိုက်မှ ဒီမြင်... စိတ်ဆိုတာ ပေါ်လာတယ်၊ ကြားတဲ့စိတ်လဲ ဒီလိုပဲ၊ အသံတစ်ခုခုကြားလိုက်... ဒီကြားတဲ့စိတ်ပေါ်လာတယ်၊ ထိတွေ့တဲ့စိတ်လဲ ဒီလိုပဲ၊ တစ်ခုခုနဲ့ထိလိုက်... မှ ဒီထိတွေ့တဲ့စိတ် ပေါ်လာတယ်၊ လက်ကို ကွေးချင်တဲ့စိတ် ဖြစ်လိုက်... တဲ့တောင်ဆစ်နားဆီမှာ ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်းဖြစ်ပြီး လက်ကို ဆွဲ... ကွေးသလို ဖြစ်ဖြစ်လာတယ်၊ ခေါင်းလှည့်ချင်ရင်လဲ ဒီလိုပဲ ခေါင်းလှည့်... စိတ် ဖြစ်လိုက်တာနဲ့ လည်ပင်းမှာ ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်းဖြစ်ပြီး ခေါ်...



ဆွဲဆွဲပြီး လှည့်သလို ဖြစ်ဖြစ်လာတယ်၊ အဲဒီလို ဖြစ်ဖြစ်နေတယ်ဘိုးဘိုး' လို့ လျှောက်တယ်။

'ငါ့မြေး မမှားဘူး၊ အမှန်တွေကို တွေ့နေရပြီ၊ ဒီအတိုင်းသာဆက် မှတ်သွား၊ ဝီရိယကို မလျှော့လိုက်နဲ့နော်' ဆိုပြီး ပြန်သွားတယ်။

နောက်တစ်နေ့ တရားစစ်ရအောင် ဘိုးဘိုး လာတဲ့အခါ မိုးအောင်က ဆီးပြီး 'ဘိုးဘိုးရေ၊ မျက်စိရယ် မြင်စရာတစ်ခုခုရယ် အဲဒီတစ်ခုခုကို မျက်စိက မြင်လိုက်တာရယ်၊ ဒီသုံးခုသာမရှိရင် မြင်စိတ်ဆိုတာ ဘယ်နည်း နဲ့မှ မဖြစ်နိုင်ဘူး၊ အဲဒါကလေးတစ်ခုကို သိလိုက်တာ တပည့်တော်အတွက် ကောင်းသွားတာပဲ ဘိုးဘိုးရယ်၊ အဲဒီ အသိကလေးကနေပြီး ဘာဖြစ်ဖြစ် အကြောင်းမရှိဘဲနဲ့ မဖြစ်နိုင်ဘူးဆိုတဲ့ အသိတစ်ခု နောက်ထပ်ပေါ်လာပြန် တယ်၊ ဒီလို ပေါ်လာတဲ့အတွက် သိပ်ကောင်းတာတစ်ခု ရှိသေးတယ်။

'အရင် ဘိုးဘိုး ပြောစတုန်းက သံသရာဆိုတာ တပည့်တော်ရဲ့ လည်ချောင်းထဲမှာ တစ်ဆို့ကြီးဖြစ်နေတယ်၊ ဘိုးဘိုးပြောတာဆိုတော့ အေးလဲ မထုတ်ချင်၊ ဒါပေမယ့် ယုံလဲ မယုံတော့ မျိုချလို့လဲ မရ၊ လည်ချောင်းထဲမှာ တစ်ဆို့ကြီးဖြစ်နေတယ်၊ အခုတော့ ဒီအလုံးကြီးဟာ ကျသွားပါပြီဘိုးဘိုး၊ တပည့်တော် လူဖြစ်လာတာဟာ အကြောင်းမဲ့ သက်သက် သူ့ဟာသူ ဖြစ်လာတာ မဟုတ်ပါဘူး ဘိုးဘိုး၊ လူဖြစ်စေနိုင်တဲ့ အကြောင်းတွေကြောင့် ဖြစ်လာတာပါပဲ' လို့ မိုးအောင်က လျှောက်တယ်။

'ဒီလိုဆိုရင် ငါ့မြေး၊ ငါ့မြေးဟာ နတ်ဖြစ်နိုင်တဲ့အကြောင်းတွေကို လုပ်ရင် နတ်ဖြစ်နိုင်တယ်၊ ဗြဟ္မာဖြစ်နိုင်တဲ့အကြောင်းတွေကိုလုပ်ရင် ဗြဟ္မာဖြစ်နိုင်တယ်၊ အပါယ်လေးဘုံသားတွေဖြစ်နိုင်တဲ့ အကြောင်းတွေ လုပ်ရင် အပါယ်လေးဘုံသားတွေ ဖြစ်နိုင်တယ်ဆိုတာတွေကော ယုံပြီလား' လို့ ဘိုးဘိုးက မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ယုံပါပြီ ဘိုးဘိုး' လို့ မိုးအောင်က ဖြေတယ်။

'သာဓု သာဓု သာဓု' လို့ လိုက်လိုက်လှဲလှဲ သာဓု သုံးကြိမ်ခေါ်ပြီး ဘိုးဘိုး ပြန်သွားတယ်။

နောက်နှစ်ရက်မှာလည်း မိုးအောင်မှာ ဒီအသိဉာဏ်တွေ ဒီအတိုင်း ဆက်ဖြစ်နေတယ်။ သန်းခေါင်ကျော် နှစ်ချက်တီးလောက်ကျတော့ မိုးအောင်ဟာ လှဲနေရာက ထပြီး ထော့နင်းထော့နင်းနဲ့ အခန်းအပြင်ဘက်ကို ထွက်နေတယ်။

ဦးဘိုးစလည်း လန့်နိုးလာတဲ့အတွက် 'ငါ့မြေး ဘယ်လဲ' ဆိုပြီး မိုးအောင်ကို လိုက်ဆွဲတယ်။

'ဘိုးဘိုးစရေ၊ ကျွန်တော် ဘိုးဘိုးဆီကို သွားမလို့' လို့ မိုးအောင်က ပြန်ပြောတယ်။

'မဟုတ်တာပဲကွယ်၊ မင့်ခြေနှာက အခုမှ အသားနုတက်ကာစကလေး ရှိသေးတယ်' လို့ ဦးဘိုးစက ပြောတယ်။

မိုးအောင်က 'သွားပါရစေ ဘိုးဘိုးစရာ၊ ဘိုးဘိုးပြောတဲ့ တရားကို တွေ့ပြီ၊ အဲဒါ ကျွန်တော် သွားပြောချင်တယ်၊ ခုချက်ချင်း ပြောရမှပဲဖြစ်မယ်' လို့ ပြောပြောဆိုဆို ဦးဘိုးစ လက်ထဲက အတင်း ရုန်းထွက်နေတယ်။

'မင့်ဘိုးဘိုးကို ငါသွားခေါ်ပေးမယ်၊ မင်း မသွားရဘူး၊ မင်းကို ငါ လွှတ်လိုက်ရင် မင့်ဘိုးဘိုး ငါ့ကို အပြစ်တင်လိမ့်မယ်' ဆိုပြီး မိုးအောင်ကို ဦးဘိုးစဟာ သူ့အိပ်ရာပေါ်မှာ ပြန်သိပ်ထားလိုက်တယ်။ တအောင့်လောက် ကြာတဲ့အခါ ဘိုးဘိုးနဲ့ ဦးဘိုးစတို့ ရောက်လာကြတယ်။

သူ့ဘိုးဘိုးကို တွေ့တွေ့ချင်း 'ဘိုးဘိုးရေ၊ ဘိုးဘိုးပြောတဲ့ တရားတွေကို တွေ့ပြီ၊ တပည့်တော်တွေ့ပြီ' လို့ ဝမ်းသာအားရနဲ့ ဆီးပြီးပြောတယ်၊



အဲဒီလိုပြောပြီးတော့မှ 'ဘိုးဘိုးရယ်၊ မှတ်နေတဲ့ စိတ်တွေဟာ ရိပ်ခနဲ ရိပ်ခနဲ ပျောက်ပျောက်သွားတယ်၊ ပိန်တာ ဖောင်းတာတွေထဲက ရိပ်ခနဲ ရိပ်ခနဲ ပျောက်ပျောက်သွားတယ်၊ အဲဒါတွေကို မှတ်နေရင်း ဘိုးဘိုးပြောတဲ့ နာမ်နဲ့ ရုပ်ဟာ မမြဲဘူးဆိုတာ ဒီလိုဖြစ်နေတာကို ပြောတာပဲ ဆိုတဲ့အသိဟာ ခေါင်းထဲမှာ ပေါ်နေတယ်၊ အဲဒီလိုပေါ်ပြီးတော့ မှတ်နေရင်း ဒီလို မမြဲတဲ့ နာမ်ရုပ်ဟာ ဘာများကောင်းလို့လဲကွာ၊ ဘာများကြိုက်စရာရှိလို့လဲကွာ ဆိုတဲ့ အသိတွေဟာ ပေါ်လာပြန်ပါတယ်။

'အဲဒါနဲ့ ဆက်မှတ်နေရင်း ဒီလို မမြဲတာဟာ ဘယ်သူကမှ လုပ်ပေးနေတာ မဟုတ်ဘူး၊ သူ့သဘောအတိုင်း သူဖြစ်နေတာပဲ၊ သူ့သဘော အတိုင်း သူဖြစ်နေတာကို ငါ့ဥစ္စာ ငါ ငါ့အလိုလိုက်တဲ့ အတ္တဆိုရင် ငါ များမှာပဲဆိုတဲ့ အသိတွေ နောက်ထပ်ပေါ်လာပါတယ် ဘိုးဘိုး' လို့ လျှောက်တယ်။

ဘိုးဘိုးက သာဓုသုံးကြိမ်ခေါ်တယ်။ ဆက်မှတ်ဖို့ အားပေးပြီး ပြန်မယ်လို့အလုပ်မှာ မိုးအောင်က သူ့နဖူးပေါ် ခြေထောက်တင်ပါဦးဆိုတာနဲ့ အရင်နည်းအတိုင်း တင်ပေးရသေးတယ်။ မိုးအောင်လည်း ဘိုးဘိုးရဲ့ ခြေထောက်ကို လက်နှစ်ဘက်နဲ့ ကိုင်ပြီး 'ဘိုးဘိုး ခြေထောက်ကို တပည့်တော် ခိုးပါတယ် ဘုရား' လို့ သုံးလေးကြိမ် ဆိုရင်း ရှိခိုးနေတယ်။ နောက်တစ်နေ့ လည်း ဒီအသိတွေ ထင်ထင်ရှားရှားကြီး ဆက်ဖြစ်နေတယ်။

နောက်တစ်နေ့ တရားစစ်ရအောင် ဘိုးဘိုးလာတဲ့အခါ မိုးအောင်က ဘိုးဘိုးရေ ဘိုးဘိုးပြောတဲ့ မဂ်ဆိုတာကို တပည့်တော်ရပြီထင်တယ်၊ ည နေ့က စပြီး လက်နှိပ်ဓာတ်မီးနဲ့ ထိုးထားသလို အလင်းရောင်ကြီးကို မြင်နေရတယ်၊ စိတ်တွေလဲ ဘယ်လိုဖြစ်နေတယ် မဆိုနိုင်ဘူး၊ ဒီလို ဟာမျိုး တပည့်တော် တစ်ခါမှ မတွေ့ဖူးဘူး၊ ရင်ထဲမှာ လှပ်လှပ်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်လှုပ်နဲ့ ဖြစ်နေတယ်၊ သိပ်အရသာရှိတာပဲ၊ မှတ်ရတာတွေလဲ အရင်တုန်းကနဲ့ မတူတော့ဘူး၊ ဖောင်းတာကိုမှတ်လိုက်ရင် ဖောင်းစက အဆုံးကို ရောက်တဲ့အထိ ဖြစ်လိုက်ပျက်လိုက် ဖြစ်နေတာတွေဟာ အရင်တုန်းကထက် အများကြီး ပိုများလာတာကို တွေ့ရတယ်၊ ပိန်တာကို မှတ်ရင်လဲ ဒီလိုပဲ မှတ်နေတဲ့စိတ်တွေ ဖြစ်ပျက်နေတာကိုလဲ အရင်ကထက်ပိုပြီး မြင်လာတယ် ပြီးတော့လဲ မှတ်နေတဲ့အခါမှာ အရင်ကလို အားမစိုက်ရတော့ဘူး မှတ်နေတဲ့ စိတ်ထဲကို အာရုံက ဝင်ဝင်ပြီး တိုးနေသလိုတောင် ဖြစ်နေတယ် တပည့်တော် မဂ်ရပြီထင်တယ် ဘိုးဘိုး' လို့ လျှောက်တယ်။

ဘိုးဘိုးက ပြုံးပြီး 'ငါ့မြေးမြင်ရတဲ့ အလင်းရောင်ဟာ ငါ့မြေးရဲ့ အင်မတန်နိုင်ခဲ့ကောင်းမွန်လာတဲ့ သမာဓိကြောင့် ဖြစ်ပေါ်လာတာ။ ဒီအလင်းရောင်ကို တွေ့ဖူးတဲ့ ယောဂီပုဂ္ဂိုလ်တွေဟာ ဒီအလင်းရောင်ကို နိဗ္ဗာန်လိုလို ဘာလိုလို အထင်မှားတတ်ကြတယ်၊ ဒီအလင်းရောင် မြန်မြန်ပျောက်သွားအောင် ကိုယ်မှတ်နေကျကိုသာ ကြိုးစားပြီး မှတ်ပါ။

- ဒီအလင်းရောင်ကို အဟုတ်ထင်ပြီး သူ့ကိုပဲ အာရုံခံနေရင် တော်တော်ကြာတော့ ဒီအလင်းရောင်ကို သာယာနေတဲ့ **တဏှာ**၊
- ဒီအလင်းရောင်မျိုးကို ငါ့လို ဘယ်သူ မြင်နိုင်သလဲလို့ တခြားသူတွေနဲ့ နှိုင်းပြိုင် ထောင်လွှားတဲ့ **မာန**၊
- ဒီအလင်းရောင်ကြီးဟာ နိဗ္ဗာန်ပဲ၊ အဲဒါကြောင့် ဒီအလင်းရောင်ကြီး ပျောက်မသွားအောင် ဆက်ပြီး ကြိုးစားမှပဲလို့ ထင်မှားနေတဲ့ **ဒိဋ္ဌိ**

ဆိုတဲ့ ကိလေသာတွေ ဝင်လာပြီး ငါ့မြေး အခုရနေတဲ့ သမာဓိတွေ ယိမ်းယိုင်ပျောက်ကွယ်သွားတတ်တယ်၊ အဲဒါကြောင့် ဒီအလင်းရောင် မြန်မြန်ပျောက်ပစ်၊ မှတ်နေကျအတိုင်း ဆက်မှတ်' လို့ ဘိုးဘိုးက အမိန့်ရှိတယ်။



'ဘိုးဘိုးရယ်၊ တပည့်တော် လမ်းလွဲကိုလိုက်သွားတော့မလို့ နည်းနည်းလိုတော့တယ်၊ ဒီအလင်းရောင်ကြီးကို တပည့်တော် ချက်ချင်းဖျောက်ပစ်ပါမယ် ဘိုးဘိုးရယ်' လို့ လျှောက်တယ်။

အဲဒီလို လျှောက်ထားပြီး မိုးအောင်လည်း သူ့ဘိုးဘိုးပြောတဲ့အတိုင်း ဆက်မှတ်နေတယ်။ ဒါပေမယ့် မှတ်လို့ကောင်းကောင်းမရဘူး။ အလင်းရောင်ကြီးကို မဂ်ဉာဏ်အထင်မှားပြီး စွဲလမ်းမိတဲ့အတွက် သူ့ရဲ့မှတ်နေကျအမှတ်တွေဟာ အတော်ပျက်သွားတယ်။ ဒီလိုပျက်သွားတဲ့အတွက် သမာဓိတွေလည်း အတော်ပဲ အားပျော့သွားတယ်။ မိုးအောင်လည်း သမာဓိပြန်ကောင်းလာအောင် အထူးကြိုးစားနေပေတဲ့လည်း မအောင်မြင်ဘူး၊ သူ မြင်ခဲ့ရတဲ့ အလင်းရောင်ကြီးဆီကိုပဲ စိတ်တွေဟာ ထွက်ထွက်သွားတယ်။

အဲဒါကြောင့် သူ့ဘိုးဘိုး တရားစစ်ရအောင်လာတိုင်း လေးငါးရက်လောက်ဟာ 'ဘိုးဘိုးရေ၊ အခုတလော မှတ်လို့မကောင်းပြန်ဘူး၊ ဒီအလင်းရောင်ကပဲ တပည့်တော် ရှေ့ကိုမတက်နိုင်တော့ဘူး ထင်တယ်' လို့ ငိုသံနဲ့ သူ့ဘိုးဘိုးကို လျှောက်တယ်။

'ငါ့မြေးရယ်၊ တရားအားထုတ်တယ်ဆိုတာ အားထုတ်လို့ကောင်းတာချည်းပဲ မဂ်ရတဲ့အထိ အမြဲတွေ့သွားတာမျိုး မဟုတ်ဘူး၊ အားထုတ်လို့ကောင်းတဲ့အခါ ကောင်းတယ်၊ မကောင်းတဲ့အခါလဲ မကောင်းဘူး၊ ကောင်းတဲ့အခါလဲ ဝမ်းမသာနဲ့၊ ဝမ်းသာတဲ့စိတ်တွေပေါ်လာရင် ဝမ်းသာတယ်၊ ဝမ်းသာတယ်လို့ မှတ်ပြီး ဖျောက်ပစ်လိုက်၊ မှတ်လို့မကောင်းတဲ့အခါ ဝမ်းနည်းနဲ့၊ ဝမ်းနည်းတဲ့စိတ်တွေပေါ်လာရင် ဝမ်းနည်းတယ် ဝမ်းနည်းတယ်လို့ မှတ်ပြီး ဖျောက်ပစ်လိုက်၊ စိတ်မလျှော့နဲ့ ငါ့မြေး၊ ငါ့မြေးဟာ တော်တော်မြင့်တဲ့ ဝိပဿနာဉာဏ် အဆင့်အတန်းကို ရောက်နေပြီ၊ ကြိုးစားပြီး ငါပြောတဲ့အတိုင်းပဲ မှတ်နေပါ' လို့ သူ့ဘိုးဘိုးက အမိန့်ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုးအောင်လည်း အဲဒီညတစ်ညလုံးဟာ တစ်နာရီလောက်ပဲ အိပ်တယ်။ အပြင်းအထန် အားထုတ်နေတာပဲ၊ နောက်နေ့ တစ်နေ့လုံးလည်း တစ်နာရီ လောက်ပဲ အိပ်တယ်။ အပြင်းအထန် အားထုတ်နေတာပဲ။ ဒါပေမယ့် သူ့သမာဓိတွေဟာ ပြန်ကောင်းမလာတဲ့အတွက် ဝမ်းနည်းတဲ့အခါ နည်း လိုက်၊ ဒေါသဖြစ်တဲ့အခါ ဖြစ်လိုက်နဲ့ စိတ်တွေဟာ အရင်ထက်တောင် ပိုပြီး ပျံ့လွင့်လာသေးတယ်။

အဲဒါကြောင့် ညနေဘက် တရားစစ်ရအောင် သူ့ဘိုးဘိုးလာတဲ့အခါ 'ဘိုးဘိုးရယ်၊ တပည့်တော်တော့ ဒီဘဝမှာ မဂ်မရနိုင်တော့ပါဘူး' လို့ ပြောပြီး မိုးအောင်ဟာ ရှိုက်ကြီးတငင် ငိုချလိုက်တယ်။

အဲဒီတော့ သူ့ဘိုးဘိုးက 'ငါ့မြေးကလဲကွာ၊ ယောက်ျားတစ်ယောက် လုံးဖြစ်ပြီး ဘာလို့ ဒီလို အားလျှော့လိုက်ရသလဲ၊ ငါ့မြေးမှာ သဒ္ဓါတရား ရှိပြီ၊ လုံ့လဝီရိယလဲရှိပြီ၊ အားထုတ်တဲ့နည်းလမ်းလဲ မှန်ပြီ၊ ဒီသဒ္ဓါ၊ ဒီလုံ့လ ဝီရိယ ဒီနည်းမှန်ရှိလို့လဲ ငါ့မြေးဟာ အခုလောက်မြင့်တဲ့ ဝိပဿနာအဆင့် အတန်းကိုတောင် ရောက်လာပြီ၊ အဲဒီတော့ စိတ်မလျှော့လိုက်ပါနဲ့၊ ဆက်ပြီး အားထုတ်ပါ ငါ့မြေး၊ ဧကန်မုချ အောင်ရမယ်၊ ငါ့မြေးလိုပဲ ငိုခဲ့ဖူးတဲ့ ပုဂ္ဂိုလ်ကြီးတစ်ပါးဟာ ရဟန္တာဖြစ်သွားတဲ့အကြောင်း ဘိုးဘိုးပြောပြမယ် ငါ့မြေး ဂရုစိုက်ပြီး နားထောင်။

## ဂိုဏ်းကြီး ဆယ်ဂိုဏ်းတို့ဆရာ မဟာသိဝမထေရ်

'ရှေးတုန်းက အရှင်မဟာသိဝဆိုတဲ့ မထေရ်ကြီးတစ်ပါး ရှိတယ်၊ အဲဒီ မထေရ်ကြီးဟာ ရဟန်းဂိုဏ်းကြီး ဆယ်ဂိုဏ်းကို ပရိယတ်ကျမ်းစာ ပို့ချနေတော်မူတယ်။ သူ ဆုံးမ ဟောပြောတဲ့အတိုင်း ကျင့်တဲ့အတွက် ရဟန္တာတွေ ဖြစ်သွားကြတဲ့ ရဟန်းတွေဟာ သုံးသောင်းလောက်ရှိတယ်။



အဲဒီ ရဟန္တာတွေထဲက တစ်ပါးဟာ တစ်နေ့ကျတော့ တန်ခိုးနဲ့ ကြည့်တဲ့အခါ သူ့ဆရာ အရှင်မဟာသိဝဟာ ရဟန္တာ မဖြစ်သေးဘူး၊ ပုထုဇဉ်ပဲ ရှိသေးတာကို တွေ့ရတယ်၊ အဲဒါကြောင့် သူ့ဆရာကို တရား အားထုတ်အောင် သတိပေးဖို့အတွက် ကောင်းကင်က ဈာန်နဲ့ ကြွလာတယ်။

ဆရာဖြစ်တဲ့ အရှင်မဟာသိဝနဲ့ တွေ့တဲ့အခါ အနုမောဒနာ တရား တစ်ပုဒ် သင်ပေးပါလို့ ရဟန္တာက လျှောက်တယ်။ 'မင်းကို သင်ပေးရအောင် ငါ့မှာ အားလပ်တဲ့အချိန်မရှိဘူး' လို့ ဆရာက ဖြေတယ်။

အဲဒီတော့ တပည့်က 'ဆွမ်းခံသွားဖို့ရာ တန်ဆောင်းတွင် ရပ်နေခိုက် မေးပါရစေ' လို့ လျှောက်တယ်။

'အဲဒီနေရာမှာ တမေးကြတဲ့ရဟန်းတွေရှိနေပြီ' လို့ ဆရာကဖြေတယ်။

'ဒီလိုဆိုရင် ဆွမ်းခံရွာကိုသွားတုန်း လမ်းမှာပဲ မေးပါရစေ' လို့ တပည့်က လျှောက်တယ်။

'အဲဒီလမ်းမှာလဲ မေးမယ့်ရဟန်းတွေရှိနေတယ်' လို့ ဆရာက ဖြေတယ်။

'ဒီလိုဆိုရင် သင်္ကန်းရုံရာမှာ၊ သပိတ်ကို အိတ်ထဲကထုတ်ရာမှာ၊ ယာဂု သောက်ပြီးတဲ့အခါမှာ မေးပါရစေ' လို့ တပည့်က တစ်ခုပြီးတစ်ခု လျှောက် တယ်။

'အဲဒီနေရာတွေမှာလဲ အဋ္ဌကထာကို လေ့လာတဲ့ရဟန်းတွေက မေးကြတယ်' လို့ ဆရာက ဖြေတယ်။

'ဒီလိုဆိုရင် ဆွမ်းခံရွာကပြန်တဲ့အခါ လမ်းမှာ၊ ဆွမ်းစားပြီးစအခါမှာ၊ နေ့ခင်းမှာ၊ အိပ်ရာဝင်ကာနီး ခြေဆေးတဲ့အခါ၊ မနက်အိပ်ရာထပြီး မျက်နှာ သစ်ခင်မှာ၊ မျက်နှာသစ်ပြီးစမှာ၊ အခန်းတွင်းမှာ ခဏထိုင်နေတဲ့အခါမှာ မေးပါရစေ' လို့ အဆင့်ဆင့် တပည့်က လျှောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီအချိန်တွေမှာလဲ စာမေးမယ့်သူတွေ ရှိနေတယ်' လို့ ဆရာက ဖြေတယ်။

'အဲဒီအခါကျတော့ တပည့်က 'အရှင်ဘုရား မျက်နှာသစ်ပြီးတဲ့အခါ ကျောင်းခန်းထဲဝင်ပြီး ခဏကလေးလောက်တော့ တရားနှလုံးသွင်းဖို့အချိန် ရှိပါသေးတယ်၊ အခုအတိုင်းဆိုရင် အရှင်ဘုရားမှာ သေဖို့တောင်အချိန်မရှိ တော့ဘူးလား၊ အရှင်ဘုရားဟာ နောက်မှိခုံကြီးနဲ့ တူနေပါပြီ၊ အရှင်ဘုရား ဟာ သူတစ်ပါးရဲ့ မှီခိုရာသာဖြစ်ပြီး ကိုယ့်ကိုယ်တိုင်ရဲ့ မှီခိုရာတော့ မဖြစ်နိုင်ဘူး၊ အရှင်ဘုရားရဲ့ အနုမောဒနာတရားကို မလိုချင်တော့ပါ' လို့ လျှောက်ပြီး ကောင်းကင်ကပဲ ရှာန်နဲ့ ပျံကြွသွားတယ်။

'အဲဒီအခါကျတော့မှ 'ဒီတပည့်ဟာ စာမေးရအောင်လာတာ မဟုတ် ဘူး၊ တရားအားထုတ်အောင် သူ့ကို တိုက်တွန်းဖို့လာတာ' လို့ ဆရာ သိပြီး ဘယ်သူမှ အကြောင်းမကြားဘဲ တရားအားထုတ်ရအောင် ဆိတ်ငြိမ်ရာ အရပ်တစ်ခုကို တစ်ပါးတည်း ကြွသွားတယ်။

'ဒီအရှင်မဟာသိဝဟာ ကျမ်းဂန်ကို အင်မတန် တတ်ကျွမ်းတဲ့အတွက် 'ငါ တရားအားထုတ်လိုက်ရင် ခဏလေးနဲ့ ရဟန္တာဖြစ်မှာပဲ' လို့ သူ့ဟာသူ ထင်နေတယ်၊ တကယ်အားထုတ်ကြည့်တော့ သူထင်တဲ့အတိုင်း မဟုတ်ဘူး သူက စာသိပ်တတ်တော့ ဝိပဿနာ အားထုတ်တယ်ဆိုပေမယ့် အမြဲတမ်း မှတ်နေတာ မဟုတ်ဘူး၊ နည်းနည်းမှတ်လိုက်၊ အဲဒီလိုမှတ်တုန်း ပေါ်လာတဲ့ ဓမ္မများတွေကို သူတတ်ထားတဲ့ စာတွေနဲ့ လျှောက်ပြီး တိုက်ကြည့်လိုက် အဲဒီလိုပဲ လုပ်လုပ်နေတယ်၊ အဲဒီတော့ သမာဓိဟာ ဘယ်မှာကောင်းကောင်း ဖြစ်တော့မလဲ။

'အဲဒီလို အားထုတ်လို့မရတော့ အိပ်ရာဝင်တဲ့အခါ 'ခြေဆေးနေရတာနဲ့ အိပ်ရာပေါ် လျှောင်းနေရတာနဲ့ အိပ်နေရတာနဲ့ အချိန်တွေကုန်နေတာပဲ'



တွေးပြီး ခုတင်ကို သိမ်းထားလိုက်တယ်၊ အဲဒီအချိန်ကစပြီး လှဲအိပ်နေတာ မရှိတော့ဘူး၊ ထိုင်ရင်း၊ ရပ်ရင်း၊ လျှောက်ရင်း တရားကို ပြင်းပြင်းထန်ထန် အားထုတ်တယ်။

'အဲဒီလို ပြင်းပြင်းထန်ထန် အားထုတ်လို့လည်း မဂ်ဖိုလ်ကို မရတော့ အရှင်မဟာသိဝဟာ ဝမ်းနည်းပြီးငိုတယ်၊ အဲဒီအခါ နတ်သမီးတစ်ယောက်က သတိပေးလိုတဲ့အတွက် မထေရ်ကြီးရဲ့ မနီးမဝေးမှာရပ်ပြီး ငိုနေတယ်။

'ဘာဖြစ်လို့ ငိုနေသလဲ' လို့ မထေရ်ကြီးက မေးတဲ့အခါ

'အရှင်ဘုရား ငိုနေတာမြင်ရပြီး ငိုရင်လဲ မဂ်ဖိုလ်ကိုရနိုင်တယ်လို့ ထင်တဲ့အတွက် မဂ်ဖိုလ်နှစ်ခု သုံးခုလောက်ရအောင် ငိုပါတယ်ဘုရား' လို့ နတ်သမီးက လျှောက်တယ်။

'အဲဒီတော့မှ 'အမောင်မဟာသိဝ ကြည့်စမ်း၊ နတ်သမီးကတောင် သင့်ကို လှောင်နေပြီ၊ သင် ငိုနေတာဟာ သင်နဲ့တော်ရဲ့လား' လို့ မထေရ် ကြီးဟာ သူ့ကိုယ်သူ ဆုံးမပြီး မငိုတော့ဘဲ တရားဆက်အားထုတ်တယ်။ မကြာခင်ဘဲ ရဟန္တာဖြစ်သွားတယ်။

'အဲဒီတော့ 'ငါ့မြေးလဲ ငိုမနေနဲ့၊ ယောကျ်ားပဲကွာ၊ စိတ်ကိုတင်းလိုက်၊ သဒ္ဓါဆိုတဲ့ ယုံကြည်ခြင်းလဲရှိတယ်၊ ဝီရိယလဲရှိတယ်၊ ကမ္မဋ္ဌာန်းနည်းမှန်လဲ ရှိတယ်ဆိုတဲ့ ငါ့မြေးလိုလူဟာ ဘယ်နည်းနဲ့မှ အချည်းနှီး မဖြစ်နိုင်ပါဘူး၊ ဆက်သာ ကြိုးစားပါ၊ အောင်ရမယ်၊ ငါ့မြေး တော်တော်ပြင်းပြင်းထန်ထန် အားထုတ်ထားလို့ ပင်ပန်းနေတယ်၊ အဲဒီတော့ ဝအောင်အိပ်ပစ်လိုက်၊ အိပ်ရာကနိုးတော့မှ အရင်တုန်းကအတိုင်း ပြန်အားထုတ်' လို့ ဆုံးမပြီး ပြန်သွားတယ်။

ဒီ ဆုံးမစကားကိုကြားပြီးတဲ့အခါ မိုးအောင်ရဲ့ လှုပ်ရှားနေတဲ့စိတ်တွေ ဟာ အတော်ကလေး ငြိမ်ကျသွားတယ်။ ဘိုးဘိုး ပြန်သွားပြီး လေးနာရီ

www.burmeseclassic.com

www.burmeseclassic.com



လောက် မိုးအောင် အိပ်ပစ်လိုက်တယ်။ အိပ်ရာကနိုးတဲ့အချိန်က စပြီး မှတ်နေတဲ့အခါ သမာဓိတွေဟာ ရှေးကလိုပဲ ပြန်ကောင်းလာတယ်။ အလင်းရောင်လည်း တစ်ခါတည်း ပေါ်မလာတော့ဘူး၊ ပျောက်သွားတယ်။

ရုပ်၊ နာမ်တို့ရဲ့ ဖြစ်ပျက်မှုတွေဟာလဲ ရှေးကထက် တိုးပြီး ထင်ရှားလာတယ်။ မြင်သမျှ အဆင်းတွေဟာ တစ်ခဏနဲ့ တစ်ခဏ မတူအောင် ဖြစ်ပျက်နေတာကို မိုးအောင်ရဲ့စိတ်ထဲမှာ မြင်နေရတယ်။ မျက်စိတွေလဲ တစ်ခဏနဲ့ တစ်ခဏ မတူအောင် ဖြစ်ပျက်နေတာကို မိုးအောင်ရဲ့စိတ်ထဲမှာ မြင်နေရတယ်။ အဆင်းကို မြင်သိတဲ့စိတ်တွေလဲ တစ်ခဏနဲ့ တစ်ခဏ မတူအောင် ဖြစ်ပျက်နေတာကို မိုးအောင်ရဲ့စိတ်ထဲမှာ မြင်နေရတယ်။ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု၊ ကြံစည်စိတ်ကူးမှုတွေမှာလဲ ဒီလိုပဲဖြစ်နေတယ်။ မိုးအောင်က ဘိုးဘိုးကို အဲဒါတွေအားလုံး လျှောက်လိုက်တယ်။ ဘိုးဘိုးလည်း သာဓု သုံးကြိမ်ခေါ်ပြီး 'ဆက်ကြိုးစား၊ ပန်းတိုင်ရောက်လုနီးပြီ' လို့ အားပေးသွားတယ်။ နောက်နှစ်ရက်ဆက်ပြီးတော့ ဒီလိုပဲ မြင်သေးတယ်။

နောက်တစ်နေ့ တရားစစ်ရအောင် ဘိုးဘိုးလာတဲ့အခါ 'ဘိုးဘိုးရေ ... ဘာကိုကြည့်လိုက် ကြည့်လိုက် ရိပ်ရိပ် ရိပ်ရိပ်နဲ့ ပျောက်သွားတယ်၊ တပည့်တော်ရဲ့ လက်တွေ ခြေတွေကိုပဲ ကြည့်ကြည့်၊ ဒီကျောင်းသခ်မ်းရဲ့ အကာနဲ့ အမိုးတွေကိုပဲ ကြည့်ကြည့် အဲဒီအတိုင်းပဲ ဖြစ်ဖြစ်နေတယ်၊ တပည့်တော်ရဲ့ တစ်ကိုယ်လုံးရော၊ ဒီကျောင်းသခ်မ်းရဲ့ အကာနဲ့ အမိုးတွေရော၊ သဲမှုန့်တွေပြိုကျနေသလိုလို ဖြစ်နေတယ်၊ ဒါတွေကိုမြင်တဲ့စိတ်တွေလဲ ဒီလိုပဲ ပြိုပြိုသွားသလို ဖြစ်နေတယ်၊ တစ်ခါတစ်ခါကျရင်လဲ စိတ်တွေဟာ မှတ်နေတာလဲ မဟုတ်ဘူး၊ ဘယ်ရောက်နေမှန်းလဲ မသိဘူး၊ အဲဒီလိုဖြစ်နေတယ်၊ တပည့်တော်ရဲ့ သမာဓိများ ပျက်နေသလား ဘိုးဘိုး' လို့ လျှောက်တယ်။



'မပျက်ဘူး၊ ပန်းတိုင်နား နီးသထက် နီးလာပြီ၊ ကြိုးစားပြီးမှတ်' လို့ အမိန့်ရှိပြီး ဘိုးဘိုး ပြန်သွားတယ်။ နောက်ထပ် သုံးရက်ဆက်ပြီးတော့ မိုးအောင်ဟာ ဒီလိုပဲ ဖြစ်နေတယ်။

နောက်တစ်နေ့ ဘိုးဘိုးလာတဲ့အခါ မိုးအောင်က 'ဘိုးဘိုးရယ်၊ ဒီရုပ်တွေ နာမ်တွေဟာ ဒီလိုပဲ ဆက်ပြီးပျက်နေဦးမှာပဲ၊ ကြောက်စရာကြီးပါလား ဘိုးဘိုးရယ်၊ အကောင်နက်ကြီးတွေကို မြင်တုန်းက ကြောက်တာမျိုးလဲ မဟုတ်ဘူး၊ ဟိုတုန်းက ကြောက်တယ်ဆိုပေမယ့် ဒီအကောင်နက်ကြီးတွေကို တပည့်တော်သာ တတ်နိုင်ရင် ပြန်သတ်ချင်တဲ့ ဒေါသရှိနေတယ်၊ အခု ကြောက်တာကတော့ အခုလို ပျက်နေတဲ့ အပျက်မျိုးတွေနဲ့ နောက်ထပ် မတွေ့ချင်အောင် ဖြစ်လာပြီး ကြောက်တဲ့သဘောမျိုးပဲ ဘိုးဘိုးရဲ့' လို့ မျက်နှာညှိုးငယ်ငယ်နဲ့ လျှောက်နေတယ်။

ဘိုးဘိုးကလဲ သူ့မြေးရဲ့မျက်နှာညှိုးငယ်နေတာကို တွေ့ရပြီး သဘောကျတယ်၊ 'ငါ့မြေး မှတ်တာ မှန်နေပြီ၊ ဒီအတိုင်း ဆက်မှတ်' လို့ ပြောပြီး ဘိုးဘိုး ပြန်သွားတယ်။

နောက်တစ်နေ့ တရားစစ်ရအောင် ဘိုးဘိုးလာတဲ့အခါ 'ဘိုးဘိုးရယ်၊ နတ်တွေဟာ လူတွေထက် အသက်ရှည်တယ်၊ စည်းစိမ်ရှိတယ်၊ တန်ခိုးကြီးတယ်၊ ဗြဟ္မာတွေဟာ နတ်တွေထက် အသက်ရှည်တယ်၊ စည်းစိမ်ရှိတယ်၊ တန်ခိုးကြီးတယ်ဆိုပေမယ့် အခုလို မရပ်မနားဘဲ တစ်ပျက်တည်း ပျက်နေတယ်ဆိုတော့ သူတို့ရဲ့ အသက်ရှည်တာတွေ၊ စည်းစိမ်ရှိတာတွေ၊ တန်ခိုးကြီးတာတွေဟာ ဘယ်မှာ ချမ်းသာအစစ် ဟုတ်တော့မလဲ ဘိုးဘိုးရယ်၊ လူဖြစ်ရလဲ ဆင်းရဲတုံးကြီးပါပဲလား၊ နတ်ဖြစ်ရလဲ ဆင်းရဲတုံးကြီးပါပဲလား၊ ဗြဟ္မာဖြစ်ရလဲ ဆင်းရဲတုံးကြီးပါပဲလား' လို့ မိုးအောင်က လျှောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးက သာခု သုံးကြိမ်ခေါ်တယ်။ 'ငါ့မြေးမှတ်တာတွေဟာ သိပ်ကောင်းနေတယ်၊ ဆက်မှတ်ပေး၊ နီးနေပြီ' လို့ ဘိုးဘိုး အမိန့်ရှိတယ်။ ပြီးတော့မှ 'ခြေထောက်နာ ဘယ့်နှယ်နေသေးလဲ' လို့ မေးတယ်။ 'ပျောက်သလောက် ဖြစ်နေပါပြီ ဘိုးဘိုး' လို့ မိုးအောင်က ဖြေတယ်။

နောက်တစ်နေ့ တရားစစ်ရအောင် ဘိုးဘိုးလာတဲ့အခါ 'ဘိုးဘိုးရယ် ဘာဖြစ်မှန်းမသိဘူး၊ မှတ်ရတာလဲ မကောင်းတော့ဘူး၊ ဆက်ပြီး မမှတ်ချင်သလိုလိုပဲ ဖြစ်နေတယ်၊ စိတ်ထဲမှာ ဟာတာတာကြီး ဖြစ်နေတယ်' လို့ မိုးအောင်က လျှောက်တယ်။

'ငါ့မြေး စိတ်မလျှော့လိုက်နဲ့နော်၊ ဒီလိုဖြစ်နေတာဟာ ပန်းတိုင်နားကို ရောက်ကာနီးနေတဲ့ လက္ခဏာပဲ၊ ငါ့မြေး ဒီလောက် ကြိုးကြိုးစားစား အားထုတ်ခဲ့ရတာတွေဟာ ပန်းတိုင်နားရောက်တော့မှ အလဟဿဖြစ်မသွားပါစေနဲ့၊ မဂ်ဉာဏ်ဆိုတာ အဖိုးမဖြတ်နိုင်ဘူး။

'ငါ့မြေး ဒီဉာဏ်ကို မရသေးရင် ဗြဟ္မာကြီးပဲဖြစ်ပစေ တစ်နေ့နေ့မှာ အပါယ်လေးဘုံကို ကျရဦးမယ်၊ ဒီဉာဏ်ကိုရပြီးရင် ရတဲ့သူဟာ အပါယ်လေးဘုံကို ဘယ်တော့မှ မရောက်ရဘူး၊ ဒီဉာဏ်ရပြီးတဲ့သူဟာ ငါ့မြေး အခု ထင်ထင်ရှားရှားကြီး မြင်နေတဲ့၊ အစဉ်ပျက်နေတဲ့၊ ရုပ်ဆင်းရဲ နာမ်ဆင်းရဲတွေနဲ့ နောက်ထပ် အလွန်ဆုံး ခုနစ်ဘဝပဲ တွေ့ရတော့မယ်၊ ဒီမဂ်ဉာဏ်ရဲ့ အာနိသင်ဟာ ဒီလောက်အထိ ကြီးမားတယ်။

'ဒီလို အာနိသင်ကြီးမားတဲ့ မဂ်ဉာဏ်ကို ငါ့မြေးဟာ အခါခပ်သိမ်း ရနိုင်တာ မဟုတ်ဘူး၊ ကမ္ဘာတွေ နောက်ထပ် သိန်းသန်းကုဋေ အသင်္ချေ ရှိပေစေ၊ ဘုရားလည်း ပွင့်ပါဦးမှ၊ ပွင့်တော်မူတဲ့ ဘုရားနဲ့ဖြစ်ဖြစ်၊ ဘုရား ပရိနိဗ္ဗာန်စံဝင်သွားရင်လည်း ဘုရားရဲ့ သာသနာတော်ကြီးနဲ့ဖြစ်ဖြစ်



ငါ့မြေး တွေ့ပါဦးမှ အဲဒီအခါ ငါ့မြေးမှာ ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါးကို ယုံကြည်တဲ့ သဒ္ဓါတရားတွေလည်း ရှိပါဦးမှ၊ အဲဒီ သဒ္ဓါ တရားတွေအလျောက် ငါ့မြေးကလည်း လုံ့လစိုက်ပြီး တရားအားထုတ်ပါ ဦးမှ ဒီမဂ်ဉာဏ်ကို ရနိုင်မယ်၊ အဲဒီတော့ မဂ်ဉာဏ်ဟာ ရဖို့မလွယ်ဘူးဆိုတာ ငါ့မြေး သဘောပေါက်နိုင်ပြီ၊ ကြိုးစားပြီးမှတ်ပါ ငါ့မြေးရယ်။

'အခုလို မမှတ်ချင်သလိုလို ဖြစ်နေတာဟာ တရားတော်အတိုင်း ပြောရရင် ငြီးငွေ့တာလို့ ခေါ်တယ်၊ ရုပ်၊ နာမ်တွေမှာ မမြဲတဲ့သဘောတရား၊ ဆင်းရဲတဲ့သဘောတရား၊ ငါမဟုတ်တဲ့ သဘောတရားတွေကို ဝိပဿနာ ဉာဏ်နဲ့ ထင်ထင်ရှားရှား တွေ့ရပြီး ငြီးငွေ့လာတာဟာ အမှန်စင်စစ်တော့ ကိလေသာတွေ စင်ကြယ်ဖို့ အကြောင်းပဲလို့ မြတ်စွာဘုရား ဟောထားတာ ရှိတယ်၊ အဲဒါကြောင့် ငါ့မြေး ပျင်းတဲ့စိတ်၊ ဟာတာတာကြီးဖြစ်နေတဲ့စိတ်၊ ဆက်မမှတ်ချင်သလိုလိုဖြစ်နေတဲ့ စိတ်တွေကို ကြိုးစားပြီး မှတ်နေပါ၊ အမှတ်တွေ ပြန်ကောင်းလာပါလိမ့်မယ်' လို့ ဘိုးဘိုးက အားပေးစကား ပြောတယ်။ နောက်တစ်နေ့မှာလည်း မိုးအောင်ဟာ စိတ်တွေ ဟာတာတာ ကြီးဖြစ်နေတုန်းပဲ ရှိသေးတယ်။

နောက်တစ်နေ့ တရားစစ်ရအောင် ဘိုးဘိုးလာတဲ့အခါ 'ဘိုးဘိုးရယ် ...တဲ့စိတ်တွေကလဲ ပျက်၊ အမှတ်ခံရတဲ့ အာရုံတွေကလဲ ပျက်၊ တစ်ပျက် ...သည်း ပျက်နေရတဲ့ဘဝမှာ တပည့်တော် မနေချင်တော့ဘူး ဘိုးဘိုးရယ်၊ အမှတ်တွေ မရှိတဲ့ဆီကိုသာ တပည့်တော် တစ်ခါတည်း ရောက်သွားချင်တဲ့ စိတ်တွေ သိပ်အားကြီးနေပြီ' လို့ လျှောက်တယ်။

'ဒီစိတ်တွေ သိပ်အားကြီးလာတာ ငါ့မြေးအတွက် ကောင်းဖို့လက္ခဏာ ...ပဲ၊ ကြိုးစားပြီး မှတ်ဦးကွယ်၊ ငါ့မြေးရေ ပန်းတိုင်နဲ့ အတော်ကြီးနီးလာ ...ပြီ' လို့ ဘိုးဘိုးက အားပေးစကား ပြောသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ တရားစစ်ရအောင်လာတဲ့အခါ မိုးအောင်က 'ဒီရုပ်နဲ့ နာမ်တွေဟာ ပျက်တာကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူး၊ ခဏကလေး တည်တာပဲ၊ အဲဒီလို မမြဲတဲ့ ရုပ်နာမ်တွေ မပြတ် ဖြစ်ပေါ်နေတာ အမှန် စင်စစ်တော့ မပြတ် ဖြစ်ပေါ်နေတဲ့ ဆင်းရဲတွေပဲ၊ ဒီလိုပျက်နေတဲ့ ရုပ် နာမ်တွေကို မပျက်ကြနဲ့လို့ ဘယ်သူမှ မတားနိုင်ကြဘူး၊ သူတို့သဘော အတိုင်း သူတို့ ဖြစ်နေကြတာပဲ၊ လောကမှာ ငါဆိုတာ ဘယ်မှာလဲ၊ ငါ့အလို လိုက်တယ်ဆိုတာ ဘယ်မှာလဲ၊ ငါဖြစ်ချင်တိုင်း ဖြစ်တယ်ဆိုတာ ဘယ်မှာလဲ၊ လက်စသတ်တော့ သူ့သဘောအတိုင်း သူဖြစ်နေတဲ့ တရားသာရှိပါ ကလား ဆိုတဲ့ အသိတွေဟာ ရှေးတုန်းကထက်ပိုပြီး ထင်ထင်ရှားရှားကြီး ပေါ်လာတယ် ဘိုးဘိုး' လို့ လျှောက်တယ်။ ဘိုးဘိုးလည်း သာဓု သုံးကြိမ် ခေါ်တယ်။

နောက်တစ်နေ့ တရားစစ်ရအောင် ဘိုးဘိုးလာတဲ့အခါ 'ဘိုးဘိုးရဲ့ တပည့်တော်က အထူးလဲ မဆင်ခြင်ရဘူး၊ မှတ်လိုက်တိုင်းလိုလိုပဲ မနေ့က တပည့်တော်လျှောက်လိုက်တဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားထဲက တစ်ပါးပါးဟာ တပည့်တော်ရဲ့ အသိဉာဏ်ထဲမှာ လျှပ်စစ်မျှား လက်တဲ့အခါ ဝင်းခနဲ၊ ဝင်းခနဲဖြစ်ပြီး ပျောက်သွားသလို၊ ဝင်းခနဲ ဝင်းခနဲ ပေါ်ပေါက်လာပြီး ပျောက်ပျောက်သွားတယ်၊ အရင်နေ့တွေတုန်းကဖြစ်ခဲ့ဖူးတဲ့ ကြောက်တဲ့စိတ် တွေ၊ ငြီးငွေ့တဲ့စိတ်တွေ၊ လွတ်ချင်တဲ့စိတ်တွေလဲ အရှင်းမရှိတော့ပါဘူး အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားသုံးပါးသာ တပည့်တော်က ကြောင့်ကြ မစိုက်ရဘဲ တပည့်တော်ရဲ့အသိဉာဏ်ထဲမှာ တစ်ပါးပြီးတစ်ပါး ပေါ်ပေါ်လာ တယ်၊ အခု ဘိုးဘိုးကို လျှောက်နေတဲ့ကြားမှာပဲ ဒီသဘောတရားတွေ ဖျပ်ခနဲ ဖျပ်ခနဲ ပေါ်ပေါ်လာတာကို တပည့်တော် သိနေတယ်' လို့ မိုးအောင်က လျှောက်တယ်။



ဘိုးဘိုးလည်း သာဓု သုံးကြိမ်ခေါ်တယ်။ နောက်ထပ် သုံးရက်မှာလည်း မိုးအောင်ဟာ ဒီအတိုင်း ဖြစ်နေတယ်။ အသိဉာဏ်ဟာ တစ်နေ့ထက် တစ်နေ့ ပိုပြီး မြန်လာတယ်။

နောက်တစ်နေ့ တရားစစ်ရအောင် ဘိုးဘိုးလာတဲ့အခါ 'ဘိုးဘိုးရေ ဒီကနေ့ နေ့လယ်နှစ်ချက်တီးလောက်မှာ စိတ်တွေဟာ သိပ်ငြိမ်လာတယ်၊ အရင်က ငြိမ်ခဲ့တာမျိုးတွေနဲ့ တစ်ခုမှ မတူဘူး၊ မှတ်ရတာတွေလဲ ပိုပြီး မြန်လာတယ်၊ အဲဒီအခါမှာ ပိန်တယ်လို့ မှတ်လိုက်တာနဲ့ နောက်က ဆင်းရဲဆိုတဲ့ အသိဉာဏ်ထပ်ပေါ်လာပြီး ပိန်တာ ဖောင်းတာရော၊ ဒီပိန်တာ ဖောင်းတာကို မှတ်နေတဲ့စိတ်ရော ဖြုတ်ခနဲဆို ပျောက်သွားတယ်၊ တပည့် တော်လဲ ချက်ချင်းသတိရတာနဲ့ ဘာဖြစ်တာလဲလို့ ပြန်စဉ်းစားကြည့်တဲ့ အခါ ပိန်တာ ဖောင်းတာနဲ့ ဒီပိန်တာ ဖောင်းတာကို မှတ်နေတဲ့စိတ်၊ အဲဒီ နှစ်ခုစလုံး ခဏပျောက်သွားတာကို တပည့်တော် ပြန်ပြီး သတိရတယ်၊ အဲဒီလို သတိရပြီး တပည့်တော်မှာလဲ မှတ်မြဲတိုင်း ဆက်မှတ်နေပါတယ် ဘိုးဘိုး' လို့ လျှောက်တယ်။

ဘိုးဘိုးလဲ သူ့မြေးရဲ့နဖူးကို လက်နဲ့အုပ်ထားပြီး 'သာဓု သာဓု' လို့ လေး ငါးခြောက်ကြိမ်လောက် လှိုက်လှိုက်လှဲလှဲကြီး ခေါ်နေတယ်။

ပြီးတော့မှ 'ကဲ ငါ့မြေး၊ အဓိဋ္ဌာန်လုပ်ဖို့ အချိန်ရောက်လာပြီ၊ ဒီလို လုပ်ကြည့်စမ်း၊ 'တပည့်တော်ရဲ့ ဖလသမာပတ်သည် ၁၅ မိနစ် တည်တံ့ပါ စေ' လို့ အဓိဋ္ဌာန်ပြုပြီး အရင်လိုပဲ ဆက်အားထုတ်၊ အားထုတ်တဲ့အခါ ဖလ သမာပတ်ကိုရဖို့၊ ဒီသမာပတ်ဟာ အဓိဋ္ဌာန်အတိုင်း ၁၅ မိနစ် တည်တံ့ဖို့ ဆိုတာတွေကို ဘာမှ ကြောင့်ကြမစိုက်နဲ့၊ ရှေးက အားထုတ်ခဲ့တဲ့အတိုင်းသာ ဆက်ပြီး အားထုတ်၊ ကြားလား ငါ့မြေး' လို့ ဘိုးဘိုးက အမိန့်ရှိတယ်။

www.burmeseclassic.com

'တင်ပါဘိုးဘိုး' လို့ မိုးအောင်က လျှောက်လိုက်ပြီး သူ့ဘိုးဘိုး အမိန့်ရှိတဲ့အတိုင်း 'တပည့်တော်ရဲ့ ဖလသမာပတ်သည် ၁၅ မိနစ်ခန့် တည်တံ့ပါစေ' လို့ ဆိုတယ်။

ဒီလို အဓိဋ္ဌာန်ပြုပြီး ဆက်အားထုတ်တယ်။ ငါးမိနစ်လောက်အကြာမှာ မိုးအောင်ဟာ ဖလသမာပတ်ကို ရတယ်။ ဘိုးဘိုးလဲ မိုးအောင်ရဲ့လက်ပတ် နာရီကို ကြည့်ထားတယ်။ ၁၅ မိနစ်လောက် ရှိတဲ့အခါ မိုးအောင် သတိ ပြန်ရလာတယ်။

'ငါ့မြေး၊ သမာဓိ သိပ်ကောင်းနေတုန်း ထပ်ပြီး အဓိဋ္ဌာန်လုပ်ကြည့်စမ်း။ ဒီတစ်ခါတော့ တစ်နာရီ စမ်းကြည့်စမ်း ငါ့မြေး' လို့ အမိန့်ရှိတယ်။

မိုးအောင်လည်း 'တပည့်တော်ရဲ့ ဖလသမာပတ်ဟာ တစ်နာရီခန့် တည်တံ့ပါစေ' လို့ အဓိဋ္ဌာန်ပြုပြီး တရားဆက်အားထုတ်တယ်။ ငါးမိနစ် လောက် အကြာမှာ ဖလသမာပတ်ကို ရတယ်။ ဘိုးဘိုးလည်း မိုးအောင်ရဲ့ နာရီကို မှတ်ထားလိုက်တယ်။ တစ်နာရီလောက်ကြာတဲ့အခါ မိုးအောင် သတိရလာတယ်။

သတိရလာတာနဲ့တစ်ပြိုင်နက် 'ဘိုးဘိုးရေ၊ တရားတော်ဟာ တယ်ပြီး အံ့သြဖို့ကောင်းပါလား၊ ဒီတစ်နာရီလုံး မှတ်နေတဲ့ စိတ်ရော၊ အမှတ်ခံရတဲ့ အာရုံတွေရော ဘာမှ မရှိဘူး၊ ပျောက်နေတယ်' လို့ လျှောက်တယ်။

'ဟုတ်တယ် ငါ့မြေး၊ တရားတော်ဆိုတာ သိပ်အံ့သြဖို့ကောင်းတယ်။ ဒီညနဲ့ မနက်ဖြန်တော့ ငါ့မြေး အဓိဋ္ဌာန်ပဲလုပ်နိုင်သလောက် ဆက်ဆက်ပြီး လုပ်နေ၊ လုပ်နိုင်လေ အကျိုးရှိလေပဲ၊ သန်ဘက်ခါကျတော့မှ ဉာဏ်စဉ် တရားကို ဘိုးဘိုး ဟောမယ်' လို့ အမိန့်ရှိတယ်။

မိုးအောင်ရဲ့အနာလည်း လုံးဝ ပျောက်သွားပြီဖြစ်တဲ့အတွက် မိုးအောင် ဟာ ပုဆစ်တုပ်ပြီး သူ့ဘိုးဘိုးဘက်ကို လက်အုပ်ချီရင်း



ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။
ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓဂုဏော အနန္တော။
ဓမ္မဂုဏော အနန္တော။
သံဃဂုဏော အနန္တော။
မာတာပိတုဂုဏော အနန္တော။
အာစရိယဂုဏော အနန္တော။

လို့ ဆိုလိုက်တယ်။ ဒီလိုဆိုပြီးတော့မှ သူ့နဖူးနဲ့ ကြမ်းပြင်ကိုထိ၊ သူ့ငယ်ထိပ်နဲ့ တင်ပလ္လင်ခွေထားတဲ့ သူ့ဘိုးဘိုးရဲ့ ခြေထောက်ကို ထိ ထိပြီး ထိခြင်းငါးပါးနဲ့ သုံးကြိမ်ရှိခိုးတယ်။

ဒီလို ရှိခိုးပြီးတဲ့အခါ သူငယ်ငယ်က သူ့အမေရဲ့ ကြိမ်လုံးကို ကြောက်ပြီး ဒီလိုရှိခိုးခဲ့ရတာတွေကို သူ ပြန်သတိရတယ်။ အခု သူဆိုတဲ့ ဘုရားရှိခိုးတွေကို သူ ပြန်သတိရတယ်။ အခု သူဆိုတဲ့ ဘုရားရှိခိုးတွေကို ဟိုတုန်းက ဆိုရတာ၊ ဟိုတုန်းက ထိခြင်းငါးပါးနဲ့ ရှိခိုးရတာတွေဟာ အခု ဆိုရသလို၊ အခု ရှိခိုးရသလိုလည်း လေးလေးပင်ပင် မရှိဘူး။ လှိုက် လှိုက်လှဲလှဲ မရှိဘူး။ ဆားမပါတဲ့ ဟင်းကို စားနေရသလို ပေါ့ပျက်ပျက် ဖြစ်နေတယ်။ ဘုရားရှိခိုးချိန်ကိုရောက်တိုင်း အမေ့ကို အမြဲတမ်းဒေါသ ထွက်နေတယ် ဆိုတာတွေကို သူ ချက်ချင်း ပြန်သတိရတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘိုးဘိုးက သာရ သုံးကြိမ်ခေါ်ပြီး 'ငါ့မြေးဟာ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်တွေကို လျင်လျင်မြန်မြန် ရပါစေ' လို့ ဆုတောင်းတယ်။ အဲဒီအခါမှာလည်း သူ ငယ်ငယ်က သူ့အမေပေးခဲ့တဲ့ 'ဘုန်းကြီးပါစေ သက်ရှည်ပါစေ' အစရှိတဲ့ ဆုတွေကို ပြန်ပြီး သတိရတယ်။

သူ့အမေနဲ့တွေ့ရင် 'အဲဒီဆုတွေ မပေးပါနဲ့တော့၊ ရုပ်တွေ နာမ်တွေဟာ မရပ်မနားဘဲ တစ်ပျက်တည်း ပျက်နေတဲ့ သံသရာဝဋ်ဆင်းရဲကြီးက တစ်ခါတည်း လွတ်မြောက်သွားစေနိုင်တဲ့ အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်တွေကို ငါ့သားကြီး လျင်လျင်မြန်မြန် ရပါစေ' ဆိုတဲ့ ဆုကို ပေးပါလို့ သူ့မေမေကို ပြောနိုင်ဖို့ မိုးအောင် သန္နိဋ္ဌာန်ချလိုက်တယ်။

❑

## အခန်း ၁၁
## ဉာဏ်စဉ်တရား

ဉာဏ်စဉ်ဟောရမယ့်ညရောက်တော့ ဘိုးဘိုးဟာ သူ့မြေး မိုးအောင်ကို ဉာဏ်စဉ်ဟောဖို့အတွက် ရောက်လာတယ်။ 'ကဲ ငါ့မြေး၊ ဘိုးဘိုး ဉာဏ်စဉ်တရားကို တိုတိုပဲဟောမယ်၊ ဘိုးဘိုးဟောတဲ့ ဉာဏ်စဉ်တွေနဲ့ ငါ့မြေး အားထုတ်တုန်းက ရခဲ့တဲ့ ဉာဏ်စဉ်တွေဟာ တူသလား မတူဘူးလား ဆိုတာကို သိရအောင် ငါ့မြေး ဂရုစိုက်ပြီး နာနော်' လို့ အမိန့်ရှိပြီး ဉာဏ်စဉ်တရားကို ဒီလို လျှောက်ဟောတယ်။

'ငါ့မြေး၊ မဂ်ဉာဏ်ရဖို့ တရားအားထုတ်တဲ့အခါမှာ မိမိရဲ့ ရုပ်နဲ့ နာမ်တွေ မမြဲဘူး၊ မရပ်မစဲ အမြဲ ဖြစ်လိုက်ပျက်လိုက် ဖြစ်နေတယ်ဆိုတာကို ဝိပဿနာဉာဏ်နဲ့မြင်အောင်ကြည့်ဖို့အလုပ်ဟာ အရေးကြီးဆုံးပဲ၊ မမြဲဘူးဆိုတာကို ဝိပဿနာဉာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင် မြင်ရရင် ဆင်းရဲတယ်၊ ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့အလိုလိုက်တဲ့ အတ္တမဟုတ်ဆိုတဲ့ တရားတွေကို သိတဲ့ အသိဉာဏ်တွေဟာ အခက်အခဲမရှိဘဲ ပေါ်လာကြတာပါပဲ။

'အဲဒီလို မိမိရဲ့ရုပ်နဲ့ နာမ်တွေရဲ့ မမြဲတာ၊ ဆင်းရဲတာ၊ အတ္တမဟုတ်တာတွေကို ဝိပဿနာဉာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင် မြင်လာရင် ဒီမြင်တဲ့သူဟာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူပဲဖြစ်ဖြစ် သူ့ရဲ့ ရုပ်နာမ်တွေအပေါ်မှာ ငြီးငွေ့လာမယ်၊ တပ်မက်တဲ့ စိတ်တွေ ကုန်ခန်းလာမယ်၊ အဲဒီလို ငြီးငွေ့လာရင်၊ တပ်မက်တဲ့စိတ်တွေ ကုန်ခမ်းလာရင် ဒီ မမြဲတဲ့ ရုပ်နာမ်တွေ ထပ်တလဲလဲဖြစ်နေရတဲ့ဘဝက လွတ်မြောက်အောင် လုပ်တော့မယ်၊ လွတ်မြောက်အောင်လုပ်ရင် လွတ်မြောက်တဲ့ နိဗ္ဗာန်ကို ရောက်မယ်၊ ဝိပဿနာတရားဆိုတာ အတိုချုပ်လိုက်ရင် ဒါပါပဲ။

'အဲဒီတော့ မမြဲတဲ့ရုပ်နာမ်တွေ ထပ်တလဲလဲဖြစ်နေတဲ့ဘဝက လွတ်မြောက်အောင် ဝိပဿနာတရား အားထုတ်ဟဲ့နေရာမှာ ဉာဏ်စဉ်တွေကို အစဉ်အတိုင်း ဒီလိုတွေ့ရမယ်၊ လူတွေ၊ တိရစ္ဆာန်တွေ၊ နတ်တွေ၊ ဗြဟ္မာတွေလို့ မှားပြီး ခေါ်နေကြတာပဲ၊ အမှန်စင်စစ်တော့ ရုပ်နဲ့နာမ် နှစ်ပါးသာ ရှိတာပါပဲလားဆိုတဲ့ အသိဉာဏ်ကို ရှေးဦးစွာ ရမယ်၊ အဲဒီဉာဏ်ကို 'နာမရူပ ပရိစ္ဆေဒဉာဏ်' လို့ ခေါ်တယ်။

'ဒီဉာဏ်ကိုရရင် လူ နတ် ဗြဟ္မာ အစရှိတဲ့ သတ္တဝါတွေနဲ့ ပတ်သက်ပြီး မှားနေတဲ့ အယူမှားဟာ ပျောက်သွားမယ်။

အဲဒီဉာဏ် အတော်ရင့်သန်လာတဲ့အခါ ယောဂီရဲ့ ကိုယ်ထဲမှာ

- အပူအအေးဆိုတဲ့ဥတုကြောင့် အပူရုပ်တွေ၊ အအေးရုပ်တွေဖြစ်နေတာ၊
- လှုပ်ရှားချင်တဲ့စိတ်ကြောင့် လှုပ်ရှားတဲ့ရုပ်တွေ ဖြစ်နေတာ၊
- အစာအာဟာရတွေကြောင့် အာဟာရရုပ်တွေဖြစ်နေတာကို တွေ့လာရမယ်။

'မြင် သိ စိတ်တွေဟာလဲ အစက မရှိဘဲ အဆင်းနဲ့ မျက်စိ ထိမိတဲ့ အကြောင်းကြောင့် ဖြစ်ပေါ်လာတယ်ဆိုတာကို တွေ့လာရမယ်။

ဒီလိုပဲ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ တွေ့သိစိတ်၊ ကြံစည်စိတ်ကူးစိတ်တွေလဲ အသံနဲ့ နား၊ အနံ့နဲ့ နှာခေါင်း၊ အရသာနဲ့ လျှာ



အတွေ့နဲ့ ကိုယ်၊ စိတ်အာရုံနဲ့ စိတ် တွေ့ထိမိတဲ့အကြောင်းတွေကြောင့် ဖြစ်ပေါ်လာရတယ်ဆိုတာကို တွေ့လာရမယ်။

'အဲဒီလိုတွေ့တာကစပြီး သတ္တဝါမှန်သမျှဟာ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ ဗြဟ္မာပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ အကြောင်းမရှိဘဲ အလိုလိုဖြစ်လာတာ မဟုတ်ဘူး၊ အကြောင်းကြောင်းတွေကြောင့် ဖြစ်ပေါ်လာတာ၊ ဒီအကြောင်းတွေရှိနေသရွေ့ ဒီလိုပဲ ဆက်ပြီး ဖြစ်နေရဦးမယ်လို့ မြင်လာပြီး အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတဲ့အထိ ဉာဏ်ပေါ်လာမယ်၊ ဒီအသိဉာဏ်ကို 'ပစ္စယပရိဂ္ဂဟဉာဏ်' လို့ ခေါ်တယ်။

'ဒီဉာဏ်ကိုရတဲ့အခါ အလင်းရောင်တွေ ပေါ်တတ်တယ်၊ နောက်ပြီးတော့ တစ်သက်လုံး ဘယ်တုန်းကမှ မဖြစ်ဘူးတဲ့ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှုတွေ ပေါ်တတ်တယ်၊ အဲဒီ အလင်းရောင်တွေနဲ့ ကိုယ်စိတ်ချမ်းသာမှုတွေ ဖြစ်တာဟာ တခြားကြောင့် မဟုတ်ဘူး၊ ဒီ ဥဒယဗ္ဗယဉာဏ်ကို ရောက်တဲ့အခါမှာ ယောဂီရဲ့သမာဓိဟာ အင်မတန် အားကောင်းလာတယ်။

'ဒီသမာဓိကြောင့် ဒီအလင်းရောင်တွေ ဒီကိုယ် စိတ်ချမ်းသာမှုတွေ ဖြစ်ပေါ်လာတာပဲ။ ဒါတွေကို ရတဲ့အခါ မဂ်ရပြီ၊ နိဗ္ဗာန်ရပြီလို့ တချို့ယောဂီတွေ ထင်တတ်ကြတယ်။

'အဲဒီလို အထင်မှားပြီး ဒီအလင်းရောင်တွေ၊ ကိုယ်စိတ် ချမ်းသာမှုတွေကို ယောဂီက တွယ်တာနေတတ်တယ်၊ အဲဒီလို တွယ်တာပြီး ဒီအလင်းရောင်တွေ မပျောက်သွားအောင်၊ ဒီကိုယ် စိတ်ချမ်းသာမှုတွေ မပျောက်သွားအောင် မှတ်ရိုးမှတ်စဉ်လမ်းကို စွန့်ပြီး မှားတဲ့လမ်းကို လိုက်သွားတတ်တယ်၊ ဒီလို လိုက်သွားတဲ့အတွက် မဂ်မရတဲ့အပြင် ရပြီးသား သမာဓိကလေးကောင် ပျက်သွားနိုင်တယ်၊ အဲဒီဉာဏ်ကို ယောဂီရတဲ့အခါ လမ်းမှားကို လိုက်မသွားရအောင် ကမ္မဋ္ဌာန်းဆရာက ပြုပြင်ပေးရမယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီဥဒယဗ္ဗဉာဏ် ရင့်သန်လာတဲ့အခါ သိမှုတွေဟာ ပိုပြီးလျင်မြန်လာတဲ့ အတွက် ရုပ်နာမ်တို့ရဲ့ အစဆိုတဲ့ ဖြစ်မှု၊ အလယ်ဆိုတဲ့ တည်မှုတွေကိုလည်း နှလုံးမသွင်းမိဘူး၊ မှတ်လိုက်တိုင်း မှတ်လိုက်တိုင်း ရုပ်နာမ်ရဲ့ အဆုံးဖြစ်တဲ့ အပျက်ကိုသာ နှလုံးသွင်းမိရက်သား ဖြစ်နေတယ်၊ အဲဒီလို ရုပ်နာမ်တို့ရဲ့ အပျက်ကိုသာ နှလုံးသွင်းမိနေတဲ့ဉာဏ်ကို 'ဘင်္ဂဉာဏ်' လို့ ခေါ်တယ်၊ ဥပမာ၊ ပိန် ဖောင်းကို မှတ်နေရင်း ပိန်ဖောင်းရော ပိန်ဖောင်းကို မှတ် နေတဲ့ စိတ်တွေရော ပျက်နေတာချည်းပဲ တွေ့နေရတယ်။

'ဒီဘင်္ဂဉာဏ်ရင့်သန်လာပြီး ရှေးက ရုပ်နာမ်တွေလည်း ချုပ်ပျက်သွား ကြပြီ၊ အခုလည်းချုပ်ပျက်ဆဲပဲ၊ နောင်ကိုလည်း ဒီလိုပဲ ချုပ်ပျက်နေကြမှာပဲလို့ ကောင်းကောင်းကြီး သဘောကျလာတဲ့အခါ အလိုလို အမြဲပျက်နေတဲ့ ဒီရုပ် နာမ်တွေဟာ ကြောက်စရာတွေပါလား၊ တပ်မက်နှစ်သက်စရာတွေမဟုတ်ပါ လားလို့ သိမြင်လာတယ်၊ ဒီအသိဉာဏ်ကို 'ဘယဉာဏ်' လို့ ခေါ်တယ်။

'ဒီဘယဉာဏ် ရင့်သန်လာတဲ့အခါ အဟောင်း အဟောင်း ရုပ်နာမ်တွေ ချုပ်ပျက်သွားပေတဲ့ အသစ် အသစ် ရုပ်နာမ်တွေ ဖြစ်ပေါ်နေတယ်၊ ဒီလို ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်အစဉ်ဟာ ကြောက်စရာဘေးတွေပါလား၊ အကောင် အထည်မရှိဘဲ အကောင်အထည်ရှိသလို ထင်ပေါ်နေတဲ့ ဖောင်းမှု၊ ပိန်မှု၊ ကိုင်မှု၊ ကွေးမှု၊ ဆန့်မှု၊ မြင်မှု၊ ကြားမှုဆိုတဲ့ ပြုပြင်လှုပ်ရှားမှုတွေဟာ ကြောက်စရာဘေးတွေပါလား၊ နောင်ဘဝတွေဆက်ပြီး ဖြစ်စေနိုင်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေလည်း ကြောက်စရာဘေးတွေပါလား၊ [illegible] တိရစ္ဆာန်၊ ပြိတ္တာ၊ လူ၊ နတ်တွေ ဖြစ်နေရတာလည်း ကြောက်စရာ ဘေးတွေ ပါလား၊ အိုတာ၊ နာတာ၊ သေတာ၊ စိုးရိမ်ပူဆွေးတာ၊ ငိုကြွေးတာ၊ ဖြစ်[illegible] ပူဆွေးရတာတွေလည်း ကြောက်စရာ ဘေးတွေပါလားလို့သိတဲ့ အသိဉာဏ် ပေါ်လာတယ်၊ ဒီဉာဏ်ကို 'အာဒီနဝဉာဏ်' လို့ ခေါ်တယ်။



'ဒီဉာဏ်ရင့်လာရင် ရုပ်နာမ်တွေမှာ ငြီးငွေ့စိတ်တွေ ဖြစ်ပေါ်လာမယ်၊ မှတ်နေရတာလည်း ပျင်းလာမယ်၊ ဒီစိတ်တွေ မပေါ်ခင် တရားအားမထုတ် ရခင်တုန်းကဆိုရင် စိတ်တွေ လျှောက်ကူးနေရတာ အရသာရှိသလိုလိုပဲ၊ ဒါပေမယ့် အခုပြောတဲ့ ဉာဏ်အဆင့်ကို ရောက်လာရင် ဒီစိတ်ကူးနေရတာ ကိုပဲ ငြီးငွေ့လာတယ်၊ အဲဒီလို ငြီးငွေ့တဲ့ဉာဏ်ကို 'နိဗ္ဗိဒါဉာဏ်' လို့ခေါ်တယ်။

'အဲဒီဉာဏ် ရင့်သန်လာတဲ့အခါ ငြီးငွေ့ဖွယ်ရာကောင်းတဲ့ ရုပ်နာမ် တွေက လွတ်ထွက်သွားလိုတဲ့စိတ်တွေ၊ ရှောင်ခွာသွားလိုတဲ့စိတ်တွေ ဖြစ် ပေါ်လာမယ်၊ အဲဒီစိတ်တွေ ဖြစ်ပေါ်စေတဲ့ဉာဏ်ကို 'မုဉ္စိတုကမျတာဉာဏ်' လို့ ခေါ်တယ်။

'အဲဒီဉာဏ် ရင့်သန်လာတဲ့အခါ ဒီငြီးငွေ့ဖွယ်ရာကောင်းတဲ့ ရုပ်နာမ် တွေက လွတ်မြောက်လိုရင် တခြားလုပ်စရာ မရှိဘူး၊ ဒီရုပ်နာမ်တွေရဲ့ မမြဲတဲ့၊ ဆင်းရဲတဲ့၊ ငါမဟုတ်တဲ့ လက္ခဏာသုံးပါးကိုပဲ ဆက်ပြီး ရှုရမှာပဲ ဆိုတဲ့ အသိဉာဏ်နဲ့ ရုပ်နာမ်တွေဆက်ပြီး ရှုရင်း မှတ်တိုင်း မှတ်တိုင်းမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသုံးပါးထဲက တစ်ပါးပါးကို သိမြင်နေတဲ့ အသိဉာဏ်ဖြစ်ပေါ်လာမယ်၊ ဒီအသိဉာဏ်ကို 'ပဋိသင်္ခါဉာဏ်' လို့ခေါ်တယ်။

'ဒီဉာဏ်ရင့်သန်လာတဲ့အခါ သမာဓိဟာ အထူးကောင်းနေပြီ၊ အဲဒီ အခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတွေကို မြင်အောင် အထူးမှတ်ဖို့ မလိုတော့ဘူး၊ ကြောင့်ကြမစိုက်ရဘဲ မှတ်တိုင်း မှတ်တိုင်းမှာ လက္ခဏာ သုံးပါးထဲက တစ်ပါးပါးကို ထင်ထင်ရှားရှား သိသိသွားတယ်။

'ဒီလိုသိတဲ့အခါ ပြီးခဲ့တဲ့ဉာဏ်စဉ်တွေတုန်းကလို မဟုတ်ဘူး၊ ရှေ့က ဉာဏ်စဉ်တွေမှာတော့ ရုပ်နာမ်တွေရဲ့ မမြဲတာ၊ ဆင်းရဲတာ၊ ငါမဟုတ်တာ တွေကို တွေ့ရင် ကြောက်တယ်၊ ဒီရုပ်နာမ်တွေက လွတ်မြောက်ချင်တယ်၊ ဒီရုပ်နာမ်တွေကို ငြီးငွေ့တယ်၊ ဒီဉာဏ်မှာတော့ ဒီလို မဟုတ်ဘူး၊ အပြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ခုကြောင့် မိမိ အင်မတန်ချစ်တဲ့ မယားကို ကွာပစ်ပြီးတဲ့အခါ ဒီမယားဟာ ဘယ်သူနဲ့ပဲတွဲနေနေ စိတ်ထဲမှာ ဘာမှ မဖြစ်ဘဲ လျစ်လျူရှုနေ တာမျိုးလို မမြဲ ဆင်းရဲ ငါမဟုတ်တဲ့အပြစ်တွေကို မြင်နေရတဲ့ နာမ်ရုပ်တွေကို လျစ်လျူရှုထားတယ်။

'ဒီဉာဏ်ကို မရောက်ခင်တုန်းက မှတ်လို့ကောင်းနေပေမယ့် အနေအ အယှက် တစ်မျိုးမျိုးကြောင့် မကြာခင်မှတ်လို့ကောင်းတာဟာ ပျက် ပျက် သွားတတ်တယ်၊ အသံကြားရာဆီကို စိတ်ရောက်သွားပြီးတော့လည်း ပျက်သွားတတ်တယ်၊ စိတ်ကူးတွေကိုက သက်သက်အပြင်ထွက်ထွက်သွား လို့လည်း ပျက်သွားတတ်တယ်၊ ညောင်းတာ၊ ပူတာ၊ နာတာ၊ ယားတာ ချောင်းဆိုးဟာတွေကြောင့်လည်း ပျက်သွားတတ်တယ်၊ အဲဒီလို ပျက်သွား ပြီးမှ အမှတ်ပြန်ကောင်းအောင် ထပ်ပြီး ကြိုးစားယူရတယ်၊ အခု ဒီဉာဏ် ကို ရောက်တော့ သိပ်နေရာကျတာပဲ။

'အခုပြောခဲ့တဲ့ အပျက်တွေ မရှိတော့ဘူး၊ အသံကြားရင်လည်း အဲဒီ အသံကို ဂရုမစိုက်ဘူး၊ မှတ်ရုံကလေးပဲ မှတ်လိုက်တယ်၊ အဲဒီလို မှတ်ပြီး တော့မှ ကိုယ်မှတ်နေကျကိုလည်း ပြန်မှတ်သွားတာပဲ၊ ပြီးတော့လည်း အပြင်ဘက်ထွက်ထွက်သွားတဲ့ စိတ်ကူးတွေဆိုတာလည်း လုံးဝ မရှိတော့ဘူး ကောင်းတဲ့ အာရုံတွေရလို့လည်း နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ဝမ်းသာ ခြင်း မရှိဘူး၊ မကောင်းတဲ့အာရုံတွေကို တွေ့ရလို့လည်း စိတ်ပျက်ခြင်း နှလုံးမသာခြင်း၊ ကြောက်ခြင်း မရှိဘူး၊ ညောင်းတာ၊ ပူတာ၊ နာတာတွေလည်း ပေါ်လာတယ်လို့ မရှိဘူး၊ ပေါ်လာပြန်ရင်လည်း မနေသာအောင် မဆိုးဘူး မှတ်နိုင်ပါတယ်၊ ယားနာတို့၊ ချောင်းဆိုးတို့ဆိုတဲ့ ရောဂါတွေက မူလကရှိနေတောင်မှ ဒီဉာဏ်ကိုရတဲ့အခါ ပျောက်နေတယ်၊ တော်တော် ကြီးကျယ်တဲ့ ရောဂါတွေတောင် ဒီဉာဏ်အဆင့်ကိုရောက်ရင် သက်သာ



သွားတတ်တယ်၊ အဲဒါကြောင့် ဒီဉာဏ်ကိုရနေတဲ့ ယောဂီဟာ ကြောင့်ကြ မစိုးရိမ်ရဘဲ တစ်သမတ်တည်း ဆက်မှတ်သွားနိုင်တယ်၊ ဒီလိုမှတ်နေတဲ့ အခါ ပင်ပန်းတာလည်း မရှိဘူး၊ အချိန်တွေဟာ ကုန်မှန်းမသိ ကုန်သွား တတ်တယ်၊ အဲဒီဉာဏ်ကို 'သင်္ခါရုပေက္ခာဉာဏ်' လို့ ခေါ်တယ်။

'ဒီဉာဏ်ရင့်သန်လာတဲ့အခါ အနုလောမဉာဏ်နဲ့ ဂေါတြဘူဉာဏ်တွေ ဖြစ်ပေါ်လာတယ်၊ ဒီဉာဏ်နှစ်ပါးကို ငါ့မြေးသိအောင် ဒီလိုပြောရမယ်။

'သင်္ခါရုပေက္ခာဉာဏ်ဟာ အင်မတန် ရင့်သန်လာတဲ့အခါ မဂ်ဉာဏ်ရဖို့ပဲ ရှိတော့တယ်၊ အဲဒီအခါ မဂ်ဉာဏ်ရဖို့ အဆင်သင့်ဖြစ်အောင် ပြုပြင်ပေးတဲ့ ဉာဏ်ကို 'အနုလောမဉာဏ်' လို့ ခေါ်တယ်။

'ဒီအနုလောမဉာဏ်ကို ရပြီးတာနဲ့တစ်ပြိုင်နက် မှတ်နေတဲ့စိတ်နဲ့ အမှတ်ခံနေရတဲ့ အာရုံကို စွန့်လွှတ်လိုက်စေတဲ့ဉာဏ်ကို 'ဂေါတြဘူဉာဏ်' လို့ ခေါ်တယ်။

'ဒီ ဂေါတြဘူဉာဏ် ရပြီးတာနဲ့ တစ်ပြိုင်နက်တည်း 'မဂ်ဉာဏ်'ပေါ်လာ တာပဲ။

'ဒီ မဂ်ဉာဏ်ကို ရရခြင်း ဘာဖြစ်မှန်းမသိဘူး၊ ရပြီးတဲ့နောက်မှ ယောဂီဟာ ပြန်စဉ်းစားကြည့်တယ်၊ ထူးထူးခြားခြားအဖြစ်အပျက်တစ်ခုခု ကို တွေ့ရတဲ့အခါ ပြန်စဉ်းစားတာမျိုးပေါ့၊ အဲဒီလို ပြန်စဉ်းစားကြည့်တော့မှ အမှတ်အသိလေးတွေဟာ မြန်လာရာက ငြိမ်းရာကို ရောက်သွားပုံရော၊ ငြိမ်းနေပုံကိုရော ထင်ထင်ရှားရှား တွေ့ရတယ်၊ ငြိမ်းရာကို ရောက်သွား တာက 'အရိယမဂ်ဉာဏ်' ပဲ၊ ငြိမ်းနေတာက 'နိဗ္ဗာန်' ပဲ။

'အဲဒီ မဂ်ဉာဏ်ဖြစ်တဲ့စိတ်ဟာ တစ်ကြိမ်ပဲ ဖြစ်တယ်၊ အဲဒီ မဂ်စိတ် ပြီးတာနဲ့ နိဗ္ဗာန်ကို အာရုံပြုတဲ့စိတ်ဟာ နှစ်ကြိမ်ပေါ်တယ်၊ အဲဒီလို နှစ်ကြိမ်ပေါ်တဲ့စိတ်ကို 'ဖိုလ်စိတ်' လို့ ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့မြေးကို အမိဋ္ဌာန်အလုပ်ခိုင်းတာလည်း ဒီဖိုလ်စိတ်တွေကို ပြန်ပြီး ရအောင် အလုပ်ခိုင်းတာပဲ၊ တခြားစိတ်ဆိုလို့ ဘာစိတ်မှ မပေါ်ဘဲ နိဗ္ဗာန်တစ်ခုတည်းကိုသာ အာရုံပြုနေတဲ့ ဖိုလ်စိတ်တွေချည်းပဲ ဆက်ပြီးဖြစ်နေတာကို 'ဖလသမာပတ်' လို့ ခေါ်တယ်။

'ဒီ ဖလသမာပတ် ဝင်စားနေတဲ့အခါ ယောဂီဟာ ကိုယ့်ခန္ဓာကိုယ်ကြီးကိုလည်း သတိမရတော့ဘူး၊ ဒီခန္ဓာကိုယ်ကြီးရဲ့ ပတ်ဝန်းကျင်မှာရှိနေတဲ့ ကမ္ဘာလောကကြီးတစ်ခုလုံးကိုလည်း သတိမရတော့ဘူး၊ အပါယ်လောက နတ်လောက၊ ဗြဟ္မာလောက ဆိုတဲ့ တစ်ပါးသော လောကတွေကိုလည်း သတိမရတော့ဘူး၊ မသိတော့ဘူး၊ ကြံစည် စဉ်းစားမှုအလုံးစုံ ကင်းနေတယ် မြင်စရာ၊ ကြားစရာ၊ တွေ့ထိစရာ၊ နံစရာအာရုံတွေ အထင်အရှားရှိနေပေမဲ့ ဘာကိုမှ သတိမရဘူး၊ ဒီယောဂီရဲ့စိတ်ဟာ ဖြစ်မှု၊ ပျက်မှုတွေ လုံး၀ ချုပ်ငြိမ်းနေတဲ့ နိဗ္ဗာန်တစ်ခုတည်းမှာသာ တည်တံ့နေတယ်။

'ယောဂီဟာ ထိုင်ရက် ဖိုလ်ဝင်စားနေရင် ထိုင်နေတဲ့ပုံဟာ မူလ အတိုင်း တည်တံ့နေတယ်၊ ယိမ်းယိုင်ခြင်း၊ ညွတ်ကျခြင်း၊ နေရာရွှေ့ခြင်း ဆာလောင်ခြင်း မရှိဘူး၊ အမိဋ္ဌာန်ဆေ့လို့ ဖိုလ်စိတ်အစဉ်ပြတ်သွားတဲ့အခါ မှတ်စိတ်နဲ့ အာရုံချုပ်သွားပုံ၊ ဒီလို ချုပ်သွားပြီး ငြိမ်းနေပုံတွေကို ပြန်ပြီး ဆင်ခြင် စဉ်းစားတတ်တယ်၊ ပုံသဏ္ဌာန် စတဲ့ အာရုံအမျိုးမျိုးလဲ တွေ့မြင် တတ်တယ်၊ စဉ်းလဲ စဉ်းစားတတ်တယ်။

'ဘာဖြစ်လို့ ဒီလို ဖိုလ်ဝင်စားရတာလဲ၊ ဒါကို နည်းနည်းရှင်းပြမယ်

'မင်းတွေ၊ နတ်တွေဟာ မင်းစည်းစိမ်၊ နတ်စည်းစိမ်၊ မင်းချမ်းသာ နတ်ချမ်းသာတွေကို ခံစားကြတယ် မဟုတ်လား၊ အဲဒီလိုပဲ အရိယာတွေဟာ သူတို့ရဲ့ ကိုယ်ပိုင်ဖြစ်တဲ့ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ဆိုတဲ့ လောကုတ္တရာ ချမ်းသာကို ယခုဘဝမှာပဲ ခံစားရအောင် ဖိုလ်ဝင်စားကြတာပါပဲ၊ ဒီဖိုလ်ဝင်စားနေတုန်း ဖြစ်တာ ပျက်တာတွေ လုံး၀ ချုပ်ငြိမ်းနေတာကို ခံစားရတဲ့ အရသာဟာ ဘယ်ကာမဂုဏ် အရသာတွေနဲ့မှ မတူဘူး။

'အဲဒါကြောင့် ရှင်တော်မြတ်ဘုရားက 'သဗ္ဗရသံ ဓမ္မရသော ဇိနာတိ = တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏' လို့ ဟောကြားတော်မူခဲ့တာပဲ၊ ဒီလို အကြိမ်ကြိမ် ဖိုလ်ဝင်စားနိုင်တဲ့အတွက် ဆရာသမား လုပ်တဲ့ ပုဂ္ဂိုလ်တွေကလဲ သူ့တပည့် ယောဂီဟာ မဂ်ဉာဏ်တော့ရသွားပြီ ဆိုတာ စိတ်ချတယ်၊ အတူတူ အားထုတ်နေတဲ့ ယောဂီတွေမှာလဲ အားတက်မှုတွေ၊ ယုံကြည်မှုတွေ ဖြစ်လာနိုင်တယ်၊ အဲဒါတွေလဲ ဖိုလ်ဝင်စားတဲ့ အကျိုးတွေပါပဲ။

'ကဲ၊ ဘိုးဘိုး အခုပြောခဲ့တဲ့ဟာတွေဟာ မဂ်လမ်းပေါက်ပြီး နိဗ္ဗာန် ဆိုက်ရောက်သွားပုံတွေပါပဲ။

'အဲဒီတော့ ဘိုးဘိုးအခုပြောခဲ့တဲ့ ဉာဏ်တွေကို ငါ့မြေးရသလား၊ မရဘူးလား၊ ရပြန်ရင်လဲ ရတဲ့ဟာ ရ၊ မရတဲ့ဟာ မရဘူးလား၊ အဲဒါ ကိုယ့်ဟာကိုယ် ပြန်ပြီး သေသေချာချာ ဆင်ခြင်ကြည့်၊ ငါ့မြေးရတဲ့တရား ဟာ မဂ်တရား၊ ဖိုလ်တရား အစစ် ဟုတ် မဟုတ်၊ ငါ့မြေးဟာ ငါ့မြေး ဆုံးဖြတ်ရမယ်၊ ဘိုးဘိုးက ဆုံးဖြတ်မပေးနိုင်ဘူး။

'အခု ပြောခဲ့တဲ့ဉာဏ်စဉ်တွေကို အမှန်ရတယ်ဆိုရင် ငါ့မြေးရတဲ့တရား ဟာ မဂ်တရား ဖိုလ်တရား အစစ်ပဲ၊ အခုပြောခဲ့တဲ့ ဉာဏ်စဉ်တွေကို မှန်မှန်ကန်ကန် မရဘူး၊ မတွေ့မြင်ခဲ့ရဘူးဆိုရင် ငါ့မြေးရတဲ့တရားဟာ မဂ်တရား ဖိုလ်တရား မစစ်ဘူး။

'မြတ်စွာဘုရားရဲ့တရားတော်ဟာ သူများက ဆုံးဖြတ်ပေးရတဲ့တရား မျိုး မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် ဆုံးဖြတ်နိုင်တဲ့ တရားမျိုးဖြစ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ငါမြေးရတာ မင်ဉာဏ် ဖိုလ်ဉာဏ် စစ် မစစ်ကို ငါမြေးဟာ ငါမြေး ဆုံးဖြတ်ချက် ချပေတော့။

'ငါမြေးရတဲ့တရားဟာ မဂ်တရား ဖိုလ်တရား အစစ်တွေ ဟုတ် မဟုတ် ဆိုတာကို မှတ်ကျောက်တိုက်ကြည့်ဖို့ ဘိုးဘိုး အခုပြောခဲ့တဲ့ ဉာဏ်စဉ်တွေ အပြင် မြတ်စွာဘုရား ဟောကြားထားတော်မူခဲ့တဲ့ ဓမ္မာဒါသသုတ်ဆိုတာ ရှိပါသေးတယ်၊ အဲဒီသုတ်ကိုလဲ ငါမြေး ကောင်းကောင်း နာဦး။

## ဓမ္မာဒါသသုတ်

'မြတ်စွာဘုရား သက်တော်ထင်ရှားရှိတုန်းက တချို့ တပည့်တွေဟာ 'အရှင်ဘုရား၊ ဘယ်သူဟာတော့ဖြင့် သေသွားပါပြီ၊ သူဟာ မသေခင် ဘယ်ဉာဏ်ကို ရသွားပါသလဲ ဘုရား' လို့ ခဏခဏ မေးလေ့ရှိတယ်။ အဲဒါကြောင့် တစ်နေ့ကျတော့ မြတ်စွာဘုရားက

'အာနန္ဒာ၊ ဒီလိုသာ ငါ့ကို လျှောက်မေးနေကြရင် ငါဘုရားကိုသာ ပင်ပန်းအောင် လုပ်ရာရောက်မယ်၊ အဲဒီတော့ ငါဘုရားကို မမေးရဘဲ ကိုယ့်ဟာကိုယ် ဆုံးဖြတ်နိုင်အောင် ကိုယ့်ရုပ်ကို ကိုယ်ပြန်မြင်နိုင်တဲ့ မှန်နဲ့ တူတဲ့ ဓမ္မာဒါသတရားကို ဟောတော်မူမယ်၊ ဒီတရားနဲ့ ပြည့်စုံတဲ့ ငါ့ရဲ့ အရိယာတပည့်ဟာ ပြောချင်ရင် သူ့ကိုယ်သူ ဒီလိုပြောနိုင်တယ်၊ 'ငါဟာ ငရဲကို မကျရတော့ဘူး၊ တိရစ္ဆာန် မဖြစ်ရတော့ဘူး၊ ပြိတ္တာ မဖြစ်ရတော့ဘူး ဒီအပါယ်ဘုံတွေကို ကျရောက်ဖို့အကြောင်းတွေ ငါ့မှာ လုံး၀ ကုန်ဆုံးသွားပြီ မရှိတော့ဘူး၊ ငါဟာ သောတာပန်ဖြစ်ပြီး ငါ ရတဲ့ သောတာပတ္တိမဂ်ဟာ ဘယ်နည်းနဲ့မှ မပျက်စီးတော့ဘူး၊ ငါဟာ ရှေ့ကို သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဆိုတဲ့ အထက်မဂ်တွေကို ကိန်းသေရဖို့သာ ရှိတော့တယ်' အဲဒီလို ပြောနိုင်တယ်။



အဲဒီတော့ ဒီဓမ္မာဒါသတရားဆိုတာ ဘယ်လိုတရားလဲ။

## ဘုရားဂုဏ်တော် ကိုးပါး

'သောတာပတ္တိမဂ်ကိုရပြီးတဲ့ ငါ့ရဲ့တပည့်ဟာ မြတ်စွာဘုရား မှန်စွာ သိပြီးဖြစ်သော ယုံကြည်မှုနှင့် ၀ါ မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဒါတရားနှင့် ပြည့်စုံတယ်။

မြတ်စွာဘုရား၌ မှန်ကန်စွာ သိပြီးဖြစ်သော ယုံကြည်မှုဆိုတာ ဘယ်လို ယုံကြည်မှုမျိုးလဲ။

ငါ့ရဲ့ဆရာဖြစ်တဲ့ ဘုရားသခင်ဟာ

အရဟံသီလ = သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿနဂုဏ် အထူးအမြတ်တို့နှင့် ပြည့်စုံတော်မူပါပေတယ်။

အရဟံ = လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း စသော တစ်လောကလုံးရဲ့ ပူဇော်အထူးကို ခံတော်မူထိုက်ပါပေတယ်။

အရဟံ = ၀ါသနာနှင့်တကွ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာ အညစ်အကြေးတွေက ကင်းဝေးစင်ကြယ်တော်မူပါပေတယ်။

သမ္မာ သမ္ဗုဒ္ဓေါ = ခပ်သိမ်းသော တရားတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူပါပေတယ်။

ဝိဇ္ဇာစရဏ သမ္ပန္နော = မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ရန် အခြေခံစရဏ သီလ စသော အကျင့်အမျိုးမျိုး၊ ဝိပဿနာ စသော ဉာဏ်မျက်စိအမျိုးမျိုး တို့နဲ့ လုံး၀ ကုံလုံ ပြည့်စုံတော်မူပါပေတယ်။

သုဂတော = မှန်ကန်၍ အကျိုးများသည့် စကားကောင်းကိုသာ ပြောဆိုတော်မူတတ်ပါပေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သုဂတော = ကောင်းမွန်တင့်တယ် ကြည်ညိုဖွယ်ဖြစ်သော ကိုယ်၊ နှုတ်၊ စိတ် အမူအရာနှင့် ပြည့်စုံတော်မူပါပေတယ်။

လောကဝိဒူ = လောက၏အကြောင်းအရာအလုံးစုံနှင့် ပြည့်စုံတော်မူပါပေတယ်။

အနုတ္တရော = အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်ပါပေတည်း။

ပုရိသ ဒမ္မသာရထိ = ဆုံးမထိုက်သော ပုဂ္ဂိုလ်အား အကျိုးစီးပွားသို့ရောက်ရန် အမြန်မောင်းနှင် ပဲ့ပြင်ဆုံးမတော်မူတတ်ပါပေတယ်။

အနုတ္တရောပုရိသ ဒမ္မသာရထိ = ဆုံးမထိုက်သော ပုဂ္ဂိုလ်အား အကျိုးစီးပွားကိုရောက်အောင် ပို့ဆောင်မောင်းနှင်မှု၌ အတုမရှိ အမြင့်မြတ်ဆုံးဆရာ ဖြစ်ပါပေတယ်။

သတ္ထာဒေဝ မနုဿာနံ = နတ်၊ လူအများတို့၏ တစ်ပါးတည်းသောဆရာအစစ်ပါပေတည်း။

ဗုဒ္ဓေါ = ရှိရှိသမျှ တရားအလုံးစုံကို အကုန်သိတော်မူပါပေတယ်။

ဗုဒ္ဓေါ = သစ္စာလေးတန် တရားမှန်ကို ကိုယ်တော်တိုင်သိပြီး၍ ဝေနေယျသတ္တဝါတို့အားလည်း ဟောကြားထုတ်ဖော် သိစေတော်မူတတ်ပါပေတယ်။

ဘဂဝါ = မနှိုင်းယှဉ် မရေတွက်နိုင်သော ဘုန်းတော်၊ ကံတော်ပါရမီတော်တို့နှင့် ပြည့်စုံတော်မူပါပေတယ်။

ဘဂဝါ = လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအများ၏ ဦးတွတ်ထွားဆည်းကပ်ရှိသေအပ်သည့် ပုဂ္ဂိုလ်မြတ်ကြီးပါပေတည်း။

သောတာပတ္တိမဂ်ကိုရပြီးတဲ့ အရိယာတပည့်ဟာ မြတ်စွာဘုရားအပေါ်မှာ အဲဒီလို မှန်စွာသိပြီးဖြစ်တဲ့ ယုံကြည်မှု ဝါ မတုန်မလှုပ်တဲ့ သက်ဝင်ယုံကြည်မှု သဒ္ဓါတရားနဲ့ ပြည့်စုံတယ်။



တရားဂုဏ်တော်ခြောက်ပါး

'သောတာပတ္တိမဂ်ရပြီးတဲ့ အရိယာတပည့်ဟာ တရားတော်မြတ်၌ မှန်စွာသိပြီးဖြစ်တဲ့ ယုံကြည်မှုနှင့် ဝါ မတုန်မလှုပ် သက်ဝင်ပြီး ယုံကြည်တဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံတယ်။

တရားတော်၌ မှန်စွာသိပြီးဖြစ်တဲ့ ယုံကြည်မှုဆိုတာ ဘယ်လိုယုံကြည်မှုမျိုးလဲ၊ သွာက္ခာတော ဘဂဝ တာဓမ္မော = မြတ်စွာဘုရားသခင်ဟောကြားတော်မူအပ်သော မဂ်ဖိုလ်နိဗ္ဗာန် ဒေသနာတော်မြတ်သည် ကောင်းမွန်မှန်ကန်စွာ ဟောကြားအပ်သော တရားတော်မြတ်ဖြစ်ပါပေတယ်။

သန္ဒိဋ္ဌိကော = ကျင့်မှတ်အားထုတ်လျှင် အဟုတ်ကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော်မြတ် ဖြစ်ပါပေတယ်။

အ ကာလိကော = အချိန်အခွင့် မဆိုင်းလင့်ဘဲ အသင့်လက်ငင်းချက်ချင်း အကျိုးပေးတတ်သော တရားတော်မြတ် ဖြစ်ပါပေတယ်။

ဧဟိ ပဿိကော = လာပါ၊ မယုံရင်လုပ်ကြည့်၊ စမ်းကြည့်၊ ကျင့်ကြည့် စမ်းပါလို့ တိုက်တွန်းထိုက်တဲ့ တရားတော်မြတ် ဖြစ်ပါပေတယ်။

ဩပနေယျိကော = ကိုယ်ထဲ၊ စိတ်ထဲမှာ စွဲမြဲဝင်ရောက်အောင် ကျင့်ဆောင်ထိုက်တဲ့ တရားတော်မြတ် ဖြစ်ပါပေတယ်။

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ = တရားမြင်သိ အရိယာပညာရှိတို့ဟာ အသီးသီးသော မိမိသန္တာန်၌ သိမြင်ခံစားအပ်သော တရားမြတ်ဖြစ်ပါပေတယ်။

သောတာပတ္တိမဂ်ကိုရပြီးတဲ့ အရိယာတပည့်ဟာ တရားတော်၌ အဲဒီလို မှန်စွာသိပြီးဖြစ်တဲ့ ယုံကြည်မှုနှင့် ဝါ မတုန်မလှုပ်တဲ့ သက်ဝင် ယုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံတယ်။

www.burmeseclassic.com

www.burmeseclassic.com



သံဃာ့ဂုဏ်တော်ကိုးပါး

'သောတာပတ္တိမဂ်ကိုရပြီးတဲ့ အရိယာတပည့်ဟာ သံဃာတော်၌ မှန်စွာသိပြီးဖြစ်တဲ့ ယုံကြည်မှု ဝါ မတုန်မလှုပ် သက်ဝင်ယုံကြည်မှု သဒ္ဓါတရားနဲ့ ပြည့်စုံတယ်။

မှန်စွာသိပြီးဖြစ်တဲ့ ယုံကြည်မှုဆိုတာ ဘယ်လို ယုံကြည်မှုမျိုးလဲ။

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော = မြတ်စွာဘုရား၏ တပည့်သား အစစ်ဖြစ်သော သံဃာတော်သည် လောဘ၊ ဒေါသ၊ မောဟ ကင်းအောင် ကောင်းမွန်စွာ ကျင့်တော်မူပါပေတယ်။

ဥဇုပ္ပဋိပန္နော = ကိုယ် နှုတ် စိတ်ထား အကောက်သုံးပါးကင်းအောင် ဖြောင့်စင်းစွာ ကျင့်တော်မူပါပေတယ်။

ဉာယပ္ပဋိပန္နော = သိထိုက်လှစွာ နိဗ္ဗာန်အလို့ငှာသာလျှင် ကျင့်တော်မူပါပေတယ်။

ဉာယပ္ပဋိပန္နော = ဆင်းရဲငြိမ်းရန် လျော်ကန်သင့်တင့် မဂ္ဂင်အကျင့်ကို ဖြည့်ကျင့်တော်မူပါပေတယ်။

သာမိစိပ္ပဋိပန္နော = သူများကပြု ရှိသေမှုနှင့် ထိုက်သင့်လျော်စွာ ကျင့်တော်မူတတ်ပါပေတယ်။

သာမိစိပ္ပဋိပန္နော = လောကုတ်ကိုးရပ် တရားမြတ်နှင့် လျောက်ပတ်သင့်တင့် မဂ္ဂင်အကျင့်ကို ဖြည့်ကျင့်တော်မူပါပေတယ်။

ယဒိဒံ = ယာနိဣမာနိစတ္တာရိပုရိသယုဂါနိ = မဂ္ဂဋ္ဌာန်နှင့် ဖလဋ္ဌာန် အစုံစုံတွဲသောအားဖြင့် အကြင်လေးပါးသော ပုဂ္ဂိုလ်အစုံတို့သည်။

အဋ္ဌပုရိသပုဂ္ဂလာ = အသီးသီးသောအားဖြင့် ရှစ်ပါးသော အရိယာပုဂ္ဂိုလ်မြတ်တို့သည်။ ယောဒ္ဓိ၊ ဖြစ်ကုန်၏။ ဘဂဝတော = မြတ်စွာဘုရား၏



သာဝကသံဃော = တပည့်တော်အစစ် အရိယာသံဃာတော်ဖြစ်သော။ ဧသ = အစုံအားဖြင့် လေးစုံ အသီးသီးအားဖြင့် ရှစ်ပါး အရေအတွက်ရှိသော ဤသံဃာတော်သည်။

အာဟုနေယျော = အရပ်ဝေးမှ ဆောင်ယူ၍ ပေးလှူသည်ကိုသော်လည်း ခံတော်မူထိုက်ပါပေတယ်။

အာဟုနေယျော = ပင့်ဖိတ်၍သော်လည်း ပူဇော် လှူဒါန်းထိုက်ပါပေတယ်။

ပါဟုနေယျော = ချစ်ခင်လေးစား ဧည့်သည်များကို သီးခြားရည်ရွယ် ထားသုံးမှုယ်ကိုသော်လည်း ပူဇော်သောအခါ ခံယူတော် မူထိုက်ပါပေတယ်။

ပါဟုနေယျော = လက်ဦးဆောင်တာ ရှိသေစွာဖြင့် သဒ္ဓါကြည်ဖြူ ပေးလှူပူဇော်ထိုက်ပါပေတယ်။

ဒက္ခိဏေယျော = ချမ်းသာတိုးပွား အကျိုးများရန် ရည်သန်ဆက်ကပ်သည့် မြင့်မြတ်သော အလှူကို ခံယူတော်မူထိုက်ပါပေတယ်။

အဉ္ဇလိကရဏီယော = ကောင်းကျိုးမျှော်ကာ လက်နှစ်ဖြာကို ထိပ်မှာချီမိုး ရှိခိုးကန်တော့ထိုက်ပါပေတယ်။

အနုတ္တရံပုညက္ခေတ္တံလောကဿ = ကောင်းကျိုးလိုလားသော သတ္တဝါအများ၏ ကောင်းမှုမျိုးတို့ကို စိုက်ပျိုးကြီးပွား အသီးများရာ လယ်ယာမြေကောင်းသဖွယ်ပါပေတည်း။

သောတာပတ္တိမဂ်ကိုရပြီးတဲ့ အရိယာတပည့်ဟာ သံဃာတော်မှာ ဒီလို မှန်စွာသိပြီးဖြစ်တဲ့ ယုံကြည်မှုနဲ့ ဝါ မတုန်မလှုပ် သက်ဝင်ယုံကြည်မှု သဒ္ဓါတရားနဲ့ ပြည့်စုံတယ်။

www.burmeseclassic.com

www.burmeseclassic.com



'သောတာပတ္တိမဂ်ကိုရပြီးတဲ့ အရိယာတပည့်ဟာ နောင်ဘဝကို ရောက်သွားပေမယ့် ဘယ်နည်းနဲ့မှ မလွန်ကျူးရက်အောင် နှစ်သက်မြတ်နိုးနေတဲ့ ငါးပါးသီလနဲ့ ပြည့်စုံတယ်။

ဒီ ငါးပါးသီလနဲ့ ဘယ်လိုပြည့်စုံသလဲ။

အစအဆုံး သိက္ခာပုဒ်တွေ မပျက်တာကြောင့်၊ မကျိုးတဲ့ ဟိုတစ်ကွက် ဒီတစ်ကွက် သိက္ခာပုဒ်တွေ မပျက်တာကြောင့်၊ မပေါက်တဲ့ သိက္ခာပုဒ်နှစ်ခု သုံးခု တစ်စပ်တည်း မပျက်တာကြောင့်၊ မကြောင်မကျားတဲ့ သိက္ခာပုဒ်တစ်ခု ခြား မပျက်တာကြောင့်၊ အပြောက်အကွက်၊ အစွန်းအထင်းမရှိတဲ့ တဏှာရဲ့ ကျွန်အဖြစ်က လွတ်တာကြောင့်၊ တော်လှန်လွတ်လပ်တဲ့ ဝါ လောကီ ချမ်းသာအတွက် တောင့်တပြီး စောင့်ရှောက်တဲ့ သီလ မဟုတ်တဲ့၊ လောကီ ချမ်းသာအတွက် တောင့်တပြီး စောင့်ရှောက်တဲ့ သီလ မဟုတ်တဲ့၊ ဘုရား အစရှိတဲ့ ပညာရှိတို့ ချီးမွမ်းထိုက်တဲ့ ငါးပါးသီလ စောင့်နိုင်တယ်၊ ငါ့ သီလက ဘယ့်လိုသီလမျိုး အစရှိသဖြင့် မာနထောင်လွှားပြီး မှားယွင်းစွာ စွဲလမ်းခြင်းမရှိတဲ့၊ ဝိပဿနာ သမာဓိ၊ မဂ်သမာဓိ၊ ဖိုလ်သမာဓိကို ဖြစ်စေ နိုင်တဲ့၊ ထက်ဝန်းကျင် စင်ကြယ်တဲ့ ငါးပါးသီလမျိုး ဖြစ်စေရမယ်လို့ မြတ်စွာဘုရားက မိန့်တော်မူတယ်။

## မကျိုးမပေါက် မကျားမပြောက်တဲ့ သီလ

'အဲဒီနေရာက ရှေ့ကိုမဆက်ခင် မကျိုးမပေါက်၊ မကျားမပြောက်တဲ့ သီလဆိုတာ ဘယ်လိုသီလမျိုးလဲဆိုတာကို ငါ့မြေးသိအောင် ဘိုးဘိုးရှင်းပြ ဦးမယ်၊ ငါးပါးသီလဆိုတာ

၁။ သူ့အသက်သတ်ခြင်းမှ ရှောင်တာ၊

၂။ သူ့ဥစ္စာခိုးခြင်းမှ ရှောင်တာ၊



၃။ ကာမမှာ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်တာ၊

၄။ လိမ်ပြောခြင်းမှ ရှောင်တာ၊

၅။ အရက်သောက်ခြင်းမှ ရှောင်တာတွေပဲ ဖြစ်တယ်။

အဲဒီငါးပါးသီလထဲက ၁ နဲ့ ၅ ပျက်သွားရင် ကျိုးတယ်လို့ခေါ်တယ်။

၂၊ ၃၊ ၄ ပျက်သွားရင် ပေါက်တယ်လို့ ခေါ်တယ်။

၁ နဲ့ ၂ ဖြစ်စေ၊ ၁၊ ၂၊ ၃ ဖြစ်စေ၊ ၃၊ ၄၊ ၅ ဖြစ်စေ၊ ၄ နဲ့ ၅ ဖြစ်စေ တစ်ဆက်တည်းဖြစ်နေတဲ့ သိက္ခာပုဒ် နှစ်ပါး သို့မဟုတ် သုံးပါး ပျက်သွားရင် ကြောင်တယ်၊ ကျားတယ်လို့ ခေါ်တယ်။

၁၊ ၃၊ ၅ ပျက်သွားရင် သိက္ခာပုဒ် တစ်ခုခြား ပျက်တဲ့အတွက် ပြောက်တယ် ကွက်တယ် လို့ ခေါ်တယ်။

သောတာပတ္တိမဂ်ကိုရပြီးတဲ့ အရိယာတပည့်ရဲ့ ငါးပါးသီလဟာ တစ်ပါးတလေမှ ပျက်မသွားဘူးဆိုတာကို အမိပွာယ်လေးနက်စေချင်တဲ့ အတွက် မကျိုးဘူး၊ မပေါက်ဘူး၊ မကျားဘူး၊ မပြောက်ဘူးလို့ မြတ်စွာ ဘုရားက အမိန့်ရှိတော်မူတာပဲ ဖြစ်တယ်။ အဲဒီလို အမိန့်ရှိပြီးမှ မြတ်စွာ ဘုရားက ဒီလို ဆက်ဟောတော်မူပြန်တယ်။

'အာနန္ဒာ၊ ဓမ္မဒါသတရားဆိုတာ တခြား မဟုတ်ဘူး၊ ဘုရား၊ တရား၊ သံဃာ၌ ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားသုံးပါးနဲ့ ငါးပါးသီလကို ပြည့်စုံခြင်းဆိုတဲ့ တရားတစ်ပါးကို ခေါ်ဆိုထားတာပဲဖြစ်တယ်၊ ဒီလိုခိုင်မြဲတဲ့ သဒ္ဓါ၊ ဒီလိုစင်ကြယ်တဲ့ သီလနဲ့ ပြည့်စုံတဲ့ အရိယာတပည့်ဟာ ပြောကြား ချင်ရင် မိမိကိုယ် မိမိ ပြောကြားနိုင်တယ်၊ ဘယ်လိုပြောကြားနိုင်သလဲ။ ငါ့မှာ ငရဲကိုကျရောက်မှုကုန်ပြီ၊ ငါဟာ အထက်မဂ်သုံးပါးကို ကိန်းသေ ရဖို့ပဲ ရှိတော့တယ်၊ အဲဒီလို ပြောကြားနိုင်တယ်လို့ မြတ်စွာဘုရားက အရှင်အာနန္ဒာကို မိန့်တော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတော့ ငါ့မြေး၊ ငါ့မြေးဟာ သောတာပန်ဖြစ်ပြီလား၊ မဖြစ်သေးဘူးလား ဆိုတာ ဒီ ဓမ္မဒါသသုတ်အတိုင်း ကိုယ့်ဟာကိုယ် ဆုံးဖြတ်နိုင်တယ်၊ ဘယ်သူ့ဆီမှာမှ အဆုံးအဖြတ်ခံနေဖို့ မလိုဘူး။

'ဒီ အဆုံးအဖြတ်မျိုးကို ဘုရားမှတစ်ပါး ဘယ်သူကမှ ဆုံးဖြတ်ပေးဖို့ အခွင့်မရှိဘူး၊ အဲဒီတော့ ခုတင်က ဘိုးဘိုးပြောခဲ့တဲ့ ဉာဏ်စဉ်တွေနဲ့ ကိုယ့်ဟာကိုယ် ညှိနှိုင်းပြီးဆုံးဖြတ်၊ ဒီဓမ္မဒါသတရားနဲ့ ကိုယ့်ဟာကိုယ် ညှိနှိုင်းပြီး ဆုံးဖြတ်ပေတော့၊ ငါ့မြေးဟာ ငါ့မြေး ဆုံးဖြတ်နိုင်ပြီ၊ နောက်ပြီးတော့ အမိဋ္ဌာန်လုပ်ကြည့်ခြင်းအားဖြင့်လဲ ကိုယ့်ဟာကိုယ် ဆုံးဖြတ်နိုင်ပါတယ်'လို့ ဘိုးဘိုးက အမိန့်ရှိပါတယ်။

မိုးအောင်က သူ့ဘိုးဘိုးဘက်ကို လက်အုပ်ချီပြီး 'တပည့်တော်အတွက်ကတော့ ရှင်းသွားပါပြီဘုရား၊ သံသယမရှိတော့ပါဘူး ဘုရား၊ တရားအားထုတ်စကဆိုရင် ဘုရား၊ တရား၊ သံဃာအကြောင်းကို စဉ်းစားမိတိုင်း ဘိုးဘိုးဟာ ငါ့ကို မမှန်တာပြောမှာ မဟုတ်ပါဘူးလေလို့ ဘိုးဘိုးကို အကြောင်းပြုပြီး ယုံကြည်မှုပေါ်အောင် လုပ်လုပ်ပေးရပါတယ် ဘုရား အခုတော့ ဒီလို မဟုတ်တော့ပါဘူး။

'ဘုရားကို သတိရတာနဲ့ တစ်ပြိုင်နက် ဘုရားဟာ မဂ်တရား ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေကို ကိုယ်တိုင် မှန်စွာ သိတော်မူတဲ့ဘုရား ဖြစ်ပါပေတယ်ဆိုတဲ့ ယုံကြည်မှုဟာ တိုက်တွန်းမနေရဘူး၊ အလိုလို ပေါ်လာပါတယ်။

'တရားကို သတိရတာနဲ့တစ်ပြိုင်နက် မြတ်စွာဘုရားဟောကြားထားတဲ့ တရားတော်ဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ရစေနိုင်တယ်၊ ဒီဘဝမှာပဲ နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်တဲ့တရား ဖြစ်ပါပေတယ် ဆိုတဲ့ ယုံကြည်မှုဟာ တိုက်တွန်းမနေရဘူး၊ အလိုလိုပေါ်လာတယ်၊



'သံဃာကို သတိရတာနဲ့တစ်ပြိုင်နက် သံဃာတော်ဟာ လက်အုပ်ချီပြီး အကန်တော့ကို ခံထိုက်ပါပေတယ်၊ မြတ်တဲ့အလှူကို ခံထိုက်ပါပေတယ်၊ သံဃာတွေထဲမှာလဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေကို ရနေတဲ့ ရဟန်းတွေရှိတယ်ဆိုတဲ့ ယုံကြည်မှုဟာ တိုက်တွန်းမနေရဘူး၊ အလိုလိုပေါ်လာပါတယ်။

ဒီယုံကြည်မှုတွေဟာ နည်းနည်းကလေးမှ မတုန်လှုပ်တော့ပါဘူး ဘုရား။

'နောက်ပြီးတော့လည်း တရားအားမထုတ်ခင်ကဆိုရင် သူ့အသက်ကို သတ်ချင်တာ၊ သူ့ဥစ္စာကို ခိုးချင် တိုက်ချင်တာ၊ သူ့သားမယားကိုဖျက်ဆီးချင်တာ၊ လိမ်ပြောချင်တာ၊ အရက်သောက်ချင်တာတွေဟာ တပည့်တော်ကိုယ်ထဲမှာ ရောဂါဆိုးကြီးတစ်ခုလို ဖြစ်နေပါတယ်၊ ဒီရောဂါဆိုးကြောင့် လူကို မသတ်ရ၊ မခိုးရ၊ မတိုက်ရ၊ ကာမမှာ မှားယွင်းစွာ မကျင့်ရရင် အနည်းဆုံး ခွေးဖြစ်ဖြစ်၊ ငှက်ဖြစ်ဖြစ်၊ ဘဲဖြစ်ဖြစ်၊ ကြက်ဖြစ်ဖြစ် သတ်နေမှ၊ ယုတ်စွအဆုံး ပိုးကောင်ကလေးတွေကို သတ်နေရမှ အရက်သောက်နေရမှ ကျေနပ်နိုင်ပါတယ်ဘုရား၊ ဒီလောက်မှ လုပ်မနေရရင် နေလို့မဖြစ်ပါဘူး၊ ခေါင်းကိုက်တာတို့၊ ဗိုက်နာတာတို့ အခံရခက်တာကလည်း တစ်မျိုးပါပဲ။

'တပည့်တော်ဟာ အနည်းဆုံး တစ်ခုခုကိုလုပ်မနေရလို့ အခံရခက်တာကလည်း တစ်မျိုးပါပဲဘုရား၊ ဘယ်လိုအခံရခက်တယ်ဆိုတာတော့ တပည့်တော် မလျှောက်တတ်ပါဘူး ဘုရား၊ အခံရတော့ အတော်ခက်နေတာပါပဲ၊ အခု ဒီရောဂါဟာ တပည့်တော်မှာ မရှိတော့ပါဘူး ဘုရား၊ လုံးဝမရှိတော့ပါဘူး ဘုရား။

'ဒီရောဂါရှိတုန်းကလည်း ရှိတယ်ဆိုတာ ခေါင်းကိုက်တာကိုသိသလို တပည့်တော် ထင်ထင်ရှားရှား သိတာပါပဲ၊ ဒီရောဂါမရှိတော့လည်း မရှိ

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးဆိုတာ ခေါင်းကိုက်ပျောက်သွားတာကို သိသလို တပည့်တော် ထင်ထင်ရှားရှား သိတာပါပဲဘုရား' လို့ မိုးအောင်က လျှောက်ပြီး အရင်လိုပဲ 'ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ အစ၊ အာစရိယဂုဏော အနန္တော' အဆုံး ရှိတဲ့ သူ ရတဲ့ ဘုရားရှိခိုးကိုဆိုတယ်။ ပြီးတော့မှ ထိခြင်းငါးပါးနဲ့ ဦးသုံးကြိမ် ချတယ်။ 'ဗုဒ္ဓံပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိ' လို့လည်း ပါးစပ်ကဆိုသေးတယ်။ ဘိုးဘိုးက သာဓု သုံးကြိမ်ခေါ်ပြီး ရှေးနည်းအတိုင်း ဆုပေးတယ်။

❑

## အခန်း ၁၂

## တရားထူးရသော မိုးအောင်

မိုးအောင်လည်း သူ့ဇရပ်ကို ပြန်လာပြီး ခဏလောက်ပဲ အိပ်တယ်။ တစ်ညလုံးလိုလို အားထုတ်နေတယ်။ နေ့လယ်တစ်နာရီလောက်ရှိတော့ ဘိုးဘိုးစနဲ့ အတူ ဘိုးဘိုးဦးစန္ဒောဘာသဆီကို လာပြီး ကန်တော့တယ်။

ပြီးတော့မှ မနေ့က ဘိုးဘိုးဟောသွားတဲ့ ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်တွေကို ရေးပေးဖို့ လျှောက်ထားတယ်။

ဂုဏ်တော်တွေကိုရပြီးတဲ့အခါ မိုးအောင်က 'တပည့်တော် ဆိုးထားခဲ့တာတွေ အများကြီးရှိနေပါတယ်၊ တပည့်တော် ဒီလိုနေလို့ မဖြစ်တော့ဘူး၊ သွားပြီး ရှင်းလိုက်ပါဦးမယ်၊ တပည့်တော်ကို သွားခွင့်ပေးပါဘုရား' လို့ လျှောက်တယ်။

'ဘာလုပ်ရမယ်ဆိုတာ ငါ့မြေးဟာ ငါ့မြေး သိတယ်၊ အဲဒီတော့ ငါ့မြေးသဘောအတိုင်းပဲ သွားနိုင်ပြီ' လို့ ဘိုးဘိုးက အမိန့်ရှိတယ်။

'တပည့်တော် မေမေ့ဆီကို အရင်ဆုံးသွားပြီး ကန်တော့မယ်လို့ ဒိတ်ကူးထားပါတယ်ဘုရား၊ ဘိုးဘိုး မှာစရာရှိရင် မှာပါ' လို့ မိုးအောင်က လျှောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးက ခဏလောက် စဉ်းစားလိုက်တယ်။ ပြီးတော့မှ ကမ္မဋ္ဌာန်းတရားစပြီး အားထုတ်တဲ့ အချိန်အထိ သူငယ်ငယ်ကတည်းက စိပ်လာတဲ့ စိပ်ပုတီးကို ဘုရားခန်းက ယူလိုက်တယ်။

စိပ်ပုတီးကို သူ့မြေးလက်ထဲမထည့်ခင် 'ငါ့မြေး မေမေနဲ့တွေ့လို့ ငါ့မြေးဟာ ဘိုးဘိုးဆီမှာ တရားအားထုတ်လာတယ်ဆိုတာ မယုံမကြည် ဖြစ်နေရင် ဒီစိပ်ပုတီးကိုပြ၊ ဒီစိပ်ပုတီးဟာ ဘိုးဘိုးရဲ့ပုတီးဆိုတာ ငါ့မြေး မေမေ သိတယ်၊ အထူးမှာစရာတော့ မရှိပါဘူး၊ ငါ့မြေးရတဲ့ တရားမျိုး ရအောင် အချိန်ရှိတုန်း အားထုတ်ဖို့ ဘိုးဘိုးက တိုက်တွန်းလိုက်တဲ့အကြောင်းကိုသာ ပြောပြလိုက်ပါ ငါ့မြေးရယ်။

'ငါ့မြေးဟာ ခုတင်က ဘိုးဘိုး ရေးပေးလိုက်တဲ့ ရတနာသုံးပါး ဂုဏ်တော်တွေကို ပုတီးစိပ်ပြီးတိုင်း အခု ဘိုးဘိုးရွတ်ပြမယ့် တရားဟောတဲ့ ဂါထာကလေးကို လေးငါးခါက်လောက် ရွတ်စေချင်တယ်၊ ရွတ်တဲ့အခါ ဂါထာရဲ့ အဓိပ္ပာယ်ဟာ စိတ်ထဲမှာပေါ်နေအောင် ရွတ်စေချင်တယ်၊ ဘိုးဘိုး ရွတ်ပြမယ်၊ နားထောင်။

အကော ဓေန ဇိနေ ကောဓံ၊
အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊
သစ္စေ နာလိတဝါဒိနံ။

- အမျက်ထွက်သောသူကို မေတ္တာတရားဖြင့် အောင်ရာ၏။
- မကောင်းသော သဘောရှိသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏။
- နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။
- မဟုတ်မမှန်ပြောသောသူကို အဟုတ်အမှန်နဲ့ ပြောဆိုခြင်းဖြင့် အောင်ရာ၏။



'အဲဒီဂါထာကို ရွတ်တိုင်း အဲဒီအဓိပ္ပာယ်လဲ ငါ့မြေးရဲ့စိတ်ထဲမှာ ပေါ်နေပါစေ' လို့ ပြောပြီး စိပ်ပုတီးကို မိုးအောင်ရဲ့လက်ထဲ ထည့်လိုက်တယ်။ ပြီးတော့မှ ဂါထာနဲ့ အဓိပ္ပာယ်ကို ဘိုးဘိုးက ရေးပေးပြန်တယ်။

အဲဒီအခါ မိုးအောင်က 'ဆရာကြီးဦးအောင်လင်းနဲ့ ကိုခင်စိုးတို့ကို ကန်တော့ဖို့ အရင်တုန်းက ဘိုးဘိုးတပည့်တော်ကို အမိန့်ရှိတာ အခုထက်ထိ မကန်တော့ရသေးဘူး၊ သူတို့လဲ သွားကန်တော့ရမယ်' လို့ လျှောက်တယ်။ ဘိုးဘိုးလည်း သာဓုသုံးကြိမ် ခေါ်တယ်။

မိုးအောင်လည်း ရှေးကလိုဆိုပြီး ဦးသုံးကြိမ်ချတယ်။ ပြီးတော့မှ သူ့ဘိုးဘိုးကို နောက်ဆုံး ကန်တော့တဲ့အနေနဲ့ 'ခြေဆင်းပေးပါဘိုးဘိုး' လို့ လျှောက်တယ်။

ဘိုးဘိုးက ခြေဆင်းပေးတဲ့အခါ မိုးအောင်က သူ့ငယ်ထိပ်နဲ့ သူ့ဘိုးဘိုးရဲ့ ခြေဖဝါးတွေကိုပွတ်ရင်း 'ဘိုးဘိုးဟာ တပည့်တော်ရဲ့ ကျေးဇူးရှင်အစစ် ဖြစ်ပါတယ်၊ ဘိုးဘိုးဟာ တပည့်တော်ကို အပါယ်လေးဘုံက ကယ်တဲ့ ကျေးဇူးရှင်ဖြစ်ပါပေတယ်၊ ဘိုးဘိုးဟာ တပည့်တော်ကို သံသရာကြီးတစ်လျှောက်လုံးမှာ အဆုံးမရှိအောင်ကို ဖြစ်လိုက်၊ ပျက်လိုက် ဖြစ်ပျက်နေရမယ့် ဆင်းရဲကြီးက ကယ်လိုက်တဲ့ ကျေးဇူးရှင်ဖြစ်ပါတယ်၊ တပည့်တော်ကာယကံ၊ ဝစီကံ၊ မနောကံတို့နဲ့ ပြစ်မှားမိခဲ့တဲ့ အပြစ်တွေရှိရင် သည်းခံတော်မူပါဘုရား' လို့ လျှောက်ပြီး သူ့ဘိုးဘိုးရဲ့ ခြေဖဝါးတွေနဲ့ သူ့ငယ်ထိပ်နဲ့ ပွတ်မြဲပွတ်နေတယ်။

'ဘိုးဘိုး သည်းခံပါတယ်၊ ဘိုးဘိုးက ငါ့မြေးအပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ပြစ်မှားမိခဲ့တာတွေရှိရင်လဲ ငါ့မြေးက သည်းခံပါ' လို့ ဘိုးဘိုးက ပြောတယ်။

'သည်းခံပါတယ်ဘုရား' လို့ ပြန်ဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုးအောင်နဲ့ ဦးဘိုးစ ထသွားခါနီး ဦးဘိုးစက ‘အရှင်ဘုရားရဲ့မြေး မျက်နှာကို ကြည့်စမ်းပါဘုရား၊ ရောက်ခါစတုန်းကနဲ့ဆိုရင် တစ်မျိုးဖြစ်သွားတာပဲ၊ ရောက်ခါစတုန်းက အရှင်ဘုရားမြေးရဲ့ မျက်နှာဟာ သရဲ နေတဲ့ မျက်နှာလိုပဲ၊ အခုမျက်နှာကတော့ ကြည်နေတာပဲ’ လို့ လျှောက်တယ်။

ဦးစန္ဒောဘာသက ‘အင်း တရားအားထုတ်ပြီးရင် ဒီလိုပဲ ဖြစ်လာတယ်’ လို့ အမိန့်ရှိတယ်။

ဦးဘိုးစ ကိုယ်တိုင် မိုးအောင်ကို ဝဲကြီးအထိ လိုက်ပို့တယ်။ လမ်းမှာ ဦးဘိုးစက မိုးအောင်ကို ငွေတစ်ဆယ်ပေးပြီး ‘စိတ်ချပြီးယူပါ ငါ့မြေးရယ် ဒီငွေတစ်ဆယ်ဟာ ငါ့မြေးငွေတွေထဲက မဟုတ်ပါဘူး၊ ငါ့မြေးငွေတွေ အားလုံးကို ဟိုနေ့ကပဲ မီးရှို့ပစ်လိုက်တယ်’ လို့ ပြောတယ်။

မိုးအောင်လည်း ဦးဘိုးစငှားပေးတဲ့ သမ္ဗန်နဲ့ ထွက်လာခဲ့တာ ဝါးခယ်မကို ည ခုနစ်နာရီခွဲလောက် ရောက်တယ်။ ရောက်ရောက်ချင်း သူ့အမေဆီကို သွားတယ်။

အဲဒီအချိန်မှာ မလှရင်ဟာ သူ့မြေး မောင်ခင်လှ၊ သား မောင်သူ တို့နဲ့အတူ အိမ်ရှေ့ခန်းမှာ ဖျာတစ်ချပ်ခင်းပြီး ထိုင်နေကြတယ်။

မိုးအောင်က သူ့အမေ မလှရင်ကို မြင်မြင်ချင်း ‘မေမေ၊ ကျွန်တော် အရင်က မိုးအောင် မဟုတ်တော့ပါဘူး မေမေ’ လို့ ပြောပြောဆိုဆို သူ့ မေမေကို ထိခြင်းငါးပါးနဲ့ ရှိခိုးလိုက်တယ်။

မိုးအောင်ရဲ့တစ်သက်မှာ ဒါမျိုးလုပ်တာကို တစ်ခါမှ မမြင်ဘူးတဲ့ အတွက် မလှရင်လည်း ဘာမှမပြောဘဲ အံ့အားသင့်ပြီး ကြည့်နေတယ်။

ရှိခိုးပြီးတော့မှ ‘မေမေ ကျွန်တော် ဘိုးဘိုးနဲ့ ဝဲကြီးနောက်ကျော တောကြီးထဲမှာတွေ့ပြီး တရားထူးရလာတယ်၊ ဟောဒီမှာ ဘိုးဘိုးရဲ့စိပ်ပုတီး မေမေ မှတ်မိသေးသလား’ လို့ မေးပြီး သူ့မေမေကို စိပ်ပုတီးပြတယ်။



မလှရင်ဟာ စိပ်ပုတီးကိုလည်း မြင်ရတယ်၊ သူ့သားရဲ့မျက်နှာထား၊ ကိုယ်အမူအရာတွေကလည်း ရှေးကနဲ့မတူဘဲ ပြောင်းနေတာကိုလည်း မြင်ရတယ်။ အသံကလည်း ရှေးကလို မောက်မောက်မာမာ မဟုတ်တော့ဘဲ ပျော့ပျော့ပျောင်းပျောင်း ဖြစ်လာတာကို ကြားရတယ်ဆိုတော့ မိုးအောင်ကို သူ့ဘိုးဘိုးက ချွတ်လိုက်လို့ တရားထူးတွေရလာတယ်ဆိုတာ ယုံချင်သလိုလို ဖြစ်သွားတယ်၊ အဲဒါကြောင့် ‘မင်း ဘယ်လိုလုပ်ပြီး ဘိုးဘိုးနဲ့ တွေ့လာတာလဲ၊ မင်းဘိုးဘိုးက လူတွေ့မခံဘဲ ဟို တောနက်ကြီးထဲမှာ သွားနေတာ’ လို့ သူ့အမေက ပြောတယ်။

‘ကျွန်တော်ပြောပါ့မယ် မေမေ၊ စိတ်တင်းပြီးတော့သာ နားထောင်ပါတော့၊ ကျွန်တော် မှားခဲ့တဲ့ အမှားတွေဟာ မသေးပါဘူး၊ အင်မတန်ကြီးပါတယ်၊ ဒီအမှားတွေကို သည်းခံပါလို့ ကျွန်တော်မသေခင် မေမေ့ကို ရှိခိုးပြီး တောင်းပန်ချင်တဲ့ဆန္ဒတွေ တရားအားထုတ်ပြီးကတည်းက ကျွန်တော့်မှာ သိပ်အားကြီးနေတယ်၊ ဒါကြောင့်မို့ ကျွန်တော် အခုလို မေမေ့ဆီကို လာတာပဲ’ လို့ အစချီပြီး ဝဲကြီးဆန့်စက်ကို စားပြတိုက်တာကအစ သူ တရားရလာတဲ့အဆုံးအထိ အဖြစ်အပျက်တွေကို အကုန်လုံး ပြန်ပြောတယ်။

မလှရင်လည်း ဟိုတုန်းက ဖြစ်ခဲ့တာတွေကို ပြန်မြင်ပြီး ကြောက်လာတဲ့အတွက် အသားတွေ ဆတ်ဆတ်တုန်နေတယ်။ မိုးအောင်ကို ဘာမှ မပြောနိုင်သေးဘူး၊ စိတ်ငြိမ်သွားအောင် ရေတစ်ခွက် တောင်းသောက်ရတယ်။ ပြီးတော့မှ ‘ငါ့မြေး ကယ်လိုက်လို့ ငါ အခုအထိ အသက်ရှင်နေတာကိုး’ လို့ ဆိုတဲ့ စကားတွေဟာ မိုးအောင်ကို ပြောတာလဲမဟုတ်ဘူး၊ မလှရင်ပါးစပ်ထဲက လွတ်ထွက်သွားပြီး မလှရင်ဟာ အဲဒီအဖြစ်အပျက်တွေကို ပြန်တွေးနေတယ်။

တအောင့်လောက်ကြာတော့မှ ‘ငါ့သားဟာ တော်တော်ရှုတ်စက်တယ် နော်’ လို့ ငိုသံပါနဲ့ မိုးအောင်ကို ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါတယ် မေမေရယ်၊ ဟိုတုန်းက ကျွန်တော့်မှာ လူ့စိတ်ဆိုတာ လုံးလုံးကို မရှိပါဘူး' လို့ ပြောပြီး သူ့မေမေကို မိုးအောင်က ထောက်ခံတယ်။ အဲဒီလို ထောက်ခံပြီးတော့မှ 'အဲဒီတုန်းက ဘွားဘွားကြီးမသွားရဘူး လို့ ငိုပြီး မေမေ့ကို အတင်းဆွဲထားတဲ့ကလေးဟာ ဘယ်သူလဲ၊ ဘယ်သူ့ကလေးလဲ' လို့ မိုးအောင်က မေးတယ်။

မလှရင်က မောင်ခင်လှကို လက်ညှိုးနဲ့ထိုးပြီး 'သူပဲ၊ သူဟာ ဘယ်သူ့ကလေးလို့ မင်း ထင်သလဲ' လို့ သူ့သားကို ပြန်မေးတယ်။

မိုးအောင်ကလည်း 'မထင်တတ်ဘူး' လို့ ပြောတယ်။

အဲဒီတော့မှ မလှရင်က ကလေးတွေကို တခြား အခေါ်သွားခိုင်းလိုက်ပြီး ဒီကလေးအကြောင်းကို ပြန်ပြောပြတယ်။ မလှရင်ပြောပြီးတဲ့အခါ မိုးအောင်က ကလေးကို ပြန်အခေါ်ခိုင်းတာနဲ့ မောင်ခင်လှ ပြန်ရောက်လာတယ်။

မိုးအောင်က မောင်ခင်လှကို သေသေချာချာကြည့်ပြီး 'မင်းနာမည် ဘယ်သူလဲ' လို့ မေးတယ်။

ကလေးက 'မောင်ခင်လှ' လို့ ဖြေတယ်။

'မင်းရတဲ့ ဘုရားရှိခိုး ဆိုစမ်းပါဦးကွယ်' လို့ မိုးအောင်က ပြောတဲ့အတွက် သူ့ဘွားဘွားသင်ထားတဲ့အတိုင်း 'ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ' ကစပြီး အာစရိယဂုဏော အနန္တော အထိ ဆိုတယ်။

မိုးအောင်က သာဓု သုံးကြိမ်ခေါ်ပြီး 'မေမေ ကျွန်တော် ဒီမှာကြာရှည် နေလို့မဖြစ်သေးဘူး၊ သွားစရာရှိသေးတယ်၊ အဲဒီတော့ ကျွန်တော် မသွားခင် မေမေ့ကို တစ်ခု မေတ္တာရပ်ပါရစေ၊ သံသရာကြီးထဲမှာ လည်နေတာဟာ အင်မတန် ကြောက်စရာကောင်းပါတယ် မေမေ၊ တိရစ္ဆာန်ဖြစ်လိုက် ပြိတ္တာဖြစ်လိုက်၊ အသုရကာယ်ဖြစ်လိုက်၊ ငရဲကျလိုက်၊ အဖန်ဖန် ပဋိသန္ဓေနေလိုက်၊ အိုလိုက်၊ နာလိုက်၊ သေလိုက်၊ ချစ်တဲ့သူတွေနဲ့ ကွဲလိုက်ဆိုတဲ့



ဆင်းရဲဒုက္ခတွေဟာ ပြေးလို့ မလွတ်နိုင်ပါဘူး မေမေ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရမှပဲ ဒီဆင်းရဲတွေက လွတ်မှာပဲ၊ တကယ်လိုချင်ရင် သောတာပတ္တိမဂ် ဆိုတာဟာ ရဖို့ မခက်ပါဘူး၊ ဘိုးဘိုးဆီမှာ မေမေသာ အားထုတ်လိုက်မယ် ဆိုရင် အလွန်ဆုံး တစ်လလောက်ပဲ ကြာမှာပေါ့၊ ဒီမဂ်လောက်ရလိုက် ရင်လဲ အတော်ထူးနေပါပြီ မေမေရယ်၊ အပါယ်လေးဘုံကို မကျတော့ဘူး၊ သံသရာဝဋ်ဆင်းရဲတွေနဲ့ တွေ့ရရင် အလွန်ဆုံး ခုနစ်ဘဝပဲ၊ မြတ်စွာဘုရားဟာ သေသေချာချာ အာမခံထားတယ် မေမေ၊ အဲဒီတော့ ဒီမေတ္တာရပ်ခံချက်ကလေးနဲ့ပဲ မေမေ့ကို ကျွန်တော် ကျေးဇူးပြန်ဆပ်ပါရစေတော့၊ တရားအားထုတ်ဖြစ်အောင် ထုတ်ပါမေမေ၊ ဘိုးဘိုးကလဲ မေမေ တရားဆက်ဆက် အားထုတ်ဖို့ ကျွန်တော့်ကို မှာလိုက်ပါတယ်၊ အဲဒီတော့ အားထုတ်မယ် မဟုတ်လား မေမေ၊ ကျွန်တော့်ကို ကတိပေးပါ' လို့ သားက ကတိတောင်းတယ်။ အမေက ကတိပေးတယ်။

အဲဒီအခါ သားက 'ဒီလို ကျေးဇူးဆပ်ရတာ ကျွန်တော် သိပ်ပြီးဝမ်းသာသွားပြီ မေမေ၊ မေမေ အားထုတ်တဲ့အခါ ဘိုးဘိုးလဲ သိပ်ဝမ်းသာမှာပဲ' ပြောပြီး 'ကဲ၊ ကျွန်တော် သွားစရာရှိသေးတယ် မေမေ၊ မေမေ့ခြေထောက်ကို ထုတ်ပေးပါ' လို့ မိုးအောင်က သူ့မေမေကို ပြောတယ်။ မလှရင်က ခြေထောက်ကို ထုတ်ပေးတဲ့အခါ မိုးအောင်က သူ့ခေါင်းနဲ့တိုက်ပြီး ထိခြင်းငါးပါးနဲ့ ရှိခိုးရင်း 'မေမေ အခုအချိန်အထိ သံသရာကြီး တစ်လျှောက်လုံးမှာ မေမေ့ကို ကျွန်တော်ဟာ ကာယကံ၊ ဝစီကံ၊ မနောကံတို့နဲ့ ပြစ်မှားမိခဲ့သမျှ သော အပြစ်တွေကို သည်းခံပါမေမေ၊ သည်းခံပါမေမေ' လို့ ဆိုနေတယ်။

သူ့အမေကလည်း 'သည်းခံပါတယ် ငါ့သားရယ်၊ ငါ့သားဟာ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ' လို့ ဆုတောင်းနေရုံရှိသေးတယ် မိုးအောင်က 'ကျွန်တော့်ကို အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဉာဏ်တွေ မြန်မြန်ရစေလို့ ဆုပေးပါ မေမေ' လို့ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါနဲ့ သူ့အမေကလည်း သူပြောတဲ့အတိုင်း 'အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်တွေ ငါ့သား မြန်မြန်ရပါစေ' လို့ ဆုပေးတယ်။

သူ့မေမေ ဆုပေးပြီးတာနဲ့ မိုးအောင်က လက်အုပ်ချီပြီး 'ကျွန်တော် သွားပါရစေတော့ မေမေ' လို့ ခွင့်တောင်းတယ်။

သူ့အမေက 'ငါ့သား ပြန်လာတော့ဘူးလား' လို့ မေးတယ်။

အဲဒီတော့ မိုးအောင်ကလည်း 'မလာတော့ဘူး မေမေ' ဆိုပြီး အိမ်ပေါ်က ဆင်းသွားတယ်။

သူ့သား မိုးအောင်ပါးစပ်က သံသရာဝဋ်ဆင်းရဲစကား၊ မဂ်စကား ဖိုလ်စကားတွေကို ဒီတစ်သက်မှာ ကြားရလိမ့်မယ်လို့ မလှရင်ဟာ ဘယ်တုန်းကမှ မအောက်မေ့မိခဲ့ဘူး၊ လုံးဝ မမျှော်လင့်ခဲ့ပါဘူး၊ အဲဒါကြောင့် အခုလို ကြားရတဲ့အခါ အိပ်မက်မက်သလို ဖြစ်နေတယ်။

မလှရင်ဟာ မိုးအောင်နဲ့အတူတူနေခဲ့ရတုန်းက သားကြီးအဖြစ်နဲ့ မိုးအောင်ကို သိပ်ချစ်တာပဲ၊ ဒါပေမယ့် မိုးအောင်မှာ ချစ်စရာဆိုလို့ တစ်ကွက်မှ မတွေ့ရတဲ့အတွက် သားအဖြစ်နဲ့ တစ်ခါမှ မချစ်ခဲ့ရဖူးဘူး။ အခုလို မိုးအောင်မှာ ချစ်စရာတွေ တွေ့လိုက်ရလို့ သားအဖြစ်နဲ့ ချစ်ပါတော့မယ် ဆိုပြန်တော့လည်း မိုးအောင်ဟာ ဘယ်ကိုသွားမှန်း မသိဘူး ပြန်မလာတော့ဘူးဆိုပြီး ဆင်းသွားတယ်။ အဲဒါကြောင့် သူ့ရဲ့ သားသမီးကုသိုလ်ကံဟာ ဆိုးလှပါတယ်လို့ တွေးပြီး တိုက်ပေါ်က ဆင်းသွားတဲ့ သူ့သားကို နောက်ကနေ မျက်စိတစ်ဆုံးကြည့်ရင်း ငေးကျန်ရစ်ခဲ့တယ်။

အဲဒီနောက် မိုးအောင်ဟာ ဆရာကြီး ဦးအောင်လင်းနဲ့ ကိုခင်စိုးတို့ဆီသွားပြီး ကန်တော့လိုက်သေးတယ်။ ပြီးတော့မှ ဂါတ်ကိုသွားပြီး သူ့ကိုယ်သူ အပ်လိုက်တယ်။ ဓားပြတိုက်ရာမှာ သူနဲ့အတူပါကြတဲ့ တခြား တရားခံတွေကို ဖော်ပြောဖို့ မိုးအောင်ကို ပုလိပ်က ဘယ်လို လုပ်လို့မှ မရဘူး။



ဒီတရားခံတွေကို ဖော်ပြောဖို့ ပုလိပ်က မိုးအောင်ကို မေးတိုင်း 'ကျွန်တော့်ကို ပုလိပ်ကဖမ်းမိတာ မဟုတ်ပါဘူး၊ ကျွန်တော် တရားထူးရလို့ ကျွန်တော့်ဟာကျွန်တော် အဖမ်းခံတာပါ၊ ဒီတရားထူးရတဲ့သူဟာ သေချင် သေသွားပေစေ၊ တစ်ဘက်သား ဒုက္ခရောက်အောင် ဘယ်တော့မှ မလုပ်ဘူး' လို့ မိုးအောင်က ပြန်ဖြေလေ့ရှိတယ်။

သူ့လက်သီးကို အင်မတန်အားကိုးတဲ့ မြို့မရာဇဝတ်အုပ် ဖေရှင်က ဒီတရားထူးဆိုတာ သူ့လက်သီးနဲ့တွေ့ရင် အရည်ပျော်သွားမှာပဲလို့ ယုံကြည်ပြီး ကန့်လန့်ကာ ကာထားတဲ့ ဂါတ်ရဲ့ တစ်နေရာမှာ မိုးအောင်ရဲ့အရှိုက်ကို လက်သီးနဲ့ထိုးပြီး စစ်ကြည့်ပါသေးတယ်။ ဒါပေမယ့် မိုးအောင် ရနေတဲ့ တရားထူးက အရည်ပျော်တတ်တဲ့ တရားမျိုးမဟုတ်တော့ မိုးအောင်ဟာ လက်သီးဒဏ်ပြင်းလွန်းလို့ သတိလစ်ပြီး လဲသွားရာက သတိပြန်ရလာအောင် အတော်နှာနှပ်ယူရပေမယ့် ဘယ်သူ့ကိုမှ မဖော်ဘူး။

သူ့ဘိုးဘိုးက သူ့ကို ပေးလိုက်တဲ့ 'အကောဓေန ဇိနေ ကောဓံ' အစချီတဲ့ ဂါထာကိုသာ အကြိမ်ကြိမ်ရွတ်ပြီး ဂါထာရဲ့ အဓိပ္ပာယ်တွေကို သူ့ဘိုးဘိုးပြောလိုက်တဲ့အတိုင်း နှလုံးသွင်းနေတယ်။ ဂါထာထဲမှာပါတဲ့အတိုင်း သူ့အပေါ်ဆိုးတဲ့ ရာဇဝတ်အုပ် ဖေရှင်အပေါ်မှာလည်း သူကြိုးစားပြီး မေတ္တာပွားနေတယ်။ ဒီလို မေတ္တာပွားနေရင်း သူရထားတဲ့တရားနဲ့ ပတ်သက်ပြီးတော့လည်း ထူးခြားတဲ့ အချက်တစ်ခုကို မိုးအောင် ထင်ထင်ရှားရှားကြီး တွေ့နေတယ်။

ရှေးကဆိုရင် သူဒေါသဖြစ်တဲ့အခါ သူ့ဒေါသဟာ သံလုံးကြီးလို မာတောင့်ပြီး သူ့ရင်ဝမှာ ခံနေတယ်။ တစ်နာရီ နှစ်နာရီ မပြောထားနဲ့ တစ်နေ့ နှစ်နေ့နဲ့တောင် ဒီဒေါသလုံးကြီးဟာ သူ့ရင်ဝက ပျောက်မသွားဘူး။

အခုတော့ ဒီလို မဟုတ်ဘူး။ သူ့ကို နှိပ်စက်ရမလားဆိုပြီး ဒေါသတော့ ထွက်သေးတယ်။ ဒါပေမယ့် ဒီဒေါသဟာ သူ့ရင်ဝမှာ သံလုံးကြီးလို

www.burmeseclassic.com

www.burmeseclassic.com



မှာတောင့်ပြီးတော့မနေတော့ဘူး။ သူငယ်ငယ်က ဆပ်ပြာရည်ထဲကို သဆော်ရိုးစိုက်ပြီး မှုတ်လိုက်တဲ့အခါ ခဏလေးပေါ်လာပြီး ကြာရှည်မခံဘဲ ပေါက်ပေါက်သွားတဲ့စိပေါင်းတွေလို သူ့ဒေါသတွေလည်း ပေါ်လာပြီး အတောင့်အခဲအလုံးကြီးတွေ ဖြစ်မကျန်ရစ်ဘဲ ဆပ်ပြာစိဖောင်းတွေလို ဖောက်ခနဲ ဖောက်ခနဲ ပျက်သွားနေတာ မိုးအောင်ရဲ့ဉာဏ်ထဲမှာ အထင်းသား ပေါ်နေတယ်။

မိုးအောင်လည်း သူ့အဖြစ်ကို ဆင်ခြင်ရင်း တယ်ထူးတဲ့တရားပဲလို့ အင်မတန်ကြီး သဘောကျနေတယ်။

ရာဇဝတ်အုပ်ဖေရှင်လည်း 'ဒီကောင့်ကို အချုပ်ခန်းထဲ ပြန်ထည့်ထားလိုက်ဦး၊ မနက်ဖြန်မှ ငါ ထပ်တွေ့ဦးမယ်' လို့ လက်အောက်ငယ်သားတွေကို အမိန့်ပေးပြီး ရေချိုးရအောင် အိမ်ပြန်သွားတယ်။ ဒါပေမယ့် နောက်တစ်နေ့မှာ ဖေရှင်လည်း မိုးအောင်ကို မတွေ့နိုင်တော့ပါဘူး။ အဲဒီဂါတ်ကအပြန် ရေချိုးခန်းထဲမှာပဲ ချော်လဲပြီး မိုးအောင်ကိုထိုးတဲ့ လက်မောင်းကျိုးသွားလို့ အဲဒီနေ့ပဲ စောင်ပုခက်ကြီးနဲ့ ဆေးရုံကို ပို့လိုက်ရရှာတယ်။

နောက် သုံးရက်လောက်ကြာတဲ့အခါ ကပြားရာဇဝတ်ဝန်ထောက် ဂလက်တာဘတ်ကိုယ်တိုင် စစ်ရအောင် မိုးအောင်ကို မော်တော်ဘုတ်နဲ့ ခေါ်သွားတယ်။ ဝါးခယ်မမြို့ပြင်ကိုရောက်တဲ့အခါ ရာဇဝတ်ဝန်ထောက် ဂလက်တာဘတ်က တခြားတရားခံတွေကို ဖော်ရင် ဖော်၊ မဖော်ရင် လက်ထိပ်ခတ်ရက်သား မော်တော်ဘုတ်နဲ့ ရေထဲမှာ လျှောက်ဆွဲမယ်လို့ မိုးအောင်ကို ပြောတယ်။ 'သေချင်ရင်လဲ သေပါစေ၊ သူ မဖော်နိုင်ဘူး' လို့ မိုးအောင်က ဖြေတယ်။

ရာဇဝတ်ဝန်ထောက်ဂလက်တာဘတ်လည်း 'ဒါ ဘာလဲကွ' လို့မေးပြီး မိုးအောင်စိပ်နေတဲ့ စိပ်ပုတီးကို ဆွဲယူလိုက်တယ်။ မိုးအောင်က 'စိပ်ပုတီး' လို့ ဖြေပြီးတာနဲ့ ဂလက်တာဘတ်ဟာ မိုးအောင်ရဲ့စိပ်ပုတီးကို မြစ်ထဲလွှတ်ချလိုက်တယ်။



မိုးအောင်လည်း သူ့ဘိုးဘိုးပေးလိုက်တဲ့ 'အကောမေနှ ဓိနေကောခံ' အစရှိတဲ့ ဂါထာကလေးကို ရွတ်ရင်း ဂလက်တာဘတ်ကို မေတ္တာပို့နေတယ်။ မကြာခင်ဘဲ ဂလက်တာဘတ်ရဲ့ အမိန့်အရ မိုးအောင်ကို လက်ထိပ်နှစ်ဘက်စလုံး ခတ်ပြီး မြစ်ထဲမှာ မော်တော်ဘုတ်နဲ့ ဆွဲတယ်။

မိုးအောင်ကို မော်တော်ဘုတ်ပေါ် ဆွဲတင်လိုက်တဲ့အခါ အတော်ကလေးကြာအောင် သတိမေ့နေတယ်။ သတိရလာတဲ့အခါ ဂလက်တာဘတ်က 'မိုးအောင် မင်း ဖော်မယ်မဟုတ်ဘူးလား' လို့ မေးတယ်။

မိုးအောင်က 'ကျွန်တော် မဖော်ပါဘူး' လို့ ခပ်ပြုံးပြုံးပဲ ပြန်ဖြေတယ်။ ဂလက်တာဘတ်လည်း စိတ်ပျက်သွားတယ်။ အဲဒါနဲ့ ရှူးဖိနပ်စီးထားတဲ့ သူ့ညာဘက်ခြေထောက်ကို မိုးအောင်ရဲ့မျက်နှာနားကပ်ပြီး တွန်းကန်ကန်လိုက်တယ်။ နောက်ပြီးတော့ 'ဒမ်ဖူးလ်၊ မင်း ဒီကနေ့ ကောင်းကောင်းထမင်းစားထား၊ မနက်ဖြန်ကျရင် ဒီကနေ့ထက်ကြာကြာ ရေထဲမှာ လျှောက်ဆွဲဦးမယ်' လို့ ဂလက်တာဘတ်က ပြောပြီး မော်တော်ရဲ့အရှေ့ဘက်ကို သွားတယ်။

ဂလက်တာဘတ်လည်း သူကြိမ်းထားတဲ့အတိုင်း နောက်တစ်နေ့ကျတော့ မိုးအောင်ကို ရေထဲမှာ မဆွဲနိုင်ရှာပါဘူး၊ မော်တော်ရဲ့အရှေ့ကို ရောက်တာနဲ့ သူ့ပစ္စတိုသေနတ်ထဲက ကျည်ဆန်တွေကို ထုတ်ရအောင် သေနတ်ကိုဆွဲလိုက်တာ ကျည်ဆန်တစ်ခု ထွက်သွားပြီး သူ့ခေါင်းကိုမှန်သွားလို့ ဝါးခယ်မကို ပြန်ရောက်ရောက်ချင်း သူ့ကိုလည်း စောင်ပုခက်ကြီးနဲ့ပဲ ဆေးရုံကို ပို့လိုက်ရရှာတယ်။ အဲဒီကတည်းက တရားခံတွေဖော်အောင် မိုးအောင်ကို ဘယ်သူမှ ထပ်မစစ်ဝံ့တော့ဘူး။

မကြာခင်ဘဲ 'တရားထူးရသောဓားပြဗိုလ်' တိုက်ခဲ့သမျှ၊ သတ်ခဲ့သမျှသော ဓားပြနဲ့ လူသတ်မှုတွေကို သူကိုယ်တိုင် အဖမ်းခံ ဖြောင့်ချက်ပေးပြီး တခြားတရားခံများကို မဖော်၊ ဘယ်လိုစစ်လို့မှ မရ၊ ပုလိပ်တွေ လက်လျှော့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသူ၊ ကြက်တန်းသူဌေးသား မာမက်နဲ့ ဂျော်နီတို့ကိုသတ်တာ သူပဲလို့ မိုးအောင်က ဖြောင့်ချက်ပေးခြင်း' ဆိုတဲ့ ခေါင်းစဉ်တွေနဲ့ မိုးအောင်ရဲ့ သတင်းဟာ သတင်းစာတွေထဲ ပါလာတဲ့အခါ ကြည့်မြင်တိုင် တိုက်နယ်တစ်ခုလုံးနဲ့ ဝါးခယ်မတစ်မြို့လုံးမှာ အတော်ဂယက်ရိုက်သွားတယ်။

သူ့အမှုမှာ အားလုံးကိုစစ်ရတာ ရှစ်လကျော်ကျော်လောက် ကြာတယ်။ သူ့ကိုယ်ကို ဂါတ်မှာ အပ်လိုက်တဲ့ အချိန်ကစပြီး ကြိုးပေးမယ့်အချိန် အထိ နည်းနည်းပါးပါးလောက်သာ နားပြီး ရသမျှအချိန်တွေမှာ မိုးအောင်ဟာ ကမ္မဋ္ဌာန်းအထိုင် မပျက်ဘူး။ ကြိုးပေးမယ့်မနက် ကြိုးတိုက်ထဲက သူ့ကို ခေါ်သွားတဲ့အခါ မိုးအောင်ဟာ မျက်နှာကြည်ကြည်လင်လင်နဲ့ပဲ လိုက်သွားတယ်။

ကြိုးစင်နားမှာ စောင့်နေတဲ့ ထောင်မှူးနဲ့ တွေ့တဲ့အခါ မိုးအောင်က လက်အုပ်ချီပြီး 'ဦးရယ်၊ ကြိုးစင်ပေါ်ရောက်တဲ့အခါ ရတနာသုံးပါး အမိအဖ ဆရာသမားကို နောက်ဆုံး ကန်တော့ခြင်းအဖြစ်နဲ့ ကျွန်တော်ကန်တော့ပါရစေ၊ ကျွန်တော် ကန်တော့ပြီးမှ ဒေါက်ဖြုတ်ပါ' လို့ ခွင့်တောင်းတယ်။

ထောင်မှူးကြီးက 'ကောင်းပါပြီကွယ်' လို့ ပြောတယ်။

မိုးအောင် ကြိုးစင်ပေါ်ရောက်ပြီး အမှုထမ်းတွေက လုပ်စရာရှိတဲ့အလုပ်တွေကို လုပ်ပြီးတဲ့အခါ မိုးအောင်က

'ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ'
'ဓမ္မော မေ သရဏံ အညံ နတ္ထိ'
'သံဃာ မေ သရဏံ အညံ နတ္ထိ'

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'
'ဓမ္မံ သရဏံ ဂစ္ဆာမိ'
'သံဃံ သရဏံ ဂစ္ဆာမိ'



'ဗုဒ္ဓဂုဏော အနန္တော'
'ဓမ္မဂုဏော အနန္တော'
'သံဃဂုဏော အနန္တော'
'မာတာပိတုဂုဏော အနန္တော'
'အာစရိယဂုဏော အနန္တော'

လို့ ကြည်လင်ပြတ်သား ငြိမ်သက်တဲ့အသံနဲ့ ဆိုလိုက်တယ်။

အပြီးမှာ အသင့်စောင့်နေတဲ့ ဒေါက်ဖြုတ်သမားက ဒေါက်ဖြုတ်ချလိုက်တယ်။

မောင်နု

ညနေ ၃ နာရီခန့်
၁၃၂၅ ခု၊ နတ်တော်လဆန်း ၂ ရက်၊ တနင်းလာနေ့။
၂၊ ၁၂၊ ၁၉၆၃။

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏
## စာပေ နှင့် ဘဝဖြစ်စဉ် မှတ်တမ်း

၁၉၀၇ ။မေလ ၂၅ ရက်၊ စနေနေ့၊ ၁၂၆၉ ခုနှစ်၊ နယုန်လပြည့်နေ့၊ နံနက် ၈ နာရီ၊ ၃၉ မိနစ်၊ ၁၂ စက္ကန့်တွင် ဝါးခယ်မမြို့၌ အဖ ဦးစံထွန်း၊ အမိ ဒေါ်စောခင်တို့မှ မွေးဖွားသည်။ မွေးချင်း နှစ်ယောက်တွင် အကြီးဆုံး၊ ညီငယ်အမည်မှာ မောင်ဥ။

၁၉၂၀ ။တက္ကသိုလ်ကျောင်းသားသပိတ်တွင် ဝါးခယ်မမြို့ အစိုးရကျောင်း၌ ပဥ္စမတန်းမှ ပါဝင်။ ၆ တန်း၌ ပညာသင်ကြားနေစဉ် ဝါးခယ်မ အမျိုးသားကျောင်းတွင် ဆရာ အခက်အခဲရှိနေ၍ ဆရာတစ်ဘက် ကျောင်းသားတစ်ဘက် ဆောင်ရွက်ခဲ့။

၁၉၂၅ ။မြို့မ အထက်တန်းကျောင်းမှ ဆယ်တန်းအောင်။ ရန်ကုန်တက္ကသိုလ် ဆက်တက်။

၁၉၂၉ ။ဘီ အေ (ဝိဇ္ဇာ)ဘွဲ့ ရရှိ။
မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံးတည်ထောင်ရာတွင် ကမကထလုပ်၍ ပါဝင်။
ဦးသန့်၏ တိုက်တွန်းချက်အရ ပန်းတနော်မြို့ အမျိုးသားအထက်တန်း ကျောင်းတွင် ကျောင်းအုပ်အဖြစ် တာဝန်ထမ်း။
သုံးခွမြို့ အမျိုးသားကျောင်း၊ ကျောင်းအုပ်အဖြစ် ပြောင်းရွှေ့။
ပန်းတနော်မြို့ အမျိုးသားကျောင်းကော်မတီ ဥက္ကဋ္ဌ သမီး ဒေါ်မြရီနှင့် အိမ်ထောင်ကျ။ ပန်းတနော် အမျိုးသားကျောင်းသို့ ပြန်လည်၍ တာဝန်ထမ်း။

၁၉၃၄ ။ဘီ အယ်လ် (ဥပဒေ) ဥပဒေတန်းတက်။
တက္ကသိုလ်သမဂ္ဂ အမှုဆောင်အဖြစ် ရွေးချယ်ခံရ။

၁၉၃၅ ။တက္ကသိုလ်သမဂ္ဂ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရ။
ဘီ အယ်လ် (ဥပဒေ၊ ဝိဇ္ဇာဘွဲ့) ရရှိ။

၁၉၃၆ ။တက္ကသိုလ်ကျောင်းသားသပိတ်ကို ခေါင်းဆောင်ခဲ့။ ကျွန်ပညာကို အလိုမရှိ ဟူသော သဘောဖြင့် ဘီ အေ ဘွဲ့ကို ပြန်အပ်။

၁၉၃၇ ။သတင်းစာဆရာ ဦးဘခိုင်၊ ဒီးဒုတ်ဦးဘချိုတို့ ဖွဲ့စည်းထားသော ဖေဘီယံ နိုင်ငံရေးပါတီတွင် ဝင်ရောက်ကူညီ။ ဒီးဒုတ်ဂျာနယ်တွင် ပြဇာတ်များ၊ ဆောင်းပါးများ အပတ်စဉ် မှန်မှန်ရေး၊ နဂါးနီစာအုပ် အသင်းကြီးကို တည်ထောင်။
တို့ဗမာအစည်းအရုံး သို့ ဝင်ရောက်၍ သခင်နု ဖြစ်လာခဲ့။

၁၉၃၉ ။တရုတ်ပြည်သို့ ချစ်ကြည်ရေးသွားသောအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်။

၁၉၄၁ ။အင်္ဂလိပ်အစိုးရက ဖမ်းဆီး၍ ရုံးတင်စစ်ဆေးပြီး ထောင်ဒဏ်နှစ်နှစ် အပြစ်ပေး။

၁၉၄၃ ။ဩဂုတ်လ ၁ ရက်နေ့တွင် ဒေါက်တာဘမော် အစိုးရအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်။

၁၉၄၄ ။ပြန်ကြားရေးဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်၊ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်။

၁၉၄၅ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဖ ဆ ပ လ လူထုညီလာခံမှရွေးချယ်သော ဗဟိုအမှုဆောင် ၁၀ ဦးတွင် ပါဝင်။ ဒုတိယဥက္ကဋ္ဌ ဖြစ်လာခဲ့။

www.burmeseclassic.com

www.burmeseclassic.com

၁၉၄၇ ။ဇွန် ၁၃ ရက်နေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရ။

ဇွန် ၂၃ ရက်တွင် ဗြိတိန်နိုင်ငံသို့ထွက်ခွာ။ ဇူလိုင် ၁၂ ရက်နေ့တွင် ပြန်လည်ရောက်ရှိ။

ဇူလိုင် ၁၈ ရက်တွင် ယာယီအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ဖြစ်လာ။

ဇူလိုင် ၂၆ ရက်တွင် တိုင်းပြုပြည်ပြု လွှတ်တော်ဥက္ကဋ္ဌရာထူးမှနုတ်ထွက်။

ဩဂုတ် ၂၆ ရက်တွင် ဘာသာပြန်စာပေအသင်းကြီး တည်ထောင်ရန် ဆုံးဖြတ်။

အောက်တိုဘာ ၁၇ ရက်တွင် အင်္ဂလန်ပြည် လန်ဒန်မြို့၌ နန်းရင်းဝန် ရစ်ချတ် အက်တလီနှင့် မြန်မာနိုင်ငံ ယာယီအစိုးရဝန်ကြီးချုပ် သခင်နု (ဦးနု)တို့ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် 'နု အက်တလီ' စာချုပ် သဘောတူလက်မှတ်ရေးထိုး။

၁၉၄၈ ။ဇန်နဝါရီလ ၃ ရက်နေ့ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးမှ မြန်မာနိုင်ငံ၏ ပထမဝန်ကြီးချုပ်အဖြစ် အမည် တင်သွင်းခံရ။ ၄ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရ။

ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဂျပ်ဆင် ကောလိပ်ကျောင်းဝင်းတွင်း ယာယီအသင်းတိုက်၌ ဘာသာပြန်စာပေအသင်းကိုဖွင့်လှစ်၊ ၎င်းမှ တစ်ဖန် အမှတ် ၃၆၁ ပြည်လမ်းပေါ်ရှိ ဆိုရှယ်တိုဗီလာ အဆောက် အဦသို့ ပြောင်းရွှေ့ပြီးနောက် 'စာပေဗိမာန်'ဟု အမည်ပြောင်း။

၁၉၅၁ ။ဘာသာပြန်စာပေအသင်း အုပ်ချုပ်မှုကောင်စီဖွဲ့စည်း၊ ဥက္ကဋ္ဌ တာဝန်ယူ။

၁၉၅၃ ။ဇန်နဝါရီလ ၁၅ ရက်၊ ၁၃၁၄ တပို့တွဲလဆန်း တစ်ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီတော် အနီးတွင် လိုဏ်ဂူတော်ကြီးကို ပန္နက်ရိုက် အုတ်မြစ်ချ။

၁၉၅၄ ။မေလ ၁၇ ရက်၊ ၁၃၁၆ ကဆုန်လပြည့်နေ့တွင် ဆဋ္ဌသင်္ဂါယနာတင် ပွဲတော်ကို ရန်ကုန်မြို့ ရေကျော်ရပ် သီရိမင်္ဂလာကုန်းမြေရှိ လိုဏ်ဂူတော် ကြီးတွင် ကျင်းပ။

၁၉၅၆ ။ဇွန်လ ၁၂ ရက်တွင် ဝန်ကြီးချုပ်ရာထူးမှ ခေတ္တနုတ်ထွက်။ ရန်ကုန်အရှေ့ပိုင်းခရိုင် ပါလီမန်အမတ်အဖြစ် ရွေးချယ်ခံရ။

၁၉၅၇ ။ကမ္ဘာတစ်ပတ် (ဒေါ်မြရီ၊ ဦးသန့်၊ ဗိုလ်မှူးလွင်၊ ဗိုလ်ကြီးပြည်စိုး)

၁၉၅၈ ။ဇွန်လ ၉ ရက်နေ့ သန့်ရှင်း ဖ ဆ ပ လအဖွဲ့ကို တည်ထောင်။ အောက်တိုဘာ ၂၈ ရက်နေ့တွင် အိမ်စောင့်အစိုးရသို့အာဏာလွှဲပြောင်း။

၁၉၆၀ ။ရန်ကုန် အရှေ့ပိုင်းခရိုင် ပါလီမန်အမတ်အဖြစ် ထပ်မံရွေးချယ်ခံရ။ မတ်လ ၁၈ ရက်တွင် သန့်ရှင်း ဖ ဆ ပ လ အဖွဲ့မှ ပြည်ထောင်စုပါတီ အဖြစ် အမည်ပြောင်း၊ ပါတီဥက္ကဋ္ဌအဖြစ် တာဝန်ယူ။

ဧပြီလ ၄ ရက်တွင် ကာကွယ်ရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး တာဝန်များ စတင်ထမ်းဆောင်။

အောက်တိုဘာ ၁ ရက်တွင် တရုတ် မြန်မာ နယ်စပ်ကိစ္စ လက်မှတ် ရေးထိုး။

၁၉၆၁ ။မတ် ၁၄ ရက်တွင် ပါတီဥက္ကဋ္ဌရာထူးမှ နုတ်ထွက်။

၁၉၉၅ ။ဖေဖော်ဝါရီလ ၁၄ ရက်တွင် ကွယ်လွန်ခဲ့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ
## ရေးသားထုတ်ဝေခဲ့သည့် စာအုပ်များ

၁၉၂၅ ။အချစ်လော၊ အမုန်းလော ပြဇာတ်ကို ဓူဝံ မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခွင့်ရ။

၁၉၃၆ ။တက္ကသိုလ်ကျောင်းသားသပိတ်ကြီး ပြီးသည့်အခါ သပိတ်မှောက်ကျောင်းသား အမည်ဖြင့် ဇာတ်ညွှန်းရေး၍ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီမှ ရုပ်ရှင်ရိုက်။

၁၉၃၇ ။ပြဇာတ်တိုများထဲမှ ကောင်းနိုးရာရာများကို ရွေးချယ်၍ ခေတ်မီပြဇာတ်တိုများ အမည်ပေး၍ နဂါးနီ စာအုပ်အသင်းမှ ထုတ်ဝေ။

၁၉၃၈ ။ဗမာ့သတ္တိ။

။လူပေါ်လူဇော်လုပ်နည်း ပထမတွဲ။

။လူပေါ်လူဇော်လုပ်နည်း ဒုတိယတွဲ။

(နောင်အခါ ထိုစာအုပ်ကို မိတ္တဗလင္ဂီကာ အမည်သစ်သို့ပြောင်း၍ ကျောင်းသုံးစာအုပ်အဖြစ် အစိုးရ ပညာရေးဌာနမှ ကျောင်းများတွင် သင်ကြားရန် ပြဋ္ဌာန်း)

၁၉၃၉ ။တရုတ်ပြည်သွားအဖြစ်အပျက်များကို ဂန္ဓာလရာဇ် အမည်ဖြင့် စာအုပ်ရေး၍ နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေ။

၁၉၄၀ ။နိုင်ငံရေးအဘိဓာန် (သခင်လှဖေနှင့် တွဲဖက်၍ရေး)

၁၉၄၁ ။ထောင်ထဲမှာရှိနေစဉ် အင်္ဂလိပ်ပြဇာတ် ၁၅ ပုဒ်ကို ဆီလျော်အောင် ဘာသာပြန်ခဲ့ရာ ၎င်းတို့ထဲမှ နွားသိုးကြီးပြတ် နှင့် ပုထုဇနော ဥမ္မတကော ပြဇာတ် နှစ်ပုဒ်ကို ဂျပန်တို့ မြန်မာပြည်အုပ်စိုးနေချိန်က ထုတ်ဝေ။

။အင်းစိန်ထောင်တွင်ရှိနေစဉ် ရက်စက်ပါပေ့ကွယ်ကို ရေးခဲ့သည့်ပြင် ဦးသောင်းဒန် ဝတ္ထုကိုလည်း ရေးခဲ့။

၁၉၄၃ ။ပုထုဇနော ဥမ္မတကော

၁၉၄၅ ။အာဇာနည်ဆိုတာ ဘာလဲ ပထမအကြိမ်။

။မာစ်ဆာ့ဝါဒ်ဆိုတာ ဘာလဲ (ဗမာတွေ ဘာလုပ်ရမလဲ)

။ငါးနှစ်ရာသီ ဗမာပြည် ပထမအကြိမ်။

။ငါးနှစ်ရာသီ ဗမာပြည် ဒုတိယအကြိမ်။(မြန်မာနိုင်ငံအစိုးရ အမျိုးသားစီမံကိန်းဌာန၊ အတိုင်ပင်ခံအရာရှိကြီး မစ္စတာဂျေ အက်ဖ် ဟာနီဗဲလ်က အင်္ဂလိပ်ဘာသာသို့ပြန်)

။*Towards Peace & Democracy*

၁၉၄၉ ။မိတ္တဗလင္ဂီကာ တတိယအကြိမ်။

။အာဇာနည် ဒုတိယအကြိမ်။

။လူမွဲတို့၏ ထွက်ရပ်လမ်း။

၁၉၅၀ ။မိတ္တဗလင္ဂီကာ စတုတ္ထအကြိမ်။

၁၉၅၁ ။*From Peace to Stability*

၁၉၅၂ ။စာရိတ္တမဏ္ဍိုင်။

။*The People win through*

။လူထုအောင်သံ ပြဇာတ် (မြန်မာနိုင်ငံရှိ စာသင်ကျောင်းများ၌ သင်ကြားရန် ပညာရေးဌာနမှပြဋ္ဌာန်း၊ အမေရိကန်ရုပ်ရှင်ကုမ္ပဏီတစ်ခုနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံ ဒီမိုကရေစီ ပညာပြန့်ပွားရေးအသင်းမှ ကြီးမှူး၍ ရုပ်ရှင်ရိုက်။ အမေရိကန်တွင် ပြဇာတ်အဖြစ် ဇင်တင်)

၁၉၅၃ ။ကမ္ဘာကျော် ရှိတ်စပီးယားပြဇာတ်များ။

။အာဇာနည် တတိယအကြိမ်။

။မိတ္တဗလင္ဂီကာ ပဉ္စမအကြိမ်။

။နိုင်ငံတော်ပန်းတိုင်။

။*Burma looks Ahead*

www.burmeseclassic.com

www.burmeseclassic.com

၁၉၅၄ ။မိတ္တဗလင်္ကာ ဆဋ္ဌမအကြိမ်။
။အာဇာနည် စတုတ္ထအကြိမ်။
။*Burma under the Japan*: Picture and Portraits
၁၉၅၅ ။အသားထဲကလောက်ထွက် ပြဇာတ်။
။ပြည်ထောင်စုပန်းတိုင် ပထမတွဲ။
။ပြည်ထောင်စုပန်းတိုင် ဒုတိယတွဲ။
။မိတ္တဗလင်္ကာ သတ္တမအကြိမ်။
။မိတ္တဗလင်္ကာ အဋ္ဌမအကြိမ်။
။ပြည်တော်သာ ပန်းတိုင်။
။*Forward with the People*
၁၉၅၆ ။မိတ္တဗလင်္ကာ နဝမအကြိမ်။
၁၉၅၇ ။အာဇာနည် ပဉ္စမအကြိမ်။
။ပြည်တော်သာ ပန်းတိုင် ဒုတိယအကြိမ်။
၁၉၅၈ ။ဓမ္မအကြောင်း။
။ငါးပါးသီလအကြောင်း။
။ငါးပါးသီလ၊ မြတ်စွာဘုရား၊ သံဃာတော်၊ ဓမ္မအကြောင်း။
။ဗုဒ္ဓသာသနာအရေးတော်ပုံ။
၁၉၅၉ ။ဖိနှိပ်မှု တိုက်ပွဲအဆင့်ဆင့် ပ ကြိမ်။
။ဖိနှိပ်မှု တိုက်ပွဲအဆင့်ဆင့် ဒု ကြိမ်။
။ဒီမိုကရေစီကာကွယ်ကြ (မြန်မာ အင်္ဂလိပ် နှစ်ဘာသာ)
။ရှေ့တန်းခေါင်းဆောင် ဖြစ်လိုသော်။
။*We Must Defend Democracy*
၁၉၆၀ ။ငါးပါးသီလ၊ မြတ်စွာဘုရား၊ သံဃာတော်၊ ဓမ္မအကြောင်း၊ ဗုဒ္ဓ
။သာသနာ အရေးတော်ပုံ ဒုတိယအကြိမ်။
။သကအလ ပြဇာတ်။
၁၉၆၁ ။*Wages of Sin*
၁၉၆၂ ။အိန္ဒိယပြည်၌ ဟောပြောသော ဗုဒ္ဓတရားတော်များ။

၁၉၆၃ ။ပုထုဇနော ဥမ္မတကော ဒုတိယအကြိမ်။
၁၉၆၇ ။ကာမတဏှာ ဝတ္ထုကြီး ပထမအုပ် ပထမအကြိမ်။
။ကာမတဏှာ ဝတ္ထုကြီး ဒုတိယအုပ် ပထမအကြိမ်။
၁၉၆၈ ။ကာမတဏှာ ဝတ္ထုကြီး ပထမအုပ် ဒုတိယအကြိမ်။
။ကာမတဏှာ ဝတ္ထုကြီး ဒုတိယအုပ် ဒုတိယအကြိမ်။
။ရက်စက်ပါပေ့ကွယ် ဒုတိယအကြိမ်။
။ရုပ်စုံအခြေခံသမိုင်း၊ အတွဲ ၁။
။(ကမ္ဘာနှင့် သတ္တဝါအစ၊ ယဉ်ကျေးမှုအစ)
၁၉၈၂ ။ကာမတဏှာ ဝတ္ထုကြီး ၂ အုပ်တွဲ ပထမအကြိမ်။
၁၉၈၃ ။ညောင်ကန်အေး ဝိပဿနာတရားတော်။
။ငရဲဆို ချိုနဲ့လားဖျို့ ပထမအကြိမ်။
။ရက်စက်ပါပေ့ကွယ် တတိယအကြိမ်။ (ပြန်ကြားရေးဝန်ဟောင်း ဦးခင်ဇော်မှ အင်္ဂလိပ်ဘာသာဖြင့် ဂါးဒီးယန်းသတင်းစာတွင် ရေးသားသည်ကို အစ္စရေးသံအမတ်က ဖတ်ရှု၍ အစ္စရေးနိုင်ငံတွင် ဘာသာပြန်၍ ပုံနှိပ်ထုတ်ဝေခဲ့)
။ဗုဒ္ဓဘာသာ တရားတော် (မြန်မာ အင်္ဂလိပ် နှစ်ဘာသာ)
၁၉၈၄ ။ကျေးရွာရှင်။
။ဓမ္မစကြာ တရားတော်။
၁၉၈၅ ။အနတ္တလက္ခဏသုတ် တရားတော်။
၁၉၈၇ ။ငရဲဆို ချိုနဲ့လားဖျို့ ဒုတိယအကြိမ်။
၁၉၈၈ ။တြိရတနသဗ္ဗဓေယျ မင်္ဂလာဂါထာတော်များ (စိစဉ်ပြုစု)။
၁၉၉၆ ။မိတ္တဗလင်္ကာ ဒသမအကြိမ်။
၁၉၉၇ ။အာဇာနည် ဆဋ္ဌမအကြိမ်။
၁၉၈၂ ။ကာမတဏှာ ဝတ္ထုကြီး ၂ အုပ်တွဲ ဒုတိယအကြိမ်။
၂၀၀၀ ။မိတ္တဗလင်္ကာ ဧကာဒသမအကြိမ်။

www.burmeseclassic.com

www.burmeseclassic.com

## စာပေလောကစာအုပ်တိုက်တွင် ရရှိနိုင်သည့် စာအုပ်များ

| | | |
|---|---|---|
| ၁။ ညီတော်အာနန္ဒာတစ်သက်တာ ပ၊ ဒု | ဝဏ္ဏသိရိ | ၂၀၀၀ |
| ၂။ မြတ်ပဋ္ဌာန်းဒေသနာတော်နိဒါန်း | မင်းလှအောင်ကြီး | ၆၀၀ |
| ၃။ သောကကင်းဝေးနေနိုင်ရေး | တက်တိုး | ၂၀၀၀ |
| ၄။ အချစ်နှင့် စိတ်ပညာ | တက်တိုး | ၈၀၀ |
| ၅။ မိတ္တဗလဒီပကာ | ဦးနု | ၂၀၀၀ |
| ၆။ ကာမတဏှာ | ဦးနု | ၁၃၀၀ |
| ၇။ တစ်သက်တာမှတ်တမ်း ပ၊ ဒု | ရွှေဥဒေါင်း | ၂၀၀၀ |
| ၈။ ကျွန်တော့်ဘဝဇာတ်ကြောင်း ၁၊၂၊၃၊၄ | သော်တာဆွေ | ၁၅၀၀ စီ |
| ၉။ ယောနဲသံစင်ရော် | ဘသန်း(ဓမ္မိက) | ၇၀၀ |
| ၁၀။ ဗုဒ္ဓဝင်ရုပ်စုံ | နုယဉ် | ၅၀၀ |
| ၁၁။ အလွယ်ဆုံးအင်္ဂလိပ်စကားပြော | စိုးသန်း | ၄၀၀ |
| ၁၂။ အတိုကောက်ဝေါဟာရများ | ညွန့်ဝေမိုး | ၁၂၀၀ |
| ၁၃။ အိုးမွှေ | အောင်သင်း | ၅၀၀ |
| ၁၄။ လက်ခံလိုက်စမ်းပါ | အောင်သင်း | ၃၀၀ |
| ၁၅။ တိုးတက်ခြင်းဆုတ်ယုတ်ခြင်း | ချစ်ဦးညို | ၃၀၀ |
| ၁၆။ လောကစံနှင့် လမ်းလျှောက်ခြင်း | ချစ်ဦးညို | ၃၀၀ |
| ၁၇။ ဝတ္ထုတို ၁၊ ၂ | မိုးမိုး(အင်းလျား) | ၆၀၀ |
| ၁၈။ မဂ္ဂဇင်းဝတ္ထုရှည် ၁၊ ၂ | မိုးမိုး(အင်းလျား) | ၈၀၀ |
| ၁၉။ ဝေဒနာကြာနီပွင့် | မိုးမိုး(အင်းလျား) | ၅၀၀ |
| ၂၀။ ကျိုး | မိုးမိုး(အင်းလျား) | ၈၀၀ |
| ၂၁။ ဆုရမဂ္ဂဇင်းဝတ္ထုရှည် | မိုးမိုး(အင်းလျား) | ၈၀၀ |
| ၂၂။ အဓိပတိဟင်းချက်နည်း | နန်းစန်းစန်းအေး | ၇၀၀ |
| ၂၃။ မြန်မာ့ဆေးမြီးတိုများ | နေဝင်း(လန်ဒန်) | ၄၀၀ |
| ၂၄။ ရှုပနန္ဒီ ရှုပကလျာဏီ | ရွှေဥဒေါင်း | ၁၅၀၀ |
| ၂၅။ လှူဝါးဝတယ် | သာရ | ၇၀၀ |
| ၂၆။ လူငယ်နဲ့အချစ် | လူထုစိန်ဝင်း | ၅၀၀ |
| ၂၇။ ဘဝနေ့စဉ်ရှင်သန်ရေး | ခင်မောင်တိုး(မိုးမိတ်) | ၆၀၀ |
| ၂၈။ မိန်းမနှင့် . . . | ခင်ဆွေဦး | ၄၀၀ |
| ၂၉။ မင်္ဂလာနှင့်အခြားအစမ်းစာ | တိုက်စိုး | ၆၀၀ |
| ၃၀။ လူ့သဘာဝနှင့်စိတ်ပညာ | ခင်မောင်သန်း | ၈၀၀ |
| ၃၁။ ကျန်းဆောင်ရွှေပြည် | ဒေါက်တာတိုးလှ | ၆၀၀ |
| ၃၂။ တိုင်းပြည်နှနှ မှန်တိုင်းထန်ထန် | ဗိုလ်မှူးကြီး တင်မောင် | ၈၀၀ |
| ၃၃။ နက်ဖြန်အတွက်ပြင်ဆင်ခြင်း | ဦးလှမင်း | ၆၀၀ |
| ၃၄။ ခေါင်းဆောင်မှုပညာ | ဦးလှမင်း | ၆၀၀ |
| ၃၅။ ဘက်ဆေးချစ်သူ | မင်းလူ | ၆၀၀ |
| ၃၆။ နိုင်ငံတကာရသစုံပုံပြင်များ | ခင်မောင်တိုး(မိုးမိတ်) | ၈၀၀ |
| ၃၇။ ဂရင်းညီနောင်ပုံပြင် ၁၀၀ ပ၊ ဒု | မင်းယုဝေ၊ ငွေတာရီ | ၁၀၀၀ |
| ၃၈။ အိမ်ထောင်ဖက်ရွေးချယ်မှု | ခင်မောင်သန်း | ၅၀၀ |
| ၃၉။ မိးမိးသားသား မေးတတ်တဲ့မေးခွန်း ၁၀၀ | မောင်ကြည်သန့် | ၇၀၀ |
| ၄၀။ မြူမှောင်ဝေကင်း | မိုးမိုး(အင်းလျား) | ၄၀၀ |
| ၄၁။ ကစ်ဆင်းဂျား အိမ်ဖြူတော်နှစ် | မောင်ဝံသ | ၆၀၀ |
| ၄၂။ ဝတ္ထုတိုများ ၄ | မိုးမိုး(အင်းလျား) | ၈၀၀ |

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၄၄။ မောင်ချွေးဖို့ကဗျာဗျား | မင်းသုဝဏ် | ၄၀၀ |
| ၄၅။ မားစ်ဂြိုဟ်သားနဲ့ဗီးနပ်စ်သူ | ခင်မောင်တိုး(မိုးမိတ်) | ၉၀၀ |
| ၄၆။ သားငယ်ရွှယ်လူးသိစေဦး | သက်လုံ | ၉၀၀ |
| ၄၇။ ရိုးရိုးကြီးဓေယျ၏ ဘဝခရီး | မင်းယုဝေ | ၆၀၀ |
| ၄၈။ မေတ္တာကမ်းနားအချစ်သစ်ပင် | မိုးမိုး(အင်းလျား) | ၇၀၀ |
| ၄၉။ လောဘမြစ်ပင်လယ်နှင့် . . . | မိုးကျော့ | ၇၀၀ |
| ၅၀။ ညှော်ခံဟာသများ ၇ | စိုးချစ်ဦး | ၅၀၀ |
| ၅၁။ ဘယ်သူ့ဒိန်ခဲ ငါ နေရာရွှေ့လို့ရမည်လဲ | မြတ်ငြိမ်း | ၅၀၀ |
| ၅၂။ မီးလောင်မြေနှင့် အခြားဝတ္ထုတိုများ | မိုးကျော့ | ၇၀၀ |
| ၅၃။ ဝတ္ထုတိုများ | အဏ္ဏဝါစိုးမိုး | ၇၀၀ |

စာပေလောက ၁၊ အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်။ ဖုန်း–၃၇၄၃၉၁
စာပေလောက ၂၊ အမှတ် ၄၇၀၊ မဟာဗန္ဓုလလမ်းမ။ ဖုန်း–၃၈၀၉၆၈
စာပေလောက ၃၊ အမှတ် ၁၄၊ လှည်းတန်းလမ်းမ၊ ကမာရွတ်။
စာပေလောက ၄၊ အမှတ် ၄၂၊ ကျုံးကွက်သစ်လမ်း၊ ကျောက်မြောင်း။
စာပေလောက ၅၊ အမှတ် ၉ –၉၈၊ ပန်းဆိုးတန်းလမ်းမ။ ၇၂၁၈၁၇
စာပေလောက ၆၊ ရန်ကင်း ဘ ထ က ၁ ရှေ့၊ ရန်ကင်း။

BURMESE CLASSIC .com



## မန်းတင်-မြန်မာပြန်
## မီးလှုံ့နှင့် ရေသီတာ

ဤစာအုပ်သည် အိန္ဒိယစာရေးဆရာကြီးများဖြစ်သည့် ပရမ်ချမ်၊ နရယန်းနှင့် ရာဂျ်အာနန်တို့ သုံးဦး၏ဝတ္ထုတိုများကို မြန်မာပြန်ထားခြင်း ဖြစ်သည်။ ဤစာရေးဆရာကြီးသုံးဦးသည် သူ့နိုင်ငံ သူ့လူမျိုးအတွင်းမှာသာမက ကမ္ဘာသိကျော်ကြားသော စာရေးဆရာကြီးများလည်း ဖြစ်သည်။

ပရမ်ချမ်သည် တောနေတောင်သူလယ်သမားတို့၏ ဆင်းရဲတွင်းနစ် ဒုက္ခဝေရပုံသရုပ်ကို မေတ္တာဆေးရည် အသုံးပြုကာ ကရုဏာစုတ်တံဖြင့် ခြယ်သထား၏။

နရယန်းနှင့် ရာဂျ်အာနန်တို့ကား အများအားဖြင့် မြို့နေလူလတ်တန်းစားများ ခေါင်းပုံဖြတ်ခံရပုံ၊ ဗြူရိုကရေစီယန္တရား အောက်တွင် အဖိနှိပ်ခံရပုံ၊ လူ့လောကအဆင်မပြေပုံများကို ဟာသနှောတင်ပြထားသည်။

[စာမူခွင့်ပြုချက် အမှတ် ၅၄၆/၉၈ (၈)]

www.burmeseclassic.com

www.burmeseclassic.com



## မြဝင်း(ဒဿန)
## ရသပညာနိဒါန်း

စာပေအနုပညာဆိုင်ရာ စာတစ်အုပ်ဖြစ်သည်။

တက္ကသိုလ်ပညာပဒေသာစာစောင်နှင့် ဒဿနစာစဉ်တို့တွင် ရေးသားခဲ့သော စာတမ်းများ စုစည်းချက်ဖြစ်ပါသည်။

ရသပညာများ၏ အရေးပါသော ပြဿနာများကို မြန်မာ့ရသ ပညာရှင် ဆရာဇော်ဂျီ၏ အမြင်များနှင့် ယှဉ်တွဲပြသထားသည့် စာတမ်း များလည်းဖြစ်သည်။

ဤစာတမ်းများသည် မျက်မှောက်ခေတ် ရသပညာ၏ အရေး ပါသောပြဿနာများကို တင်ပြထားသည်ဖြစ်၍ အထူးသဖြင့် ရသ ပညာကို လေ့လာနေသော ဒဿနိကဗေဒအထူးပြု ကျောင်းသူ ကျောင်းသားများအတွက် လည်းကောင်း၊ ရသပညာကို မြတ်မြတ်နိုးနိုး လေ့လာနေကြသော စာပေမြတ်နိုးသူ စာဖတ်ပရိသတ်ကြီးအတွက် လည်းကောင်း အဖိုးတန်သော ဆောင်းပါးကောင်းများဖြစ်ပါ၏။

[တမှုခွင့်ပြုချက် အမှတ် ၁၄၅/၉၈ (၃)]




## အောင်လင်း
## ဝတ္ထုတိုများ

အောင်လင်းသည် နာမည်ကျော် ဝတ္ထုရေးဆရာတစ်ဦး ဖြစ်သည်။ သူ့ခေတ် သူ့အခါတွင် လျှမ်းလျှမ်းတောက်ခဲ့သည်။ ရွှေနှင့်ငွေ၊ ပစ်တိုင်းထောင်၊ အရိုင်းစပယ်၊ ရွှေဝတ်မှုန်၊ မန်ဒါလီ စသော နာမည် ကျော်ဝတ္ထုရှည်များ ရေးခဲ့သည်။ သူ၏ ဝတ္ထုရှည်အချို့ကို ရုရှား ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာများသို့ ပြန်ဆိုခဲ့သည်။ အရိုင်းစပယ်သည် ၁၉၆၀ ခုနှစ် စာပေဗိမာန် ဝတ္ထုရှည်ဆုရခဲ့သည်။ ယခု စာအုပ်သည် ရုပ်ရှင်ပဒေသာ၊ သက်လျာ၊ နဝဒေး၊ မြဝတီ၊ ရှုမဝ စသောမဂ္ဂဇင်းများတွင် ၁၉၅၇- ၆၂-၆၃ တစ်ပိုက် ရေးသား ချက်များ စုဆောင်းထားခြင်းဖြစ်သည်။


ဖဲစက်ရာပေါ်မှာ၊ ဈေးသည်မ လုလုကလေး၊ လှည့်ကွက် ကလေး တစ်ကွက်၊ မသာမင်းသား၊ မိန်းမဆန်လွန်း သောမိန်းမ စသောဝတ္ထုတိုပေါင်း ၁၇ ပုဒ် ပါရှိသည်။ ချစ်ရေးချစ်ရာသာမက ဘဝလှုပ် ရှားရုန်းကန်ရမှုတို့ကိုလည်း တွေ့မြင်နိုင်ပါသည်။

စာရေးသူ၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း ပူးတွဲပါရှိသည်။

[တမှုခွင့်ပြုချက် အမှတ် ၁၇၅/၂၀၀၁ (၂)]

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာ့ဗုဒ္ဓသာသနာပြု
## အရှင်သေဋ္ဌိလ
## မြန်မာပြန်
### ဓမ္မပဒ

ဓမ္မပဒ ဗုဒ္ဓ၏တရားတော် ညွှန့်ပေါင်းကျမ်းဖြစ်၏။

နိကာယ်ငါးရပ်တွင် ခုဒ္ဒကနိကာယ် အဝင်အပါဖြစ်၏။ ယခု စာအုပ်သည် ဆရာတော် အရှင်သေဋ္ဌိလ၏ အထိမိဆုံးနှင့် အကျဉ်းဆုံး မြန်မာပြန်ဖြစ်၏။ အမှန်တော့ ဓမ္မပဒသည် ဘုရားရှင်၏ နှစ်ပေါင်း ၂၅၀၀ ကျော်လောက်က တရားအနှစ်ချုပ် စာပုဒ်ကလေးများပင် ဖြစ်၏။ ဖတ်ကောင်းရုံ သိရုံသာမဟုတ် လိုက်နာကျင့်ကြံပါက အကျိုး များစွာ ရှိလှပါ၏။

အစုံအစုံတရားတော်၊ မမေ့မလျော့ခြင်း၊ စိတ်၊ ပန်းတရားတော်၊ လူမိုက်၊ လူလိမ္မာ၊ ရဟန္တာ၊ တစ်ထောင်ခန်း၊ မကောင်းမှု၊ ဒဏ်၊ အိုခြင်းတရား၊ မိမိကိုယ်၊ လောကမြတ်စွာဘုရား၊ ချမ်းသာခြင်း၊ ချစ်ခြင်း၊ အမျက်ဒေါသ၊ အညစ်အကြေး၊ တရားရှိခြင်း၊ လမ်း၊ အထွေထွေ၊ ငရဲ၊ ဆင်၊ တဏှာ၊ ရဟန်း၊ ပုဏ္ဏား စသောအကြောင်း အရာ၂၆ စုပေါင်း၊ ၂၆ ပုဒ် ပါဝင်ပြီး အဆိုအမိန့် အပိုဒ်ငယ်ပေါင်း ၄၂၃ ပုဒ် ပါရှိ၏။

မည်သည့်အချိန်အခါတွင် မည်သည့်အပိုဒ်ငယ်ကိုပင် ကောက် ဖတ်ဖတ် နှလုံးမွေ့စရာ၊ အသိပွားစရာ တရားအနှစ်စုဖြစ်ပေ၏။

[စာမူခွင့်ပြုချက် အမှတ် ၁၃/၉၅ (ဂ)]



## သက်လုံ
## သားငယ်ရွှယ်လူး သိစေဦး

လူငယ်လူရွယ် သားငယ်သမီးငယ်တွေကို ဦးတည်ကာ ပဲ့ပြင်လမ်းညွှန် ရေးသားမှု ဆောင်းပါးစု စာအုပ်ဖြစ်ပါသည်။

စာရေးဆရာကြီး (ဦး)သက်လုံသည် စာပေဝါရင့်သူ အတွေ့ အကြုံ ရင့်သူဖြစ်သောကြောင့် ဤစာစုများသည် လူငယ်များအတွက် ဘဝအောင်မြင်ရေးကို ရှေ့ဆောင်ပေး နိုင်ရုံမက စိတ်ဓာတ်တည်ကြည် ဖြောင့်မတ်မှု၊ လူမှုပတ်ဝန်းကျင်ကို မျှတစွာရှုမြင်တတ်ရေး စသည် များကိုပါ ညွှန်ပြနေပါသည်။

ဆောင်းပါးပုဒ်ရေ ၄၀ ကျော် တစ်စုတစ်စည်းတည်း ပါဝင်ပြီး လူငယ်များအတွက် ဘက်စုံထောင့်စုံကနေ နားဝင်အေးစေသော အရေးအသားဖြင့် သုံးသပ်ဆင်ခြင်ပြောပြထားသည့် ဤစာအုပ်မှာ ဘဝခရီးတွင် အောင်မြင်သူများဖြစ်စေဖို့ ရည်မှန်းချက်ထားသူငယ်ရွယ်သူများ လက်စွဲပြုစရာဟု ရည်ညွှန်းပါသည်။

[စာမူခွင့်ပြုချက် အမှတ် ၁၆၃/၂၀၀၃ (၂)]

www.burmeseclassic.com

www.burmeseclassic.com




## မိုးမိုး(အင်းလျား)

### မဂ္ဂဇင်း ဝတ္ထုရှည်များ ၁

လူ့မှဝန်းကျင်ကို ပုံဖော်ဖွဲ့နွဲ့ရာတွင် မှုတသောအမြင်ဖြင့်သာ ရေးဖွဲ့လေ့ရှိသော ဆရာမ မိုးမိုး (အင်းလျား)၏ ၁၉၈၀ မှ ၁၉၈၉ ခု နှစ်အတွင်း မဂ္ဂဇင်းအသီးသီးတွင် ပုံနှိပ်ဖော်ပြခဲ့သော မဂ္ဂဇင်းဝတ္ထုရှည် ၁၀ ပုဒ် စုစည်းမှုဖြစ်ပါသည်။

အများစု၏ ပတ်ဝန်းကျင်တွင် မြင်တွေ့ရှိနေတတ်သော ကြေကွဲစရာ၊ ကျေနပ်စရာ၊ ကြည်နူးစရာ အဖြစ်ကလေးများကိုပင် မြင်တတ်ယူတတ် တွေးတတ်သောရှုထောင့်မှ စာနာစိတ်၊ ဝေမျှခံစားလိုစိတ်ပေါ်အောင်ရေးဖွဲ့မှုဖြင့် ဤဝတ္ထုများ ဖြစ်ပေါ်စေခဲ့ပါသည်။

ဆရာမသည် ဝတ္ထုအဖြစ် ရေးသားသောအခါတွင် ဝတ္ထုထဲက ဇာတ်ဆောင်တို့၏ စိတ်နေသဘာဝကိုသာ မှုတမှန်ကန်အောင် အားပြုပုံဖော်တတ်ခြင်းကြောင့် ယခုချိန်အထိ ဝတ္ထုများကပေးသော အာဘော်ခေါ် အမြင်နှင့် ခံစားမှုများမှာ စာဖတ်သူကို လတ်ဆတ်စွာပေးနေဆဲဖြစ်သည်ကို တွေ့ရပါမည်။

ဤစာအုပ်တွင် လရောင်လွှမ်းလည်း ကမ်းနှင့်ဝေးခဲ့၊ အချစ်သည် ဘဝ၏ အစိတ်အပိုင်းတစ်ခု၊ အကိုင်းအခက်တို့ သည်လည်း အတိုအရှည် ရှိကြကုန်၏။ ပုံစဉ်းပြာတောင်ပံကားရယ်၊ အပြန်တစ်ရာမိုက်ဦးမှာ၊ လေးဘက်နံရံ အချစ်ပွင့်ဦး၊ ဒုက္ခကိုပဲ ရှာနေရတာယ်၊ ကြေကွဲသွားသောမှန်စများ၊ ပြည်တာရာမှ အစပြု၍ ဝတ္ထုများပါဝင်ပါသည်။

[စာမူခွင့်ပြုချက် အမှတ် ၅၇၆/၉၂ (၁၁)]

BURMESE CLASSIC .com
www.burmeseclassic.com